THE
BURMA LAW REPORTS

(1962)

Containing cases determined by the

Supreme Court , the High Court and

the Chief Court of the Union of Burma

Registered No. R—113.

THE
BURMA LAW REPORTS

1962

PARTS I, II & III.—JAN., FEB. & MARCH

Pages 1—17 (Supreme Court).
Pages 1—223 (High Court).

Containing cases determined by the High Court
and the Supreme Court of the
Union of Burma.

MR. K. NGYI PEIK, B.A., B.L. (*Advocate*), EDITOR.
U MYINT SOE, M.A. (*Bar.-at-Law*), REPORTER.

Published under the authority by the Superintendent, Government Printing and Stationery, Burma, Rangoon.

[*All rights reserved.*]



LIST OF CASES REPORTED

စီရင်ထုံးပြုသောမှုခင်းများ

SUPREME COURT

တရားလွှတ်တော်ချုပ်

	PAGE
ဒေါ်ဖွါးမျင်နှင့် စစ်ကိုင်းတိုင်း၊ ခရိုင်၊ သောင်ကြီးကျေးရွာ၊ သီးစားချ ထားရေးအဖွဲ့နှင့် မောင်ဘချော	1
ဘီ၊ အို၊ စီ၊ အလုပ်သမားများသမဂ္ဂနှင့် ဘီ၊ အို၊ စီ၊ လီမိတက်	5
ဦးချစ်ဖေနှင့် ရွှေစကြံ်ဆေးလိပ်လုပ်သား အစည်းအရုံး ပါ ၂	7
ဦးသံဝရနှင့် ဦးဝါသဝ ပါ ဂ	11

LIST OF CASES CITED

ရည်ညွှန်းသောမှုခင်းများ

Nil

INDEX

ညွှန်းချက်

PAGE

အက်ဥပဒေများ။

ဝါဏိဇ္ဇပဋိပက္ခဥပဒေ။

ဝိနိစ္ဆယဌာနနှင့်ခုံအက်ဥပဒေ။

သီးစားချထားရေးဥပဒေ။

ပိုင်ဆိုင်စေအမိန့်။ ။မည်သည့်တရားရုံး၊ မည်သည့်ခုံအဖွဲ့တွင်မျှ မရှိသော အမိန့်ချမှတ်နိုင်သော စီရင်ပိုင်ခွင့်အာဏာ။ ။ပိုင်ဆိုင်စေအမိန့်၊ တရားစွဲဆို တောင်းခံခြင်း မရှိသူအား ချမပေးနိုင်၊ ဥပဒေနှင့် ဆန့်ကျင်၍ ဆုံးဖြတ်ခြင်း။ တရားမဝင်သော စီရင်ချက်။ ။စောဒက ပုဂ္ဂိုလ်က ကျောင်းတိုက် တခုသည်၊ မိမိသာလျှင် ပုဂ္ဂလိက ပိုင်ရှင်ဖြစ်သောကြောင့်၊ စုဒိတက ပုဂ္ဂိုလ်များအား နှင်ထုတ်ပေးပါရန် စွဲဆိုသောအမှုတွင်၊ စုဒိတက က ပုဂ္ဂိုလ်တဦးဦးသာလျှင် ပုဂ္ဂလိက ပိုင်ရှင်ဖြစ်၍၊ စောဒက ပုဂ္ဂိုလ်အား ထိုကျောင်းတိုက်မှ ထွက်သွားစေရန် အမိန့်ချမှတ်နိုင်သော စီရင်ပိုင်ခွင့် အာဏာသည် မည်သည့်တရားရုံး၊ မည်သည့်ခုံအဖွဲ့တွင်မျှ မရှိချေ။ စုဒိတက ပုဂ္ဂိုလ်တဦးဦးသည် အချင်းဖြစ် ကျောင်းတိုက်ကို မိမိသာလျှင် ပုဂ္ဂလိက ပိုင်ရှင်ဖြစ်၍ စောဒက ပုဂ္ဂိုလ်အား ဖယ်ရှားပေးစေရန် အမိန့်စီရင် ဆုံးဖြတ်ချမှတ်ပေးစေလိုလျှင်၊ ၎င်းပုဂ္ဂိုလ်က တရားတထုံး စွဲရဦးမည်ဖြစ်သည်။ စောဒက ပုဂ္ဂိုလ်အဖြစ်ဖြင့် တရားစွဲဆို တောင်းခံခြင်းမရှိသောသူအား ပိုင်ဆိုင်စေဟု အမိန့်စီရင်ချက်ချရန် မဖြစ်နိုင်ချေ။ ။မှတ်ပုံတင် ဥပဒေအရ၊ တရားမဝင်သော စာချုပ်ကို အခြေခံအကြောင်းပြု၍ ဆုံးဖြတ်ခြင်းသည်၊ မှတ်ပုံတင်ဥပဒေနှင့် ဆန့်ကျင် ဆုံးဖြတ်ခြင်းဖြစ်၍၊ ဤကဲ့သို့ ဆုံးဖြတ်ခြင်းသည် စီရင်ပိုင်ခွင့် အာဏာမရှိဘဲ ဆုံးဖြတ်ရာ ရောက်သောကြောင့်၊ ပျက်ပြယ်သည့် စီရင်ချက်ဟု ယူဆရမည်။ ။ ခုံဝိနည်းဓိုရ် သုံးပါးရှိသည့်အနက် တပါးပါးက၊ အခြားတပါးပါးအား ဆုံးဖြတ်ချက် ရေးသားရန် တာဝန်ပေးအပ်ခဲ့ခြင်းလည်းမရှိ၊ မည်သို့ မည်ပုံ ရေးသားထားသည်ကိုမျှလည်း မသိရသောကြောင့်၊ အဆိုပါ အခြား ဝိနည်းဓိုရ်က ရေးသားထားသည့် ဆုံးဖြတ်ချက်တွင် လက်မှတ် မထိုးဘဲ နေခဲ့လျှင်၊ ထိုစီရင်ချက်သည် တရားဝင် စီရင်ချက်ဟု ယူဆနိုင်မည် မဟုတ်ချေ။

ဦးသံဝရ နှင့် ဦးဝါသဝ ပါ ၈ 11

မှတ်ပုံတင်ဥပဒေ—မှတ်ပုံတင်ဥပဒေအရ တရားမဝင်သော စာချုပ်ကိုအခြေခံအကြောင်းပြု၍ ဆုံးဖြတ်ခြင်းသည်၊ မှတ်ပုံတင်ဥပဒေနှင့် ဆန့်ကျင် ဆုံးဖြတ်ခြင်းဖြစ်၍ စီရင်ပိုင်ခွင့်အာဏာမရှိဘဲ ဆုံးဖြတ်ရာရောက်ခြင်း 11

PAGE

ဝါဏိဇ္ဇပဋိပက္ခဥပဒေပုဒ်မ ၁၀—ခုံရုံး၏ စီရင်ပိုင်ခွင့်အာဏာ။ နည်းဥပဒေများ—ပြဋ္ဌာန်းချက်များနှင့်မဆိုင် 7

ဝါဏိဇ္ဇပဋိပက္ခဥပဒေပုဒ်မ ၁၃—၂၀။ ဝါဏိဇ္ဇပဋိပက္ခခုံရုံး၏ အဆုံးအဖြတ်ကို နာခံရမည့်သူက လိုက်နာဆောင်ရွက်ခြင်းမပြုလျှင် မည်သို့မည်ပုံအရေးယူနိုင်ခြင်း 5

ဝါဏိဇ္ဇပဋိပက္ခခုံရုံး ချမှတ်သောအမိန့်ကို အတည်ပြုရန် ထိုခုံရုံးသို့ လျှောက်ထားရန်။ ။ ဝါဏိဇ္ဇပဋိပက္ခအက်ဥပဒေ၊ ပုဒ်မ ၁၃၊ ၂၀ ခုံရုံး၏ အမိန့်ကို လိုက်နာခြင်းမပြုလျှင် အရေးယူရန်နည်းလမ်းများ။ ။**ဆုံးဖြတ်ချက်**။ ။ဝါဏိဇ္ဇ ပဋိပက္ခ ခုံရုံး ချမှတ်သော အမိန့်နှင့်ပတ်လျှဉ်း၍ သက်သာခွင့် ရယူလိုလျှင် ထိုခုံရုံးသို့ လျှောက်ထားရန်သာဖြစ်သည်။ ဝါဏိဇ္ဇပဋိပက္ခ အက်ဥပဒေတွင် ဝါဏိဇ္ဇပဋိပက္ခ ခုံရုံးမှ ချမှတ်သော အမိန့်ကို မည်သို့အတည်ပြုရမည်ကို ဖော်ပြထားခြင်း မရှိချေ။ သို့သော် ထိုအက်ဥပဒေပုဒ်မ ၁၃ နှင့် ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များအရ၊ ခုံရုံး၏ အဆုံးအဖြတ်ကို နာခံရမည့်သူက၊ လိုက်နာဆောင်ရွက်ခြင်းမပြုလျှင် မည်သို့ မည်ပုံအရေးယူနိုင်သည်ကို ဖော်ပြထားလေသည်။

ဘီ၊ အို၊ စီ၊ အလုပ်သမားများသမဂ္ဂ နှင့် ဘီ၊ အို၊ စီ၊ လီမိတက် 5

ဝါဏိဇ္ဇပဋိပက္ခခုံရုံး၏ အဆုံးအဖြတ်၊ အမှုခေါ် စာချုပ်တော်ဖြင့် ဖျက်ရေး၊ အဓိက စဉ်းစားရန်အချက်။ ။ဝါဏိဇ္ဇပဋိပက္ခ အက်ဥပဒေ ပုဒ်မ ၁၀ ခုံရုံး၏ စီရင်ပိုင်ခွင့် အာဏာ၊ နည်းဥပဒေအပိုဒ် ၅ ပြဋ္ဌာန်းချက်များမဆိုင်၊ စံနှစ်တကျ စစ်ဆေးစီရင်နိုင်ရန် အစီအရင်များသာ။ ။**ဆုံးဖြတ်ချက်**။ ။ဝါဏိဇ္ဇပဋိပက္ခခုံရုံး၏ အဆုံး အဖြတ်ကိုပယ်ဖျက်ရန်အတွက်၊ အမှုခေါ် စာချုပ်တော် အမိန့်ထုတ်ပေးရေး ကိစ္စတွင် ခုံရုံးသည် မိမိအား အပ်နှင်းထားသော စီရင်ပိုင်ခွင့် အာဏာကို ကျော်လွန်၍ ဖြစ်စေ၊ မူလကပင် အာဏာမရှိဘဲဖြစ်စေ၊ စီရင်ဆုံးဖြတ်ခြင်းပြု၊ မပြုကိုသာ အဓိကထား၍ ဤချုံးတော်က စဉ်းစားရပေမည်။ ။ဝါဏိဇ္ဇပဋိပက္ခ အက်ဥပဒေ ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များအရ၊ ခုံရုံးသည်၊ မိမိတို့အား၊ စစ်ဆေးစီရင်ဆုံးဖြတ်ရန်၊ နိုင်ငံတော် သမတ က လဲအပ်သော ဝါဏိဇ္ဇပဋိပက္ခမှု တရပ်ကို ကြားနာစစ်ဆေးသုံးသပ်ပြီးနောက်၊ မိမိတို့ တော်တည့် မှန်ကန်သည် ထင်မြင်သည့်အတိုင်း အဆုံးအဖြတ်ပေးနိုင်သည့် အာဏာရှိသည့်အလျောက်၊ ခုံရုံးသို့ လျှောက်လွှာ၊ ခေျပလွှာ စသည်တို့ကို တင်သွင်းခြင်း မပြုသည့်တိုင်အောင်၊ ခုံရုံးသည် ကြားနာစစ်ဆေးပြီး အဆုံးအဖြတ်ပေးနိုင်ပေသည်။ ခုံရုံးက၊ ထိုအက်ဥပဒေပုဒ်မ ၁၆ အရ၊ ပြုလုပ်သော နည်းဥပဒေအပိုဒ် ၅ ပါ ပြဋ္ဌာန်းချက်များမှာ စီရင်ပိုင်ခွင့် အာဏာနှင့်မသက်ဆိုင်၊ ကြားနာစစ်ဆေး စီရင်ရာတွင် စံနှစ်တကျ စစ်ဆေးစီရင်နိုင်စေခြင်း အလို့ငှါ၊ ပြဋ္ဌာန်းထားသော အစီအရင်များသာ ဖြစ်ချေသည်။

ဦးချစ်ဖေ နှင့် ရွှေစကြာဆေးလိပ်လုပ်သား အစည်းအရုံး ပါ ၂ 7

သီးစားချထားရေး နည်းဥပဒေ ၁၃ (၂)၊ ၁၉၅၃ ခုနှစ်၊ ကန့်သတ်ထားသော အချိန်ကာလ ကုန်ဆုံးပြီးနောက်၊ သီးစားချထားရန် လျှောက်လွှာတင်သွင်းခွင့်မရှိ။ ကျေးရွာ၊ မြို့မရပ်ကွက်၊ သီးစားချထားရေး ကော်မတီ၏အမိန့်ကို အယူခံဝင်ရန် ကာလအပိုင်းအခြား၊ နည်းဥပဒေများ၏ ရည်ရွယ်ချက်။ ။**ဆုံးဖြတ်ချက်**။ ။ ၁၉၅၃ ခုနှစ်၊ သီးစားချထားရေးနည်းဥပဒေ ၁၃ (၂) အရ၊ စိုက်ပျိုးရေးနှစ်

PAGE

အတွင်း လုပ်ကိုင်လိုသူသည်၊ ခရိုင်သီးစားချထားရေးကော်မီတီက ကန့်သတ်ထားသော အချိန်ကာလ ကုန်ဆုံးပြီးနောက် ကျေးရွာ၊ သို့မဟုတ် မြို့မရပ်ကွက် သီးစားချထားရေးကော်မီတီသို့၊ သီးစားချထားရန် လျှောက်ထားတင်သွင်းခွင့် မရှိချေ။ ထို့ပြင်လည်းကျေးရွာ၊သို့မဟုတ်မြို့မရပ်ကွက် သီးစားချထားရေး ကော်မီတီက ချမှတ်သောအမိန့်ကို မကျေနပ်လျှင်၊ ထိုစီရင်ချက် ချမှတ်သည့်နေ့မှ၊ ၁၅ ရက်အတွင်း သက်ဆိုင်ရာ ခရိုင်သီးစားချထားရေးကော်မီတီထံ အယူခံဝင်ခွင့်ရှိသည်၊ သို့ဖြစ်၍ သီးစားချထားရေး နည်းဥပဒေများ၏ရည်ရွယ်ချက်မှာ၊ သီးစားချထားရေးကိစ္စတရပ်ကို သက်ဆိုင်ရာ စိုက်ပျိုးရေးနှစ်အတွင်းတွင် အပြီးအပြတ်ဖြစ်စေလိုသည့် ရည်ရွယ်ချက်ဖြစ်ဟန်တူသည်။

ဒေါ်ဖွါးမျှင်နှင့် စစ်ကိုင်းတိုင်း၊ ခရိုင်၊ သောင်ကြိုးကျေးရွာ၊ သီးစားချထားရေးအဖွဲ့နှင့် မောင်ဘချော ....

မောင်ကောင်းစိန်နှင့် ဒဂုံးနှင့် မပေါခင် ....

ဒေါ်ဖွါးမျှင်နှင့်ဌင်းမောင်အေးမောင် ....

မောင်သိန်းဟန်နှင့် တိုင်း၊ ခရိုင်၊ ငါးရန့်အိုကျေးရွာ၊ သီးစားချထားရေးအဖွဲ့နှင့် ဦးချော်ဝင်း I

တရားလွှတ်တော်ချုပ်

ဒေါ်ဖွါးမျင်၊
မောင်ကောင်းစိန်၊
ဒေါ်ဖွါးမျင်၊
မောင်သိန်းဟန် } (လျှောက်ထားသူ)

နှင့်

စစ်ကိုင်းတိုင်း၊ ခရိုင်၊ သောင်ကြီး
ကျေးရွာ၊ သီးစားချထားရေးအဖွဲ့
နှင့်မောင်ဘချော။
ၦင်းနှင့်မပေါခင်၊
ၦင်းမောင်အေးမောင်၊
တိုင်း၊ ခရိုင်၊ ငါးရန့်အိုကျေးရွာ
သီးစားချထားရေးအဖွဲ့နှင့်
ဦးရွှေပင်း။ } (လျှောက်ထားခံရသူများ)*

† ၁၉၆၂
ဖေဖော်ဝါရီလ
၅ ရက်။

၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေ ၁၃ (၂)၊ ကန့်သတ်ထားသော အချိန်ကာလကုန်ဆုံးပြီးနောက်၊ သီးစားချထားရန် လျှောက်လွှာတင်သွင်းခွင့်မရှိ၊ ကျေးရွာ၊ မြို့မရပ်ကွက်၊ သီးစားချထားရေးကော်မတီ၏ အမိန့်ကို အယူခံဝင်ရန် ကာလအပိုင်းအခြား၊ နည်းဥပဒေများ၏ရည်ရွယ်ချက်။

ဆုံးဖြတ်ချက်။ ။၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေ ၁၃ (၂) အရ၊ စိုက်ပျိုးရေးနှစ်အဘွင်း လုပ်ကိုင်လိုသူသည်၊ ခရိုင်သီးစားချထားရေးကော်မတီက ကန့်သတ်ထားသော အချိန်ကာလကုန်ဆုံးပြီးနောက် ကျေးရွာ၊ သို့မဟုတ် မြို့မရပ်ကွက် သီးစားချထားရေး ကော်မတီသို့ သီးစားချထားရန် လျှောက်ထားတင်သွင်းခွင့် မရှိခဲ့၊ ထို့ပြင်လည်းကျေးရွာ၊ သို့မဟုတ် မြို့မရပ်ကွက် သီးစားချထားရေးကော်မတီက ချမှတ်သော အမိန့်ကိုမကျေနပ်လျှင် ထိုစီရင်ချက် ချမှတ်သည့်

---

* ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၁၄၉၊ ၁၅၀၊ ၁၅၁ နှင့် ၁၅၂။

† နိုင်ငံတော်တရားဝန်ကြီးများဖြစ်ကြသော ဦးချန်ထွန်း၊ ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့နေဒေါက်တင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၂

ဒေါ်ဖွါးမျင်၊ မောင်ကောင်းစိန်၊ ဒေါ်ဖွါးမျင်၊ မောင်သိန်းဟန်နှင့် စစ်ကိုင်းတိုင်း၊ ခရိုင်၊ သောင်ကြီးကျေးရွာ၊ သီးစားချထားရေးအဖွဲ့နှင့် မောင်ဘချော၊ ၎င်းနှင့် မောင်ပေါ်ခင်၊ ၎င်း မောင်အေးမောင်၊ တိုင်းခရိုင်၊ ငါးရန့်အိုကျေးရွာ သီးစားချထားရေးအဖွဲ့နှင့် ဦးရွှေဝင်း။

နေမှ၊ ၁၅ ရက်အတွင်း သက်ဆိုင်ရာခရိုင် သီးစားချထားရေးကော်မိတီထံ အယူခံဝင်နိုင်သည်။ သို့ဖြစ်၍ သီးစားချထားရေး နည်းဥပဒေများ၏ ရည်ရွယ်ချက်မှာ၊ သီးစားချထားရေး ကိစ္စတရပ်ကို သက်ဆိုင်ရာ စိုက်ပျိုးရေးနှစ် အတွင်းတွင်အပြီးအပြတ် ဖြစ်စေလိုသည့် ရည်ရွယ်ချက် ဖြစ်ဟန်တူသည်။

လျှောက်ထားသူ အတွက်။ ။ဦးအောင်ရှိန်ဝန်းလိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအမှတ် (၁) မှ (၃) အထိ။ ။အစိုးရ လွှတ်တော်ရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအမှတ် (၄) အတွက်။ ။သခင်ချစ်လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီး ဦးဘိုကြီး။ ။ဤအမှု ၄ မှုစလုံးတွင် အချင်းဖြစ်လယ်မြေများနှင့် အမှုသည်များမှအပ အဆုံးအဖြတ်ပေးရန်အတွက် အရေးကြီးသော အကြောင်းချင်းရာများမှာ ထပ်တူထပ်မျှပင်ဖြစ်သဖြင့်၊ ဤအမိန့်တခုတည်းနှင့်ပင် အမိန့်ချမှတ်မည်ဖြစ်သည်။ ဤအမှုများသည် ၁၉၅၉-၆၀ နှစ်အတွင်း လုပ်ကိုင်ရန်အတွက် အပြိုင် လျှောက်ထားကြရာမှ ပေါ်ပေါက်သည့် မှုခင်းများဖြစ်သည်။ ၁၉၅၈-၅၉ စိုက်ပျိုးရေးနှစ်တွင် ကျေးရွာသီးစားချထားရေးကော်မိတီက မြေချထားခံရသူဖြစ်သော၊ ယခုလျှောက်ထားခံရသူများသည်၊သက်ဆိုင်ရာရာအချင်းဖြစ်မြေများကိုအသီးသီးလုပ်ကိုင်ခဲ့ကြလေသည်။ ၎င်းတို့သည် ၁၉၅၃ ခုနှစ် သီးစားချထားရေး နည်းဥပဒေ ၁၁ နှင့် မည်သို့မျှ ဆန့်ကျင်ခြင်းမရှိခဲ့ကြချေ။ သို့သော်လည်း ကျေးရွာသီးစားချထားရေးကော်မိတီနှင့် ခရိုင်သီးစားချထားရေးကော်မိတီတို့က အချင်းဖြစ်မြေများကို ၎င်းတို့အား ၁၉၅၉-၆၀ ခုနှစ်အတွက် ပြန်လည်ချထားခြင်းမပြုဘဲ မခိုင်လုံသော အကြောင်းပြချက်ဖြင့် ယခုလျှောက်ထားသူ အသီးသီးအား၊ ချထားလိုက်လေသည်။ ထို့ကြောင့် တိုင်းသီးစားချထားရေးကော်မိတီက ထိုကော်မိတီများ၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။ ယင်းသို့ပယ်ဖျက်ရာတွင်၊ အမှုအဖြစ်အပျက်နှင့်စပ်လျဉ်း၍ လျှောက်ထားသူများ၏ ပညာရှိရှေ့နေကြီးက မည်သို့မျှ စောဒနာခြင်း မပြုလိုကြောင်းဖြင့် ဝန်ခံပြောဆို၏။

သို့သော် ပညာရှိရှေ့နေကြီးက အဓိကအားဖြင့် လျှောက်ထားသည်မှာ၊ အထက်ဖော်ပြပါ နည်းဥပဒေ ၁၇ အရဆိုလျှင်၊ တိုင်းသီးစားချထားရေးကော်မိတီသည် ကျေးရွာ၊ ခရိုင်သီးစားချထားရေးကော်မိတီများက စီရင်ဆုံးဖြတ်ပြီးသော အမှုတွဲများကို နောက်လာမည့် သီးစားနှစ်မတိုင်မီ တောင်းယူ၍ ကြည့်ရှုစစ်ဆေးပြီးနောက်၊

၁၉၆၂

ဒေါ်ဖိုးမျင်၊ မောင်ကောင်းစိန်၊ ဒေါ်ဖိုးမျင်၊ မောင်သိန်းဟန်နှစ်စုံ စစ်ကိုင်းတိုင်း၊ ခရိုင်၊ သောင်ကြီးကျေးရွာ၊ သီးစား ချထားရေးအဖွဲ့နှင့် မောင်ဘချော - ၎င်းနှင့်မောင်ပေါ်ခင်၊ ၎င်း မောင်အေးမောင်၊ တိုင်း၊ ခရိုင်၊ ငါးရန့်အိုကျေးရွာ သီးစားချထားရေးအဖွဲ့နှင့် ဦးရွှေဝင်း။

လာမည့်သီးစားနှစ်မတိုင်မီပင် သင့်လျော်သည် ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်ကြောင်း။ ယခုအမှုမှာကဲ့သို့ နောက်လာမည့် သီးစားနှစ်ကျော်လွန်မှ အမိန့်ချမှတ်ခြင်း မပြုနိုင်ကြောင်းနှင့် လျှောက်လဲလေသည်။ အမြင်အားဖြင့် ထိုလျှောက်လဲချက်မှာ အခြေအမြစ် လုံးဝမရှိသော လျှောက်လဲချက်မျိုး ဖြစ်သည်ဟု မဆိုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် နည်းဥပဒေ ၁၃ (၂) အရ၊ စိုက်ပျိုးရေးနှစ်အတွင်း လုပ်ကိုင်လိုသူသည်၊ ခရိုင်သီးစားချထားရေးကော်မိတီက ကန့်သတ်ထားသော အချိန်ကာလကုန်ဆုံးပြီးနောက်၊ ကျေးရွာ၊ သို့မဟုတ် မြို့မရပ်ကွက် သီးစားချထားရေးကော်မိတီသို့ သီးစားချထားရန်၊ လျှောက်လွှာတင်သွင်းခွင့်မရှိခြေ။ ထို့ပြင်လည်း ကျေးရွာ၊ သို့မဟုတ် မြို့မရပ်ကွက် သီးစားချထားရေးကော်မိတီက၊ချတ်မှတ်သောအမိန့်ကို မကျေနပ်လျှင်၊ ထိုစီရင်ချက်ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်းသာ သက်ဆိုင်ရာ ခရိုင်သီးစားချထားရေးကော်မိတီထံ အယူခံဝင်နိုင်သည်။ သို့ဖြစ်၍ သီးစားချထားရေးနည်းဥပဒေများ၏ ရည်ရွယ်ချက်မှာ၊ သီးစားချထားရေးကိစ္စတရပ်ကို၊ သက်ဆိုင်ရာ စိုက်ပျိုးရေးနှစ်အတွင်းတွင် အပြီးအပြတ် ဖြစ်စေလိုသည့် ရည်ရွယ်ချက်ဖြစ်ဟန်တူသည်။ သို့ရာတွင် လျှောက်ထားခံရသူများ၏ ပညာရှိရွှေနေကြီးက ကာလစည်းကမ်းသတ် ဥပဒေတွင် အမှုကင်သွင်းသည့် အချိန်ကာလနှင့်စပ်လျဉ်း၍သာ ကန့်သတ်ပြီး၊ မည်သည့်အချိန်ကာလအတွင်း အဆုံးအဖြတ်ပေးရမည်ကို သတ်မှတ်ရိုးမရှိကြောင်းနှင့် လျှောက်လဲလေသည်။ ထိုအချက်မှာလည်း အခြေအမြစ် လုံးဝမရှိသော အချက်ဟု မဆိုနိုင်ပေ။

ယခုအမှုများတွင် ပေါ်ပေါက်သည့် အကြောင်းချင်းရာများမှာ၊ ခရိုင် သီးစားချထားရေးကော်မိတီက ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့၌ အမိန့်ချမှတ်ပြီး ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့၌ တိုင်းသီးစားချထားရေးကော်မိတီသို့ စောဒကလွှာများ တင်သွင်းသည်ဖြစ်၍၊ နောက်လာမည့် သီးစားနှစ်မတိုင်မီ တင်သွင်းသည်ဟု ယူဆရပေမည်။ သို့သော် မည်သည့်အကြောင်းများကြောင့် ဟူ၍မသိရ။ တိုင်းသီးစားချထားရေးကော်မိတီသည် ထိုအမှုများတွင် ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ ကျရောက်မှသာလျှင် အမိန့်ချမှတ်လေသည်။ သို့စေကာမူ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း နှစ်ဦးနှစ်ဘက်သော ပညာရှိရွှေနေကြီးများ၏ လျှောက်လဲချက် အားသီးသည်၊ လုံးဝအခြေအမြစ်မရှိ၊ မခိုင်လုံဟု မဆိုနိုင်သည့်အပြင်၊ အမှုအဖြစ်အပျက်များအရလည်း၊ တိုင်းသီးစားချထားရေးကော်မိတီ၏ အမိန့်များသည် မှန်ကန်တရားမျှတသည်ဟု ယူဆသဖြင့် ဤရုံးတော်က ဝင်ရောက်စွက်ဖက်ခြင်း ပြုမည်မဟုတ်ပေ။

၁၉၆၂

ဒေါ်ဖွါးမျင်၊ မောင်ကောင်းစိန်၊ ဒေါ်ဖွါးမျင်၊ မောင်သိန်းဟန်နှင့် စော်ကိုင်း တိုင်း၊ ခရိုင်၊ သောင်ကြီးကျေးရွာ၊ သီးစားချထားရေးအဖွဲ့နှင့် မောင်ဘချောငင်းနှင့် မပေါ်ခင်၊ ငင်းမောင်အေးမောင်၊ တိုင်း၊ ခရိုင်၊ ငါးရန့်အိုကျေးရွာ သီးစားချထားရေးအဖွဲ့နှင့် ဦးရွှေဝင်း။

အကယ်၍ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးဝန်ကြီးဌာနက အထက်ဖေါ်ပြပါ နည်းဥပဒေ ၁၇ ကို ပြင်ဆင်ရန် လိုအပ်သည်ဟု ထင်မြင်လျှင် ထိုက်သင့်သလို အရေးယူရန်အတွက် ဖေါ်ပြအပ်ပေသည်။

လျှောက်လွှာမျှားကိုပယ်လိုက်သည်။ အမှုသည်များသည် မိမိတို့တရားစရိတ်ကို မိမိတို့အသီးသီးကျခံကြရမည်ဖြစ်သည်။

တရားလွှတ်တော်ချုပ်

ဘီ၊အိုး၊စီ၊ အလုပ်သမားများသမဂ္ဂ (လျှောက်ထားသူ)

နှင့်

ဘီ၊အိုး၊စီ၊ လီမိတက် (လျှောက်ထားခံရသူ)*

† ၁၉၆၂ ဇန္နဝါရီလ ၂၉ ရက်။

ဝါဏိဇ္ဇပဋိပက္ခခုံရုံး ချမှတ်သောဒီးမိန့်ကို အာဘည်ပြုရန်၊ ထိုခုံရုံးသို့ လျှောက်ထားရန်။

ဝါဏိဇ္ဇပဋိပက္ခအက်ဥပဒေ ပုဒ်မ ၁၃၊ ၂၀ ခုံရုံး၏ ဒီးမိန့်ကို လိုက်နာခြင်းမပြုလျှင် အရေးယူရန် နည်းလမ်းများ။

ဆုံးဖြတ်ချက်။ ။ဝါဏိဇ္ဇပဋိပက္ခခုံရုံးချမှတ်သော ဒီးမိန့်နှင့် စပ်လျဉ်း၍ သက်သာခွင့်ရယူလိုလျှင် ထိုခုံရုံးသို့ လျှောက်ထားရန်သာဖြစ်သည်။ ဝါဏိဇ္ဇပဋိပက္ခ အက်ဥပဒေတွင် ဝါဏိဇ္ဇပဋိပက္ခခုံရုံးမှ ချမှတ်သောဒီးမိန့်ကို မည်သို့အတည်ပြုရမည်ကို ဖော်ပြထားခြင်း မရှိချေ။ သို့သော် ထိုအက်ဥပဒေပုဒ်မ ၁၃ နှင့် ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များအရ၊ ခုံရုံး၏အဆုံးအဖြတ်ကို နာခံရမည့်သူက၊ လိုက်နာဆောင်ရွက်ခြင်းမပြုလျှင် မည်သို့မည်ပုံ အရေးယူနိုင်သည်ကို ဖော်ပြထားလေသည်။

လျှောက်ထားသူမျှားအတွက်။ ။ဘီ၊အိုး၊စီ၊ အလုပ်သမားများသမဂ္ဂ ဥက္ကဋ္ဌ မစ္စတာ ရာမန် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်။ ။မည်သူမျှမလာ။

တရားဝန်ကြီး ဦးဘိုကြီး။ ။ယခုလျှောက်လွှာ၏ နောက်ကြောင်းရာဇဝင်ကို အကျဉ်းအားဖြင့် ဖော်ပြရမည်ဆိုလျှင်၊ လျှောက်ထားသူများဖြစ်သူ ဘီ၊အိုး၊စီ၊ အလုပ်သမားများ (၁၉၄၁ ခု) အစည်းအရုံးက၊ ဘီ၊အိုး၊စီ၊ (ရေနံချက်ရုံ) လီမိတက်သံမှ၊ လွှန်ခဲ့သည့်စစ်ကြီးအတွင်း ဂျပန်များ မြန်မာပြည်တွင်းသို့ ချဉ်းနင်းဝင်ရောက်သည့် အတွက် မိမိတို့ရန်ရှိသော အခွင့်အရေးများနှင့်ပတ်သက်၍ တောင်းဆိုခဲ့ရာ၊ ဝါဏိဇ္ဇပဋိပက္ခ တရပ်အနေဖြင့်၊ နိုင်ငံတော် သမတက ဝါဏိဇ္ဇပဋိပက္ခခုံရုံးသို့ စစ်ဆေးစီရင်ဆုံးဖြတ်ရန် လွှဲအပ်ခဲ့ရာ၊ ခုံရုံးက အလုပ်သမားများ အစည်းအရုံး ရသင့်ရထိုက်သည့် ထင်မြင်သော သက်သာခွင့်များကို ပေး၍ အဆုံးအဖြတ်ချမှတ်ခဲ့သည်။ ထိုအဆုံးအဖြတ်ကို အမှုခေါ် စာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်ပါရန်၊ ယခု လျှောက်ထားသူ

---

* ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၁၆၅။

† နိုင်ငံတော် တရားဝန်ကြီးများဖြစ်သော ဦးချန်ထွန်း၊ ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၂

ဘီအိုစီ အလုပ်သမားများသမဂ္ဂနှင့် ဘီ၊အိုစီ လီမိတက်။

များက ဤရုံးတော်သို့ ၁၉၅၆ ခု၊ တရားသေးမှုအမှတ် ၇၂ တွင် လျှောက်ထားကြရာ၊ ဤရုံးတော်က၊ ဘီ၊အိုစီ၊ ကုမ္ပဏီသည် မိမိအလိုအလျောက် အလုပ်သမားများအား ၃ လအတွက် လစာများပေးခဲ့သည့်အပြင်၊ ဝါဏိဇ္ဇ ပဋိပက္ခခုံရုံးကလည်း ထိုအလုပ်သမားများအား ၂ လအတွက် လစာများကို ထပ်မံ၍ ပေးစေသည်ဖြစ်၍ ခုံရုံး၏အဆုံးအဖြတ်သည် တရားမျှတမှုရှိသည်ဟု ထင်မြင်ယူဆသောကြောင့်၊ ဝင်ရောက် စွက်ဖက်ခြင်းမပြုဘဲ၊ အလုပ်သမားအစည်းအရုံး၏ လျှောက်လွှာကို ပယ်လိုက်သည်။ ထို့နောက် အစည်းအရုံးသည် ထို ၂ လတွက် လစာများကိုရရှိရန်၊ ဤရုံးတော်အမိန့်ကို ဇာခြိုပြုသည့်အနေဖြင့်၊ ရန်ကုန်မြို့တော် တရားမရုံး၌ လျှောက်ထားရာ၊ တရားမရုံးက၊ ဤရုံးတော်သည် ဝါဏိဇ္ဇ ပဋိပက္ခခုံရုံး၏ အဆုံးအဖြတ်ကို အမှုခေါ် စာချွန်စတာဖြင့် ပယ်ဖျက်ရန် လျှောက်ထားသည်ကိုလက်မခံဘဲ လျှောက်လွှာကို ပယ်ခြင်းမျှသာဖြစ်သည်။ လစာများကို ပေးဆောင်ရန်အတွက် အမိန့် ဒီကရီတရပ် ချမှတ်သည်မဟုတ်ဟူသော အကြောင်းပြချက်ဖြင့် ထိုဇာခြိ လျှောက်လွှာကို ပယ်လိုက်သည်။ ယင်းကဲ့သို့ လျှောက်လွှာကို လက်မခံဘဲ ပယ်ခြင်းမှာ၊ မှန်ကန်သည်ဟု ယူဆရပေသည်။

အမှန်အားဖြင့်ဆိုသော် အလုပ်သမားအစည်းအရုံးသည်၊ ဝါဏိဇ္ဇ ပဋိပက္ခခုံရုံး ချမှတ်သော အမိန့်နှင့်စပ်လျဉ်း၍ သက်သာခွင့် ရယူလိုလျှင်၊ ထိုခုံရုံးသို့ လျှောက်ထားရန်သာဖြစ်သည်။ ၎င်းတို့ ဤရုံးတော်သို့ ယခုလျှောက်ထားသည်မှာလည်း ခုံရုံးပေးခဲ့သော သက်သာခွင့်ကို ရရှိရန်အတွက် လျှောက်ထားခြင်းမျှသာဖြစ်သည်။ ဝါဏိဇ္ဇ ပဋိပက္ခအက် ဥပဒေတွင် ဝါဏိဇ္ဇ ပဋိပက္ခခုံရုံး ချမှတ်သောအမိန့်ကို မည်သို့ အတည်ပြုရမည်ကို ဖော်ပြထားခြင်းမရှိခေ။ သို့သော် ထိုအက်ဥပဒေ ပုဒ်မ ၁၃ နှင့် ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များအရ၊ ခုံရုံး၏ အဆုံးအဖြတ်ကို နာခံရမည့်သူက၊ လိုက်နာဆောင်ရွက်ခြင်းမပြုလျှင် မည်သို့မည်ပုံ အရေးယူနိုင်သည်ကို ဖော်ပြထားလေသည်။

သို့ဖြစ်၍ ယခုလျှောက်လွှာကို လက်မခံဘဲ ပယ်လိုက်သည်။

ကရားလွတ်တော်ချုပ်

ဦးချစ်ဖေ (လျှောက်ထားသူ)

နှင့်

ရွှေစကြာ ဆေးလိပ်လုပ်သား အစည်းအရုံးပါ ၂ (လျှောက်ထား ခံရသူများ)*

† ၁၉၆၂ ဇန္နဝါရီလ ၃၁ ရက်။

ဝါဏိဇ္ဇပဋိပက္ခခုံရုံး၏ အဆုံးအဖြတ်၊ အမှုခေါ် စာချုန်တော်ဖြင့် ဖျက်ရေး၊ အဓိက စဉ်းစားရန်အချက်။

ဝါဏိဇ္ဇပဋိပက္ခအက်ဥပဒေ ပုဒ်မ ၁၀၊ ခုံရုံး၏ စီရင်ပိုင်ခွင့်အာဏာ၊ နည်းဥပဒေအပိုဒ် ၅ ပြဋ္ဌာန်း ချက်များမဆိုင်၊ စံနစ်တကျ စစ်ဆေးစီရင်နိုင်ရန် အစီအရင်မျှသာ။

ဆုံးဖြတ်ချက်။ ။ဝါဏိဇ္ဇပဋိပက္ခခုံရုံး၏ အဆုံးအဖြတ်ကို ပယ်ဖျက်ရန်အတွက်၊ အမှုခေါ် စာချုန်တော်အမိန့် ထုတ်ပေးရေးကိစ္စတွင်၊ ခုံရုံးသည် မိမိအားအပ်နှင်းထားသော စီရင်ပိုင်ခွင့် အာဏာကိုကျော်လွန်၍ဖြစ်စေ၊ မူလကပင် အာဏာမရှိဘဲဖြစ်စေ၊ စီရင်ဆုံးဖြတ်ခြင်းပြု၊ မပြုကိုသာ အဓိကထား၍ ဤမျှုံးတော်က စဉ်းစားရပေမည်။

ဝါဏိဇ္ဇပဋိပက္ခ အက်ဥပဒေပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်မျ ားအရ၊ ခုံရုံးသည်၊ မိမိတို့အား၊စစ်ဆေး စီရင်ဆုံးဖြတ်ရန် နိုင်ငံတော် သမတက လွှဲအပ်သော ဝါဏိဇ္ဇပဋိပက္ခမှုတရပ်ကို ကြားနာစစ်ဆေး သုံးသပ်ပြီးနောက်၊ မိမိတို့ ကောတည်ဖွဲ့မှန်ကန်သည် ထင်မြင်သည့်အတိုင်း အဆုံးအဖြတ်ပေးနိုင်သည့် အာဏာရှိသည့်အလျောက်၊ ခုံရုံးသို့လျှောက်လွှာ၊ ချေပလွှာ စသည်တို့ကို တင်သွင်းခြင်း မပြုသည့် တိုင်အောင်၊ ခုံရုံးသည် ကြားနာစစ်ဆေးပြီး အဆုံးအဖြတ်ပေးနိုင်ပေသည်။ ခုံရုံးက၊ ထိုအက်ဥပဒေ ပုဒ်မ ၁၆ အရ၊ ပြုလုပ်သော နည်းဥပဒေအပိုဒ် ၅ ပါ ပြဋ္ဌာန်းချက်မှားမှာ စီရင်ပိုင်ခွင့် အာဏာနှင့် မသက်ဆိုင်၊ ကြားနာစစ်ဆေး စီရင်ရာတွင် စံနစ်တကျ စစ်ဆေးစီရင်နိုင်စေခြင်းအလို့ငှါ၊ ပြဋ္ဌာန်း ထားသော အစီအရင်များသာ ဖြစ်ချေသည်။

လျှောက်ထားသူအတွက်။ ။ဒေါက်တာ ဘမော် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) အတွက်။ ။ဦးသန်းမောင် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၂)အတွက်။ ။အစုးရ လွှဲတော်ရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

---

* ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲ့ လျှောက်လွှာအမှတ် ၇၆။

† နိုင်ငံတော် တရားဝန်ကြီးချုပ် ဦးမြင့်သိန်း၊ နိုင်ငံတော် တရားဝန်ကြီးများ ဖြစ်ကြသော ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ ရှေ့မှောက်တွင် တရားဝန်ကြီး ဦးဘိုကြီး အမိန့်ချမှတ်သည်။

၁၉၆၂

ဦးချစ်ဖေ နှင့် ရွှေစကြာဆေး လိပ်လုပ်သား အစည်းအရုံး ပါ ၂။

တရားဝန်ကြီး ဦးဘိုကြီး။ ။၁၉၅၈ ခုနှစ်တွင်၊ ယခုလျှောက်ထားသူ ဦးချစ်ဖေသည်၊ ပဲခူးမြို့၌ ရွှေစကြာ ဆေးလိပ်ရုံ ၄ ရုံ တည်ထောင်ပြီး၊ အလုပ်သမား ၃၀၀ ကျော် နှင့် ဆေးလိပ်လုပ်ငန်းကို လုပ်ကိုင်ခဲ့ရာ၊ ထိုနှစ် အောက်တိုဘာလ ၄ ရက်နေ့ နံနက်တွင် ဦးချစ်ဖေက ပဲခူးမြို့၊ လိပ်ပြာကန့် ကွက်သစ်ရှိ ရွှေစကြာဆေးလိပ်ရုံ၌ လုပ်ကိုင်သော် အလုပ်သမား ၂၄ ဦးတို့အား၊ မိမိထံ လာရောက်ရန် ဆင့်ခေါ်သည်ကို၊ ထိုအလုပ်သမားများ မလာရောက်သဖြင့်၊ ၎င်းတို့အား ထိုနေ့ညနေတွင် အလုပ်မှ ရပ်စဲလိုက်လေသည်။ ထိုကိစ္စရပ်မှ ပေါ်ပေါက်သည့် အငြင်းပွားမှုကို ပဲခူးမြို့၊ ဖြန့်ဖြေရေးအရာရှိများက ပြေလည်အောင် ဖြန့်ဖြေသော်လည်း မအောင်မြင်သဖြင့်၊ နိုင်ငံတော်သမတသည်၊ ဝါဏိဇ္ဇ ပဋိပက္ခအက်ဥပဒေပုဒ်မ ၉ အရ ၊ဝါဏိဇ္ဇပဋိပက္ခ ခုံရုံးသို့ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ရန် အမိန့် ကြော်ငြာစာဖြင့် လွှဲအပ်လိုက်လေသည်။ ဝါဏိဇ္ဇ ခုံရုံးသည် ဆေးလိပ်ရုံပိုင်ရှင် ဦးချစ်ဖေနှင့် ရွှေစကြာ ဆေးလိပ်ရုံအလုပ်သမားအစည်းအရုံး အသီးသီးတို့ တင်သွင်းသော လျှောက်လွှာ၊ ခွေပလွှာများကို လက်ခံ၍၊ အမှုသည်များနှင့် ၎င်းတို့တင်ပြသော သက်သေများကို စစ်ဆေးပြီး၊ ပေါ်ပေါက်သည့်အငြင်းပွားမှုသည်၊ ဝါဏိဇ္ဇပဋိပက္ခမှု တရပ်ဖြစ်ကြောင်း။ အလုပ်သမား ၂၄ ဦးအား အလုပ်မှ ရပ်စဲလိုက်ခြင်းသည် တရားမျှတမှု မရှိကြောင်း။ ထို့ကြောင့် ထိုသူများအား အလုပ်ပြန်လည်ခန့်ထားပြီး၊ အလုပ်မှ ထုတ်ထားသည့် အချိန်ကာလအတွက် တရားမျှတသော သက်သာခွင့် အနေဖြင့် အလုပ်သမားတဦးလျှင် ငွေ ၁၀၀ တိတိစီ အလုပ်ရှင်ထံမှ ရယူခွင့် ရှိကြောင်း ဆုံးဖြတ်လေသည်။

ဤခုံရုံးတော်၌ ဆေးလိပ်ရုံပိုင်ရှင် ဦးချစ်ဖေ၏ ပညာရှိ ရွှေနေကြီးက အချက် ၂ ချက်ကို အဓိကထား၍ လျှောက်လဲလေသည်။ ပဌမအချက်မှာ ဝါဏိဇ္ဇ ပဋိပက္ခခုံရုံးသို့ ရွှေစကြာ ဆေးလိပ်ရုံ အလုပ်သမားများအစည်းအရုံးအတွက် တင်သွင်းသော လျှောက်လွှာမှာ၊ မူလက ထိုအစည်းအရုံးဥက္ကဋ္ဌ ဒေါ်နှင်းငွေဆိုသူ တဦးသာ လက်မှတ်ရေးထိုး၍ လျှောက်ထားချက်များ မှန်ကန်ကြောင်း ဝန်ခံလက်မှတ် ရေးထိုးခဲ့သည်တွင်၊ ထိုအချက်ကို ဦးချစ်ဖေအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိ ရွှေနေကြီးများက ခုံရုံးအား ညွှန်ပြသော်လည်း၊ ခုံရုံးက ဂရုမပြု အရေးမယူဘဲနေခဲ့ရာ၊ ယင်းသို့ ညွှန်ပြကန့်ကွက်ပြီးနောက်မှ၊ ဒေါ်ပွါးချစ်ဆိုသူ၏ လက်မှတ်များကို ထိုလျှောက်လွှာတွင်၊ ခုံရုံးအား အသိမပေးဘဲ ရေးထိုးထားသည်ကို တွေ့ရကြောင်းနှင့် လျှောက်လဲခြင်းဖြစ်လေသည်။ ဝါဏိဇ္ဇပဋိပက္ခ အက်ဥပဒေပုဒ်မ ၁၆ (၁) အရ၊ ပြဋ္ဌာန်းသော ဝါဏိဇ္ဇပဋိပက္ခရုံးဆိုင်ရာ နည်းဥပဒေ အပိုဒ် ၅(ဃ) တွင် ခုံရုံးသို့တင်သွင်းသောလျှောက်လွှာ၊ ခွေပလွှာနှင့် အခြား အလားတူစာတမ်းများကို တရားမ ကျင့်ထုံးအက်ဥပဒေ၌ ပြဋ္ဌာန်းထားသည့် အတိုင်း လက်မှတ်ရေးထိုး၍ ဝန်ခံချက်ပြုရမည်ဟု ပါရှိသည်။ ထို့ပြင် ယခုလျှောက်

ထားခံရသူ ရွှေစကြံ၁ ဆေးလိပ်ရုံအလုပ်သမား အစည်းရုံးကဲ့သို့သော မှတ်ပုံတင်ပြီး အစည်းအရုံးက လျှောက်လှာ၊ ခွေလှာနှင့်အလားတူ စာတမ်းများတင်သွင်းလျှင်၊ ၎င်းတို့ကို အစည်းအရုံးဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ပူးတွဲ၍ သော်၎င်း၊ အစည်းအရုံးကော်မိတီက လက်မှတ်ရေးထိုးရန်နှင့် မှန်ကန်ကြောင်း ဝန်ခံရန်အတွက်၊ ကျန်စာအာဏာလွှဲအပ်ထားသော၊ ကော်မိတီဝင် ၂ ဦးကသော်၎င်း၊ လက်မှတ်ရေးထိုး၍ မှန်ကြောင်း ဝန်ခံရမည်ဟု ပြဋ္ဌာန်းထားလေသည်။ ဤအမှုတွင် ဝါကြီဇပဋိပက္ခခုံရုံး၏ ၁၉၆၀ ခု၊ ဇူလိုင်လ ၁ ရက်၊ ၁၉၆၀ ခု၊ ဇူလိုင်လ ၆ ရက်နေ့နှင့် ၁၉၆၀ ခု၊ သြဂုတ်လ ၆ ရက်နေ့စွဲပါ နေ့စဉ်မှတ်တမ်းများနှင့်၊ ဤရုံးတော်သို့ တင်သွင်းသော အလုပ်ပိုင်ရှင် ဦးချစ်ဖေအတွက် လိုက်ပါဆောင်ရွက်သော ရွှေနေကြီးများ၏ ကျမ်းကျိန်လွှာများကို လေ့လာသုံးသပ်ရာ၌ဦးချစ်ဖေ၏ ပညာရှိရွှေနေကြီး လျှောက်လဲသည့်အတိုင်း၊ အမြင်အားဖြင့်မှန်ကန်သည်ဟု ယူဆရန်အကြောင်းရှိချေသည်။ ထိုကိစ္စနှင့်စပ်လျဉ်း၍ ဝါကြီဇပဋိပက္ခခုံရုံးက မည်ကဲ့သို့မျှ အရေးယူသည်ကို တွေ့ရှိရသဖြင့် ဝမ်းနည်းဘွယ်ဖြစ်သည်။ ထို့ကြောင့် ခုံရုံးရှေ့မှောက်သို့ နောင်ကာလ၌ ရောက်ရှိမည်ဖြစ်သော အမှုများတွင်၊ အလားတူ အဆင်မပြေသည့် ကိစ္စရပ်များ ပေါ်ပေါက်ခြင်းမရှိလေအောင်၊ ခုံရုံးက၊ ဤအမှုတွင် ယခုပေါ်ပေါက်သည့် ကိစ္စရပ်နှင့်စပ်လျဉ်း၍ ထိုက်သင့်သလို အရေးယူဆောင်ရွက်ရန် ဤရုံးတော်က ညွှန်ကြားအပ်ပေသည်။

သို့သော် ထိုခွက်ယှင်းမှုအတွက် သက်သက်ကြောင့်၊ ခုံရုံး၏ အဆုံးအဖြတ်ကို ပယ်ဖျက်ရန် အကြောင်းမမြင်ချေ ။အဘယ်ကြောင့်ဆိုသော် အမှုခေါ် စာချွန်တော် အမိန့်ထုတ်ပေးရေးကိစ္စတွင် ခုံရုံးသည် မိမိအားအပ်နှင်းထားသော စီရင်ပိုင်ခွင့်အာဏာကို ကျော်လွန်၍ဖြစ်စေ၊ မူလကပင် အာဏာမရှိသဖြစ်စေ၊ စီရင်ဆုံးဖြတ်ခြင်းပြု၊ မပြုကိုသာ အဓိကထား၍ ဤရုံးတော်က စဉ်းစားရပေမည်။ ဝါကြီဇ ပဋိပက္ခအက်ဥပဒေ ပုဒ်မ ၉ အရ၊ နိုင်ငံတော် သမတက ခုံရုံးအား စစ်ဆေးစီရင်ဆုံးဖြတ်ရန် ဝါကြီဇ ပဋိပက္ခမှု အရပ်ရပ်ကို လွှဲအပ်လျှင်၊ ထိုအက်ဥပဒေ ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များအရ၊ ခုံရုံးသည် ကြားနာစစ်ဆေးလေ့လာသုံးသပ်ပြီးနောက်၊ မိမိတို့ တော်တည့်မှန်ကန်သည် ထင်မြင်သည့်အတိုင်း အဆုံးအဖြတ်ပေးနိုင်သည့် အာဏာရှိလေသည်။ ယင်းသို့ဆုံးဖြတ်ရန် အာဏာရှိသည်ဖြစ်၍ ခုံရုံးသို့ လျှောက်လှာ၊ ခွေပလှာ စသည်တို့ကို ကာသွင်းခြင်း မပြုသည့်တိုင်အောင်၊ ခုံရုံးသည် ကြားနာစစ်ဆေးပြီး အဆုံးအဖြတ်ပေးနိုင်ပေသည်။ ခုံရုံးက ထိုအက်ဥပဒေ ပုဒ်မ ၁၆ အရ၊ ပြုလုပ်သောနည်းဥပဒေ အပိုဒ် ၅ ပါ ပြဋ္ဌာန်းချက်များမှာ စီရင်ပိုင်ခွင့်အာဏာနှင့် မသက်ဆိုင်ချေ။ ကြားနာစစ်ဆေးစီရင်ရာတွင် စံနှစ်တကျစစ်ဆေးစီရင်နိုင်စေခြင်းအလို့ငှါ၊ ပြဋ္ဌာန်းထားသော အစီအရင်များသာ ဖြစ်ချေသည်။ သို့ဖြစ်၍ လျှောက်ထားသူ၏ ပညာရှိ ရွှေနေကြီး

၁၉၆၂
ဦးချစ်ဖေ နှင့် ရွှေစကြံဆေးလိပ်လုပ်သား အစည်းအရုံး ပါ ၂။

၁၉၆၂
ခု ခြစ်ဖေ
နှင့်
ရွှေကြာဆေး
လိပ်လုပ်သား
အစည်းအရုံး
ပါ ၂။

လျှောက်လဲချက်သည် ခုံရုံး၏ အဆုံးအဖြတ်ကို ပယ်ဖျက်ရန်အတွက်၊ ခိုင်လုံသော လျှောက်လဲချက်မဟုတ်ဟု ယူဆရပေမည်။

ဒုတိယ လျှောက်လဲချက်မှာ ရွှေစကြာ ဆေးလိပ်ရုံ အလုပ်သမားများ လိုက်နာရမည့်စည်းကမ်းများအနက် စည်းကမ်းအပုဒ် ၆ ၌ (ဆေးလိပ်ရုံရှင် အလုပ်စီမံခန့်ခွဲခြင်းကို လိုက်နာဆောင်ရွက်ရမည်) ဟု အတိအလင်း သတ်မှတ်ထားခဲ့ရာ၊ ယင်းသို့ သတ်မှတ်သည့်စည်းကမ်းကို အလုပ်မှရပ်စဲခြင်းခံရသူ အလုပ်သမား ၂၄ ဦးက မလိုက်နာသဖြင့်၊ ၎င်းတို့အား အလုပ်မှရပ်စဲခြင်းသည် တရားမျှတမှုရှိပါသည်ဟူသော လျှောက်လဲချက်ဖြစ်လေသည်။ ခုံရုံးသည် ထိုအချက်နှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဘက် တင်ပြသော သက်သေများကို ကြားနာစစ်ဆေးပြီး၊ အချင်းဖြစ်သည့်နေ့နံနက်က ဦးချစ်ဖေသည် ထိုအလုပ်သမား ၂၄ ဦးကို အလုပ်ကိစ္စစီမံခန့်ခွဲရန်အတွက် ဆင့်ခေါ်ခြင်းမဟုတ်၊ မိမိအပေါ် ၌ အလုပ်သမားများတောင်းဆိုသည့် ပြည်သူ့အလုပ်ပိတ်ရက်များအတွက် လုပ်ခများနှင့်စပ်လျဉ်း၍ ရာဇဝတ်ရုံးတွင် တရားစွဲဆိုထားရာ၊ ထိုတောင်းဆိုသည့်ငွေများကို ရုံးပြင်ပတွင် လက်ခံရန်အတွက် ဆင့်ခေါ်ခြင်းမျှသာဖြစ်သည်ဟု ဆုံးဖြတ်ကြလေသည်။ ထိုဆုံးဖြတ်ချက်မှာ၊ သက်သေခံ အထောက်အထားရှိသည်ဖြစ်၍ ဤရုံးတော်က ဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။

နောက်ဆုံးအချက်တရပ်မှာ၊ အလုပ်ရပ်စဲခြင်းခံရသော အလုပ်သမားများသည်၊ အလုပ်မှဘုတ်ထားသည့် အချိန်ကာလအတွက် တဦးလျှင် ငွေ ၁၀၀ စီ အလုပ်ရှင်ထံမှ ရယူခွင့်ရှိကြောင်း အဆုံးအဖြတ်ဖြစ်သည်။ အမှုတွင် ပေါ်ပေါက်သည့်အခြေအနေနှင့် ခုံရုံးအကြောင်းပြချက်များ အရ၊ ထိုဆုံးဖြတ်ချက်သည်တရားမျှတမှုမရှိဟု မဆိုနိုင်ချေ။

ထို့ကြောင့် ယခုလျှောက်လွှာကို ပယ်လိုက်သည်။ အမှုသည်များသည် မိမိတို့တရားစရိတ်ကို မိမိတို့အသီးသီး ကျခံကြရမည်ဖြစ်သည်။

တရားလွှတ်တော်ချုပ်

ဦးသံဝရ (စောဒက)

နှင့်

ဦးဝါသဝ ပါဂ (စုဒိတကများ)*

† ၁၉၆၂
မတ်လ ၂၈
ရက်။

ပိုင်ဆိုင်စေအမိန့်။ ။မည်သည့်တရားရုံး၊ မည်သည့်ခုံအဖွဲ့တွင်မျှ မရှိသော အမိန့်ချမှတ်နိုင်သော စီရင်ပိုင်ခွင့်အာဏာ။

ပိုင်ဆိုင်စေအမိန့်၊ တရားစွဲဆိုတောင်းခံခြင်း မရှိသူအား ချမပေးနိုင်၊ ဥပဒေနှင့် ဆန့်ကျင်၍ ဆုံးဖြတ်ခြင်း။ တရားမဝင်သောစီရင်ချက်။

စောဒကပုဂ္ဂိုလ်က ကျောင်းတိုက်တခုသည်၊ မိမိသာလျှင် ပုဂ္ဂလိကပိုင်ရှင် ဖြစ်သောကြောင့်၊ စုဒိတက ပုဂ္ဂိုလ်များအား နှင်ထုတ်ပေးပါရန် စွဲဆိုသောအမှုတွင်၊ စုဒိတက က ပုဂ္ဂိုလ်တဦးဦးသာလျှင် ပုဂ္ဂလိကပိုင်ရှင်ဖြစ်၍၊ စောဒကပုဂ္ဂိုလ်အား ထိုကျောင်းတိုက်မှ ထွက်သွားစေရန် အမိန့်ချမှတ်နိုင်သော စီရင်ပိုင်ခွင့် အာဏာသည် မည်သည့်တရားရုံး၊ မည်သည့်ခုံအဖွဲ့တွင်မျှ မရှိခေ့။ စုဒိတက ပုဂ္ဂိုလ်တဦးဦးသည် အချင်းဖြစ်ကျောင်းတိုက်ကို မိမိသာလျှင် ပုဂ္ဂလိက ပိုင်ရှင်ဖြစ်၍ စောဒက ပုဂ္ဂိုလ်အား ဖယ်ရှားပေးစေရန် အမိန့်စီရင်ဆုံးဖြတ် ချမှတ်ပေးအစေလိုလျှင်၊ ၎င်းပုဂ္ဂိုလ်က တရားတထုံးစွဲရဦးမည်ဖြစ်သည်၊ စောဒက ပုဂ္ဂိုလ်အဖြစ်ဖြင့် တရားစွဲဆိုတောင်းခံခြင်း မရှိသောသူအား ပိုင်ဆိုင်စေဟု အမိန့်စီရင်ချက်ချရန် မဖြစ်နိုင်ခေ့။

မှတ်ပုံတင်ဥပဒေအရ၊ တရားမဝင်သောစာချုပ်ကို အခြေခံအကြောင်းပြု၍ ဆုံးဖြတ်ခြင်းသည်၊ မှတ်ပုံတင်ဥပဒေနှင့် ဆန့်ကျင်ဆုံးဖြတ်ခြင်းဖြစ်၍၊ ဤကဲ့သို့ ဆုံးဖြတ်ခြင်းသည် စီရင်ပိုင်ခွင့်အာဏာ ရှိဘဲ ဆုံးဖြတ်ရာ ရောက်သောကြောင့်၊ ပျက်ပြယ်သည့် စီရင်ချက်ဟု ယူဆရမည်။

ခုံဝိနည်းခိုရ် သုံးပါးရှိသည့်အနက် တပါးပါးက၊ အခြားတပါးပါးအား ဆုံးဖြတ်ချက် ရေးသားရန် တာဝန်ပေးအပ်ခဲ့ခြင်းလည်းမရှိ၊ မည်သို့မည်ပုံ ရေးသားထားသည်ကိုမျှလည်း မသိရသောကြောင့်၊ အဆိုပါ အခြား ဝိနည်းခိုရ်က ရေးသားထားသည့် ဆုံးဖြတ်ချက်တွင် လက်မှတ်မထိုးဘဲ နေခဲ့လျှင်၊ ထိုစီရင်ချက်သည် တရားဝင်စီရင်ချက်ဟု ယူဆနိုင်မည် မဟုတ်ခေ့။

စောဒကအတွက်။ ။ဦးလှဖေ (၂) လိုက်ပါဆောင်ရွက်သည်။

စုဒိတကအမှတ် (၄) မှ (၇) အတွက်။ ။ဦးဘသန်း (၁) လိုက်ပါဆောင်ရွက်သည်။

---

* ၁၉၆၁ ခုနှစ်၊ တရားမ အထွေထွေအမှတ် ၁၁၈။

† နိုင်ငံတော် တရားဝန်ကြီးများဖြစ်ကြသော ဦးချန်ထွန်း၊ ဦးဘိုကြီးနှင့် ဦးအောင်သာကျော်တို့ရှေ့မှောက်တွင် တရားပန်ကြီး ဦးချန်ထွန်း အမိန့်ချမှတ်သည်။

၁၉၆၂

ဦးသံဝရ
နှင့်
ဦးဝါသဝပါ ဂ။

တရားဝန်ကြီး ဦးချန်ထွန်း။ ။စောဒကပုဂ္ဂိုလ် ဦးသံဝရက စုဒိတကပုဂ္ဂိုလ် ဦးဝိဇယ၊ ဦးစန္ဒေါဘာသ၊ ဦးဥတ္တမနှင့် ဦးပညာသာမိတို့အား ရန်ကုန်မြို့ ဝင်ဒါမီယာလမ်းရှိ ဇေါခိကုန်းကျောင်းတိုက်မှ ထွက်ခွါသွားစေရန် စွဲဆိုသောအမှုသည် ဤရုံးတော်သို့ ရောက်လာသည်မှာ ဒုတိယအကြိမ်ဖြစ်သည်။ ၁၉၅၈ ခုနှစ်၊ တရားမသေးမှုအမှတ် ၃၃ တွင် ဦးသံဝရက အဆိုပါ စုဒိတကပုဂ္ဂိုလ်များအပေါ်တွင် စွဲဆိုသည့်အမှုဌ ရန်ကုန်မြို့မအလယ်ပိုင်း ဝိနိစ္ဆယဌာနက ၎င်းစုဒိတက ပုဂ္ဂိုလ်များအားလုံး ထွက်ခွါသွားစေရန် ချမှတ်သည့်အမိန့်ကို စီရင်ပိုင်ခွင့်အာဏာမရှိသောကြောင့် ပယ်ဖျက်ခဲ့ရလေသည်။ ထိုအမှုတွင် တည်ဆဲ ဝိနိစ္ဆယဌာနနှင့် ခုံအက်ဥပဒေအရ ရန်ကုန်မြို့တော် တရားမရုံးတွင် ဝိနိစ္ဆယခုံ ဖွဲ့စည်းပေးရန် စွဲဆိုရမည့်အစား၊ ဝိနိစ္ဆယဌာနတွင် စွဲဆိုခဲ့၍ ဝိနိစ္ဆယဌာနကလည်း စီရင်ပိုင်ခွင့်အာဏာမရှိဘဲ စီရင်ဆုံးဖြတ်ခဲ့သောကြောင့် ထိုစီရင်ချက်ကို ပယ်ဖျက်ပြီးလျှင် ရန်ကုန်မြို့တော် တရားမရုံးတွင်သာလျှင်၊ စွဲဆိုရန်ရှိကြောင်း ဖေါ်ပြလျက် ဤရုံးတော်က အဆိုပါစီရင်ချက်ကို ၁၉၅၈ခု၊ ဇွန်လ ၁၆ ရက်နေ့တွင် ပယ်ဖျက်ခဲ့လေသည်။ ၁၉၅၈ ခု၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ဦးသံဝရက ရန်ကုန်မြို့တော် တရားမရုံး၌ စုဒိတကပုဂ္ဂိုလ်တို့အား မိမိပိုင် အဆိုပါကျောင်းတိုက်မှ နှင်ထုတ်ပေးပါရန် တရားစွဲဆိုခဲ့လေသည်။ ထိုအမှုကို စစ်ဆေးစီရင်ရန် ကြားခုံ ဝိနည်းဓိုရ်အဖြစ်ဖြင့် ရွှေးချယ်တင်မြောက်ခြင်းကို ဦးဝါသဝက ၁၉၅၉ ခု၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် လက်ခံသည်ကို တွေ့ရသည်။ သို့ရာတွင် ဦးဝါသဝသည် လူသေလူဖြစ်စာအုပ်ကို ရိုက်နှိပ်ထုတ်ဝေခြင်းကိစ္စနှင့်စပ်လျဉ်း၍ အချုပ်ခံနေရသဖြင့် ၁၉၆၁ ပြည့်နှစ်၊ မေလလောက်တွင်မှ အမှုကို ကြားနာစစ်ဆေးခြင်း စတင်ဆောင်ရွက်နိုင်ကြောင်း တွေ့ရသည်။ ၁၉၆၁ ခု၊ ဧပြီလ ၁၁ ရက်နေ့တွင် စုဒိတကပုဂ္ဂိုလ်များက တင်မြောက်သည့်ခုံ ဝိနည်းဓိုရ် အရှင်ဦးရေဝတနှင့် ကြားခုံ ဦးဝါသဝတို့ နှစ်ပါးတည်းသာ လက်မှတ်ရေးထိုးပြီးလျှင် ဆုံးဖြတ်ချက် ဝိနိစ္ဆယကို ချမှတ်လေသည်။ ထိုဆုံးဖြတ်ချက်တွင် အချင်းဖြစ်ကျောင်းတိုက်ကို အာရာမ်နှင့် တကွ စုဒိတက တဦးဖြစ်သူ ဦးစန္ဒေါဘာသသာလျှင် ပုဂ္ဂလိကအဖြစ် ပိုင်စေ၊ စောဒကပုဂ္ဂိုလ် ဦးသံဝရနှင့်တကွ ၎င်း၏ပက္ခများသည် ကျောင်းတိုက် အာရာမ်မြေအတွင်းမှ အမြန်ဆုံးထွက်ခွါသွားစေဟု ပါရှိလေသည်။ ဤစီရင်ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် ဤရုံးတော်သို့ ယခုအမှုရောက်လာခြင်းဖြစ်သည်။

အထက်တွင်ဖေါ်ပြထားသည့်အတိုင်း၊ ၁၉၆၁ ခု၊ ဧပြီလ ၁၁ ရက်နေ့က ချမှတ်သည့် စီရင်ဆုံးဖြတ်ချက်ကို ဤရုံးတော်က ပယ်ဖျက်ရမည်ဖြစ်သည်။ စောဒကပုဂ္ဂိုလ်က ကျောင်းတိုက်တခုသည်၊ မိမိသာသျှင် ပုဂ္ဂလိကပိုင်ရှင်ဖြစ်သောကြောင့် စုဒိဒက

ပုဂ္ဂိုလ်များအား နှင်ထုတ်ပေးပါရန် စွဲဆိုသော အမှုတွင် စုဒိတကပုဂ္ဂိုလ်တဦး ဦးသာလျင် ပုဂ္ဂလိကပိုင်ရှင်ဖြစ်၍၊ စောဒကပုဂ္ဂိုလ်အား ထိုကျောင်းတိုက်မှ ထွက်ခွါသွားစေရန် အမိန့်ချမှတ်နိုင်သော စီရင်ပိုင်ခွင့်အာဏာသည် မည်သည့်တရားရုံး မည်သည့်ခုံအဖွဲ့တွင်မျှ မရှိချေ။ စုဒိတကပုဂ္ဂိုလ်တဦးဦးသည် အချင်းဖြစ်ကျောင်းတိုက်ကို မိမိသာလျင် ပုဂ္ဂလိကပိုင်ရှင်ဖြစ်၍ စောဒကပုဂ္ဂိုလ်အား ဖယ်ရှားပေးစေရန်အမိန့်စီရင်ချက် ဆုံးဖြတ်ချက်ချမှတ်ပေးစေလိုလျင်၊ ၎င်းပုဂ္ဂိုလ်က တရားတထုံး စွဲဆိုရဦးမည်ဖြစ်သည်။ စောဒကပုဂ္ဂိုလ်အဖြစ်ဖြင့် တရားစွဲဆို တောင်းခံခြင်းမရှိသောသူအား ပိုင်ဆိုင်စေဟု အမိန့်စီရင်ချက် ချမှတ်ရန်မဖြစ်နိုင်ချေ။ ထို့ကြောင့် အဆိုပါစီရင်ချက်သည် စီရင်ပိုင်ခွင့်အာဏာမရှိဘဲ ချမှတ်သော စီရင်ချက်ဖြစ်သောကြောင့် တရားဥပဒေအရ ပျက်ပြယ်သည်ဟု ယူဆရမည်ဖြစ်သည်။ ထို့ပြင် အဆိုပါ စုဒိတက ပုဂ္ဂိုလ် ဦးစန္ဒောဘာသပိုင်ဆိုင်သည်ဟု ဆုံးဖြတ်ရာ၌လည်း မှတ်ပုံတင် ဥပဒေအရ တရားမဝင်သော စတုသန္တက စာချုပ်ကို အခြေခံအကြောင်းပြု၍ ဆုံးဖြတ်ထားခြင်းဖြစ်သောကြောင့် ဤရုံးတော်က အကြိမ်ကြိမ် ယခင်က ဆုံးဖြတ်ခဲ့သည့်အတိုင်း ဤသို့သော မှတ်ပုံတင်ဥပဒေနှင့်ဆန့်ကျင်၍ ဆုံးဖြတ်ခြင်းသည် စီရင်ပိုင်ခွင့်အာဏာမရှိဘဲ ဆုံးဖြတ်ရာရောက်သောကြောင့် ပျက်ပြယ်သည့်စီရင်ချက်ဟု ယူဆရမည်ဖြစ်သည်။

၁၉၆၂
ဦးသံဝရ
နှင့်
ဦးဝါသဝပါ ၈။

အလျဉ်းသင့်၍ ဖေါ်ပြရန်ရှိသည်မှာ၊ ပြန်လွှန်တော်မူသော မူလပုဂ္ဂလိကပိုင်ဌာန ဦးတိလောကနှင့် စောဒကပုဂ္ဂိုလ် ဦးသံဝရတို့ ချုပ်ဆိုကြသည့် ဒို့သန္တကစာချုပ်မှာ ရန်ကုန်မြို့တော်အလယ်ပိုင်း ဝိနိစ္ဆယဌာနတွင် အက်ဥပဒေပုဒ်မ ၃၁ အရ မှတ်ပုံတင်ထားသောစာချုပ်ဖြစ်သော်လည်း "သက်ဆိုင်ရာဝိနည်းဓိုရ်များမပါဘဲ တာဝန်ခံဆရာတော်က ဒို့သန္တကစာချုပ်ကို မှတ်ပုံတင်ပေးလိုက်ကြောင်း ထင်ရှားသည်။ ဝိနိစ္ဆယဌာန အက်ဥပဒေပုဒ်မ ၃၁ က ဤကဲ့သို့ တာဝန်ခံဆရာတော်အား မှတ်ပုံတင်ပေးနိုင်ခွင့်အာဏာပေးသော ပုဒ်မ မဟုတ်၊ သက်ဆိုင်ရာ ဝိနည်းဓိုရ်အာဏာပိုင် သုံးပါးကို မှတ်ပုံတင်ပေးနိုင်ခွင့် အာဏာပေးသော ပုဒ်မဖြစ်၍ ဤဒို့သန္တကစာချုပ်ကို တာဝန်ခံဆရာတော်က မှတ်ပုံတင်ပေးခြင်းသည် မှတ်ပုံတင် အထောက်အောင်မြင်မှုမရှိချေ။ ထို့ကြောင့် ထိုမှတ်ပုံတင်ခြင်းကို တရားမဝင်ဟု မှတ်ယူရမည်" ဟူ၍ စီရင်ဆုံးဖြတ်ခြင်းသည် အထက်တွင်ဖေါ်ပြခဲ့သည့်အတိုင်း ဦးသံဝရက ရန်ကုန်မြို့မအလယ်ပိုင်း ဝိနိစ္ဆယဌာနတွင် စွဲဆိုသည့်အမှု၌ ထိုဝိနိစ္ဆယဌာနက ချမှတ်သည့်စီရင်အပိုဒ် ၁၄ တွင်၊ ဝိနည်းဓိုရ်ဆရာတော်များက ဘတ်ရှစီစစ်ပြီးမှ ခိုင်လုံသောစာချုပ်ဖြစ်ကြောင်း တွေ့ရှိရ၍ မှတ်ပုံတင်ကြောင်း ဖေါ်ပြထားသည်ကို သတိမူခဲ့မိဟန်မတူချေ။ ထို့ပြင် သက်သေ

၁၉၆၂
ဦးဆံဝရ
နှင့်
ဦးဝါသဝ ပါ ဂ။

ခံအက်ဥပဒေပုဒ်မ ၁၁၄၊ ရှင်းလင်းချက် (ဂ) အရမှာ၊ တရားစီရင်ရေးအာဏာကိုဎင်း၊ အုပ်ချုပ်ရေးအာဏာကိုဎင်း ကျင့်သုံး၍ ဆောင်ရွက်ထားချက်များသည် ဥပဒေနှင့် အညီ ဆောင်ရွက်ထားသည်ဟု တရားရုံးများက (ထိုသို့မဟုတ်ကြောင်း သက်သေခံ လုံလောက်စွာ မပြနိုင်သေးသမျှ) ယူဆရမည်ဖြစ်သည်။

ထို့ပြင် ဤစီရင်ချက်မှာ အထက်တွင်ပြဆိုခဲ့သည့်အတိုင်း၊ ခုံဝိနည်းဓိုရ် နှစ်ဦးသာလျှင် လက်မှတ်ထိုး၍ ချမှတ်ထားသည့် ဆုံးဖြတ်ချက်ဖြစ်သည်ကိုတွေ့ရသည်။ စောဒကပုဂ္ဂိုလ်၏ ဝိနည်းဓိုလ် ဦးသုဇာတက လက်မှတ်မထိုးခဲ့ချေ။ အက်ဥပဒေပုဒ်မ ၂၂(၁) တွင်၊ ဝိနိစ္ဆယခုံ ဆရာတော်အားလုံး လက်မှတ်ရေးထိုးရမည်ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၄၃ အရ၊ ဝိနိစ္ဆယခုံကလည်း ဤပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ မည်သို့သော အကြောင်းကြောင့် အဆိုပါခုံဝိနည်းဓိုရ်ဆရာတော် ဦးသုဇာတက လက်မှတ်မထိုးသည်ကို ၎င်း၏သစ္စာပြု မြွက်ဆိုချက်အလွှာအပိုဒ် ၃ တွင် အောက်ပါအတိုင်းဖော်ပြထားသည်။

> "ကြားခုံ ဦးဝါသဝသည် ဆုံးဖြတ်ချက် ချသောနေ့မတိုင်မီ၊ ရုံးချိန်းတခုတွင် ၎င်း၏စီရင်ချက်၌၊ ကျွန်ုပ် ဦးသုဇာတအား ကြည့်ရှုခွင့်မပြုဘဲ အတင်းလက်မှတ်ထိုးခိုင်းပါသည်။ ကြည့်ရှုခွင့်မရ၍ လက်မှတ်မထိုးသောကြောင့်၊ မကြားဝံ့မနာသာအောင် မန်မဲကြိမ်းမောင်း ဆဲဆိုပါသည်။ ကျွန်ုပ် ဦးသုဇာတက ကြားခုံ ဦးဝါသဝအား ဆုံးဖြတ်ချက်ရေးသားရန် မည်သည့်အခါကမျှ တာဝန်မပေးအပ်ခဲ့ပါ။ ၎င်းကြားခုံ ဦးဝါသဝကသာလျှင် ကျွန်ုပ် ဦးသုဇာတအား အပြီးသတ်ဆုံးဖြတ်ချက်ရေးသားရန် တာဝန်လွှဲအပ်ပေးခဲ့ပါသည်။
> ထိုစီရင်ချက်ချသောနေ့၌ စုဒိတကများ၏ ခုံဝိနည်းဓိုရ်ဆရာတော် ဦးရေဝတ တပါးတည်းကိုသာ သုံးဘီးကားဖြင့် ရှေးဦးစွာ ပင့်ဆောင်ပြီး၊ ၎င်းစီရင်ချက်ကို လက်မှတ်ရေးထိုးပါသည်။ ထိုသို့ လက်မှတ်ထိုးပြီးမှ ကျွန်ုပ် ဦးသုဇာတထံ ရုံးကားနှင့် အပင့်လွှတ်ပြီး ကျွန်ုပ်ရောက်လာသောအခါ စီရင်ချက်ရေးသားပြီးဖြစ်ကြောင်း၊ ၎င်းတို့လက်မှတ်ထိုးပြီးပြီဖြစ်ကြောင်း၊ ထိုစီရင်ချက်၌ လက်မှတ်ထိုးရန် အတင်းတိုက်တွန်းပါသည်။ ကျွန်ုပ် ဦးသုဇာတက ၎င်းစီရင်ချက်မှာ ဝိနည်းတရားတော်နှင့် ဥပဒေဘောင်မဝင်၍ လက်မှတ်မထိုးပါ။"

ဤကဲ့သို့ ခုံဝိနည်းဓိုရ် သုံးပါးရှိသည့်အနက် တပါးပါးက အခြားတပါးပါးအား ဆုံးဖြတ်ချက်ရေးသားရန် တာဝန်ပေးအပ်ခဲ့ခြင်းလည်းမရှိ၊ မည်သို့မည်ပုံ ရေးသားထားသည်ကိုမျှလည်း မသိရသောကြောင့်၊ အဆိုပါ အခြားဝိနည်းဓိုရ်က ရေးသားထားသည့် ဆုံးဖြတ်ချက်တွင် လက်မှတ်မထိုးဘဲနေခဲ့လျှင်၊ ထိုစီရင်ချက်သည် တရားဝင်

စီရင်ချက်ဟု ယူဆနိုင်မည် မဟုတ်ချေ။ အထက်ပါ အကြောင်းကြောင်းတို့ကြောင့်၊ ၁၉၆၁ ခု၊ ဧပြီလ ၁၁ ရက်နေ့က ချမှတ်သည့် ဝိနိစ္ဆယခုံ၏ စီရင်ဆုံးဖြတ်ချက်ကို ဤရုံး တော်က ပယ်ဖျက်ရမည်ဖြစ်သည့်အတိုင်း ပယ်ဖျက်လိုက်သည်။ ၁၉၆၂ ဦးသံဝရ နှင့် ဦးဝါသဝ ပါ ၈။

ဤအမှုကို တည်ဆဲဥပဒေအရ ဝိနိစ္ဆယခုံက ပြန်လည်၍ စစ်ဆေးစီရင်ဆုံးဖြတ် ရမည်ဖြစ်သည်။ စောဒကနှင့် စုဒိတကတို့အား မိမိတို့နှစ်သက်ရာ ဝိနည်းဓိုရ်ကို ပုဒ်မ ၃၇ အရ တင်မြောက်ခွင့် ပေးရမည်ဖြစ်သည်။ ယခင်က တင်မြောက်ခဲ့သည့် စောဒကနှင့် စုဒိတကတို့၏ ဝိနည်းဓိုရ်အသီးသီးအား ထပ်မံ တင်မြောက်လိုလျှင် တင်မြောက်နိုင်ခွင့် ရှိသည်။ ကြားခံ ဝိနည်းဓိုရ်ကိုမူကား အသစ်ပြောင်းလဲတင်မြောက်ရမည်ဖြစ်သည်။ ကြားခံဝိနည်းဓိုရ် ဦးဝါသဝအပေါ်တွင် အဂတိလိုက်၍ ဆောင်ရွက်ကြောင်း စွပ်စွဲ ချက်အမြောက်အမြားရှိသည်။ ထိုစွပ်စွဲချက်များအနက် အချို့သောစွပ်စွဲချက်များမှာ လူသေလူဖြစ်စာအုပ်ကို ထုတ်ဝေသူဖြစ်သောကြောင့် ပုဒ်မ ၁၂ (၁) (ည) အရ၊ အလင်္ဂီပုဂ္ဂိုလ်ဖြစ်ခြင်း၊ စုဒိတကပုဂ္ဂိုလ်တို့အား စီရင်ချက်ကို ကူးခွင့်ပြုသော်လည်း စောဒ ကပုဂ္ဂိုလ်အား စီရင်ချက်ကို ကူးခွင့်မပြုခဲ့ခြင်း၊ စောဒက၏ ဝိနည်းဓိုရ် ဦးသုဇာတအား စီရင်ချက်ကို ဘတ်ရူခွင့်မပြုဘဲ အတင်းလက်မှတ်ထိုးခိုင်းခြင်း၊ လက်မှတ်ထိုးရန် ငြင်းဆို သောအခါ "မကြားဝံ့မနာသာအောင် မာန်မဲကြိမ်းမောင်းဆဲဆို" ခြင်း၊ မည်သည့် အခါကမျှ မကြားခဲ့ရ ဘူးသည့် စတုသန္တကာစာချုပ်ကို မှတ်ပုံတင်ခြင်းမရှိဘဲ လက်ခံ၍ အထင်အရှားမှတ်ပုံတင်ထားသော ဒို့သန္တကာ စာချုပ်ကို ပယ်ခြင်း၊ စောဒကပုဂ္ဂိုလ်၏ အားကိုးဖြစ်သော ဒို့သန္တကာ စာချုပ်ကို မရမက အကြိမ်ကြိမ် တောင်းယူပြီး ပြန်မပေး ဘဲနေခြင်း၊ ထိုစာချုပ်ပေါ်တွင် ဝိနိစ္ဆယရုံးတံဆိပ်အတုတခုကို ပုံနှိပ်ထားခြင်းစသော စွပ်စွဲချက်များဖြစ်သည်။ ဤကဲ့သို့ ကြီးလေးသောစွပ်စွဲခြင်းမျိုးကို ခံရသည့် ပုဂ္ဂိုလ် ဖြစ်သောကြောင့်၊ ထိုပုဂ္ဂိုလ်အား ယခုအမှုတွင် ကြားခံဝိနည်းဓိုရ်အဖြစ်ဖြင့် ဆက်လက် ဆောင်ရွက်ရန် မသင့်တော်ဟု ဤရုံးတော်ကယူဆသည်။ ထို့ကြောင့် ကြားခံဝိနည်းဓိုရ် အသစ်တပါးကို ဥပဒေအရ ထပ်မံရွေးချယ် ခန့်ထားရမည်ဖြစ်သည်။

ဤရုံးတော်တွင် စောဒကပုဂ္ဂိုလ် ဦးသံဝရက စုဒိတကပုဂ္ဂိုလ်များနှင့်ငင်းတို့၏ပက္ခတို့ သည် ကျောင်းအာရာမ်အတွင်းရှိ သစ်ပင်ဝါးပင်များကို ခုတ်လှဲဖျက်စီးခြင်း၊ အာရာမ် အတွင်းရှိ အဆောက်အဦများနှင့် ပစ္စည်းအရပ်ရပ်တို့ကို ဖျက်စီးခြင်းတို့မှ တားစီးရန် ၎င်း၊ ကျောင်းတိုက်အတွင်းရှိ တိုက်ကျောင်းတွင် မိမိပိုင်ပူးတွဲပါစာရင်းရှိ ပစ္စည်းများကို စုဒိဒကပုဂ္ဂိုလ်များက မိမိသော့ပိတ်ထားသည့်အခန်းကို ဖွင့်ပြီးလျှင် လက်ရောက်သိမ်း ယူထားသောကြောင့် ထိုပစ္စည်းများကို ပျောက်ပျက်စေခြင်းမှ ကာကွယ်ပေးပါရန်ငင်း ဤရုံးတော်ကအရေး ယူဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံစာတင်သွင်းသည်။ ဤကဲ့သို့ အချင်းဖြစ်ကျောင်းတိုက်အတွင်းရှိ မိမိပိုင်ပစ္စည်းများကို ယိုယွင်းပျက်စီးအောင် ပြုလုပ်

၁၉၆၂
ဦးသံဝရ
နှင့်
ဦးဝါသဝ ပါ ၈။

ခြင်းမှတရားဥပဒေအရ တားဆီးမပေးပါက မနှစ်မြို့ဘွယ်ရာအဓိကချွတ်ယွင်းဖြစ်နှင့်ရှိကြောင်း ဖေါ်ပြထားသည်။

အထက်တွင်ဖေါ်ပြခဲ့သည့် ၁၉၅၈ ခုနှစ်၊ တရားမသေးမှု အမှတ် ၃၃ တွင် ဝိနိစ္ဆယခုံဆိုင်ရာ အက်ဥပဒေတွင် အချင်းဖြစ် ပစ္စည်းများကို ပျက်စီးယိုယွင်းစေခြင်းမှ တားဆီးနိုင်ရန် ကြားဖြတ်အမိန့် ထုတ်ပြန်နိုင်သည့် ပြဋ္ဌာန်းချက်မျိုးမရှိသောကြောင့် ထိုဥပဒေတွင် ချို့ယွင်းချက်ရှိနေကြောင်း အောက်ပါအတိုင်း ဤရုံးတော်က ဖေါ်ပြထားသည်။

> "ယခုပြင်ဆင်ထားသည့် ဝိနိစ္ဆယဌာန အက်ဥပဒေအရမှာ (စောဒကနှင့် စုဒိတကနှစ်ဦး နှစ်ဘက်တို့က သက်ဆိုင်ရာ မြို့နယ်ဝိနိစ္ဆယဌာန၏ အဆုံးအဖြတ်ကို ခံယူရန် တင်ကြို၍ သဘောတူညီထားပြီးမရှိလျှင်) သက်ဆိုင်ရာ မြို့နယ်တရားမရုံးသို့ အမှုစွဲချက်တင်သည့် အချိန်မှစ၍ ဝိနိစ္ဆယခုံရုံး ဖွဲ့စည်းပြီးနောက်၊ ထိုသို့ဖွဲ့စည်းသည့် ဝိနိစ္ဆယခုံက အမှုစတင်စစ်ဆေးသည့် အချိန်အထိ ထိုမျှသော ကာလအတွင်းတွင် မနှစ်မြို့ဘွယ်ရာဖြစ်သော အဓမ္မရှုန်းရင်းဆန်ခပ် အမှုအခင်းမျိုး မဖြစ်ပွါးနိုင်ရန် တားဆီးဘို့ ကြားဖြတ်အမိန့်မျိုး ထုတ်နိုင်သည့် အာဏာသည် မည်သူ့ထံတွင်မှ မရှိဘဲဖြစ်နေသည်ကို တွေ့ရသည်။"

ယခုအမှုတွင် ရန်ကုန်မြို့တော် တရားမရုံးတွင် ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် တရားစတင်စွဲခဲ့သော်လည်း၊ ၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့ကမှ ကြားခုံဝိနည်းမိုရ်ခန့်အပ်ခြင်းပြီးစီးသည်။ တဖန်အမှုကို ၁၉၆၀ ခုနှစ်၊ မေလတွင်မှ စတင်စစ်ဆေးနိုင်သည်။ စီရင်ဆုံးဖြတ်ချက်ကို ၁၉၆၁ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့ကမှ ချမှတ်သည်။ ထို့ကြောင့် တရားစွဲပြီးသည့်နောက် ၉ လကြာမှ ကြားခုံ ဖွဲ့စည်းနိုင်ခဲ့သည်။ တဖန် ခုံဖွဲ့စည်းပြီးသည့်နောက် ၉ လခန့်ကြာမှ စတင်စစ်ဆေးနိုင်ခဲ့သည်။ စတင်စစ်ဆေးသည့်နောက် ၁၁ လခန့်ကြာမှ စီရင်ဆုံးဖြတ်နိုင်ခဲ့သည်။

ဤရုံးတော်က ဝိနိစ္ဆယခုံ၏ စီရင်ဆုံးဖြတ်ချက်ကို ယခုကဲ့သို့ ပယ်ဖျက်ပြီးနောက်၊ ရန်ကုန်မြို့တော် တရားမရုံးသို့ ဝိနိစ္ဆယခုံအသစ်ဖွဲ့၍ စစ်ဆေးစီရင်ရန် ပြန်လည်ပို့လိုက်ပြီးသည့်နောက် မည်မျှအချိန်ကြာမှ ဝိနိစ္ဆယခုံ ဖွဲ့စည်းနိုင်မည်ကို မမြော်မှန်းနိုင်ခေ။ မည်သို့ပင်ဖြစ်စေ လပေါင်းအတော်ကြာပေဦးမည်။ တဖန် ခုံဖွဲ့စည်းပြီးသည့်အချိန်မှ စတင်စစ်ဆေးသည့်အချိန်အထိ ကာလအပိုင်းအခြားကိုလည်း မှန်းဆရန် မဖြစ်နိုင်ခေ။ အချိန်ကာလအတော်ကြာဦးမည်ဟု ခန့်မှန်းရသည်။ ထို့ကြောင့် ဤကဲ့သို့ မချေပြောင်းနိုင်သည့် ကျောင်းနှင့်တကွ အာရာမ်အတွင်းရှိ အဆောက်အဦ၊ သစ်ပင်ပန်းမာလ်နှင့်တကွသော ပစ္စည်းများနှင့် စပ်လျဉ်း၍ စွဲဆိုတော အမှုမျှားကို အမှုမပြီးမီ အတောအတွင်း အချင်းဖြစ်ပစ္စည်းများ ယိုယွင်းပျက်စီးအောင် ပြုလုပ်ခြင်းမှ တားဆီး

ရန် ဥပဒေအရ ခဆောင်ရွက်ချက်သည် အလွန်အရေးကြီးသည်။ ဤကိစ္စမျိုးတွင် တရား ၁၉၆၂
စီရင်ရေးဌာနက တနည်းနည်းအားဖြင့် ကာကွယ်မှု မပေးနိုင်လျှင် တဝန်ဝတ်တရား ဦးသံဝရ
ကိန်းသိမ်းစောင့်စည်းမှု ပျက်ကွက်ရာရောက်ချေမည်။ ထို့ကြောင့် နောင်တွင် ဖွဲ့စည်း နှင့်
လတ္တံ့သော ဝိနိစ္ဆယခုံက ဤကိစ္စနှင့်စပ်လျဉ်း၍ တစုံတရာ ပြောင်းလဲပြင်ဆင်၍ အမိန့် ဦးဖါသဝ ပါ ၇။
မချမီ အတောအတွင်း တွင် ဤခုံးအောက်က အဆိုပါပစ္စည်းများကို ယိုယွင်းပျက်စီး
အောင်ပြုလုပ်ခြင်းမှ တားဆီးထားရန် အမိန့်တခုကို ချမှတ်ရန်လိုအပ်သည်။

စုဒိတကပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ ပက္ခများသည် ရန်ကုန်မြို့၊ ဝင်ဒါမီယာလမ်းရှိ ဗေါဓိကုန်းကျောင်းတိုက်၊ အာဆာမ်အဘွင်းရှိ မည်သည့်အဆောက်အဦကိုမျှငင်း၊ ထို အဆောက်အဦတွင် တပ်ဆင်ထားသည့် ပစ္စည်းတစုံတရာကိုမျှငင်း၊ အာဆာမ်အတွင်းရှိ မည်သည့်သစ်ပင် ဝါးပင် စသည်တို့ကိုမျှငင်း၊ တိုက်ကျောင်းအတွင်းရှိ စောဒကပုဂ္ဂိုလ် ဦးသံဝရပိုင် မည်သည့်ပစ္စည်းကိုမျှငင်း ပျက်စီးယိုယွင်းပျောက်ပျက်အောင် မပြုရန် တားမြစ်သည့်အမိန့်ကို ချမှတ်လိုက်သည်။ တိုက်ကျောင်းအတွင်းရှိ မည်သည့်ပစ္စည်း သည် ဦးသံဝရပိုင်ပစ္စည်းဖြစ်သည်ကို စောဒက ပုဂ္ဂိုလ် ဦးသံဝရက တင်ပြထားသော ပစ္စည်းစာရင်းနှင့် ရန်ကုန်မြို့တော် တရားမရုံး၏ ဘီလစ်က သွားရောက်စစ်ဆေးပြီးလျှင် စုဒိတကတို့အား ထိုပစ္စည်းများကို စာရင်းနှင့်တကွ မိမိတို့ခံဝန်ဖြင့် ပြန်၍ အပ်နှံထား ရမည်။ ဤအမိန့်သည် ဖွဲ့စည်းလတ္တံ့သော ဝိနိစ္ဆယခုံက ဤကိစ္စနှင့်စပ်လျဉ်းလျက် ပြင်ဆင်ဖြည့်စွက်၍ အမိန့်ချမှတ်လျှင် ထိုသို့ပြင်ဆင်ထားသည့်အတိုင်းနှင့် အမိန့်တစုံ တရာချမှတ်ခြင်းမရှိလျှင် ယခုအမိန့်အတိုင်း အမှုပြီးဆုံးသည်အထိ အာဏာ တည်ရမည် ဖြစ်သည်။

အမှုသည်များသည် မိမိတို့၏ စရိတ်ကို မိမိတို့ကျခံစေရမည်။

LIST OF CASES REPORTED

စီရင်ထုံးပြုသောမူခင်းများ

HIGH COURT

တရားလွှတ်တော်

	PAGE
Ah Paung (*a*) U Paung *v.* Ah Ming	1
Babu Lal *v.* Raghobar Singh	6
Burma Timber Co. *v.* American International Underwriters (Burma) Ltd.	18
Daw Nu Nu Khin *v.* Daw Myint Myint and two ...	34
—— Sein Hla *v.* U Ngwe Tin and two others ...	37
—— Than May *v.* Ma Mya Ngwe and three others ...	41
Haji Abdul Samad *v.* Haji Moosa Kaka and two others	55
Hamed Ali *v.* The State Timber Board	61
Hussein Bux Khan *v.* U Tha Zan	67
Jogal Ahir *v.* Babu Samarath Sin (*a*) Sambrathy Sin ...	70
Lee Law Shwin and four others *v.* Dharam Singh and two others	74
Lily Barua *v.* The Union of Burma	78
Ma Bi and two others *v.* Ko Ba Yin and three others ...	80
Maung Mya Tun and one *v.* Daw Kyan	92
Messrs. The Burmese Economic Bank Ltd. *v.* Daw Tin May and one	98
—— The New Times of Burma, Limited *v.* The Rangoon Gazette Limited	106
Moolidhar Kandoi *v.* Lakha Singh and another ...	112

PAGE

N. Latchamanan Chettyar *v.* U Ko Ko 117

Ram Bux *v.* Ram Bahar 120

Ramapikekim (*a*) Ramapaikim *v.* The Union of Burma (Suppaya) 124

S. V. N. Subramonian Chettyar *v.* C. P. Mohamed Kaka and one 127

S. Lingam *v.* The Union of Burma 131

Safoora Bi Bi (*a*) Ma Mya Than *v.* Maung Khin Nyunt (*a*) A. J. Shirazee 135

The Incorporated British and Foreign Bible Society Association, Rangoon *v.* U Tin Maung ... 144

The Union of Burma (Chhaganlal Lavji Kotak) *v.* M. V. Gadhia and two others 151

——————— *v.* U Tun Tin 160

U An Ngwe and one *v.* Daw Aye 163

— Ba Pu and three others v. U Shwe 167

— Kan Gyi *v.* Mahmood Ebrahim Ariff and two others 174

— Ngwe Dun *v.* U Maung Maung 185

— Po Min and another *v.* Maung Chit Hlaing and another 190

— Po Thin *v.* Maung Hoke Hlaing 199

— Sami (*a*) Mutu Karapa Pillay and one *v.* U Nyo and two others 204

— Tin and one *v.* U Hla Min 212

— Tun Maung (*a*) Loi Bin Shin and one *v.* Ma Kyaung Htai (*a*) Loi Eng Kyo 221

LIST OF CASES CITED

ရည်ညွှန်းသောအမှုခင်းများ

HIGH COURT

တရားလွှတ်တော်

PAGE

A.S.P.S.K.R. Karuppan Chettyar and one *v.* A. Chokkalingam Chettiar, (1949) B.L.R. 46 (S.C.), referred to ... ... 51—104

Abdur Rahim *v.* Emperor, A.I.R. (1927) Nag. 40, referred to 134

Abdurahim *v.* Halimabai, (1915) L.R. 43 I.A. 35, referred to 156

Anantharazu *v.* Narayanarazu, I.L.R. 36 Mad. 383, dissented from 47

Archibald George Edgecombe *v.* Emperor, A.I.R. (1928) Cal. 264, referred to 134

Arjan Singh *v.* Kartar Singh and others, A.I.R. (35) (1951) (S.C.) 193, referred to 31

Asaram and others *v.* Ludheshwar and others, A.I.R. (1938) Nagpur 335 (F.B.), followed 138

Ashfaq Hussain *v.* Bunvad Hussain and others, A.I.R. (1923) Oudh 252, referred to 215

Babu Madho Dass and another *v.* His Highness the Maharaja of Benares, A.I.R. (1925) All. 252, referred to 122

Barker *v.* Allanson, (1937) 1, All. E.R. 75, referred to... 172

Bank of Chettinad *v.* S.P.K.V.R. Firm, A.I.R. (1935) Ran. 517, referred to 210

Basil P. Martin *v.* Mohamed Ayoob, (1958) B.L.R. 458, (H.C.), referred to 109

PAGE

Bedaband Rai and others v. Nabodumar Singh and others, I.L.R. 17 Pat. 89, referred to 130

Bengal Burma Trading Co. and another v. Burma Loan Bank Ltd. and another, (1937) R.L.R. 254, referred to 202

Bhulan Singh and others v. Ganendra Kumar Roy Chodhury, A.I.R. (1950) Cal. 74 at p. 76, referred to 59

Bishun Narain v. Mazharul Haq, A.I.R. (1928) Oudh 224, referred to 115

Brajendra Nath Ghosh and others v. Sm. Kashi Rai and others, A.I.R. (1946) Pat. 177, referred to ... 73

Calcraft v. Thompson, 15 W.R. 387, referred to ... 182

Chan Kim Gwan v. Wong Khai Phoon, (1959) B.L.R. (H.C.) 294, referred to 148

Chhabba Ram v. Nathus Ram, A.I.R. (1941) Lah. 39, referred to 147

Chotey Lal v. Girraj Kishore and another, 48 I.L.R. All. 332, referred to 12

City of London Brewery v. Tennant, L.R. 9 Ch. 212, referred to 182

Colls v. Home and Colonial Stores, Limited, L.R. (1904) A.C. 179, referred to 181

Collis v. Laugher, (1894) L.R. 3 Ch. Div. 659, referred to 180

Cooper v. Straker, (1889) L.R. 40 Ch. Div. 21, referred to 182

Courts Manual, paragraph 438 (1), referred to ...

Courtauld v. Legh, (1868—1869) L.R. IV Ex. 126, referred to 180

D. I. Attia and another v. M. I. Madha and others, 14 Ran. 575, referred to 84

Daily Gazette Press Ltd., v. Karachi Municipality, A.I.R. (1930) Sind. 287, referred to 73

PAGE

Dalchand and another v. Narayan and another, A.I.R. (1919) Nag. 91, referred to 210

Daw Daw Thi v. U Thein Maung & Co. Ltd., and one, (1956) B.L.R. (H.C.) 14, referred to 59

—— Pu v. Ko Don, (1955) B.L.R. 33 (H.C.), referred to 51

Dayabhai Jiwandas and others v. A.M.M. Murugappa Chettiar, I.L.R. 13 Ran. 457, referred to ... 104

Empress v. Rango Tima'Ji, I.L.R. 6 Bom. 402, referred to 133

Fakir Chand v. Ram Datt, I.L.R. 5 Lah. 75, referred to 217-218

Gajapati Radhika v. Vasudeya Santa Singaro, 19 I.A. 179 at 183, referred to 51

Gian Chand v. Emperor, A.I.R. (1932) Lah. 434, referred to 134

Girdhari Das v. Jagan Nath, I.L.R. 3 All. 115, distinguished 12

Harishchandra Khunderao Kothare v. A.B. Craig and another, A.I.R. (1945) Bom. 465, referred to ... 172

Hirada Basappa v. Gadigi Muddappa, 6 Mad. (H.C.) Reports p. 142, referred to 201

I. E. Aboo and others v. G. H. S. Aboo, (1939) R.L.R. 140, referred to 85

Jaga (a) Jan Bahadur v. Chairman, Pegu District Tenancy Disposal Committee, (1952) B.L.R. (S.C.) 100, distinguished 196

Joel v. Swaddle and another, (1957) (3) All England Law Reports 325, referred to 188

K. K. Dever v. The Chairman, District Tenancy Disposal Committee, Hanthawaddy, (1952) B.L.R. (S.C.) 255, distinguished 196

K. P. Tewari v. Baiju, I.L.R. 31 Pat. 269, referred to ... 219

PAGE

Kalika Pande v. Ram Autar Pande and another, A.I.R. (1938) All. 621, referred to 28

Kastur Bhai Manibhai Nagarseth and others v. Hiralal D. Nanavati, A.I.R. (1923) Bom. 23 (1), dissented from 149

Kelt v. Pearson, L.R. 6 Ch. 809, referred to ... 182

Khatubai v. Mahomed Haji Abu, (1922) L.R. 59, I.A. 108 at 112, referred to 156

King-Emperor v. Ma Tin Saw and one, 6 Ran. 39, referred to 154

———— v. Po Thin Gyi, I.L.R. 7 Ran. 96, followed 132

Krishnabai v. Framrose Edulji Dinshaw and another, 56 Bom. 526, dissented from 149

Krishnasami and another v. Sundarappayyar, I.L.R. 18 Mad. 415, dissented from ... ... 214—216

Ko Sit Yar v. Ma Shwe Taing, A.I.R. (1934) Ran. 312, referred to 210

— Tha Lin Bwin and another v. Ko Hla Kye and another, 8 Ran. 168, referred to 123

L. Dawson v. Princess Rounac Zamani Begum, I.L.R. 6 Ran. 456, followed 183

Laskari and other v. Abbas Bepari, A.I.R. (1917) Cal. 196, referred to 28

Le Hu v. Elahi Bux, U.B.R. (1897—1901) 400, followed 138

Leech v. Schweder, (1874) L.R. 9 Ch. 463, referred to 182

Ma Kyin Tin v. Banu Nanigram Jamnadass Firm and one, (1955) B.L.R. p. 110, referred to 35

— Me v. Maung Sin, U.B.R. (1897—1901) 544, followed 138

Madan Mohan Singh v. Gaja Prosad Singh, (*Supra*) (1911) 11, I.C. (Cal.) 228, dissented from ... 216

Maganlal Pranjivan Mehta v. Mrs. Champakunvar Ratilal Mehta and others, (1952) B.L.R. 192 (H.C.) referred to 104

PAGE

Mahadeorac Mahankal *v.* Vithal Balaji Dhole and another, I.L.R. (1950) Nag. 336, referred to ... 215

Mailathi Anni *v.* Subbaraya Mudaliar, I.L.R. 24 Mad. 650, referred to 156

Manindra Nath Das and another *v.* Ram Kinkar Kundu, A.I.R. (1955) Cal. 231, referred to 31

Maung Ba Thein *v.* Ma Than Myint and others, I.L.R. 3 Ran. 483, referred to 52

——— Chaw *v.* Ma Aye Ma and three others, (1955) B.L.R. (H.C.) 89, referred to 95

——— Gyi and one *v.* Maung Aung Pyo, I.L.R. 2 Ran. 661, referred to 52

——— Kho Lan *v.* Ma Ngwe Lwai and one, (1952) B.L.R. (S.C.) 179, distinguished 196

——— Pway and one *v.* Saya Pe, I.L.R. 4 Ran. 408, referred to 107

Messrs. Importers and Manufacturers Ltd. *v.* Pheroze Framroze Taraporewala and others, A.I.R. (1953) (S.C.) India, referred to 35

Midnapore Zamindary Co. Ltd. *v.* Secretary of State, A.I.R. (1938) Cal. 804, dissented from ... 47

Mogha's Law of Pleadings, referred to 219

Mohamed Ali Khan *v.* Ahmed Ali Khan and others, A.I.R. (1945) All. 261, referred to 80

——— Ibrahim Rowther *v.* Sheik Ibrahim Rowther, I.L.R. 45, Mad. 308, 314, referred to 156

Moore *v.* Hall, 3 Q.B.D. 178, referred to 182

Mrs. Constance M. Writer *v.* A. M. Khan, (1950) B.L.R. (H.C.) 65, referred to 148

—— D. M. Singer *v.* The Controller of Rents and three others, (1949) B.L.R. (S.C.) 143, followed ... 146

Muhammad Hanif *v.* Ratan Chand, I.L.R. 3 Lah. 43, referred to 47

Mulla's Transfer of Property Act (14th Ed.) p. 80, referred to 4

PAGE

Muljibhai Pitamberdas v. Bai Chanchal, I.L.R. (1945) Bom. 32, referred to 217

Murugayya Pillai v. Rajagopal Pillai and others, A.I.R. 42 Mad. 381, distinguished 13

Mt. Jainatun Nissa Bibi and another v. Mt. Idrakun Nissa, A.I.R. (1941) Pat. p. 638, referred to ... 223

Narayan Vishwanath v. Malappa Kasappa, A.I.R. (1956) Bom. 246, referred to 28

Narendra Narain Rooj v. Jhanada Dassi, A.I.R. (1937) Cal. 537, referred to 31

Nathu Piraji Marwadi v. Umadmal Gadumal, I.L.R. 33 Bom. 35, referred to 51

Nihal Singh and another v. Sewa Ram and others, I.L.R. 38 All. 292, referred to 215

Nishamoni Debi and another v. Joy Krishna Panda and others, A.I.R. (1950) Orissa 234, referred to ... 233

Nowroji Pudumji Siradar v. Deccan Bank, Ltd., I.L.R. 45 Bom. 1256, referred to 129-130

P. E. Cadle and Co. Ltd. v. K. Jacmarch Properties, Ltd. (1957) (1) All. England Law Reports 148, referred to 187

P. K. P. R. M. Raman Chettyar v. K. A. P. Arunachalam Chettyar and others, A.I.R. (1936) Ran. 335, distinguished ... ... 0,9—211

P. L. M. C. T. M. Kasiviswanathan Chettyar v. P. L. M. C. T. K. Krishnappa Chettyar, C.M. Appln. 10 of (1949) (H.C.), referred to ... 148

P. L. O. P. R. M. Ramaswamy Chettyar v. M. S. M. Chettyar Firm, (1937) R.L.R. 240, referred to ... 201

Pini v. Roncoroni, (1892) 1. Ch. D. p. 633 at 637, referred to 76

Ponnu Nadar and four others v. Kumaru Raddiar and ten others, 59 Mad. 75, referred to 47

PAGE

Poozundaung Bazaar Co., Ltd. v. Ellerman's Arracan Rice and Trading Co. Ltd., 12 Ran. 200, followed 183

Pothukutch Appa Rao v. Secretary of State, A.I.R. (1938) Mad. 193, dissented from 47

Pratap Singh v. Brijnath Das, I.L.R. (1938) All. 1, referred to 85

"Principles and Forms of Pleadings" by S. C. Ghosh, 2nd Ed. p. 241, referred to 172

Prithwi Ohand Lal Choudhury v. Sm. Oramba Sundari Dasi, A.I.R. (36) (1949) Pat. 338, referred to ... 28-29

Puzhakkrat Kozhuvammal Ammad and another v. Cheriath Maravil Paru Amma, A.I.R. (1940) Mad. 589, referred to 115

Ram Nidh v. Balkaran Singh, A.I.R. (1920) Oudh 167, dissented from 214

Ramadhar Keot v. Ratipal Ahir, (1958) B.L.R. 11, overruled 157

Ramanlal Shantilal & Co. v. Chimanlal Damodradas, I.L.R. 56 Bom. 268, referred to 104

Ramachandra Mahadeorao Mahankal v. Vithal Balaji Dhole and another, I.L.R. (1950) Nag. 336, referred to 215

Rambahadur and others v. Banwari Lal, A.I.R. (1929) Pat. 642, dissented from 24

Ramprasad Shivlal and others v. Shrinivas Balmukard and others, A.I.R. (1925) Bom. 527, referred to ... 115

Ratilal Mehta v. Pragjee, 14 Ran. 728, referred to ... 102

Ratnaswami Nadar v. Prince of Arcot Endowments, Trichinopoly, A.I.R. (1938) Mad. 755,-I.L.R. (1938) Mad. 1094, dissented from 172

S. L. Barus v. S. M. Abowath, (1950) B.L.R. (H.C.) 404, referred to 5

Sah Lal Chand v. Indarjit, I.L.R. 22 All. 370 (P.C.), followed 138

Saiyed Shabbir Husain v. Shaikh Ashiq Husain, I.L.R. 4 Luck. 429, referred to 84

PAGE

Sardar Mohammed Nawaz Khan v. Bhagata Nand, 65, I.A. 301 at p. 309, referred to 97

Sennaji Kapurchand v. Pannaji Devichand, I.L.R. 46 Bom. 431, referred to 129

Shio Karan Singh v. Surya Nath Singh and two others, (1959) B.L.R. (H.C.) 207, followed 138

Shiv Dial v. Shiv Ram Das and others, A.I.R. (1928) Lah. 635, referred to 217

Shivi Gowda and others v. Fernandas and others, I.L.R. 34 Mad. 513, referred to 201

Sital Din and others v. Anant Ram, I.L.R. 55 All. 326 (F.B.), referred to 104

Smith v. Baxter, (1900) L.R. 2 Ch. Div. 138 at 145, referred to 181-182

Sreemutty Dosse v. Rance Lalunmonee, 12 Moore's Indian Appeals 470, referred to 51

Subrahmanyan, A.I.R. (1943) Lah. 329 (F.B.), referred to 158

Subramania Chetty and M. Kanagaratha Reddy, I.L.R. 45 Mad. 156, referred to 63

Sundara Ramanujam Naidu v. Sivalingam Pillai and another, I.L.R. 47 Mad. 150 referred to ... 215

Surajmull Nagoremull v. The Triton Insurance Co., Ltd. 52 Cal. 408, followed 25

Surjan Singh v. Punjab Singh and another, A.I.R. (37) (1950) Peshawar 49, referred to 28

Relief Board, for the scaling down of his debt provided that the debt does not exceed the aggregate of his two years' pay and allowances. Under section 25 of the Act when such an application has been filed it is incumbent upon the civil Court concerned to stay the trial of the suit for the recovery of such a debt or if a decree has already been passed, to stay the execution of the decree arising out of such a suit.

It is, therefore, clear that it is only incumbent upon the civil Court concerned to stay the trial of suits or execution of decrees if the debt concerned is of the description defined in Clause (*d*) of section 2 of the Government Servants' Debts Relief Act, 1957.

In the case now under consideration, in view of the fact that an *ex parte* decree has been obtained by the respondent against the appellant on the footing that the debt as evidenced by the promissory note in suit was in respect of a loan bearing no interest whatsoever, the provisions of section 4 and section 25 of the Government Servants' Debts Relief Act, 1957, cannot possibly apply. In this connection, it is only necessary to refer to a decision of the High Court in *Daw Po* v. *U Ba Din* (1). There Daw Po obtained a decree against U Ba Din, a Retired Health Inspector of Mandalay Municipality for a sum of K 763 and costs in the Township Court of Mandalay. When she sought to execute this decree, an objection was raised by U Ba Din on the ground that he was a Government servant as defined in section 2 of the Government Servants' Debts Relief Act of 1957 and that he had made an application under section 4 of the Act to the Debt Relief Board for the scaling down of his debt. This objection was accepted by the learned Township Judge who ordered the closure of the execution proceedings. On appeal by Daw Po to the District Court of

(1) (1959) B.L.R. 58 (H.C.)

Mandalay, the learned Judge of the District Court varied the order of the Township Judge by directing that the execution case be stayed pending the rejection of U Ba Din's application by the Debt Relief Board. On revision by the High Court, U Thaung Sein, J., held that U Ba Din not being a Government servant as defined in section 2 (*a*) of the Government Servants' Debts Relief Act, 1957, the District Court of Mandalay was wrong in staying execution of the decree pending the decision of the Debt Relief Board and that the execution of the decree obtained by Daw Po should proceed.

By a parity of reasoning the debt in respect of which the respondent U Pwa Gyi obtained a decree against the appellant not being a debt as defined in section 2 (*d*) of the Act the execution of the decree should not be stayed in the manner provided in section 25 of the Act.

In the result the appeal fails and it is dismissed with costs, Advocate's fees being assessed at 5 (five) gold mohurs.

တရားရုံးချုပ်

တရားသူကြီးချုပ်ဦးဘိုကြီးနှင့် တရားသူကြီးဦးစံမောင်တို့ရှေ့မှောက်တွင်

၁၉၆၂
ဧပြီလ ၄ ရက်။

ချောင်ချင်ယို (လျှောက်ထားသူ)

နှင့်

လူဝန်မှုကြီးကြပ်ရေးဝန် ပါ ၂ (လျှောက်ထားခံရသူများ)*

တရားမဝင်၊ အာဏာမဲ့ဖြစ်သောအမိန့်။ ယင်းအမိန့်ကိုအထောက်အထားပြု၍ အရေးမယူနိုင်။

ဆုံးဖြတ်ချက်။ ။အမှုကို အကျဉ်းနည်းဖြင့် စစ်ဆေးရန် အာဏာမရှိဘဲ၊ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ၊ အကျဉ်းနည်းဖြင့် စစ်ဆေးပြီး ချမှတ်သော တရားသူကြီး၏ ပြစ်မှုထင်ရှားစီရင်ချက်မှာ တရားမဝင် အာဏာမဲ့ဖြစ်။

ယင်းသို့တရားမဝင်သော ပြစ်မှုထင်ရှား စီရင်ချက်ကိုအထောက်အထားပြု၍ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ ပုဒ်မ ၇ (၁) အရ၊ အရေးမယူနိုင်ဟေ့။

လျှောက်ထားသူအတွက်။ ။မစ္စတာ အင်(နှ)၊စီ၊ဆင်း လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူများအတွက်။ ။အစိုးရရှေ့နေ ဦးလှမောင်လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် ယခုလျှောက်ထားသူ ချောင်ချင်ယို အား လွှယ်လင်မြို့၊ မြို့ဝန်ထောက်ကြီး၊ နယ်ပိုင်ဆုဇဝင်တရားသူကြီး (၁) ရုံးတော်ကား၊ ဆုဇဝင်ကြီးမှ အမှတ် ၉/၅၇ တွင်၊ လူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်း ချက်များ) အက်ဥပဒေပုဒ်မ ၁၃ (၁) အရ၊ စစ်ဆေး၍၊ ပြစ်မှုထင်ရှား စီရင်လိုက်သည်။ ထိုစီရင်ချက်ကို အကြောင်းပြု၍၊ လွှယ်လင်ခရိုင် ဆုဇပတ်တရားသူကြီးက အထက်ဖော်ပြပါ အက်ဥပဒေပုဒ်မ ၇ (၁) အရ၊ ပြည်နှင်ဒဏ် ပေးလိုက်သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် အမှုခေါ် စာချုန်တော်ဖြင့် ပယ်ဖျက်ပါရန် ချောင်ချင်ယို့က ဤရုံး တော်သို့ လျှောက်ထားလေသည်။

နယ်ပိုင် ဆုဇဝင်တရားသူကြီးသည် အမှုကို အကျဉ်းနည်းဖြင့် စစ်ဆေးရန် အာဏာ မရှိဘဲ စစ်ဆေးသဖြင့် တရားသူကြီး၏ ပြစ်မှုထင်ရှား စီရင်ချက်မှာ၊ တရားမဝင် အာဏာ မဲ့ဖြစ်နိုင်ခေ့။ ဤအချက်ကို ပညာရှိ အစိုးရရှေ့နေကြီးက ဝန်ခံ၏။

* ၁၉၆၁ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၅၇။

ယင်းသို့ တရားမဝင်သော ပြစ်မှုထင်ရှား စီရင်ချက်ကို အထောက်အထားပြု၍ လူဝင်မှုကြိုးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၇ (၁) အရ၊ ယခုလျှောက်ထားသူအပေါ်၌ အရေးမယူနိုင်ချေ။ ထို့ကြောင့် ယခုလျှောက်သူ အပေါ်၌ ချမှတ်သော ပြည်နှင်ဒဏ်အမိန့်ကို အမှုခေါ် စာချုန်တော်ဖြင့် ယပ်ဖျက် လိုက်သည်။

၁၉၆၂

ချောင်ချင်ယွီ နှင့် လူဝင်မှုကြိုးကြပ် ရေးဝန်ပါ ၂။

၁၉၆၂

ပြေလ ၁၁ ရက်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးကျော်ငံဦး တို့ရှေ့မှောက်တွင်

ဆရာတော် ဦးအာစိဏ္ဏ ပါ ၂ (စောဒကများ)

နှင့်

အသျှင် ဦးကေလာသ ပါ ၂ (စုဒိတကများ)

ပစ္စည်း၊ ကိုမူလလာဘ်ရှိ ပုဂ္ဂိုလ်ထံသို့ စီရင်ချက်ပြောင်းပြယ်မှုကြောင့်ပြန်ပေးခြင်းသည် ဥပဒေနှင့်ညီ၊ မညီ၊ တရားမျှတမှုနှင့်ညီ၊ မညီကိုကြည့်သည်။

တရားမကျင့်ထုံးကိုဓဉပဒေ ပုဒ်မ ၁၄၄ အရ၊ အာဏာဒါရိမှုပြုလုပ်သည့်ရုံးတွင်ရှိခြင်း၊ အမိန့် ၂၁။ နည်း ဥပဒေ ၉၈ အရဆောင်ရွက်ခြင်း၊ ဝိနည်းတော်နှင့်မလျော်သော အပြစ်ဒဏ်ဟု မယူဆနိုင်။

ဆုံးဖြတ်ချက်။ ။ဝိနိစ္ဆယဋ္ဌာနတခုခု၏ စီရင်ချက်အရ၊ စုဒိတကပုဂ္ဂိုလ်လက်မှ ပစ္စည်းတစုံတရာကို သိမ်းယူပြီးလျှင် စောဒကပုဂ္ဂိုလ်အားပေးအပ်ခဲ့ပြီးနောက် အဆိုပါ ဝိနိစ္ဆယဋ္ဌာန၏ စီရင်ချက်ကို ပယ်ဖျက်လိုက်သောအခါ ထိုပယ်ဖျက်ပြီးသည့် စီရင်ချက်အရ ပေးအပ်ခဲ့သည့်ပစ္စည်းကို မူလလက်ရှိ ပုဂ္ဂိုလ်ထံသို့ပြန်လည်ပေးအပ်ရန်မှာ တရားဥပဒေနှင့်ညီ၊ မညီ၊ တရားမျှတမှုနှင့်ညီ၊ မညီ ကိုက်ညီသည့်ကိစ္စပင်ဖြစ်သည်။

ဇာရိမူပြုလုပ်ရသည့် တရားရုံးသည် တရားမကျင့်ထုံးကိုဓဉပဒေ ပုဒ်မ ၁၄၄ အရ၊ လိုက်နာကျင့်သုံးရန် တာဝန်နှင့် အာဏာရှိသည်မှာ ထင်ရှားသည်၊ ဤသို့ပုဒ်မ ၁၄၄ အရ၊ ပြန်လည်ပေးအပ်ရန် ဆောင်ရွက်ရာတွင် အခြားနည်းလမ်းမရှိသဖြင့်၊ အမိန့် ၂၁၊ နည်း ဥပဒေ ၉၈ အရ၊ ဆောင်ရွက်ခြင်းသည် ဝိနည်းတော်နှင့် မလျော်သော အပြစ်ဒဏ်ဟု မယူဆနိုင်ချေ။ ဤနည်းအရ ဆောင်ရွက်မှုသာလျှင် ပြန်လည်ပေးအပ်ရန် ဆောင်ရွက်ချက်သည် အထမြောက်အောင်မြင်ရန်သာ ရှိတော့သည်။

စောဒကများအတွက်။ ။ဦးဘတင် လိုက်ပါဆောင်ရွက်သည်။

စုဒိတကဒုမှတ် (၁)အတွက်။ ။ဦးဘသန်း လိုက်ပါဆောင်ရွက်သည်။

စုဒိတကအမှတ် (၂)အတွက်။ ။အစိုးရရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုမူခင်းသည်၊ အင်းစိန်မြို့နယ် ကမ္ဘာဧ သိရိမင်္ဂလာ ကုန်းမြေအနီးရှိ ဇွဲဇုံကျောင်းတိုက်နှင့် စပ်လျဉ်း၍၊ ဆရာတော် ဦးအာစိဏ္ဏနှင့်

* ၁၉၆၁ ခုနှစ်၊ တရားမအဇ္ဈတ္ထမူလျှောက်လွှာအမှတ် ၁၃၆။

၁၉၆၂

ဆရာတော် ဦးအာစိဏ္ဏပါ ၂ နှင့် အသျှင်ဦးကေလာသ ပါ ၂။

ဆရာတော် ဦးကေလာသတို့ အငြင်းပွါးခဲ့သည့် အမှုမှ ပေါ်ပေါက်လာသည်။ ဆရာတော် ဦးအာစိဏ္ဏက အဆိုပါကျောင်းတိုက်သည်၊ မိမိ၏ ပုဂ္ဂလိကပစ္စည်းဖြစ်၍ ဦးကေလာသနှင့် အပေါင်းပါတို့အား ထိုကျောင်းတိုက်မှ နှင်ထုတ်ပေးစေလိုကြောင်း ဖြင့် အင်းစိန်မြို့နယ် ယာယီ ဝိနိစ္ဆယဌာနတွင် တရားစွဲဆိုခဲ့လေသည်။ ထိုဝိနိစ္ဆယဌာနက အချုပ်ဖြစ် ကျောင်းတိုက်သည် ဦးအာစိဏ္ဏ၏ ပုဂ္ဂလိကပိုင် ပစ္စည်းဖြစ်သည်ဟု ဆုံးဖြတ်ပြီးလျှင် ဦးကေလာသနှင့် အပေါင်းပါတို့အား၊ ထိုကျောင်းတိုက်မှ ထွက်ခွါသွားစေရန် အမိန့်ချမှတ်ခဲ့လေသည်။ ထိုအမိန့်ကို နိုင်ငံတော် ဝိနိစ္ဆယဌာနကလည်း အတည်ပြုခဲ့သည်။ ဝိနိစ္ဆယဌာန အက်ဥပဒေပုဒ်မ ၂၄ အရ၊ ဇာရီပြုလုပ်၍ နှင်ထုတ်ပေးရန် အင်းစိန်မြို့နယ် တရားမ တရားသူကြီးရုံးသို့ မြို့နယ် ဝိနိစ္ဆယဌာနက မေတ္တာရပ်ခံသည့်အတိုင်း ၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ဆွမ်းစားကျောင်းနှင့် သိမ်ကျောင်းမှ ဦးကေလာသနှင့် အပေါင်းပါ ရဟန်းတော်များအား နှင်ထုတ်ပြီးလျှင် ဦးအာစိဏ္ဏသို့ လက်ဆောက် ပေးအပ်ခဲ့လေသည်။ အဆိုပါ ဝိနိစ္ဆယဌာနများ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် တရားလွှတ်တော်ချုပ်သို့ ၁၉၅၉ ခုနှစ်၊ တရားမသေး လျှောက်လွှာအမှတ် ၁၁၄ တွင် ဦးကေလာသက အမှုခေါ် စာချွန်တော် ထုတ်ဆင့်ပေးရန်မေတ္တာရပ်ခံခဲ့လေသည်။ ၎င်းတောင်က ၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် ဇာရီပြုလုပ်ခြင်းကို ဆိုင်းငံ့ထားရန် အမိန့်တရပ် ထုတ်ဆင့်လိုက်သည်။ သို့ရာတွင် ထိုတားဝရမ်း မထွေက်မီ ဆွမ်းစားကျောင်းနှင့် သိမ်ကျောင်းမှ နှင်ထုတ်ပြီး ဖြစ်နေကြောင်း၊ တရားမ တရားသူကြီးရုံး အမှတ်စဉ် မှတ်တမ်းတွင် ၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့စွဲဖြင့် ပေါ်ပြထားသည်ကို တွေ့ရသည်။ ရုံးတော်က ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အင်းစိန်မြို့နယ် ယာယီ ဝိနိစ္ဆယဌာနနှင့် နိုင်ငံတော် ဝိနိစ္ဆယဌာနတို့၏ အဆုံးအဖြတ်ကို ပယ်ဖျက်ခဲ့လေသည်။

ဤကဲ့သို့မြို့နယ်ဝိနိစ္ဆယဌာနနှင့်နိုင်ငံတော် ဝိနိစ္ဆယဌာနတို့၏ အဆုံးအဖြတ်ကိုပယ်ဖျက်လိုက်သောအခါ၊ ဦးကေလာသက ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် အင်းစိန်မြို့နယ် တရားမ တရားသူကြီးရုံးသို့ အထက်ပေါ်ပြပါ၊ ဇာရီမှုတွင် တရားမကျင့်ထုံးကိုဓဉ္ဇပဒေပုဒ်မ ၁၄၄ အရ၊ မိမိ၏လက်မှသိမ်းယူ၍မိမိအားဖယ်ရှားစေခဲ့သည့် ဆွမ်းစားကျောင်းနှင့် သိမ်ကျောင်းကို မိမိအား ပြန်လည်ပေးအပ်ရန် မေတ္တာရပ်ခံလွှာတင်သွင်းခဲ့လေသည်။ ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အင်းစိန်မြို့နယ် ယာယီ ဝိနိစ္ဆယဌာနကလည်း ယခင်က ဇာရီပြုလုပ်ရန် ညွှန်ကြားသည့် အမိန့်ကို ပြန်လည်ရုပ်သိမ်းကြောင်းဖြင့် မြို့နယ်တရားမ တရားသူကြီးရုံးသို့ အကြောင်းကြားစာ ပေးပို့ခဲ့လေသည်။ ဤသို့ ပြန်လည်ပေးအပ်ရန် ကိစ္စနှင့်စပ်လျဉ်း၍ ဦးအာစိဏ္ဏတို့ထံသို့အကြောင်းကြားပြီးနောက်၊ နှစ်ဦး နှစ်ဘက်တို့ကို ကြားနာပြီး ၁၉၆၀ ခုနှစ်၊ ဇန်ဝါရီလ

၁၉၆၂

ဆရာတော်
ဦးအာဝိဇ္ဇာပါ ၂
နှင့်
အသျှင်ဦးကေး
လာသ၊ပါ ၂။

၁၁ ရက်နေ့တွင် အဆိုပါ ဆွမ်းစားကျောင်းနှင့် သိမ်ကျောင်းကို ဦးကေလသာအား ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ခဲ့လေသည်။ ဤသို့ တရားမကျင့်ထုံးကိုဥပဒေ ပုဒ်မ ၁၄၄ အရ၊ ပြန်လည်ပေးအပ်ရန် ချမှတ်သည့် အမိန့်ကို ဦးအာစိဏ္ဏက မကျေနပ်သဖြင့် အင်းစိန်ခရိုင် ခရိုင်တရားမ တရားသူကြီးထံတွင် အယူခံဝင်ရောက်လေသည်။ ခရိုင်တရားမ တရားသူကြီးက နှစ်ဦးနှစ်ဘက်သော ဖွေ့နေများကို ကြားနာပြီးနောက်၊ ဦးအာစိဏ္ဏ၏ အယူခံကို ၁၉၆၀ ခု၊ မတ်လ ၁၂ ရက်နေ့တွင် ပယ်လိုက်လေသည်။ အယူခံ စီရင်ချက်နှင့်တကွ အမှတ္တများကို မြို့နယ်တရားမ တရားသူကြီးရုံးသို့ ပြန်ရောက်သည့် ၁၉၆၀ ခု၊ မတ်လ ၁၅ ရက်နေ့မှစ၍ တရားသူကြီးကအဆိုပါကျောင်းများကို ပြန်လည်ပေးအပ်ရန် အမိန့်ပရမ်းထုတ်ပြီးလျှင် အကြိမ်ကြိမ် ကြိုးစားခဲ့လေသည်။ ဦးအာစိဏ္ဏတို့က ပေးအပ်ရန် ငြင်းဆိုနေသဖြင့်၊ အင်းစိန်ခရိုင် ရဲဌာန၏ အကူအညီကို အကြိမ်ကြိမ်တောင်းသော်လည်း မရသောကြောင့်၊ တနှစ်နှင့် လေးလကြာသည့် ၁၉၆၁ ခု၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် အခြား နည်းလမ်း မမျိတော့သောကြောင့် တရားမကျင့်ထုံးကိုမ ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၉၀ အရ အမိန့်ထုတ်ပြန်ခဲ့လေသည်။ ဤအမိန့်ကို မကျေနပ်သဖြင့်၊ ဤရုံးတော်သို့ အမှုခေါ် စာချွန်တော် ထုတ်ဆင့်ရန် ဦးအာစိဏ္ဏနှင့် ဦးသာဂရတို့က လာရောက်ခြင်းဖြစ်သည်။

စောဒကပုဂ္ဂိုလ်များဖြစ်သည့် ဦးအာစိဏ္ဏနှင့် ဦးသာဂရတို့က ကိုးကားသော အကြောင်းပြချက်များမှာ—

(၁) အင်းစိန်မြို့နယ် တရားမ တရားသူကြီးတွင် တရားမကျင့်ထုံးကိုမ ဥပဒေ ပုဒ်မ ၁၄၄ အရ၊ အရေးယူနိုင်သော အာဏာမရှိခြင်း။

(၂) တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၉၀ အရ၊အရေးယူခြင်းသည် ပိုနည်းတော်နှင့် ဆန့်ကျင်ခြင်း။

•

မြို့နယ်တရားမ တရားသူကြီးရုံးတွင် တရားမကျင့်ထုံးကိုမ ဥပဒေပုဒ်မ ၁၄၄ အရ၊ အရေးယူနိုင်သော စီရင်ပိုင်ခွင့် အာဏာ မရှိဟု ဆိုခြင်းမှာ အခြေအမြစ်မရှိသော ဆင်ခြေမျိုးသာဖြစ်သည်။ ဤသို့သော စီရင်ပိုင်ခွင့်အာဏာ ရှိ မရှိဟူသော အချက်နှင့် စပ်လျဉ်း၍ အင်းစိန်ခရိုင် တရားမရုံးတော်က ၁၉၆၀ ခုနှစ်၊ တရားမကြီး အယူခံမှု အမှတ် ၄ တွင် စီရင်ပိုင်ခွင့် အာဏာရှိကြောင်းဖြင့် ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။ အကယ်၍ ဦးအာစိဏ္ဏတို့က ဤသို့ဆုံးဖြတ်ခြင်းကို မကျေနပ်ခဲ့ပါလျှင် ဆက်လက်၍ အရေးယူရန် ရှိပါလျက် အရေးမယူဘဲနေခဲ့သည်။ ထို့ကြောင့် ထိုအဆုံးအဖြတ်သည် အထက်တရားရုံးများက ပြောင်းလဲ ပယ်ဖျက်ခြင်း မရှိသောကြောင့် ဦးအာစိဏ္ဏတို့ အပေါ်တွင် တည်လျက်ရှိသည်ဟု ယူဆရမည်ဖြစ်သည်။ ထို့ပြင် ဝိနိစ္ဆယ ဌာနတခုခု၏ စီရင်ချက်

၁၉၆၂

ဆရာတော် ဦးအာစိဏ္ဏပါ ၂ နှင့် အသျှင်ဦးကေလာသပါ ၂။

အရ စုဒိတကပုဂ္ဂိုလ်လက်မှ ပစ္စည်းတစုံတရာကို သိမ်းယူပြီးလျှင် စောဒက ပုဂ္ဂိုလ်အား ပေးအပ်ခဲ့ပြီးနောက် အဆိုပါ ဝိနိစ္ဆယဌာန၏ စီရင်ချက်ကို ပယ်ဖျက်လိုက်သောအခါ ထိုသို့ ပယ်ဖျက်ပြီးဖြစ်သည့် စီရင်ချက်အရ ပေးအပ်ခဲ့သည့် ပစ္စည်းကို မူလလက်ရှိ ပုဂ္ဂိုလ်ထံသို့ ပြန်လည်ပေးအပ်ရန်မှာ တရားဥပဒေနှင့်ငင်း၊ တရားမျှတမှုနှင့်ငင်း ကိုက်ညီသည့်ကိစ္စပင်ဖြစ်သည်။ ဇာရီမူ ပြုလုပ်ရသည့် တရားရုံးသည် တရားမကျင့်ထုံးကိုမဥပဒေပုဒ်မ ၁၄၄ အရ၊ လိုက်နာကျင့်သုံးရန် တာဝန်နှင့် အာဏာရှိသည်မှာ ထင်ရှားသည်။ ဤပုဒ်မ ၁၄၄ အရ၊ ပြန်လည်ပေးအပ်ရန် ဆောင်ရွက်ရာတွင် အခြားနည်းလမ်းမရှိသဖြင့် အမိန့် ၂၁၊ နည်းဥပဒေ ၉၀ အရ၊ဆောင်ရွက်ခြင်းသည် ဝိနည်းတော်နှင့် မလျော်သော အပြစ်ဒဏ်ဟု မယူဆနိုင်ခေ့။ ဤနည်းအရ ဆောင်ရွက်မှသာလျှင် ပြန်လည်ပေးအပ်ရန် ဆောင်ရွက်ချက်သည် အထမြောက် အောင်မြင်ပန်ရှိတော့သည်။ ဆရာတော် ဦးအာစိဏ္ဏနှင့် အပေါင်းပါတို့သည်၊ အင်းစိန်မြို့နယ် တရားမတရားသူကြီးရုံးက တာဝန်အတိုင်း ညွှန်ကြားသည်ကို မခုခံဘဲ အသာတကြည်ဖယ်ပေးလျှင်၊ အမိန့် ၂၁၊ နည်းဥပဒေ ၉၀ အရ၊ ဆောင်ရွက်ရန်လိုမည်မဟုတ်ပေ။

အထက်ပါ အကြောင်းမျှားကြောင့် စောဒက ပုဂ္ဂိုလ်တို့၏ မေတ္တာရပ်ခံလွှာကို ပယ်လိုက်သည်။

ဘရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးကျော်ငဦး တို့ရှေ့မှောက်တွင်

၁၉၆၂

ဖေဖော်ဝါရီ ၁၀ ရက်။

ဟွင်ဒေချူး (အယူခံတရားလို)

နှင့်

ပစ္စည်းထိန်းမင်းကြီး (အယူခံတရားခံ)*

တရားမကျင့်ထုံး ပုဒ်မ ၁၄၈ အရ၊ ချမှတ်သောအမိန့်၊ အယူခံနိုင်ခွင့်မရှိ။
နှစ်ဦးနှစ်ဘက် သဘောတူ အခွင့်ပေးထားခြင်းဂို့၊ အခြားတဦးသဘောမတူဘဲ၊ ထပ်လောင်း၍ အခွင့်မပေးနိုင်။

ဆုံးဖြတ်ချက်။ ။အယူခံတရားခံ၏ သဘောတူညီချက်အရနှင့် တရားလွှတ်တော်၏ ခွင့်ပြုချက်အရ၊ မိမိပေးဆပ်ရန်ရှိသောငွေများကို အယူခံတရားလိုသည် လစဉ်အရစ်ကျ ပေးလာခဲ့ပြီးနောက် ငွေကြေးကြပ်တည်းသည်ဟု အကြောင်းပြု၍ အရစ်ကျငွေများကို တင်သွင်းခြင်းမှ ရပ်ဆိုင်းထားရန် လျှောက်တောင်းသည်ကို တရားလွှတ်တော်ကပယ်ခဲ့သည့် အမိန့်နှင့်ပတ်သက်၍ ဤအယူခံတရားလိုသို့ အယူခံခွင့်ပင်မရှိ။ အကြောင်းကား တရားမကျင့်ထုံးပုဒ်မ ၁၀၄ တွင်၊ ထိုကျင့်ထုံးပုဒ်မ ၁၄၈ အရ၊ ချမှတ်သော အမိန့်ကို အယူခံနိုင်ခွင့်ရှိသည်ဟု ဖေါ်ပြမထားခြေ။

အယူခံတရားလိုအား တရားလွှတ်တော်က အခွင့်ပေးခဲ့သည်မှာ နှစ်ဦး နှစ်ဘက်သဘောတူ ချက်ဖြင့် အခွင့်ပေးခဲ့ခြင်းဖြစ်သဖြင့်၊ အယူခံ၏သဘောမတူဘဲ တရားလွှတ်တော်ကထပ်လောင်း၍ အခွင့်မပေးနိုင်ခြေ။

အမ်၊ အီး၊ အိုခန်နှင့် အမ်၊ အိပ်(ချ်)၊ အစ်မေ (လ်)၊ ၁၉၄၈ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ၊ ၇၉၉ ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ဦးအောင်မင်း (၂) လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ မစ္စတာ အာရ်၊ ဂျဂနာသန် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အယူခံတရားလို ဟွင်ဒေချူးနှင့် အယူခံ တရားခံ ပစ္စည်းထိန်းမင်းကြီးတို့သည်၊ အယူခံတရားလို ပေးဆပ်ရန်ရှိသော၊ဒီကရီငွေနှင့် ဆန့်စက်ခငွေ စုစုပေါင်း ၁,၃၅,၀၀၀ ကျော်ကို ၁၉၅၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှစ၍ တလလျှင် ငွေ ၅,၅၀၀ ကျ အလိုလိုပေးဆပ်

* ၁၉၆၁ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၇၀။

ရန် သဘောတူညီကြသည့် လျှောက်လွှာတစောင်ကို၊ တရားလွှတ်တော်သို့ တင်သွင်းလေသည်။ အကြောင်းကြောင်းကြောင့် တရားလွှတ်တော်က ၁၉၆၁ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့၌သာလျှင်၊ ထိုသဘောတူလျှောက်လွှာကို၊ တရားလွှတ်တော် ၁၉၄၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၇၂ တွင် လက်ခံ အတည်ပြုလိုက်သည်။ ထိုသို့ အတည်ပြုပြီးနောက်၊ အယူခံ တရားလိုသည် အရစ်ကျငွေများ ပေးသွင်းလာခဲ့ရာ ငွေကြေးကျပ် တည်းသည်ဟု အကြောင်းပြ၍၊ ၁၉၆၁ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် အရစ်ကျ ငွေများကိုတင်သွင်းခြင်းမှ ရုပ်ဆိုင်းထားရန်၊ ၁၉၆၂ ခု၊ မတ်လကုန်အထိ အချိန်တောင်းသည်။ ထိုသို့လျှောက်တောင်းသည်ကို တရားလွှတ်တော်က ပယ်ခဲ့သဖြင့်၊ အယူခံ တရားလိုသည် ဤမှုတင်သွင်းခြင်းဖြစ်သည်။

1962

ဟွေ့ဇေချူး နှင့် ပစ္စည်းထိန်းမင်းကြီး။

ဤအယူခံကို လက်မခံနိုင်ပေ။ **အမ်၊အီး၊အိုး၊ခန်နှင့် အမ်၊ အိပ်(ချ)၊ အစ်မေ (လ်)** (၁) အမှုတွင်၊ ရုံးတော် ဒီကရီအရဖြစ်စေ၊ ဒီကရီကဲ့သို့ အကျိုးသက်ရောက်သော အမိန့်အရဖြစ်စေ၊ အမှုသည် တဦးဦးအား ကိစ္စတရပ်ရပ် ဆောင်ရွက်ရန်အတွက် အချိန်ပေးခဲ့သည်ဖြစ်လျှင်၊ ထိုသို့ပေးသည့်အချိန်ကို၊ တရားမကျင့်ထုံး ပုဒ်မ ၁၄၈ အရ၊ ထပ်လောင်း၍ အချိန်ပေးခွင့် မရှိဟု ဆုံးဖြတ်ခဲ့သည်။ ထို့ပြင်လည်း ယခုတရားလွှတ်တော်ကအချိန်ပေးခဲ့သည်မှာ၊ နှစ်ဦးနှစ်ဘက်သဘောတူချက်ဖြင့်၊ အချိန်ပေးခဲ့ခြင်းဖြစ်သဖြင့်၊ ပစ္စည်းထိန်းမင်းကြီး သဘောမတူဘဲ တရားလွှတ်တော်က ထပ်လောင်း၍ အချိန်မပေးနိုင်ချေ။

ထို့ကဲ့သို့ဆိုလျှင်၊ အယူခံတရားလို၌ အယူခံခွင့်ပင် ရှိသည်ဟု မဆိုနိုင်ပေ။ အကြောင်းကား၊ တရားမကျင့်ထုံး ပုဒ်မ ၁၀၄ တွင်၊ ထိုကျင့်ထုံးပုဒ်မ ၁၄၈ အရ၊ ချမှတ်သော အမိန့်ကို အယူခံနိုင်ခွင့်ရှိသည်ဟု ဖော်ပြမထားချေ။

ထို့ကြောင့် အယူခံလွှာကို စရိတ်နှင့် ပယ်လိုက်သည်။ ဤရုံးတော် ရွှေနေခမျာ ဂျီ ကျပ်ဖြစ်စေရမည်။

(၁) ၁၉၄၈ ခု၊ မြန်မာပြည်စီရင်ထုံးများ၊ ၇၉၉။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးကျော်ဇံဦးတို့ရှေ့မှောက်တွင်

၁၉၆၂

ဧပြီလ ၁၉ ရက်။

ဦးထန်မှတ် (အယူခံတရားလို)

နှင့်

ဦးဘသိန်း ပါ ၂ (အယူခံတရားခံများ)*

အိမ်ထောင်ကြီးဇနီးဖြစ်သူ၏၊ အထက်ပါပစ္စည်းတွင် အိမ်ထောင်ကြီးခင်ပွန်းသည်ပိုင်ဆိုင်ခွင့်မရှိ။

၁၉၅၁ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့၌၊ ဒုတိယအယူခံ တရားခံ ဒေါ်ဂုံးက မိမိ၏ အထက်ပါပစ္စည်းဖြစ်သော အိမ်နှင့် ဥပစာကို အယူခံတရားလို ဦးထန်မှတ်အား၊ ဆောင်းချရန် ကတိစာချုပ်အရ၊ အယူခံတရားလိုက ဒေါ်ဂုံးအားသီးခြားဆောင်ရွက်စေရန် တရားစွဲဆိုခဲ့ရာ၊ ဦးထန်မှတ်နှင့် ဒေါ်ဂုံးတို့ နှစ်ဦးသဘောတူညီချက်အရ၊ စာချုပ်အတိုင်း သီးခြားဆောင်ရွက်စေရန် ချမှတ်သည့် ဒီကရီကို ဦးထန်မှတ်က ဇာရီပြုရာတွင် ၁၉၅၁ ခုနှစ်၊ မေလအတွင်း ဒေါ်ဂုံးနှင့် အိမ်ထောင်ကြီးချင်း လင်မယားအဖြစ် စတင်ပေါင်းသင်းနေထိုင်လာသည့် ပဌမအယူခံတရားခံဖြစ်သူ ဦးဘသိန်းက အခင်းဖြစ်ပစ္စည်းသည်၊ ဒေါ်ဂုံးအထက်ပါပစ္စည်းဖြစ်သော်လည်း၊ မိမိနှင့် ဒေါ်ဂုံးတို့မှာ အိမ်ထောင်ကြီးချင်း လင်မယားဖြစ်သဖြင့် မိမိသည် ထိုပစ္စည်းအနက် တဝက်ကိုပိုင်ဆိုင်ခွင့်ရှိကြောင်း၊ အထက်ပါနှစ်ဦးသဘောတူ ချမှတ်သော ဒီကရီသည် မိမိပိုင်ပစ္စည်းတဝက်နှင့် စပ်လျဉ်း၍ မည်သို့မျှ အကျိုးမသက်ရောက်ကြောင်းကို အထင်အရှားကျေညာစေရန် သီးခြားသက်သာခွင့်ဥပဒေ ပုဒ်မ ၄၂ အရ၊ တရားစွဲဆိုလေသည်။

ဆုံးဖြတ်ချက်။ ။ဦးဘသိန်းသည်၊ ဒေါ်ဂုံး၏ အထက်ပါပစ္စည်းဖြစ်သော အခင်းဖြစ်အိမ်နှင့် မြေတွင် မည်သို့မျှသက်ဆိုင်ခွင့်မရှိ။

မနုကျယ် အတွဲ ဂ၊ အခန်း ၃။ အတွဲ ၁၂၊ အခန်း ၃။

ထွန်းပေါ်နှင့် ကော် 4, Burma Law Times 244,

ဦးစံရှိန့်နှင့် မောင်ဘိုးရီ၊ ၁၉၄၀ ခု၊ ရန်ကုန်စီရင်ထုံးများ ၅၃၄ တို့ကိုရည်ညွှန်းသည်။

အင် (နှ)၊ အေ၊ ဗီ၊ အာရ်၊ ချစ်တီးယာ အစုစပ်နှင့် မောင်သံဒိုင် အိန္ဒိယစီရင်ထုံးများ၊ ရန်ကုန် အတွဲ ၉၊ ၅၂၄။ ခြားနားခြင်းကို ပြဆိုသည်။

အဋ္ဌသံခေပဝဏ္ဏနာကျမ်း၊ အပိုဒ် ၄၀၆ ရှင်းပြသည်။

---

* ၁၉၆၁ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅။

အယူခံဘရားလိုအဘွက်။ ။ဦးကျော်မြင့်လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအမှတ် (၁) အတွက်။ ။မစ္စတာ ဗို၊ စံစီဖိုးလိုက်ပါဆောင်ရွက်သည်။

အယူခံဘရားခံအမှတ် (၂) အတွက်။ ။ဦးလှထွန်းဖြူလိုက်ပါဆောင်ရွက်သည်။

၁၉၆၂

ဦးထန်မှတ် နှင့် ဦးဘသိန်း ပါ ၂။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် ယခု အငြင်း မထွက်သော အကြောင်းခြင်းရာများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁၉၅၀ ခုနှစ်၊ သြဂုတ်လ ၂၃ ရက်နေ့၌ ဒုတိယ အယူခံ တရားခံ ဒေါ်ဂုံးက၊ အယူခံတရားလို ဦးထန်မှတ်အား၊ မိမိပိုင် ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်းရှိ အိမ်အမှတ် ၇၉၃ နှင့် ဥပစာကို ငွေ ၃၅,၀၀၀ နှင့်ရောင်းရန် ကတိစာချုပ် ပြုလုပ်ခဲ့သည်။ဒေါ်ဂုံးနှင့် ပဌမအယူခံ တရားခံ ဦးဘသိန်းတို့သည် ၁၉၅၁ ခုနှစ်၊ မေလအတွင်း အိမ်ထောင်ကြီးချင်း အကြင်လင်မယားအဖြစ် စတင်ပေါင်းသင်း နေထိုင်ကြသည်။ တရားလွှတ်တော် တရားမကြီးမှုအမှတ် ၇၄/၅၁ တွင်၊ ဦးထန်မှတ်က ဒေါ်ဂုံးအား အဆိုပါအိမ်နှင့်မြေကို စာချုပ် ချုပ်ဆိုခဲ့သည့်အတိုင်း သီးခြားဆောင်ရွက်စေရန် တရားစွဲဆိုလေသည်။ ထို အမှုတွင် (၁၉၅၂ ခု၊ဇန္နဝါရီလ ၂၄ ရက်) နေ့၌ ဦးထန်မှတ်နှင့် ဒေါ်ဂုံးတို့ နှစ်ဦးသဘော တူညီချက်အရ စာချုပ်အတိုင်း သီးခြား ဆောင်ရွက်စေရန် ဒီကရီ ချမှတ်လိုက်သည်။ ထိုဒီကရီအရဆောင်ရွက်ပြီး အိမ်နှင့်မြေကို ပေးအပ်စေရန်အတွက် ဦးထန်မှတ် ဇာရီပြုလုပ်သည်တွင်ဦးဘသိန်းက အခင်းဖြစ် ပစ္စည်းသည် ဒေါ်ဂုံး အထက်ပါပစ္စည်း ဖြစ်သော်လည်း၊မိမိနှင့် ဒေါ်ဂုံးတို့မှာ အိမ်ထောင်ကြီး လင်မယား ဖြစ်သဖြင့် မိမိသည် ထိုပစ္စည်း အနက် တဝက်ကို ပိုင်ဆိုင်ခွင့်ရှိကြောင်း၊အထက်ဖေါ်ပြပါ နှစ်ဦးသဘောတူ ချမှတ်သော ဒီကရီသည် မိမိပိုင်ပစ္စည်း တဝက်နှင့် စပ်လျဉ်း၍ မည်သို့မျှ အကျိုးမသက်ရောက်ကြောင်းကို အထင်အရှား ကျေညာစေရန် သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ၊ တရားလွှတ်တော် တရားမကြီးမှုအမှတ် ၂၈/၅၃ တွင် တရားစွဲဆိုလေသည်။ တရားလွှတ်တော် မူလဘက်ဆိုင်ရာရုံးက ဦးဘသိန်း၏ အမှုကိုပယ်လိုက်သည်။ ဦးဘသိန်း အယူခံရာတွင် အယူခံရုံးက ဦးဘသိန်းသည် အခင်းဖြစ် ပစ္စည်းတွင် ပိုင်ဆိုင်ခွင့်ရှိသည်ဖြစ်၍၊ ဦးထန်မှတ် ရရှိခဲ့သော ဒီကရီသည် ထိုပိုင်ဆိုင်ခွင့်နှင့် ပတ်သက်၍ မည်သို့မျှ အကျိုးမသက်ရောက်နိုင်ဟု ဆုံးဖြတ်ပြီးလျှင်မူလရုံး၏ဒီကရီကို ပယ်ဖျက်လိုက်လေသည်။

မူလရုံး၌ငင်း၊ အယူခံရုံး၌ငင်း၊ ဦးဘသိန်းသည် ဒေါ်ဂုံး၏ အထက်ပါ ပစ္စည်းတွင် ပိုင်ဆိုင်ခွင့်ရှိ မရှိကို လျှောက်လဲခြင်း မပြုသဖြင့်၊ အထူးတလည် စဉ်းစားခဲ့ကြဟန် မတူချေ။ အမှန်အားဖြင့်ဆိုသော် တရားလွှတ်တော်ချုပ်သို့ အယူခံ ဝင်ရာ၌လည်း မူလ

၁၉၆၂

ဦးထန်မှတ် နှင့် ဦးဘသိန်း ပါ ၂။

ပဌမဌ္ဌ ဤအချက်ကို အကြောင်းပြု၍ အယူခံခြင်း မပြုချေ။ နောက်ဖေါ် အယူခံ ခြင်းချက် တရပ်အဖြစ် တင်သွင်းပြီး၊ အယူခံတရားခံ ဦးဘသိန်းနှင့် ဒေါ်ဂုံးတို့၏ ရွှေနေကြီးများထံ ထိုအယူခံခြင်းချက် ပေးပို့ရလေသည်။ ထိုနောက်မှ ဤအယူခံမှုကို ကြားနာခဲ့သည်။

ယခုတင်ပြသော အချက်မှာ ဦးဘသိန်း၏ အဆိုလွှာတွင်ပေါ်လွင်သော အကြောင်းခြင်းရာများနှင့် ၎င်း၏ ဝန်ခံချက်များကို အထောက်အထားပြု၍ စဉ်းစား ဆုံးဖြတ်နိုင်သော တရားဥပဒေကြောင်းဆိုင်ရာ အချက်ဖြစ်သည်။ **ဘစ်(၇)ဝါန(သ်) ရေး နှင့် ကာရှိန(သ်)ရေး** (၁) အမှုတွင် အငြင်းမထွက်သော အကြောင်းခြင်းရာ များကို အထောက်အထားပြု၊ တရားဥပဒေကြောင်းဆိုင်ရာ အချက်ကို နောက်ဆုံး အယူခံရုံး၌ တင်ပြလျှင်၊ ယင်းသို့ တင်ပြနိုင်ခွင့် ရှိသည်သာမက ရုံးတော်ကလည်း ထည့်သွင်း စဉ်းစားသင့်ကြောင်းဖြင့် အဆုံးအဖြတ် ပြုထားလေသည်။ သို့ဖြစ်၍ ယခု ပေါ်ပေါက်သည့် အချက်ကို ဤရုံးတော်က စဉ်းစား ဆုံးဖြတ်ရမည်ဖြစ်သည်။

မနုကျယ် အတွဲ ၁၂၊ အခန်း ၃ ၌ အောက်ပါအတိုင်း ပါရှိသည်။

"လင်မယား အိမ်ထောင်ကြီးချင်းဖြစ်၍၊ နှစ်ပါးစုံ အပြစ်ကို မဆိုနိုင်။ ကွာလို လျှင် ပါရင်းကို ပါရင်းရှင် ယူကြစေ။ တင်မြှုံရှိလည်း နည်းတူခံကြစေ။"

ထိုအောက် တဆက်တည်းတွင် ဤသို့ ပြဋ္ဌာန်းထား၏။

"၎င်းအိမ်ထောင်ကြီးချင်း သင့်နေရာတွင် လင်က ကွာလို၍ မယားက မကွာလို၊ မယားကကွာလို၍ လင်ကမကွာလို ဖြစ်ကြအုံ၊ ပါရင်းကိုပါရင်း အတိုင်း ယူကြစေ။"

ယခုပေါ် ပေါက်သည့် ပြဿနာနှင့် စပ်လျဉ်း၍မနုကျယ်ပါ ပြဋ္ဌာန်းချက်များ သည်၊ ရှင်းလင်းတိကျ ပြတ်သားလေသည်။ အကယ်၍ ဦးဘသိန်း စွဲဆိုသည့်အတိုင်း ဒေါ်ဂုံး အထက်ပါ ပစ္စည်းဖြစ်သော အခင်းဖြစ် အိမ်နှင့်မြေကို ပိုင်ဆိုင်ခွင့်တစက်၊ ဦးဘသိန်း၌ တည်ရှိလျှင်, လင်မယား ကွာခဲ့သော် ဒေါ်ဂုံးသည် ထိုအထက်ပါပစ္စည်း၏ တစက်ကိုသာရနိုင်မည်ဖြစ်သည်။ ယခုမူကား မနုကျယ် ဓမ္မသတ်အရ ဒေါ်ဂုံးသည်၊ ဦးဘသိန်းနှင့် ကွာလျှင် အခင်းဖြစ်ပစ္စည်း အားလုံးကို အထက်ပါပစ္စည်းအဖြစ် ရယူ နိုင်ခွင့် ရှိမည်ဖြစ်သည်။

---

(၁) ၁၉၄၈၊ မြန်မာပြည်စီရင်ထုံးများ ၄၄၉။

ထို့ပြင်လည်း၊ မနုကျယ် အတွဲ ဂ၊ အခန်း ၃ တွင်၊ အောက်ပါအတိုင်း ပါရှိသည်။

၁၉၆၂

ဦးထန်မှတ် နှင့် ဦးဘသိန်း ပါ ၂။

"အိမ်ထောင်ကြီးချင်းဖြစ်၍၊ မယားကပါ ဥစ္စာကို လင်မသိ၊ မျောက်မမဟုတ်၊ သူတပါးအားပေးသည်၊ ပေးပိုင်စေ။ လင်မယူရသာချေ။"

ငထွန်းပေါ်နှင့် ကေန် (၁) အမှုတွင် အိမ်ထောင်ကြီး ဗဟုဘာသာဝင် အမျိုးသမီးသည်၊ မိမိ၏ ပါရင်းပစ္စည်းကို လင်ငယ်မှတပါး မည်သူအားမဆို မိမိ၏ငယာကျိုးကိုအသိမပေးဘဲ လွှဲပြောင်း နိုင်သည်ဟု ဆုံးဖြတ်ထားလေသည်။

ထိုမျှမကသေး၊ **ဦးစံရီနှင့် မောင်ဘိုးရီ** (၂) တို့အမှုတွင်၊ အိမ်ထောင်ကြီးချင်း လက်ထပ်သည့်အခါ၌ တဦးဦးသည် အခြားတဦးပိုင် အထက်ပါ ပစ္စည်းတွင် ယင်းသို့ လက်ထပ်ပေါင်းသင်းသည့်အတွက် မည်သည့်အခွင့်အရေးမျှ မရှိဟု ဆုံးဖြတ်ခဲ့လေသည်။

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဓမ္မသတ်နှင့် ဖြတ်ထုံးများတွင် အဆုံးအဖြတ်ပြုကြသည့်အကြောင်းရင်းမှာ အိမ်ထောင်ကြီး၏ အထက်ပါ သားသမီးတို့၏ အခွင့်အရေးကို ငဲ့ညှာတကြောင်း၊ နောက်အိမ်ထောင်မပြုမီ ကြွေးမြီတင်ရှိခဲ့လျှင်လည်း၊ မိမိသာလျှင် တာဝန်ယူရမည်ဟု ယူဆကြသည်တကြောင်းတို့ကြောင့် ဖြစ်ဟန်တူသည်။

အဆိုပါ မနုကျယ် ဓမ္မသတ်နှင့် စီရင်ထုံးများကို ထောက်ထားလျှင် ဦးဘသိန်းသည် ဒေါ်ဂုံး၏ အထက်ပါပစ္စည်းဖြစ်သော အခင်းဖြစ်အိမ်နှင့်မြေတွင် မည်သို့မျှ သက်ဆိုင်ခွင့် မရှိဟု ယူဆရပေမည်။

ဦးဘသိန်းနှင့် ဒေါ်ဂုံးတို့၏ ပညာရှိရွှေနေကြီးများက အင်(နှ်)၊ အော၊ ဗီ၊ အာ(ရ်)၊ **ချစ်တီးယား အစုခပ်နှင့် မောင်သံဒိုင်**(၃)တို့၊ အမှုကို တင်ပြပြီး၊ ထိုစီရင်ထုံးတွင် တရားသူကြီးများ မြှက်ဆိုထားသည့် အချက်များကို ညွှန်၍ လျောက်လဲ၏။ သို့သော် ထိုအမှုပါ အခင်းဖြစ်ပစ္စည်းမှာ အိမ်ထောင်ကြီး နှစ်ဦးလက်ထပ်ပြီးမှ ဆောက်သောအိမ်ဖြစ်သဖြင့် အဆိုပါမြှက်ဟ ချက်များကို ၎င်းတို့၏ အထက်ပါ(၀၀)ပါရင်းပစ္စည်းများနှင့် သက်ဆိုင်သည်ဟု မယူဆနိုင်ချေ။ တဖန် ပညာရှိရွှေနေကြီးများသည် အင့်သံခေပဝဏ္ဏနာကျမ်း၊ အပိုဒ် ၄၀၆ ကို ညွှန်း၍၊ ဒေါ်ဂုံးသည် ပါရင်းပစ္စည်း အခွံုအဝက်ကိုသာ

(၁) 4. Burma Law Times 244.

(၂) ၁၉၄၀ ခု၊ ရန်ကုန်စီရင်ထုံးများ ၅၃၄။

(၃) အတွဲ ၉—အိန္ဒိယစီရင်ထုံးများ ၅၂၄။
အင့်သံခေပဝဏ္ဏနာကျမ်းအပိုဒ် ၄၀၆။

၁၉၆၂

ဦးထန်မှတ် နှင့် ဦးအသိန်း ပါ ၂။

အခြားသူအားပေးနိုင်ကြောင်းနှင့် လျှောက်ထားပြန်သော်၊ ထိုကျွမ်းပါညွှန်ကြားချက်သည် အောက်ပါအတိုင်းဖြစ်သည်။

"မယားသခင်လင် ဖြစ်ချေသောကြောင့်၎င်း၊ အိမ့်ရှင် အိမ်သူ ဖြစ်ချေသောကြောင့်၎င်း၊ တဦးကိုတဦးပန်ကြားပြီးလျှင်၊ အထိုက်အလျောက်မျှသာပေးကမ်းသည့် အရာသည် အလွန်သင့်လျော်သည်။"

ယင်းညွှန်ကြားချက်သည် ဩဝါဒသဘင်္ဂယ်သာဖြစ်သည့်ပြင်၊ အထက်၌ ဖော်ပြခဲ့သော မနုကျယ်မမွှသတ်နှင့် ဖြတ်ထုံးများပါ အဆုံးအဖြတ်များကို ကျော်လွန်နိုင်မည်မဟုတ်ပေ။

ထို့ကြောင့် အယူခံရှုံး၏ အမိန့်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပယ်ဖျက်၍ မူလရှုံး၏အမိန့်နှင့် ဒီကရီကို အတည်ပြုလိုက်သည်။ ဤရှုံးတော်၏ တရားစရိတ်မှာ ငွေကျပ် ၁၇၀ ဖြစ်စေရမည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ ရှေ့မှောက်တွင်

နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ (အယူခံတရားလို) ၁၉၆၂ ခုနှစ် ဖြေလ ၂၇ ရက်။
နှင့်
ဒန်ဂျီရွန်ဂျီနှင့် ကုမ္ပဏီ ပါ ၂ (အယူခံတရားခံများ)*

ပဋိညာဉ်ဥပဒေအရ၊ အဝယ်တော်များက ချုပ်ဆိုခဲ့သည့် အရောင်းအဝယ်စာချုပ်အတွက် တန်ဘိုးငွေးပေးဆောင်ရန်တာဝန်၊ ပေးအပ်ပြီးဖြစ်ခဲ့သော်မီးလောင်ကျွမ်းသွားသည့် တန်ဘိုးကိုပေးရန် ဝယ်သူ၏တာဝန်။

ဆုံးဖြတ်ချက်။ ။ပဋိညာဉ်ဥပဒေအရဆိုလျှင်၊ နိုင်ငံတော်ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၏ အဝယ်တော်များသည် ဆန်အရောင်းအဝယ်စာချုပ်ကို ကိုယ်တိုင်ဝယ်သူအဖြစ် ချုပ်ဆိုသည်ဖြစ်စေ၊ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၏ ကိုယ်စားလှယ်အဖြစ် ချုပ်ဆိုသည်ဖြစ်စေ၊ ယင်းအဖွဲ့မှာ တန်ဘိုးငွေကို ပေးဆောင်ရန်တာဝန်ရှိပေမည်။

ဝယ်ဈေးဆန်ကို ပေးအပ်ပြီးနောက်၊ မီးလောင်ကျွမ်းသွားခဲ့ရာ၊ တန်ဘိုးငွေပေးဆပ်ရန် ဝယ်သူမျှားဌ်တာဝန်ရှိသည်။

အယူခံတရားလိုအတွက်။ ။ဦးမျိုးခင်လိုက်ပါ ဆောင်ရွက်သည်။

အယူခံတရားခံအမှတ် (၁) အတွက်။ ။ဦးကျော်မြင့်လို.ပါ ဆောင်ရွက်သည်။

အယူခံတရားခံအမှတ် (၂) အတွက်။ ။ဦးစောတိတ်လျောင် လိုက်ပါ ဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ ဤအယူခံမှုနှင့် စပ်လျဉ်းသမျှသော၊ အကြောင်းခြင်းရာများမှာ အောက်ပါအတိုင်းဖြစ်သည်။ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့စွဲပါ၊ သက်သေခံအမှတ် (၁) ဆန်အရောင်းအဝယ် စာချုပ်ဖြင့်၊ ယခု အယူခံတရားလို နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့၏ အဝယ်တော်များဖြစ်သူ၊ ဒုတိယ အယူခံ တရားခံ မက်ဆာ၊ အက် (စ်) ဆိုစီ အေတက်၊ ဇိုက် (စ်) နှင့် ထရေဒင်ကုမ္ပဏီ လိမိတက်သည်၊ ပဌမ အယူခံ တရားခံ ဗန်ဂျီ ဌန်ဂျီ ကုမ္ပဏီထံမှ မီးတုံးဆန် တန်ချိန် ၆၀ ကို၊ စက်ကျွေခချေစံနှစ်ဖြင့် ဝယ်ယူသည်။ ထိုစာချုပ်အရ ပဋိညာဉ်သက်တန်း

* ၁၉၅၈ ခုနှစ်၊ ထရားမဟုတ်မအယူခံမှုအမှတ် ၉၁။

၁၉၆၂ ခုနှစ်

နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့ နှင့် ဒန်ဂျီရန်ကျိန့် ကုမ္ပဏီ ပါ ၂ ။

ကုန်ဆုံးသည့်နေ့မှာ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ဖြစ်သည်ဟု ဖေါ်ပြထား၏။ ဆန်ရောင်းသူများသည် ဆန်အိတ်ရေ ၁၀၇ လုံးကို၊ ထိုနှစ်ဖေဖော်ဝါရီလ ၈ ရက်နေ့လောက်တွင် ကြိတ်၍ ပြီးစီး၏။ ထိုနောက် ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့စွဲပါ သက်သေခံအမှတ် (၁) စာဖြင့်၊ ကောက်ပဲ သီးနှံ ရောင်းဝယ်ရေးအဖွဲ့၏ အမှဆောင် အရာရှိက ဆန်များ ငယ်ယူခြင်းကို၊ ခွင့်ဘရပ်ဆိုင်းထားရန် အမိန့်ထုတ်လိုက်၏။ ထိုအမိန့်အတိုင်း ဆန်ရောင်းသူများကလည်း၊ ဆန်ကြိတ်ခြင်းကို ရပ်ဆိုင်းထားခဲ့ကြဟန်တူသည်။ ထိုနောက် ၁၉၄၉ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့စွဲပါ သက်သေခံအမှတ် (၂) စာဖြင့်၊ ဆန်ဆက်လက် ကြိတ်ရန်၊ ထိုအရာရှိကပင် ညွှန်ကြားလိုက်သည်။ ဝယ်ငွေသို့ ညွှန်ကြားသည့်အတိုင်း၊ ရောင်းသူများသည် ထိုလ ၂၄ ရက်နေ့တွင် ဆန်ဆက်လက်ကြိတ်ရာ ၂၅ ရက်နေ့တွင် ရောင်းခဲ့သည့် ဆန်တန်ချိန် ၆၀ အပြည့် ကြိတ်၍ အပ်ပြီးဖြစ်လေသည်။ ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့၏ ပညာရှိ ရွှေနေကြီးက၊ ဤငွေတောင်ရွှေဌ၊ အချက် ၂ ချက်ကို တင်ပြလျှောက်လဲ၏။ ပဌမအချက်မှာ၊ အဝယ်တော်များသာလျှင် ဆန်ဘိုးငွေကိုပေးချေရန်တာဝန်ရှိသည်ဟူသော အချက်ဖြစ်သည်။ သို့သော် ဤအယူခံမှု တင်ပြီးမှ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့နှင့် ဒါရှုဝါလားပါ ၂ (၁) အမှုတွင်၊ ဤအမှုင့် ပေါ်ပေါက်သော အကြောင်းခြင်းရာများနှင့် အလားတူ အကြောင်းခြင်းရာ အခြေအနေမျိုးတွင်၊ တရားလွှတ်တော်ချုပ်က ဆန်ရောင်းသူသည်၊ အဝယ်တော်အားငင်း၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့အားငင်း မပြေကျန်ရှိသည့် ဆန်ဘိုးငွေကို၊ တရားစွဲဆို တောင်းခံနိုင်ကြောင်းဖြင့် ဆုံးဖြတ်ခဲ့လေသည်။ ယင်းသို့ ဆုံးဖြတ်ခဲ့ပြီးဖြစ်၍၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့၏ ပညာရှိ ရွှေနေကြီးက၊ ဤအချက်ကို ဆက်လက်မပြောလိုတော့ကြောင်းဖြင့် လျှောက်ထား၏။ စင်စစ်အားဖြင့်၊ ယခုပေါ်ပေါက်သည့် အခြေအနေမျိုးတွင် ပဋိညာဉ် ဥပဒေအရဆိုလျှင်၊ အဝယ်တော်များသည် ဆန်အရောင်းအဝယ်စာချုပ်ကို ကိုယ်တိုင် ဝယ်သူအဖြစ် ချုပ်ဆိုသည်ဖြစ်စေ၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့၏ ကိုယ်စားလှယ်အဖြစ် ချုပ်ဆိုသည်ဖြစ်စေ ယင်းအဖွဲ့မှာ ဆန်ဘိုးငွေကို ပေးဆောင်ရန် တာဝန်ရှိပေမည်။

ဒုတိယအချက်မှာ၊ ပဋိညာဉ်စာချုပ် သက်သေခံအမှတ် (ခ) အရ၊ ဆန်ကို ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ မတိုင်မီ အပြီးကြိတ်ရမည်ဟု ပြဋ္ဌာန်းထားသည်ဖြစ်၍၊ ထိုနေ့နောက်မှ ဆန်ကြိတ်သောကြောင့်၊ ပဋိညာဉ်မှာ ပျက်ပြယ်ပါသည်ဟု လျှောက်ထား၏။ သို့သော်၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့၏ အဖွဲ့

(၁) တရားလွှတ်တော်ချုပ်၊ တရားမအယူခံမှုအမှတ် ၄၅/၆၀။

ဆောင် ဒာရုရှိက၊ ဆန်ကြိတ်ရပ်ဆိုင်းထားသောကြောင့်သာ ရပ်ဆိုင်းခဲ့ရသည်။ ထို အရာရှိကပင် မတ်လအတွင်း၊ ဆက်လက်၍ ဆန်ကြိတ်ရန် ညွှန်ကြားသဖြင့် ဆက်လက် ဆန်ကြိတ်ပြီး ပေးအပ် လိုက်သည်။ ထိုသို့ ပေးအပ်လိုက်ကြောင်းကို၊ နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့က အစီရင်ခံစာများအရ သိရှိသော်လည်း၊ ထိုစဉ် အခါက၊ ထိုဆန်ကို ပဋိညာဉ်သက်တန်း ကုန်ဆုံးပြီးနောက်မှ ပေးအပ်သဖြင့်၊ လက်မခံ ကြောင်းဖြင့် ငြင်းပယ်ခြင်းမပြုခဲ့ခြေ။ ထိုအကြောင်းများကြောင့်၊ ယဉ်လျှောက်ထားသည့် အချက်ကို၊ ဤခုံတော်က လက်မခံနိုင်ပေ။

၁၉၆၂ ခုနှစ်

နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေး အဖွဲ့နှင့် ဒန်ဂျီရွန်ဂျီနှင့် ကုမ္ပဏီ ပါ ၂။

အထက်ပါဆန်ကိုပေးအပ်ပြီးနောက်၊ မီးလောင်ကျွမ်းသွားခဲ့ရာ ဆန်ဘိုးငွေ ငပေး ဆပ်ရန် ပယ်ယူသူများ၌ တာဝန်ရှိသည်ဟု ယူဆရပေမည်။

အထက်ပါအကြောင်းများကြောင့်၊ ဤအယူခံမှုကို စရိတ်နှင့်တကွ ပယ် လိုက်သည်။

အယူခံ တရားလိုများသည်၊ အယူခံ တရားခံအသီးသီးအား၊ ရွှေနေခငွေ ၁၇၀ ကျပ် စီပေးဆောင်ရမည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ ရှေ့မှောက်တွင်

၁၉၆၂
ဧပြီလ ၂၀ ရက်။

ဒေါ်ခင်စန်းရီ (လျှောက်ထားသူ)

နှင့်

မစ္စတာ ဂျော့ (ခေါ်) ဦးသိန်းကျော် ပါ ၂ (လျှောက်ထားခံရသူ)

များ *

တရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၆ အရ၊ လက်မခံနိုင်သည့် လျှောက်ထားချက်နှင့်အကျုံးမဝင်သည့်အမိန့်

ဆုံးဖြတ်ချက်။ ။တရားခံတဦးအား မူလရုံးက တရားသေလွတ်လိုက်သဖြင့်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၁၇ အရ၊ နိုင်ငံတော် အစိုးရက အယူခံရန်အတွက် ဆောင်ရွက်ရန်မပြုဘဲ၊ လျှောက်ထားသူက ဤရုံးသို့ ပြည်ထောင်စုတရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၆ အရ၊ လျှောက်ထားသည်ကို လက်မခံနိုင်။

သက်သေခံပစ္စည်းကို မူလရုံးက အခြားလူတဦးအား ပြန်လည်ပေးအပ်ရန် ချမှတ်သည့် အမိန့်သည်လည်း၊ ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေ ပုဒ်မ ၆ တွင် သက်ဝင်သော အပြီးသတ်ချမှတ်သည့် အမိန့်မျိုးမဟုတ်ပေ။

ဒေါ်ရီနှင့် မသန်းစိန်ပါ ၄ ဦး၊ ၁၉၅၈ ခုနှစ်၊ တရားလွှတ်တော်ချုပ် တရားမအယူခံမှု အမှတ် ၈ ကိုရည်ညွှန်းထား၏။

လျှောက်ထားသူအတွက်။ ။ဦးသန်းတင်လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်။ ။မရှိ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ ယခုလျှောက်ထားသူ ဒေါ်ခင်စန်းရီက၊ ရန်ကုန်မြို့ ဒဿမရာဘက် ရာဇဝတ် တရားသူကြီးရုံးတွင်၊ လျှောက်ထားခံရသူ အမှတ် (၁) မစ္စတာ ဂျော့ (ခေါ်) ဦးသိန်းကျော်အပေါ်၌၊ မိမိအပ်နှံထားသော စန္ဒယားကို အလွဲသုံးစားပြုသည်ဆိုကာ၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၆ အရ၊ တရားစွဲဆိုခဲ့ရာ၊ ရာဇဝတ် တရားသူကြီးရုံးက၊ အမှုစစ်ဆေးကြားနာပြီးနောက်၊ မစ္စတာ ဂျော့သည်၊ ဒေါ်ခင်စန်းရီ ခွင့်ပြုချက်အရ၊ စန္ဒယားကို ဒေါ်ခင်စု ဆိုသူအား၊ ရောင်းချခဲ့သည်ဟု ယူဆပြီးလျှင်၊ မစ္စတာ ဂျော့အား တရားသေလွှတ်၍ စန္ဒယားကို ဒေါ်ခင်စုအားပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်လိုက်သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့်၊ ရန်ကုန်မြို့ ရာဘက် စက်ရှင်

* ၁၉၆၂ ခုနှစ်၊ ရာဇဝတ်အထွေထွေမူအမှတ် ၁၀။

၁၉၆၂ ခုနှစ်

ဒေါ်ခင်စန်းရီ နှင့် မစ္စတာ ကျော့ (ခေါ်) ဦးသိန်း ကျော်ပါ ၂။

တရားသူကြီးထံ၎င်း၊ တရားလွှတ်တော်သို့၎င်း စောဒက ဝင်ရာ မအောင်မြင်သဖြင့်၊ ဒေါ်ခင်စန်းရီက ဤရုံးသို့ လာရောက်ပြီးလျှင်၊ တရားသေ လွှတ်သည့်အမိန့်နှင့် စန္ဒယားကို ပြန်လည်ပေးအပ်စေသည့် အမိန့်မျှားကို ပယ်ဖျက်ရန်အတွက် လျှောက်ထားခြင်းဖြစ်သည်။

မစ္စတာ ကျော့အား၊ မူလရုံးက တရားသေလွှတ်လိုက်သဖြင့်၊ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၁၇ အရ၊ နိုင်ငံတော် အစိုးရက အယူခံရန်အတွက် ဆောင်ရွက်ခြင်းမပြုဘဲ၊ ဤရုံးသို့ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊လျှောက်ထားသည်ကို လက်မခံနိုင်ပေ။ ယခင်ကလည်း ဤကဲ့သို့သော အမှုမျိုး မြောက်မြားစွာတွင်၊ တရားလွှတ်တော်ချုပ်က၊ ပုဒ်မ ၆ အရ၊ လျှောက်ထားသည်ကို လက်မခံဘဲ အကြိမ်ကြိမ် ပယ်ခဲ့ဘူးလေသည်။

စန္ဒယားကို ဒေါ်ခင်စုအား၊ ပြန်လည်ပေးအပ်ရန် ချမှတ်သည့် အမိန့်သည်လည်း၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ တွင်၊ သက်ဝင်သော အပြီးသတ် ချမှတ်သည့် အမိန့်မျိုးမဟုတ်ပေ။ အကြောင်းကား ထိုအမိန့်ကို မကျေနပ်လျှင်၊ ဒေါ်ခင်စန်းရီသည် သက်ဆိုင်ရာ တရားမရုံး၌ တရားတဆုံး စွဲဆိုနိုင်သော ကြောင့်ဖြစ်သည်။ ထို့ပြင် တရားလွှတ်တော်ချုပ် တရားမအယူခံမှု အမှတ် ၈/၅၈ ဒေါ်ရီနှင့် မသန်းစိန် ပါ ၄ ဦးတို့ အမှုတွင်၊ မည်ကဲ့သို့သော အမိန့်သည် အပြီးသတ် ချမှတ်သည့် အမိန့်မျိုးဖြစ်သည်ကို အဆုံးအဖြတ်ပေးခဲ့လေသည်။

အထက်ပေါ်ပြပါ အကြောင်းများကြောင့်၊ ယခုလျှောက်လွှာကို ပလပ်လိုက်သည်။

ထရားလွှတ်တော်ချုပ် တရားမအယူခံမှုအမှတ် ၈/၅၈။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဥးစံ မောင်တို့ရှေ့မှောက်တွင်

၁၉၆၂

ဧပြီလ ၂၇ ရက်။

မောင်စိုးမောင် (လျှောက်ထားသူ)

နှင့်

လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးဝန်ကြီးဌာန ပါ ၄ (လျှောက်ထားခံရသူများ)

သီးစားချထားရေးကော်မိတီများ၏ အဆုံးအဖြတ်သည်၊ နိုင်ငံတော်သမ္မတ၏ အာဏာကို ချုတ်ချယ်ခြင်းမပြုနိုင်။ လယ်ယာမြေဝေငှရာချမှတ်သော အမိန့်သည် အုပ်ချုပ်ရေးဆိုင်ရာအမိန့်။ လယ်ယာမြေဝေငှချထားရေးတွင် လိုက်နာသည့်အရာ။

မည်ကဲ့သို့သော အမိန့်မျိုးသာလျှင် အမှုခေါ် စာချုန်တော်အမိန့်ဖြင့်ဝင်ရောက်စွက်ဖက်နိုင်ခြင်း။

လျှောက်ထားသူသည် အခင်းဖြစ်မြေကို ၁၉၅၇ ခုနှစ်အတွင်း လုပ်ကိုင်ရန်အတက် သက်ဆိုင်ရာ သီးစားချထားရေးကော်မိတီများထံမှ သီးစားခံယူရရှိခဲ့ပြီးနောက်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေအရ၊ ကျေးရွာမြေယာကော်မိတီထံ အခြားသူများနှင့် အပြိုင်လျှောက်ထားရာ၊ ယင်းကော်မိတီက ၎င်းအား လက်ငုတ်သီးစားအဖြစ်ဝေငှလိုက်ကြောင်း။ ထိုအမိန့်ကို ခရိုင်မြေယာကော်မိတီကအတည်ပြုလိုက်သော်လည်း၊ နိုင်ငံတော် သမ္မတသည်၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၃၅ ဖြင့် အပ်နှင်းထားသော အာဏာများကိုသုံးစွဲလျက်၊ လျှောက်ထားသူသည်၊ သီးစားလက်ငုတ်မဟုတ်ဟု ဆုံးဖြတ်ပြီး ကျေးရွာနှင့် ခရိုင်မြေယာချထားရေးကော်မိတီ၏ အမိန့်များကို ပယ်ဖျက်လိုက်သည်ဟု အကြောင်းပြပြီး၊ နိုင်ငံတော် သမတ၏ အမိန့်ကို အမှုခေါ် စာချုန်တော်အမိန့်ဖြင့် ပယ်ဖျက်ပါရန် လျှောက်ထားသည်။

ဆုံးဖြတ်ချက်။ ။မူလသီးစားချထားရေးကော်မိတီများ ချမှတ်သော အဆုံးအဖြတ်သည် နိုင်ငံတော် သမ္မတ၏အာဏာကို မည်သို့မျှချုတ်ချယ်ခြင်းမပြုနိုင်။

ပြည်သူပိုင်လယ်ယာမြေကို ဝေငှရာ၌ ချမှတ်သော ဗဟိုအမိန့်သည် အုပ်ချုပ်ရေးဆိုင်ရာ အမိန့်မျိုးဖြစ်သည်။

နိုင်ငံတော် အစိုးရပိုင်မြေကို တောင်သူလယ်သမားများအား ဝေငှချထားခြင်းသည် အစိုးရသတ်မှတ်ထားသော စည်းမျဉ်းအတိုင်းဝေငှချထားခြင်းသာ ဖြစ်သည်၊ ချထားခံရသူ ပိုင်ဆိုင်သော အခွင့်အရေးကို အထောက်အထားပြုရှိ ဝေငှချထားခြင်းပြုသည်ဟု မဆိုနိုင်ပေ။

မိုဟာမက်ဟာနစ်နှင့် ဘဏ္ဍာတော်မင်းကြီး၊ ၁၉၅၂ ခု၊ မြန်မာပြည် စီရင်ထုံးများ တရားလွှတ်တော်ချုပ်၊ စာ ၁၁ ကိုရည်ညွှန်းသည်။

---

* ၁၉၆၁ ခုနှစ်၊ တရားမအယူထွေမှုအမှတ် ၃၇၁။

၁၉၆၂

မောင်စိုးမောင် နှင့် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီး ၅ဒုန ပါ ၄။

တရားဥပဒေဖြင့် အာဏာအပ်နှင်းထားသော အာဏာပိုင်သည်၊ ထိုတရားဥပဒေအရ၊ တရားရုံးများနှင့်နှင် စုံစမ်းစစ်ဆေးပြီး၊ ပြည်သူတို့၏ အခွင့်အရေးများကို ထိခိုက်သည့်ကိစ္စများနှင့်စပ်လျဉ်း၍ အမိန့်ချမှတ်မှသာလျှင်၊ ထိုအမိန့်သည် ကန့်သတ်ထားသည် တရားစီရင်ရေးဆိုင်ရာ အမိန့်မျိုးဖြစ်သဖြင့် အမှုခေါ် စာချုန်တော်အခန်းဖြင့် ဝင်ရောက်စွက်ဖက်နိုင်မည်ဖြစ်သည်။

ဘုံဘိုင်အစိုးရနှင့် ကူဆာဒတ်အက်(စ်)၊ အက်ဆန်နီ၊ ၁၉၅၀ ခု၊ အိန္ဒိယလွှတ်တော်ချုပ် စီရင်ထုံးများ၊ စာ ၆၂၁ ကိုရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးသန်းမောင် လိုက်ပါဆောင်ရွက်သည်။

လျှောက်သားခံရသူအမှာ (၁) အတွက်။ ။အစိုးရဖွေ့နေ ဦးလှမောင် လိုက်ပါ၊ ဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် လျှောက်ထားသူ မောင်စိုးမောင် အဆိုရှိသည်မှာ၊ မိမိသည် အခင်းဖြစ်မြေကို ၁၉၅၇ ခုနှစ်အတွင်း လုပ်ကိုင်ရန်အတွက် သက်ဆိုင်ရာ သီးစား ချထားရေး ကော်မိတီများထံမှ သီးစားခံယူရရှိခဲ့ပြီးနောက်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေအရ၊ မိမိနှင့် လျှောက်ထား ခံရသူ မဖန်းတင်၊ မောင်အတော်နှင့် မောင်အေးတို့ ကျေးရွာ မြေယာ ကော်မိတီထံ အပြိုင် လျှောက်ထားကြရာ၊ ယင်းကော်မိတီက မိမိအား၊ လက်ငုတ် သီးစားအဖြစ် ဝေငှလိုက်ကြောင်း။ ထိုအမိန့်ကို တောင်ငူခရိုင် မြေယာကော်မိတီက အတည်ပြုလိုက်ကြောင်း။ သို့သော် နိုင်ငံတော် သမ္မတသည်၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃၅ ဖြင့် အပ်နှင်းထားသော အာဏာများကို သုံးစွဲလျက်၊ မိမိသည် သီးစား လက်ငုတ် မဟုတ်ဟု ဆုံးဖြတ်ပြီး၊ ကျေးရွာနှင့် ခရိုင် မြေယာချထားရေး ကော်မိတီ၏ အမိန့်များကို ပယ်ဖျက်လိုက်ကြောင်းဖြင့် လျှောက်ထားပြီး၊ နိုင်ငံတော် သမ္မတ၏ အမိန့်ကို အမှုခေါ် စာချုန်တော် အမိန့်ဖြင့် ပယ်ဖျက်ပါရန်၊ ဤရုံးတော်သို့ လျှောက်ထားခြင်း ဖြစ်သည်။

နိုင်ငံတော် သမ္မတသည်၊ ယင်းသို့ အမိန့်ချမှတ်ရာ၌၊ ကန့်သတ်ထားသည့် တရားစီရင်ရေးဆိုင်ရာ အလုပ်ဝတ္တရားနှင့် အာဏာကို သုံးစွဲ ဆောင်ရွက်ကြောင်းဖြင့်၊ လျှောက်ထားသူ၏ ပညာရှိ ရှေ့နေကြီးက လျှောက်လဲ၏။ လျှောက်လဲသည့်အတိုင်း၊ ယင်းသို့ သုံးစွဲ ဆောင်ရွက်သည် ထားဘိဦး၊ နိုင်ငံတော် သမ္မတ၌ ယခုလျှောက်ထားသူသည်၊ လက်ငုတ် သီးစားဖြစ်သည် မဖြစ်သည်ဟူသည့် မြဿနာကို ဆုံးဖြတ်နိုင်သည့် အာဏာ ရှိပေမည်။ ထိုအချက်မှာ အကြောင်းခြင်းရာနှင့် ဆိုင်သော အချက်မျှသာ ဖြစ်သည်။

၁၉၆၂

မောင်စိုးမောင်နှင့် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီးဌာန ပါ ၄။

မူလ သီးစားချထားရေး ကော်မီတီများ ချမှတ်သော အဆုံးအဖြတ်သည်၊[၈] နိုင်ငံတော် သမ္မတ၏ အာဏာကို မည်သို့မျှ ချုတ်ချယ်ခြင်း ပြုနိုင်မည် မဟုတ်ပေ။

ထို့မှတပါး၊ မြည်သူပိုင် လယ်ယာမြေကို ဝေငှရာ၌၊[၉] ချမှတ်သော အမိန့်သည်၊ အုပ်ချုပ်ရေးဆိုင်ရာ အမိန့်မျိုးဖြစ်သည်ဟု ယူဆရပေမည်။ လျှောက်ထားသူ မောင်စိုးမောင်နှင့် အခြား ဝေငှ ခံယူရန် လျှောက်ထားသူများမှာ၊ အခင်းဖြစ် မြေနှင့် စပ်လျဉ်း၍၊ နိုင်ငံတော် အစိုးရထံမှ၊ မည်သည့်အခွင့် အရေးမျိုးမျှ တောင်းဆိုနိုင်ခွင့်မရှိသေးခေါ်၊ နိုင်ငံတော် အစိုးရပိုင်မြေကို၊ တောင်သူ လယ်သမားများအား ဝေငှချထားခြင်းသည် အစိုးရ သတ်မှတ်ထားသော စည်းမျဉ်းအတိုင်း ဝေငှချထားခြင်းသာ ဖြစ်သည်။ ချထားခံရသူ ပိုင်ဆိုင်သော အခွင့်အရေးကို အထောက်အထားပြု၍၊ ဝေငှချထားခြင်း ပြုသည်ဟု မဆိုနိုင်ပေ။ **မိုဟာမက်ဟာနစ်နှင့် ဘဏ္ဍာတော်မင်းကြီး** (၁) အမှုတွင်၊ နိုင်ငံတော် အစိုးရက၊ မိမိပိုင် မြေကို အငှါးချထားသည့်အမိန့်သည်၊ အုပ်ချုပ်ရေးဆိုင်ရာ အမိန့်ဖြစ်သည်ဟု တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့လေသည်။ ထို့ပြင်လည်း တရားဥပဒေဖြင့် အာဏာအပ်နှင်းထားသော အာဏာပိုင်သည်၊ ထိုတရားဥပဒေအရ တရားရုံးများနှင့်နှင် စုံစမ်း စစ်ဆေးပြီး၊ ပြည်သူတို့၏အခွင့်အရေးများကိုထိခိုက်သည့်ကိစ္စများနှင့် စပ်လျဉ်း၍ အမိန့် ချမှတ်မှသာလျှင်၊ ထိုအမိန့်သည် ကန့်သတ်ထားသည့် ဟရားစီရင်ရေးဆိုင်ရာ အမိန့်မျိုး ဖြစ်သဖြင့်၊ အမှုခေါ် စာချွန်တော် အမိန့်ဖြင့် ဝင်ရောက် စွက်ဖက်နိုင်မည် ဖြစ်သည်။

ဘုံဘိုင်အစိုးရနှင့် ကူဆဒတ် အက် (စ်)၊ အက်ဘန်နီ (၂) အမှုကို ကြည့်ပါ။

ယင်းသို့ဖြစ်၍၊ ယခုလျှောက်လွှာကို ပယ်လိုက်သည်။

အမှုသည်များသည် မိမိတို့ တရားစရိတ်ကို၊ မိမိတို့အသီးသီး ကျခံကြရမည် ဖြစ်သည်။

---

(၁) ၁၉၅၂ ခု၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ်၊ စာ ၁၁။

(၂) ၁၉၅၀ ခု၊ အိန္ဒိယ တရားလွှတ်တော်ချုပ်စီရင်ထုံးများ၊ စာ ၆၂၁။

CIVIL MISCELLANEOUS APPLICATION

Before U Bo Gyi, C.J. and U San Maung, J.

DAW MA MA GYI (APPLICANT)

v.

U HLA MAUNG AND ONE (RESPONDENTS).*

C.C. 1962

May 23.

Evidence Act, s. 34—Account book kept regularly in course of Business—What is not.

An old exercise book in which a stenographer had practised her outlines and which a school girl had utilised as an arithmetic exercise book, and some odd pages of which were used for making entries relating to loans in dispute with payments without any dates is hardly a book of accounts regularly kept in the course of business within the meaning of s. 34 of the Evidence Act.

Aye Moung for the applicant.

Hla Gyaw for the respondent.

U SAN MAUNG, J.—This is an application under section 6 of the Union Judiciary Act for special leave to appeal against the judgment and decree of a single Judge of the late High Court in Civil First Appeal No. 10 of 1959 wherein the learned Judge set aside the decree obtained by the applicant against the respondents U Hla Maung and Daw Aye in Civil Regular Suit No. 1648 of 1954 of the City Civil Court, Rangoon. In that suit, the applicant Daw Ma Ma Gyi sued the two respondents for the recovery of K 4,390 alleged to be due in respect of hand loans. She obtained a separate decree for K 550 against the 1st respondent U Hla Maung and for K 3,480 against the 2nd respondent Daw Aye.

* Civil Misc. Application No. 55 of 1961 against the decree of the High Court (Appellate Side) Rangoon, in Civil First Appeal No. 10 of 1959.

C.C. 1962

DAW MA MA GYI v. U HLA MAUNG AND ONE.

On appeal by U Hla Maung and Daw Aye to the late High Court the learned single Judge on the Appellate Side set aside the judgment and decree of the trial Court and dismissed Daw Ma Ma Gyi's suit with costs.

In support of the present application under section 6 of the Union Judiciary Act two points have been urged by the learned Advocate for the applicant; (1) that the learned Judge of the late High Court had erred in not treating Exhibit " ဃ " as an account book maintained in the ordinary course of business and therefore admissible in evidence under section 34 of the Evidence Act and (2) that the learned Judge of the late High Court was wrong in rejecting the testimony of witnesses relied upon by the trial Judge without giving adequate reasons.

Regarding the first contention, we are not convinced that the learned Judge of the late High Court was wrong in the conclusion arrived at by him that Exhibit " ဃ " could not be treated as a book of account kept in the ordinary course of business. It was an old exercise book wherein a stenographer had practised her outlines and a school girl had utilised it as an arithmetic exercise book. Some odd pages were then used by the plaintiff to make entries in pencil relating to the loans in question. The payments when made were scored off without any mention of the dates. Therefore, it is hardly a book of account regularly kept in the course of business within the meaning of section 34 of the Evidence Act.

Regarding the second contention, we find that the learned Judge of the late High Court had given reasons for disbelieving the story of witnesses cited by the plaintiff. It cannot be said that a question of law is involved when a Judge of the Appellate Court has rejected the testimony of witnesses relied upon by the trial Court for reasons which are not apparently perverse.

In these circumstances, we see no reason for granting the applicant special leave to appeal under section 6 of the Union Judiciary Act. The application is, accordingly, dismissed with costs ; Advocate's fees being assessed at five gold mohurs.

APPELLATE CIVIL.

Before U San Maung, J.

C.C. 1962

May 25.

K. K. FAZAL MOHAMED (APPELLANT)

v.

MA MAR AND ANOTHER (RESPONDENTS). *

Dismissal for default—Restoration of appeal—What is not sufficient ground.

The fact that it was the Advocates, and not the party concerned who had been negligent in the discharge of duty is not a sufficient ground for restoration to file of the appeal which has been dismissed for default.

Ko Ko Gyi for the appellant.

Mon San Hlaing for the respondents.

U SAN MAUNG, J.—This is an application by K. K. Fazal Mohamed the appellant in Civil Second Appeal No. 55 of 1960 for the restoration to file, the appeal which had been dismissed for default on the 30th of October 1961. The application for restoration was filed on the 9th of January 1962. In the affidavit in support thereof, it is explained that the appellant had entrusted the conduct of the appeal to Advocate U Nyunt Maung and that when U Nyunt Maung subsequently became Chairman of the Income-tax Appellate Tribunal, Rangoon, U Nyunt Maung had entrusted the conduct of the appeal to U Ba Than (3). However, U Ba Than (3) has never filed any Power of Attorney in the appeal. It was the duty of U Nyunt Maung and subsequently of U Ba Than (3) to ensure the proper appearance in Court on the day fixed for hearing. The fact that it was the Advocates, and not the party concerned who had been negligent in the discharge of duty is not a sufficient ground for restoration to file of the appeal which has been dismissed for default. The application is, therefore, dismissed with no order as to costs.

* Civil Second appeal No. 55 of 1960.

CRIMINAL REVISION.

Before U Kyaw Zan U, J.

KALI MUTU (APPLICANT)

v.

THE UNION OF BURMA (RESPONDENT).*

C.C. 1962

May 4.

Registration of Foreigners Act—Pendency of application for citizenship—No bar to prosecution under—Act 66 *of* 1948—*Mere application for citizenship under—Does not automatically confer citizenship.*

There is nothing to show that it was the intention of the Legislature that no prosecution should be launched against a person pending his application for citizenship and the mere application by him for citizenship under Act No. 66 of 1948 did not automatically make him a citizen of the Union.

P. K. Dutta v. *The Superintendent, Central Jail, Rangoon and two others*, (1953) B.L.R. (S.C.) 83, referred to.

Saw Moo v. *The Union of Burma*, Criminal Revision No. 152 (B) of 1959 (H.C.) dissented from.

No one for the applicant.

Khin Maung (Government Advocate) for the respondent.

U KYAW ZAN U, J.—In Criminal Regular Trial No. 78 of 1959 of the Court of the Township Magistrate of Paung, the applicant Kali Mutu, a man of 46 years of age was prosecuted under section 5 (*1*) of the Registration of Foreigners Act for failure to report within the prescribed time as a foreigner for the purpose of registration under Rule 6 (*1*) of the rules framed under the Act and it was stated in the charge that he pleaded guilty but in Criminal Revision No. 115 of 1959 of the Court of Sessions Judge, Thaton, he filed an affidavit denying his plea of guilty. In the same affidavit he affirmed that he produced the temporary receipt which was granted to him by the Special Additional District Magistrate of Moulmein

* Criminal Revision No. 274 (B) of 1959. Review of the order of the Township Magistrate, Paung, dated the 26th May 1959 in Criminal Trial No. 78 of 1959.

C C. 1962

KALI MUTU v. THE UNION OF BURMA.

evidencing the fact that he had applied for a certificate of citizenship under section 4 (2) of the Union Citizenship Act, 1948 (Act No. 66 of 1948) which runs as follows:

"၄ (၂) ပြည်ထောင်စုတွင် ပါဝင်သော နယ်မြေတခုခုတွင် အနည်းဆုံး ဘိုးဘွားအားလုံး လက်ထက်မှစ၍ မိမိတို့၏ပင်ရင်း တိုင်းပြည်အဖြစ်ဖြင့် မျိုးဆက်မပြတ်ထာဝစဉ် အခြေစိုက်နေထိုင်လာခဲ့သည့်ပြင် မိမိ၏မိဘနှစ်ပါးနှင့်တကွ မိမိကိုယ်တိုင် ထိုနယ်မြေတခုခုတွင် မွေးဖွားသူဖြစ်လျှင်၊ ထိုသူအား မြန်မာနိုင်ငံသားဖြစ်သည်ဟု မှတ်ယူရမည်။"

Whatever it may be he was convicted and sentenced to pay a fine of K 50 or in default to suffer three months' rigorous imprisonment. It is clear from the records that at the time of the prosecution he had not received the certificate of citizenship.

Referring to *Saw Moo* v. *The Union of Burma* (1), being Criminal Revision No. 152 (B) of 1959 of the High Court decided by U Ba Nyunt, J. which conflicts with the decision of U Po On, J. in *Ye Lun* v. *The Union of Burma* (2), being Criminal Revision No. 129 (B) of 1959 of the High Court, the learned Sessions Judge of Thaton in his Criminal Revision No. 115 of 1959 recommended to this Court to set aside the conviction and sentence of the trial Court, if it deems fit to do so, on the ground that he did not know which decision he had to follow. I may mention here that there is another unreported decision of U Aung Khine, J. in Criminal Revision No. 236 (B) of 1960 which is to the same effect as the decision made by U Ba Nyunt, J. All these three cases are not reported cases. With due respect, I must dissent from the view expressed by U Ba Nyunt and U Aung Khine, JJ. Their view will encourage the foreigners to apply for citizenship whether they have any right or not under the law and

(1) Cr. Rev. No. 152 (B) of 1959 (C.H.C.)
(2) Cr. Rev. No. 129 (B) of 1959 (H.C.)

thereby evade the prosecution pending their applications which at one time used to take a very long time to be finally disposed of and in the meantime to enjoy the rights and privileges of a citizen. There is nothing to show that it was the intention of the legislature as pointed out by the learned Judges that no prosecution should be launched against a person pending his application for citizenship. In *P. K. Dutta* v. *The Superintendent, Central Jail, Rangoon and two others* (1) which was a case under the Union Citizenship (Election) Act, 1948, it was observed that a person, who applies for a certificate of citizenship merely signifies his intention to elect for citizenship of the Union and there is nothing to prevent him from changing his mind in the meantime. This observation is equally applicable to the present case as the applicant may change his mind pending the issue of the certificate by the Minister under section 6 (2) of the Union Citizenship Act (Act No. 66 of 1948) which runs as follows:

"၆ (၂) ဝန်ကြီးသည်၊ ပုဒ်မ ၄ (၂)၊ ပုဒ်မ ၅၊ ပုဒ်မ ၉ (၂) နှင့် ပုဒ်မ ၁၁ (၄) တခုခုအရသော်ငင်း၊ အခြေခံ ဥပဒေ၏ ပုဒ်မ ၁၁ အပိုဒ် (ခ) နှင့် (ဂ) တခုခုအရသော်ငင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်သည့်၊ သို့တည်းမဟုတ် ဖြစ်သည်ဟု မှတ်ယူခြင်းခံရသည့်၊ သို့တည်းမဟု ဥ်ဖြစ်သည်ဟုအသိအမှ ဥ်ပြုခြင်းခံရသည့်သူအား၊ နိုင်ငံသား လက်မှတ်ထုတ်ပေးနိုင်သည်။ ယင်းသို့ ထုတ်ပေးသည့်လက်မှတ်ပေါ်တွင် ပုဒ်မ ၆ (၂) အရ၊ ထုတ်ပေးကြောင်းကို ဖေါ်ပြရမည်။"

It cannot be gainsaid that the applicant could not be deemed to be a citizen, at least, at the time of the prosecution and his mere application for citizenship under Act No. 66 of 1948 did not automatically make him a citizen of the Union. Under section 6 (2) of the said Act it is in the discretion of the Minister empowered by the President in this respect to issue a certificate of citizenship

(1) (1953) B.L.R. 83 (S.C.)

C.C. 1962

KALI MUTU v. THE UNION OF BURMA.

to a person who is deemed to be a citizen of the Union under section 4 (2) of the said Act and he shall specify on the certificate that the grant thereof is made under section 6 (2) of the Act. Under section 6 (2), the applicant's ancestors must have, for two generations at least, permanently resided within the Union and the applicant and his parents must have been born within the Union. There is no such evidence. So long as the Minister had not issued a certificate of citizenship a doubt existed and the applicant could not be deemed to be a citizen of the Union of Burma.

I may remark here that it is most regrettable that this application has been pending for over two years. On going through the diaries I find the learned Government Advocate has asked for time after time to find out from the Ministry of Immrigration and National Registration whether the applicant is a citizen of the Union or not. The case is now put up before me and the learned Government Advocate whom I have heard has now produced the letter No. ၁၆၀/၀၀-၁ (နဂတ)/ဒု-၆၁ , dated 21st April 1962 stating that a certificate of citizenship had subsequently been issued to the applicant. Be that as it may, the point for consideration is whether he could prove to be deemed to be a citizen of the Union of Burma at the time of the prosecution. It cannot be denied that he could not be deemed to be a citizen at the time, and he had not received a certificate from the Minister. The law is clear on the point and there was no necessity to refer the matter to the Ministry or Department. The Court's duty is to interpret the law as it stands and decide the case as presented according to law without reference to any further evidence as it is not the practice of the Chief Court, or for that matter the High Court, to take further evidence in revisions, unless, of course, the Court, in the interest of justice, thinks it is necessary and is unable to

pass orders without such further evidence. The Courts are concerned only with the facts of the case existed at the time of the prosecution.

In the result the recommendation is not accepted and the proceedings are returned to the trial Court through the learned Sessions Judge of Thaton with the above remarks.

APPELLATE CRIMINAL.

Before U Kyaw Zan U, J.

C.C. 1962

May 4.

MAUNG KHIN SWE (APPELLANT)

v.

THE UNION OF BURMA (RESPONDENT).*

Burma Army Act, s. 41—Jurisdiction of Court-Martial—Exception. s. 7 (18)—"Civil Offence"—Proviso to s. 41—Keystone of—Army personnel on leave preparatory to retirement—Still in Military service and subject to military law.

Under s. 41 of the Burma Army Act every person subject to the Act who commits any civil offence shall be deemed to be guilty of an offence under military law and be triable by Court-Martial, except where the offence is murder or culpable homicide, in relation to a person *not* subject to military law, and is committed by a person not on active service. "Civil offence" as defined by s. 7 (18) of the Act is an offence which, if committed in the Union of Burma, would be triable by a criminal Court which means a Court of ordinary criminal justice in the Union of Burma.

The words "in relation to a person *not* subject to military law" are the keystone of the Proviso to s. 41 that give jurisdiction.

An army personnel on leave preparatory to retirement from Army is still in military service and subject to military law, and where he was murdered during such period by another army personnel who was not on active service as defined in s. 7, clause (13) of the Burma Army Act, the murder was a Civil Offcence not triable by a criminal Court.

The Union of Burma v. *Tun Kyi* (1958), B.L.R. (H.C.) 231; *Gwan Shein* v. *The Union of Burma* (1959), B.L.R. (H.C) 129, distinguished.

U Kyaw (1) for *Po Shin* for the appellant.

U Hnit (Government Advocate) for the respondent.

U KYAW ZAN U, J.—This is an appeal by Maung Khin Swe who at the time of the occurrence, which took place on 28th January 1959 at about 5 p.m. was a private of the Tank Unit No. 2 of the Burma Army stationed at Hmawbi against his conviction under section 304 (1) of

* Criminal Appeal No. 390 of 1960 from the order of the First Special (Sessions) Judge, Insein, dated the 2nd June 1960, in Criminal Regular Trial No. 10 of 1959.

the Penal Code and sentence of transportation for life for the alleged murder of Kappalaing a Chin Army Sergeant of the same Unit.

The learned First Special (Sessions) Judge of Insein who tried the case held that the case being murder or culpable homicide not amounting to murder, the Civil Court had jurisdiction to try it and that no sanction whatsoever of the competent military authority was necessary relying upon the Proviso to section 41 of the Burma Army Act (Act No. 10 of 1956) which runs as follows:

> "Provided that a person subject to this Act who at any time within the Union of Burma or at any place . . . . . and while not on active service, commits the offence of murder or culpable homicide not amounting to murder in relation to the person not subject to military law, or the offence of rape, shall not be deemed to be guilty of an offence against military law and shall not be tried by a Court-Martial."

In his quotation of the Proviso in the judgment, however, the most relevant phrase was left out. The phrase "in relation to the person not subject to military law" between the words "murder" and "or" is the phrase and naturally he wrongly interpreted the law and took cognizance of the case without having any jurisdiction, and consequently the entire trial is vitiated.

Under Section 41 of the Burma Army Act every person subject to the Act who commits any civil offence shall be deemed to be guilty of an offence under military law and be triable by Court-Martial, except where the offence is murder or culpable homicide, in relation to a person *not* subject to military law, and is committed by a person not on active service. "Civil Offence" as defined by Section 7 (18) of the Act is an offence which, if committed in the Union of Burma, would be triable by a criminal Court which means a Court of ordinary criminal justice in the

C.C. 1962

MAUNG KHIN SWE v. THE UNION OF BURMA.

Union of Burma. The offence in the instant case is therefore a "Civil Offence". The words "in relation to a person *not* subject to military law" are the keystone of the Proviso to Section 41 that give jurisdiction. "Active Service" as defined by Section 7, clause (13) of the Act means the time the person subject to the Act is attached to, or forms part of, a force which is engaged in operations against an enemy, or is engaged in military operations in, or is on the line of march to, a country or place wholly or partly occupied by an enemy, or is in military occupation of any foreign country. As there is no evidence that the appellant was engaged in any operations or was on the line of march he was not on "Active Service". The term "operation" is not defined in the Burma Army Act but in ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတော်စစ်တပ်ကိုကာကွယ်ရေးစစ်ဆင်မှုအဖွဲ့ဥပဒေ. (Act No. 10 of 1956) Section 2 (*c*) defines it as an operation to suppress the enemies as ordered by the Ministry of Defence or Office of the Defence Headquarters. This definition will help to explain the term "operations" occurring in the definition of "Active Service" under Section 7 (13) of the Act. According to Oxford Dictionary "operation" means strategic movement of troops. My learned Brother U Saw Ba Thein, J. who first heard this appeal rightly remanded the case to the trial Court to come to a finding whether the deceased Kappalaing was or was not subject to military law or in other words whether he was still a member of the Burma Army at the time of the alleged murder for there is evidence on the record that he was still residing in the military barrack though he had applied for his pension.

The learned trial Judge assumed that he was pensioned off but Ko Tha Myint (PW 9) of the Burma Army deposed that the deceased had applied for pension but he had not received it then. Ko Tun Maung (PW 8) stated, "The deceased Kappalaing was from our Unit. He applied for

pension and before he received it he continued living in the Unit". On the case being remanded as aforesaid the trial Court examined Bo Mya Gyi (PW 13) who deposed that the deceased on the date of occurrence 28th January 1959 was on leave preparatory to retirement. Exhibit ∞ copy of the record shows that he was granted 120 days earned leave from 1st December 1958 to 30th March 1959. It says that he would be discharged from service with effect from 30th March 1959 only. It is therefore clear that he was still in military service at the time of the occurrence and was still subject to military law. Section 17 of the Act says "Every enrolled person who is dismissed or discharged from the service, shall be furnished by his Commanding Officer with a certificate setting forth (*a*) the authority dismissing or discharging him; (*b*) the cause of his dismissal or discharge; and (*c*) the full period of his service in the Army;" Under Section 30 (*e*) of the Burma Army Act, if, being on leave of absence he fails to report for duty on receiving information from proper authority that the Unit to which he belongs has been ordered on active service he commits an offence. Whatever may be the position under section 2 (2) of the Act every person subject to the Act shall remain so subject until duly retired from the service. The deceased must therefore be retired by the authority and in such manner as may be prescribed and he should be furnished by his Commanding Officer with a certificate as required. As he would be discharged on retirement only on 30th March 1959 he would not get his certificate at the time of the murder 28th January 1959.

It will not be proper to discuss and weigh the evidence in the case as the accused will have to be surrendered back to the military authority to stand a proper trial before a competent Court-Martial. Reading the lower Court's record including the confession of the appellant

C.C. 1941

MAUNG KHIN SWE v. THE UNION OF BURMA.

(Exhibit ၁) it appears that the appellant fell in love with the deceased's wife Ma Khin Mya, a co-accused who was discharged, and at her alleged instigation he planned to murder the deceased by digging a pit ready for his burial and on the date of the occurrence while they were drinking with Myo Kyi, a co-accused who was acquitted, the deceased was to have kicked the appellant saying that the latter made love to his wife (Ma Khin Mya) and attempted to stab the appellant with a dagger when Myo Kyi stabbed the deceased in the back and the appellant, getting the deceased's dagger, also gave a stab with it once and the deceased fell while running away. The dead body was then buried in the pit kept ready.

Since both the appellant and the deceased were not on active service and were subject to Burma Army Act and the offence committed being murder or culpable homicide not amounting to murder was a Civil Offence the conviction and sentence are quashed as the trial Court had no jurisdiction to try the case. *The Union of Burma* v. *Tun Kyi* (1) and *Gwan Shein* v. *The Union of Burma* (2) are distinguishable. In those cases the offence committed was " in relation to a person *not* subject to military law ". In the instant case it is a case of a soldier against a soldier. The entire trial by the Civil Court being illegal the accused must be handed over to the military authority for re-trial under section 549 of the Code of Criminal Procedure read with paragraphs 510/511 of the Courts Manual.

(1) (1958) B.L.R. p.231 (H.C.) (2) (1959) B.L.R. p.129 (H.C.)

CIVIL MISCELLANEOUS APPLICATION

Before U San Maung, J.

MONY (APPLICANT)

v.

MA THIN SEIN (RESPONDENT).*

C.C. 1962

May 4.

Union Judiciary Act, s. 20—Necessary certificate—Who must give—Effect of abolition of High Court on application under.

Under s. 20 of the Union Judiciary Act, the necessary certificate that a case is a fit one for further appeal to a Bench must be given by the Judge of the High Court who had himself passed the judgment.

Ma Than v. *Maung Ba Gyaw*, I.L.R. 3 Ran. 546 (F.B.), referred to.

But a Judge of the High Court who has been re-appointed a Judge of the Chief Court on the abolition of the High Court during the pendency of an application under s. 20 of the Union Judiciary Act is not competent to grant the necessary certificate for further appeal from his judgment as Judge of the High Court to a Bench and no other person can give the certificate.

Tun Lwin (3) for the applicant.

No one for the respondent.

U SAN MAUNG, J.—On the 23rd of December 1961, U Saw Ba Thein, Judge of the late High Court passed a judgment in Civil First Appeal No. 18 of 1960, wherein he allowed the appeal of Ma Thin Sein who was the defendant in Civil Regular Suit No. 1009 of 1956 of the City Civil Court of Rangoon and directed that the suit filed against her by the plaintiff Mony be dismissed with costs. Being dissatisfied with the judgment and decree of U Saw Ba Thein, Judge of the late High Court, the plaintiff Mony filed an application on the 22nd of January 1962, before the late High Court for a certificate by the Judge concerned that the case was a fit one for further appeal to a Bench. This was dealt with in Civil

* Civil Misc. Application No. 7 of 1962 under s. 20 of the Union Judiciary Act.

C.C. 1962

MONY v. MA THIN SEIN.

Miscellaneous Application No. 7 of 1962 which remained pending on the 1st of April 1962, when the High Court was abolished by Proclamation No. 25 of the Revolutionary Council dated the 30th of March 1962, published in Part I of the *Burma Gazette*, dated the 7th of April 1962.

By that proclamation, it is directed that all proceedings pending before the late High Court should be deemed as pending before the Chief Court and the Chief Court shall also exercise the powers of the High Court. U Saw Ba Thein, Judge of the late High Court, has been re-appointed as a Judge of the Chief Court. Therefore, a question has now arisen whether the present application by Mony under section 20 of the Union Judiciary Act for a certificate that the case is a fit one for further appeal to a Bench is still maintainable.

Now, under section 20 of the Union Judiciary Act, the necessary certificate must be given by the Judge of the High Court who had himself passed the judgment. In this respect section 20 of the Union Judiciary Act corresponded to Clause 13 of the Letters Patent of the late High Court of Judicature and in *Ma Than* v. *Maung Ba Gyaw* (1), it has been held that Clause 13 of the Letters Patent restricted the grant of a certificate declaring that the case is a fit one for appeal to the Judge who passed the judgment.

U Saw Ba Thein has no doubt been re-appointed as a Judge of the Chief Court but he is no longer a Judge of the High Court and as such he cannot give any certificate which is required by the applicant Mony under section 20 of the Union Judiciary Act. No other person can give the same certificate.

Accordingly the present application under section 20 of the Union Judiciary Act must be dismissed.

(1) I.L.R 3 Ran., p. 546 (F.B).

APPELLATE CRIMINAL

Before U Bo Gyi, C.J., and U San Maung, J.

U THA YIN (APPELLANT)

v.

U SEIN MAUNG (RESPONDENT).*

C.C. 1962

May 17.

Criminal Procedure Code, s. 514 (3)—*Sale of moveable property for non-payment of sum forfeited by surety—Subject to confirmation by Court*, s. 515—*Sale open to revision under—notice to purchaser not compulsory before setting aside sale—To be read with* s. 440—*No right to be heard—Discretion of Court*, s. 440—*Provisions of—Not confined to High Court—Extends to all Courts exercising revisional powers.*

A sale under s. 514 (3) of the Criminal Procedure Code of moveable property which had been attached for non-payment of the sum forfeited by the surety is subject to confirmation by the Court. Accordingly, such a sale is open to revision by a superior authority under s. 515 of the Criminal Procedure Code.

In a revision proceedings under s. 515 of the Code of Criminal Procedure to set aside the sale under s. 514 (3) notice to the purchaser is not compulsory. In this connection s. 515 of the Criminal Procedure Code will have to be read with s. 440 thereof, which enacts that no party has any right to be heard either personally or by pleader before any Court when exercising its powers of revision, although the Court may, if it thinks fit, hear any party either personally or by pleader when exercising such powers.

The provisions of s. 440 of the Criminal Procedure Code are not confined to the High Court and the word "any Court" occurring therein extends its provisions to all Courts exercising powers of revision.

U Aye for the appellant.

Mon San Hlaing for the respondent.

U SAN MAUNG, J.—In Criminal Regular Trial No. 187 of 1956 of the 1st Additional Magistrate, Danubyu, U Sein Maung who is the respondent in the present appeal under section 6 of the Union Judiciary Act, and one, U Ba Sin, stood as sureties for the production by the accused of a Dodge Jeep Car bearing No. R.C. 9847. The car was, however, not produced when called upon and the 4th

* Criminal Appeal No. 4 of 1961 from the order of the High Court (Appellate Side), dated the 21st October 1960 in Criminal Revision No. 126 (B) of 960, under s. 6 of the Union Judiciary Act.

C.C. 1962

U THA YIN v. U SEIN MAUNG.

Additional Magistrate of Yandoon in his Criminal Miscellaneous Case No. 6 of 1957, ordered the bond given by U Sein Maung and U Ba Sin to be forfeited under section 515 of the Criminal Procedure Code and the sum of K 3,500 to be paid by these persons. On failure of U Sein Maung and U Ba Sin to pay this amount, a warrant for the attachment of another Dodge Jeep Car No. R.C. 4540 in the possession of the respondent U Sein Maung was issued on the 10th of April 1957 and this car was seized by the Police Station Officer, Danubyu, on the 18th of April 1957. After its seizure by the Police Station Officer, Danubyu, Car No. R.C. 4540 was requisitioned by the Defence Forces and it was not returned till a month later. In the meantime, U Sein Maung questioned the legality of the seizure of his car but his application for revision was dismissed by the late High Court in its Criminal Revision No. 146 (B) of 1959. Thereafter, the 4th Additional Magistrate, Yandoon, issued a second warrant of attachment of the car on the 6th October 1959, with orders to sell the same upon the failure of U Sein Maung to pay the sum forfeited by him. This warrant was returnable on the 31st of October 1959. The Police Station Officer, Danubyu, then seized the car and allegedly sold it on the 11th of October 1959, to the present appellant U Tha Yin for a sum of K 4,000. He did not, however, send the report regarding the sale of the car till the 24th of October 1959.

In the meantime, on the 22nd of October 1959, the respondent U Sein Maung filed an application before the 4th Additional Magistrate, Yandoon, to attach and sell the houses which he and his co-surety U Ba Sin had mentioned in the security bond, rather than his Dodge Jeep Car No. R.C. 4540. The 4th Additional Magistrate, Yandoon, then sent a order to stay the sale of the car but, as already mentioned above, the car having been sold on

the 11th of October 1959, this order came too late. U Sein Maung then made an application to the District Magistrate, Maubin, to set aside the sale of his car on the ground, *inter alia*, that it was worth K 10,000 and that the sale to the present appellant U Tha Yin was in pursuance of a collusion between him and the Police Station Officer, Yandoon. The matter was taken up by the Additional District Magistrate, Maubin, who set aside the sale without issuing any notice to the present appellant U Tha Yin. U Tha Yin then appealed to the late High Court and on its dismissal on the 21st October 1960, filed the present appeal.

Two main grounds have been urged by the learned Advocate for the appellant U Tha Yin. Firstly, that by the sale of the car in pursuance of the warrant of the 4th Additional Magistrate, Yandoon, the title in the car had passed to the appellant U Tha Yin and therefore, it was wrong for the Additional District Magistrate to have set aside the sale. In support of this contention he has cited the case of *Maung Aye Maung* v. *A. Scott & Co. and others* (1), which was a decision in connection with the sale of moveable property in execution of a money decree. Secondly, that the Additional District Magistrate, Maubin, was wrong in setting aside the sale on the ground that there had been collusion between U Tha Yin and the Police Station Officer, Yandoon, without giving an opportunity to U Tha Yin to rebut this allegation.

Regarding the first contention, we are of the opinion that a sale under section 514 (3) of the Criminal Procedure Code of the moveable property which had been attached for non-payment of the sum forfeited by the surety is subject to confirmation by the Court. Accordingly, such a sale is open to revision by a superior authority under section 515 of the Criminal Procedure Code.

(1) (1939) R.L.R. 649.

C.C. 1962

U THA YIN v. U SEIN MAUNG.

Regarding the second contention, we are of the opinion that in a revision proceedings under section 515 of the Code of Criminal Procedure to set aside the sale under section 514 (3) notice to the purchaser is not compulsory. In this connection section 515 of the Criminal Procedure Code will have to be read with section 440 thereof, which enacts that no party has any right to be heard either personally or by pleader before any Court when exercising its powers of revision, although the Court may, if it thinks fit, hear any party either personally or by pleader when exercising such powers. It has been contended that because the provisions of section 439, sub-section (2), have been mentioned as an exception to section 440 of the Criminal Procedure Code that the word " Court " appearing in section 440 must refer to the High Court. However, we are of the opinion that the provisions of section 440 of the Criminal Procedure Code are not confined to the High Court and that the words " any Court " occurring therein extends its provisions to all Courts exercising powers of revision.

On the merits we are of the opinion that even if there had been no collusion between the Police Station Officer, Yandoon and the appellant U Tha Yin, the order of the learned Additional District Magistrate, Maubin, setting aside the sale of the respondent's car is justified on the ground that the sale was not by public auction but by private treaty between the Police Station Officer and U Tha Yin, and the price fetched was far below its real value.

For these reasons, we consider that there is no ground for interference under section 6 of the Union Judiciary Act of the orders of the late High Court appealed against. In the result the appeal fails and is dismissed.

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီး နှင့် တရားသူကြီး ဦးစံမောင်တို့ ရှေ့မှောက်တွင်

ဒေါ်စိန်မြ (အယူခံတရားလို)

နှင့်

ဒေါ်ပျော့ပါ ၄ (အယူခံတရားလိုများ) *

၁၉၆၂

မေလ ၁၀ ရက်။

သက်သေခံအက်ဥပဒေပုဒ်မ ၈၅၊ ကိုယ်စားလည်စာ၊ မည်သည့်အခါရုံးတော်က၊ အသိအမှတ်ပြုရမည်ဖြစ်သည်၊ အကယ်ပင် ချုပ်ဆိုသည်၊ မချုပ်ဆိုသည်ကို သက်သေထင်ရှားပြရာ၌ အသုံးပြုနည်းတရပ်၊ အခြားသက်သေထင်ရှား ပြနည်းကို မပိတ်ပင်။

ဆုံးဖြတ်ချက်။ ။သက်သေခံအက်ဥပဒေပုဒ်မ ၈၅ အရဆိုလျှင် ကိုယ်စားလှယ်စာသဘော သက်ရောက်သော စာရွက်စာတမ်းတခုကို၊ ထိုပုဒ်မပါ ပုဂ္ဂိုလ်တဦးဦး ရှေ့မှောက်တွင်၊ ကိုယ်စားလည်ခန့်အပ်သူက လက်မှတ်ရေးထိုးပြီး၊ ထိုပုဂ္ဂိုလ်ကပင် ယင်းလက်မှတ်ရေးထိုးကြောင်. ထောက်ခံမှသာလျှင် ရုံးတော်က အသိအမှတ်ပြုရမည်ဖြစ်သည်။

သို့သော်ငြားလည်း၊ သက်သေခံအက်ဥပဒေပုဒ်မ ၈၅ မှာ ကိုယ်စားလည်စာကို ခန့်အပ်သူက၊ အကယ်ပင်ချုပ်ဆိုသည်၊ မချုပ်ဆိုသည်ကို သက်သေထင်ရှားပြရာ၌ အသုံးပြုနည်းတရပ်သာဖြစ်သည်။ ထိုအချက်နှင့် စပ်လျဉ်း၍ အခြားသော သက်သေထင်ရှား ပြနည်းတို့ကို ပိတ်ပင်သည်ဟု မယူဆနိုင်ပေ။

အယူခံတရားလိုအတွက်။ ။မင္ဒတာ စီဇီခုံး လို့က်ပါ ဆောင်ရွက်သည်။

အယူခံတရားခံများအတွက်။ ။မင္ဒတာအာရ်ဂျဂနသန် လို့က်ပါ ဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် မူလက အယူခံ တရားလို ဒေါ်စိန်မြ နှင့် ၎င်း၏ ခင်ပွန်း ဦးသိန်း (ယခုကွယ်လွန်သူ) တို့သည်၊ အယုခံတရားခံ ဒေါ်ပျော့နှင့် ၎င်း၏ ခင်ပွန်း ဦးပိုက် (ယခုကွယ်လွန်သူ) တို့အား၊ အင်းစိန်အပိုင်၊ ကံဘဲရွှိ အခင်းဖြစ်အိမ်နှင့် မြေကို လက်ရောက် ရရှိရန်အတွက် တရားစွဲဆိုခဲ့လေသည်။ အမှုအတောအတွင်းတွင်၊ ဦးသိန်း ကွယ်လွန်အနိစ္စရောက်၍ ဒေါ်စိန်မြ အပြင် အမွေစား အမွေခံ မကျန်ရစ်ခေ့။ ဦးပိုက်လည်း ကွယ်လွန် အနိစ္စရောက်၍၊ ၎င်း၏ အမွေစား အမွေခံ သားသမီးများဖြစ်သူ ဦးခင်ဇော်၊ မဘောဘီ၊ မညွှာညွှာတို့ကို အမှုတွင် ထည့်သွင်း တရားစွဲဆိုလေသည်။ ဒေါ်စိန်မြတို့၏ အဆိုအရမှာ၊ မိမိတို့သည်၊ အခင်းဖြစ် အိမ်နှင့် မြေကို ပိုင်ရှင်

* ၁၉၅၈ ခုနှစ်၊ တရားမ ပဌမအယူခံမှု အမှတ် ၅၄။

၁၉၆၂

ဒေါ်စန်မြ နှင့် ဒေါ်ပျော့ ပါ ၄။

မစ္စတာ ကေ-ဗွီ-ဆန်ကရမ်ထံမှ· တန်ဘိုးနှင့် ဝယ်ယူ ရရှိကြောင်း။ ဦးပိုက်နှင့် ဒေါ်ပျော့တို့သည်၊ ထိုအိမ်ပေါ်သို့ ကျူးလွန် တက်ရောက် နေထိုင်ကြောင်းဖြင့် တရားစွဲဆိုလေသည်။ ဦးပိုက်နှင့် ဒေါ်ပျော့တို့က၊ ဦးသိန်းနှင့် ဒေါ်စိန်မြတို့၊ အခင်းဖြစ်ပစ္စည်းကို ပိုင်ဆိုင်ကြသည်ဆိုသည့် အချက်ကို ငြင်းဆိုကြ၏။ ၎င်းတို့က ချေပသည်မှာ၊ အခင်းဖြစ် အိမ်ကို မူလပိုင်ရှင် မစ္စတာ ကေ-ဗွီ-ဆန်ကရမ်ထံမှငါးရမ်း နေထိုင်ခဲ့ကြောင်း။ သို့နေထိုင်စဉ်အတွင်း၊ မိမိတို့နှင့် အိမ်ရှင်သည် ထိုအိမ်နှင့် မြေကို ၎ ၄,၅၀၀ ကျပ်ဖြင့် အရောင်းအဝယ် ပြုလုပ်ရန် သဘောတူညီကြကြောင်း။ ယင်းသို့ သဘောတူညီသည့် အတိုင်းလည်း၊ အလီလီ ၎ ၉၀၀ ကျပ် ပေးသွင်းပြီးကြောင်းဖြင့် ထုချေကြလေသည်။

ကောက်ချက်များ ထုတ်နုတ်ရာ၌၊ မူလတရားသူကြီးသည်၊ ဦးပိုက်-ဒေါ်ပျော့ထို့က တဘက်၊ မစ္စတာ ကေ-ဗွီ-ဆန်ကရမ်ကတဘက်၊ အခင်းဖြစ် အိမ်ကို အရောင်းအဝယ် ပြုလုပ်ရန် သဘောတူညီကြသည် ဆိုသည့်အချက်နှင့် စပ်လျဉ်း၍သာ၊ ကောက်ချက်များ ထုတ်လေသည်။ သက်သေများ စစ်ဆေး၍ ပညာရှိ ရှေနေကြီးများအား တမှုလုံး အတွက် ကြားနာပြီး နောက်မှသာ ဆက်ခံသော တရားသူကြီးက၊ အခင်းဖြစ် အိမ်နှင့် မြေကို၊ တရားလိုများ ပိုင်ဆိုင်သလောဟူသည့် ကောက်ချက်ကို ထပ်မံ ထုတ်လေသည်။ ယင်းသို့ ကောက်ချက်များ ထပ်မံ ထုတ်ပြီးနောက်၊ ထိုတရားသူကြီးသည်၊ မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၃၃ (၁) (ဂ) ကို အကို အကားပြုပြီး ၊ မစ္စတာ ကေ-ဗွီ-ဆန်ကရမ် အိန္ဒိယပြည်တွင် ရှိစဉ်၊ ၎င်း၏ ကိုယ်စားလည်၊ ဗွီ-အာ (ရ်) ပတ် (ဒ်) မန်နဘာအာရား အား၊ ကိုစားလည် စာသက်သေခံအမှတ် (ခ) ဖြင့် ခန့်အပ်သည်ဆိုရာ၊ ထိုကိုယ်စားလည် စာကို အထက် ဖေါ်ပြပါ ပုဒ်မ ၃၃ (၁) (ဂ) တွင် ပါရှိသည့်၊ ပုဂ္ဂိုလ်တဦးဦး ရှေ့မှောက်တွင် ချုပ်ဆို၍၊ ထိုပုဂ္ဂိုလ်က အထောက်အခံပြုသည်ကို မတွေ့ရှိရသဖြင့်၊ ထိုကိုယ်စားလည်စာမှာ တရားမဝင်ဟု ဆုံးဖြတ်ပြီးလျှင်၊ အမှုကို ပလပ်လိုက်သည်။

အမှန်အားဖြင့် ဆိုသော်၊ မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၃၃ သည်၊ ယင်း အက်ဥပဒေ ပုဒ်မ ၃၂ ကိုရည်ညွှန်း၍ပြဋ္ဌာန်းထားသည်ကိုတွေ့ရသည်။ ထိုအက်ဥပဒေပုဒ်မ ၃၂ မှာ မှတ်ပုံတင် အရာရှိထံ တင်သွင်းရန် စာရွက်စာတမ်းကို၊ မည်သူတင်သွင်းနိုင်ကြောင်း ဖြင့်သာ ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ယခုအမှုတွင်မူကား၊ အခင်းဖြစ် အိမ်နှင့် မြေကို အရောင်းအဝယ်ပြုသည်ဆိုသော သက်သေခံ အမှတ် (က) စာချုပ်ကို၊ ရောင်းသူ၏ ကိုယ်စားလည် မစ္စတာ ဗွီ-အာ(ရ်)ပတ်(ဒ်) မန်နဘာအာရားက၊ မှတ်ပုံတင် အရာရှိထံ တင်သွင်းသည်မဟုတ်။ မှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၃၂ (က) အရ တင်သွင်းခွင့်ပြုထားသော ဝယ်ယူသူ တဦးဖြစ်သည့် ဦးသိန်း ကိုယ်တိုင် တင်သွင်းခြင်းဖြစ်သည်။ ထို့ကြောင့် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင် အရာရှိထံ တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ တရားဥပဒေအရ ချွတ်ယွင်းချက် ရှိသည်ဟု မဆိုနိုင်ပေ။

၁၉၆၂

ဒေါ်စိန်မြနှင့် ဒေါ်ပျော့ ပါ ၄။

အယူခံ တရားခံ ဒေါ်ပျော့တို့၏ ပညာရှိ ရွှေနေကြီးက၊ သက်သေခံ အက်ဥပဒေ ပုဒ်မ ၈၅ ကို ညွှန်း၍၊ ကိုယ်စားလည် စာသက်သေခံ အမှတ် (ခ) မှာ၊ ထိုပုဒ်မ ၈၅ ပါ၊ ပြဋ္ဌာန်းချက်များအတိုင်း၊ မစ္စတာ ကေ-ဗွီ-ဆန်ကရမ်က ချုပ်ဆို၍၊ ထောက်ခံခြင်း မပြုခဲ့သဖြင့်၊ ထိုကိုယ်စားလည် စာသက်သေခံ အမှတ် (ခ) ကို၊ မစ္စတာ ကေ-ဗွီ-ဆန်ကရမ် အာကယ်ပင် ချုပ်ဆိုသည်ဟု မယူဆနိုင်ကြောင်းဖြင့် လျှောက်လဲ၏။ သက်သေခံ အမှတ် (ခ) ကိုယ်စားလည် စာကို လေ့လာ သုံးသပ်ရာ၌၊ ၎င်းကို သက်ဆိုင်ရာ မှတ်ပုံတင် အရာရှိ ရွှေမှောက်တွင်၊ ၁၉၅၀ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့၌ မစ္စတာ ကေ-ဗွီ ဆန်ကရမ်က ချုပ်ဆိုပြီး၊ ထိုလ ၂၀ ရက်နေ့ကျမှသာလျှင် ရာဇဝတ်တရားသူကြီးတဦး ရွှေမှောက်တွင်၊ ၎င်းက လက်မှတ် ရေးထိုးကြောင်း ပေါ်လွင်၏။ သက်သေခံ အက်ဥပဒေပုဒ်မ ၈၅ အရဆိုလျှင် ကိုယ်စားလည် စာသဘောသက်ရောက်သော စာရွက် စာတမ်းတခုကို၊ ထိုပုဒ်မပါ ပုဂ္ဂိုလ် တဦးဦး ရွှေမှောက်တွင်၊ ကိုယ်စားလည် ခန့်အပ်သူက လက်မှတ် ရေးထိုးပြီး၊ ထိုပုဂ္ဂိုလ်ကပင် ယင်းသို့ လက်မှတ် ရေးထိုးကြောင်း ထောက်ခံမှသာလျှင် ၎င်းတော်က အသိအမှတ် ပြုရမည် ဖြစ်သည်။ ထို့ကြောင့် သက်သေခံ အမှတ် (ခ) ကိုယ်စားလည် စာသည် သက်သေခံ အက် ဥပဒေပုဒ်မ ၈၅ တွင် အကျုံးမဝင်ဟု ဆုံးဖြတ်ရမည် ဖြစ်သည်။

သို့သော်ငြားလည်း၊ သက်သေခံ အက်ဥပဒေ ပုဒ်မ ၈၅ မှာ ကိုယ်စ ားလည်စာကို ခန့်အပ်သူက၊ အာကယ်ပင် ချုပ်ဆိုသည်၊ မချုပ်ဆိုသည်ကို သက်သေ ထင်ရှားပြရာ၌ အသုံးပြုနည်းတရပ်သာဖြစ်သည်။ ထိုအချက်နှင့် စပ်လျဉ်း၍ အခြားသော သက်သေ ထင်ရှား ပြနည်းတို့ကို ပိတ်ပင်သည်ဟု မယူဆနိုင်ပေ။

အထက် ဖော်ပြပါ အကြောင်းများကြောင့်၊ မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပယ်ဖျက်ပြီးလျှင်၊ ထုတ်နုတ်ထားသော ကောက်ချက်များနှင့် စပ်လျဉ်း၍၊ အမှုသည်များအား သက်သေတင်ပြခွင့်ပြုပြီး၊ အမှုကိုအပြီး အပြတ် ဆုံးဖြတ်စေရန် အမိန့်ချမှတ်လိုက်သည်။

ဤရုံးတော် ရွှေနေမှာ ငွေ ၁၇၀ ကျပ် ဖြစ်စေရမည်။

ဤရုံးတော် အယူခံလွှာတွင်၊ အယူခံလွှာ အတွက် ပေးသွင်းသော ရုံးခွန်တော်ကို အယူခံ တရားလိုတို့အား ပြန်လည် ပေးအပ်စေရန်အမိန့် ချမှတ်လိုက်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ ရှေ့မှောက်တွင်

ဘရာမာနန်ဒိဘိယာရာ (အယူခံတရားလို)

နှင့်

ရမ်ဆမုဂျိချောင်ဒူရီ ပါ ၂ (အယူခံတရားခံများ) *

၁၉၆၂

မေလ ၂၄ ရက်။

တရားမကျင့်ထုံး၊ အမိန့် ၂၀၊ နည်းဥပဒေ ၁၁ (၂)၊ ဒေ့ကိုအရစ်ကျပေးသွင်းရန် ရုံးတော်က အမိန့်ချနိုင်ခြင်း၊ နည်းဥပဒေ ၁၁ (၁) နှင့် ဖဲ့ဖက်၍ ဖတ်ရှုရမည်၊ ရုံးတော်က သဘောအတိုင်း ချမှတ်နိုင်သော ဒီကရီ၊ နည်းဥပဒေ ၁၁ (၂) အရ၊ ရုံးတော်က မချနိုင်သောအမိန့်။

နှစ်ဦးနှစ်ဘက် သဘောတူညီချက်ဖြင့် ချမှတ်သော ဒီကရီကို မည်ကဲ့သို့သော အကြောင်းပြချက်ဖြင့်ပယ်ဖျက်ရမည်။

ကာလစည်းကမ်းသတ် အက်ဥပဒေ၊ စာရင်း ၁၊ ပုဒ်မ ၁၇၅ ဒီကရီကျပြီး ၆ လအတွင်း လျှောက်ထားရမည့်ကိစ္စ။

ဆုံးဖြတ်ချက်။ ။တရားရုံးက တရားနိုင်အား၊ ဒီကရီအရ ပေးဆပ်ရန်ရှိသောငွေကိုအရစ်ကျပေးသွင်းခြင်းကိစ္စနှင့် ပတ်သက်၍၊ သာမန်ငွေ ဒီကရီမျိုးဆိုလျှင်၊ တရားမကျင့်ထုံး အမိန့် ၂၀၊ နည်းဥပဒေ ၁၁ (၂) အရ၊ ကာလစည်းကမ်းသတ်ကို ထောက်ထား၍ ရုံးတော်က အရစ်ကျ ပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်၊ သို့သော်-ထိုနည်းဥပဒေ ၁၁ (၂) ကို၊ နည်းဥပဒေ ၁၁ (၁) ပါပြဋ္ဌာန်းချက်များနှင့် တဲ့ဖက်၍ ဖတ်ရှုရမည်ဖြစ်သည်၊ နည်းဥပဒေ ၁၁ (၁) တွင် ဖေါ်ပြထားသောငွေဒီကရီမှာ၊ အပူအကြောင်းခြင်းရာနှင့် သက်ဆိုင်ရာ ဥပဒေကို လေ့လာသုံးသပ်ပြီး၊ ရုံးတော်က သဘောအတိုင်း ချမှတ်သော ဒီကရီဖြစ်သည်။

နှစ်ဦးနှစ်ဘက် သဘောတူညီချက်ဖြင့် တရားခံက တရားလိုသို့ ပေးဆပ်ရန်ရှိသော ငွေများကို၊ တလလျှင် ငွေ ၃,၀၀၀ အရစ်ကျ ပေးဆောင်၍၊ အရစ်ကျငွေ တရပ်ရပ်ကို ပေးဆောင်ရန် တရားခံက ပျက်ကွက်လျှင် မပြေကျန်ဒေနာအားလုံးကို ရရှိရန်အာဘက် တရားလိုက ဇာဂီပြုလုပ်နိုင်စေဟု ရုံးတော်က ဒီကရီချထားရာ၊ တရားခံက အရစ်ကျငွေတရပ်ကို ပေးရန်ပျက်ကွက်သဖြင့် တရားလိုက မပြေကျန်ငွေ အားလုံးကို ရရှိရန် ဇာဂီပြုလုပ်သောအမှုတွင် တရားခံက ငင်းငွေကို တလလျှင် ငွေ ၅၀၀ အရစ်ကျ ပေးဆောင်ရန် လျှောက်ထားသည်ကို ရုံးတော်က တလလျှင် ငွေ ၁,၀၀၀ အရစ်ကျပေးဆောင်စေဟု အမိန့်ချမှတ်ခြင်းသည်၊ တရားမကျင့်ထုံးအမိန့် ၂၀၊ နည်းဥပဒေ ၁၁ (၂) အရ ဒီကရီမပြေကျန်ငွေကို အရစ်ကျပေးဆောင်ရန် ရုံးတော်က ချမှတ်နိုင်သော အမိန့်မဟုတ်ပေ။

အမှုသည် နှစ်ဦးနှစ်ဘက်၏ သဘောတူညီချက်ဖြင့် ချမှတ်သော ဒီကရီကို လိမ်လည်လှည့်ဖြားခြင်း ရယူပါသည်ဆိုသော အကြောင်းပြချက်နှင့် အလားတူ အကြောင်းပြချက်များဖြင့် တရားတထုံးစွဲဆို၍ ပယ်ဖျက်ရမည်ဖြစ်သည်။

---

* ၁၉၆၁ ခုနှစ်၊ တရားမ အထွေထွေအယူခံမှု အမှတ် ၉။

Fatmabai v. *Sonbai*, I.L.R. 36 Bom. 77; *J.C.Galstaun* v. *Pramathamath Ray*, I.L.R. 57 Cal. 154 တို့ကို ရည်ညွှန်းသည်။

၁၉၆၂

ဘရုမဒတ်နှင့် ဒီဘီယာရာနှင့် ရမ်ဆမုဂ်ချောင်ဒူရီပါ ၂။

ကာလစည်းကမ်းသတ် အက်ဥပဒေစာရင်း ၁၊ ပုဒ်မ ၁၇၅ အရ၊ ဒီကရီကျန်ငွေကို အရစ်ကျပေးဆောင်ရန်အတွက်၊ ဒီကရီချမှတ်ပြီး၊ ၆ လအတွင်းသာ လျော်ကထားနိုင်သည်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ ဘနာဂျီး လိုက်ပါ ဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။ဦးအောင်မင်း (၂) လိုက်ပါ ဆောင်ရွက်သည်။

ထရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် ယခုအယူခံတရားလိုက၊ အယူခံတရားခံများအား တရားလွှတ်တော်၊ မူလဘက်ဆိုင်ရာ ရုံးတော်၌၊ ငွေ ခုနှစ်သောင်းကျော် ရရှိရန်အတွက် တရားစွဲဆိုရာ၊ အမှုသည်အားလုံး၏ သဘောတူချက်ဖြင့်၊ ရုံးတော်က ဒီကရီချမှတ် လိုက်သည်။ ယခုအယူခံမှုနှင့် သက်ဆိုင်သမျှ ဖေါ်ပြရမည်ဆိုလျှင်၊ ထိုနှစ်ဦး နှစ်ဘက် သဘောတူ ဒီကရီအရမှာ၊ တရားစွဲဆိုသော ငွေ၊ ရုံးစရိတ်နှင့် အတိုးအားလုံးကို၊ ၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးထား၍၊ အပြေအလည် ပေးဆပ်ရမည်ဖြစ်ကြောင်း။ ယင်းသို့ အပြေအလည် မပေးဆပ်မီ အတောအတွင်း၊ တရားခံများက ၁၉၆၀ ခုနှစ်၊ ဇန္နဝါရီလ ၂ ရက်နေ့မှစ၍၊ တလလျှင် ငွေ ၃,၀၀၀ ကျပ် အရစ်ကျ ပေးသွင်း သွားရမည်ဖြစ်ကြောင်း။ အရစ်ကျ ငွေတရပ်ရပ်ကိုငင်းတို့ ပေးဆောင်ရန် ပျက်ကွက်လျှင်၊ တရားလိုများသည် မပြေကျန်ငွေအားလုံးကို ရရှိရန်အတွက်၊ ဇာဂီ ပြုလုပ်နိုင်ကြောင်း ပါရှိလေသည်။ တရားခံများသည် အရစ်ကျငွေ ၃ ကြိမ် ပေးပြီးနောက်၊ ဆက်လက် ပေးဆောင်ခြင်း မပြုသဖြင့်၊ တရားလိုက ၁၉၆၀ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ဇာရီပြုလုပ်လေသည်။ တရားခံများက ၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် ဒီကရီ မပြေ ကျန်ငွေကို တလလျှင် ၅၀၀ ကျပ် ကျပေးသွင်းခွင့် ပြုရန် ရုံးတော်သို့ လျှောက်ထားသည်။ မူလဘက်ဆိုင်ရာ ရုံးတော်က ၁၉၆၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၅ ရက်နေ့မှစ၍ တလလျှင် ငွေ ၁,၀၀၀ ကျပ် အရစ်ကျ ပေးသွင်းခွင့် ပြုကြောင်း အမိန့်ချမှတ် လိုက်သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် တရားလိုက ယခု အယူခံခြင်း ဖြစ်သည်။

ပဌမ စဉ်းစားရန် အချက်မှာ၊ အဆိုပါ ဒီကရီမှာ နှစ်ဦး နှစ်ဘက် သဘောတူချက်ဖြင့် ချမှတ်သော ငွေ ဒီကရီဖြစ်သဖြင့်၊ ရုံးတော်က တရားခံများအား မပြေ ကျန်ငွေကို အရစ်ကျ ပေးသွင်းရန် အမိန့်ချမှတ်ခွင့် ရှိ မရှိဟုသော ပြဿနာပင် ဖြစ်သည်။ သာမန် ငွေဒီကရီမျိုးဆိုလျှင်၊ တရားမကျင့်ထုံးအမိန့် ၂၀၊ နည်းဥပဒေ ၁၁ (၂) အရ၊ ကာလစည်းကမ်းသတ်ကို ထောက်ထား၍ ရုံးတော်က အရစ်ကျ ပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်။ သို့သော် ထိုနည်းဥပဒေ ၁၁ (၂) ကို၊ နည်းဥပဒေ ၁၁ (၁) ပါ

၁၉၆၂

ဘဏ္ဍာမဟန်
ဒီဘိယာရာ
နှင့်
ရမ်ဆမုဂ္ဂါ
ချောင်ဒူရီ
ပါ ၂။

ပြဋ္ဌာန်းချက်များနှင့် တွဲဖက် ၍ ဖတ်ရှုရမည် ဖြစ်သည်။ နည်းဥပဒေ ၁၁ (၁) တွင် ဖေါ်ပြထားသော ဒွေဒီကရီမှာ၊ အမှုအကြောင်းခြင်းရာနှင့် သက်ဆိုင်ရာ ဥပဒေကို လေ့လာ သုံးသပ်ပြီး၊ ရုံးတော်က သဘောအတိုင်း ချမှတ်သော ဒီကရီမျိုး ဖြစ်သည်။ ယခုအမှုပါ ဒီကရီမှာမူကား၊ ယင်းကဲ့သို့သော ဒီကရီမျိုး မဟုတ်ချေ။ နှစ်ဦး နှစ်ဘက် သဘောတူညီချက်ဖြင့် ရုံးတော်က ချမှတ်သော ဒွေဒီကရီဖြစ်သည်။ ထို့ကြောင့် တရား မကျင့်ထုံး အမိန့် ၂၀၊ နည်းဥပဒေ ၁၁ (၂) အရ ယခုအမှုပါ ဒီကရီ မပြေကျန်ငွေကို အရစ်ကျ ပေးဆောင်ရန် ရုံးတော်က အမိန့်မချမှတ်နိုင်ပေ။

အမှုသည် နှစ်ဦး နှစ်ဘက်၏ သဘောတူညီချက်ဖြင့် ချမှတ်သော ဒီကရီကို လိမ်လည် လှည့်ဖြားရှု ရယူပါသည်ဆိုသော အကြောင်းပြချက်နှင့် အလားတူ အကြောင်းပြချက်များဖြင့် တရားတထုံး စွဲဆို၍ ပယ်ဖျက်ရမည် ဖြစ်သည်။ (***Fatmabai*** v. ***Sonbai*** (1) နှင့် (***J.C.Galstaun*** v. ***Pramathanath Ray*** (2) အမှု တို့ကို ကြည့်ပါ။

ထိုမှတပါးလည်း၊ တရားခံများက ဒီကရီ ကျန်ငွေကို အရစ်ကျ ပေးဆောင်ရန် အတွက် ဒီကရီ ချမှတ်ပြီး တနှစ်မျ ကြာမှ လျှောက်ထားကြသည်။ ထိုလျှောက်လွှာ မျိုးကို ကာလစီးကမ်းသတ် အက် ဥပဒေ၊ ဇယား ၁၊ အပိုဒ် ၁၇၅ အရ၊ ဒီကရီ ချမှတ်ပြီး ၆ လ အတွင်းသာ လျှောက်ထားနိုင်သည် ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ လျှောက်လွှာမှာ ကာလစည်းကမ်းသတ် ကျော်ပြီးမှ တင်သွင်းသည်ဟု ယူဆရမည်ဖြစ်သည်။

အထက် ဖေါ်ပြပါ အကြောင်းများကြောင့်၊ အောက်ရုံး၏ ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီ လ ၂၆ ရက်နေ့စွဲပါ အမိန့်ကို စရိတ်နှင့် တကွ ပယ်ဖျက်လိုက်သည်။

ဤရုံးတော်၏ တရားစရိတ်မှာ ၁၅ ကျပ် ဖြစ်စေရမည်။

(1) I.L.R. 36 Bom. 77.
(2) I.L.R. 57 Cal. 154.

နိုင်ငံတော်တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ ရှေ့မှောက်တွင်

မစ္စစ် ဂျေ၊ အာ (ရ်)၊ ဖရန့်(ခ်)၊ ပါ (၂) (လျှောက်ထားသူများ) ၁၉၆၂

နှင့်

ရန်ကုန်မြို့ လက်ထောက်ဌာနေမင်းခကြီးကြပ်ရေးဝန် ပါ (၂) လျှောက်ထားခံရသူများ *

မေလ ၁၇ ရက်။

အမှုခေါ် ဒဏ္ဍန်တော်အမိန့် မချမှတ်ဘဲနေနိုင်သော အမိန့်မျိုး၊ မည်သည့်ကိစ္စမျိုးတွင် ၎င်းအမိန့်ကို ချမည်မဟုတ်။

၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆ (က က) (၄) အရ ချမှတ်သော အမိန့်၊ တရားစီရင်ရေးဆိုင်ရာအမိန့်မျိုးမဟုတ်၊ အုပ်ချုပ်ရေးဆိုင်ရာအမိန့်မျိုးဖြစ်သည်။

ဆုံးဖြတ်ချက်။ ။အမှုခေါ် စာချုန်တော်အမိန့်သည်၊ ဤရုံးတော်က အခြေအနေအရ မချမှတ်ဘဲနေနိုင်သော အမိန့်မျိုးဖြစ်သည်၊ အမှုခေါ် စာချုန်တော်အမိန့်တရပ်သည်၊ ထိုထိုဆောက်ရောက်အပြီးအပြတ်အကျိုးသက်ရောက်မည်မဟုတ်လျှင်၊ ရုံးတော်က ထိုအမိန့်ကို ချမှတ်မည်မဟုတ်ပေ။

၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆ (က က) (၄) အရ၊ ကြီးကြပ်ခရုံးဝန်က အိမ်ပိုင်ရှင်အား အခင်းဖြစ်အခန်းကို ပြန်လည်ပေးအပ်၍၊ လျှောက်ထားသူအား ဦးစားပေး၍ အငှါးချထားရန် အမိန့်ချမှတ်သည်မှာ တရားစီရင်ရေးဆိုင်ရာ အမိန့်မျိုးမဟုတ်ဘဲ၊ အုပ်ချုပ်ရေးဆိုင်ရာအမိန့်မျိုးဖြစ်သည်။

လျှောက်ထားသူများအတွက်။ ။ဦးကျော်မင်းလိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) အတွက်။ ။အစိုးရ ရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၂) အတွက်။ ။ဦးလှစိန် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုပါ အကြောင်းခြင်းရာ အတိုချုပ်မှာ၊ ယခုလျှောက်ထားသူ မစ္စစ် ဂျေ၊ အာ(ရ်)၊ ဖရန့်(ခ်)နှင့်မစ္စတာ ပီတာမွန်တို့ တို့သည် လျှောက်ထားခံရသူ အမှတ် (၂) ဒေါ်ကြင်မိုင်ပိုင်၊ အခင်းဖြစ်အိမ် အခန်းအမှတ် (၁) ၌ အိမ်ငှါးအငြှစ် နေထိုင်သူ မစ္စတာ အီ၊ ဖေါ်ကျင်း၊ အင်္ဂလန်ပြည်သို့ ထွက်ခွါသွားပြီးနောက်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေးဝန်၏ အခွင့်အမိန့်မရရှိဘဲ၊ အိမ်ငှါးများ

* ၁၉၆၂ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်လွှာအမှတ် ၂၆။

၁၉၆၂

မစ္စစ် ဂျေ၊ အာ(ရ်)၊ ဖရန်(ချ်) ပါ၂ နှင့် ရန်ကုန်မြို့ လက်ထောက် ဌါးရမ်း ခ ကြီးကြပ်ရေး ဝန် ပါ၂။

အဖြစ် ဆက်လက်နေထိုင်သဖြင့်၊ ကြီးကြပ်ရေးဝန်က၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေအရ အရေးယူပြီးလျှင် ယခုလျှောက်ထားသူများအား၊ ထိုအိမ်ခန်းမှ ကန့်သတ်သည့် နေရက်အတွင်း ဖယ်ရှားပေးရန် ဆင့်ဆိုပြီးလျှင်၊ အခင်းဖြစ် အိမ်ခန်းကို ပိုင်ရှင် ဒေါ်ကြင်မြိုင်အား ပြန်လည်ပေးအပ်၍၊ ဒေါ်ကြင်မြိုင်က ထိုအခန်းကို ဌါးရမ်းလိုလျှင် လက်ရှိနေထိုင်သော မစ္စစ် ဂျေ၊ အာ(ရ်)၊ ဖရန် (ချ်) အားသာလျှင်ဦးစားပေး၍ ဌါးရမ်းရန် အမိန့်ချမှတ်လိုက်လေသည်။

လျှောက်ထားသူများ၏ ပညာရှိ ရှေ့နေကြီးက၊ ကြီးကြပ်ရေးဝန် ရှေ့မှောက်ရှိ မှုခင်းသည်၊ ၁၉၄၈ ခု၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ အတည်ဖြစ်စဉ် စတင်ပေါ်ပေါက်သည်ဖြစ်၍၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၄၄ (ခ) အရ၊ မပြီးမပြတ်ကျန်ရှိနေသော မှုခင်းတရပ်အနေဖြင့် ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပြဋ္ဌာန်းချက်များနှင့် အညီ၊ ပြီးပြတ်အောင် စစ်ဆေးစီရင်ရမည် ဖြစ်သော်လည်း၊ အမိန့်ချမှတ်သည်မှာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ အရ၊ အမိန့်ချမှတ်သဖြင့် ထိုအမိန့်မှာ အတည်မဖြစ်နိုင်သောကြောင့် ရုံးတော်က ပယ်ဖျက်သင့်ပါသည်ဟု လျှောက်ထား၏။ အမှုခေါ် စာချွန်တော်အမိန့်သည်၊ ဤရုံးတော်က အခြေအနေအရ၊ မချမှတ်ဘဲနေနိုင်သော အမိန့်မျိုးဖြစ်သည်။ အမှုခေါ် စာချွန်တော် အမိန့်တရပ်သည်၊ ထိထိရောက်ရောက် အပြီးအပြတ် အကျိုးသက်ရောက်မည်မဟုတ်လျှင် ရုံးတော်က ထိုအမိန့်ကို ချမှတ်မည်မဟုတ်ပေ။ ယခုအမှုတွင် အကယ်၍ ကြီးကြပ်ရေးဝန်၏ အမိန့်ကို ပယ်ဖျက်လိုက်လျှင်လည်း ကြီးကြပ်ရေးဝန်သည် ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေအရ ထပ်မံ အမိန့်ချမှတ်နိုင်ပေမည်။ ထို့ကြောင့် ယခုတင်ပြသည့် အကြောင်းပြချက်အတွက် အမှုခေါ် စာချွန်တော် အမိန့်ကို ထုတ်ပေးမည် မဟုတ်ပေ။

ဒုတိယလျှောက်ထားချက်မှာ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆ (က၊က) (၄) အရ၊ ကြီးကြပ်ရေးဝန်သည်၊ မိမိ၏ ညွှန်ကြားလွှာတွင် သီးခြားဖေါ်ပြထားသောသုတယောက်ယောက်အား၊ အခင်းဖြစ် အိမ်ခန်းကို အငှါးချထားရန် အိမ်ရှင်အား ညွှန်ကြားမည့်အစား၊ အိမ်ပိုင်ရှင်အား အခင်းဖြစ် အခန်းကို ပြန်လည်ပေးအပ်၍၊ မစ္စစ် ဂျေ၊ အာ(ရ်)၊ ဖရန်(ချ်) အား၊ ဦးစားပေး၍ အငှါးချထားရန် အမိန့်ချမှတ်သည်မှာ တရားမဝင်ပါ ဟူသော လျှောက်လဲချက်ပင် ဖြစ်သည်။ သာမန်အားဖြင့်ဆိုလျှင် ကြီးကြပ်ရေးဝန်ထံ အိမ်ခန်းရလိုသူများ လျှောက်ထားကြ၍၊ အိမ်ခန်းအားလပ်သောအခါ ကြီးကြပ်ရေးဝန်က ထိုလျှောက်ထားသူများအနက်မှတဦးဦးအား အိမ်ခန်းကိုအငှါးချထားရန် အိမ်ရှင်အား ညွှန်ကြားလေ့ရှိသည်။

အိမ်ငှါးလိုလှူ ရှာဖွေမရမှုသာလျှင် ကြီးကြပ်ရေးဝန်က အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၆ (ကက) (၄) (ဂ) အရ၊ အိမ်ရှင်အား မိမိကိုယ်တိုင် အငှါးချထားရန် အကြောင်းကြားလေသည်။ ယခုကြီးကြပ်ရေးဝန် ချမှတ်သည့် အမိန့်မှာ အိမ်ခန်း ငှါးရမ်းလို ကြောင်း လျှောက်ထားသူများ မရှိသဖြင့် ယင်းကဲ့သို့ ချမှတ်ခြင်း ဖြစ်ဟန်တူသည်။ မည်သို့ပင်ဆိုစေ ထိုသို့အငှါးချထားရန်အတွက် ချမှတ်သည့် အမိန့်မှာ တရားစီရင်ရေး ဆိုင်ရာ အမိန့်မျိုးမဟုတ်ဘဲ၊ အုပ်ချုပ်ရေးဆိုင်ရာ အမိန့်မျိုးဖြစ်သည်။ အကြောင်းမူကား၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆ (ကက) (၄) အရ၊ အိမ်ငှါးချထားရာဥစ္စာလည်း ထိုကိစ္စအလို့ငှါ ဖွဲ့စည်းသည့် အကြံပေးအဖွဲ့၏ အကြံဉာဏ်ကို ရယူပြီးမှ ချထားရမည်ဖြစ်သည်။ ထိုပြဋ္ဌာန်းချက်များနှင့် တူညီသော ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ (၄) ပါ ပြဋ္ဌာန်းချက်များအရလည်း ကြီးကြပ်ရေးဝန်သည်၊ အကြံပေးအဖွဲ့၏ အကြံဉာဏ်ကို ရယူရမည်သာမက ထိုအဖွဲ့၏ အကြံဉာဏ်အတိုင်း ဆောင်ရွက်လျက်၊ အိမ်ငှါးချထား ရမည်ဖြစ်သည်။ တရားစီရင်ရေးဆိုင်ရာ အမိန့်မျိုး ချမှတ်ရာ၌ ထိုသို့သော ကန့်သတ် ချက်များနှင့် ချမှတ်ရမည် မဟုတ်ပေ။

၁၉၆၂

မစ္စစ် ဂျေ၊ အာ(ရှ်)၊ ဖရန့်(ချ်) ပါ ၂ နှင့် ရန်ကုန်မြို့ လက် ဆောက်ငှါးရမ်း ခ ကြီးကြပ်ရေး ဝန် ပါ ၂။

တတိယလျှောက်ထားချက်မှာ ယခုအမှုနှင့် မသက်ဆိုင်သောကြောင့် ထည့်သွင်း စဉ်းစားမည် မဟုတ်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် လျှောက်လွှာကို ပယ်လိုက်သည်။

အမှုသည်များသည်၊ မိမိတို့ တရားစရိတ်ကို မိမိတို့အသီးသီးကျခံကြရမည် ဖြစ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားသူကြီးချုပ်ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ရှေ့မှောက်တွင်

၁၉၆၂
မေလ ၃ ရက်။

ဦးချစ်တီး ပါ ၂ (လျှောက်ထားသူများ)

နှင့်

မောင်ရွှေ ပါ ၃ (လျှောက်ထားခံရသူများ) *

သေသူ၏ အမွေခံ အမွေစားမည်သူဖြစ်ကြောင်း၊ သက်ဆိုင်ရာ တရားရုံးများက ဆုံးဖြတ်ရမည့်ကိစ္စ၊ သီးစားချထားရေးကော်မိတီမဆုံးဖြတ်နိုင်။

ဆုံးဖြတ်ချက်။ ။မည်သူသည် သေသူ၏ အမွေစား အမွေခံဖြစ်ကြောင်းကို သက်ဆိုင်ရာ တရားရုံးများကသာဆုံးဖြတ်ရမည်ဖြစ်သည်။ သီးစားချထားရေးကော်မိတီက ဆုံးဖြတ်ပိုင်ခွင့် မရှိ။

လျှောက်ထားသူများအတွက်။ ။ဦးလှညွှန့်လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအမှတ် (၁) အတွက်။ ။ဦးဘရွှန်း လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၂) နှင့် (၃) တို့အတွက်။ ။အစိုးရရှေ့နေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုအမှုတွင်၊ လျှောက်ထားသူ ဦးချစ်တီး-ဒေါ်ဂဲတို့ကတဘက်၊ လျှောက်ထားခံရသူ အမှတ် (၁) မောင်ရွှေကတဘက်၊ မတ္တရာမြို့နယ်၊ သီးစားချထားရေးကော်မိတီထံ၊ ၁၉၅၉-၆၀ ခုနှစ်အတွင်း လုပ်ကိုင်ရန်အတွက်၊ အပြိုင် လျှောက်ထားကြရာ၊ မြို့နယ် သီးစားချထားရေးကော်မိတီက၊ ဦးချစ်တီး-ဒေါ်ဂဲတို့သည်၊ သီးထောက်ခ ပေးရန် ပျက်ကွက်သည်ဟု ယူဆပြီး၊ အခင်းဖြစ်မြေကို မောင်ရွှေအား ချထားလိုက်သည်။ မန္တလေးခရိုင် သီးစားချထားရေး ကော်မိတီက၊ ဦးချစ်တီး-ဒေါ်ဂဲတို့သည်၊ လက်ငုတ်များဖြစ်သည်ဟု ယူဆပြီး၊ မြို့နယ် သီးစားချထားရေး ကော်မိတီအမိန့်ကို ပယ်ဖျက်၍၊ အခင်းဖြစ်မြေကို၊ ထိုသူများအား ချထားလိုက်၏။ မောင်ရွှေက မန္တလေးတိုင်း သီးစားချထားရေးကော်မိတီထံ စောဒကဝင်ရာ၊ တိုင်း သီးစားချထားရေးကော်မတီက နှစ်ဘက်အမှုသည်တို့နှင့် ၎င်းတို့ တင်ပြသော သက်သေများ ထပ်မံစစ်ဆေးပြီး၊ ဦးချစ်တီး-ဒေါ်ဂဲတို့သည်၊ တရားဝင် လက်ငုတ်သီးစားများ

* ၁၉၆၀ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၉၀။

ဖြစ်ကြောင်း ပေါ်လွင်သည်ဟု တွေ့ရှိသည်။ သို့သော် မြေငှင် ဒေါ်မြစ်သေဆုံး ၁၉၆၂
ပြီးနောက်၊ ဒေါ်မြစ်၏ အမွေခံ တဦးဦးအား၊ သီးထောက်ခပေးရမည်ကို မပေးဘဲ ဦးချစ်တီး ပါ
နေသောကြောင့်၊ သီးစားချထားရေး နည်းဥပဒေ ၁၁ အရ ပျက်ကွက်သည်ဟု ယူဆပြီး၊ နှင့်
အခင်းဖြစ်မြေကို၊ မောင်ရွှေအား ချထားလိုက်သည်။ ထိုအမိန့်ကို အမှုခေါ် စာချုန် မောင်ရွှေ ပါ ၃၊
တော်အမိန့်ဖြင့် ပယ်ဖျက်ပါရန်၊ ဦးချစ်တီး-ဒေါ်ဂဲတို့က ဤရုံးတော်သို့ လျှောက်ထား
ကြသည်။

ယခုအမှုမှာ၊ မူလက တရားလွှတ်တော်ချုပ်သို့ တင်သွင်းခဲ့သော အမှုဖြစ်သည်။ ထိုရုံးတွင် မောင်ရွှေ၏ ပညာရှိ ရှေနေကြီးက၊ ဦးချစ်တီး-ဒေါ်ဂဲတို့သည်၊ အခင်းဖြစ် နှစ်အတွက်၊ မြို့နယ်သီးစားချထားရေးကော်မိတီထံ လျှောက်လွှာတင်သွင်းခြင်း မပြုပါ ဟု လျှောက်ထားခဲ့သောကြောင့်၊ သက်ဆိုင်ရာ အမှုတွဲကို ကြည့်ရှုစစ်ဆေးရန်အတွက်၊ ခေါ်ယူရာ မရခဲ့ချေ။ သို့သော် နှစ်ဦးနှစ်ဘက် တင်သွင်းသော ကျမ်းကျိန်လွှာများ အရဆိုလျှင်၊ အခင်းဖြစ်နှစ်အတွက် ဦးချစ်တီ-ဒေါ်ဂဲတို့သည်၊ မောင်ရွှေနှင့် မူလ သီးစားချထားရေးကော်မိတီထံ အပြုံင်လျှောက်ထားကြသည်ဟု ယူဆရမည်ဖြစ်သည်။ မောင်ရွှေကိုယ်တိုင်ကပင်၊ မိမိနှင့် ဦးချစ်တီး-ဒေါ်ဂဲတို့၊ ထိုနှစ်လုပ်ကိုင်ရန်အတွက်၊ သီးစားချထားရေးကော်မိတီ ရှေ့မှောက်တွင် သက်သေများ တင်ပြစစ်ဆေးခဲ့ကြောင်း။ ၎င်း၏ ကျမ်းကျိန်လွှာတွင် ဖော်ပြထားသည်ကို တွေ့ရှိရသည်။ လက်ငုတ်သီးစားများဖြစ်သူ၊ ဦးချစ်တီး-ဒေါ်ဂဲတို့ သီးထောက်ခပေးရန် ပျက်ကွက်သည် ဆိုသည့်အချက်နှင့် စပ်လျဉ်း၍ မောင်ရွှေက ၎င်း၏ဇနီး မကြည်သည်၊ ဦးပြည့်၏ သမီးတယောက် ဖြစ်ကြောင်း။ ဦးပြည့်သည် မြေပိုင်ရှင် ဒေါ်မြစ်၏ သားဖြစ်ကြောင်းထွက်ဆို၏။ ဒေါ်ဂဲတို့ကမူ မကြည်နှင့် မောင်နှမတစုတို့သည်၊ ဒေါ်မြစ်၏ အမွေခံများဖြစ်သည် ဆိုသည်ကို ငြင်းဆိုပြီးလျှင်၊ မိမိသည် ဒေါ်မြစ်၏ မောင်တယောက်ဖြစ်သော ဦးဥာဏ်တင်၏သမီး ဖြစ်၍၊ ဒေါ်မြစ်သေဆုံးသောအခါ၊ အမွေစား အမွေခံဖြစ်ကြောင်းနှင့် ကျမ်းကျိန် ဆို၏။ မန္တလေးတိုင်း သီးစားချထားရေး ကော်မိတီကမူ ဒေါ်မြစ်မှာ၊ ဦးပြည့်နှင့် မောင်နှမတော်စပ်ကြောင်း။ ဒေါ်မြစ်တွင် ဦးပြည့်အပြင် အခြားအမွေခံ မရှိကြောင်း နှင့် ဖော်ပြထားလေသည်။ ယင်းသို့သော အခြေအနေတွင် မည်သူသည် ဒေါ်မြစ်၏ အမွေစား အမွေခံ ဖြစ်ကြောင်းကို အတိအကျ ပြောဆိုနိုင်မည်မဟုတ်ပေ။ သက်ဆိုင်ရာ တရားရုံးများကသာ ဆုံးဖြတ်ရမည်ဖြစ်သည်။

မန္တလေးတိုင်း သီးစားချထားရေးကော်မိတီက သေသူ မူလမြေရှင် ဒေါ်မြစ်၏ အမွေကို ဆက်ခံပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ပိုင်ခွင့် မရှိကြောင်း။ သို့သော် လက်ငုတ်သီးစားများသည် ဒေါ်မြစ်၏ အနီးဆုံး အမွေခံတဦးဦးအား သီးထောက်ခ ပေးအပ်ရန် တာဝန်ရှိသည်ဟု ယူဆပြီး၊ သီးစားလက်ငုတ်များသည် တာဝန်ပျက်ကွက်

၁၉၆၂
ဦးချစ်တီး ပါ ၂
နှင့်
မောင်ရွှေပါ ၃။

သည်ဟု **အဆုံးအဖြတ်ပြုလေသည်**။ အထက်၌ ဖော်ပြခဲ့သော အခြေအနေတွင်၊ တိုင်းသိီးစားချထားရေး ကော်မိတီက၊ ယင်းသို့ ဆုံးဖြတ်သည်မှာ အထင်အရှားမှားယွင်းသည်ဟု ယူဆရမည်ဖြစ်သည်။

ထို့ကြောင့်၊ တိုင်းသိီးစားချထားရေးကော်မိတီ၏ အမိန့်နှင့် မြို့နယ်သိီးစားချထားရေးကော်မိတီ၏ အမိန့်အသိီးသိီးတို့ကို၊ အမှုခေါ် စာချုပ်တော် အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

အမှုသည်များသည်၊ မိမိတို့ တရားစရိတ်ကို၊ မိမိတို့ အသိီးသိီး ကျခံကြရမည်ဖြစ်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ရှေ့မှောက်တွင်

ဦးမောင်ကြီး (အယူခံတရားလို)

ဘ၉၆၂
မေလ ၂၃ ရက်၊

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော် (အယူခံတရားခံ)*

ပြည်သူ့ထောက်ပံ့ရေးမင်းကြီးက ထုတ်သော အရေးကြီးသော ကုန်ပစ္စည်းများ ဖြန့်ဖြူးရေးအမိန့် ၁၉၄၇ ခုနှစ်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၃ အရ၊ အပ်နှင်းထားသည့် အာဏာတွင် အကျုံးဝင်ခြင်း။

ပြည်သူ့ထောက်ပံ့ရေးမင်းကြီးက အမိန့်ကြော်ငြာဖြင့် အခွင့်အမိန့်မရရှိဘဲ၊ ပေါင် ၂၀၀ ထက်ပို၍ လက်ရှိမထားရဟု ကန့်သတ်ထားသော်ငြားလည်း၊ အယူခံတရားလို မန်နေဂျင်း ဒါရိုက်တာအဖြစ် အမှုထမ်းသော ကုမ္ပဏီလက်ရှိ ဂိုဒေါင်တွင် အမိန့်အခွင့်မရှိဘဲ၊ ချည်ခင် ပေါင်ချိန် ၆,၅၅၀ ဘေ့ရှိမှု ကြောင့် အယူခံတရားလိုအား အပြစ်ပေးသည့်ကိစ္စနှင့်ပတ်သက်၍၊ ၁၉၄၇ ခုနှစ်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃ အရ၊ နိုင်ငံတော် သမ္မတက၊ ထိုပစ္စည်းများနှင့် စပ်လျဉ်း၍ အမိန့်ဖြင့်ကန့်သတ်မှု ပြုနိုင်သော်လည်း ထိုအာဏာကို အခြားသူတဦး တယောက်အား လွှဲအပ်ခြင်းမပြုနိုင်သဖြင့်၊ ပြည်သူ့ထောက်ပံ့ရေးမင်းကြီးက၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍၊ ဖြန့်ဖြူးမှုစသည်တို့ကို အမိန့်ဖြင့် ပြုလုပ်သည်မှာ အာဏာကို ကျော်လွန်၍ပြုလုပ်သဖြင့် တရားမဝင်ပါဟု လျှောက်ထားလေသည်။

ဆုံးဖြတ်ချက်။ ။၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့စွဲပါ ဝန်ကြီးဌာနအမိန့်ကြော်ငြာစာအမှတ် ၃၃၀ ပြဋ္ဌာန်းချက်အရ၊ နိုင်ငံတော် သမ္မတသည်၊ ၁၉၄၇ ခုနှစ်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၃ အရ၊ အပ်နှင်းထားသော အာဏာကို အသုံးပြု၍ အမိန့်ဖြင့် အစီအရင်ပြုလုပ်ခြင်းဖြစ်သည်။ ထိုအစီအရင်အတိုင်း ပြည်သူ့ထောက်ပံ့ရေးမင်းကြီးအား ကြီးကြပ်သူအဖြစ် ခန့်ထားပြီး၊ အရေးကြီးသော ပစ္စည်းများနှင့်စပ်လျဉ်း၍ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိက ထိုကိစ္စအလို့ငှါ၊ အာဏာအပ်နှင်းထားသော အရာရှိကဖြစ်စေ ထုတ်ပေးသော လိုင်စင်ပါစည်းကမ်းချက်များအနာမှအပ၊ ဝယ်ယူသိုလှောင်ခြင်း စသည်တို့ကို ကန့်သတ်နိုင်ရန်၊ နိုင်ငံတော် သမ္မတက အာဏာအပ်နှင်းလေသည်။ ယင်းသို့ အာဏာအပ်နှင်းသည်မှာ အဆိုပါ အက်ဥပဒေပုဒ်မ ၃ အရ၊ နိုင်ငံတော်သမ္မတအား အပ်နှင်းထားသည့် အာဏာတွင် အကျုံးဝင်သည်ဟု ယူဆရပေမည်။

---

* ၁၉၆၁ ခုနှစ်၊ ဆုဇဝတ်အယူခံမှုအမှတ် ၁၄။

၁၉၆၂

ဦးဒမောင်ကြီး နှင့် မြသိုတောင်စု မြန်မာနိုင်ငံတော်။

အယူခံတရားလိုအတွက်။ ။ဦးကျော်မြင့် လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေ ဦးတင်မောင် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုအယူခံ တရားလို ဦးမောင်ကြီးသည်၊ ရန်ကုန်မြို့၊ ၂၀ လမ်း၊ အမှတ် ၉၂ ရှိ၊ မင်းကျော်ကုမ္ပဏီလီမိတက်တွင်၊ မန်နေဂျင်း ဒါရိုက်တာဖြစ်သည်။ ယင်းကုမ္ပဏီလက်ရှိ ဂိုဒေါင်ကို ၁၉၅၈ ခု၊ နိုဝင်ဘာ လ ၂၇ ရက်နေ့ တွင်၊ အထူးစုံစမ်းစစ်ဆေးရေးဌာနမှ အရာရှိများဝင်ရောက် စစ်ဆေးသည့်အခါ၊ ချည်ခင်ပေါင်ချိန် ၆,၅၂၀ တွေ့ရှိလေသည်။ ထိုအချိန်၌ ထိုချည်ခင်မျိုးကို၊ အခွင့်အမိန့်မရရှိဘဲ ပေါင် ၂၀၀ ထက်ပို၍ လက်ရှိမထားရဟု ပြည်သူ့ထောက်ပံ့ရေးမင်းကြီးက၊ အမိန့်ကြော်ငြာ စာဖြင့် ကန့်သတ်ထား၏။ အယူခံတရားလိုသည် တွေ့ရှိသော ချည်ခင်များနှင့်စပ်လျဉ်း၍၊ လိုအပ်သော အခွင့်အမိန့်ကို တင်ပြခြင်း မပြုနိုင်ပေ။ ထို့ကြောင့်ရုံးတော်သို့ ၎င်းအား တရားစွဲတင်ပို့ရာ၊ ရုံးတော်က၊ ပြစ်ဒဏ်ထင်ရှား စီရင်၍ ပဏ်ဒေတပ်ဝိုက်ပြီးလျှင်၊ ချည်ခင်ပေါင် ၂၀၀ မှအပ၊ ကျန်ချည်ခင်အားလုံးကို အစိုးရဘဏ္ဍာအဖြစ် သိမ်းယူရန် အမိန့်ချမှတ်လိုက်သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့်၊ တရားလွှတ်တော်သို့ အယူခံရာ၊ မအောင်မြင်သဖြင့်၊ တရားလွှတ်တော်ချုပ်သို့၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ အယူခံရန်အခွင့်ထူးတောင်းပြီး ထပ်မံအယူခံခြင်းဖြစ်သည်။

အယူခံတရားလိုက၊ အမှုပါချည်ခင်များကို၊ ရွှေတောင်မြို့ရှိ ရက်ကန်းပိုင်ရှင်များက၊ ၎င်းထံ ခေတ္တအပ်နှံထားသည်ဟု ထုခြေ၏။ သို့သော်ထိုအကြောင်း ပြချက်ကို၊ မူလရုံးကဝင်း၊ တရားလွှတ်တော်ကဝင်း လက်မခံခဲ့ပေ။ လက်ခံရန်လည်း ခဲယဉ်းပေမည်။ အကြောင်းမူကား ရန်ကုန်မှရွှေတောင်သို့၊ မီးရထားများသည်ဝင်း၊ မော်တော်ဘတ်(စ်)များသည်ဝင်း ဦးဒဟိုသွားနေကြသည်ဖြစ်၍၊ အမှုပါ ချည်ခင်များကို ရက်ကန်းပိုင်ရှင်များက ၂ လ မှ ၅ လမျှအထိ၊ အယူခံတရားလိုထံ၌ အပ်နှံထားသည်ဆိုသည်မှာ သဘာဝယုတ္တိမရှိပေ။ အမှုအကြောင်း ခြင်းရာနှင့်စပ်လျဉ်း၍ အယူခံတရားလို၏ ပညာရှိ ရွှေနေကြီးက အထူးလျောက်လဲခြင်း မပြုလိုတော့ပါဟု လျောက်ထား၏။ ပညာရှိ ရွှေနေကြီး တင်ပြသည့် အချက်မှာ၊ ၁၉၄၇ ခုနှစ်၊ အရေးကြီးသောကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ အက်ဥပဒေပုဒ်မ ၃ အရ၊ နိုင်ငံတော်သမ္မတက၊ ထိုပစ္စည်းများနှင့် စပ်လျဉ်း၍ အမိန့်ဖြင့် ကန့်သတ်မှု စသည်များ ပြုနိုင်သော်လည်း၊ ထိုအာဏာကို အခြားသူ တဦးတယောက်အား လွှဲအပ်ခြင်းမပြုနိုင်သဖြင့်၊ ပြည်သူ့ထောက်ပံ့ရေးမင်းကြီးက၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍၊ ဖြန့်ဖြူးမှုစသည်တို့ကို အမိန့်ဖြင့် ပြုလုပ်သည်မှာ၊ အာဏာကို ကျော်လွန်၍ ပြုလုပ်သဖြင့်၊ တရားမဝင်ပါဟု

သော လျှောက်ထားချက်ပင် ဖြစ်သည်။ သက်ဆိုင်ရာ ၁၉၅၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့စွဲပါ ဝန်ကြီးဌာန အမိန့်ကြော်ငြာစာ အမှတ် ၃၃၈ တွင်၊ အောက်ပါ အတိုင်း ပြဋ္ဌာန်းထားသည်။

၁၉၆၂ ဦးမောင်ကြီး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ တော်။

"No. 338.—In exercise of the powers conferred by section 3 of the Essential Supplies and Services Act, 1947, and in supersession of the Civil Supplies Management and Control Order, 1947, published with Commerce and Supply Department Notification No. 96, dated the 1st October 1947, as subsequently amended, the President of the Union hereby makes the following Order for the control of the procurement, price and distribution of essential supplies for the civil population of the Union of Burma :—

* * * *

3. The control of procurement, price and distribution of essential supplies for the civil population of the Union of Burma may be undertaken by the Commissioner.

4. The Commissioner may, from time to time, determine and declare as "essential" any comodity the control of those procurement, distribution or price is deemed in the public interest to be essential. Such declaration shall be made by notification and upon such declaration being made the Commissioner may take suitable action to control the procurement, distribution or price of such commodity.

5. The Commissioner may by notification direct, either generally or in relation to any area, that no person shall sell or acquire or possess for sale or otherwise deal in any specified essential commodity, save under and in accordance with the terms of a licence issued by the Commissioner or by any officer authorized by him in this behalf."

ထိုပြဋ္ဌာန်းချက်များအရ ဆိုလျှင်၊ နိုင်ငံတော်သမ္မတသည်၊ ၁၉၄၇ ခုနှစ်၊ အရေးကြီးသော ကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ အက်ဥပဒေပုဒ်မ ၃ အရအပ်နှင်းထားသော အာဏာကို အသုံးပြု၍ အမိန့်ဖြင့် အစီအရင်ပြုလုပ်ခြင်းဖြစ်သည်။ ထိုအစီအရင်အတိုင်း၊ ပြည်သူ့ထောက်ပံ့ရေးမင်းကြီးအား ကြိုးကြပ် အုပ်ချုပ်သူအဖြစ် ခန့်ထားပြီး၊ အရေးကြီးသော ပစ္စည်းများနှင့် စပ်လျဉ်း၍၊ မိမိကိုယ်တိုင်ဖြစ်စေ၊ မိမိက

၁၉၆၂ ခုနှစ် မြည်ထောင်စု မြန်မာနိုင်ငံတော်။

ထိုကိစ္စအလို့ငှါ အာဏာအပ်နှင်းထားသော အရာရှိကြီးဖြစ်စေ၊ ထုတ်ပေးသော လိုင်စင်ပါ စည်းကမ်းချက်များအရမှ အပ၊ ဝယ်ယူသိုလှောင်ခြင်း စသည်တို့ကို ကန့်သတ်နိုင်ရန်၊ နိုင်ငံတော် သမ္မတက အာဏာအပ်နှင်းလေသည်။ ယင်းသို့ အာဏာ အပ်နှင်းသည်မှာ အဆိုပါ အက်ဥပဒေပုဒ်မ ၃ အရ၊ နိုင်ငံတော်သမ္မတအား အပ်နှင်းထားသည့် အာဏာတွင် အကျုံးဝင်သည်ဟု ယူဆရပေမည်။ ချည်ခင်ပေါင်ချိန် ၆,၃၂၀ ကို အစိုးရဘဏ္ဍာအဖြစ် သိမ်းဆီးခြင်းနှင့် စပ်လျဉ်း၍၊ အမှုအဖြစ်အပျက် အားလုံးကို လေ့လာသုံးသပ်ထု၊ အောက်ခံများက သိမ်းဆီးရန် အမိန့်ချမှတ်သည်မှာ၊ မှားယွင်းသည်ဟု ယူဆရန် ခဲယဉ်းလှကြောင်းတွေ့ရှိရသည်။

အယူခံလွှာကိုပယ်သိုက်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ရှေ့မှောက်တွင်

ဦးမြတ်သိန်းထွန်း (စောဒက) ၁၉၆၂
နှင့် မေလ ၃ ရက်။
နိုင်ငံတော်ဝိုဏ်စွယ်ဌာန ပါ ၄ (စုဒဲတကများ)*

ဝိဝါဒအဓိကရုဏ်း၊ သို့မဟုတ် အနုဝါဒအဓိကရုဏ်းဟူသောပြဿနာ။ မြို့နယ်ဝိုဏ်စွယ်ဌာနက ဆုံးဖြတ်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။မြို့နယ်ဝိုဏ်စွယ်ဌာနတွင် လူတယောက်က အခြားလူတယောက်အပေါ် တွင် စွဲဆိုထားသော အမှုသည် ဝိဝါဒအဓိကရုဏ်းမှုမဖြစ်လျှင်၊ အနုဝါဒအဓိကရုဏ်းမှု ဖြစ်နိုင် မဖြစ်နိုင် ဆိုသောအချက်ကို မြို့နယ်ဝိုဏ်စွယ်ဌာနကဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

စောဒကအတွက်။ ။ဦးဇမောင် လိုက်ပါဆောင်ရွက်သည်။

စုဒဲတကအမှတ် (၁)နှင့် (၂) တို့အတွက်။ ။အစိုးရရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

စုဒဲတကအမှတ် (၃)အတွက်။ ။ဦးသန်းမောင် လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုသည် ဦးထွန်းလူက၊ ဦးမြတ်သိန်းထွန်း အပေါ်တွင် လက်ပံတန်းမြို့၊ မြို့နယ်ဝိုဏ်စွယ် ဌာန၌ ဝိဝါဒ အဓိကရုဏ်းမှု စွဲဆိုရာတွင် အမှုစစ်ဆေးနေစဉ်အတွင်း ဦးမြတ်သိန်းထွန်းက နိုင်ငံတော် ဝိုဏ်စွယ် ဌာနထံ အမှုကို ပြောင်းလွှဲ စစ်ဆေးစေရန်အတွက် စောဒနာသည် လျှောက်လွှာကို ပယ်လိုက်ရာ၊ ထိုအမိန့်ကို အမှုခေါ် စာချွန်တော့် အမိန့်ဖြင့် ပယ်ဖျက်ပြီးလျှင်၊ မူလဝိဝါဒ အဓိကရုဏ်းမှု တရပ်လုံးကိုလည်း၊ အပြီးသတ် ရပ်ဆိုင်းစေရန် အမိန့်ထုတ်ရန်အတွက်၊ လျှောက်ထားသော အမှုဖြစ်သည်။

ဦးမြတ်သိန်းထွန်းက မိမိနှင့် ဦးထွန်းလူတို့မှာ ရဟန်းများ မဟုတ်သဖြင့် ဦးထွန်းလူ စွဲဆိုသော ဝိဝါဒ အဓိကရုဏ်းကို မြို့နယ်ဝိုဏ်စွယ်ဌာနက လက်ခံစစ်ဆေး စီရင်ဆုံးဖြတ်ပိုင်ခွင့် မရှိကြောင်း ငံလျှောက်ထားသည်။ ဦးထွန်းလူကမူ မိမိစွဲဆိုသော အမှုသည်

---

* ၁၉၆၁ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၁၉၂။

၁၉၆၂
ဦးမြတ်သိန်းထွန်းနှင့် နိုင်ငံတော်ဝိုင်စွယ်ဌာန ပါ ၄။

ဝိဝါဒအဓိကရဏ်းမှုမဟုတ်ဟု ဆိုနိုင်စေကာမူ၊ အနုဝါဒ အဓိကရဏ်း မှုဖြစ်နိုင်ကြောင်းနှင့် ချေပ၏။ ထိုအချက်ကို မြို့နယ်ဝိုင်စွယ်ဌာနက ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

ဒုတိယအချက်မှာ ဦးမြတ်သိန်းထွန်းသည်၊ ရန်ကုန်မြို့တွင် နေထိုင်သူ ဖြစ်သဖြင့် ၁၃၁၁ ခုနှစ်၊ ဝိုင်စွယ်ဌာန အက်ဥပဒေ ပုဒ်မ ၁၆ အရ၊ မိမိနေထိုင်သော ဒေသရှိ ဝိုင်စွယ်ဌာနဥက္ကဋ္ဌသာ ဦးထွန်းလူက တရားစွဲဆိုခွင့် ရှိကြောင်းနှင့် လျှောက်ထား၏၊ သို့သော် ပညာရှိ အစိုးရလွှေနေကြီးက ဦးမြတ်သိန်းထွန်းသည် ထိုစဉ်အခါက လက်ပံတန်းမြို့နယ်တွင် နေထိုင်တရားဟောခဲ့သဖြင့် လက်ပံတန်းမြို့နယ် ဝိုင်စွယ်ဌာနဥက္ကဋ္ဌ စီရင်ပိုင်ခွင့်ရှိသည်ဟု လျှောက်လဲ၏။ ထိုအချက်ကိုလည်း လက်ပံတန်းမြို့နယ် ဝိုင်စွယ်ဌာနက ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

တတိယအချက်မှာ မြို့နယ်ဝိုင်စွယ်ဌာနသည်၊ ဦးမြတ်သိန်းထွန်း အစစ်ခံရာတွင်၊ ၎င်းအား မူလပဌမဥ္စ မိမိကိုယ်တိုင် အစစ်ခံလိုသည့် အချက်များကို အစစ်ခံခွင့် မပေးဘဲ၊ ဝိုင်စွယ်ဌာနက ပြန်လှန်မေးခွန်းများမေး၍ စစ်ကြောင်းဖြင့် ဦးမြတ်သိန်းထွန်း၏ ပညာရှိ လွှေနေကြီးက လျှောက်ထား၏။ ဦးထွန်းလူအား စစ်မေးပုံ စစ်မေးနည်းနှင့် ဦးမြတ်သိန်းထွန်းအား စစ်မေးပုံ စစ်မေးနည်း နှစ်ရပ်ကို ယှဉ်ပြိုင်ကြည့်ရာ ပညာရှိ လွှေနေကြီး၏ လျှောက်လဲချက်များသည် အခြေအမြစ် လုံးဝမရှိဟု မဆိုနိုင်ပေ။ သို့သော် ဦးမြတ်သိန်းထွန်းအား ဦးထွန်းလူက ပြန်လှန်မေးခွန်းများ မေးပြီးနောက်၊ မိမိအပေါ်၌ ငြိသောအချက်အလက်များနှင့် စပ်လျဉ်း၍ ဖြေရှင်းခွင့်ပြုလျှင် တရားမျှတမှုမရှိဟု မဆိုနိုင်ပေ။

အမှန်အားဖြင့်ဆိုသော် ယခုအမှုတွင် အပြီးသတ် အဓိန္ဓာရမှတ်ခြင်း မပြုရသေးချေ၊ ဦးမြတ်သိန်းထွန်း၏ ပညာရှိ လွှေနေကြီးကလည်း အကယ်၍ မြို့နယ်ဝိုင်စွယ်ဌာနက၊ အဓိန္ဓာရမှတ်ခဲ့လျှင်၊ ခရိုင်ဝိုင်စွယ်ဌာနသို့ဝင်း၊ နိုင်ငံတော်ဝိုင်စွယ်ဌာနသို့ဝင်း စောဒကတင်နိုင်ခွင့် ရှိပါသည်ဟု ဝန်ခံ၏။

ထို့ကြောင့် ယခုလျှောက်လွှာကို ပယ်လိုက်သည်။

အမှုသည်များသက်၊ မိမိတို့တရားစရိတ်ကို မိမိတို့ အသီးသီး ကျခံရမည်ဖြစ်သည်။

နိုင်ငံတော်တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် [တရားသူကြီး ဦးကျော်ဇံဦးတို့ ရှေ့မှောက်တွင်

ဦးလှဖေ (လျှောက်ထားသူ) ၁၉၆၂

နှင့် ဧပြီလ ၂၄ ရက်။

မခင်မေသန်း ပါ ၃ (လျှောက်ထားခံရသူများ) *

အမှေဆက်ခံအက်ဥပဒေ ပုဒ်မ ၂၁၉ (စ) အမွေထိန်းစာကို သေဆုံးသူမြို့ရွာ တဦးဦးအား ထုတ်ပေးနိုင်ခြင်း။

The above passage was quoted with approval by Lord Radcliffe in delivering the judgment of the Privy Council in *Nakkuda Ali's* case (2). Therefore, in considering whether a particular statutory authority is a quasi-judicial body or a mere administrative body it has to be ascertained whether the statutory authority has the duty to act judicially."

The learned Judge further pointed out that a mere provision for an inquiry by a statutory body as a preliminary step to coming to a decision will not necessarily make the decision a quasi-judicial act for, the purpose of the inquiry may only be to enable the deciding authority to make up its mind to do what may be a purely administrative act.

In the case now under consideration what the Maubin Municipal Committee had done was merely to embark upon an inquiry to consider whether the terms of the

(1) (1928) 1 K.B. 411 at p. 415. (2) (1950) 54 C.W.N. 885.

notice advertised on the 17th of May 1955, relating to the purchase of the cinema hall at a depreciated cost constituted a valid, binding contract between the Committee as licensor and U Paw as licensee, and whether it should instead of giving U Paw a licence for a further period of 5 years to exercise its option of purchasing the cinema hall at a depreciated cost. It came to the decision that the interests of the Municipality lay in the adoption of the latter course. This decision was accordingly communicated to the applicant U Paw.

No doubt, as a result of the decision arrived at the Municipal Committee had by the first letter dated the 30th of June 1960, as well by a subsequent letter dated the 18th of October 1961, after the applicant's 'appeal' was dismissed by the Government threatened to evict the applicant. If the threatened action is unlawful the applicant has ample opportunity of restraining the Municipality by instituting a suit properly framed in a Court of Justice.

Regarding the second contention that there was no valid, binding contract for the sale and purchase of the cinema hall in question in the absence of an agreement in writing signed by the applicant U Paw and the President of the Municipal Committee this is also a matter which should be agitated before a Court of Justice in a suit properly framed.

Regarding the third contention that the decision of the Municipal Committee to purchase the cinema hall was *ultra vires* as the expenditure involved was not sanctioned by the President of the Union as required under clause (*m*) of section 87 of the Municipal Act, we are not prepared, on the materials laid before us, to come to the conclusion that the action of the Municipal Committee was not approved by the President of the Union. Under section 222 of the Municipal Act the President of the Union and

C.C. 1962

U PAW v. THE MAUBIN MUNICIPALITY AND TWO OTHERS.

the Commissioner are bound to require the proceedings of every committee to be in conformity with law and the President of the Union may exercise all powers necessary for the performance of the duty and may, by order in writing, annul or modify any proceedings which he may consider not to be in conformity with law. The proceedings had been before the President, namely, the Ministry for Democratization of Local Administration and Local Bodies and the President has not thought it fit to annul the decision of the Municipal Committee which was specifically confirmed by the Commissioner, Irrawaddy Division. In these circumstances, it is not unreasonable to infer that the proposed expenditure has the approval of the President of the Union.

For these reasons we are not prepared to interfere with the decision of the Municipal Committee now sought to be quashed by a writ of *certiorari*. The application is accordingly dismissed with costs, Advocate's fees being assessed at 10 (ten) gold mohurs.

CRIMINAL REVISION

Before U Kyaw Zan U, J.

V. PONNAYA (APPLICANT)

v.

THE UNION OF BURMA [Maung Hla Maung (*a*) Maung Hla Aung] (RESPONDENT).*

C.C. 1962

June. 16.

Criminal Procedure Code, s. 517—*Power of Court under—Recovery of value of exhibit not surrendered by person to whom it was wrongly given.*

Under s. 517, Criminal Procedure Code, the trial Magistrate has power to pass an order regarding the property produced before the Court even though no offence has been committed in respect of it.

In re *Anant Vurupas Peerant*, 46 I.C., (1918) 401 ; *Russul Bibee* v. *Ahmed Moosajee*, I.L.R., (1934) Cal. 347, referred to.

Where an exhibit has been returned to a wrong person, who on being ordered to return it fails to do so on the ground that he no longer has it, the Court can order him to pay its equivalent value in money and proceed to recover the same from him as if it were a fine.

Shwe Wa v. *C.I. Mehta*, I.L.R. 5 Ran. 553 ; *Shamsundar and another* v. *Teja Singh*, A.I.R., (1935) Pesh. 98, referred to.

Ba Thaung for the applicant.

Khin Maung (4) for the respondent.

U KYAW ZAN U, J.—In Criminal Regular Trial No. 20 of 1959 of the Court of the 4th Additional (Special Power) Magistrate of Insein one Tin Maung (*a*) Abdul Jabbar was convicted under section 411 of the Penal Code for receiving stolen properties and sentenced to suffer one year's rigorous imprisonment with the direction that Exhibit No. 7 gold bar, in particular, be returned to the applicant V. Ponnaya (PW 12). This gold bar was not in fact the subject-matter of theft, or in other words, it was not the property " regarding which any offence appears to have been committed, or which has been used for the

* Criminal Revision No. 231 (R) of 1961. Review of the orders of the 4th Additional (Special Power) Magistrate, Insein, dated the 26th June/1st July 1961 in Criminal Regular Trial No. 20 of 1959.

C.C. 1962 — V. PONNAYA v. THE UNION OF BURMA [Maung Hla Maung (a) Maung Hla Aung.]

commission of any offence" as provided in section 517 (1) of the Code of Criminal Procedure. The original jewelleries stolen were melted into a gold bar and sold to the applicant V. Ponnaya for K 2,806·50 which was the prevailing market value of gold weighing 10½ ticals and 2 pyas. At the time of the seizure the applicant had already sold the said bar in pieces to different persons, so he, probably through fear, surrendered this exhibit gold bar in its place to the police. This is altogether a different property from the one stolen and it is not even a thing converted from the original stolen gold, or in other words, it is not the stolen property at all. It is no doubt unjust to the applicant who is a jeweller that he should be deprived of it. The applicant acted in good faith and it was not suggested in the trial Court that he did not act *bona fide* nor did there seem to be anything in the trial record to suggest absence of good faith. He was the *bona fide* purchaser for valuable consideration. The trial Court was right in returning the exhibit, which, as stated above, had nothing to do with the commission of the offence.

Later when the complaint Maung Hla Aung who is a goldsmith filed an application before the learned District Magistrate of Insein for the return of the exhibit to him being Criminal Revision No. 2 of 1959 he was successful, but when the applicant V. Ponnaya applied to the High Court in Criminal Revision No. 246B of 1959 the order of the learned District Magistrate was reversed. The High Court found that the applicant gave the exhibit gold bar as a substitute. It found the statements of the applicant to be true, and finally held that as the exhibit gold bar was not the stolen property it should be returned to the applicant, who, according to the record, paid K 2,806·50 for it.

Accordingly when the trial Court directed the complainant to return the exhibit to the applicant as ordered by the High Court the complainant informed the Court that the exhibit was no longer with him, so the Court directed him to pay the equivalent value of the exhibit, but he declined, and when the matter went up again before the District Magistrate, the trial Court's order was set aside in Criminal Revision No. 2 of 1961 on the ground that the trial Court had no jurisdiction to order for payment of the equivalent value when the High Court only directed the complainant to return the exhibit gold bar to the applicant. Hence this application.

The trial Court has power under section 517 of the Code of Criminal Procedure to return the exhibit because (i) it was produced before the Court, and (ii) it was not the property regarding which theft was committed, or which had been used for the commission of theft. *In re Anant Vurupas Peerant* (1) where a gold ornament was stolen and converted by the thief into a different ornament, which was sold for full value to the applicant, who then melted the ornament and sold pieces of gold to different persons, the applicant was held to be entitled to have the money which he produced at the trial for theft. Under section 517 the trial Magistrate has power to pass an order regarding the property produced before the Court even though no offence has been committed in respect of it. *Russul Bibee* v. *Ahmed Moosajee* (2). The complainant cannot get away very easily by merely saying that the exhibit gold bar is no longer with him. It is open to the trial Court to compel the complainant who was wrongly given the exhibit to produce it as may be capable of production and also to produce the money equivalent of the exhibit as may be incapable of production. *Shwe Wa*

(1) 46 I.C. (1918) 401. (2) I.L.R. (1934) Cal. 347.

C.C. 1962

V. PONNAYA v. [Maung Hla Maung (v) Maung Hla Aung].

v. *C. I. Mehta and one* (1). This authority was followed in *Shamsundar and another* v. *Teja Singh* (2) where it was also held that such amount may be recovered as fine under section 547 of the Code of Criminal Procedure. It says "Where Court orders restitution of certain property but such property has been disposed of, the Court's order does not become *ultra vires* but it still retains the jurisdiction of passing orders about the property into which it has been converted. Hence where the property concerned is ornaments, and they have been sold, Court can order payment of equivalent value." The equivalent value of the exhibit in the instant case is K 2,806·50.

Accordingly the order of the learned District Magistrate dated 1st August 1961 is hereby set aside with the direction that if the complainant Maung Hla Aung fails to surrender the Exhibit No. 7 gold bar to the applicant the trial Court shall proceed to recover K 2,806·50 as fine from him and pay the amount to the applicant.

(1) I.L.R. 5 Ran. 553. (2) A.I.R. (1935) Pesh. 98.

တရားရုံးချုပ်၌

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ ရှေ့မှောက်တွင်

ကာဆီနတ် (သ) ရေး (အယူခံတရားလို)

နှင့်

ဗွီ၊ အယ် (လ်)၊ အက် (စ်) မင်နစ်ကန်ချစ်တီးယား ပါ ၂ (အယူခံတရားခံများ)

* ၁၉၆၂ ဇွန်လ ၇ ရက်။

လူမဲ့မူစီရင်ပိုင်ခွင့် အာဏာအရ၊ ပိုင်ဆိုင်ခွင့်ပြဿနာကို ဆုံးဖြတ်နိုင်ခြင်း။

သက်သေခံ ဥပဒေပုဒ်မ ၆၀၊ တိုက်ရိုက်သက်သေခံချက်မဟုတ်သည့် ဘီးလစ်အစီရင်ခံစာတွင် ဖေါ်ပြချက်။

ဆုံးဖြတ်ချက်။ ။လူမဲ့စာရင်းဝင် တဦးဖြစ်သူ ဆမ်ဘူရေး (လ်) ပိုင်ပစ္စည်းများဖြစ်သည်ဟု၊ ပစ္စည်းထိန်းဝန်၏ ညွှန်ကြားချက်အရ၊ ဘီးလစ်က ဖမ်းဆီးသောနွားအကောင်ရေ ၂၀ ကိုမိမိပိုင်ပါသည်ဟု အယူခံတရားခံအမှတ် ၁၊ မင်နစ်ကန်ချစ်တီးယားက ပစ္စည်းထိန်းဝန်ထံလျှောက်ထားသောကိစ္စတွင် တရားဝန်ကြီး တဦးက လူမဲ့မူ စီရင်ပိုင်ခွင့် အာဏာကို အသုံးပြုလျက် အချင်းဖြစ် နွားများသည် မင်နစ်ကန် ချစ်တီးယား၊ သို့မဟုတ် ဆမ်ဘူရေး(လ်)ပိုင်သလောဟူသည့် ပြဿနာကို စစ်ဆေးဆုံးဖြတ် ချမှတ်သောအမိန့်သည် မှားယွင်းသည်ဟုမဆိုနိုင်။

သက်သေခံ ဥပဒေပုဒ်မ ၆၀ အရဆိုလျှင်၊ နှုတ်သက်သေခံသည်၊ ကိုယ်တိုင်မြင်ရှိသော်ငင်း၊ ကိုယ်တိုင်ကြားရှိသော်ငင်း၊ ကိုယ်တိုင်အခြားနည်းဖြင့် သိရှိရှိသော်ငင်း၊ တိုက်ရိုက်သိသော သက်သေထွက်ဆိုချက်ဖြစ်ရမည်။ ဘီးလစ်၏ အစီရင်ခံစာတွင် အချင်းဖြစ်နွားများကို ဆမ်ဘူရေး (လ်) ပိုင်ဆိုင်သည်ဟု ဘီးလစ်အားညွှန်ပြသည့် သက်သေအဖြစ် စစ်ဆေးခြင်း မခံခဲ့ရသော ရမ်ဒတ်(စ်) ဆိုသူ၏ ပြောဆိုချက်ကို ရေးမှတ်ဖေါ်ပြချက်များသည်၊ယင်းသို့ တိုက်ရိုက်သက်သေခံမျိုးမဟုတ်။

အယူခံ တရားလိုအတွက်။ ။မစ္စတာ ဂျီ၊ အင်၊ ဘနာဂျီး လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံ (၁) အတွက်။ ။မစ္စတာ ဂျီ၊ ဒီ၊ ဝီလျံလိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ်ဦးဘိုကြီး။ ။ဤအမှုတွင်ဆမ်ဘူရေး(လ်)ဆိုသူ လူမဲ့စာရင်းဝင် တဦးပိုင် ပစ္စည်းများဖြစ်သည်ဟု ယခုအမှုပါ နွားကောင်ရေ ၂၀ ကို သိမ်းဆီးရန် အတွက်၊ဆမ်မူရေး(လ်)၏မြို့ရှင်တဦးဖြစ်သူ၊ယခုအယူခံတရားလို ကာဆီနတ်(သ) ရေး

* ၁၉၆၀ ခုနှစ်၊ တရားမ အထွေထွေအယူခံမှု အမှတ် ၁၀။

၁၉၆၂

ကာဆီနတ် (သ) ရေး နှင့် ဗို၊ အက် (လ)၊ အက် (စ) မင်နစ်ကန် ချစ်တီးယား ပါ ၂။

လျှောက်ထားသည်တွင်၊ ပစ္စည်းထိန်းဝန်က၊ဘီးလစ်အားဖမ်းဆီးစေရန် စေလွှတ်သဖြင့်၊ ဘီးလစ်သည် ထိုနွားများကို ဖမ်းဆီးလေသည်။ အယူခံတရားခံ အမှတ် ၁ မင်နစ်ကန် ချစ်တီးယားက ထိုနွားကောင်ရေ ၂၀ မှာ၊ မိမိပိုင်နွားများဖြစ်ကြောင်းဖြင့်ပစ္စည်းထိန်းဝန်ထံ လျှောက်ထားလေသည်။ တရားလွှတ်တော် မူလဘက်ဆိုင်ရာက တရားဝန်ကြီးတဦးက၊ လူမဲမှုစီရင်ပိုင်ခွင့် အာဏာကို အသုံးပြုလျက်၊ အချင်းဖြစ်နွားများကို၊ မင်နစ်ကန်ချစ်တီးယား၊ သို့မဟုတ် ဆမ်ဘူရေး(လ်) ပိုင်သလောဟူသည့် ပြဿနာတို့ စစ်ဆေးဆုံးဖြတ် စီရင်ချက် ချမှတ်လိုက်လေသည်။ ထိုအမိန့်ကို မကျေနပ်သဖြင့်၊ ကာဆီနတ်(သ်)ရေးက အယူခံဝင်ခြင်းဖြစ်သည်။

အယူခံတရားလို၏ ပညာရှိရွှေနေကြီး လျှောက်ထားသည့် ပဌမချက်မှာ၊ တရားဝန်ကြီးသည်၊ ဤအမှုကို လူမဲမှုစီရင်ပိုင်ခွင့် အာဏာကို အသုံးပြုခြင်းအားဖြင့် မစစ်ဆေးဘဲ၊ မင်နစ်ကန်ချစ်တီးယားအား တရားမမှုစွဲဆိုရန် ညွှန်ကြားသင့်သည်ဟု လျှောက်လဲခြင်းဖြစ်သည်။ သို့သော် ရန်ကုန်လူမဲမှုအက်ဥပဒေ ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်များအရ၊ အပ်နှင်းထားသည့်အာဏာမှာ လွန်စွာမှပင် ကျယ်ဝန်းသဖြင့်၊ တရားဝန်ကြီးသည်၊ ဤအမှုကို လူမဲမှုစီရင်ပိုင်ခွင့်အာဏာကို အသုံးပြု၍ စစ်ဆေးဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ပေ။ ပညာရှိရွှေနေကြီးက ထိုပုဒ်မ ၇ ခြင်းချက်ပါ ပြဋ္ဌာန်းချက်များကို အကိုးအကားပြု တဖန်လျှောက်လဲပြန်သည်မှာ၊ ဤအမှုတွင် အချင်းဖြစ်နွားများကို မည်သူပိုင်ဆိုင်သည်ဟူသော ပြဿနာ မပေါ် ပေါက်သဖြင့်၊ တရားဝန်ကြီးသည် လူမဲမှုစီရင်ပိုင်ခွင့်အာဏာကို အသုံးပြု၍ အဆုံးအဖြတ်မပေးနိုင်ပါဟု လျှောက်လဲခြင်းဖြစ်သည်။ သို့သော် ဤအမှုပါ အကြောင်းခြင်းရာအားလုံးကို လေ့လာသုံးသပ်ရာ၌ မင်နီကန်ချစ်တီးယားက အချင်းဖြစ်နွားများကို မိမိပိုင်ဆိုင်ပါသည်ဟု လျှောက်ထားသည်ကို တွေ့ရှိရသဖြင့်၊ ထိုခြွင်းချက်မှာ ဤအမှုနှင့် မသက်ဆိုင်ဟု ယူဆရပေမည်။ တီ၊ အက်(စ်)၊ အင်(နှ်) ချစ်တီးယား အစုစပ် (၁) အမှုကိုကြည့်ပါ။

အမှုအဖြစ်အပျက်နှင့် စပ်လျဉ်း၍ လျှောက်လဲရာ၌၊ အယူခံ တရားလို၏ ပညာရှိရွှေနေကြီးက၊ အချင်းဖြစ်နွားများကိုဆမ်ဘူရေး(လ်) ပိုင်ဆိုင်သည်ဟု ဘီးလစ်အားညွှန်ပြသော ရမ်ဒတ်(စ်) ဆိုသူကို သက်သေအဖြစ် စစ်ဆေးခြင်းမပြုခဲ့သော်လည်း၊ ၎င်း၏ပြောဆိုချက်ကို ဘီးလစ်၏ အစီရင်ခံစာတွင် ရေးမှတ်ထားသဖြင့်၊ ထိုအစီရင်ခံစာကို သက်သေခံအဖြစ် အသုံးပြုနိုင်ကြောင်းဖြင့် လျှောက်လဲ၏။ သို့သော် သက်သေခံ အက်ဥပဒေ ပုဒ်မ ၆၀ အရဆိုလျှင်၊ နှုတ်သက်သေခံသည် ကိုယ်တိုင်မြင်ရှိသော်၎င်း၊ ကိုယ်တိုင်ကြားရှိသော်၎င်း၊ ကိုယ်တိုင်အခြားနည်းဖြင့် သိရှိရှိသော်၎င်း၊ တိုက်ရိုက်

(၁) ၁၉၅၃ ခု၊ ရန်ကုန်စီရင်ထုံးများ၊ စာမျက်နှာ ၇၃၁။

သိသောသက်သေ၏ ထွက်ဆိုချက်ဖြစ်ရမည်။ ဘီးလစ်၏ အစီရင်ခံစာတွင် ပေါ်ပြ ချက်များသည်၊ ယင်းသို့သော တိုက်ရိုက်သက်သေခံမျိုးမဟုတ်ချေ။

အမှုပါ သက်သေခံချက်အားလုံးကို လေ့လာသုံးသပ်ရာ၌၊ မင်နီကန်ချစ်တီးယား သည် အချင်းဖြစ်နွားများကို၊ မိမိပိုင်ဆိုင်၍ သဃ်နိုးကျန်းနေ တိုတာဆင်း ဆိုသူထံ အပ်နှံထားရာ၊ အယူခံတရားလို၏ လျှောက်ထားချက်အရ၊ ပဋ္ဌည်းထိန်းဝန်၏ ဘီးလစ် သည့်နွားရောက်ဖမ်းဆီးသည်ဟု ပေါ်လွင်လေသည်။ အမှန်အားဖြင့်ဆိုလျှင်၊ ထိုနွား များထားရာ နွားတင်းကုတ်သည်၊ မင်နီကန်ချစ်တီးယား၏ ဘခင် ရုံးလေလံပွဲတွင် ဆွဲဝယ်ထားသော နွားတင်းကုတ်ဖြစ်ကြောင်းထင်ရှား၏။

အထက်ပေါ်ပြပါ အကြောင်းများကြောင့်၊ အယူခံကို စရိတ်နှင့်တကွ ပယ်လိုက် သည်။ ကျွန်ုံးတော်ရွှေနေခမှာ ငွေ ၁၇၀ ဖြစ်စေရမည်။

၁၉၆၂

ကာဆီနတ် (သ) ရေး နှင့် ပြည်၊ အယ် (လ်)၊ ဆက် (စ်) မင် နှစ်ကန် ချစ်တီး ယား ပါ ၂။

တရားရုံးချုပ်၌

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ ရှေ့မှောက်တွင်

* ၁၉၆၂
ဇွန်လ ၂၁ ရက်။

ပို့ဒီ၊ အိုင်၊ အီး၊ အိုင်စမိုလမ်စကဂျ (အယူခံတရားလို)

နှင့်

အီဘရာဟင်ရန်းကုမ္ပဏီလီမိတက် (အယူခံတရားခံ)

တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ (၁) အယူခံလွှာ တင်သွင်းရာတွင် လိုအပ်သည့်မိတ္တူများ၊ အယူခံချိန်းတော်က အခွင့်ပြုလျှင် တင်သွင်းခြင်းမပြုဘဲ နေနိုင်သောမိတ္တူ၊ တင်သွင်းခြင်းမပြုဘဲ မနေနိုင်သည့်မိတ္တူ၊ တရားမဝင်သော အယူခံ၊ ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမယောဒ အပိုဒ် ၁၅ အယူခံခွင့်ပြုသည့်ရက် ၂၀ ကို စတင်ရေတွက်ရမည့်နေ့၊ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၀ နှင့် ဆန့်ကျင်သဖြင့် တရားမဝင်သော စည်းကမ်းချက်များ။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ (၁) အရ၊ အယူခံလွှာတင်သွင်းရာ၌ အယူခံလွှာနှင့်အတူ အယူခံသော ဒီကရီမိတ္တူနှင့် စီရင်ချက်မိတ္တူကို ပူးတွဲတင်သွင်းရမည်ဖြစ်သည်။ စီရင်ချက်မိတ္တူကိုမူကား၊ အယူခံချိန်းတော်က အခွင့်ပြုလျှင် တင်သွင်းခြင်းမပြုဘဲ နေနိုင်သည်။ သို့သော် ဒီကရီမိတ္တူကို အယူခံလွှာနှင့်အတူ တင်သွင်းရမည်ဖြစ်သည်။ ယင်းသို့ ဒီကရီမိတ္တူနှင့် ပူးတွဲ၍ အယူခံလွှာကို တင်သွင်းခြင်းမပြုလျှင်၊ ထိုအယူခံသည် တရားဝင်သော အယူခံမဟုတ်ချေ။

ကာလစည်းကမ်းသတ်အက်ဥပဒေ ပဌမယောဒအပိုဒ် ၁၅ အရ၊ အယူခံဝင်ခွင့်ပြုသည့်ရက် ၂၀ ကို ရေတွက်ရာတွင် အောက်ရုံး ဒီကရီချမှတ်သောနေ့မှ စတင်၍ ရေတွက်ရမည်။

> "*Arbitration.*—All disputes which may arise out of this contract or in connection with it shall be submitted to the Foreign Trade Arbitration Commission at the Chamber of Commerce of the USSR, Moscow, for its decision under the rules of the said Arbitration, *without any recourse to legal proceedings*. The decision of the Arbitration is final and binding upon both parties to the Contract."

အမှုသည်များချုပ်ဆိုသော ပဋိညာဉ်စာချုပ်၌ ပါရှိသော အထက်ပါအပိုဒ်တွင် အငြင်းပွားမှုပေါ် ပေါက်လျှင်၊ မော်စကိုမြို့ရှိ အနုညာတ ခုံကသာလျှင်ဆုံးဖြတ်ရမည့်ဆိုသည့်အချက်နှင့်တရားရုံး

---

* ၁၉၅၉ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၅၁။ ၁၉၅၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၇ တွင်တရားလွှတ်တော်က ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

များဌ အဆုံးအဖြတ်ခံခြင်းမပြုရဟူသော အချက်များသည် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သဖြင့်၊ တရားမဝင် အတည်မဖြစ်။

The Coringa Oil Co. Ltd v. *Koegler* အိန္ဒိယစီရင်ထုံးများ၊ ကာလကတ္တား အတွဲ ၁၊ စာ ၄၆၆ နှင့် ခြားနားခြင်းကိုပြသည်။

၁၉၆၂

ဗို၊ အိုင်၊ အီး၊ အိုင်စမိုလမ် စကျွာ နှင့် အီဘရာဟင်ရန်း ကုမ္ပဏီ လိမိတက်။

အယူခံ တရားလိုအတွက်။ ။ဒေါက်တာ ဘဟန်နှင့် ဦးညွန့်ဟန်တို့ လိုက်ပါ ဆောင်ရွက်သည်၊

အယူခံ တရားခံအတွက်။ ။မက်ဆား (စ်) စူးရမားနှင့် ဘွန်းတို့ လိုက်ပါ ဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဆိုကြီး။ ။ဤအမှုတွင် ၁၉၅၉ ခုနှစ်၊ မေလ ၁၃ ရက်နေ့၌ အယူခံတရားခံ အီဘရာဟင်ရန်းကုမ္ပဏီလိမိတက်က၊ ယခုအယူခံ တရားလို ကုန်တိုက်နှင့် အခြားတဦးအား လျော်ကြေးငွေ သုံးသောင်းကျော် ရရှိရန်အတွက် တရားစွဲဆိုခဲ့ရာ၊ တရားခံကုမ္ပဏီသည် သမ္မာန်စာရရှိသော်လည်း လာရောက်ထုချေခြင်းမပြုသဖြင့် ၁၉၅၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့၌၊ ရုံးတော်က တဘက်သတ် ဒီကရီ ချမှတ်လိုက်သည်။ တရားခံကုမ္ပဏီ သမ္မာန်စာရရှိခြင်းနှင့်ပတ်သက်၍ အငြင်းမထွက်ချေ။ ၎င်းက မူလရုံးတော်သို့ ပေးပို့သော ၁၉၅၉ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့စွဲပါစာတွင်၊ ရုံးတော်မှ ထုတ်သော သမ္မာန်စာကို ရရှိကြောင်း။ သို့သော် တရားလိုနှင့် ၎င်းတို့ချုပ်ဆိုသော စာချုပ်တွင် မော်စကိုမြို့ရှိ အနုညာတခုံကသာ အငြင်းပွါးမှုကို ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း တရားရုံးများသို့ စာချုပ် ချုပ်ဆိုသူများ သွားရောက်တရားစွဲဆိုခွင့် မရှိကြောင်း ဖေါ်ပြထားသည်ကို တွေ့ရှိရသည်။ ထို့နောက် ၁၉၅၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့၌ ယင်းကုန်တိုက်၏ ရှေနေကြီးများက အယူခံလွှာတင်သွင်းပြီး လိုအပ်သော ဒီကရီမိတ္တူကို နောက်မှ တင်သွင်းပါမည်ဟု ဝန်ခံကတိပြုကြ၏။ ၁၉၅၉ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်နေ့ကမှသာလျှင် လိုအပ်သော ဒီကရီမိတ္တူကို တင်သွင်းသည်ဟု အယူခံမှ နေ့စွဲမှတ်တမ်းတွင် ဖေါ်ပြထားသည်ကို တွေ့ရှိရသည်။

ကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယားအပိုဒ် ၁၅၁ အရဆိုလျှင်၊ တရားလွှတ်တော် မူလဘက်ဆိုင်ရာ တရားရုံးမှ ချမှတ်သောဒီကရီ၊ သို့တည်းမဟုတ် အမိန့်မှ အယူခံရာတွင် ထိုဒီကရီ၊ သို့တည်းမဟုတ် အမိန့်ချမှတ်သည့်နေ့မှ အရက် ၂၀ အတွင်း အယူခံ တင်သွင်းရမည်ဖြစ်သည်။ ဤအမှုတွင် ဆုံးဖြတ်ရန်ပေါ် ပေါက်သော ပဌမအချက်မှာ၊ တရားဝင်သောအယူခံကို မည်သည့်နေ့ရက်၌ တင်သွင်းသနည်းဆိုသည့် အချက်ပင်ဖြစ်သည်။ တရားမကျင့်ထုံးအမိန့် ၄၁ နည်းဥပဒေ (၁) တွင် အတိအလင်း

၁၉၆၂

ဦး အိုင် အီး အိုင်စမိုလမ် စကလျာ နှင့် အီဘရာဟင်ရန်း ကုမ္ပဏီ လိမိတက်။

ပြဋ္ဌာန်းထားသည်မှာ၊ အယူခံလွှာတင်သွင်းရာ၌ အယူခံလွှာနှင့်အတူ အယူခံသော ဒီကရီ၏မိတ္တူနှင့် စီရင်ချက်မိတ္တူကို ပူးတွဲတင်သွင်းရမည်ဖြစ်သည်။ စီရင်ချက်မိတ္တူကို မူကား အယူခံရှုံးတော်က အခွင့်ပြုလျှင် တင်သွင်းခြင်းမပြုဘဲ နေနိုင်သည်။ သို့သော် ဒီကရီမိတ္တူကို အယူခံလွှာနှင့်အတူ တင်သွင်းရမည်ဖြစ်သည်။ ယင်းသို့ ဒီကရီမိတ္တူနှင့် ပူးတွဲ၍ အယူခံလွှာကို တင်သွင်းခြင်းမပြုလျှင် ထိုအယူခံသည် တရားဝင်သော အယူခံ မဟုတ်ခေါ်။ ထို့ကြောင့် ဤအမှုတွင် အယူခံတရားလို ကုန်တိုက်သည် ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ ကျရောက်မှသာလျှင် တရားဝင်သော အယူခံ တင်သွင်းသည်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။

မည်သည့်နေ့ရက်မှစ၍ အယူခံခွင့်ပြုသည့်ရက် ၂၀ ကို ရေတွက်ရမည်နည်းဟူသည့် ပြဿနာနှင့်စပ်လျဉ်း၍ အယူခံတရားလို ကုန်တိုက်သည် ဒုံးတော်သို့ လာရောက် ထုခေါ်ရန်အတွက်၊ အချိန်မီ သမ္မာန်စာရင်းခံသည်ဖြစ်၍ မိမိအပေါ် ဥ စွဲဆိုကြသောအမှု မည်သည့်အခြေအနေသို့ ဆိုက်ရောက်နေကြောင်းကို စုံစမ်းရန်တာဝန်မှာ၊ မိမိအပေါ် ၌ ကျရောက်ခဲ့လေသည်။ ထို့ကြောင့် ယင်းကုန်တိုက်၏ ကိုယ်စားလှယ်က မိမိသည် ၁၉၅၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့ကမှသာ နေးဒွင်းသတင်းစာ၌ ကုန်တိုက်အပေါ် တွင် ရုံးတော်က ဒီကရီချမှတ်ကြောင်း သတင်းတွေ့ရှိ၍ ဒီကရီချမှတ်သည်ကို ထိုနေ့၌သာ သိရှိရပါသည်ဟူသော အချက်ကို လက်မခံနိုင်ပေ။ ယင်းသို့ဖြစ်၍ အောက်ရုံး ဒီကရီ ချမှတ်သော ၁၉၅၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှစတင်၍ အယူခံရက် ၂၀ ကို ရေတွက် ရမည်ဖြစ်သည်။ ထိုသို့ရေတွက်သော် ၁၉၅၉ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့၌ တရားဝင်သည့် အယူခံတင်သွင်းသောအခါတွင် ခွင့်ပြုထားသည့် ကာလစည်းကမ်း သတ်ထက် ရက်ပေါင်းများစွာ ကျော်လွန်မှသာ အယူခံလွှာတွင် သွင်းသည်ဟု ယူဆရ ပေမည်။ ထို့ကြောင့် ယခုအယူခံမှာ ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ တင်သွင်း သည်ဖြစ်၍ ပယ်ရမည်ဖြစ်သည်။

ထိုမှတပါး၊ အယူခံတရားလို၏ ပညာရှိရွှေနေကြီး အဓိကအားဖြင့် လျှောက်လဲ သည့် ဒုတိယအချက်ကိုလည်း လက်မခံနိုင်ပေ။ ပညာရှိရွှေနေကြီးက အမှုသည်များ ချုပ်ဆိုသော ပဋိညာဉ်စာချုပ်အပိုဒ် ၁၀ ပါ သဘောတူညီချက်များနှင့် စပ်လျဉ်း၍ အငြင်းပွါးမှုပေါ် ပေါက်လျှင်၊ မော်စကိုမြို့ရှိ အနုညာတခုံကသာလျှင် ဆုံးဖြတ်ရမည် ဆိုသည့်အချက်မှာ၊ တရားဝင်သည့်အချက်ဖြစ်ကြောင်း။ တရားရုံးများ၌ အဆုံးအဖြတ် ခံခြင်း မပြုရဟူသော အချက်သာလျှင် တရားမဝင်ကြောင်းနှင့် လျှောက်လဲ၏ ထိုအပိုဒ် ၁၀ မှာ အောက်ပါအတိုင်းဖြစ်သည်။

"*Arbitration.*—All disputes which may arise out of this contract or in connection with it shall be submitted to the

Foreign Trade Arbitration Commission at the Chamber of Commerce of the USSR, Moscow, for its decision under the rules of the said Arbitration, *without any recourse to legal proceedings*. The decision of the Arbitration is final and binding upon both parties to the Contract."

၁၉၆၂
ပို့၊ အိုင်၊ အီး၊ အိုင်စမိုလမ် စကျွာ နှင့် အီဘရာဟင်ရန် ကမ္ပဏီ လိမိတက်။

ပညာရှိရွှေနေကြီးက *The Coringa Oil Co. Ltd.* v. *Koegler* (1) အမှုကို ကိုးကားပြီး၊ ထိုအမှုတွင် တရားသူကြီးချုပ်က အထက်၌ မိမိဖော်ပြခဲ့သည့် အတိုင်း၊ သဘောတူညီချက်နှစ်မျိုးကို ခွဲခြားခဲ့ကြောင်းနှင့် လျှောက်လဲပြန်သေး၏။ သို့သော် ထိုအမှုတွင် အမှုသည်များ ချုပ်ဆိုသည့် ပဋိညာဉ်တွင်၊ အငြင်းပွါးမှုပေါ် ပေါက်ပါက၊ ၎င်းတို့အသီးသီးတင်သော ခုံလှုကြီးများက အဆုံးအဖြတ်ပြုပြီး၊ ထိုဆုံး ဖြတ်ချက်မှာ အတည်ဖြစ်စေရမည် ဖြစ်ကြောင်းသာ ပါရှိလေသည်။ တရားရုံးများ၌ အမှုစွဲဆိုခြင်း မပြုရဟု မပါရှိချေ။ တရားသူကြီးချုပ်၏မြှက်ဆိုချက်များမှာ အဆုံး အဖြတ်မဟုတ်ချေ။

အထက်ပါ ပဋိညာဉ်အပိုဒ် ၁၀ တွင် ပါရှိသော သဘောတူညီချက်များကို လေ့လာ သုံးသပ်ရာ၌၊ အခြားသော စာချုပ်စာတမ်းများကို လေ့လာသုံးသပ်သည့်နည်းတူ၊ ထိုသဘောတူညီချက်အားလုံးကို ခြုံ၍လေ့လာသုံးသပ်ပြီး၊ အဓိပ္ပါယ်ကောက်ယူရမည် ဖြစ်သည်။ ယင်းသို့ အဓိပ္ပါယ်ကောက်ယူသည်ရှိသော်၊ ထိုစာချုပ်အပိုဒ် ၁၀ ပါ စည်းကမ်းချက်များသည် အငြင်းပွါးမှုပေါ် ပေါက်က ထိုစည်းကမ်းချက်များတွင် ဖော်ပြ ထားသော အနုညာတခုံအားသာလျှင် ဆုံးဖြတ်ရန် လွှဲအပ်ရမည်ဖြစ်ကြောင်း။ တရား ရုံးများသို့ သွားရောက်တရားစွဲဆိုခြင်း မပြုရကြောင်း အတိအလင်း ဖော်ပြထား သည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ထိုစာချုပ်အပိုဒ် ၁၀ ပါ စည်းကမ်းချက်များသည် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သဖြင့် တရားမဝင် အတည်မဖြစ်ဟုဆုံးဖြတ်ရမည်ဖြစ်သည်။ ထိုပုဒ်မ ၂၀ ခြွင်းချက်အမှတ် ၁ တွင်သော်၎င်း၊ ခြွင်းချက်အမှတ် ၂ တွင်သော်၎င်း၊ ဤအမှုပါ အကြောင်းခြင်းရာများသည် အကြုံး မဝင်ချေ။

အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။

ကျိုင်းတော် ရွှေနေခမှာ ၁၇၀ ဖြစ်စေရမည်။

(၁) အိန္ဒိယ စီရင်ထုံးများ၊ ကာလကတ္တားအတွဲ ၁၊ စာမျက်နှာ ၄၆၆။

တရားရုံးချုပ်၌

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ ရှေ့မှောက်တွင်

၁၉၆၂

ဇွန်လ ၅ ရက်။

ဘီ၊ ဗွီ၊ ဆက်တီး (လျှောက်ထားသူ)*

နှင့်

မိုင်မွန်နာဘီဘီ ပါ ၂ (လျှောက်ထားခံရသူများ)*

အိမ်ဦး။ ။ကွယ်လွန်သူ မူလအိမ်ခန်းဌါနမှ်းနေထိုင်သူ၏ အမည်ဖြင့် အိမ်ခန်းခပေးရ၍ နေထိုင်သူ အိမ်ဦးမဖြစ်နိုင်၊ မူလအိမ်ခန်းဌါနမှ်းနေထိုင်သူ ကွယ်လွန်အနီးရွောက်ခြင်းကြောင့် ဖြစ်ပေါ်သည့်အချက်များ။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူသည် အခင်းဖြစ် အိမ်ခန်းတွင် မူလအိမ်ခန်း ဌါနမှ်းနေထိုင်သူ ကေ၊ ဗွီ၊ရယ်ဒီနှင့်အတူ နေထိုင်လာရာ၊ အဆိုပါ ကေ၊ ဗွီ၊ရယ်ဒီသည် ၁၉၅၈ ခုနှစ်တွင် အိမ်ရှိယဉ်ပြည်သို့ ပြန်သွား၍ ၁၉၆၀ ခုနှစ်တွင် ကွယ်လွန်အနီးရွောက်ရာ၊ လျှောက်ထားသူက အိမ်ခန်း၊ ခကို အိမ်ရှင်အား မူလဌါနမှ်းခဲ့သူ ကေ၊ ဗွီ၊ ရယ်ဒီ၏ နာမည်ဖြင့် ပေးချေမှုဖြင့် လျှောက်ထားသူ အိမ်ဦးမဖြစ်နိုင်။

ကေ၊ ဗွီ၊ ရယ်ဒီ အနီးရွောက်ပြီးနောက်၊ အခင်းဖြစ်အိမ်ခန်း လစ်လပ်သည်ဟု ယူဆရမည်အပြင် ယင်းသို့ လစ်လပ်သည့်အတွင်း၊ ယခုလျှောက်ထားသူသည် ကြီးကြပ်ရေးဝန်၏ အခွင့်အမိန့်တစုံတရာ မရရှိဘဲ၊ ထိုအိမ်ခန်းဌာ နေထိုင်သည်ဟု ယူဆရမည်။

လျှောက်ထားသူအတွက်၊ မစွတာ ဂျီ၊ ဒီ၊ ဝီလျံ လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) အတွက်၊ ဦးမွန်စံလှိုင် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၂) အတွက်၊ အစိုးရ လွှတ်တော်ရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊ အိမ်ရှင် မိုင်မွန်နာဘီဘီ လျှောက်ထားသဖြင့်၊ ရန်ကုန်မြို့ လက်ထောက်ဌါနမှ်းခကြီးကြပ်ရေးဝန်က၊ ယခုလျှောက်ထားသူ ဘီ၊ ဗွီ၊ ဆက်တီးအား၊ ၁၉၆၀ ပြည့်နှစ်၊ ဌါနမှ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂၁ အရ၊ အရေးယူ၍ အခင်းဖြစ် အိမ်ခန်းမှ ထွက်ခွါဖယ်ရှားပေးရန် အမိန့်ချမှတ်သည်ကို မကျေနပ်သဖြင့် ထိုအမိန့်ကို အမှုခေါ်စာချုပ်တော် အမိန့်ဖြင့်၊ ပယ်ဖျက်ပါရန် လျှောက်ထားခြင်းဖြစ်သည်။

* ၁၉၆၁ ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာအမှတ် ၂၃၉။

၁၉၆၂

ဘီ၊ဒို့၊ ဆက်တီး နှင့် မိုင်မွန်နာဘိဘီ ပါ ၂ ။

လျှောက်ထားသူက၊ ၁၉၄၇ ခုနှစ်တွင်၊ မိမိနှင့် ကေ၊ ဗို၊ ရယ်ဒီတို့ အတူတကွ အိမ်ရှင်ထံမှ အခင်းဖြစ်အခန်းကို ငှါးရမ်းပြီး နေထိုင်ခဲ့ကြောင်း အဆိုရှိ၏။ သို့သော် အိမ်ခန်းလခပြေစာများမှာ ကေ၊ ဗို၊ ရယ်ဒီ နာမည်နှင့်သာရှိသည်။ ကြီးကြပ်ရေးဝန်သည်၊ နှစ်ဦးနှစ်ဘက်တင်ပြသော သက်သေများကို စစ်ဆေးပြီး၊ အမှုတွင် ပေါ်ပေါက်သည့် သက်သေခံချက်များကို လေ့လာသုံးသပ်ထု၌ တွေ့ရှိဆုံးဖြတ်သည်မှာ၊ အိမ်ခန်းငှါးရမ်းသူမှာ ကေ၊ ဗို၊ ရယ်ဒီ ဖြစ်ကြောင်း။ ကေ၊ ဗို၊ ရယ်ဒီသည်၊ ၁၉၄၇ ခုနှစ်မှ ၁၉၅၀ ခုနှစ်အထိ၊ အခင်းဖြစ်အခန်းတွင် သားမယားများနှင့် အတူနေ၍၊ ၁၉၅၀ ခုနှစ်တွင်၊ ၎င်း၏သားမယားများသည်၊ အိန္ဒိယပြည်သို့ပြန်ပြီး၊ မြန်မာပြည်သို့ ပြန်မလာတော့ကြောင်း။ ၁၉၅၀ ခု၊ အောက်တိုဘာလ ၂၁ ရက်နေ့နေ့ခင်းတွင်မှ၊ ဒီလျှောက်ထားသူသည်၊ ကေ၊ ဗို၊ ရယ်ဒီနှင့် အခင်းဖြစ်အခန်းတွင်နေထိုင်ကြောင်း၊ ကေ၊ ဗို၊ ရယ်ဒီသည်၊ ၁၉၅၇ ခုနှစ်တွင်၊ အိန္ဒိယပြည်သို့ ပြန်သွားပြီး၊ ၁၉၆၀ ခုနှစ်တွင် ကွယ်လွန်အနိစ္စဝေါက်ကြောင်း ဆုံးဖြတ်ချက်ချမှတ်လေသည်။ ကေ၊ ဗို၊ ရယ်ဒီ အိန္ဒိယပြည်သို့ ပြန်သွားပြီးနောက်၊ အိမ်ခန်းခကို ယခုလျှောက်ထားသူက အိမ်ရှင်အား ပေးသည်ကား မှန်၏။ သို့သော် အိမ်ခန်းခကို မူလငှါးရမ်းခဲ့သူ ကေ၊ ဗို၊ ရယ်ဒီ နာမည်ဖြင့်ပေးလေသည်။ ယင်းသို့ဖြစ်သောကြောင့် ထိုသို့အိမ်ခန်းခ ပေးချေမှုဖြင့် လျှောက်ထားသူ အိမ်ငှါးမဖြစ်နိုင်။

အထက်ပါ အကြောင်းအချက်များကို ကြီးကြပ်ရေးဝန်သည်၊ အသေးစိပ်စဉ်းစားဝေဘန်ထားသည်ကို တွေ့ရှိရသည်။ အမှန်အားဖြင့်ဆိုလျှင်၊ ဤမျှအသေးစိတ် ဖေါ်ပြရန်မလိုချေ။ သာမန်အားဖြင့် ယခုကဲ့သို့သော မှုခင်းမျိုးတွင်၊ အကြောင်းခြင်းရာနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက် ချမှတ်သည်ကို အမှုခေါ် စာချုန်တော်ဖြင့် ဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။

ဤအမှုပါ အကြောင်းခြင်းရာအရ၊ ကေ၊ ဗို၊ ရယ်ဒီ အနိစ္စဝေါက်ပြီးနောက်၊ အခင်းဖြစ်အိမ်ခန်း လစ်လပ်သည်ဟု ယူဆရမည့်အပြင်၊ ယင်းသို့ လစ်လပ်သည့်အတွင်း ယခုလျှောက်ထားသူသည် ကြီးကြပ်ရေးဝန်၏ အခွင့် အမိန့် တစုံတရာမရရှိဘဲ၊ ထိုအိမ်ခန်း၌ နေထိုင်သည်ဟု ယူဆရမည်ဖြစ်သည်။

ယခုအမှုတွင် ပေါ်ပေါက်သည့် အကြောင်းခြင်းရာများသည်၊ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက် ဥပဒေအောင်အတွင်း ကျရောက်သဖြင့်၊ လျှောက်လွှာကို ပလပ်လိုက်သည်။

အမှုသည်များသည်၊ မိမိတို့၏ တရားစရိတ်ကို မိမိတို့ အသီးသီး ကျခံရမည်။

တရားရုံးချုပ်၌

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ ရှေ့မှောက်တွင်။

† ၁၉၆၂ ဒုနှစ် ဇွန်လ ၁၄ ရက်။

ဃည်ဘားမားအွဲ့ဝိုင်းကုမ္ပဏီ လိမိတက် ပါ ၂ (အယူခံတရားလိုများ)

နှင့်

မစ္စတာ အမ်၊ ရာမန် (အယူခံတရားခံ)*

ထရတ်အက်ဥပဒေ၊ ပုဒ်မ ၃၄ အရ၊ လျှောက်လွှာကိုပယ်သည့်အမိန့်၊ အယူခံပိုင်ခွင့်မရှိ။

ဆုံးဖြတ်ချက်။ ။အယူခံပိုင်ခွင့် ရှိ မရှိဆိုသည့်အချက်မှာ အက်ဥပဒေအရဖြစ်စေ၊ အက်ဥပဒေကဲ့သို့ အကျိုးသက်ရောက်သော နည်းဥပဒေအရဖြစ်စေ၊ အခွင့်ပြုမှသာလျှင် အယူခံပိုင်ခွင့်ရှိသည်။

ထရတ်အက်ဥပဒေတွင် ပုဒ်မ ၃၄ အရ၊ လျှောက်ထားရာ၌၊ ရုံးတော်က အကြံဉာဏ်ပေးရန် ငြင်းဆိုသည့်အတွက်၊ အယူခံပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းချက်မတွေ့ရချေ။
ထရန်ဘတ် မဟာဒီတီလတ်နှင့် နာရာယန်ဟာရီလီလီနှင့် အပေါင်းပါများ၊ ဘုံဘိုင်စီရင်ထုံး အတွဲ ၃၃၊ စာမျက်နှာ ၄၂၉။ မာဇာမိုဟာမက် ဆက်ဒစ်အလီခံနှင့်ကာဇင် (မ်) အလီခန်နှင့် အပေါင်းပါများ၊ အေ၊ အိုင်၊ အာ၊ ၁၉၃၅ အောက် (၅) စာမျက်နှာ ၇၂၊ တို့ကိုရည်ညွှန်းသည်။

ထိုအမိန့်မျိုးများမှာ၊ ပြည်ထောင်စုတရားစီရင်ရေး အက်ဥပဒေပုဒ်မ ၂၀ တွင်ပါရှိသော စီရင်ချက်ဆိုသည့် အမိန့်မျိုးမဟုတ်ချေ။

"စီရင်ချက်"ဆိုသည့်စကားရပ်မှာ၊ တရားမမူတွင် အမှုသည်များ၏ အခွင့်အရေးများကို ဆုံးဖြတ်သော ဒီကရီဖြစ်သည်။

အင်ဒီဒါယာဘိုင်ဂျိုတ်ဒတ် (စ်) အပေါင်းပါများနှင့် အေ၊ အမ်၊ အမ်၊ မူရဂက်ပါချစ်တီးယား ရန်ကုန်စီရင်ထုံးများ အတွဲ ၁၃၊ စာမျက်နှာ ၄၅၇ ကို ရည်ညွှန်းသည်။

အယူခံတရားလိုများအတွက်၊ မက်ဆား (စ်) စူး (ရ်) မားအင်ဘွန်း၊ ဦးဟုန်ကျန်နှင့် ဦးမြင့်စိုးတို့ လိုက်ပါဆောင်ရွက်သည်။

အယူခံ တရားခံအတွက်၊ ဦးကျော်ထွန်း လိုက်ပါဆောင်ရွက်သည်။

---

* ၁၉၆၀ ခုနှစ်၊ တရားမ အသေးအဖွဲ့ အယူခံမှုအမှတ် ၁၁၊ ၀၂ နှင့် ၁၃၊ ၁၉၅၈ ခုနှစ်၊ တရားမ အသေးအဖွဲ့မှုအမှတ် ၁၁၆ တွင် တရားလွှတ်တော် မူလဘက်ရုံးတော်က ချမှတ်သောအမိန့် အယူခံဝင်မှု။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုများတွင် ယခုအယူခံသူများက ထရတ် အက်ဉပဒေပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များအရ၊ မိမိတို့ ထိန်းသိမ်းစောင့်ရှောက်ရသော အိုနာစာရံပုံငွေများနှင့် စပ်လျဉ်း၍၊ မည်သို့မည်ပုံ အုပ်ချုပ်ရမည်၊ စီမံခန့်ခွဲရမည်၊ စသည့်ပြဿနာများ ပေါ်ပေါက်သဖြင့်၊ တရားလွှတ်တော် မူလဘက်ဆိုင်ရာရုံးတွင် အကြံဉာဏ်တောင်းခဲ့လေသည်။ တရားလွှတ်တော်က အမှုအဖြစ်အပျက်များကို လေ့လာသုံးသပ်ပြီးလျှင်၊ အကြံဉာဏ်မပေးသင့်ဟုယူဆပြီး၊ တောင်းဆိုချက်ကို ပယ်လိုက်သည်။ ယင်းသို့ ပယ်သည်ကို မကျေနပ်သဖြင့် လျှောက်ထားသူများက အယူခံခြင်းဖြစ်သည်။

၁၉၆၂
သည်ဘားမင်း အိုင်ကုမ္ပဏီ လိမိတက် ပါ ၂ နှင့် မစ္စတာ အမ်၊ ဇုမန်။

ပဌမပေါ် ပေါက်သည့် ပြဿနာမှာ၊ ထရတ်အက်ဉပဒေပုဒ်မ ၃၄ အရ လျှောက်ထားရာတွင်၊ အောက်ရုံးတော်က အကြံဉာဏ်မပေးဘဲ ငြင်းပယ်သည့်အမိန့်သည် အယူခံပိုင်ခွင့်ရှိသောအမိန့်ဖြစ် မဖြစ်ဆိုသည့် ပြဿနာပင်ဖြစ်သည်။

အယူခံပိုင်ခွင့် ရှိ မရှိဆိုသည့်အချက်မှာ၊ အက်ဉပဒေအရဖြစ်စေ၊ အက်ဉပဒေကဲ့သို့ အကျိုးသက်ရောက်သော နည်းဥပဒေအရဖြစ်စေ၊ အခွင့်ပြုမှသာလျှင် အယူခံပိုင်ခွင့် ရှိသည်။ အဆိုပါ ထရတ်အက်ဉပဒေတွင် ပုဒ်မ ၃၄ အရ လျှောက်ထားရာ၌၊ ရုံးတော်က အကြံဉာဏ်ပေးရန် ငြင်းဆိုသည့်အတွက် အယူခံပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းချက်မတွေ့ရချေ။ ထိုအမိန့်မျိုးမှာ၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဉပဒေပုဒ်မ ၂၀ တွင် ပါရှိသော **စီရင်ချက်**ဆိုသည့် အမိန့်မျိုးမဟုတ်ချေ။ **အင်ရီဒါယာဘိုင်ဂျီဝန်ဒတ်(စ်) အပေါင်းပါနှင့် အေး၊ အမ်၊ အမ်၊ မူရွက်ပါး ချစ်တီးယား** (၁) အမှုတွင်၊ "**စီရင်ချက်**" ဆိုသည့်စကားရပ်မှာ၊ တရားမမှုတွင် အမှုသည်များ၏ အခွင့်အရေးများကို ဆုံးဖြတ်သော ဒီကရီဖြစ်သည်ဟု အတိအလင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ထိုစီရင်ထုံးကို တရားလွှတ်တော်ချုပ်က သဘောတူ လက်ခံခဲ့ပြီးဖြစ်သည်။ ထို့ပြင်၊ **ထရန်ဘတ်မဟာဒီတီလတ်နှင့် နာရာယန်ဟာရီလီလီနှင့်အပေါင်းပါများ** (၂) နှင့် **မာဇာပိုဟာမက်ဆက်ဒစ် အလီခန် နှင့် ကာဇင် (မ်) အလီခန်နှင့် အပေါင်းပါများ** (၃) တို့တွင်လည်း၊ ထရတ်အက်ဉပဒေပုဒ်မ ၃၄ အရ ချမှတ်သောအမိန့်သည် ဒီကရီမဖြစ်သဖြင့် အယူခံပိုင်ခွင့်ရှိသော အမိန့်မဟုတ်ဟု အဆုံးအဖြတ်ပြုခဲ့ကြသည်။

ထိုအကြောင်းများကြောင့်၊ ဤအယူခံများကို ပယ်လိုက်သည်။

အမှုသည်များသည် မိမိတို့၏ တရားစရိတ်ကို မိမိတို့ အသီးသီး ကျခံကြရမည် ဖြစ်သည်။

---

(၁) ရန်ကုန်စီရင်ထုံးများ အတွဲ ၁၃၊ စာမျက်နှာ ၄၅၇။

(၂) ဘုံဘိုင်စီရင်ထုံးများ အတွဲ ၃၃ စာမျက်နှာ ၄၂၉။

(၃) အေ-အိုင်-အာ၊ (၁၉၃၅) အောက်(စ်) စာမျက်နှာ ၇၂။

တရားရုံးခဲ့ပြုပ်၌

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားဝန်ကြီး ဦးစံမောင်တို့ ရှေ့မှောက်တွင်

အိပ် (ခ) ကူးပါး (လျှောက်ထားသူ)

နှင့်

မလှမိ ပါ ၂ (လျှောက်ထားခံရသူများ)*

*၁၉၆၂
ဇွန်လ ၂၇ ရက်။

အမှုခေါ် စာချုန်တော်။ တရားရုံးခဲ့ပြုပ်၌ရှိသည့်အာဏာ။ အမှုခေါ် စာချုန်တော် လျှောက်တောင်းသူ၏တာဝန်။ မြို့ပြဆိုင်ရာ ဥါးရမ်းခကြီးကြပ်ရေးအက် ဥပဒေတွင် ပြဋ္ဌာန်းခြင်းမရှိသော အချက်။ မည်သည့်ဆုံးဖြတ်ချက်မျိုးကို အမှုခေါ် စာချုန်တော်ဖြင့် ဝင်ရောက်စွက်ဖက်ခြင်း မပြုခြင်း။

ဆုံးဖြတ်ချက်။ ။ဤတရားရုံးခဲ့ပြုပ်၌အမှုခေါ် စာချုန်တော်ကိုသာထုတ်နိုင်သည့်အာဏာရှိသည်။ အမှုခေါ် စာချုန်တော်အမိန့်လျှောက်တောင်းရာ၌ လျှောက်ထားသူသည်၊ မိမိပယ်ဖျက်စေလိုသော သက်ဆိုင်ရာအာဏာပိုင်၏ အမိန့်သည်၊ မိမိ၏အခွင့်အရေးကို ထိခိုက်ကြောင်း၊ သို့တည်းမဟုတ် မိမိအား အကျိုးမဲ့စေကြောင်းကို ထင်ရှားစွာပြရန် တာဝန်ရှိသည်။

Errington and others* v. *Minister of Health (၁၉၃၅) ၁-ကေ၊ မီ၊ ၂၄၉-၂၇၉၊ ***R. v. Nicholson*** (၁၈၉၉) ၂-ကျူ၊ မီ၊ ၄၅၅-၄၇၀၊ တို့ကို ရည်ညွှန်းသည်။

မြို့ပြဆိုင်ရာ ဥါးရမ်းခကြီးကြပ်ရေး အက်ဥပဒေတွင် လျှောက်ထားသူကဲ့သို့သော တဦးတယောက်သည် လစ်လပ်သည့်အိမ်ကိုဖြစ်စေ၊ အိမ်ခန်းကိုဖြစ်စေ၊ မိမိအားအငှါးချထားရန်အတွက် ကြီးကြပ်ရေးဝန်ထံ လျှောက်ထားပိုင်ခွင့်ရှိသည်ဟုပြဋ္ဌာန်းချက်မရှိချေ။ ထို့ကြောင့် ကြီးကြပ်ရေးဝန်က မိမိအား အိမ်ခန်းအငှါးချထားခြင်းမပြုသဖြင့်၊ မိမိ၏အခွင့်အရေးကို ထိခိုက်စေပါသည်ဟု ဆိုနိုင်မည် မဟုတ်။ ။***The King* v. *The Electricity Commissioners*** (၁၉၂၄) ၁-ကေ၊ဘီ၊၁၇၁-၂၀၅ ကို ရည်ညွှန်းသည်။

အကြောင်းခြင်းရာနှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်မျိုးကို အမှုခေါ် စာချုန်တော်ဖြင့်ဝင်ရောက်စွက်ဖက်မည်မဟုတ်။ ။***U Han Shein & Sons* v. *The Hon'ble Minister for Finance and Revenue*** (၁၉၅၂) မြန်မာနိုင်ငံ စီရင်ထုံးများ (တရားလွှတ်တော်ချုပ်) စာ-၁၉၄ ကို ရည်ညွှန်းသည်။

---

* (၁၉၆၂) ခုနှစ်၊ တရားမ အထွေထွေလျှောက်လွှာအမှတ် ၁၁။

လျှောက်ထားသူအတွက်။ ။ဒေါက်တာ ရွှေဘော် လိုက်ပါဆောင်ရွက်သည်။ ၁၉၆၂

လျှောက်ထားခံရသူ အမှတ် (၁) အတွက်။ ။ဦးမောင်မောင် လိုက်ပါဆောင်ရွက် သည်။ အိပ်(ချို)၊ ကူး ပါး နှင့် မလှမိ ပါ ၂။

လျှောက်ထားခံရသူ အမှတ် (၂) အတွက်။ ။အစိုးရရှေ့နေ ဦးဘကျော် လိုက်ပါ ဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် ယခုလျှောက်ထားသူက လျှောက် ထားခံရသူ အမှတ်(၁) မလှမိသည်၊ ရန်ကုန်မြို့၊ ၄၃ လမ်း၊ အိမ်အမှတ် ၁၂၉၊ အင်းန်း အမှတ် ၉ တွင်မူလအိမ်ငှါးထွက်ခွါသွားပြီးနောက်၊ ၁၉၅၉ ခု၊ ပြီလမှ စတင်၍ ငှါးရမ်းခ ကြီးကြပ်ရေးဝန်၏ အခွင့်အမိန့်တစုံတရာမရရှိဘဲ နေထိုင်လျက်ရှိပါသည်ဟု၊ ၎င်းမလှမိ အားဖယ်ရှားစေ၍ မိမိအားထိုအခန်းကိုအငှါးချထားပါရန်၊ ကြီးကြပ်ရေးဝန်ထံလျှောက် ထားလေသည်။ မလှမိက အိမ်ငှါးဖြစ်သူ မစ္စတာ ဘိုမစ်သည် အိန္ဒိယပြည်သို့ခေတ္တသွား နေစဉ် မိမိသည် ထိုအခန်းတွင် စောင့်ရှောက်သူအဖြစ် ယာယီနေထိုင်ခဲ့ကြောင်းဖြင့် ချေပ၏။ ကြီးကြပ်ရေးဝန်သည် နှစ်ဦးနှစ်ဘက်တင်ပြသော သက်သေမျှားကို စစ်ဆေး ပြီးလျှင်၊ ဘိုမစ် ထိုအခန်းတွင် စတင်နေထိုင်သည့်နေ့ရက်မှာ ၁၉၅၀ ခု၊ အောက်တိုဘာ လ ၂၁ ရက်နေ့ နောက်ပိုင်း ကျရောက်မရောက်ကို သံသယကင်းစွာ အဆုံးအဖြတ် မပေးနိုင်သဖြင့်၊ ယခုလျှောက်ထားသူ၏ လျှောက်လွှာကို ပယ်လိုက်သည်။

ယင်းသို့ပယ်သည့်အမိန့်ကို အမှုခေါ်စာချုန်တော်အမိန့်ဖြင့်သော်၎င်း၊ တားမြစ်စေ စာချုန်တော်အမိန့်ဖြင့်သော်၎င်း၊ ပယ်ဖျက်ရန် ယခုလျှောက်ထားခြင်းဖြစ်သည်။ ဤ ကဏ္ဍားရုံးချုပ်၌ အမှုခေါ်စာချုန်တော်ကိုသာ ထုတ်နိုင်သည့် အာဏာရှိသည်။ သို့ဖြစ်၍ ကြီးကြပ်ရေးဝန်၏ အမိန့်ကို အမှုခေါ်စာချုန်တော်ဖြင့် ပယ်ဖျက်လျှင်လည်း ယခု လျှောက်ထားသူမှာ မည်သို့မှ အကျိုးခံစားခွင့် မရှိနိုင်ပေ။

ထို့ကဲ့သို့၊ အမှုခေါ်စာချုန်တော်အမိန့် လျှောက်တောင်းရာ၌ လျှောက်ထား သူသည် မိမိပယ်ဖျက်စေလိုသော သက်ဆိုင်ရာ အာဏာပိုင်၏ အမိန့်သည် မိမိ၏ အခွင့်အရေးကို ထိခိုက်ကြောင်း၊ သို့တည်းမဟုတ် မိမိအား အကျိုးမဲ့ဖြစ်စေကြောင်းကို ထင်ရှားစွာပြရန် တာဝန်ရှိလေသည်။ ***Errington and others*** **v.** ***Minister of Health*** (၁) နှင့် ***R. V. Nicholson*** (၂) အမှုတို့ကိုကြည့်ပါ။ ထို့ဒုတိယ အမှုတွင်ကုန်သည်များလိုင်စင်ရရှိရန်အတွက် လိုင်စင်ထုတ်ပေးသည့်တရားသူကြီးများထံ အပြိုင်လျှောက်ထားကြရာ၊ တရားသူကြီးများက အာဏာမရှိဘဲ ကုန်သည်တဦးအား လိုင်စင်ထုတ်ပေးသည်တွင်၊ လိုင်စင်မရသောကုန်သည်များက၊ ယင်းသို့ ထုတ်ပေးသည့်

(၁) (၁၉၃၅) ၁-ကေ၊ ဗီ၊ ၂၄၉-၂၂၉။ (၂) (၁၈၉၉) ၂-ကျူး၊ ဗီ၊ ၄၅၅-၄၇၀။

၁၉၆၂

အိပ်(ချို)၊ ကူး ပါး နှင့် မလုမ်မံ ပါ ၂။

အမိန့်ကို အမှုခေါ်စာချုပ်တော်ဖြင့် ပယ်ဖျက်ရန်လျှောက်ထားလေသည်။ ရုံးတော်က လိုင်စင်မရသော ကုန်သည်များမှာ အထူးနှစ်နာချက်မရှိဟု ဆုံးဖြတ်ပြီးလျှင် လျှောက်လွှာကိုပယ်လိုက်၏။ယခုအမှုမှာလည်းမြို့ပြဆိုင်ရာဌားရမ်းခကြီးကြပ်ရေးအက်ဥပဒေတွင် လျှောက်ထားသူကဲ့သို့သော သူတဦးတယောက်သည် လစ်လပ်သည့်အိမ်ကို ဖြစ်စေ၊ အိမ်ခန်းကိုဖြစ်စေ မိမိအား အငှါးချထားရန်အတွက် ကြီးကြပ်ရေးဝန်ထံ လျှောက်ထားပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းချက်မရှိချေ။ ထို့ကြောင့် ကြီးကြပ်ရေးဝန်က မိမိအား အိမ်ခန်းအငှါးချထားခြင်း မပြုသဖြင့် မိမိ၏အခွင့်အရေးကို ထိခိုက်စေပါသည်ဟု ဆိုနိုင်မည်မဟုတ်ပေ။ ထို့ပြင်လည်း အထက်၌ဖော်ပြခဲ့သော ***Errington and others v. Minister of Health*** (၁) အမှုတွင် စာမျက်နှာ ၂၅၉ ၌အကျိုးသက်ဆိုင်သူများ ကန့်ကွက်မှုမရှိဘဲ သက်ဆိုင်ရာအာဏာပိုင်က သင့်တော်သလို စုံစမ်းစစ်ဆေးပြီး အမိန့်ချမှတ်လျှင်၊ ထိုအမိန့်မှာ တရားစီရင်ရေးဆိုင်ရာ အမိန့်မျိုးမဟုတ်ဘဲ အုပ်ချုပ်ရေးဆိုင်ရာ အမိန့်မျိုးသာဖြစ်သည်ဟု မြွက်ဆိုထားလေသည်။ အမှန်အားဖြင့်ဆိုလျှင် အမှုခေါ်စာချုပ်တော်ကိစ္စနှင့် စပ်လျဉ်း၍ ရုံးတော်များ လက်ခံကျင့်သုံးသည့် ***The King v. The Electricity Commissioners*** (၂) အမှုတွင် ***Lord Atkin*** ၏ မြွက်ဆိုချက်မှာ မှတ်သားဘွယ်ကောင်း၍ အောက်ပါအတိုင်းဖြစ်သည်။

> " Whenever any body of persons having legal authority to determine questions affecting the rights of subjects, and having the duty to act judicially, act in excess of their legal authority they are subject to the controlling jurisdiction of the King's Bench Division exercised in the writs . . ."

ဤမြွက်ဆိုချက်တွင်လည်း သက်ဆိုင်ရာ အာဏာပိုင်က တိုင်းသူပြည်သား၏ အခွင့်အရေးကို ထိခိုက်ပြီး ဆုံးဖြတ်ခြင်းသည် အမှုခေါ်စာချုပ်တော် ထုတ်သည့်ကိစ္စ၌ လိုအပ်သောအချက်များတွင် အရေးကြီးသော အချက်တရပ်ဖြစ်ကြောင်း ပါရှိပေသည်။ ထိုအကြောင်းများကြောင့်၊ ဤအမှုတွင် အမှုခေါ် စာချုပ်တော် မထုတ်သင့်ဟု ဆုံးဖြတ်ရပေမည်။

ထို့မှတပါးလည်း ကြီးကြပ်ရေးဝန်၏ ဆုံးဖြတ်ချက်မှာ ဥပဒေကြောင်း ဆိုင်ရာ ပြဿနာတွင် အထင်အရှားမှားယွင်းသော ဆုံးဖြတ်ချက်မဟုတ်ပေ။ အကြောင်းခြင်းရာနှင့်ဆိုင်သော ဆုံးဖြတ်ချက်မျှသာဖြစ်သည်။ ယင်းသို့သော ဆုံးဖြတ်ချက်မျိုးကို

(၁) (၁၉၃၅) ၁-ကေ၊ ဗီ၊ ၂၄၉-၂၂၉။ (၂) (၁၉၂၄) ၁-ကေ၊ ဘီ၊ ၁၇၁-၂၀၅။

အမှုခေါ် စာချုန်တော်ဖြင့် ဝင်ရောက်စွက်ဖက်မည် မဟုတ်ပေ။ *U Han Shein & Sons* v. *The Hon'ble Minister for Finance and Revenue* (၁) အမိန့်ကို ပါး နှင့် မလှမ် ပါ ၂။

ထို့ကြောင့် လျှောက်လွှာကို စရိတ်နှင့်တကွ ပယ်လိုက်သည်။

ဤရုံးတော် ရွေးနေခမှာ ၇၅ ကျပ် ဖြစ်စေရမည်။

(၁) (၁၉၅၂) ဘီအယ်(လ်) အာ(ရှ်) တရားလွှတ်တော်ချုပ်စာ ၁၉၄။

တရားရုံးချုပ်၌

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ရှေ့မှောက်တွင်

ဦးပညာ ပါ ၂ (စောဒကမျှား)

နှင့်

ဦးကွန္ဒ ပါ ၅ (စုဒိတကမျှား)

* ၁၉၆၂
ဇွန်လ ၂၁
ရက်။

ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေ ပုဒ်မ ၄၄ (၂) အရ၊ လစ်လပ်သောနေရာတွင် နယ်ပိုင် တရားမ တရားရုံးတော်က ပုဒ်မ ၃၈(၃)အရ၊ ရွေးချယ်တင်မြှောက်ရန်။

ခုံဝိနည်းဓိုရ် ၃ ပါး၊ စစ်ဆေးရမည့်အမှုကို ၂ ပါးသာစစ်ဆေး၍ ချမှတ်သော ဝိနိစ္ဆယအဆုံးအဖြတ် အတည်မဖြစ်။

ဝိဝါဒအဓိကရဏ်းမှုနှင့် ပတ်သက်၍ နယ်ပိုင် တရားမ ရုံးတော်က ဝိနိစ္ဆယခုံဖွဲ့စည်းပေးလိုက်ရာ၊ စောဒကမျှား တင်မြှောက်သော ခုံဝိနည်းဓိုရ် ဆရာတော်တပါး၊ စုဒိတကဘက်ကတင်မြှောက်သော ခုံဝိနည်းဓိုရ် ဆရာတော်တပါး၊ ၎င်းအပြင် ထိုခုံဝိနည်းဓိုရ် ဆရာတော် ၂ ပါးတို့ကတင်မြှောက်သော ကြားခံ ဝိနည်းဓိုရ် ဆရာတော်တပါးတို့သည် ဝိဝါဒအဓိကရဏ်းမှုကိုစစ်ဆေးနေစဉ်အတွင်း၊ ၎င်းတို့ ၃ ပါးအနက် စောဒကမျှားက တင်မြှောက်သော ခုံဝိနည်းဓိုရ်ဆရာတော်သည် ဆက်လက်ဆောင်ရွက်ခြင်းမပြုတော့ဘဲနေရာ၊ ကျန်စုဒိတကဘက်မ တင်မြှောက်သော ခုံဝိနည်းဓိုရ်ဆရာတော်နှင့် ကြားခံဝိနည်းဓိုရ်ဆရာတော် ၂ ပါးသာလျှင်ဆက်လက်ဆောင်ရွက်၍ကျန်သက်သေများကိုစစ်ဆေးပြီးလျှင်၊ ဝိနိစ္ဆယအဆုံးအဖြတ်ပေးကြလေသည်။

ဆုံးဖြတ်ချက်။ ။ခုံဝိနည်းဓိုရ် ဆရာတော်တပါးသည် ဆက်လက်ဆောင်ရွက်ခြင်း မပြုဘဲနေသဖြင့် ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၄၄ (၂)အရ၊ ခုံဝိနည်းဓိုရ် ဆရာအဖြစ်မှ ရပ်စဲခြင်းဖြစ်ရာ၊ ထိုလစ်လပ်သောနေရာတွင် နယ်ပိုင် တရားမရုံးတော်က အဆိုပါအက်ဥပဒေပုဒ်မ ၃၈ (၃) အရ၊ ခုံဝိနည်းဓိုရ်ဆရာတော်တပါးကို ရွေးချယ်တင်မြှောက်သင့်ပေသည်။

ဝိနိစ္ဆယ (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၄၀ တွင် ခုံဝိနည်းဓိုရ် ဆရာတော်များနှင့် ကြားခံဝိနည်းဓိုရ်ဆရာတော်၌ မိမိအား ရွေးချယ်တင်မြှောက်သော အကြောင်းကြားစာရရှိသည့်အခါ၊ လဲ့အပ်သည့် အဓိကရဏ်းကို စတင် ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ပိုင်ခွင့် ရှိသည်ဟု အတိအလင်း ပြဋ္ဌာန်းထားလေရာ၊ ဤအမှုတွင် ဆရာတော် ၃ ပါးသာလျှင် ယင်းသို့ကြားနာစစ်ဆေး စီရင်ပိုင်ခွင့် ရှိသည်ဖြစ်၍ ဆရာတော် ၂ ပါးက စစ်ဆေးကြားနာပြီး အဆုံးအဖြတ်ပေးသဖြင့် ၎င်းတို့၏ဝိနိစ္ဆယ အဆုံးအဖြတ်မှာ အတည်မဖြစ်နိုင်ခေါ်။

စောဒကမျှားအတွက်။ ။ဦးလှဖေ လိုက်ပါဆောင်ရွက်သည်။

စုဒိတကအမှတ် (၁) အတွက်။ ။ဦးဘသော့ လိုက်ပါဆောင်ရွက်သည်။

---

* ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၆၄။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုစောဒက ဦးပညာ၊ ဦးဣန္ဒတို့ကတဘက်၊ စုဒိတကအမှတ်(၁) ဦးဣန္ဒ၊ အမှတ်(၂) ဦးနန္ဒနှင့် ယခုကွယ်လွန်သူ ဦးဣန္ဒဘဝံသတို့က တဘက်၊ မုဒုံမြို့၊ တော်ကူးကျောင်းနှင့်ပတ်သက်၍၊ ဝိဝါဒ အဓိကရဏ်းမှု ဖြစ်ပွါးကြရာ၊ မော်လမြိုင်မြို့ နယ်ပိုင်တရားမရုံးတော်က၊ ၁၃၁၆ ခုနှစ်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၃၈ (၃) အရ၊ ဝိနိစ္ဆယခုံ ဖွဲ့စည်းပေးလိုက်သည်။ ထိုခုံရုံးတော်တွင် ဦးပညာတို့ တင်မြွောက်သည့် ခုံဝိနည်းဓိုရ် ဆရာတော် ဦးဂုဏဝံ နှင့် ဦးဣန္ဒ၊ ဦးနန္ဒတို့ တင်မြွောက်သည့် ခုံဝိနည်းဓိုရ်ဆရာတော် ဦးသောဘိတတို့က၊ ကြားခုံဝိနည်းဓိုရ် ဆရာတော်အဖြစ် ဦးဥက္ကံသအား တင်မြွောက်ကြလေသည်။ အမှုစစ်ဆေးနေစဉ်အတွင်း၊ ဦးဂုဏဝံနှင့် ဦးဥက္ကံသတို့ သဘောကွဲလွဲကြရာ၊ ဦးဂုဏဝံက၊ဦးဥက္ကံသအား ကြားခုံဝိနည်းဓိုရ်ဆရာတော်အဖြစ်မှ ဖယ်ရှားပေးစေရန်၎င်း၊ ဦးနန္ဒတို့က ဦးဂုဏဝံအား ဝိနည်းဓိုရ် ဆရာတော်အဖြစ်မှ ဖယ်ရှားပေးစေရန်၎င်း၊ နယ်ပိုင်တရားမရုံးတော်သို့ လျှောက်ထားကြသည်။ တရားမရုံးတော်သည်၊ နှစ်ဦးနှစ်ဘက်ကြားနာပြီးနောက်၊ ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၄၄ ကို ညွှန်း၍၊ ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များအရ၊ ပေါ်ပေါက်သည့် အခြေ အနေတွင် ကြားခုံဝိနည်းဓိုရ်ဆရာတော်ကိုသော်၎င်း၊ ခုံဝိနည်းဓိုရ် ဆရာတော်ကိုဂင်း၊ ဖယ်ရှားပေးစေရန် အမိန့်ချမှတ်ရန်အတွက်၊ မိမိ၌ အာဏာမရှိကြောင်း ဆုံးဖြတ်ပြီးလျှင်၊ မေတ္တာရပ်ခံချက်များကို ပယ်လိုက်သည်။

၁၉၆၂

ဦးပညာ ပါ ၂ နှင့် ဦးဣန္ဒ ပါ ၅။

ထိုနောက်၊ ဦးဂုဏဝံသည်၊ ခုံဝိနည်းဓိုရ် ဆရာတော်အဖြစ် ဆက်လက်ဆောင်ရွက်ခြင်းမပြုတော့ချေ။ ကျန်ခုံဝိနည်းဓိုရ် ဆရာတော် ဦးသောဘိတနှင့် ကြားခုံဝိနည်းဓိုရ် ဆရာတော် ဦးဥက္ကံသနှစ်ပါးသာလျှင်၊ ဆက်လက်ဆောင်ရွက်၍ ကျန်သက်သေများ စစ်ဆေးပြီးလျှင်၊ ဝိနိစ္ဆယ အဆုံးအဖြတ် ပေးတော်မူကြလေသည်။ ထိုဆုံးဖြတ်ချက်ကို အမှုခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ပါရန် ဦးပညာနှင့် ဦးဣန္ဒတို့က ယခုမေတ္တာရပ်ခံခြင်း ဖြစ်သည်။

ဝိနိစ္ဆယဌာန (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၄၄ တွင်၊ ဝိနိစ္ဆယခုံအတွက်၊ ရွေးချယ်တင်မြွောက်ခြင်းခံရသည့် ခုံဝိနည်းဓိုရ် ဆရာတော် တပါးပါးသည်၊ သို့တည်းမဟုတ် ကြားခုံဝိနည်းဓိုရ် ဆရာတော်သည် အဓိကရဏ်းမှုကို ကြားနာစစ်ဆေးစီရင်ဆုံးဖြတ်ရန် ပျက်ကွက်လျှင်၊ ခုံဝိနည်းဓိုရ် ဆရာတော်အဖြစ်မှဖြစ်စေ၊ ကြားခုံဝိနည်းဓိုရ် ဆရာတော်အဖြစ်မှဖြစ်စေ ရပ်စဲသည်ဟု မှတ်ယူရမည်ဖြစ်သည်။ ဤအမှုတွင် ခုံဝိနည်းဓိုရ်ဆရာတော် ဦးဂုဏဝံသည်၊ အဓိကရဏ်းမှုကို ကြားနာစစ်ဆေးစီရင်ရန် ဆုံးဖြတ်ရန် ပျက်ကွက်သည်မှာ ထင်ရှားလေသည်။ ထို့ကြောင့် ထိုဆရာတော်သည်၊ ခုံဝိနည်းဓိုရ် ဆရာတော်အဖြစ်မှ ရပ်စဲသည်ဟု မှတ်ယူရမည်ဖြစ်သည်။ ထိုပုဒ်မ ၄၄၊ ပုဒ်မငယ် (၂) အရ၊ ယင်းသို့ရပ်စဲရာ၌၊ နယ်ပိုင်တရားမရုံးတော်က၊ ဖွဲ့စည်းသည့် ဝိနိစ္ဆယ ခုံဖြစ်သဖြင့်၊

၁၉၆၂

ဦးပညာ ပါ ၂ နှင့် ဦးကုန္ဒ ပါ ၅။

ဦးကုဏ္ဍဝံ၏ လစ်လပ်သည့်နေရာတွင်၊ ထိုနယ်ပိုင်တရားမရုံးကပင် ခုံဝိနည်းဓိရိဆရာတော် တပါးကို၊ ပုဒ်မ ၃၈၊ ပုဒ်မခွဲ ၃ အရ၊ ရွေးချယ်တင်မြှောက်၍ ဖြည့်သွင်းရမည်ဖြစ်သည်။ ထိုပုဒ်မခွဲ ၂ တွင် ယင်းသို့ နယ်ပိုင်တရားမရုံးက ဖြည့်သွင်းရာ၌ လစ်လပ်သည့်နေ့မှ ၁၅ ရက်အတွင်း၊ ဖြည့်သွင်းရမည်ဟု ပါရှိသည်။ သို့သော် ပုဒ်မ ၄၄၊ ပုဒ်မငယ် (၃)တွင်၊ နှစ်ဘက်အမှုသည်များ သဘောတူ ပွဲစည်းသည့် ဝိနိစ္ဆယခုံတွင်၊ လစ်လပ်သည့်နေရာကို၊ သတ်မှတ်ထားသည့်အချိန်အတွင်း၊ အမှုသည် တဦးဦးက ဖြည့်သွင်းခြင်းမပြုလျှင် နယ်ပိုင်တရားမရုံးက ပုဒ်မ ၃၈၊ပုဒ်မခွဲ (၃) အရ၊ ရွေးချယ်တင်မြှောက်၍ လစ်လပ်သည့် နေရာကို ဖြည့်သွင်းရမည်ဟု ပါရှိသဖြင့်၊ လစ်လပ်သည့်နေ့မှ ၁၅ ရက် ကျော်လွန်သော်လည်း၊ နယ်ပိုင်တရားမရုံးက ပွဲစည်းသည့် ဝိနိစ္ဆယခုံတွင် လစ်လပ်သည့်နေရာကို အခြေအနေအရ သင့်လျော်သော အချိန်ကာလအတွင်း ဖြည့်သွင်းနိုင်ရမည်ဖြစ်သည်။ ယင်းသို့ မဖြည့်သွင်းနိုင်လျှင်၊ နယ်ပိုင်တရားမရုံးက မိမိတာဝန်ကို တိကျစွာ မထမ်းဆောင်ဘဲ ပျက်ကွက်လျှင်၊ စောဒကနှင့် စုဒိတကတို့မှာ များစွာအနှစ်နာခံရပေလိမ့်မည်။ စောဒက ဦးပညာ၏ သစ္စာပြုစာတမ်းအပိုဒ် ၁၆ တွင် ဤသို့ပါရှိ၏။

> "၁၆။ စုဒိတက အမှတ် ၅၊မော်လမြိုင်မြို့၊ နယ်ပိုင်တရားမ တရားသူကြီးသည် ကျွန်ုပ်စောဒကတို့၏ ခုံဝိနည်းဓိရိဆရာတော် ဦးကုဏ္ဍဝံက ခုံအဖွဲ့တွင် ဆက်လက် မဆောင်ရွက်လိုတော့သဖြင့်၊ ထွက်ခွင့်ပြုရန် လျှောက်ထားချက်ကို လက်ခံ၍ ကျွန်ုပ်စောဒကတို့အတွက် ခုံဝိနည်းဓိရိတရားအစား မခန့်ထားပေးခြင်းမှာ နယ်ပိုင်တရားမတရားသူကြီးသည်၊ ဥပဒေအရ မိမိ၌ စီရင်ပိုင်ခွင့် အာဏာရှိပါလျက်၊ ထိုအာဏာကို မသုံးစွဲခြင်းမှာ ပေါ်လွင်ထင်ရှား၍ ကျွန်ုပ်စောဒကတို့ကို အထူး အကျိုးနစ်နာစေပါသည်။"

နယ်ပိုင်တရားမရုံးတော်သည် ခုံဝိနည်းဓိရိ ဆရာတော် ဦးကုဏ္ဍဝံ ဆက်လက် မဆောင်ရွက်ဘဲ နေသဖြင့်၊ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဦးကုဏ္ဍဝံ အစား ခုံဝိနည်းဓိရိဆရာတော်တပါးကို ရွေးချယ်တင်မြှောက်၍ ထည့်သွင်းသင့်ပေသည်။

ဝိနိစ္ဆယအဆုံးအဖြတ်မှာ အတည်မဖြစ်နိုင်ချေ။ အကြောင်းမူကား ဝိနိစ္ဆယ (ပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၄၀ တွင် ခုံဝိနည်းဓိရိဆရာတော်များနှင့် ကြားခုံဝိနည်းဓိရိ ဆရာတော်၌ မိမိအားရွေးချယ်တင်မြှောက်သော အကြောင်းကြားစာကို ရရှိသည့်အခါ၊ လွဲအပ်သည့် အဓိကရုဏ်းကို စတင်ကြားနာ စစ်ဆေးစီရင်ဆုံးဖြတ်နိုင်ခွင့်ရှိသည်ဟု အတိအလင်း ပြဋ္ဌာန်းထားလေသည်။ ဆရာတော် ၃ ပါးသာလျှင်၊ ယင်းသို့ ကြားနာစစ်ဆေးစီရင်ပိုင်ခွင့်ရှိသည်။

အထက်ဖေါ်ပြပါ အကြောင်းမျှားကြောင့်၊ ဝိနိစ္ဆယ အဆုံးအဖြတ်ကို အမှုခေါ် စာချုပ်တော်ဖြင့် ပယ်ဖျက်လိုက်သည်။

စောဒကနှင့် စုဒီတကတို့၊ မိမိတို့တရားစရိတ်ကို မိမိတို့အသီးသီး ကျခံကြရမည် ဖြစ်သည်။

၁၉၆၂

ဦးပညာ ပါ ၂ နှင့် ဦးဟန္ဒ ပါ ၅။

တရားရုံးချုပ်၌

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ရှေ့မှောက်တွင်

* ၁၉၆၂
—
ဇွန်လ ၇
ရက်။

ဦးဘိုးဝန် ပါ ၃ (လျှောက်ထားသူများ)
နှင့်
လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးဝန်ကြီးဌာန ပါ ၅ (လျှောက်ထားခံရသူများ)

လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေအရ၊ ခန့်ထားသည့်ကော်မိတီများ၊ အာဏာပိုင်များသည် ကန့်သတ်ထားသည့် တရားစီရင်ရေးဆိုင်ရာ အလုပ်ဝတ္တရားများနှင့် အာဏာများကို သုံးစွဲဆောင်ရွက်စေရန် တရားဥပဒေဖြင့် လွှဲအပ်ထားခြင်းခံရသူများဖြစ်သည်။

မည်သည့်လယ်မြေမျိုးကိုသာလျှင် ဝေဌနိုင်၍၊ မည်သည့်လယ်မြေမျိုးကို ဝေဌခြင်းမပြုနိုင်။ လျှောက်ထားသူများနှင့် လျှောက်ထားခံရသူ ၂ ဦးဖြစ်သူ မောင်မောင်နှင့် မမကြီးတို့သည်၊ မိမိတို့ အသီးသီး လုပ်ကိုင်နေကြသည့် တဦးလျှင် ငါးပုံတပုံစီညီတူညီမျှပိုင်သော ဧရိယာ ၂၆ ဒသမ ၇၃ ကေရှိ လယ်မြေကို ၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၆ အရ၊ ကင်းလွတ်ခွင့်ပေးပါရန်လျှောက်ထားကြသည့်အတိုင်းကျေးရွာကော်မိတီကကင်းလွတ်ခွင့်ပြုလိုက်ရာ၊ ၎င်းအမိန့်ကို မကျေနပ်၍ လျှောက်ထားသူ ၃ ဦးကခရိုင်မြေယာ ကော်မိတီထံသို့ အယူခံဝင်သဖြင့် ခရိုင်ကျေးရွာကော်မိတီက ကျေးရွာကော်မိတီ၏ အမိန့်ကိုပယ်ဖျက်ပြီးအဆိုပါမြေကို လျှောက်ထားသူ ၃ ဦးနှင့် ၎င်းတို့၏မိထွေးဖြစ်သူ လျှောက်ထားခံရသူ မောင်မောင်နှင့် မမကြီးတို့၏ မိခင်ဒေါ်လှရင်တို့သာ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ယူဆပြီး၊ ၎င်းတို့ ၄ ဦးအညီအမျှရစေရန်အမိန့်ချမှတ်လိုက်လေသည်။ ဒေါ်လှရင်က ထိုအမိန့်ကိုပြင်ဆင်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီးဌာနသို့ စောဒကတင်ရာ၊ ထိုဝန်ကြီးဌာနက ခရိုင်ကော်မိတီ၏ အမိန့်ကို ပယ်ဖျက်ပြီးလျှင် အဆိုပါမြေရိယာ ၂၆ ဒသမ ၇၃ ကေအနက်မှတဝက်ကို လျှောက်ထားသူ ၃ ဦးကို ပူးတွဲ၍ ကင်းလွတ်ခွင့်ပေးပြီးလျှင် ကျန်တဝက်ကို ဒေါ်လှရင်၏ သားသမီးများဖြစ်ကြသော လျှောက်ထားခံရသူ မောင်မောင်နှင့် မမကြီးတို့ ၂ ဦးပူးတွဲ၍ ကင်းလွတ်ခွင့်ပေးလိုက်သည်။

ဆုံးဖြတ်ချက်။ ။လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေအရ၊ ခန့်အပ်ထားသည့် ကော်မိတီများ၊ သို့တည်းမဟုတ်အာဏာပိုင်များသည် ယင်းအက်ဥပဒေပုဒ်မ ၂၃ ပါပြဋ္ဌာန်းချက်များဖြင့် ပေးအပ်ထားသော တရားရုံးများအားအပ်နှင်းထားသည့် အာဏာများကို အသုံးပြုနိုင်သည်ဖြစ်၍ ကန့်သတ်ထားသည့် တရားစီရင်ရေးဆိုင်ရာ အလုပ်ဝတ္တရားများနှင့်အာဏာများကိုသုံးစွဲဆောင်ရွက်စေရန် တရားဥပဒေဖြင့် လွှဲအပ်ထားခြင်းခံရသူများ ဖြစ်သည်ဟုယူဆရမည်။

---

*၁၉၆၂ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၆၄။

၁၉၆၂

ဦးဘိုးဝန် ပါ ၃ နှင့် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီးဌာန ပါ ၅။

လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၇ အရ၊ အပ်နှင်းထားသောအာဏာများကို အသုံးပြု၍ လယ်ယာမြေကို ဝေဒရာဌ်ယင်းအက်ဥပဒေပုဒ်မ ၅ အရ၊ နိုင်ငံတော်က ပြန်လည်သိမ်းယူထားသော လယ်မြေကိုသာလျှင်ဝေနိုင်သည်။ ပုဒ်မ ၆ အရ၊ ကင်းလွတ်ခွင့်ပြုရမည့်မြေကို ခွဲခြမ်းဝေခြင်းမပြုနိုင်။

လျှောက်ထားသူများအတွက်။ ။ဦးမြ လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) နှင့် (၂) တို့အတွက်။ ။အစိုးရမှူးနေ ဦးဘကျော် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၃) (၄)နှင့် (၅)တို့ အတွက်။ ။ဦးလှသိန်း လိုက်ပါဆောင်ရွက်သည်။

စာရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုအမှုပါ ဖျာပုံခရိုင်၊ဖျာပုံမြို့နယ်၊ချောင်းတွင်းကျေးရွာ၊ ကွင်းအမှတ် ၄၅၃၊ ဦးပိုင်အမှတ် ၁၃၊ ဧရိယာ ၂၆ ဒသမ ၇၃ ကေရှိ လယ်မြေသည်၊ မူလက ဦးအောင်မြတ်၊ ဒေါ်လုံးဖြူတို့ပိုင် မြေဖြစ်သည်။ ၎င်းတို့၏ သား ဦးရန်ရှင်းသည်၊ မငွေမိဆိုသူနှင့် အိမ်ထောင်ကျ၍၊ ၎င်းတို့မှ ပေါက်ဖွားသော သားသမီးများမှာ၊ ယခုလျှောက်ထားသူ ဦးဘိုးဝန်၊ မစိန်နှုန့် မအုံးစိန်တို့ဖြစ်သည်။ မငွေမိသေဆုံးပြီးနောက်၊ ဦးရန်ရှင်းသည်၊ လျှောက်ထားခံရသူ အမှတ် ၃ ဒေါ်လှရင်နှင့် အိမ်ထောင်ကျ၍၊ လျှောက်ထားခံရသူအမှတ် ၄ နှင့် ၅ မောင်မောင်နှင့် မမကြီး သားသမီးနှစ်ယောက်ရရှိကြလေသည်။ ဦးရန်ရှင်းသည်၊ မိဘများ အသက်ရှိစဉ်ပင် ကွယ်လွန်အနိစ္စဓောက်သည်။ ထို့နောက် ဦးအောင်မြတ်ကွယ်လွန်သည်။ ဒေါ်လုံးဖြူ ကွယ်လွန်သောအခါ၊ ၎င်း၏အမွေဖြစ်သော အထက်ဖော်ပြပါ လယ်မြေကို၊ အမွေဆက်ခံနိုင်မည့်သူများမှာ ယခုလျှောက်ထားသူ ၃ ဦး၊ ဦးဘိုးဝန်၊ မစိန်နှုန့်၊ မအုံးစိန်နှင့် လျှောက်ထားခံရသူ မောင်မောင်၊ မမကြီးတို့သာဖြစ်သည်။ ၎င်းတို့သည် ဒေါ်လုံးဖြူ၏ အမွေကို မိဘမှတဆင့်မဟုတ်ဘဲ၊ တိုက်ရိုက်အမွေခံယူကြသူများ ဖြစ်သဖြင့်၊ ထိုအမွေကို အညီအမျှရခွင့်ရှိသူများဖြစ်သည်။ **မောင်ဘိုးသူတော်နှင့် မောင်ဘိုးသန်း** (၁) အမှုကိုကြည့်ပါ။

ဒေါ်လှရင်၏ခင်ပွန်း ဦးရန်ရှင်းသည်၊ ၎င်း၏မိဘများ အလျင်သေဆုံးသည်ဖြစ်၍၊ ဒေါ်လှရင်သည် ဒေါ်လုံးဖြူ၏ အမွေကို မခံထိုက်ချေ။ ထို့ကြောင့် ယခုအမှုပါ လယ်မြေကို ဒေါ်လုံးဖြူ၏ မြေးများသည် ငါးပုံတပုံစီ ရရှိကြရမည်ဖြစ်သည်။ ၎င်းတို့သည် ချောင်းတွင်းကျေးရွာ မြေယာကော်မတီသို့ ထိုမြေအနက်မှ၊ မိမိတို့ အသီးသီး

(၁) အိန္ဒိယဧရိယာထုံးများ၊ ရန်ကုန်ဗားတဲ့ ၁၊ စာမျက်နှာ ၃၁၆။

၁၉၆၂

း ဘိုးဒန် ပါ ၃ နှင့် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဝန်ကြီးဌာန ပါ ၅။

လုပ်ကိုင်နေကြသည်ဆိုသော ထိုမြေ၏ ငါးပုံတပုံစီဖြစ်သော၊ ၅ ဒသမ ၃၄ ကေကို ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ ကင်းလွတ်ခွင့် ပေးပါရန် လျှောက်ထားကြလေသည်။ ယင်းသို့ လျှောက်ထားသည့် အတိုင်း၊ ကျေးရွာကော်မီတီက ကင်းလွတ်ခွင့် ပြုလိုက်ပေသည်။

ထိုသို့ခွင့်ပြုသည့် အမိန့်ကို မကျေနပ်သဖြင့်၊ ယခုလျှောက်ထားသူ ၃ ဦးက ခရိုင်မြေယာကော်မီတီသို့ အယူခံဝင်ရာ၊ ခရိုင်ကော်မီတီက ကျေးရွာကော်မီတီ၏ အမိန့်ကို ပယ်ဖျက်ပြီးလျှင်၊ ထိုသူ ၃ ဦးနှင့် ဒေါ်လှရင်တို့သာ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ယူဆပြီးလျှင်၊ ၎င်းတို့ ၄ ဦး အညီအမျှရစေရန် အမိန့်ချမှတ်လိုက်သည်။ ထိုအမိန့်ကို ပြင်ဆင်ရန်အတွက်၊ ဒေါ်လှရင်က၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီးဌာနသို့ စောဒကဝင်ရာ၊ ထိုဝန်ကြီးဌာနက ခရိုင်ကော်မီတီ၏ အမိန့်ကို ပယ်ဖျက်ပြီးလျှင်၊ အဆိုပါမြေ ရေယာ ၂၆ ဒသမ ၇၃ ကေ အနက်မှ တဝက်ကို၊ ဦးရန်ရှင်း ပဌမအိမ်ထောင်၏ သားသမီးများဖြစ်ကြသော ယခုလျှောက်ထားသူ ဦးဘိုးဝန်၊ မစိန်နု၊ မအုံးစိန်တို့ ၃ ဦးကို ပူးတွဲ၍ ကင်းလွတ်ခွင့် ပေးပြီးလျှင်၊ ကျန်တဝက်ကို ဒုတိယအိမ်ထောင်၏ သားသမီးများ ဖြစ်ကြသော မောင်မောင်နှင့် မမကြီးတို့ နှစ်ဦးပူးတွဲ၍ ကင်းလွတ်ခွင့်ပေးလိုက်သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့်၊ ယခုလျှောက်ထားသူများက အမှုခေါ်စာချုပ်တော် အမိန့်ဖြင့် ပယ်ဖျက်ပါရန် လျှောက်ထားခြင်းဖြစ်လေသည်။

လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေအရ၊ ခန့်အပ်ထားသည့်ကော်မီတီများ၊ သို့တည်းမဟုတ် အာဏာပိုင်များသည်၊ ယင်းအက်ဥပဒေပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များဖြင့် ပေးအပ်ထားသော တရားရုံးများအား အပ်နှင်းထားသည့်အာဏာများကို အသုံးပြုနိုင်သည်ဖြစ်၍၊ ကန့်သတ်ထားသည့် တရားစီရင်ရေးဆိုင်ရာ အလုပ်ငတ္တရားများနှင့် အာဏာများကို သိုးစဲ့ဆောင်ရွက်စေရန် တရားဥပဒေဖြင့် လွှဲအပ်ထားခြင်းခံရသူများဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။

ကျေးရွာကော်မီတီထံ အမွေဆိုင် ၃ ဦးသည်၊ မိမိတို့ အသီးသီးလုပ်ကိုင်လျက်ရှိသော ရေယာ ၅ ဒသမ ၃၄ ကေရှိ လယ်မြေကို ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားကြ၏။ ယင်းသို့လျှောက်ထားသည့်အတိုင်း ကျေးရွာကော်မီတီက ကင်းလွတ်ခွင့်ပြုလိုက်၏။ ထိုသို့ကင်းလွတ်ခွင့်ပြုရာတွင်၊ ကျေးရွာကော်မီတီသည်၊ အမွေဆိုင်မြေကို ခွဲခြမ်းဝေငြင်းမပြုခဲ့။ အမွေဆိုင်များကိုယ်တိုင်ကပင် သဘောတူခွဲခြမ်းပြီးဖြစ်သည်ဟု ယူဆရပေမည်။ ခရိုင်ကော်မီတီနှင့် ဝန်ကြီးဌာနတို့မူကား၊ အမွေဆိုင်မြေကို ခွဲခြမ်းဝေရာ၌၊ မိမိတို့တွင်ရှိသော အာဏာထက်ကျော်လွန်၍ ဆောင်ရွက်သည်ဟု ယူဆရပေမည်။ အမှန်အားဖြင့်ဆိုသော်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ

ပုဒ်မ ၇ အရ အပ်နှင်းထားသော အာဏာများကို အသုံးပြု၍ လယ်ယာမြေကို ဝင်ရောက် ယင်းအက်ဥပဒေပုဒ် ၅ အရ နိုင်ငံတော်က ပြန်လည်သိမ်းယူထားသော လယ်ယာမြေကိုသာလျှင် ဝင်ရောက်နိုင်သည်။ ပုဒ်မ ၆ အရ ကင်းလွှတ်ခွင့်ပြုရမည့်မြေကို ခဲခြမ်းဝင်ရောက်မပြုနိုင်ပေ။

၁၉၆၂

ဦးဘိုးဝန် ပါ ၃ နှင့် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး ဝန်ကြီးဌာန ပါ ၅။

ထို့ကြောင့်၊ ဝန်ကြီးဌာန၏ အမိန့်ကို အမှုခေါ်စာချုပ်တော်အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။ ကျေးရွာကော်မီတီ၏ အမိန့်သည် အတည်ဖြစ်သည်ဟု ယူဆရမည်။

အမှုသည်များသည် မိမိတို့ တရားစရိတ်ကို မိမိတို့အသီးသီး ကျခံရမည်ဖြစ်သည်။

CRIMINAL REVISION

Before U San Maung, J.

C.C. 1962

July 12.

DAW SEIN KYI (APPLICANT)

v.

THE UNION OF BURMA (PRESIDENT, MOULMEIN MUNICIPALITY) (RESPONDENT).

Municipal Act, s. 202—Illegal conviction under—Failure to issue notice under s. 119 (1) before issue of notice under s. 119 (2).

A Municipality has no right to issue a notice under sub-section (2) of Section 119 of the Municipal Act without first issuing one under sub-section (1) of section 119 of the same Act and a conviction under section 202 of the said Act for non-compliance with the notice under sub-section (2) of section 119 of the Act without issuing a notice under sub-section (1) of section 119 of the Act in the first instance is bad in law.

Ba Than (3) for the applicant.

Mya Than Nu (Government Advocate) for the respondent.

† ၁၉၅၂ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၉ တွင် ကျိုက္ခမီခရိုင် တရားမ တရားသူကြီးရုံးတော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

Raghunath Prasas *v.* **Sarju Prasas** ၃ ပါတနာ စာ ၂၇၉ ကို ရည်ညွှန်းသည်။

၁၉၆၂

ဒေါ်မော်န္ဒီး ပါ ၈ နှင့် အယ် (လ်) အန်း (ခေါ်) ဦးပါ၊ ပါ ၄။

လူကဦး တယောက်၏၊ စီတ်အတွင်းသို့ ဝင်ကြည့်နိုင်စွမ်းမရှိသဖြင့်၊ ထိုသူသည် မည်သည့်ဘာသာ၌ သက်ဝင် ယုံကြည်သည်ကို၊ ၎င်း၏ နောက်ကြောင်း ရာဇဝင်ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် မိတ်ဆွေ သင်္ဂဟ အပေါင်းအသင်း စသည့် ပတ်ဝန်းကျင်တို့ကို ထည့်သွင်း စဉ်းစားပြီးမှ၊ မည်သည့် ဘာသာကို ကိုးကွယ်ကြောင်း အဆုံးအဖြတ် ပေးနိုင်မည် ဖြစ်သည်။

ဘုန်းကြီး ငါးပါး သီလပေးသည့်အခါ၊ သီလခံယူသူသည်၊ ဦးစွာပဌမ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ရှိခိုးပြီး ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိဆို၍ သရဏဂုံ ဆောက်တည်ရာ၊ ယင်းကဲ့သို့ ရတနာ သုံးပါး ရှိခိုးပြီး သရဏဂုံ ဆောက်တည်ခြင်းသည်၊ နှုတ်အမူအရာ၊ ကိုယ်အမူအရာ၊ အားဖြင့် မိမိ၏ ယုံကြည်ကိုးကွယ်မှုကို ထင်ရှား စေခြင်း ဖြစ်သည်ဟု ယူဆရပေမည်။ ဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်း ဓလေ့အတိုင်း သားများကို သာမဏေ ဘောင်သို့ သွတ်သွင်းကြပြီး၊ ဆံချသည့်အခါ ဦးအချို့ငှက်ပိုင် ဆံခံခြင်းသည် သာသနဘောင်သို့ သွတ်သွင်းသည်ကိုမည်မျှ လေးစားကြောင်း ပေါ်လွင် ထင်ရှား စေ၏။ ထိုမျှမကသေး ဦးအချို့ငှက်သည် အာနာပါနကမ္မဋ္ဌာန်း စီးဖြန်းလေ့ရှိ၏၊ ထိုကဲ့သို့ ကမ္မဋ္ဌာန်း စီးဖြန်းသည်မှာ သာမန် ဗုဒ္ဓဘာသာ ကိုးကွယ်သူများ ပြုလေ့ပြုထ မရှိကြချေ။

နောက်ဆုံး သေကောင်ပေါင်းလဲ ဖြစ်သည့်အခါ၌၊ အိပ်ယာထဲတွင် လဲနေစဉ်၊ ဦးအချို့ငှက်သည် ရဟန်း သံဃာများ ပင့်ဖိတ်၍ ပရိတ်တရား နှစ်ကြိမ်နာကြောင်း သက်သေ ထင်ရှားရှိ၏၊ ထို့နှုတ်အမူအရာ ကိုယ်အမူအရာ များနှင့် ပင် ဦးအချို့ငှက်သည် ဗုဒ္ဓဘာသာဝင် ဖြစ်ကြောင်း ပေါ်လွင်သည်ဟု ယူဆရပေမည်။

ဦးအချို့ငှက်သည် မိမိ၏ အိမ်၌ တရုပ်ဘုရားစင်၊ မိဘများ၏ လိပ်ပြာစင်နှင့် တရုပ်နတ်စင်တို့ ဆားရှိ ကိုးကွယ်ခြင်းသည်၊ ဗုဒ္ဓဘာသာ ကိုးကွယ်သူ တရုပ်၊ သို့တည်းမဟုတ် တရုပ်ကပြားများသည် မိမိတို့၏ မိရိုးဖလာ ကိုးကွယ်မှုကို မစွန့်ကြောင်းမျှသာ ဖြစ်သည်၊ တရုပ်နတ်ကို၊ မိရိုးဖလာ ထုံးစံ အတိုင်း ကိုးကွယ်ရုံမျှဖြင့် ဦးအချို့ငှက်သည် ဗုဒ္ဓဘာသာဝင် တယောက်မဟုတ်ဟု မဆိုနိုင်ပေ။

ကျန်းမာစဉ် သေတမ်းစာ နောက်ဆက်တွဲ ပြုလုပ်လေ့ ရှိသော်လည်း၊ ရောဂါဖိစီးသောကြောင့် အိပ်ယာထဲလွင် လဲနေသည်တွင်မှ၊ သေတမ်းစာ နောက်ဆက်တွဲကို ပြုလုပ်သည်မှာ၊ ဦးအချို့ငှက်သည်၊ မိမိ ထိုရောဂါဖြင့် သေရတော့မည်ကို သိသောကြောင့်၊ ယင်းသို့ပြုလုပ်သည်ဟု ယူဆရမည် ဖြစ်သည်။

ဦးအချို့ငှက်သည်၊ ပစ္စည်းချမ်းသာ ကြွယ်ဝအောင် တသက်လုံး ကြိုးပမ်းလာသူ ဖြစ်ရာ မေတ္တာ အလျောက် အပိုင်ပေး စာချုပ်ဖြင့် မိမိပိုင်သမျှ ပစ္စည်း အားလုံးလိုလိုကို ဇနီးနှင့် သားနှစ်ယောက် အား အပိုင်ပေးစာချုပ် ချုပ်ဆိုရာ၌၊ မိမိသည် သေရမည့်ဘေးကို မလွဲ မရှောင်နိုင် တော့သည်ကို သိ၍သာ ပစ္စည်း အားလုံး လိုလိုကို၊ အခြားသူများအား အပိုင်ပေးသည်ဟု ယူဆရပေမည်၊ အကယ်၍ မိမိပြန်လည် ကျန်းမာ သန်စွမ်းလာမည်ထင်လျှင်၊ ဤကဲ့သို့ ပစ္စည်းအားလုံးလိုလိုကို၊ အခြားသူများ အား အပိုင်ပေးမည် မဟုတ်ချေ။ ထိုအကြောင်းများကြောင့်၊ ဦးအချို့ငှက်သည် သေခဲ့ဆဲဆဲတွင် သေရတော့မည်ကိုသိ၍ အဆိုပါ အပိုင်ပေး စာချုပ်ကို ချုပ်ဆိုသည်ဟု ဆုံးဖြတ်သည်မှာ၊ မှားယွင်း သည်ဟု မဆိုနိုင်ပေ။

၁၉၆၂ အယူခံတရားလိုများအတွက်။ ။ဒေါက်တာ ဘဟန် လိုက်ပါဆောင်ရွက်သည်။

ဒေါ်မော်နွဲ့ ပါ ၈ နှင့် အယ် (လ်) အနင်း (ခေါ်) ဦးပါး၊ ပါ ၄။ အယူခံတရားခံများအတွက်။ ။ဦးဘသော် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအယူခံမှုသည် မော်လမြိုင်မြို့နေ၊ ကုယ်လွန်သူ သူဌေး ဦးအချို၏ ချုပ်ဆိုခဲ့သော မေတ္တာအလျောက် အပိုင်ပေးသည့်စာချုပ်မှာ အကြောင်းကြောင်းကြောင့် ပျက်ပြယ်သည်ဟု ကျိုက္ခမီခရိုင် တရားမရုံးတော်က ပယ်ဖျက်သည့် အမိန့်ဒီကရီကို အယူခံသော မှုခင်းဖြစ်သည်။

ဦးအချို၏သည်၊ ၁၉၄၉ ခု၊ ဒီဇင်ဘာလ ၂၉ ရက် နေ့တွင် မော်လမြိုင်မြို့၌ ကုယ်လွန်ရာ၊ ဇနီးဒေါ်မော်နွဲ့နှင့် သားယောကျ်ား ၇ ယောက်၊ သမီးမိန်းမ ၄ ယောက်ကျန်ရှိရစ်လေသည်။ ထိုလ ၆ ရက်နေ့ မကုယ်လွန်မီ ၂၃ ရက်အလျင်က၊ ဦးအချို၏သည် မိမိပိုင်ပစ္စည်းအမြောက်အမြားကို၊ ၎င်း၏ဇနီး ဒေါ်မော်နွဲ့၊ ဒုတိယသား အယူခံတရားလို ဦးအခိုးနှင့် အခြားသားတယောက်ဖြစ်သူ အယူခံတရားလို ဦးအလုံးတို့အား၊ မေတ္တာအလျောက် ပေးသော စာချုပ် ချုပ်ဆိုခဲ့လေသည်။ ယင်းသို့ ချုပ်ဆိုသည်ကို မော်လမြိုင်မြို့ရှိ ရွှေနေများဖြစ်သော မစ္စတာ တော်စီးကူးနှင့် မစ္စတာ အိုင်ဇက်တို့က အသိသက်သေ အဖြစ် လက်မှတ်ထိုးကြောင်း ထွက်ဆိုကြ၏။ ထိုသို့ထွက်ဆိုသည်ကို ခရိုင်တရားမရုံးက လက်ခံခဲ့၏။ ထို့ပြင်လည်း ဦးအချို၏မကျန်းမာ၍ မှတ်ပုံတင်ရုံးသို့ ကိုယ်တိုင်မသွားနိုင်သောကြောင့် မှတ်ပုံတင်အရာရှိထံ လျှောက်ထားရာ၊ ထိုအရာရှိက စာရေးကြီး ဦးမောင်မောင်အား၊ ဦးအချို၏အိမ်သို့ သွားရောက်စေ၍ ဆောင်ရွက်ရကြောင်း ပေါ်လွင်၏။ ထိုစာချုပ်ကို ဦးအချို၏ ချုပ်ဆိုခြင်းမပြုပါဟု ကန့်ကွက်သူများက သက်သေအထောက်အထား စုံးစဉ်းမျှမပြနိုင်ကြချေ။ ထို့ကြောင့် ဦးအချို၏သည် ထို မေတ္တာအလျောက်ပေးသော စာချုပ်ကို ချုပ်ဆိုသည်ဟု အောက်ရုံးဆုံးဖြတ်သည်ကို ဤရုံးတော်က လက်ခံရပေမည်။

ထိုမေတ္တာအလျောက် အပိုင်ပေးစာချုပ်ကို မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်များအရ၊ မှတ်ပုံတင်အရာရှိထံ တင်သွင်းနိုင်သူ တဦးဦးက တင်သွင်းခြင်းမပြုဘဲ၊ မစ္စတာ အိုင်ဇက်တင်သွင်းခဲ့လေသည်။ ထို့ကြောင့် ထိုစာချုပ်ကို မှတ်ပုံတင်သည်မှာ တရားမဝင်ချေ။

ထိုစာချုပ်တရားမဝင်ကြောင်း သိရှိသောအခါ၊ ထိုစာချုပ်ကို မှတ်ပုံတင်အရာရှိထံ တင်သွင်းနိုင်ခွင့် ရှိသူများက တဖန် တင်သွင်းကြရာ၊ မှတ်ပုံတင်အရာရှိက ၎င်းတို့နှင့် သက်သေများကို စစ်ဆေးပြီးနောက် လက်ခံလိုက်လေသည်။ ကန့်ကွက်သူများက ယင်းသို့ ပြန်လည်တင်သွင်းရာ၌ ထိုပုဒ်မ ၂၃ (က) ပါ ပြဋ္ဌာန်းချက်များအရ ကန့်သတ်ထားသည့် ကာလအပိုင်းအခြား ကျော်လွန်ပြီးမှ တင်သွင်းသဖြင့်၊ ဒုတိယအကြိမ်

မှတ်ပုံတင်သည်မှာလည်း တရားမဝင် မခိုင်လုံဟု အဆိုရှိ၏။ အယူခံတရားလို ဦးအခိုးက မူကား၊ ကျိုက္ခမီခရိုင် တရားမရုံး တရားမသေးမှု အမှတ် ၁၀/၄၇ တွင် ယခု အယူခံ တရားခံများဖြစ်သော ဦးအနှင်းနှင့် ဦးအနိမ်းတို့က ဦးအချိုင်ချုပ်ဆိုခဲ့သောသေတမ်း စာ အတည်ပြုသည့်လက်မှတ်ကို ပြန်လည်ရုပ်သိမ်းရန် လျှောက်ထားရာတွင် ၁၉၅၂ ခု၊ ဇူလိုင်လ ၈ ရက်နေ့၌ တင်သွင်းသော ထိုလျှောက်လွှာကို ပြင်ဆင်သည့် လျှောက်လွှာ အပိုဒ် ၇ တွင် ထိုမေတ္တာအလျောက် အပိုင်ပေးစာချုပ်မှာ၊ မှတ်ပုံတင်အရာရှိထံ တင်သွင်းနိုင်သူ တဦးဦးက တင်သွင်းခြင်းမပြုခဲ့ကြောင်းဖြင့် ကန့်ကွက်သည်ကို တွေ့ရသည်ဘင်မှ၊ ထိုမေတ္တာအလျောက် အပိုင်ပေးစာချုပ်မှာ တရားမဝင်ကြောင်း၊ ပဌမ ဦးစွာသိပြီးနောက်၊ ထိုသို့သိသည့်နေ့မှ ၄ လအတွင်း ပြန်လည်တင်သွင်းခဲ့ကြောင်း ချေပ၏။ ခရိုင်တရားမရုံးက ထိုစာချုပ်နှင့်ပတ်သက်၍ ကန့်ကွက်သူများဖြစ်သူ ဦးအနှင်း နှင့် ဦးအနိမ်းတို့၏ရွေနေ ဦးငွေသိန်းထံမှ စာချုပ်အရ လက်ခံရရှိသူ ဒေါ်မော်ခိုး၊ ဦးအခိုး၊ ဦးအလုံးတို့ထံ ပေးပို့သော နို့တစ်စာနှင့် ထိုသူများ၏ရွေနေများက ပြန်ကြား သောစာများ (သက်သေခံအမှတ် ဂ-၁၁-၁၂) ကို အထောက်အထားပြု၍ ဒေါ်မော်ခိုး၊ ဦးအခိုး၊ ဦးအလုံးတို့သည်၊ ၁၉၅၂ ခု၊ မတ်လအတွင်းတွင် မေတ္တာအလျောက် အပိုင်ပေး စာချုပ် မခိုင်လုံကြောင်း တွေ့ရှိရသည်ဟု ယူဆလေသည်။ သို့သော် ထိုစာများတွင် ထိုအပိုင်ပေးစာချုပ်ကို မှတ်ပုံတင်အရာရှိထံ တင်သွင်းပိုင်ခွင့်ရှိသူက မတင်သွင်းခဲ့ ကြောင်းကို ဖော်ပြထားခြင်း မတွေ့ရှိရချေ။ ထို့ကြောင့် ဦးအခိုးထွက်ဆိုသည့်အတိုင်း ၁၉၅၂ ခု၊ ဇူလိုင်လ ၈ ရက်နေ့ကမှသာ ထိုအပိုင်ပေးစာချုပ်ကို မှတ်ပုံတင်အရာရှိထံ တင်သွင်းပိုင်ခွင့်ရှိသူတဦးဦး တင်သွင်းခြင်းမပြုသဖြင့် ပျက်ပြယ်ကြောင်း သိရှိရသည် ဟူသော သက်သေခံချက်ကို လက်ခံရပေမည်။ ယင်းသို့လက်ခံလျှင်၊ ထိုစာချုပ်မှာ ၁၉၅၂ ခု၊ စက်တင်ဘာလ ၁၃ ရက်နေ့၌ ပြန်လည်တင်သွင်းသည်ဖြစ်၍၊ မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၂၃ (က)အရ၊ ပျက်ပြယ်ကြောင်းသိပြီး ၄ လအတွင်း အချိန်မီ တင်သွင်းသော စာချုပ်ဖြစ်သည်ဟု ယူဆရမည်ဖြစ်သဖြင့် ထိုစာချုပ်မှာ တရားဝင်သည် ဟု ဆုံးဖြတ်ရပေမည်။

၁၉၆၂
ဒေါ်မော်ခိုး ပါ ၈ နှင့် အယ်(လ်) အနှင်း (ခေါ်) ဦးပါ၊ ပါ ၄။

ထို့နောက်၊ ဦးအနှင်းတို့က ထိုအပိုင်ပေးစာချုပ်ကို ဦးအချိုင်ချုပ်ဆိုရာ၌ဦးအချိုင် သည် အသည်းအသန် မမာမကျန်းဖြစ်နေစဉ် ဒေါ်မော်ခိုး၊ ဦးအခိုး၊ ဦးအလုံးတို့က၊ ၎င်းအပေါ်၌ သြဇာလွှမ်းမိုးပြီး ထိုသြဇာကို မတရားသုံးစွဲသောကြောင့်သာ ချုပ်ဆိုခဲ့ သည်ဖြစ်သဖြင့် ထိုစာချုပ်မှာ တရားမဝင်ပျက်ပြယ်ပါသည်ဟု ကန့်ကွက်ပြန်သေး၏။ ထိုစဉ်အခါက ဦးအချိုင်မှာ အတော်ပင် ကျန်းမာရေး ချို့ယွင်းနေသည်မှာ သက်သေ များထွက်ဆိုချက်အရ ပေါ် လွင်သည်ဟု ယူဆရပေမည်။ သို့သော် ယင်းကျန်းမာ မှု ချို့ယွင်းရုံမျှနှင့် ဦးအချိုင်၏ စိတ်ဓါတ်ကို ဒေါ်မော်ခိုးတို့ လွှမ်းမိုးနိုင်သည်ဟု

၁၉၆၂

ဒေါ်မော်နွဲ့း ပါ ၀ နှင့် အယ် (လ်) အနှင်း (ဒေါ်) ဦးဟ၊ ပါ ၄။

မယူဆနိုင်ပေ။ ထို့ပြင်၊ ဦးအချို့ငြိသည် သူဌေးကြီးတယောက်အဖြစ်သို့ ရောက်ရှိသည့် တိုင်အောင်၊ လုပ်ငန်းအဝဝကို ထမြောက် အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သူတဦး ဖြစ်သည်။ မိမိအား သားမယားများက ဩဇာလွှမ်းမိုးသည်ကို အသာတကြည်ခံယမည့်သူ မဟုတ်ဟုယူဆရပေသည်။ ထို့မှတပါးလည်း၊ ဦးအနှင်းတို့ဘက်က ဒေါ်မော်နွဲ့း တို့သည် ဦးအချို့ငြိအပေါ်၌ ဩဇာလွှမ်းမိုးခဲ့သည်ဟု၊ မိမိတို့တာဝန်ရှိသည့်အတိုင်း သက်သေခံ အထောက်အထား စိုးစဉ်းမျှ မပြခဲ့ချေ။ **Raghunath Prasas v. Sarju Prasas** (၁) အမှုတွင်၊ ဩဇာကိုမတရားသုံးစွဲသည် မသုံးစွဲသည် ဟူသည့် အချက်ကို စဉ်းစားဆုံးဖြတ်ရာ၌၊ တဦးက အခြားတဦးအပေါ်၌၊ ဩဇာလွှမ်းမိုးနိုင်သည့် အခြေအနေရှိ မရှိကို၊ ဦးစွာဆုံးဖြတ်ရမည်ဟု ပရီဗီကောင်စီက မြွက်ဆို ခဲ့လေသည်။ ယင်းသို့ဩဇာလွှမ်းမိုးနိုင်စွမ်း ရှိသည့် အခြေအနေမပေါ် ပေါက်က ဩဇာကို မတရားသုံးစွဲသည်၊ မသုံးစွဲသည်ဆိုသည့် အချက်ကို စဉ်းစားရန်မလိုတော့ချေ။ ယခုအမှုတွင် ဒေါ်မော်နွဲ့းတို့က၊ ဦးအချို့ငြိအပေါ်၌ ဩဇာလွှမ်းနိုင်သည့် အခြေရှိကြောင်း သက်သေအထောက်အထားမရှိသဖြင့်၊ ၎င်းတို့က ဩဇာကိုမတရားသုံးစွဲ၍၊ မေတ္တာအလျောက် အပိုင်ပေး စာချုပ်ကို ချုပ်ဆိုခိုင်းသည့်အတွက်၊ ထိုစာချုပ် ပျက်ပြယ်သည်ဆိုသော ခရိုင်တရားမရုံး၏ အဆုံးအဖြတ်ကို၊ ဤရုံးတော်က လက်မခံနိုင်ပေ။

ထို့ပြင်၊ ဦးအချို့ငြိသည်၊ ဗုဒ္ဓဘာသာဝင် တရုပ်-မြန်မာ ကပြားဖြစ်ပြီး၊ အဆိုပါ မေတ္တာအလျောက် အပိုင်ပေးစာချုပ်ကို၊ ၎င်းသေခါနီး ဆဲဆဲ၊ သေရတော့မည်ကိုသိပြီး ချုပ်ဆိုသည်ဖြစ်၍၊ ထိုစာချုပ်မှာ တရားမဝင် ပျက်ပြယ်ပါသည်ဟု၊ ဦးအနှင်းတို့က အဆိုရှိပြန်သေး၏။ ဒေါ်မော်နွဲ့းတို့က ဦးအချို့ငြိသည် တရုပ် ကွန်ဖြူးရှင်းဘာသာဝင် တဦးဖြစ်ကြောင်း။ စာချုပ် ချုပ်စဉ်က ကျန်းကျန်းမာမာရှိကြောင်းနှင့် ချေပကြ၏။ ခရိုင်တရားမရုံးက ဦးအနှင်းတို့ အဆိုကိုလက်ခံပြီး စာချုပ် ပျက်ပြယ်သည်ဟု ဆုံးဖြတ်လိုက်သည်။

ယင်းသို့ဖြစ်၍၊ ပဌမစဉ်းစာရန် အချက်မှာ၊ ဦးအချို့ငြိသည် တရုပ်-မြန်မာကပြား၊ ဗုဒ္ဓဘာသာဝင်ဖြစ်သလော၊ သို့တည်းမဟုတ် တရုပ်လူမျိုး ကွန်ဖြူးရှင်း ဘာသာဝင် ဖြစ်သလောဟူသည့် ပြဿနာပင်ဖြစ်သည်။

သူတဦးတယောက်၏ စိတ်အတွင်းသို့ ဝင်ကြည့်နိုင်စွမ်း မရှိသဖြင့် ထိုသူသည် မည်သည့်ဘာသာ၌ သက်ဝင်ယုံကြည်သည်ကို၊ ၎င်း၏ နောက်ကြောင်း ရာဇဝင်ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် မိတ်ဆွေသင်္ဂဟ အပေါင်းအသင်းစသည် ပတ်ဝန်းကျင်တို့ကို ထည့်သွင်းစဉ်းစားပြီးမှ၊ မည်သည့် ဘာသာကို ကိုးကွယ်ကြောင်း အဆုံးအဖြတ်ပေးနိုင်

(၁) ၃ ပါတနာ၊ စာ ၂၇၉။

၁၉၆၂

ဒေါ်မော်နှီး ပါ ၈ နှင့် အယ် (လ်) အနှင်း (ခေါ်) ဦးပါ၊ ပါ ၄။

ခြင်းဖြစ်သည်။ ဦးအနှင်းတို့ဘက်က၊ ဦးအချို၌၏ ယုံကြည်ကိုးကွယ်မှုနှင့် စပ်လျဉ်း၍ သက်သေ အမြောက်အမြား တင်ပြလေသည်။ ဦးအချို၌သည် တရုပ်လူမျိုး မစ္စတာ အယ် (လ်) လောင်ချိုင်းနှင့် ၎င်း၏ဇနီး ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီး ဒေါ်လှိုင်တို့မှ ပေါက်ဖွားသော သားတယောက်ဖြစ်သည်။ ငယ်စဉ်ကပင် မော်လမြိုင်မြို့၌ နေ၍ အရွယ်ရောက်သည့်အခါ၊ စီးပွါးရှာဖွေရာ၊ သူဌေးဟု ခေါ်ရသည့် အခြေအနေသို့ ရောက်ရှိခဲ့လေသည်။ ဦးအချို၌သည် တရုပ်-မြန်မာ ဗုဒ္ဓဘာသာဝင် အမျိုးသမီး ဒေါ်မော်နှီးနှင့် အိမ်ထောင်ကျ၍၊ သားသမီး အမြောက်အမြား ထွန်းကားခဲ့ရာ၊ ၎င်း ကွယ်လွန်သည့်အချိန်၌၊ ဒေါ်မော်နှီးနှင့် သား ၇ ယောက်၊ သမီး ၄ ယောက် ကျန်ရှိခဲ့လေသည်။ ဦးအချို၌-ဒေါ်မော်နှီးတို့သည်၊ မိမိတို့အိမ်သို့ သံဃာတော်များ အားပင့်ဖိတ်၍ ဆွမ်းကျွေးလေ့ရှိကြသည်။ ယင်းသို့ ဆွမ်းကျွေးသည့် အခါတိုင်း၊ ဘုန်းကြီး တပါးပါးက ငါးပါးသီလကို ထုံးစံအတိုင်း ဆောက်တည်စေ၏။ ထိုအခါများ၌ ဦးအချို၌သည်၊ ငါးပါးသီလကို ခံယူသည့်အခါ ခံယူလေ့ရှိ၏။ ဘုန်းကြီးငါးပါးသီလ ပေးသည့်အခါ သီလခံယူသူသည်၊ ဦးစွာ ပဌမ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ရှိခိုးပြီး၊ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ဆို၍ သရဏဂုံ ဆောက်တည်ရ၏။ ယင်းကဲ့သို့ ရတနာသုံးပါးကို ရှိခိုးပြီး၊ သရဏဂုံဆောက်တည်ခြင်းသည်၊ နှုတ်အမူအရာ၊ ကိုယ်အမူအရာအားဖြင့် မိမိ၏ ယုံကြည်ကိုးကွယ်မှုကို ထင်ရှားစေခြင်းဖြစ်သည်ဟု ယူဆရပေမည်။ ထို့ပြင်လည်း၊ ဦးအချို၌-ဒေါ်မော်နှီးတို့သည် ၎င်းတို့၏ သားများ လူလားမြောက်လာသောအခါ ဗုဒ္ဓဘာသာဝင်တို့၏ ထုံးတမ်းဓလေ့အတိုင်း၊ သားများကို သာမဏေဘောင်သို့ သွတ်သွင်းကြပြီး၊ ဆံချသည့်အခါ၌ ဦးအချို၌ကိုယ်တိုင် ဆံခံကြောင်း ခိုင်လုံသော သက်သေအထောက်အထားရှိ၏။ ယင်းသို့ ကိုယ်တိုင် ဆံခံခြင်းသည်၊ သာသနာဘောင်သို့ သွတ်သွင်းသည်ကို မည်မျှ လေးစားကြောင်း ပေါ်လွင်ထင်ရှားစေ၏။ ထိုမျှသာ မကသေး ဦးအချို၌သည် ဘာနာပါန ကမ္မဋ္ဌာန်းစီးဖြန်းလေ့ရှိ၏။ ထိုကဲ့သို့ ကမ္မဋ္ဌာန်းစီးဖြန်း သည်မှာ၊ သာမန် ဗုဒ္ဓဘာသာ ကိုးကွယ်သူများ ပြုလေ့ပြုထ မရှိကြချေ။ ဦးအချို၌သည် ၎င်း၏သားကြီး ဦးအနှင်းအပေါ်၌ မကျေနပ်ဘူယ်ရာ အချက်များ ရှိဟန်တူသည်။ ဦးအချို၌ထံမှ ဦးအနှင်းထံသို့ပေးသော စာ သက်သေခံအမှတ် ၁၅(က)တွင်၊ ဦးအနှင်းသည်၊ မိဘ အားရန်ကူကဲ့သို့ ပြုကျင့်သည့်သားဖြစ်၍ အဇာတသတ်နှင့်တူကြောင်း။ လူ့ပြည်မှာ လူဖြစ်ရပြီး ယင်းသို့သော သားမျိုးနှင့် တွေ့ရသည့်အတွက် များစွာမှပင် သံဝေဂ ရကြောင်း။ သည်တဘဝတွင်သာ ဦးအနှင်းနှင့် ဆုံပါရစေလို့ ဆုတောင်းလိုက်ကြောင်း စသည်တို့ ပါရှိလေသည်။ ထိုစာကို သေချာစွာ လေ့လာဖတ်ရှုလျှင်၊ ဦးအချို၌သည် ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်သူ ဖြစ်ကြောင်း ထင်ရှားလေသည်။ နောက်ဆုံး

၁၉၆၂

ဒေါ်မော်နွဲ့
ပါ ၈
နှင့်
အယ် (လ်)
အနင်း (ခေါ်)
ဦးပါ၊ ပါ ၄။

သေကောင်ပေါင်းလဲ ဖြစ်သည့်အခါ၌၊ အိပ်ယာထဲတွင် လဲနေစဉ်၊ ဦးအချို့ငြိသည်၊ ရဟန်းသံဃာများ ပင့်ဖိတ်၍ ပရိတ်တရားနှစ်ကြိမ် နာကြောင်း သက်သေထင်ရှားရှိ၏။ ထို့နှုတ်အမူအရာကိုသာမူအရာများနှင့်ပင် ဦးအချို့ငြိသည် ဗုဒ္ဓဘာသာဝင် ဖြစ်ကြောင်း ပေါ်လွင်သည်ဟု ယူဆရပေမည်။

ဦးအချို့ငြိ-ဒေါ်မော်နွဲ့တို့ ပြုလုပ်သော အလှူအတန်းများနှင့် စပ်လျဉ်း၍လည်း၊ သက်သေအထောက်အထား ဖြောက်မြားစွာရှိ၏။ ချောင်းဆုံမြို့ရှိ မြင့်မိုရ်တောင်ဘုရားကိုတည်ရာ၌၊ ဦးအချို့ငြိ-ဒေါ်မော်နွဲ့တို့သည်၊ ဦးခန္ဓိနှင့် လူအများကို သင်္ကေတစင်းလုံးငှါး၍ မော်လမြိုင်မှ ချောင်းဆုံသို့ ပင့်ဖိတ်ခေါ်ဆောင်သွားပြီး၊ ဘုရားတည်ရာ၌လည်း ကိုယ်တိုင် ကမကထပြုကြောင်း သက်သေရှိ၏။ မော်လမြိုင်မြို့ တောင်ဘိုးပေါ်ရှိ ဦးခန္ဓိဘုရားတည်ရန်အတွက် မြေကွက်ရအောင် ဦးအချို့ငြိ၊ အရေးပိုင်ထံ၌ လျှောက်ထား၍ ဘုရားတည်ရာ၌လည်း ကြီးကြပ်ဆောင်ရွက်ကြောင်း ပေါ်လွင်၏။ ဦးအချို့ငြိနှင့် ဒေါ်မော်နွဲ့တို့သည် ကျိုက်ထီးရိုး ဘုရားသို့ သွားရောက်ဖူးမျှော်ပြီး၊ တောင်ပေါ်၌ တန်ဆောင်း ဆောက်ရန်နှင့်ရေစက်ပြုလုပ်ရန်အတွက် ငွေ ၁,၅၀၀ ကျပ် လှူဒါန်းခဲ့၏။ ပုသိမ်မြို့အနီး ကျောက်ကုန်းရပ်၌ စေတီများ ပျက်စီးသည်ကို၊ ဦးအချို့ငြိနှင့် ဒေါ်မော်နွဲ့ တို့ပြင်ဆင်၍ထီးတင်ကြ၏။ ထီးတင်ပွဲသို့ မော်လမြိုင်မှ မိတ်ဆွေပေါင်း ၂၀ မျှကို မိမိတို့ကစရိတ်ခံ၍ ဖိတ်ခေါ်သွားကြ၏။ ၎င်းတို့နှစ်ယောက် မန္တလေးတောင် ဘုရားနှင့် မဟာမြတ်မုနိဘုရား၌ ပန်းကပ်ခြင်း၊ ဆီမီးပူဇော်ခြင်း စသည်တို့ကို ပြု၍ တန်ဆောင်း ဆောက်ရန်အတွက် ငွေလှူဒါန်း ခဲ့၏။ ထို့မျှသာမကသေး ရဟန်း သံဃာများအား သင်္ကန်းကပ်လှူပြီး ပိဋကတ် သုံးပုံကိုလည်းလှူဒါန်းကြ၏။

အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဦးအချို့ငြိ-ဒေါ်မော်နွဲ့တို့ အပြုအမူများကို တောက်ထားလျှင်၊ ၎င်းတို့ နှစ်ဦးစလုံးပင် ဗုဒ္ဓဘာသာ၌ သက်ဝင်ယုံကြည်ကြသူများဖြစ်ကြောင်း အဆုံးအဖြတ်ပေးရပေမည်။

ဦးအချို့ငြိ ကွယ်လွန်ပြီးနောက်၊ အလောင်းကို ဗုဒ္ဓဘာသာတို့ ထုံးစံအရ သရဏဂုံလည်းတင်၍၊ တရပ်ဘုံအိမ်များကလည်း တရပ်ဝလေ့ ထုံးစံအရ အလောင်းကို ရှိခိုးကြ၏။ ဦးအချို့ငြိအိမ်၌ ဘုရားစင်၊ မိဘများ၏ လိပ်ပြာစင်နှင့် တရပ်နတ်စင်တို့ကို ထားရှိ ကိုးကွယ်ကြောင်း သက်သေခံချက်ရှိ၏။ ထိုအချက်များမှာ၊ ခရိုင်တရားမရုံးညွှန်ပြသည့်အတိုင်း၊ ဗုဒ္ဓဘာသာကိုးကွယ်သူ တရပ်၊ သို့တည်းမဟုတ် တရပ်ကပြားများသည်၊ မိမိတို့၏ မိရိုးဖလာ ကိုးကွယ်မှုကို မစွန့်ကြောင်းမျှသာဖြစ်သည်။

ဒေါ်မော်နွဲ့၊ ဦးအခိုးတို့ဘက်က ဦးအချို့ငြိအား အမြတ်တော်ခွန်ဝန်ထောက် ၁၉၃၂ ခု၊ အောက်တိုဘာ ၁၀ ရက်နေ့နှင့် ၁၉၃၂ ခု၊ အောက်တိုဘာ ၁၂ ရက်နေ့တွင် စစ်ဆေးရာ၌ အစစ်ခံချက်ခေါင်းစဉ်တွင် ကွန်ဖြူးရှင်းဘဲသာကို ကိုးကွယ်သူ

၁၉၆၂
ဒေါ်မော်နှီး
ပါ ၈
နှင့်
အယ် (လ)
အနှင်း (ခေါ်)
ဦး ပါ၊ ပါ ၄။

တရုပ်လူမျိုးဖြစ်သည်ဟု ဖေါ်ပြထားသည်ကိုငင်း၊ ၁၉၃၉ ခု၊ မေလ ၂၇ ရက်နေ့၌ မိမိပြုလုပ်သော သေတမ်းစာတွင်၊ မိမိသည် ကွန်ဖြူးရှင်းဘာသာကိုးကွယ်သည့် တရုပ်လူမျိုးဖြစ်ကြောင်း ဖေါ်ပြထားသည်ကိုငင်း ကိုးကားပြီး၊ ဦးအချုိင်သည် ဗုဒ္ဓဘာသာဝင်မဟုတ်ကြောင်း လျှောက်လဲ၏။ ခရိုင်တရားမရုံးက **မတင်နှင့် မအေးညွှန့်** (၁) အမှုကိုဘွန်းပြီး၊ ယင်းကဲ့သို့ခေါင်းစဉ်တွင် လူမျိုး နှင့် ဘာသာ ဖေါ်ပြထားသည်မှာ အရေးပါသော သက်သေခံချက်မျိုး မဟုတ်နိုင်ကြောင်း ယူဆလေသည်။ သေတမ်းစာတွင်လည်း ဦးအချုိင်သည် တရုပ်လူမျိုး ကွန်ဖြူးရှင်းဘာသာ ကိုးကွယ်သူဟူ၍ ဖေါ်ပြထားသည်မှာမှန်၏။ သာမန်အားဖြင့်ဆိုလျှင်၊ ယင်းသို့သေတမ်းစာတွင် ဖေါ်ပြထားသည်ကိုအရေးပေးပြီးစဉ်းစားရမည်ဖြစ်သည်။ သို့သော် ဤအမှုတွင် ဦးအချုိင်သည် တရုပ်လူမျိုးမဟုတ်၊ တရုပ်-မြန်မာကပြားသာဖြစ်သည်။ ကွန်ဖြူးရှင်းဘာသာကိုးကွယ်သူဆိုရာ၌လည်း မည်ကဲ့သို့သော အယူအဆမျိုးရှိကြောင်း မပေါ်လွင်ချေ။ ၎င်း၏သား ဦးအခိုးက ဦးအချုိင်သည် ကွန်ဖြူးရှင်းခေါ် တရုပ်နတ်ကို ကိုးကွယ်ပါသည်ဟုဆို၏။ ဦးအချုိင် တရုပ်နတ်ကိုးကွယ်သည်ကို ဦးအခိုးက ကွန်ဖြူးရှင်းဘာသာ၌ သက်ဝင်ယုံကြည်သည်ဟု ယူဆဟန်တူသည်။ တရုပ်နတ်ကို မိရိုးဖလာထုံးစံအတိုင်း ကိုးကွယ်ယုံမျှဖြင့် ဦးအချုိင်သည် ဗုဒ္ဓဘာသာဝင်တယောက် မဟုတ်ဟုမဆိုနိုင်ပေ။ ဦးအခိုးတို့တင်ပြသော သက်သေ ကိုစိန်တီ(ခံပြ-၅)ကပင်၊ မိမိနှင့် ဦးအချုိင်တို့သည် ဘျုပ်ဘုံအိမ်ဝင်လူကြီးများဖြစ်၍ ဘုံအိမ်၌ရှိခိုးသောအခါ ရောက်ကြကြောင်း။ မိမိသည် တရုပ်ကပြားဖြစ်၍ ဗုဒ္ဓဘာသာကိုလည်းကိုးကွယ်သည့်အပြင် မိရိုးဖလာတရုပ်နတ်ကိုလည်း ကိုးကွယ်ကြောင်း ထွက်ဆိုလေသည်။ ဦးအချုိင်သည်လည်းဦးစိန်တီကဲ့သို့ပင် ဗုဒ္ဓဘာသာဖြစ်ပြီး၊ မိရိုးဖလာတရုပ်နတ်များကိုလည်း ကိုးကွယ်ဟန်တူသည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ ဦးအချုိင်သည် တရုပ်ကပြားဗုဒ္ဓဘာသာဖြစ်သည်ဟုခရိုင်တရားမ ရုံးဆုံးဖြတ်သည်မှာမှန်ကန်သည်ဟု ဤရုံးတော်က ယူဆသည်။

ထို့နောက်၊ ဦးအချုိင် ဗုဒ္ဓဘာသာဝင်ဖြစ်သဖြင့် ၎င်းချုပ်ဆိုသော မေတ္တာအလျောက် အပိုင်ပေးစာချုပ်မှာ တရားဝင်-မဝင်ဟူသော အချက်ကို စဉ်းစားရပေမည်။ ယင်းသို့ စဉ်းစားရာ၌၊ ဦးအချုိင် သေခါနီးတွင် မကြာမြင့်မီ သေရတော့မည်ကို သိသဖြင့် ထိုစာချုပ်ကို ချုပ်ဆိုသလော ဟူသည့် ပြဿနာကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ **ဦးတေဇဝံသနှင့် မောင်ဇော်ဖေ ပါ(၂)နှင့် ဦးကြဖူး ပါ ၂ နှင့် မောင်**

(၁) အေ၊အိုင်၊အာ(ရ)၊ ၁၉၃၈၊ ရန်ကုန်စာ ၈၁။

(၂) ရန်ကုန်စီရင်ထုံးများ အတွဲ ၁၀၊ စာ ၂၂၄။

၁၉၆၂

ဒေါ်မော်နွဲ့း ပါ ၈ နှင့် အယ် (လ) အနင်း (ခေါ်) ဦးပါ၊ ပါ ၄။

အောင်သိန်း(၁) အမှုတို့ကိုကြည့်ပါ။ ဒေါ်မော်နွဲ့း၊ ဦးအခိုးတို့ဘက်က ထိုစာချုပ် ချုပ်သည့်အချိန်၌၊ ဦးအချို့ငြင်သည်နေထိုင်မကောင်းသော်လည်း သွားလာနိုင်ကြောင်း သက်သေတင်ပြသည်။ သို့သော် အရေးအကြီးဆုံးသက်သေမှာ၊ ဦးအချို့ငြင်တို့အိမ်သုံး ဆရာဝန် ဒေါက်တာ စွန်ဒလွန်း (လိုပြ-၄)ပင်ဖြစ်သည်။ ထိုသက်သေသည် ဦးအချို့ငြင် သေတမ်းစာလက်မှတ် ရေးထိုးရာ၌၎င်း၊ ထိုသေတမ်းစာ၏ နောက်ဆက်တွဲ ကို လက်မှတ်ရေးထိုးရာ၌၎င်း၊ အသိသက်သေအဖြစ် ပါဝင်သူတဦးဖြစ်သည်။ ၎င်းက ဦးအချို့ငြင်မသေမီ ၂ လ၊ ၃ လလောက်ကစ၍၊ ဦးအချို့ငြင်အား ဒေါက်တာမူတူး အမည်မသိ ဂျပန်ဆရာဝန်တဦးတို့နှင့်အတူ မိမိကြပ်မတ်ကုသခဲ့ရကြောင်း၊ ဦးအချို့ငြင် သည် ထိုစဉ်က ဆီးရောဂါကြောင့် ခြေထောက်၊ ဝမ်းဗိုက်၊ လက်များ အနည်းငယ်စီ ဖောင်းနေကြောင်း၊ ချောင်းလည်း အနည်းအကျင်းဆိုးကြောင်း။ တခါတရံ ချောင်းဆိုးလျှင် အသက်ရှူကြပ်ကြောင်း။ ဂျပန်ဆရာဝန်က အဆုတ်ထဲတွင်ရေဝင် သော ရောဂါရှိသည်ဆိုကာ ရေကိုစုပ်ထုတ်ပေးရကြောင်း ထွက်ဆိုသည့်အပြင်၊ မသေမီ ၂ လ၊ ၃ လအချိန်အတွင်း၊ ဦးအချို့ငြင်သည် အိပ်ယာထဲတွင်နေရ၍ နောဂါအခြေ အနေမှာ ပြင်းထန်ကြောင်း။ ထိုရောဂါနှင့်ပင် သေဆုံးသွားကြောင်း ကျက်ဆို၏။ ထို့ပြင် ထိုသက်သေက ဦးအချို့ငြင် သေတမ်းစာ နောက်ဆက်တွဲလက်မှတ် ရေးထိုးစဉ်က လက်မှတ်ကောင်းစွာ ထိုးနိုင်သော်လည်း၊ အိပ်ယာမှမထတော့ကြောင်း ထွက်ဆို၏။ ဒေါ်မော်နွဲ့း၊ ဦးအခိုးတို့သက်သေ မစ္စတာ တော်စ်ကူး(ခံပြ-၄) ကလည်း၊ မေတ္တာ အလျောက် အပိုင်ပေးစာချုပ်ကို ဦးအချို့ငြင်သည် မိမိနေအိမ် အပေါ်ထပ် အိပ်ခန်းထဲ တွင် လက်မှတ် ထိုးသည်ဟု အစစ်ခံသွား၏။ သေတမ်းစာ နောက်ဆက်တွဲကို ၁၉၄၃ ခု၊ ဒီဇင်ဘာလ ၁ ရက်နေ့၌ ဦးအချို့ငြင် လက်မှတ်ထိုး၏။ ၁၉၄၃ ခု၊ ဒီဇင်ဘာလ ၆ ရက်နေ့ ၅ ရက်မျှကြာသောအခါ ဦးအချို့ငြင်သည် မေတ္တာအလျောက် အပိုင်ပေး စာချုပ်ကို ချုပ်ဆို၏။ ထိုသို့ချုပ်ဆိုသည့်အခါ၌ ဦးအချို့ငြင်သည် ရောဂါဖိစီးသော ကြောင့် အိပ်ယာထဲတွင် လဲနေသည်မှာ၊ ဒေါက်တာ စွန်ဒလွန်းနှင့် မစ္စတာတော်စ်ကူး တို့၏ သက်သေထွက်ချက်အရ ပေါ်လွင်၏။ ထိုအပိုင်ပေးစာချုပ် ချုပ်ဆိုပြီးနောက် ၂၃ ရက်အကြာ ၁၉၄၃ ခု၊ ဒီဇင်ဘာလ ၂၉ ရက်နေ့၌ ဦးအချို့ငြင် ကွယ်လွန်အနိစ္စ ရောက်သည်။

ဦးအချို့ငြင်သည် ၁၉၃၉ ခုနှစ်တွင် သေတမ်းစာပြုလုပ်စဉ်က ကျန်းကျန်းမာမာ ရှိကြောင်း ဒေါက်တာ စွန်ဒလွန်း ထွက်ချက်အရ ထင်ရှား၏။ ကျန်းမာစဉ် သေတမ်း စာ နောက်ဆက်တွဲ ပြုလုပ်လေ့ရှိကြသော်လည်း ရောဂါဖိစီးသောကြောင့် အိပ်ယာထဲ တွင် လဲနေသည်တွင်မှ၊ သေတမ်းစာနောက်ဆက်တွဲကို ပြုလုပ်သည်မှာ ဦးအချို့ငြင်

(၁) ၁၉၄၆ ခု၊ ရန်ကုန်စီရင်ထုံးများ၊ စာ ၁၃၉။

၁၉၆၂

ခေါ်မော်နှီး ပါ ၈ နှင့် အယ် (လ်) အန်း (ခေါ်) ဦးပါ ပါ ၄။

သည် မိမိ ထိုရောဂါဖြင့် သေရတော့မည်ကိုသိသောကြောင့်၊ ယင်းသို့ပြုလုပ်သည်ဟု ယူဆရမည်ဖြစ်သည်။ ထို့ပြင်လည်း ဦးအချို၌သည် ပစ္စည်းချမ်းသာ ကြွယ်ဝအောင် တသက်လုံး ကြိုးပမ်းလာသူဖြစ်ရာ မေတ္တာအလျောက် အပိုင်ပေးစာချုပ်ဖြင့် မိမိပိုင် သမျှ ပစ္စည်းအားလုံးလိုလိုကို ဇနီးနှင့်သားနှစ်ယောက်အား အပိုင်ပေးစာချုပ် ချုပ်ဆို ရာ၌၊ မိမိသည် သေရမည့်ဘေးကို မလွဲမရှောင်နိုင်တော့သည်ကို သိ၍သာ ပစ္စည်း အားလုံးလိုလိုကို၊ အခြားသူများအား အပိုင်ပေးသည်ဟု ယူဆရပေမည်။ အကယ်၍ မိမိ ပြန်လည် ကျန်းမာသန်စွမ်းလာမည်ထင်လျှင်၊ ဤကဲ့သို့ ပစ္စည်းအားလုံးလိုလိုကို အခြားသူများအား အပိုင်ပေးမည်မဟုတ်ချေ။ ထိုအကြောင်းများကြောင့် ဦးအချို၌ သည် သေအံ့ဆဲဆဲတွင် သေရတော့မည်ကိုသိ၍ အဆိုပါ အပိုင်ပေးစာချုပ်ကို ချုပ်ဆို သည်ဟု ခရိုင်တရားမရုံး ဆုံးဖြတ်သည်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ကာလ စည်းကမ်းသတ်နှင့်စပ်လျဉ်း၍ အယူခံတရားလိုများ၏ ပညာရှိရှေ့နေကြီးက အောက်ရုံးတော်ဆုံးဖြတ်သည်မှာ မှန်ကန်သဖြင့်၊ ထိုအချက်နှင့်ပတ်သက်၍ မပြောဆို လိုတော့ကြောင်းနှင့် လျှောက်ထား၏။ အောက်ရုံးဆုံးဖြတ်သည့်အတိုင်း မှန်ကန်သည် ဟု ဤရုံးတော်ကလည်း ယူဆပေသည်။

အယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဤရုံးတော်ရှေ့နေခမှာ ၅၁၀ဝ ဖြစ်စေရ မည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ ရှေ့မှောက်တွင်

† ၁၉၆၂
ဇူလိုင်လ
၁၁ ရက်။

ဒေါ်မော်ခွီး ပါ ဂ (အယူခံတရားလိုမျှား)
နှင့်
အယ်အာနင်း(ခေါ်)ဦးပါ ပါ ၄ (အယူခံတရားခံမျှား)*

သေတမ်းစာအတည်ပြု လက်မှတ်လျှောက်ထားရာ၊ မည်သည့် အချက်များသည် ရုံးတော်အား၊ လိမ်လည်လှည့်ဖြားသော အချက်များ။

အမွေ ဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၂၆၃ အရ၊ အရွေးယူရာ၊ ကာလစည်းကမ်းသတ် ချုတ်ချယ်ခြင်းမရှိ။

ဆုံးဖြတ်ချက်။ ။သေတမ်းစာ အတည်ပြုလက်မှတ် လျှောက်ထားရာ၌၊ သေသူသည်တရုပ်-မြန်မာ ကပြားဖြစ်လျက် တရုပ်အစစ်ဖြစ်လေဟန် ဖော်ပြခဲ့သည်တကြောင်း၊ ဗုဒ္ဓဘာသာဝင် ဖြစ်လျက် ကွန်ဖြူးရှင်း ဘာသာဝင်ဖြစ်ကြောင်း ဖော်ပြသည်တကြောင်း တို့ကြောင့်၊ ရုံးတော်အား လိမ်လည် လှည့်ဖြား၍ သေတမ်းစာနှင့် နောက်ဆက်တွဲ အတည်ပြု လက်မှတ် ထုတ်ပေးစေရန် အား ထုတ် ဆောင်ရွက်ခြင်း ဖြစ်သည်။

ရုံးတော်က အမွေဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၂၆၃ အရ၊ အရွေးယူရာ၌ ကာလစည်းကမ်းသတ် အားဖြင့်၊ သတ်မှတ် ချုတ်ချယ်ထားခြင်းမရှိ။

အယူခံတရားလိုမျှားအတွက် ။ဒေါက်တာ ဘဟန် လိုက်ပါဆောင်ရွက်သည်။
အယူခံတရားခံမျှားအတွက် ။ဦးဘသော် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။မော်လမြိုင်မြို့နေ သူဌေး ဦးအချိုင်သည်၊ ၁၉၃၉ ခုနှစ်၊ မေလ ၂၇ ရက်နေ့၌ သေတမ်းစာပြုလုပ်၍၊ ၁၉၄၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့၌၊ ထိုသေတမ်းစာ၏ နောက်ဆက်တွဲတရုပ်ကို ပြုလုပ်ခဲ့သည်။ ဦးအချိုင် ၁၉၄၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ပြီးနောက်၊ ၁၉၄၇ ခုနှစ်တွင်ငင်း၏သားကြီး ဦးအနင်းနှင့် ဒုတိယသား ဦးအခိုးတို့က၊ ကျိုက္ခမီခရိုင် တရားမရုံး၊ တရားမ အထွေထွေမူအမှတ် ၁၀/၄၇ တွင်၊ ထိုသေတမ်းစာနှင့် နောက်ဆက်တွဲ အတည်

* ၁၉၅၉ ခုနှစ်၊ တရားမ ပဌမအယူခံမှု အမှတ် ၇၁။

† ၁၉၄၇ ခုနှစ်၊ တရားမသေးအမှု အမှတ် ၁၀ တွင် ကျိုက္ခမီခရိုင် တရားမတရားသူကြီး ရုံးတော်မှ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၂

ဒေါ်မော်နီး ပါဝ နှင့် အယ်အန်း (ခေါ်) ဦးပါပါ ၄။

ပြုလက်မှတ် လျှောက်တောင်းခဲ့လေသည်။ ၎င်းတို့၏လျှောက်လွှာအပိုဒ် ၃ တွင် ဦးအချုိင် ကွယ်လွန်အနိစ္စရောက်သည့်အခါ၌၊ ကွန်ဖြူးရှင်းဘာသာ ကိုးကွယ်သူ တရုပ်လူမျိုးဖြစ်သည်ဟု ဖေါ်ပြထားလေသည်။ ဦးအချုိင်၏ ကျန်ရစ်သူ ဇနီးနှင့် အခြားသားသမီးများက သေတမ်းစာနှင့် ၎င်း၏နောက်ဆက်တွဲမှာ မှန်ကန်ပါသည်ဟု ဝန်ခံပြီး ဦးအုန်းနှင့် ဦးအဓိးတို့အား သေတမ်းစာနှင့် နောက်ဆက်တွဲ အတည်ပြုလက်မှတ် ထုတ်ပေးသည်ကို မကန့်ကွက်လိုကြောင်းနှင့် လျှောက်လွှာတင်သွင်းကြ၏။ ထိုရုံးတော်က လိုအပ်သည့် သက်သေများ စစ်ဆေးပြီးလျှင် ၂၆-၅-၄၇ နေ့၌ သေတမ်းစာနှင့် နောက်ဆက်တွဲ အတည်ပြုလက်မှတ် ထုတ်ပေးလိုက်သည်။

၁၉၅၂ ခုနှစ်၊ မေလ ၃ ရက်နေ့တွင်၊ ဦးအုန်းနှင့် အခြားသားတယောက်ဖြစ်သူ ဦးအုန်မိတို့က အဆိုပါအမှုတွင် အမှေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၆၃ အရ၊ ထိုသေတမ်းစာနှင့် နောက်ဆက်တွဲ အတည်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းရန် ရုံးတော်သို့ လျှောက်ထားကြသည်။ အကြောင်းပြချက်များမှာ၊ သေတမ်းစာနှင့် နောက်ဆက်တွဲ အတည်ပြုလက်မှတ် လျှောက်ထားရာ၌၊ ဦးအချုိင်ထားရှိခဲ့သော ပစ္စည်းအမြောက်အမြားကို ထိန်ဝှက်၍ လျှောက်ထားသည်တကြောင်း၊ ဦးအချုိင်သည်လည်း ကွန်ဖြူးရှင်းဘာသာ ကိုးကွယ်သူ တရုပ်လူမျိုးတယောက်မဟုတ်ဘဲ ဗုဒ္ဓဘာသာ ကိုးကွယ်သူ တရုပ်-မြန်မာကပြားတယောက် ဖြစ်သည်တကြောင်းတို့ကြောင့်၊ သေတမ်းစာနှင့် နောက်ဆက်တွဲ အတည်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းသင့်ပါသည်ဟု အကြောင်းပြကြ၏။

ဦးအချုိင် မသေဆုံးမီက၊ မိမိပိုင် ပစ္စည်းအားလုံးလိုလိုကို ၎င်း၏ဇနီး ဒေါ်မော်နီးနှင့် သားသမီးများအနက် ဦးအဓိးနှင့် ဦးအလုံးတို့အား မေတ္တာအလျောက် အပိုင်ပေးစာချုပ်ပြုလုပ်ပြီး ပေးခဲ့သည်ဟုအဆိုရှိ၏။ ဤအချက်နှင့်စပ်လျဉ်း၍၊ ကျိုက္ခမီခရိုင် တရားမရုံး တရားမမှုအမှတ် ၁၉/၅၂ တွင် အဆုံးအဖြတ် ပေးခဲ့လေသည်။ ယခုအမှုတွင် အဓိကအားဖြင့်ဆုံးဖြတ်ရမည့်အချက်မှာ၊ ဦးအချုိင်ကွယ်လွန် အနိစ္စရောက်သည့်အခါ၌၊တရုပ်လူမျိုးကွန်ဖြူးရှင်းဘာသာကိုးကွယ်သူဖြစ်သလောဆိုသည့်ပြဿနာဖြစ်သည်။ ဤအချက်နှင့်စပ်လျဉ်း၍အထက်ဖေါ်ပြပါ တရားမကြီးမှု အမှတ် ၁၉/၅၂ မှ ပေါ်ပေါက်သော ဤရုံးတော် ပဌမအယူခံမှုအမှတ် ၇၀/၅၉ တွင်ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်သည်။ မူလရုံးတွင် တရားမမှုအမှတ် ၁၉/၅၂ နှင့်တရားမအထွေထွေမှုအမှတ် ၁၀/၄၇ ၌ တပြိုင်တည်း သက်သေများစစ်ဆေးခဲ့လေသည်။ ထိုအမှုနှစ်မှုမှပေါ် ပေါက်သောအယူခံများကိုလည်း၊ အတူတကွ ကြားနာခဲ့ပြီးဖြစ်သည်။

အယူခံမှုအမှတ် ၇၀/၅၉ တွင် ဦးအချုိင်သည်၊ သေဆုံးသည့်အချိန်၌ ဗုဒ္ဓဘာသာဝင် တရုပ်-မြန်မာကပြားတဦးဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပြီးလေပြီ။ ဤအမှုတွင်လည်း

၁၉၆၂

ဒေါ်မော်နှီး ပါဂ နှင့် အယ်အန်း (ခေါ်) ဦးပါ ပါ ၄။

ယင်းအတိုင်းပင် ဆုံးဖြတ်ရမည်ဖြစ်သည်။ အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၆၃ တွင် သေတမ်းစာ အတည်ပြုလက်မှတ်ကို ရုံးတော်က တရားမျှတသောအကြောင်း (just cause) ရှိလျှင် နှိမ်လည်ရုပ်သိမ်းနိုင်သည်ဟု ပြဋ္ဌာန်းထားလေသည်။ ထိုပုဒ်မဆိုင်ရာ ရှင်းလင်းချက်အရမှာ၊ မည်သည့်အခါမျှားဌ ထိုသို့တရားမျှတသော အကြောင်းအမျိုးမျိုး ရှိသည်ကို သတ်မှတ်ထားရာတွင် အရေးကြီးသောအချက်ကို ထိန်ဝှက်၍သော်ငင်း၊ အတည်ပြုလက်မှတ် ထုတ်ပေးရန်အတွက် ဥပဒေကြောင်းဆိုင်ရာ အချက်နှင့် စပ်လျဉ်း၍ အရေးကြီးသည့် အကြောင်းခြင်းရာကို၊ မမှန် မကန် ဖေါ်ပြခြင်းဖြင့်သော်ငင်း၊ ရုံးတော်အား လိမ်လည်လှည့်ဖြားရ သေတမ်းစာ အတည်ပြုလက်မှတ် ထုတ်ပေးစေလျှင်၊ တရားမျှတသောအကြောင်း (just cause) ရှိသည်ဟု ယူဆရမည် ဖြစ်ကြောင်းဖြင့် အတည့်အလင်း ဖေါ်ပြထားလေသည်။

ဤအမှုတွင် သေတမ်းစာ အတည်ပြုလက်မှတ်လျှောက်ထားရာ၌ ဦးအချို့ိုင်သည်၊ တရုပ်-မြန်မာကပြားဖြစ်လျက် တရုပ်လူမျိုးအစစ် ဖြစ်လေဟန်ဖေါ်ပြခဲ့သည်တကြောင်း ပဒ္ဓတာသာဝင်ဖြစ်လျက် ကွန်ဖြူးရှင်းဘာသာဝင်ဖြစ်ကြောင်း ဖေါ်ပြသည်တကြောင်း တို့ကြောင့်၊ ရုံးတော်အား လိမ်လည်လှည့်ဖြားရ သေတမ်းစာနှင့် နောက်ဆက်တွဲ အတည်ပြုလက်မှတ် ထုတ်ပေးစေရန် အားထုတ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ယူဆမည် ဖြစ်သည်။

သေတမ်းစာနှင့် နောက်ဆက်တွဲ အတည်ပြုလက်မှတ်ကို ၂၆-၅-၄၇ နေ့၌၊ ရုံးတော်မှ ထုတ်ပေးခဲ့ပြီးနောက်၊ ဂ-၇-၅၂ နေ့တွင်မှ ထိုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းရန်၊ လျှောက်ထားသည်ကားမှန်၏။ သို့ရာတွင် ရုံးတော်က အမွေဆက်ခံရေး အက်ဥပဒေ ပုဒ်မ ၂၆၃ အရ အရေးယူရာ၌ ကာလစည်းကမ်းသတ်အားဖြင့်သတ်မှတ်ချုတ်ချယ်ထားခြင်း မရှိပေ။ အကြောင်းခြင်းရာ အားလုံးကိုထောက်၍၊ အရေးယူရန် အကြောင်းခိုင်လုံက အရေးယူရမည်ဖြစ်သည်။ ဤအမှုတွင်လည်းလက်မှတ်ကို ပြန်လည်ရုပ်သိမ်းရန် လျှောက်ထားသူများက မိမိတို့သည် **စီအာလင်း နှင့် ဒေါ် သိုက် စီရင်ထုံး** (၁)ပေါ် ထွက်လာမှ တရုပ်-မြန်မာကပြား ပဒ္ဓဘာသာဝင်တဦးသည် သေတမ်းစာမပြုလုပ်နိုင်ကြောင်း သိရှိရသဖြင့်၊ ၁၉၅၂ ခုနှစ် ကျမှသာလျှင်၊ ထိုသေတမ်းစာ အတည်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းရန် လျှောက်ထားရကြောင်းဖြင့် အကြောင်းပြ၏။ ထိုအကြောင်းပြချက်မှာ ယုတ္တိမတန်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် အယူခံကို စရိတ်နှင့် ပယ်လိုက်သည်။ ဤရုံးတော်ရှေ့နေခမှာ ဥပဝိ ဖြစ်စေရမည်။

---

(၁) ၁၉၄၉ ခု၊ မြန်မာပြည်စီရင်ထုံးများ၊ တရားလွှတ်တော်၊ စာ-၁၆၈။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးရွှေမှောက်တွင်

နိုင်ငံတော်အစိုးရ (အယူခံတရားလို)

နှင့်

မောင်လှကျော် (အယူခံတရားခံ)*

† ၁၉၆၂ ဇူလိုင်လ ၃ ရက်။

ယစ်မျိုးအက်ဥပဒေ၊ ပုဒ်မ ၃၁၊ ပဓါနထား၍ စဉ်းစား ဆုံးဖြတ်ရမည့် အချက်။

အယူခံ တရားခံ မောင်လှကျော်သည်၊ အရက်ချက်သည့် ပစ္စည်း ကိရိယာအစုံအလင်နှင့်တကွ၊ အရက်ဖိုအနီးတွင် ထိုင်နေသည်ကို တွေ့ရှိရာ၊ မောင်လှကျော်သည် အရက်ချက်နေကြောင်း ထင်ရှားသော်လည်း၊ ယစ်မျိုးအရာရှိ ဖမ်းဆီးပြီး အပြန်တွင်၊ လမ်း၌အဆိုပါ အရက်ဖိုမှာ၊ သထုံမြို့၊ ဘင်လှိုင်ရပ်၊ ရွှေကြူးဆိုသူပိုင် ဖိုဖြစ်ကြောင်း သတင်းရရှိသဖြင့်၊ ရွှေကြူးအိမ်၌ ဝင်ရောက်ရှာဖွေသည်ဟု အစစ်ခံချက်ကို အကြောင်းပြု၍၊ အမှုကို စစ်ဆေးသော ရာဇဝတ်တရားသူကြီးက ထိုအရက်ဖိုမှာ မောင်လှကျော် မပိုင်ဟု ယူဆပြီးလျှင်၊ ၎င်းအား တရားသေလွှတ်လိုက်သည်။

ဆုံးဖြတ်ချက်။ ။ယစ်မျိုး အက်ဥပဒေပုဒ်မ၊ ၃၁ အရ၊ တရားစွဲဆိုရာ၌ မည်သူအရက်ချက်သည်၊ မချက်သည်ကို ပဓါနထား၍ စဉ်းစား ဆုံးဖြတ်ရမည် ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။အစိုးရရှေ့နေ ဦးခင်မောင် လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။မည်သူမျှမလာ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် မောင်လှကျော်အား ယစ်မျိုးအက်ဥပဒေ ပုဒ်မ ၃၁ အရ၊ ယစ်မျိုးဌာနမှ တရားစွဲဆို တင်ပို့ရာ သထုံမြို့၊ ပဉ္စမရာဇာဂ်ရာဇဝတ် တရားသူကြီးရုံးက ပြစ်မှုထင်ရှား မရှိဟု တရားသေလွှတ်သည်ကို နိုင်ငံတော်အစိုးရက ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၁၇ အရ၊ အယူခံသည်။ တရားလို တင်ပြသော သက်သေများ ထွက်ချက်အရ၊ အခင်းဖြစ်နေ့၌ မောင်လှကျော်သည် အရက်ချက်သည့်ကိရိယာ အစုံအလင်နှင့်တကွ အရက်ဖိုအနီးတွင် ထိုင်နေသည်ကို ယစ်မျိုးအရာရှိနှင့် အတူတကွပါသော အရာရှိများနှင့်သက်သေများ တွေ့ကြလေသည်။ ထိုစဉ်အခါ၌

* ၁၉၆၁ ခုနှစ်၊ ရာဇဝတ်အယူခံမှု အမှတ် ၁၇၀။

† သထုံမြို့၊ ပဉ္စမရာဘက် ရာဇဝတ် တရားသူကြီး ၁၉၆၀ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၁၆ တွင်၊ ချမှတ်သော ၁၉၆၀ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့စွဲပါ အမိန့်ကိုအယူခံမှု။

၁၉၆၂

နိုင်ငံတော်
အစိုးရ
နှင့်
မောင်လှကျော်။

မောင်လှကျော် အရက်ချက်နေသည်မှာ ထင်ရှား၏။ သို့သော် ရာဇဝတ်တရားသူကြီးက ယစ်မျိုးအရာရှိ ဖမ်းဆီးပြီးအပြန်တွင် လမ်း၌ အဆိုပါအရက်ဖိုမှာ သတိုမြို့၊ ဘင်လိုင်ရပ်၊ ရွာကြူးဆိုသူပိုင်ဖိုဖြစ်ကြောင်း သတင်းရရှိသဖြင့် ရွာကြူးအိမ်၌ စင်ရောက်ရှာဖွေသည်ဟု အစစ်ခံသည်ကို အကြောင်းပြု၍ ရာဇဝတ် တရားသူကြီးက ထိုအရက်ဖိုမှာ မောင်လှကျော် မပိုင်ဟု ယူဆပြီးလျှင် ၎င်းအား တရားသေလွှတ်လိုက်သည်။

ယစ်မျိုး အက်ဥပဒေပုဒ်မ ၃၁ အရ၊ တရားစွဲဆိုရာ၌၊ မည်သူ အရက်ချက်သည် မချက်သည်ကို ပဓိနထား၍ စဉ်းစားဆုံးဖြတ်ရမည်ဖြစ်သည်။ ဤအမှုတွင် မောင်လှကျော် အရက်ချက်သည်မှာ ထင်ရှား၏။ ထို့ကြောင့် မောင်လှကျော်အား တရားသေလွှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး အမှုအဖြစ်အပျက်အားလုံးကို ထောက်ထား၍ ၎င်းအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၆ လ ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

တရားမ ပြင်ဆင်မှု

တရားဝန်ကြီး ဦးစံမောင်ရွှေ၊ ဦးဘသော် တို့ရှေ့တွင်

မလိုန် (လျှောက်ထားသူ)

နှင့်

မောင်လူမောင် ပါ ၄ (လျှောက်ထားခံရသူများ)*

† ၁၉၅၈
ဖေဖော်ဝါရီလ
၂၀ ရက်။

၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၆ အရ၊ ကင်းလွတ်ခွင့် ပေးထား သော လယ်ယာမြေ ခွဲစိတ်ခြင်း၊ လဲလှယ်ခြင်းကို စွဲ၊ ပုဒ်မ ၃၆ ပါ တားမြစ်ချက်တွင် အကျုံးဝင် ခြင်း။ တရားမရုံးတော်တွင် စီရင်ပိုင်ခွင့် အာဏာမရှိခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ ကင်းလွတ်ခွင့် ပေးပြီးသော၊ လယ်ယာမြေကို၊ အကယ်၍ ခွဲစိတ်လိုလျှင်၊ သို့တည်းမဟုတ် အခြား လယ်ယာမြေနှင့် လဲလှယ်လိုလျှင်၊ အဆိုပါ အက်ဥပဒေအရ၊ ပြုလုပ်သည့် နည်းဥပဒေများနှင့် ညီညွတ်၍ နိုင်ငံတော် သမတ၏၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ၊ နိုင်ငံတော် သမတက ခန့်အပ် ထားသော၊ အာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့်သာ၊ ခွဲစိတ်ခြင်း၊ လဲလှယ်ခြင်း ပြုလုပ်နိုင်သည်။ ယင်းကဲ့သို့ ကင်းလွတ်ခွင့် ပေးထားသည့် မြေကို ခွဲဝေပေးခြင်း ကိစ္စသည်၊ ပုဒ်မ ၃၆ တွင် ပါရှိသည့် "ဤအက်ဥပဒေပါ မည်သည့် အခြားကိစ္စကိုမျှ တရားမရုံးက စီရင်ပိုင်ခွင့် အာဏာ မရှိစေရ" ဟူ၍ တားမြစ်ထားသော အချက်တွင်အကျုံးဝင်လျက်ရှိ၍၊ နိုင်ငံတော် သမတက ခန့်အပ်သော အာဏာပိုင် များ၏ခွင့်ပြုချက်အရသာလျှင် ခွဲဝေပေးနိုင်သော မြေကို၊ မည်သည့်တရားမရုံးတော်ကမှ ခွဲဝေပေးစေ ရမည်ဟု အဓိပ္ပာယ် ဒီကရီ ချမှတ် ပေးနိုင်လိမ့်မည် မဟုတ်၊ သို့အတွက်ကြောင့်၊ ယင်းကဲ့သို့သော မြေမျိုး အနက်မှ အချို့ အဝက်ကို ပိုင်ရှင်ထံမှ ခွဲဝေရယူလိုကြောင်း တရားစွဲဆိုသော အမှုကို စီရင်ပိုင်ခွင့် အာဏာ တရားမရုံးတော်တွင် မရှိ။

လျှောက်ထားသူအတွက်။ ။မစ္စတာ မိုဟာမက်ကာဆင် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူများအတွက်။ ။ဦးဘသော် လိုက်ပါဆောင်ရွက်သည်။

---

* ၁၉၅၅ ခုနှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၁၁၀။

† ကျောက်ဆည်မြို့ ရုံးထိုင်၊ စဉ့်ကိုင်မြို့နယ် တရားမတရားသူကြီးရုံးက ၁၉၅၅ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂ တွင် ချမှတ်သော အမိန့်ကို ပြင်ဆင်မှု။

မှတ်ချက်။ ။အထက်ပါ စီရင်ချက်ကို၊ မြန်မာနိုင်ငံ စီရင်ထုံးများ သက်ဆိုင်ရာ အတွဲတွင် ထည့်သွင်း ဖော်ပြခြင်း မပြုမီသဖြင့် ယခုအတွဲတွင် ထည့်သွင်း ဖော်ပြရခြင်း ဖြစ်ပါသည်။ အယ်ဒီတာ။

၁၉၅၈

မလိုန်နှင့် မောင်လူမောင် ပါ ၄။

တရားဝန်ကြီး ဦးစံမောင်။ ။ကျေးဇူးဆည်မြို့၌ ရုံးထိုင်သည့် စဉ့်ကိုင်မြို့၊ မြို့နယ် တရားမ ရုံးတော်၏ ၁၉၅၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂ တွင်၊ တရားလို မောင်လူမောင်၊ မောင်လူဆင်၊ မောင်ကျန်၊ မမြမေတို့က တရားခံ မလိုန်နှင့်အပေါ်၌ သေသူ ၎င်းတို့၏ အဖွားဒေါ်ညိုက ပေါင်နှံထားခဲ့၍ တရားခံအဒေါ်ဖြစ်သူ မလိုန်နှင့်က စိုက်ထုတ်ရွေးယူထားသော မြေကေ (၅)ရိုး မြေမျှားအနက်၊ ထက်ဝက်ဖြစ်သောမြေကို စိုက်ထုတ်ရွေးရသော ငွေ၏အချိုးကျသင့်ငွေ ၁၂၅ ကျပ်ကိုယူပြီး၊ ခွဲဝေပိုင်းခြားပေးဘို့ အမိန့်ဒီကရီထုတ်ဆင့်ရန် တရားစွဲဆိုလေသည်။

တရားလိုတို့က အဆိုရှိသည်မှာ အချင်းဖြစ်မြေသည် လွန်ခဲ့သောအနှစ် ၂၅ နှစ်ကျော်ခန့်က ကြက်စိန်ရွာနေ ဦးသာပြောဆိုသူနှင့် ၎င်း၏သားမက် ကိုအောင်ကြီးတို့ ထံတွင်တရားလို၏အဖွါးဖြစ်သူဒေါ်ညိုကငွေ ၅၀၀ ဖြင့်၊ငွေပေးမြေပေါ် ပေါင်နှံထားသည့် ဧရိယာ(၁၂)ရိုး မြေ၏ တစိတ်တဒေသဖြစ်ကြောင်း။ တရားလို၏အဘိုး ဦးဘိုးမင်းမှာ အဖွါးမသေဆုံးမီ ၂၅ နှစ်ခန့်ကသေဆုံး၍၊ အဖွါး ဒေါ်ညိုသည်လည်း လွန်ခဲ့သော ၁၇ နှစ်ခန့်က သေဆုံးခဲ့ကြောင်း၊ ဦးဘိုးမင်းနှင့် ဒေါ်ညိုတို့၌ သားသမီး ၆ ယောက် ထွန်းကားသည်တွင် သမီးကြီး မစိန်မှာ ဒေါ်ညို မသေဆုံးမီ ၂ နှစ်ခန့်က သေဆုံး၍ တရားလိုတို့မှာ မစိန်က မွေးဖွါးခဲ့သော သားသမီးများ ဖြစ်ကြကြောင်း။ ဒုတိယသမီး မလိုန်မှာ ဤအမှုတွင် တရားစွဲဆိုခြင်းခံရသော တရားခံဖြစ်၍၊ သား ဦးလူစံမှာ သာသနာ့ဝန်ထမ်း ရဟန်းအဖြစ် ပျံလွန်တော်မူပြီးဖြစ်ကြောင်း၊ သား မောင်စံအေးမှာ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်ကသေဆုံး၍ ၎င်း၏ သားသမီးများမှာ မောင်ဘကြည်၊ မကျင်မြိုင်၊ မောင်ချစ်ရင်နှင့် မောင်ချစ်ပုံတို့ဖြစ်ကြောင်း၊ သား မောင်စံရေးမှာ သာသနာ့ဝန်ထမ်း ရဟန်းဖြစ်၍ ယခုအခါတွင် သေသည်ရှင်သည်ကို မသိရတော့ကြောင်း။

အချင်းဖြစ်မြေကို ဦးသာပြောနှင့် ကိုအောင်ကြီးတို့ထံ ပေါင်ထားရာမှ တရားခံသည် လွန်ခဲ့သော ၁၀ နှစ်ကျော်၊ ၁၁ နှစ်ခန့်လောက်က ပေါင်ကြေးငွေ ၅၀၀ ကို စိုက်ထုတ်ပြီး ရွေးယူထားကြောင်း။ ထို့နောက်သေသူ ဒေါ်ညို၏သား မောင်စံအေး၏ သားသမီးများနှင့် ဒေါ်ညို၏ သားထွေးဖြစ်သူ မောင်အောင်ကြီးတို့သည် တရားခံ စိုက်ထုတ်ရွေးထားငွေ ၅၀၀ ၏ အချိုးကျသင့်ငွေ ၁၂၅ ကျစီပေး၍ ကွဲမြေကိုလည်း အချိုးကျခွဲဝေပေးရန် တောင်းဆိုရာ၊ ၎င်းတို့က တောင်းဆိုထားသည့်အတိုင်း တရားခံက ခွဲဝေပေးခဲ့ကြောင်း။ ထို့နောက် တရားလိုနှင့် တရားခံတို့သည် မြေ၏ တောင်ပိုင်း ဧရိယာ (၅)ရိုးကို၊ အတူတကွ လုပ်ကိုင်စားသောက် နေခဲ့ကြကြောင်း။ လွန်ခဲ့သော ၁၃၁၀ ခုနှစ်၊ တပို့တွဲလအတွင်း တရားလိုတို့က မခွဲဝေရသေးသော မြေရိယာ (၅)ရိုးကို၊ အချိုးကျသင့်ငွေ ၁၂၅ လက်ခံ၍၊

ခွဲဝေပေးရန် တောင်းဆိုရာ တရားခံက နောက်ထပ်တန့်စ် လုပ်ကိုင်စားသောက်ပြီးမှ ခွဲဝေပေးပါမည်ဟု တောင်းပန်သဖြင့် ဆိုင်းငံ့နေရကြောင်း။ ထိုနောက် ကတိအတိုင်း တန့်စ်ကျော် အချိန်အခါတွင် အဆိုပါမြေကို ခွဲဝေပေးခြင်း မပြုသဖြင့် ယခုကဲ့သို့ တရားစွဲဆိုရကြောင်း ဖေါ်ပြထားသည်။

၁၉၅၈
မလိုန့် နှင့် မောင်လူမောင် ပါ ၄။

တရားခံက ချေလွှာတင်သွင်းရာဝယ်၊ ထုချေသော အချက်များအနက်၊ တခုသော ထုချေချက်မှာ၊ အဆိုပါလယ်မြေသည်၊ ပူးတွဲတင်ဆက်သော (၁) အမှတ်ပါ၊ ကင်းလွတ် ခွင့်ပေးသောအမိန့်စာအရ၊ တရားခံ၏ အိမ်ထောင်သားစု ပိုင်ဖြစ်ခြင်းကြောင့်၊ ၎င်း လယ်မြေနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်သော အမှုများအတွက်၊ တရားမ ရုံးတော်များတွင်၊ စီရင်ပိုင်ခွင့်အာဏာ မရှိဟူသော အချက်ပင်ဖြစ်သည်။ ဤအချက်နှင့် စပ်လျဉ်း၍၊ မြို့နယ်တရားမ တရားသူကြီးက ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေ ပုဒ်မ ၆ အရ၊ ကင်းလွတ်ခွင့် ပေးပြီးသော မြေများတွင်၊ အဆိုပါ အက်ဥပဒေပုဒ်မ ၃၆ အရ၊ တရားမရုံး၏ စီရင်ပိုင်ခွင့် အာဏာမရှိဟူ၍ မဆိုနိုင်ကြောင်း။ ကောက်ယူဆုံးဖြတ်ခဲ့သည်။ ယင်းသို့ ကောက်ယူဆုံးဖြတ်ခြင်းကို၊ မကျေနပ်သဖြင့် တရားခံက ဤရုံးတော်သို့ ပြင်ဆင်မှု လျှောက်လွှာတင်သွင်းခြင်းဖြစ်သည်။ ၁၉၆၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၆ (၁) တွင်၊ ဖေါ်ပြထားသော "တောင်သူလယ်သမား အိမ်ထောင်သားစု၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်အား၊ ၎င်းတို့ ပိုင်ဆိုင်သော ဇယား ၁၊ အပိုဒ် ၁၊ ၂၊ ၃၊ သို့တည်းမဟုတ် အပိုဒ် ၄ တွင်၊ သီးခြားဖေါ်ပြထားသည့် လယ်ယာမြေ အမျိုးအစားနှင့် အတိုင်းအတာကို ပုဒ်မ ၅ အရ၊ ပြန်လည်သိမ်းယူခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်" ဟု ပြဋ္ဌာန်းထားသည်။ ယင်းသို့ ကင်းလွတ်ခွင့် ပြုရမည်ဟု ပြဋ္ဌာန်းထားသော မြေများကို ပုဒ်မ ၅ (၁) အရ၊ သိမ်းယူခြင်းမပြုနိုင်။ သို့ရာတွင် ယင်းသို့ ကင်းလွတ်ခွင့် ပေးထားသည့် လယ်ယာမြေနှင့် စပ်လျဉ်း၍၊ အခွင့်အရေးများမှာ၊ ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းသာလျှင် ဖြစ်၏။ ထို့ကြောင့် အဆိုပါ လယ်ယာမြေကို၊ အကယ်၍ခွဲစိတ်လိုလျှင်၊ သို့တည်းမဟုတ် အခြားလယ်ယာမြေနှင့် လဲလှယ်လိုလျှင်၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေအရ၊ ပြုသည့်နည်း ဥပဒေများနှင့် ညီညွတ်၍၊ နိုင်ငံတော် သမတ၏၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှါ၊ နိုင်ငံတော် သမတက ခန့်အပ်ထားသော အာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့်သာ ခွဲစိတ်ခြင်း၊ လဲလှယ်ခြင်း ပြုလုပ်နိုင်သည်။ အက်ဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့် မညီညွတ်ဘဲသော်ငင်း၊ နိုင်ငံတော်သမတ၊ သို့တည်းမဟုတ် နိုင်ငံတော်သမတက ခန့်အပ်သော၊ အာဏာပိုင်များ၏ ခွင့်ပြုချက်မရှိဘဲ သော်ငင်း၊ ခွဲစိတ်ခြင်း၊ အခြားလယ်ယာမြေနှင့် လဲလှယ်ခြင်း ပြုလုပ်လျှင်၊ ပုဒ်မ ၁၁(၁) (ခ) တွင်ဖေါ်ပြထားသည့် စည်းကမ်းချက်ကို ဖေါက်ဖျက်ရာရောက်၍၊ ထိုမြေကို ပုဒ်မ ၃၀ အရ၊ နိုင်ငံတော်

၁၉၅၈
——
မလိုန်
နှင့်
မောင်လူမောင်
ပါ ၄။

သမတက ဤကိစ္စအလို့ငှါ ခန့်အပ်သည့် အာဏာပိုင်များသည်၊ လျော်ကြေးမပေးဘဲ၊ ပြန်လည်သိမ်းယူရ၏။ ပုဒ်မ ၃၄ ကပြဋ္ဌာန်းထားသည်မှာ—

"တည်ဆဲ အခြားတရားဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ၊ လျော်ကြေးကို မည်သူရထိုက်သည်ဟူသော ပြဿနာနှင့် စပ်လျဉ်း၍၊ အငြင်းပွါးသော မှုခင်းကိစ္စနှင့်အုပ်ထိန်းသူ ခန့်အပ်ခြင်းနှင့် စပ်လျဉ်းသည့် မှုခင်းကိစ္စများမှတပါး၊ ဤအက်ဥပဒေပါ မည်သည့်အခြားကိစ္စကိုမျှ တရားမရုံးက၊ စီရင်ပိုင်ခွင့် အာဏာမရှိစေရ။"

ဤအမှုတွင် အချင်းဖြစ် လယ်ယာမြေအပေါ်၌၊ တရားခံ မလိုန်သည်၊ ပိုင်ဆိုင်သူ တယောက်ဖြစ်ကြောင်းကို၊ တရားလိုများကပင်လျှင် ဝန်ခံထားပြီးဖြစ်သည်။ အမွေဆိုင်မြေကို၊ ၎င်းကပင် ရွေးယူထားရသဖြင့်၊ ထိုမြေပေါ်၌ ၎င်းပိုင်ဆိုင်ခွင့်ရှိ၏။ ယင်းသို့ပိုင်ဆိုင်ခွင့် ရှိသည့်အတိုင်း၊ ၎င်းအား ပုဒ်မ ၅ အရ၊ နိုင်ငံတော်က ပြန်လည်သိမ်းယူခြင်းမှ ကင်းလွတ်ခွင့် ပြုထားခဲ့ပြီးဖြစ်သည်။ အကယ်၍ ထိုမြေကို တရားခံကိုယ်တိုင်က တရားလိုများအား ခွဲဝေပေးရန် ဆန္ဒရှိစေကာမူ၊ နိုင်ငံတော် သမတက ခန့်အပ်သော အာဏာပိုင်များ ခွင့်ပြုမှသာလျှင် ခွဲဝေပေးနိုင်ပေမည်။ ထို့ကြောင့် ကင်းလွတ်ခွင့် ပေးထားသည့် မြေကို ခွဲဝေပေးခြင်းကိစ္စသည်၊ ပုဒ်မ ၃၄ တွင် ပါရှိသည့် "ဤအက်ဥပဒေပါ မည်သည့် အခြားကိစ္စကိုမျှ တရားမရုံးက စီရင်ပိုင်ခွင့် အာဏာမရှိစေရ" ဟူ၍ တားမြစ်ထားသော အချက်တွင်အကျုံးဝင်လျက်ရှိ၍၊ နိုင်ငံတော် သမတ က ခန့်အပ်သော အာဏာပိုင်များ၏ ခွင့်ပြုချက်အရသာလျှင် ခွဲဝေပေးနိုင်သောမြေကို မည်သည့် တရားမရုံးတော်ကမှ ခွဲဝေပေးစေရမည်ဟူ၍၊ အမိန့် ဒီကရီ ချမှတ်ပေးနိုင်လိမ့်မည် မဟုတ်ဟု ကျွန်ုပ်တို့ ယူဆသည်။

အကယ်၍၊ တရားခံ ဒေါ်လှိုန်သည် အချင်းဖြစ် မြေပေါ်၌ လုံးဝပိုင်ဆိုင်ခွင့်မရှိဘဲ၊ အာဏာပိုင်များတို့အား၊ ပိုင်ဆိုင်ခွင့်ရှိသည်ဟု လိမ်လည်လှည့်ဖျားကာ၊ ပုဒ်မ ၅ အရ၊ ကင်းလွတ်ခွင့်ကို အရယူခဲ့လျှင်၊ ၎င်းဒေါ်လှိုန်၌ မည်သည့် ပိုင်ဆိုင်ခွင့်မျှ မရှိဟူ၍ ပြဋ္ဌာန်းသော ဒီကရီချမှတ်ရန် တရားမရုံးတော်များတွင်၊ တရားစွဲဆိုကာ၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃၄ ၏ တားမြစ်ခြင်းမှ ကင်းလွတ်မည်၊ မကင်းလွတ်မည်ဟူသော ပြဿနာပေါ် ပေါက်လိမ့်မည်။ ယခုအမှု၌ မူကား တရားခံ မလိုန်တွင် အချင်းဖြစ် မြေပေါ်၌ ပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံထားပြီးဖြစ်သဖြင့်၊ ဤပြဿနာ မပေါ်ပေါက်နိုင်တော့ချေ။

အထက်တွင် ဖော်ဆိုခဲ့သည့် အကြောင်းများကြောင့်၊ ကျောက်ဆည်မြို့ ရုံးထိုင်သည့် စဉ့်ကိုင်မြို့နယ် တရားမရုံးတော်က ဤအမှုကို လက်ခံပြီး စီရင်ဆုံးဖြတ်ရန်

အရေးယူခြင်းမှာ၊ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉ အရ၊ မှားယွင်းလျက်နေသည်ဟု ကျန်ုပ် သဘောရရှိသည်။ ထို့ကြောင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ (က) ပါ ပြဋ္ဌာန်းချက်အရ၊ ကျန်ုပ်အရေးယူပြီးလျှင်၊ တရားလို မောင်လူမောင် (ပါ) ၄ ဦးတို့၏ အမှုကို ပလပ်ရန် ကျန်ုပ် အမိန့်ရှိလိုက်သည်။

၁၉၅၈

မသို့နှင့် မောင်လူမောင် ပါ ၄။

တရားလို တရားခံတို့သည်၊ အောက်ရုံးတော်၌ငင်း၊ ဤရုံးတော်၌ငင်း၊ မိမိတို့ ကုန်ကျသော စရိတ်မျှားကို မိမိတို့ အသီးသီး ကျခံစေရန်ကိုလည်း အမိန့်ချမှတ် လိုက်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ ရှေ့မှောက်တွင်

၁၉၆၂

ဇူလိုင်လ ၂၁ ရက်။

အမ်၊ ကေ၊ စူပရာမန်နီသီဗါး ပါ ၅ (အယူခံတရားလိုများ)

နှင့်

အမ်၊ စူပရာမန်နီ ပါ ၅ (အယူခံတရားခံများ)*

တရားမကျင့်ထုံး ကိုဓ ဥပဒေ၊ ပုဒ်မ ၉၂ (၁) (ဆ)၊ ထရပ်စကင်းအရ၊ ဂေါပကရွေးကောက်သည်ကို အတည်ပြုသောအမိန့်၊ အယူခံဝင်နိုင်သောအမိန့်။

တရားမကျင့်ထုံး ကိုဓ ဥပဒေပုဒ်မ ၉၂ (၁) (ဆ) အရ၊ ဘုရားကျောင်းကို စီမံအုပ်ချုပ်ရန် အတွက် ထရပ်စကင်းတရပ်ပြဋ္ဌာန်းထားရာ၊ ထိုထရပ်စကင်းပါ ညွှန်ကြားချက်များအရ၊ ခရိုင်တရားမ တရားသူကြီး၏ အမိန့်ဖြင့်၊ လစ်လပ်သော ၅ နေရာအတွက် ရွေးကောက်ပွဲကျင်းပစေ၍၊ ဂေါပက လူကြီးများ ရွေးစေရာ၊ ရွေးကောက်ခံရသူ ၅ ဦးအားရွေးကောက်သည်ကိုအတည်ပြုသောခရိုင် တရားမ တရားသူကြီး၏ အမိန့်သည်၊ ယုတ်စွအဆုံး ဒီကရီကို ဆောင်ရွက်ရာ၌ ချမှတ်သော အမိန့်ဖြစ်၍ အယူခံဝင်နိုင်သော အမိန့်မျိုးဖြစ်သည်။

ဦးဘိုးစိန်နှင့် မောင်ပု၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၃၈၊ ရန်ကုန်၊ စာ ၃၆၃။

ဦးကျော်ဇံနှင့် ဦးစိန်ဝင်း၊ အေ၊ အိုင်၊ အာ(ရ်)၊ ၁၉၄၂၊ ရန်ကုန်၊ စာ ၇၅ တို့ကိုရည်ညွှန်းသည်။

ဗီပရန်ဒူဘောနှင့် အာ(ရ်)ရာဂျာဂိုပေါမစ္စရာ။ အေ၊ အိုင်၊ အား(ရ်) ၁၉၃၈၊ မဒရပ်၊ စာ ၉၁၈။

အက်(စ်) ဂျာဗိုကီလာနှင့် ဒတိုဘုရားရှိခိုးကျောင်းကော်မီတီ၊ အေ၊ အိုင်၊ အာ(ရ်) ၁၉၃၅၊ ပရီဗီ ကောင်စီ၊ စာ ၁၅၅ ခြားနားခြင်းကိုပြသည်။

အယူခံတရားလိုများအတွက်။ ။ဦးအောင်မင်း(၂) လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံများအတွက်။ ။မစ္စတာ ဂျေ၊ အာ(ရ်)၊ ချောင်ဒရီလိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအယူခံမှုသည်၊ အင်းစိန်ခရိုင် တရားမ တရားသူကြီးရုံး၊ တရားမသေးမှုအမှတ် ၁၈/၅၉ မှ ပေါ်ပေါက်လာသည့်အပြင်၊ အမှုများကိုလည်း တပြိုင်နက်တည်း ကြားနာခဲ့သည်ဖြစ်သဖြင့်၊ ဤအမိန့်တရုပ်ဖြင့်ပင် အမိန့်ချမှတ်မည်ဖြစ်သည်။

---

* ၁၉၆၀ ခုနှစ်၊ တရားမ အသေးအဖွဲ့ အယူခံမှုအမှတ် ၁၇ နှင့် ၁၉၊ ၁၉၅၉ ခုနှစ်၊ တရားမအထွေထွေအမှုအမှတ် ၁၈ တွင် အင်းစိန်ခရိုင် တရားမတရားသူကြီး ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

၁၉၆၂

အမ်၊ကေးစူပရာမန်နီသီဗါးပါ ၅ နှင့် အမ်၊စူပရာမန်နီပါ ၅။

အင်းစိန်ခရိုင် တရားမရုံး တရားမကြီးမှုအမှတ် ၄/၅၂ တွင်၊ ကမာရွတ်ရှိ ဆရီမာရီယံမန် ချစ်တီးဘုရားကျောင်းကို စီမံအုပ်ချုပ်ရန်အတွက် ထရပ်စကင်းတရပ် ရေးဆွဲခဲ့ရာ ထိုစကင်းပါ ညွှန်ကြားချက်များအရ၊ အင်းစိန်ခရိုင် တရားမ တရားသူကြီး၏ အမိန့်ဖြင့် ထိုအင်းစိန် တရားမရုံးဘီးလစ်အား၊ ရွေးကောက်ပွဲကို ကြပ်မတ်ကွပ်ကဲပြီးလျှင်၊ လစ်လပ်သော ၅ နေရာအတွက်၊ ဂေါပကလူကြီးများ ရွေးကောက်ရန် ရွေးကောက်ပွဲ ကျင်းပစေခဲ့လေသည်။ ထိုရွေးကောက်ပွဲတွင် ယခု အယူခံတရားခံများဖြစ်သူ၊ အမ်၊ စူပရာမန်နီနှင့် အပေါင်းပါ ၄ ဦးတို့က အနိုင်ရရှိရာ၊ အယူခံမှုအမှတ် ၁၉/၆၀ တွင် ရွေးကောက်ပွဲ၌ ရှုံးသူများဖြစ်သော အမ်၊ ကေ၊ စူပရာမန်နီသီဗါးတို့က အယူခံတရားလိုများအဖြစ်ဖြင့်ဝင်း၊ အဆိုပါချစ်တီးဘုရားကို ကိုးကွယ်သူ ၅ ဦးက တရားမအယူခံမှုအမှတ် ၁၇/၆၀ တွင် အယူခံတရားလိုများအဖြစ်ဝင်း၊ ရွေးကောက်ခံရသူ ၅ ဦးအား ရွေးကောက်သည်ကို အတည်ပြုသော ခရိုင်တရားမရုံး၏ အမိန့်ကိုပယ်ဖျက်ရန်အတွက် အယူခံကြလေသည်။ အယူခံတရားခံများ၏ ပညာရှိရွေးနေကြီးက ပဏာမအားဖြင့် ကန့်ကွက်သည်မှာ ယင်းကဲ့သို့သော အမိန့်မျိုးကို အယူမခံနိုင်သဖြင့်၊ အယူခံများကို ပယ်သင့်ကြောင်းဖြင့် လျှောက်လဲ၏။ ပညာရှိရွေးနေကြီး ကိုးကားသော စီရင်ထုံးများအနက်၊ **ဗီပရန်ဒူဘေနှင့် အာ(ရ)၊ ရာဂျာဂိုပေါမစ္စရာ(၁)**သည်၊ ယခုအမှုနှင့်နီးစပ်သည်။ ထိုအမှုတွင် **အက်(စ်)ဂျဘိုဂီလာနှင့် ဒဟိုဘုရားရှိခိုးကျောင်းကော်မီတီ (၂)**တို့အမှုကို အကိုးအကားပြုပြီးဆုံးဖြတ်သည်။ သို့ရာတွင် ထိုပရီဗီကောင်စီအမှုမှာ အမိန့်ချမှတ်သော တရားသူကြီးအား ပုဂ္ဂိုလ်အဖြစ် အာဏာလွှဲထားသည်ဖြစ်၍၊ ယခုအမှုမျိုးနှင့် မသက်ဆိုင်ချေ။ ထိုပရီဗီကောင်စီအမှုပါ အခြင်းအရာများကို ရန်ကုန် ဟိုက်ကုတ်က **ဦးဘိုးစိန်နှင့်မောင်ပု (၃)**တွင် ရှင်းလင်းပြသထား၏။ **ထိုဦးဘိုးစိန်အမှုနှင့်ဦးကျော်ဇံနှင့် ဦးစိန်ဝင်း(၄)**အမှုတို့အရဆိုလျှင်၊ ယခုကဲ့သို့သောအမှုမျိုးတွင် ဒီကရီချမှတ်ပြီးနောက် ဂေါပကလူကြီး ရွေးကောက်တင်မြှောက်ရာတွင် အတည်ပြုသောအမိန့်မျိုးကို အယူခံနိုင်သည်ဟု အတည့်အလင်းဖော်ပြထားလေသည်။

ဤအမှုတွင် အထက်၌ဖော်ပြခဲ့သည့်အတိုင်း၊ အင်းစိန်ခရိုင် တရားမကြီးမှုအမှတ် ၄/၅၂ တွင်၊ တရားမကျင့်ထုံး ကိုဥပဒေပုဒ်မ ၉၂(၁)(ဆ)အရ၊ ဘုရားကျောင်းကို စီမံအုပ်ချုပ်ရန်အတွက် ထရပ်စကင်းတရပ် ပြဋ္ဌာန်းထားခဲ့လေသည်။ ယင်းသို့ပြဋ္ဌာန်းထားသည်ဖြစ်၍ ချမှတ်သောဒီကရီမှာ စကင်းဒီကရီဟု မှတ်ယူရမည်ဖြစ်သည်။ ထို့

(၁) အေ၊ အိုင်၊ အာ(ရ)၊ ၁၉၃၈၊ မဒရပ်၊ စာ ၉၁၈။
(၂) အေ၊ အိုင်၊ အာ(ရ)၊ ၁၉၃၅၊ ပရီဗီကောင်စီ၊ စာ ၁၅၅။
(၃) အေ၊ အိုင်၊ အာ (ရ)၊ ၁၉၃၈၊ ရန်ကုန်၊ စာ ၃၆၃။
(၄) အေ၊ အိုင်၊ အာ (ရ)၊ ၁၉၄၂၊ ရန်ကုန်၊ စာ ၂၅။

၁၉၆၂

ကေ၊စူပရာ
နန်နီသီဝါး
ပါ ၅
နှင့်
၊ စူပရာမန်နီ
ပါ ၅။

ကြောင့် ထိုစကင်းဒီကရီတင် ပြဋ္ဌာန်းသည့်အတိုင်း ရွှေးကောက်ပွဲပြုလုပ်ပြီး၊ ရွှေးကောက်ခံရသူကို ရုံးတော်က လက်ခံအာဏာပြုလျှင်၊ ထိုအာဏာပြုသည့်အမိန့်သည်၊ ယုတ်စွအဆုံး ဒီကရီကိုဆောင်ရွက်ရာ၌ ချမှတ်သောအမိန့်ဖြစ်သည်ဟု ယူဆရပေမည်။ ထို့ကြောင့် ဤအယူခံများကို လက်ခံကြားနာနိုင်သည်ဟု ရုံးတော်ကဆုံးဖြတ်သည်။

အမှုအဖြစ်အပျက်နှင့် စပ်လျဉ်း၍၊ ခရိုင်တရားမရုံးသည် ပြိုင်ဆိုင်သူများနှင့် အပြင်ဘက်မှ ကန့်ကွက်သူများတင်သွင်းသော ကျမ်းကျိန်လွှာများကို လေ့လာသုံးသပ်၍၊ ရွှေးကောက်ပွဲ၌ ကြီးကြပ်သူဘီးလစ်၏ အစီရင်ခံစာကိုပါ ထည့်သွင်းစဉ်းစားပြီးနောက်၊ ကန့်ကွက်ချက်များမှာ ရွှေးကောက်ပွဲ အရှုံးအနိုင်နှင့် စပ်လျဉ်း၍ အရေးတကြီး ထိခိုက်လောက်သော ကန့်ကွက်ချက်များ မဟုတ်ဟုယူဆပြီးလျှင်၊ ကန့်ကွက်ချက်များကို ပယ်ခဲ့လေသည်။ ထိုကန့်ကွက်ချက်များအနက်၊ စကင်းအပိုဒ် ၁၃(ဆ)အရ သာမန်အားဖြင့် ရွှေးကောက်သူများသည် လက်ပြ၍ ရွှေးကောက်တင်မြွောက်ရမည်ကို မဲပေး၍ ရွှေးကောက်ကြသဖြင့်၊ ထိုရွှေးကောက်ပွဲမှာ အတည်မဖြစ်နိုင်ပါဟူသော ကန့်ကွက်ချက်သည် အရေးပါသော ကန့်ကွက်ချက်ဖြစ်သည်။ သို့သော် ရွှေးကောက်ပွဲတွင် လူအမြောက်အမြား တက်ရောက်ကြသည် ဖြစ်သဖြင့် လက်ပြ၍ ရွှေးကောက်ပွဲပြုလုပ်ရန် မဖြစ်နိုင်သည်တကြောင်း၊ မူလကပင် ရွှေးကောက်ခံသူများသည်၊ မဲပြားများကို ပုံနှိပ်၍ ရွှေးကောက်ပွဲ၌ အသုံးပြုကြသည်တကြောင်းတို့ကြောင့် ထိုကန့်ကွက်ချက်မှာ ခိုင်လုံသော ကန့်ကွက်ချက်မဟုတ်ဟု ဆုံးဖြတ်ရပေမည်။ အခြားကန့်ကွက်ချက်တရပ်မှာ၊ ရွှေးကောက်ပွဲနေ့၌ ညနေ (၆)နာရီထိုးပြီးနောက်၊ အနိုင်ရသူများ၏လူများကို ရွှေးကောက်ပွဲရုံအတွင်း ဝင်ရောက်၍မဲပေးစေပြီး၊ အရှုံးရသည့်သူများ၏ လူများကိုကား၊ ယင်းသို့အခွင့်အရေးမပေးကြောင်းနှင့် လျှောက်ထားခြင်းဖြစ်သည်။ သို့သော် ဘီးလစ်၏အစီရင်ခံစာတွင် ထိုကန့်ကွက်ချက်မမှန်ကြောင်း အတည့်အလင်းဖေါ်ပြထားသည့်အပြင် အနိုင်ရသူများ၏ ပြန်လှန်ကျမ်းကျိန်လွှာတွင်လည်း၊ ထိုအချက် မမှန်ကန်ကြောင်း ဖေါ်ပြထားလေသည်။

အခြားကန့်ကွက်ချက်များမှာ မရေရာလှချေ။ ရွှေးကောက်ပွဲ အရှုံးအနိုင်ကို ထိခိုက်နိုင်လောက်အောင် အရေးကြီးသော ချုတ်ယွင်းချက်များ မရှိဟု ဤရုံးတော်က ယူဆသည်။

ထို့ကြောင့်၊ အယူခံများကို ပယ်လိုက်သည်။ ဤရုံးတော်တွင် ပဏာမကန့်ကွက်ချက်မှာ ရှုံးသဖြင့် အမှုသည်များသည်၊ မိမိတို့တရားစရိတ်ကို မိမိတို့ အသီးသီးကျခံကြကြရမည်ဖြစ်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ ရှေ့မှောက်တွင်

ဦးညီပု (လျှောက်ထားသူ)

နှင့်

တိုင်းသီးစားချထားရေးကော်မိတီ၊မန္တလေး ပါ ၃ (လျှောက်ထားခံရသူ)

၁၉၆၂
ဇူလိုင်လ
၉ ရက်။

များ *

၁၉၅၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေ ပုဒ်မ ၁၃၊ သတ်မှတ်သော အချိန်အတွင်း သီးစားချထားရန် လျှောက်လွှာများကို တင်သွင်းရန်၊ ပျက်ကွက်သူအား သီးစားချထားခြင်း မပြုနိုင်။

ဆုံးဖြတ်ချက်။ ။၁၉၅၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေ ပုဒ်မ ၁၃ အရမှာ၊ ခရိုင်သီးစားချထားရေး ကော်မိတီက သတ်မှတ်ထားသော အချိန်ကာလအတွင်း လယ်ယာလုပ်ကိုင်နေသူနှင့် လုပ်ကိုင်လိုသူတို့သည်၊ သီးစားချထားရန် လျှောက်လွှာများကို ကျေးရွာ သီးစားချထားရေးကော်မိတီထံသို့ တင်သွင်းရမည်ဖြစ်သည်။ ထိုကန့်သတ်ထားသော အချိန်ကာလ ကုန်ဆုံးပြီးနောက်၊ ထိုကဲ့သို့သော လျှောက်လွှာများကို လက်မခံနိုင်တော့ချေ။

ထို့ကြောင့် အခင်းဖြစ်မြေကို အခင်းဖြစ် နှစ်အတွက်၊ လုပ်ကိုင်ရန် ကျေးရွာသီးစားချထားရေးကော်မိတီထံတွင် လျှောက်ထားခြင်း မပြုခဲ့သော လျှောက်ထားခံရသူ အမှတ် (၃) ဦးဖိုးညို အား၊ တိုင်းသီးစား ချထားရေးကော်မိတီက ဦးဖိုးညိုသည် အိမ်စောင့် အစိုးရလက်ထက်၌ လျှောက်ထားသူ ဦးညီပု ခေတ္တသူကြီးဖြစ်စဉ် ဦးညီပု၏ ဩဇာအာဏာကို ကြောက်ရွံ့သဖြင့် လျှောက်ထားခြင်း မပြုခဲ့သည်ဟု အကြောင်းပြုပြီး ကျေးရွာသီးစားချထားရေး ကော်မိတီက အခင်းဖြစ်မြေကို ဦးညီပု အား ချထားသည့်အမိန့်ကို ပယ်ဖျက်၍ ဦးဖိုးညိုအား အခင်းဖြစ်မြေကို ချထားရာတွင် တိုင်းသီးစားချထားရေး ကော်မိတီ၏ အကြောင်းပြချက်မျိုးဖြင့် အထက်ပါ ပုဒ်မ ၁၃ အရ၊ လျှောက်ထားရန် ပျက်ကွက်သူအား သီးစားချထားခြင်း ပြုနိုင်မည်မဟုတ်။

လျှောက်ထားသူအတွက်။ ။ဦးစိန်လှ လိုက်ပါဆောင်ရွက်သည်။

လျှောက်သားခံရသူအမှတ် (၁) နှင့် (၂) တို့အတွက်။ ။အစိုးရရှေ့နေ ဦးဘကြော်လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊ အခင်းဖြစ်နှစ်အတွက်၊ ယခု လျှောက်ထား ခံရသူအမှတ် (၃) ဦးဖိုးညိုသည်၊ အခင်းဖြစ်မြေ ၅ ကေကိုလုပ်ကိုင်ရန် အတွက်၊ ကျေးရွာ သီးစားချထားရေး ကော်မိတီထံ လျှောက်ထားခဲ့ခြင်းမပြုချေ။

* ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၂၃။

၁၉၆၂

ဦးညိုပု နှင့် ကိုင်း သီးစားချထားရေးကော်မတီ၊ မန္တလေး ပါ ၃။

ယင်းသို့ဖြစ်၍ ထိုမြေကို ယခုလျှောက်ထားသူ ဦးညိုပုအား ချထားလိုက်သည်။ ဦးဖိုးညို အယူခံရာတွင်၊ ခရိုင်သီးစားချထားရေး ကော်မိတီက ထိုမြေ ၅ ကေနှင့် ပတ်သက်၍ ကျေးရွာသီးစားချထားရေး ကော်မိတီ၏ အမိန့်ကို ပယ်ဖျက်ပြီးလျှင်၊ ထိုမြေကို ဦးဖိုးညိုအား ချထားလိုက်သည်။ တိုင်းသီးစားချထားရေး ကော်မိတီက လည်း၊ ဦးဖိုးညိုသည် အိမ်စောင့်အစိုးရလက်ထက်၌ ဦးညိုပု ခေတ္တသူကြီးဖြစ်စဉ် ဦးညိုပု၏ ဩဇာအာဏာကို ကြောက်၍သဖြင့် လျှောက်ထားခြင်းမပြုခဲ့ကြောင်း ဖော်ပြပြီး အခင်းဖြစ်မြေကို ဦးဖိုးညိုအားပင်ချထားလိုက်သည်။

၁၉၅၃ ခုနှစ်၊ သီးစားချထားရေး အက်ဥပဒေ ပုဒ်မ ၁၃ အရမှာ၊ ခရိုင်သီးစားချထားရေး ကော်မိတီက သတ်မှတ်ထားသော အချိန်ကာလအတွင်း လယ်ယာမြေလုပ်ကိုင်နေသူနှင့် လုပ်ကိုင်လိုသူတို့သည်၊ သီးစားချထားရန် လျှောက်လွှာများကို ကျေးရွာ သီးစားချထားရေး ကော်မိတီထံသို့ တင်သွင်းရမည်ဖြစ်သည်။ ထိုကန့်သတ်ထားသော အချိန်ကာလ ကုန်ဆုံးပြီးနောက်၊ ထိုကဲ့သို့သော လျှောက်လွှာများကို လက်မခံနိုင်တော့ချေ။ ထိုဖော်ပြချက်များကို ထောက်၍ ကျေးရွာသီးစား ချထားရေး နည်းဥပဒေများမှာ တိကျပြတ်သားပြီး၊ တိုင်းကော်မိတီပေး ပြသောအကြောင်းပြချက်မျိုးဖြင့်၊ ထိုပုဒ်မ ၁၃ အရ၊ လျှောက်ထားရန် ပျက်ကွက်သူအား သီးစားချထားခြင်း ပြုနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် တိုင်းသီးစားချထားရေး ကော်မိတီ၏ အမိန့်နှင့် ခရိုင်သီးစားချထားရေးကော်မိတီ၏ အမိန့်တို့ကို အမှုခေါ် စာချုန်တော်အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

အမှုသည်များသည် မိမိတို့၏ တရားစရိတ်ကို မိမိတို့အသီးသီး ကျခံကြရမည်ဖြစ်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ ရှေ့မှောက်တွင်

ဦးထွန်းလင်း (ခေါ်) ရှောင်ထွန်းလင်း ပါ ၂ (လျှောက်ထားသူများ) ၁၉၆၂

နှင့် ဇူလိုင်လ

တိုင်းမင်းကြီး၊ ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်း သီးစားချထားရေး ကော်မိတီ ၁၀ ရက်။
အဖွဲ့၊ မော်လမြိုင်မြို့ ပါ ၄ (လျှောက်ထားခံရသူများ)*

ကျေးရွာကော်မိတီ၏ အမိန့်ကို၊ ၁၅ ရက်ကျော်လွန်ပြီးမှ တင်သွင်းသော အယူခံကို ကြားနာခွင့်မရှိ။

ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၂၉ အရ၊ ပုဒ်မ ၅ သည် အထူးအက်ဥပဒေများနှင့် မဆိုင်။

ကျေးရွာကော်မိတီမှ ချမှတ်သော အမိန့်ကို အမိန့်ချမှတ်ပြီး ၁၅ ရက် ကျော်လွန်ပြီးမှ တင်သွင်းသောအယူခံကို ခရိုင်သီးစား ချထားရေး ကော်မိတီသည် အယူခံကို ကြားနာခွင့်မရှိ။

ဦးဘိုကျော်နှင့် ပဲခူးခရိုင် မြေယာကော်မိတီပါ ၂။ ၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးများ (တရားလွှတ်တော်ချုပ်) စာမျက်နှာ ၈၈ ကိုရည်ညွှန်းသည်။

ယင်းကဲ့သို့ ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ တင်သောအယူခံကို စည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၅ ကိုမှီး၍ လုံလောက်သော အကြောင်းရှိသည်ဆိုကာ လက်ခံခြင်းသည် မှားယွင်းသည်။ အဘယ့်ကြောင့်ဆိုသော် ထိုစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၂၉ ပါ ပြဋ္ဌာန်းချက်များတွင် ယင်း အက်ဥပဒေပုဒ်မ ၅ သည် အထူးအက်ဥပဒေများနှင့် မသက်ဆိုင်ဟု အတည့်အလင်းဖော်ပြထားသည်။

လျှောက်ထားသူများအတွက်။ ။ဦးဘရုံလိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအမှတ် (၁) နှင့် (၂) အတွက်။ ။အစိုးရရှေ့နေ ဦးဘကျော်လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအမှတ် (၃) နှင့် (၄) အတွက်။ ။ဦးညွန့်ဟန် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊ ယခုလျှောက်ထားသူ ဦးထွန်းလင်း၊ ဒေါ်အေးရွှေတို့နှင့် လျှောက်ထား ခံရသူအမှတ် (၃) ဦးသာလှိုင်၊ အမှတ် (၄) ဦးအုံးလှိုင်တို့သည်၊ အခင်းဖြစ်မြေကို၊ ၁၉၆၁-၆၂ ခုနှစ်တွင် လှုပ်ကိုင်ရန်အတွက်၊ သက်ဆိုင်ရာ ကျေးရွာကော်မိတီထံ လျှောက်ထားကြရာ၊ ကျေးရွာ ကော်မိတီက

* ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၅၇။

၁၉၆၂

ဦးထွန်းလင်း (ခေါ်) ရှောင်ထွန်းလင်း ပါ ၂ နှင့် တိုင်းမင်းကြီး၊ ဥက္ကဋ္ဌ၊ တနင်္သာရီတိုင်း သီးစား ချထားရေးအဖွဲ့၊ မော်လမြိုင် ပါ ၄။

ယခု လျှောက်ထားသူများအား ချထားလိုက်သည်။ ယခုလျှောက်ထားသူများသည် ထိုမြေကိုပိုင်ဆိုင်သူများ ဖြစ်သည်ဟု အဆိုရှိသည်။ ကျေးရွာကော်မီတီ အမိန့်ချမှတ်သည့်နေ့မှာ ၁၉၆၁ ခု၊ ဧပြီလ ၃၀ ရက်နေ့ဖြစ်သည်။ ဦးသာလှိုင်နှင့် ဦးအုံးလှိုင်တို့သည် ထိုအမိန့်ကို မကျေနပ်သဖြင့်၊ သက်ဆိုင်ရာ ခရိုင်သီးစား ချထားရေးကော်မီတီထံ ၁၉၆၁ ခု၊ ဇွန်လ ၁၂ ရက်နေ့ကမှသာလျှင် အယူခံတင်သွင်းသည်။

၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေ ၁၆ အရမှာ၊ ကျေးရွာကော်မီတီ၏ အမိန့်ကို မကျေနပ်သူသည်၊ သက်ဆိုင်ရာခရိုင် သီးစားချထားရေး ကော်မီတီထံ စီရင်ချက် ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်းအယူခံဝင်ရမည်ဖြစ်သည်။ ယင်းသို့အယူခံမဝင်လျှင်၊ ခရိုင်သီးစားချထားရေး ကော်မီတီသည် အယူခံကို ကြားနာပိုင်ခွင့်မရှိခေါ်။ **(၁)တရားလွှတ်တော်ချုပ်၊ ဦးဘိုးကျော်နှင့် ပဲခူးခရိုင် မြေယာကော်မီတီပါ ၂** ကိုကြည့်ပါ။

ခရိုင်သီးစား ချထားရေး ကော်မီတီနှင့် တိုင်းသီးစား ချထားရေး ကော်မီတီတို့က ကာလစည်းကမ်းသတ်ကျော်လွန်၍ အယူခံလွှာ တင်သွင်းသည်ကို စည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၅ ကိုမှီး၍ လုံလောက်သော အကြောင်းပြသည်ဆိုကာ၊ အယူခံကို လက်ခံခြင်းဖြစ်သည်။ သို့သော်၊ ထိုစည်းကမ်းသတ် ဥပဒေပုဒ်မ ၂၉ ပါပြဋ္ဌာန်းချက်များတွင်၊ ယင်းအက်ဥပဒေ ပုဒ်မ ၅ သည်အထူးအက်ဥပဒေများနှင့် မသက်ဆိုင်ဟု အတည့်အလင်းဖော်ပြထားသည်။

ထို့ကြောင့် ခရိုင်သီးစား ချထားရေး ကော်မီတီ၏ အမိန့်နှင့် တိုင်းသီးစားချထားရေးကော်မီတီ၏ အမိန့်တို့ကို အမှုခေါ် စာချုန်တော်အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

အမှုသည်များသည်၊ မိမိတို့၏ တရားစရိတ်ကို မိမိတို့အသီးသီးကျခံကြရမည်ဖြစ်သည်။

(၁) ၁၉၅၁ ခု၊ မြန်မာပြည်ခရိုင်ထုံးမျာ၊ စာမျက်နှာ ၈၈။ (S.C.)

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ ရှေ့မှောက်တွင်

၁၉၆၂

ဇူလိုင်လ ၁၂ ရက်။

ဦးသောပါက ပါ ၂ (စောဒကများ)

နှင့်

ဦးကုမာရ ပါ ၅ (စုဒိတကများ)*

သံဃိကကျောင်းအတွက် ဝုဝဝါသရက္ခက ဂေါပက မခန့်နိုင်ခြင်း။

သံဃိကကျောင်းနှင့် ပတ်သက်၍ စောဒကနှင့် စုတိဒကတို့ ဝိဝါဒါ ဓိကရဏ်းမှု ဖြစ်ပွါးကြရာတွင် ခုံဝိနည်းဓိုရ် ဆရာတော်များက ရဟန်းတော်နှစ်ပါးအား အခင်းဖြစ်ကျောင်းတွင် လက်ရှိစောင့်ရှောက်နေထိုင်သူ ဖြစ်သည်ဟု တွေ့ရှိ၍၊ ထိုကိုယ်တော်များအား ပင် ဝုဝဝါသရက္ခက ဂေါပကပုဂ္ဂိုလ်အဖြစ် စောင့်ရှောက်နေထိုင်ကြစေဟု အဆုံးအဖြတ် ပေးတော်မူလိုက်ကြသည်။

ဆုံးဖြတ်ချက်။ ။အခင်းဖြစ်ကျောင်းမှာ သံဃိကကျောင်းဖြစ်၍၊ ခုံဝိနည်းဓိုရ် ဆရာတော်များသည် အဆိုပါ ကိုယ်တော်နှစ်ပါးအား၊ ဝုဝဝါသရက္ခက ဂေါပကပုဂ္ဂိုလ်များအဖြစ် မခန့်အပ်နိုင်။

စောဒကများအတွက်။ ။ဦးဖသာထော် လိုက်ပါဆောင်ရွက်သည်။

စုဒိတကများအတွက်။ ။ဦးသန်းမောင် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် ဦးသောပါက ပါ (၂) နှင့် ဦးကုမာရပါ (၅) တို့သည် မိတ္ထိလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ရွာတန်းရွာ၊ သရက်ခြံကျောင်းနှင့်စပ်လျဉ်း၍၊ ဝိဝါဒါဓိကရဏ်းမှု ဖြစ်ပွါးကြရာ၊ သက်ဆိုင်ရာ တရားမနယ်ပိုင်ရုံးက စောဒကနှင့် စုဒိတကတို့ အသီးသီး တင်မြှောက်ကြသော၊ ခုံဝိနည်းဓိုရ် ဆရာတော် ၂ ပါးနှင့် ကြားခုံဝိနည်းဓိုရ် ဆရာတော် ၁ ပါးအပါအဝင် ဝိနိစ္ဆယခုံရုံး ဖွဲ့ပေးလိုက်လေသည်။ ထိုခုံရုံးသည်၊ နှစ်ဦးနှစ်ဘက်တင်ပြသော သက်သေများကို စစ်ဆေးပြီးလျှင်၊ ဝိနိစ္ဆယ အဆုံးအဖြတ်ကို ပေးတော်မူကြလေသည်။ သို့သော် ဦးသောပါက တင်မြှောက်သော ခုံဝိနည်းဓိုရ် ဆရာတော်က ထိုဆုံးဖြတ်ချက်ကို သဘောမတူသဖြင့်၊ လက်မှတ်မထိုးခဲ့။

အခင်းဖြစ်ကျောင်းမှာ သံဃိကကျောင်းဖြစ်သည်။ ခုံဝိနည်းဓိုရ် ဆရာတော်များရာက ဦးဝိလာသနှင့် ဦးဝိစိတ္တ ကိုယ်တော်နှစ်ပါးအား၊ အခင်းဖြစ်ကျောင်းတွင်

* ၁၉၆၁ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၂၃၆။

၁၉၆၂ ::သောပါက ပါ ၂ နှင့် ဦးကုမာရ ပါ ၅။

လက်ရှိ စောင့်ရှောက် နေထိုင်သူဖြစ်သည်ဟု တွေ့ရှိ၍ ထိုကိုယ်တော်မျိုးအားပင် ဓဝဝါသရက္ခကဂေါပက ပုဂ္ဂိုလ်အဖြစ်ဖြင့် စောင့်ရှောက် နေထိုင်ကြစေဟု အဆုံးအဖြတ်ပေးတော်မူလိုက်ကြသည်။

ထိုဆုံးဖြတ်ချက်ကို ဦးသောပါက မကျေနပ်သဖြင့်၊ အမှုခေါ် စာချုန်တော်ဖြင့် ပယ်ဖျက်ပါရန် ဤရုံးတော်သို့ မေတ္တာရပ်ခံလေသည်။ ယင်းသို့ ပယ်ဖျက်ရန်အကြောင်း အမျိုးမျိုးပြခဲ့သော်လည်း၊ လျှောက်လဲချက် ကြားနာစဉ် နောက်ဆုံး၌ အရေးကြီး သောအချက်တချက်သာ ကျန်တော့သည်။ ၎င်းအချက်မှာ ခုံဝိနည်းဓိုရ် ဆရာတော် တို့သည် အထက်ဖေါ်ပြပါ ကိုယ်တော်နှစ်ပါးအား၊ ဓဝဝါသရက္ခက ဂေါပကပုဂ္ဂိုလ် အဖြစ်ဖြင့် ကျောင်းတွင် စောင့်ရှောက်နေထိုင်ရန် အမိန့်ချမှတ်ခြင်း မပြုနိုင်ဟူသော အချက်ဖြစ်သည်။

be prosecuted for the offence punishable under section 22 read with section 21 (4) of the Urban Rent Control Act, 1960 for failure to inform the Rent Controller that he had vacated from the groundfloor, and that Dr. Tan Setti was liable to be ejected forcibly under section 23 (2) of the Act.

Now, there is nothing to show that T. H. Chan had vacated from the premises in question, being the southern half of a *pucca* building known as No. 126, Crisp Street, Rangoon. He is still occupying that premises although he might have allowed Dr. Tan Setti to make use of the major portion of the groundfloor during his consulting hours. Accordingly, section 21 (4) of the Urban Rent Control Act, 1960, can have no application whatsoever to the case now under consideration. Therefore, the order of the Assistant Rent Controller for the prosecution of T. H. Chan and for the ejectment of Dr. Tan Setti is wrong. This order will, therefore, be set aside with costs, Advocate's fees in this Court being assessed at 5 (Five) Gold Mohurs.

APPELLATE CRIMINAL.

Before U Kyaw Zan U, J.

THE REVOLUTIONARY GOVERNMENT (APPELLANT)

v.

SUTAR (RESPONDENT).*

C.C. 1962

Aug. 31.

Union Citizenship Act. "Legally adopted son or daughter"—Intention of Legislature regarding—Apatittha *or* Chatta-bhatta *adopted foreigner cannot "inherit" citizenship of adoptive parents. Law of citizenship not to be interpreted too liberally.*

The Legislature in enacting the Union Citizenship Act must have meant *Kittima* adoption when it included "legally adopted son or daughter in the words 'ဘဝးသမီး'ဂ"

When an *Apatittha* or *Chatta-bhatta* adopted child of foreign descent is not entitled to inherit *ab initio* it is impossible to hold that such a child shall get the same citizenship as his/her adoptive parents automatically on being adopted as such. When there is no intention that such a child shall inherit he/she cannot "inherit" the citizenship of the adoptive parents. The law of citizenship which governs the nationality of a person must not be interpreted too liberally.

Mya Than Nu for the appellant.

No one for the respondent.

U KYAW ZAN U, J.—In Criminal Regular Trial No. 130 of 1961 of the Court of the 2nd Additional Magistrate of Pa-an, the respondent Sutar was prosecuted under section 5 (*1*) of the Registration of Foreigners Act for failing to register as a foreigner under Rule 6 (*1*) (*a*) of the Rules framed under section 3 of the said Act.

The respondent who is 45 years of age denied that he is a foreigner. He is a posthumous child and when his mother, a Hindu by the name of Monee died, he was only eight years of age. He was said to have been given away

*Criminal Appeal No. 99 of 1962 from the order of the Second Additional Magistrate, Pa-an, dated the 29th December 1961 in Criminal Regular Trial No. 130 of 1961.

C.C 1962

THE REVOLUTIONARY GOVERNMENT v. SUTAR.

by his uncle to U Po Nyein's family (ဦးဘိုးညိမ်း အိမ်ခွဲသားပေးလိုက်ပါသည်). His uncle is not a witness in the case and it is not known whether he was his natural guardian when he gave him away. When he was 25 years of age U Po Nyein who fed and clothed him died so he was taken in by U Po Nyein's nephew U Ba Yin (DW 2) "out of pity" for services in the house where U Po Nyein's wife Ma Thein Hlaing also lived. The respondent himself admitted that there was no deed of adoption but he was brought up by U Po Nyein for service in the house. He claimed to be the adopted son of U Po Nyein, who was a Burmese Buddhist, and, as such, he is a citizen of the Union of Burma.

The point for consideration therefore is whether he is the adopted child of the late U Po Nyein, and, if so, whether he is the citizen of the Union of Burma. In fairness to the respondent I must say that there is evidence to show that he was brought up by U Po Nyein from the age of eight years until the age of 25 when U Po Nyein died. After U Po Nyein's death he was taken in by U Po Nyein's nephew to help with the daily chores in the house and not by U Po Nyein's wife Ma Thein Hlaing. U Po Nyein never ordained him as a novice or a *Koyin* or gave him any education. Ma Thein Hlaing did not give him any property after her husband's death. From all these facts it can safely be concluded that he was taken in only as a *Chatta-bhatta*, a foundling, a destitute and a hunger-stricken child who had been fed and brought up in the family through compassion but not as a child of the family under the Burmese Buddhist Law. According to U Ba Yin, U Po Nyein had already an adopted daughter by the name of Ma Ohn Sein then.

U Ba Yin deposed that his uncle "adopted" (ဧမ့်ပေးပါသည်) the respondent. It is a very loose word. The Burmese word "ဧမ့်" means either "to bear" or "to feed,

nourish or bring up". It appears the learned trial Magistrate was carried away by the words "မွေးစားပါသည်" He held that the respondent is the adopted son of U Po Nyein and as such he is a citizen of the Union under section 11 (i) of the Constitution. The words "မွေးစားသည်" do not clearly convey the true legal significance as the English word "adoption" gives. Under the English Adoption Act rights, duties, obligations and liabilities vested in are exercisable by and enforceable against the adoptor as though the adopted child were a child born to the adoptor in lawful wedlock. In Halsbury's Laws of England, Volume 21, 3rd Edition, it is said, "If the adopted child is not a citizen of the United Kingdom and Colonies, and the adoptor, or in a joint adoption the male adoptor, is such a citizen, the child takes that citizenship".

I have said above that there is no proof that the uncle ever consented to the alleged adoption even assuming that he was then his natural guardian. There is, of course, nothing to prevent a Burmese Buddhist from adopting a foreigner of different faith, religion or race. Under section 2 of the Union Citizenship Act "children" include adopted children. The point for determination is whether *Chatta-bhatta* is included in the word "children". The section says the child must be legally adopted child (တရား ဥပဒေအရ မွေးစားသော သားသမီး). Under the Burmese Buddhist Law there is only one form of legal adoption with all the formalities attached to it, and that is, *Kittima* adoption. Under Burma Act 14 of 1932 (Registration of *Kittima* Adoption Act) which came into force with effect from 1st April 1941 a registered deed attested by at least two witnesses giving consent by the adoptive and natural parents to the adoption is necessary to make a legal adoption of a child as a *Kittima* child with the intention that the child shall inherit. Under the Burmese Buddhist Law there is a distinction between the adoption with a view to

C.C. 1962 — THE REVOLUTIONARY GOVERNMENT v. SUTAR.

inherit and adoption out of pity. The first kind is *Kittima* adoption and the second kind is *Apatittha* or *Chatta-bhatta* adoption. *Chatta-bhatta* adoption is the lowest form of adoption. An adoption, in the strict legal sense of the term, is taking a child as one's own with right to inherit. A full adoption like *Kittima* adoption is the legal adoption with the right to inherit. *Apatittha* adoption is a casual adoption while *Chatta-bhatta* adoption is only a compassionate adoption. Both are "adoptions" without any intention that the child shall inherit. Consequently, they are not full adoptions in the strict sense. Of the three kinds under the Burmese Buddhist Law mentioned above, *Kittima* adoption is the only full adoption in the true sense. The Legislature in enacting the Union Citizenship Act must have meant *Kittima* adoption when it included "legally adopted son or daughter" in the words "သားသမီး". The Registration of *Kittima* Adoption Act recognizes only this form of adoption. It makes no reference to *Apatittha* or *Chatta-bhatta* child. When such a child of foreign descent is not entitled to inherit *ab initio* it is impossible to hold that such a child shall get the same citizenship as his/her adoptive parents automatically on being adopted as such. When there is no intention that such a child shall inherit he/she cannot "inherit" the citizenship of the adoptive parents. The law of citizenship which governs the nationality of a person must not be interpreted too liberally. To put a liberal interpretation may result in chaos. It is not imaginable that an orphan boy of foreign descent brought up by the a Burmese Buddhist family out of sheer pity with a view to make him help in the house could automatically become a Burmese citizen. He is merely a "ကောင်ဟူ မွေးစားသော သား". In the absence of any specific rules, regulations or laws giving such right of citizenship it cannot be held that a *Chatta-bhatta* or an *Apatittha* child for that matter is recognized by the Union

Citizenship Act. When *Kittima* adoption is now required to be made by a deed duly registered and attested by at least two witnesses it is unthinkable how a *Chatta-bhatta* child merely picked up or given away and brought up can be treated as a legally adopted child for the purpose of conferring a citizenship. U May Oung, J., the eminent jurist in his Leading Cases on Buddhist Law, Part II, Second Edition, said that *Chatta-bhatta* child did not rank as a child of the family of its adoptive parents.

For all the reasons given the order of acquittal of the respondent is set aside. He is a *dhobi* (washerman). He has failed to prove that he is not a foreigner under section 4 of the Registration of Foreigners Act. He might have been under the *bona fide* impression that he was a citizen. In the circumstance a severe punishment is not called for. He is therefore convicted under section 5 (*1*) of the Registration of Foreigners Act and sentenced to pay a fine of K 15 (Kyats fifteen only) or in default to suffer one month's rigorous imprisonment.

APPELLATE CRIMINAL

Before U Kyaw Zan U, J.

C.C. 1962 — *Aug. 16.*

THE UNION OF BURMA (APPELLANT)

v.

KO AH KYAUNG (*a*) KO TIN TUN (RESPONDENT).*

Shops and Establishments Act, s. 5 (3)—*Offences exempted by.*

Section 5 (3) of the Shops and Establishments Act gives exemption to offences relating to section 6 (1) of the Act and section 5 (3) (*b*) does not say hat it gives exemption to the offence committed under section 11 of the Act.

Mya Than Nu (Government Advocate) for the appellant.

No one for the respondent.

U KYAW ZAN U, J.—The respondent Ko Ah Kyaung (*a*) Ko Tin Tun was prosecuted under section 6 (2) and section 11 of the Shops and Establishments Act (Act No. 59 of 1959) for not giving one day's leave to the labourers in the week and for not keeping a register, and also for not displaying the notices in a prominent place of his shop on Strand Road, Myaungmya, but the learned 7th Additional Magistrate of Myaungmya in his Criminal Regular Trial No. 39 of 1961 acquitted him on the ground that the appellant was exempted under section 5 (3) (*b*) of the Act.

I have heard the learned Government Advocate who appears for the Union and I agree with her that section 5 (3) (*b*) does not apply to the case. Section 5 (3) gives exemption to offences relating to section 6 (*1*) of the Act but in the present case the appellant was prosecuted for an offence under section 6 (2) of the said Act. Section 5 (3) (*b*) does not say that it gives exemption to the offence

* Criminal Appeal No. 4 of 1962 from the order of the Seventh Additional Magistrate, Myaungmya, dated the 28th June 1961 in Criminal Regular Trial No. 39 of 1961.

committed under section 11 of the Act. Reading the lower Court's record and the judgment, I find that the trial Magistrate has misconceived the law. Under section 14 of the Act the appellant must be convicted for offences committed under section 6 (2) and section 11 of the Act.

Accordingly the appellant is convicted under the aforesaid two sections and sentenced to pay a fine of K 5 for each making a total sum of K 10 or in default to suffer one week's rigorous imprisonment for each default.

CRIMINAL REVISION

Before U Kyaw Zan U, J.

C.C. 1962
Aug. 1.

THE UNION OF BURMA (APPLICANT)

v.

MAUNG KAN THEIN (RESPONDENT).*

Criminal Procedure Code, s. 109—*Order of imprisonment in default of furnishing security under—Illegal.*

No provision is made in the Criminal Procedure Code to order imprisonment in default of furnishing security under section 109 of the Code and an order directing the respondent to suffer one year's imprisonment in default of furnishing security is absolutely illegal.

Uttam Chand Singh v. *Emperor*, 25 Cr. L.J. 430, referred to.

Ba Pe (Government Advocate) for the applicant.

No one for the respondent.

U KYAW ZAN U, J.—The respondent Maung Kan Thein was called upon to show cause why he should not furnish security for good behaviour under section 109 of the Code of Criminal Procedure. The trial Township Magistrate of Sadoketaya in his Criminal Regular Trial No. 19 of 1961 ordered him to furnish security in the sum of K 1,000 or in default to undergo one year's rigorous imprisonment. I agree with the learned Government Advocate who appears for the Union that the entire trial is full of illegalities and irregularities. Instead of inquiring into the matter following the procedure as in the summons case under section 117 of the Criminal Procedure Code, the learned trial Magistrate took up the case as a warrant case.

In section 117 (2) of the Code it is stated that such an inquiry shall be made, as nearly as may be practicable,

* Criminal Revision No. 34 (B) of 1962. Review of the order of the Township Magistrate, Sadoketaya, dated the 25th October 1962 in Criminal Regular No. 19 of 1961.

where the order requires security for keeping the peace in the manner prescribed for conducting trials and recording evidence in summons-cases ; it further says that where the order requires security for good behaviour no charge need be framed. These provisions of law were not complied with by the learned trial Magistrate. The order directing the respondent to suffer one year's imprisonment in default of furnishing security is absolutely illegal. The respondent had already furnished a security soon after the passing of the order. Hence this order has no effect. Moreover, under section 123 of the Code, if a person does not give such security he shall be committed to prison until such period as the Court which made the order deems fit. Sub-section (2) of the said section says, if such person does not give security as ordered, the Magistrate can issue a warrant directing him to be detained in prison pending the orders of the Sessions Judge. No provision is made in the Code to order imprisonment in default of furnishing security under section 109 of the Code of Criminal Procedure.

Again the bond executed by the respondent and the sureties filed in the original record is invalid. This bond is not in accordance with the order passed by the Court. In it the surety was made to furnish security in the sum of K 1,000 while the accused was ordered to furnish security in the sum of K 500 only. The order of the trial Court did not also mention how many sureties he would accept in its order.

In *Uttam Chand Singh* v. *Emperor* (1) it was held that the provisions of section 112 of the Code of Criminal Procedure should be complied with strictly. It was further held that a case under section 107 of the Code should not be treated as a warrant case. This applies to the present case also. This authority also held that an order directing

(1) XXVI Cr. Law Journal, p. 430.

C.C. 1962

HE UNION OF BURMA v. AUNG KAN THEIN.

that in default of furnishing the required security the accused should undergo rigorous imprisonment is altogether illegal.

For all these reasons the order of the trial Court must be set aside. Accordingly I direct that a fresh inquiry be made under section 109 of the Code of Criminal Procedure against the respondent by another competent Magistrate other than the Township Magistrate of Sadoketaya (U Khin Maung Tin) as the learned District Magistrate may direct in the matter.

APPELLATE CRIMINAL

Before U Kyaw Zan U, J.

THE UNION OF BURMA (APPELLANT)

v.

U SEIN BAN AND TWO OTHERS (RESPONDENTS).*

C.C. 1962 — *Aug.* 18.

Imports Clearance (Control) Order, 1951—"for personal use"—Meaning of.

When a person or an individual or a Union or a Company applies for a license or a permit to import a car for "personal use" as allowed by the Imports Clearance (Control) Order, 1951, it means that the applicant—whether it be an individual or a company—will use the car for his/its use, *i.e.* to be used by the applicant and it is wrong to interpret the words "for personal use" to mean "for private use"

Tin Maung (Government Advocate) for the appellant.

Choung Po and Pha Tha Htaw for the respondent.

U KYAW ZAN U, J.—In Criminal Regular Trial No. 142 of 1959 of the Second Special Judge (S.I.A.B. & B.S.I. Act) of Rangoon the three respondents and three others were sent up for trial under section 5 (1) and (3) of the Control of Imports and Exports (Temporary) Act, 1947, for contravening the Imports Clearance (Control) Order, 1951. Paragraph 2 of the Order says:

> "Where a licence or a permit is issued under the Import Trade Control Order, 1947, to any person to import into the Union of Burma a motor vehicle *for personal use*, clearance from the customs of any motor vehicle imported under such licence or permit shall be made on the following conditions:
>
> (*a*) that the person importing the said motor vehicle shall not transfer, sell or otherwise dispose of the same within a period of two years from the date of its clearance from the customs, without the previous permission in writing of the Director of Supply, Ministry of Commerce."

* Criminal Appeal No. 475 of 1961. Appeal from the order of the Second Special Judge (S.I.A.B. & B.S.I. Act) of Rangoon, dated the 22nd August 1961 in Criminal Regular Trial No. 142 of 1959.

C.C. 1962

THE UNION OF BURMA v. J SEIN BAN AND TWO OTHERS.

The first and second respondents U Sein Ban and U Ba Tha are the President and Secretary respectively of the Supreme Tamwe Motor Bus Union while the third respondent U Han Tin is the Managing Director of the Insein Motor Bus Union Limited. The case against them is that the Supreme Tamwe Motor Bus Union of which the first and second respondents are responsible officers applied for and obtained an import licence (Exhibit ဝ) to import five Ikarus passenger motor buses from Hungary and transferred two of them to the Insein Motor Bus Union Limited without the previous permission in writing of the Director of Supply, Ministry of Commerce. These two buses having been painted red (Insein colour) were said to have plied on the Insein Line while the Supreme Tamwe Motor Bus Union plied their three buses on their Tamwe Line in their own blue colour.

It is not wise to go into the merits or demerits of the case in view of the order I am going to pass in this appeal. The case boils down to this: the first and second respondents contravened the aforesaid Order and the third respondent abetted the offence under section 5 (3) of the Control of Imports and Exports (Temporary) Act. The trial Court found that though the two buses were imported by the Tamwe Bus Union they were registered on arrival at the instance of U Han Tin of the Insein Bus Union as belonging to the Tamwe Bus Union. The learned trial Judge also pointed out in his judgment the decision of the Supreme Tamwe Bus Union at its meeting dated 30th March 1956 (Exhibit ၁-ဃ) which runs as follows:

"၂။ နိုင်ငံခြားမှ ကားမှာယူရေး နှင့် ပတ်သက်၍ ဟန်ဂေရီမှ ကား ၅ စီး မှာယူ၍ အဖွဲ့ချုပ်တွင်ငွေအင်အားနည်းသောကြောင့် ၃ စီးကို ယူပြီး၊ကျန် ၂ စီး ကို အင်းစိန်သို့ပေးခန့်။"

The Bond (Exhibit က-၂) undertaking that no such transfer or sale would be made was signed by the first and

second respondents. It was alleged that not only did U Han Tin apply for registration but he also sent his clerk Ko Kyaw Din to attend to the delivery of the buses from the Customs though his Union was not the Importer. The trial Court pointed out many other pieces of evidence but it is best to refrain from discussing them at this stage.

The learned trial Judge however did not come to any finding that there was a sale or a transfer but he acquitted the three respondents by interpreting the words " for personal use " in the aforesaid Order as " for private use." He was of the opinion that since the application for the import was " to ply for passengers (Exhibit ၁-၅) the import was not " for personal use." His interpretation is clearly wrong. These words should be read with reference to the context. The other three accused had been previously discharged. The Revolutionary Government has now come up under section 417 of the Code of Criminal Procedure to set aside the order of acquittal of the three present respondents. The appeal must be allowed.

When a person or an individual or a Union or a Company applies for a license or a permit to import a car for " personal use " as allowed by the aforesaid Order it means that the applicant—whether it be an individual or a Company—will use it for his/its own use, *i.e.* to be used by the applicant. In the instant case the Supreme Tamwe Bus Union the importer was to use the buses for its own purpose *i.e.* running passenger buses for its own personal business or profit. The learned Government Advocate referred to me to section 11 of the Penal Code which shows " Person " includes " any Company or Association, or body of persons, whether incorporated or not." It includes artificial or juridical persons. He also referred to me to section 2 (*44*) of the General Clauses Act. Reading with the reference to the context it is clear that the import of

C.C. 1962

THE UNION OF BURMA v. U SEIN BAN AND TWO OTHERS.

the passenger buses was allowed by the Ministry to the Supreme Tamwe Bus Union for its own personal business or use.

The learned Advocates for the respondents submitted that there was in fact no sale or transfer of the two buses to Insein Bus Union. It cannot be denied that evidence was led by the prosecution as shown above on this point but unfortunately the trial Court gave no definite finding on this important point.

In the circumstances, I think it will be in the interest of justice that the case should be ordered to be retried. The order of acquittal is therefore set aside and the case is remanded to the Court of the Second Special Judge (S.I.A.B. & B.S.I. Act) of Rangoon which is now presided over by another Judge for retrial of the three respondents.

APPELLATE CIVIL

Before U Bo Gyi, C.J., and U San Maung, J.

U THINT AND ONE (APPELLANTS)

v.

DAW CHIT PU (deceased) by her legal representatives U SAN MYA AND SEVEN OTHERS (RESPONDENTS).*

C.C. 1962

Aug. 16.

Administration suit. Omission of some properties of deceased from plaintiff's list—Right of any party to allege and prove—Not fatal to suit.

It is open to any party to an administration suit to allege and to prove that some of the properties belonging to the estate of the deceased have been left out by the plaintiff in the list of properties given by him or her. The plaintiff cannot be non-suited merely on account of the fact that he or she has no mentioned in her plaint all the properties comprised in the estate of the deceased.

Maung Maung Khin for the appellants.

No one for the respondents.

U SAN MAUNG, J.—In Civil Regular Suit No. 6 of 1953 of the District Court of Pyinmana sitting at Yamèthin, the plaintiff Daw Chit Pu, who died during the pendency of the suit and was represented by her husband and legal representative U San Mya filed a suit for the administration of the estate of her deceased father U Lu Maung, the defendants being her two brothers who are the present appellants U Thint and U Wint, the respondent Ma Hla Ye who was the out-of-time grand-daughter of U Lu Maung, and Ma Saw Hmin and five others, who were the *Atet* grand-children of her mother Daw Khin who was an *Eindaunggyi* at the time of her marriage with U Lu Maung. In the suit Ma Hla Ye contended that her deceased father U Nyi Bu, being an *Orassa*, she was entitled to an equal share with Daw Chit Pu, U Thint and U Wint.

* Civil First Appeal No. 26 of 1960 against the decree of the District Court of Pyinmana (sitting at Yamethin) in Civil Regular Suit No. 6 of 1953.

C.C. 1962

U THINT AND ONE v. DAW CHIT PU (DECEASED) BY HER LEGAL REPRESENTATIVES U SAN MYA AND SEVEN OTHERS.

The defendants Ma Saw Hmin and her brothers and sisters contended that there had already been a partition of the estate of U Lu Maung which took place after his death. The defendant-appellants U Thint and U Wint contended, *inter alia*, that the plaintiff's suit was not maintainable as there had already been a partition of the estate of their father U Lu Maung, and that in any event the plaintiff had not mentioned in her plaint all the properties comprised in the estate of U Lu Maung.

The learned District Judge after framing the necessary issues came to the conclusion that the partition, if any, which took place after the death of U Lu Maung was invalid in law as it was effected by an unregistered document, and that even if Daw Chit Pu had not mentioned in paragraph 3 of her plaint all the properties comprised in the estate of the deceased U Lu Maung she could not be non-suited on that account. In the result, the learned District Judge granted a preliminary decree for the administration of the estate of U Lu Maung and declaring the shares to which the plaintiff and the several defendants were entitled.

The present appeal by the defendants U Thint and U Wint who alone seriously contested the plaintiff's suit, is mainly on the ground that the plaintiff's suit should have been dismissed as she had not mentioned in her plaint the properties belonging to the estate of U Lu Maung which were in possession of the defendants other than U Thint and U Wint. Other grounds of appeal have been waived by the learned Advocate for the appellants.

Now, it is settled authority that an administration suit is really a suit for accounts as between members of the family of the deceased, *i.e.* heirs to the estate of a deceased person as such. [See *Maung Thein* v. *Daw Htwe and*

(1) (1951) B.L.R. 410 (H.C.).

others (1) and *Ma Hla Myint and four others* v. *Ma Sein Myaing and two others* (2)]. Consequently, it is open to any party to an administration suit to allege and to prove that some of the properties belonging to the estate of the deceased have been left out by the plaintiff in the list of properties given by him or her. The plaintiff cannot be non-suited merely on account of the fact that he or she has not mentioned in her plaint all the properties comprised in the estate of the deceased. In the case now under consideration it is still open to the defendant-appellants to prove that the properties belonging to the estate are in possession of the plaintiff herself or of some of the other defendants in the suit.

For these reasons we consider that there is no merit in this appeal and it is accordingly dismissed with no order as to costs, the plaintiff and the other defendants being not represented in this appeal.

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ ရှေ့တွင်

† ၁၉၆၂
ဩဂုတ်လ
၁၅ ရက်။

ဂိုက္ကး (လ်) ပတပ် (အယူခံတရားလို)

နှင့်

ဘာဂ္ဂါတီးလား(လ်) (အယူခံတရားခံ)*

မြန်မာပြည် အင်ဆော်လဇင်စီအက်ဥပဒေ၊ လူမဲ့အဖြစ်ပြဋ္ဌာန်းရန်အတွက် မြီစား၏တာဝန်များ၊ မြီရှင်၏ အခွင့်အရေး၊ ရုံး၏ပြဋ္ဌာန်းပိုင်ခွင့်၊ စောလွန်းသည့် မြီရှင်၏ လျှောက်လွှာ၊ ပုဒ်မ ၄ (၃) အရ၊ ချမှတ်သောအမိန့်ကို အယူခံဝင်နိုင်ခွင့်။

ဆုံးဖြတ်ချက်။ ။မြန်မာပြည် အင်ဆော်လဇင်စီ အက်ဥပဒေအရ မြီစားက မိမိအား လူမဲ့အဖြစ် ပြဋ္ဌာန်းပါရန် ရုံးလိုလျှောက်သည်တွင် မြီစားသည် အနည်းဆုံး ကြေးမြို ကျပ် ၅၀၀ တင်ရှိကြောင်း၊ ၎င်းကြေးမြိုကို ပေးဆပ်နိုင်စွမ်း မရှိကြောင်း သက်သေထင်ရှား ပြရမည်ဖြစ်သည်။ မြီရှင်သည် ပုဒ်မ ၂၅ (၂) အရ၊ လျှောက်ထားသူမြီစား ကြေးပေးဆပ်နိုင်စွမ်းရှိကြောင်း တင်ပြနိုင်ငြားလည်း အဆိုပါ အက်ဥပဒေပုဒ်မ ၂၄ ခြွင်းချက်အရဆိုလျှင်၊ မြီစားက မိမိတင်ရှိသော ကြွေးမြိုကို မပေးဆပ်နိုင်ကြောင်း အမြင်အားဖြင့် လုံလောက်သော သက်သေအထောက်အထား တင်ပြလျှင် ရုံးသည် အခြားသက်သေများကို ဆက်လက်ကြားနာရန်မလိုဘဲ မြီစားအား လူမဲ့အဖြစ် ပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။ ဤကဲ့သို့ မြီစားကလျှောက်ထားသည့်ကိစ္စတွင် မြီရှင်က မြီစား၏လျှောက်လွှာတွင် ဖော်မပြသော ၎င်းပိုင် အခြားပစ္စည်းများ ရှိသေးသဖြင့်၊ ၎င်းပစ္စည်းများကို ရုံးက ထိန်းသိမ်းရန် လျှောက်ထားခြင်းသည် စောလွန်းလှသည်၊ မြီရှင်၏ အဆိုပါလျှောက်လွှာကို အဆိုပါ အက်ဥပဒေ ပုဒ်မ ၄ (၃) အရ ပယ်သည့်အမိန့်ကို အယူခံနိုင်သည်။

နယန်တာရာဒါစိနှင့် စန်ဖုန်မ်မီဒီယာ၊ အိန္ဒိယပြည်စီရင်ထုံးများ၊ အတွဲ ၅၂၊ စာ ၆၆၂ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ ပီ၊အင်နှ်၊ဂိုရှ်၊ လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။တဦးတယောက်မှမလာ။

---

* ၁၉၆၁ ခုနှစ်၊ တရားမအယေးအဖွဲ့အယူခံမှု၊ အမှတ် ၅၄။

† ၁၉၆၀ ခုနှစ်၊ အင်ဆော်လဇင်စီအမှု အမှတ် ၃ တွင် ၂၃-၆-၆၁ နေ့စွဲပါ အင်းစိန်ခရိုင် တရားမ တရားသူကြီးချမှတ်သောအမိန့်ကို အယူခံဝင်မှု။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် ယခု အယူခံတရားခံ၊ ဘဂ္ဂါတီးလားလ်က မိမိအား၊ လူမဲ့အဖြစ်ပြဋ္ဌာန်းရန် အင်းစိန်ခရိုင် တရားမရုံးသို့ လျှောက်ထားရာ၊ ၎င်း၏မြို့ရှင် ယခုအယူခံတရားလို ဂိုကူးလ်ပတပ် က ကန့်ကွက်လေသည်။ လျှောက်လွှာတွင် ဘဂ္ဂါတီးလားလ် ဖေါ်ပြသည်မှာ၊ ဂိုကူးလ်ပတပ်သည်၊ မိမိအပေါ် ၌ရရှိသော ဒီကခိုင္ခေ ၂,၄၀၀ နှင့် စရိတ်အတွက် မိမိအားဖမ်းဆီးရန် စိုင်းပြင်းနေကြောင်း၊ မိမိမှာ ထိုးငွေကို မပေးဆပ်နိုင်ကြောင်းဖြင့် ဖေါ်ပြပြီး၊ လူမဲ့အဖြစ် ပြဋ္ဌာန်းပါရန် လျှောက်ထားခဲ့၏။ လျှောက်လွှာနှင့်အတူ တင်သွင်းသောပစ္စည်းစာရင်းတွင် ကျပ် ၃၀ မျှတန်သော အာတ်အစားနှင့် အိပ်ယာများကိုသာ ဖေါ်ပြထားသည်။ မြို့ရှင်က ဘဂ္ဂါတီးလားလ်မှာ အိမ်တဆောင်၊ စက်ဘီးတစီးနှင့် နွား ၁၁ ကောင် ပိုင်ကြောင်းဖြင့်၊ ၎င်းပစ္စည်းများကို ထိန်းသိမ်းရန်အတွက် ရုံးဘီးလစ်အား ပစ္စည်းထိန်းခန့်အပ်ရန် လျှောက်ထားသည်တွင် ရုံးက ဘီးလစ်အား ပစ္စည်းထိန်းခန့်လိုက်၏။ ပစ္စည်းထိန်းက အဆိုပါပစ္စည်းများကို ဘဂ္ဂါတီးလားလ်လက်ရှိဖြစ်ကြောင်း မတွေ့ရကြောင်းဖြင့် အစီရင်ခံ၏။

၁၉၆၂
ဂိုကူး(လ်)ပတပ် နှင့် ဘဂ္ဂါတီးလား (လ်)။

ထို့နောက် မြို့ရှင်က မြန်မာပြည် အင်ဆော်လဝင်စီ အက်ဥပဒေပုဒ်မ ၄ အရ ထိုပစ္စည်းများကို ဘဂ္ဂါတီးလားလ်ပိုင် မပိုင် စုံစမ်းစစ်ဆေးရန် လျှောက်ထားရာတွင် ရုံးက နှစ်ဦးနှစ်ဘက်တင်ပြသော သက်သေများကို စစ်ဆေး၏။ ယင်းသို့ စစ်ဆေးပြီးနောက်၊ ထိုပစ္စည်းများနှင့် ပတ်သက်၍၊ မိမိဆုံးဖြတ်ရန်မသင့်ဟု ယူဆပြီးလျှင်၊ အဆိုပါ အက်ဥပဒေပုဒ်မ ၄ (၃) ကို ကိုးကား၍၊ မြို့ရှင်လျှောက်ထားသည်ကို ပယ်လိုက်သည်၊ ထိုသို့ပယ်သည့်အတွက် မြို့ရှင်က ဤရုံးသို့ အယူခံခြင်းဖြစ်သည်။ **နယန်တာရာဒါစီ** နှင့် **စန်ဖူနပ်စ်မီဒီယာ** (၁) အမှုတွင်၊ ယင်းသို့ ပစ္စည်းများ ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ရန် ငြင်းဆိုယောအမိန့်ကို၊ အယူခံနိုင်သည်ဟု ဖေါ်ပြထားလေသည်။

သို့သော် မြန်မာပြည် အင်ဆော်လဝင်စီ အက်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မ ၂၄ ခြွင်းချက်နှင့် ပုဒ်မ ၂၅(၂)တို့ကို ပူးတွဲ၍ လေ့လာသုံးသပ်လျှင် ယခုကဲ့သို့ မြို့စားက မိမိအား လူမဲ့အဖြစ် ပြဋ္ဌာန်းပါရန် ရုံးသို့လျှောက်ထားသည်တွင် မြို့စားသည် အနည်းဆုံးကြွေးမြီ ကျပ် ၅၀၀ တင်ရှိကြောင်း၊ သို့တည်းမဟုတ် ယင်းအက်ဥပဒေပုဒ်မ ၁၀ ပါ အခြားအကြောင်းတခုခုကို သက်သေထင်ရှား ပြရမည့်အပြင်၊ မိမိသည် တင်ရှိသောကြွေးကို ပေးဆပ်နိုင်စွမ်း မရှိကြောင်းကိုလည်း သက်သေ ထင်ရှားပြရမည်ဖြစ်သည်။ မြို့ရှင်သည် ပုဒ်မ ၂၅(၂)အရ၊ လျှောက်ထားသူ မြို့စား ကြွေးပေးဆပ်နိုင်စွမ်းရှိကြောင်း တင်ပြနိုင်ငြားလည်း၊ အဆိုပါ အက်ဥပဒေပုဒ်မ ၂၄ ခြွင်းချက်အရဆိုလျှင်၊ မြို့စားက မိမိတင်ရှိသော ကြွေးမြီကို မပေးဆပ်နိုင်ကြောင်း အမြင်အားဖြင့် လုံလောက်သော

(၁) အိန္ဒိယပြည်စီရင်ထုံးများ၊ အတွဲ ၅၂၊ စာ ၆၆၂။

၁၉၆၂
ဂိုကူး(လ်)ပတပ်နှင့် ဘာဂါတီးလား (လ်)။

သက်သေ အထောက်အထား တင်ပြလျှင်၊ ရုံးသည် အခြားသက်သေများကို ဆက်လက် ကြားနာရန် မလိုဟု အတိအလင်း ပြဋ္ဌာန်းထားသည်။ သို့ဖြစ်ရကား၊ မြီစားက အမြင်အားဖြင့် ထင်ရှားသော သက်သေ အထောက်အထား တင်ပြလျှင်၊ ရုံးက ၎င်းအား လူမဲ့အဖြစ် ပြဋ္ဌာန်းပိုင်ခွင့်ရှိသည်။

ယခုအမှုတွင် အောက်ရုံးသည်၊အထက်ဌာနဖေါ်ပြခဲ့သည့်အတိုင်း၊ အမှုကိုစစ်ဆေးခြင်း မပြုဘဲ၊ မြီရှင်လျှောက်ထားချက်အရ သက်သေများကို စစ်ဆေးခဲ့ခြင်း ဖြစ်သည်။ မြီရှင်လျှောက်ထားသည်မှာလည်း စောလွန်းလှသည်။ လျှောက်ထားသူအား လူမဲ့အဖြစ် ပြဋ္ဌာန်းခြင်းမပြုမီ၊ ၎င်းပိုင်ပစ္စည်းများကို အခြားသူများနှာမည်ဖြင့် လွှဲပြောင်းထားသည်၊ မထားသည်ဆိုသည့် ရှုပ်ထွေးလှသော ပြဿနာများကို ရုံးက စစ်ဆေးဆုံးဖြတ်ခြင်း မပြုသင့်သေးပေ။ သို့ဖြစ်၍၊ အောက်ရုံးက ယခုလျှောက်ထားသူသည်၊ အခန်းဆော်လဝင်စီ အက်ဥပဒေပုဒ်မ ၁၀ အရ၊ လျှောက်ထားပိုင်ခွင့် ရှိ မရှိကို စစ်ဆေးဆုံးဖြတ်ပြီး၍၊ ၎င်းအား လူမဲ့အဖြစ် ပြဋ္ဌာန်းလျှင်၊ မြီရှင်သည် အထက်ဖေါ်ပြပါ ပစ္စည်းများနှင့် စပ်လျဉ်း၍၊ ရုံးသို့ အဆိုပါ အက်ဥပဒေပုဒ်မ ၄ အရ လျှောက်ထားနိုင်မည်ဖြစ်သည်။

ထို့ကြောင့် အယူခံကို ပယ်လိုက်သည်။ အောက်ရုံးသည်၊ အမှုကို ဆက်လက် စစ်ဆေးရန် ညွှန်ကြားလိုက်သည်။

မြီစားသည်၊ ဤရုံးသို့ မလာဆောက်သဖြင့် တရားစရိတ်နှင့် ပတ်သက်၍ အမိန့်ချမှတ်ခြင်း မပြုခေါ့။

တရားရုံးချုပ်

တရားသူကြီးချုပ်ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ရှေ့တွင်

မကျင်မေ (အယူခံတရားလို)

နှင့်

ဦးအုံးဆိုင် ပါ ၂ (အယူခံတရားခံများ)*

† ၁၉၆၂
သြဂုတ်လ
၁၆ ရက်။

တရားမကျင့်ထုံး ပုဒ်မ ၄၇ အာမခံသည် အမှုသည်မဟုတ်။

အမှုသည်တဦးအတွက် အာမခံသူသည်၊ တရားမကျင့်ထုံး ပုဒ်မ ၁၄၅ အရ အရေးယူခံရရာတွင် ထိုကျင့်ထုံးပုဒ်မ ၄၇ အရ၊ အမှုသည်တဦးအဖြစ် သို့ မရောက်ချေ။

ဒေါ်မင်းဘော်နှင့် အေ၊ ဗီ၊ ပီ၊ အယ်လ်၊ အင်၊ ချစ်တီးယား၊ ၁၉၃၅၊ အေ၊အိုင်၊အာရ်၊ ရန်ကုန် ၃၉ ကို ရှင်းပြသည်။

ဆီဗါဆင်းနှင့် ဆီဇီအာရ်၊အမ်၊ချစ်တီးယား၊ ရန်ကုန်စီရင်ထုံးများ အတွဲ ၉၊ စာ ၄၃၄ ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးစံသိန်း လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံ (၁) အတွက်။ ။ဦးဘဆွ လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။။ ။ကျွန်အမှုတွင်၊ အယူခံတရားခံ အမှတ် (၁) ဦးအုံးဆိုင်က၊ အယူခံတရားခံ အမှတ် (၂) မောင်လှရွှေအပေါ်၌၊ ဟင်္သာတမြို့နယ်ပိုင်တရားမရုံး အမှုအမှတ် ၇/၅၅ တွင်၊ ငွေဒီကရီ တရပ်ရရှိခဲ့ရာ၊ ထိုဒီကရီငွေကို ပေးဆပ်ရန်အတွက်၊ မောင်လှရွှေနှင့် ၎င်း၏ဇနီး ယခုအယူခံတရားလို မကျင်မေတို့က ဟင်္သာတမြို့ရှိ အိမ်နှစ်ဆောင်ကို အာမခံအဖြစ် ဈေးသွင်းစာချုပ် ချုပ်ဆိုကြသည်။ ထို့နောက် ဦးအုံးဆိုင်သည် တရားမကျင့်ထုံးပုဒ်မ ၁၄၅ အရ ဇာရီပြုလုပ်ပြီး၊ ထိုအိမ်များကို ရောင်းချရာမှ လေလံပွဲတွင် ဝယ်ယူသည်။

မကျင်မေက ဟင်္သာတခရိုင် တရားမကြီးမှုအမှတ် ၅/၅၉ တွင်၊ ယင်းသို့ ရောင်းချခြင်းသည်၊ မိမိပိုင်ဆိုင်ခွင့်ကို မထိခိုက်ကြောင်း မြွက်ဆိုကျေညာစေရန် တရားစွဲဆိုလေ

---

* ၁၉၆၀ ခုနှစ်၊ တရားမ ပဌမ အယူခံမှုအမှတ် ၃၉။

† ၁၉၅၉ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၅ တွင် ၂၂-၆-၅၀ နေ့စွဲပါ ဟင်္သာတခရိုင် တရားမ တရားသူကြီး ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၆၂

ကျင်မေ
နှင့်
ုံးအုံးဆိုင်
ပါ ၂။

သည်။ ခရိုင်တရားမရုံးက **ဒေါ်မင်းဘော်နှင့် အေ၊ဗီ၊ပီ၊အယ်လ်၊အင်၊ ချစ်တီးယား အမှု** (၁)ကို ကိုးကားပြီး၊ မကျင်မေသည်၊ အမှုံသည်ဖြစ်သည်ဟု ယူဆရမည်ဖြစ်ကြောင်း ဆုံးဖြတ်ပြီး၊ ဤအမှုပါကိစ္စနှင့် ပတ်သက်၍ တရားမထုံး မစဉ်နိုင်ဟု အမှုကို ပလပ်လိုက်သည်။

ယခုပေါ်ပေါက်သည့် ပြဿနာမှာ အာမခံဖြစ်သူ မကျင်မေသည်၊ တရားမကျင့်ထုံးပုဒ်မ ၁၄၅ အရ အရေးယူခံရရာ၌၊ ထိုကျင့်ထုံးပုဒ်မ ၄၇ အရ၊ အမှုသည်တဦးအဖြစ်သို့ ရောက်ရှိသည်၊ မရောက်ရှိသည်ဆိုသည့် အချက်ပင်ဖြစ်သည်။ အမှန်အားဖြင့်ဆိုလျှင်၊ မကျင်မေသည်၊ အမှုသည်တဦးအတွက် အာမခံသာဖြစ်သည်။ အမှုသည်**မဟုတ်ခေ့။** အမှုသည်ထံမှ အကျိုးခံစားခွင့် ရရှိသူလည်း မဟုတ်ခေ့။ အမှုသည်က တာဝန်ရှိသည့် အတိုင်း မဆောင်ရွက်လျှင်၊ ဒီကရီငွေကို ပေးဆပ်ရမည့်တာဝန်သာရှိသည်။ ထိုတာဝန်မှ တပါး အမှုအကြောင်းခြင်းရာနှင့် မည်သို့မျှ ဆက်ဆိုင်ခြင်းမရှိခေ့။ ထို့ပြင်လည်း တရားမကျင့်ထုံး ပုဒ်မ ၁၄၅ တွင် ထိုပုဒ်မအရ အရေးယူခံရသူ အာမခံသည်၊ မိမိအပေါ်၌ အရေးယူသည့်အတွက် အယူခံလိုလျှင်၊ အမှုသည်တဦးကဲ့သို့ပင် အယူခံနိုင်ကြောင်း သာ ဖေါ်ပြထားသည်။ အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍၊ အမှုသည်ကဲ့သို့ ယူဆရမည် ဟူ၍ ပြဋ္ဌာန်းခြင်းမပြုခေ့။

အောက်ရုံးမင်း ကိုးကားသော အမှုဘွင်လည်း၊ အာမခံသည် အမှုသည်တဦးကဲ့သို့ ပင်၊ အယူခံနိုင်ကြောင်းသာ ဖေါ်ပြထားသည်။ ထိုမှတပါးလည်း၊ **ဆီဗါဆင်း နှင့် ဆီဗီအာရ်၊အမ်၊ ချစ်တီးယား** (၂) အမှုတွင် အာမခံသည်၊ တရားမကျင့်ထုံးပုဒ်မ ၁၄၅ အရ၊ အားလုံးသော ကိစ္စများအဘက် အမှုသည်မဟုတ်ကြောင်း အတိအလင်း ဆုံးဖြတ်ထားလေသည်။

ထို့ကြောင့် အောက်ရုံးအမိန့်နှင့် ဒီကရီကို ပယ်ဖျက်ပြီးလျှင်၊ တရားမကျင့်ထုံးအမိန့် ၄၁၊ နည်းဥပဒေ ၂၃ အရ၊ အမှုကို ယှဉ်ကစဉ်ဆိုသည့်အတိုင်း ပြန်လည်စစ်ဆေးရန် ပေးပို့လိုက်သည်။

အယူခံလွှာတွင် ပေးသွင်းသောရုံးခွန်ကို၊ အယူခံသူအား ပြန်လည်ပေးဆပ်ရမည် ဖြစ်သည်။

အယူခံတရားခံ အမှတ် (၁)သည်၊ အယူခံတရားလို၏တရားစရိတ်ကို ပေးဆောင် ရမည်။ ဤရုံးတော်ရှေ့နေခမှာ ၇၅ ဖြစ်စေရမည်။

---

(၁) ၁၉၃၅၊ အေ၊အိုင်၊အာရ်၊ရန်ကုန်၊ ၃၉။

(၂) ရန်ကုန်စီရင်ထုံးများ၊ အတွဲ ၉ စာ ၄၄၄။

တရားရုံးချုပ်

တရားသူကြီး ဦးမောင်မောင်ရွှေတွင်

ခမောင်ထွန်းစိန် (အယူခံတရားလို)

နှင့်

နိုင်ငံတော်အစိုးရ (အယူခံတရားခံ)*

†၁၉၆၂
ဩဂုတ်လ ၂၇
ရက်။

ရာဇသတ်ကြီးပုဒ်မ ၇၄ စိတ်ပေါ့သွပ်နေကြောင်း ထင်ရှားစွာပြရန် တာဝန်၊ သက်သာခွင့်ပေးနိုင်ခြင်း ရာဇဝတ်မှုကျူးလွန်ပါသည်ဟု ထင်ရှားစွာပြရန်တာဝန်တက် ပေါ့လျော့၍ လက်ခံနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုကျူးလွန်စဉ်က မိမိသည် စိတ်ပေါ့သွပ်၍နေကြောင်း ထင်ရှားစွာ ပြသနိုင်ရန်မှာ အဓိကအားဖြင့် တရားခံ၏တာဝန်ဖြစ်သည်။

ဘုရင်မင်းမြတ်နှင့် မောင်ပို ၁၉၄၆ ခု၊ ရန်ကုန် စီရင်ထုံး၊ စာ ၁၈၆။

ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ဦးလှခိုင်၊ ၁၉၅၈ ခု၊ တရားလွှတ်တော်၊ စာ ၁၄၃ ကို ရည်ညွှန်းသည်။

သို့ရာတွင် အမှု၏ အဖြစ်အပျက် အကြောင်းအရာတို့က ၎င်းသည် ထိုကဲ့သို့ စိတ်ပေါ့သွပ်နေကြောင်း ထင်ရှားစေလျှင် တရားခံကိုယ်တိုင်က အမှုစစ်ဆေးစဉ်အခါက ထုချေခြင်းမပြုခဲ့စေကာမူ၊ သို့မဟုတ် ထုချေသော်လည်း မိမိ၏သက်သေများအားဖြင့် မိမိစိတ် ပေါ့သွပ် နေခဲ့ကြောင်းကို ထင်ရှားပြသနိုင်ခြင်း မရှိခဲ့စေကာမူ စစ်ဆေးသော တရားသူကြီးက အခြားသက်သေ အထောက်အထားများကို ကိုးကား၍ တရားခံအား ရာဇသတ်ကြီးပုဒ်မ ၈၄ ၏ သက်သာခွင့်ကို ပေးနိုင်သည်။

တရားခံတဦးသည် မိမိ၏သဘန်အားဖြင့် ရာဇဝတ်မှုမြောက်သော ပြုလုပ်မှုသည်၊ ထိုစဉ်အခါက မိမိစိတ်ပေါ့သွပ်နေခဲ့၍ ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်ဟု ပြသနိုင်ရန်မှာ မလွယ်ကူလှချေ။ အမှု၏ အဖြစ်အပျက် ပတ်ဝန်းကျင်အခြေအနေတို့ကို အားကိုး၍သာလျှင် ၎င်း၏စိတ်ပေါ့သွပ်ခဲ့ခြင်းကို သက်သေထူနိုင်မည်ဖြစ်ပေသည်။ အမှုအဖြစ်အပျက် ပတ်ဝန်းကျင်အခြေအနေတို့မှ ၎င်းစိတ်ပေါ့သွပ်နေခဲ့သည်ကို တွေ့မြင်လောက်အောင် ပေါ်လွင် ထင်ရှားလာလျှင်လည်း တရားခံကသော်၎င်း၊ တရားခံ၏ ရှေ့နေကသော်၎င်း စိတ်ပေါ့သွပ်ခြင်းကို အကာအကွယ်မယူစေကာမူ၊ ရာဇသတ်ကြီးပုဒ်မ ၈၄ ၏ အကျိုးကို တရားခံအား ပေးသင့်သည်။ တရားခံအား စိတ်ပေါ့သွပ်၍ နေခဲ့လေမလား ဟူသော သံသယဒဏ်ပြာ၏အကျိုးကို ပေးရမည်ဟူ၍ မဆိုလို၊ တရားခံကိုယ်တိုင်ကသော်၎င်း၊ အမှုအဖြစ်အပျက် အခြေအနေ အားလုံးကသော်၎င်း၊ ၎င်းစိတ်ပေါ့သွပ်နေခဲ့ကြောင်းကို ပေါ်လွင်ထင်ရှားစေရမည်

---

* ၁၉၆၁ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၃၀၀။

† ၁၉၆၀ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၎၁ တွင် ၁၉၆၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့စွဲပါ မြောင်းမြမြို့ အထူး (စက်ရှင်) တရားသူကြီး၏အမိန့်ကို အယူခံမှု။

၁၉၆၂
မောင်ထွန်းစိန်
နှင့်
နိုင်ငံတော်
အပိုးရ။

ဖြစ်သည်။ သို့ရာတွင် ထိုသို့ ထင်ရှားစွာပေါ်လွင်ခြင်းရှိန် တာဝန်၏ အလေးချိန်သည်၊ တရားလိုက တရားခံသည် ရာဇဝတ်မှုကျူးလွန်ပါသည်ဟု ထင်ရှားစွာ သက်သေထူရမည့် တာဝန်ထက် အနည်းငယ် ပေါ့လျော့၍ လက်ခံနိုင်ခြင်းပင်ဖြစ်သည်။

Etwa Oraon v. State, A.I.R. 1961 Pat. 355 ကို ရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။မည်သူမျှမလာ။

အယူခံတရားခံအတွက်။ ။အပိုးရလွှတ်တော်ရှေ့နေ ဦးတိုးမောင်။

တရားသူကြီး ဦးမောင်မောင်။ ။အယူခံတရားလိုအား၊ လူနှစ်ဦးကို ခုတ်သတ်မှုနှင့် တဦးကို ပြင်းထန်စွာ ဒါဏ်ရာရစေသော ဒါးခုတ်မှုတို့ဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂) အရငင်း၊ ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရငင်း ပြစ်မှုထင်ရှားသည်ဟု မြောင်းမြမြို့ ပညာရှိစက်ရှင် (အထူး) တရားသူကြီးက တွေ့ရှိခဲ့လေသည်။

အမှုမျှားနှင့်ပတ်သက်၍ အယူခံတရားလိုက ဒါးနှင့်ခုတ်သော အကြောင်းအချက် အချင်းအရာမျှားဘင် သံသယကင်းစင်ပေသည်။ အယူခံတရားလို မောင်ထွန်းစိန်သည်၊ ၎င်း၏ဇနီး မလုံးစိန် တရားလိုပြ(၁)နှင့်အတူ၊ မလုံးစိန်၏ ဦးလေးတော်သူ ဦးဖူးညို၏ အိမ်တွင် ခေတ္တ သွားရောက်တည်းခိုနေခိုက်၊ ထမင်းစားပြီးစ တမနက်ခင်းတွင် မလုံးစိန်၏ဘခင် ဖြစ်သူ ဦးစံရုံကို၊ အကြောင်းမဲ့သက်သက်ထ၍ ဒါးနှင့် ဦးခေါင်းနှင့် လက်တို့ကို ခုတ်လေသည်။ ထိုကဲ့သို့ခုတ်သဖြင့် ဦးဖူးညိုက ထ၍ဆဲရာ၊ ဦးဖူးညိုကိုပါ မောင်ထွန်းစိန်က ခုတ်ပြန်သည်။ ထိုကဲ့သို့ပင် ဆက်လက်၍ နီးရာလူကိုခုတ်ရာ မလုံးစိန်၏ အရီးဒေါ်ဆွယ်ကိုပါ ဒါးဖြင့်ခုတ်ပြန်လေသည်။ ဦးဖူးညိုနှင့် ဒေါ်ဆွယ်တို့သည်၊ ဒါးဒဏ်ရာ များဖြင့် စကားမေးမရတော့ဘဲ အသက်ကုန်ကြ၍၊ ဦးစံရုံမှာ ဆေးရုံတွင် တလခန့် ကုသခဲ့ရပြီး၊ တရားလိုပြသက်သေ အမှတ် (၈)အဖြစ် အမှုစစ်ဆေးရာတွင် သက်သေ ခံနိုင်ခဲ့လေသည်။ မောင်ထွန်းစိန်သည်၊ ထိုကဲ့သို့ ဆေမျိုးတော်သူ လူသုံးဦးတို့ကို အခကြောင်းကျိုးမဲ့ သက်သက် ဒါးဖြင့် ခုတ်ရမ်းခဲ့ပြီးနောက်၊ ရွာတာဘက်ကမ်းသို့ ထွက်ပြေးကာ ရဲဌာနအုပ် ဦးမွန်ထော် တရားလိုပြသက်သေ (၉)တို့ လိုက်အလာတွင် ဒါးကိုချ၍ အဘမ်းခံခဲ့လေသည်။

အမှုစစ်ဆေးစဉ်အတွင်း ပညာရှိ အထူးတရားသူကြီးသည်၊ တရားခံသည် ရူးသည် မရူးသည်ဟူသော ပြဿနာကို ဆုံးဖြတ်နိုင်စေရန်အတွက် မြောင်းမြခရိုင် ဆရာဝန်ကြီး တရားလိုပြသက်သေ (၃)ထံပို့၍ စစ်ဆေးစေခဲ့လေသည်။ ဆရာဝန်ကြီးက တရားခံသည် ရူးသွပ်၍မနေကြောင်းကို အစီရင်ခံသဖြင့်၊ အမှုဆက်လက် စစ်ဆေးခဲ့လေသည်။

၁၉၆၂
မောင်ထွန်းစိန်
နှင့်
နိုင်ငံတော်
အစိုးရ။

ဤအယူခံတွင် ဆုံးဖြတ်ရန်ပြဿနာမှာ အယူခံတရားလို မောင်ထွန်းစိန်သည် ဦးဖူးညိုနှင့် ဒေါ်ဆွယ်တို့အား ဒါးဖြင့်ခုတ်သတ်သော အချိန် ဦးစံရုံအား ဒါးဖြင့်ခုတ်၍ ဒဏ်ရာ အပြင်းအထန် ရစေခဲ့သောအချိန်တွင် မိမိ၏စိတ်ကို မိမိမပိုင်နိုင်၊ မိမိ၏ပြုမူ ချက်ဘို့၏သဘော၊ ပြုမူချက်တို့သည်၊ ရာဇဝတ် မှုကျူးလွန်ခြင်းများဖြစ်သည်ကိုမသိ၊ ရူးသွပ်သည်ကဲ့သို့ဖြစ်၍ ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သလော ဟူသော ပြဿနာသာ ဖြစ်ပေသည်။ တနည်းအားဖြင့်ဆိုလျှင်၊ ရာဇသတ်ကြီးပုဒ်မ ၀၄ အရ၊ ကင်းလွတ်ခြင်းကို ခံစား၍၊ မိမိ၏ပြုမူခဲ့ခြင်းတို့အတွက်၊ ပြစ်ဒဏ်သင့်ခြင်းမှ ကင်းလွတ်ခွင့် ရသင့်သလော ဟူ သည့် ပြဿနာဖြစ်ပေသည်။

ဤပြဿနာကို ပညာရှိ အထူးတရားသူကြီးကလည်း ကောင်းစွာ သတိမူ၍ စဉ်းစား ခဲ့ပေသည်။ သို့ရာတွင် **ဘုရင်မင်းမြတ်**နှင့် **မောင်ပို** (၁)နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံ** နှင့် **ဦးလှခိုင်** (၂)တို့ကို ကိုးကား၍၊ အခင်းဖြစ်စဉ်က၊ မိမိသည် ရူးသွပ်နေပါသည်။ မိမိပြုလုပ်နေသော ပြုမူချက်တို့၏သဘောကို မိမိမသိခဲ့ပါဟူ၍ ထုချေလျှောက်လဲရန်၊ ထင်ရှားစွာ သက်သေပြရန်မှာ တရားခံ၏ တာဝန်ပင်ဖြစ်သည်။ ၎င်းတာဝန်ကို ကျေ ပြန်စွာ မထမ်းရွက်နိုင်ခဲ့၍၊ တရားခံသည်၊ ရာဇသတ်ကြီးပုဒ်မ ၀၄ ၏ အကျိုးကို ခံစား နိုင်ခွင့်မရှိ၊ မိမိကျူးလွန်ခဲ့သော ပြစ်မှုတို့အတွက် ပြစ်ဒဏ်ကို ခံစားရမည်ဟူ၍ ဆုံးဖြတ်ခဲ့ ပေသည်။

ရာဇသတ်ကြီးပုဒ်မ ၀၄ တွင်၊ အောက်ပါကဲ့သို့ဆိုသည်—

> "စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုစဉ်အခါက မိမိ၏ပြုလုပ်မှုသည်၊ မည်သို့သောဟာ ရှိသည်ကိုသော်၎င်း၊ မတော်မမှန်သည်ကိုသော်၎င်း၊ ဥပဒေနှင့် ဆန့်ကျင်သည် ကိုသော်၎င်း မသိနိုင်သော သူ၏ပြုလုပ်မှုသည် ပြစ်မှုမမြောက်"

ထိုပြဋ္ဌာန်းချက်အရ၊ မိမိပြုလုပ်မှုသည် စိတ်ပေါ့သွပ်ခြင်းကြောင့် ပြစ်မှုမမြောက်နိုင် ကြောင်းကို ထင်ရှားစွာ သက်သေထူရန်တာဝန်သည်၊ တရားခံအပေါ်၌ ကျရောက် ကြောင်းကို ဥပဒေစီရင်ထုံးမျာ်းကပင် ထပ်မံ ထင်ရှားစေခဲ့ပြီးဖြစ်သည်။ ရာဇသတ်ကြီး ပုဒ်မ ၀၄ တွင် အကျုံးဝင်သောမှုသည်၊အင်္ဂလိပ် ရာဇဝတ်ဥပဒေတွင် စိတ်ပေါ့သွပ်သူ၏ ပြုမူချက်တို့သည် ပြစ်မှု မြောက် မမြောက် ဟူသော ကိစ္စရပ်ကို ဆွေးနွေးဆုံးဖြတ်ခဲ့ သော **Mc Naughton's Case** (၃)နှင့် မြန်မာနိုင်ငံစီရင်ထုံး အဆက်ဆက်တွင် လည်း ဖေါ်ပြအတည်ပြုပြီးဖြစ်သော မူတရပ်ဖြစ်ပေသည်။

---

(၁) ၁၉၄၆ ခု၊ ရန်ကုန်စီရင်ထုံး၊ စာမျက်နှာ ၁၀၆။

(၂) ၁၉၅၀ ခု၊ တရားလွှတ်တော်၊ စာမျက်နှာ ၁၄၃။

(၃) ၁၀၄၃ ခုနှစ်၊ နိုင်ငံတော်စီရင်မှုများ အမှတ် ၄၊ စာမျက်နှာ ၀၄၇။ (1843) 4 State Trials 847.

၁၉၆၂

မောင်ထွန်းစိန်
နှင့်
နိုင်ငံတော်
အစိုးရ။

ဤအမှုတွင်၊ ၎ငး်ရာဇသတ်ကြီးပုဒ်မ ၁၄ တွင် အကျုံးဝင်သောမူကို၊ မှန်သည် မမှန်သည် စောဒကတက်ရန်မဟုတ်ဘဲ၊ ၎ငး်မူနှင့် ဤအမှု အဖြစ်အပျက်တို့ကို မည်သို့ စပ်ဟပ်၍ ယူရမည်ကို လက်တွေ့အားဖြင့် ရှာဖွေဆန်းစစ်ရန်ဖြစ်ပေသည်။ ပြစ်မှု ကျူးလွန်စဉ်က မိမိသည် စိတ်ပေါ့သွပ်၍နေကြောင်း ထင်ရှားစွာ ပြသနိုင်ရန်မှာ အဓိကအားဖြင့် တရားခံ၏ တာဝန်ဖြစ်သည်။ သို့ရာတွင် အမှု၏ အဖြစ်အပျက် အကြောင်းအရာတို့က ၎ငး်သည် ထိုကဲ့သို့ စိတ်ပေါ့သွပ်နေကြောင်း ထင်ရှားစေလျှင် တရားခံကိုယ်တိုင်က အမှုစစ်ဆေးစဉ်အခါက ထုချေခြင်းမပြုခဲ့စေကာမူ၊ သို့မဟုတ် ထုချေသော်လည်း မိမိ၏ သက်သေများအားဖြင့်သာ၊ မိမိစိတ်ပေါ့သွပ်နေခဲ့ကြောင်းကို ထင်ရှားပြသနိုင်ခဲ့ခြင်း မရှိခဲ့စေကာမူ၊ စစ်ဆေးသော တရားသူကြီးက အခြားသက်သေ အထောက်အထား များကို ကိုးကား၍ တရားခံအား၊ ရာဇသတ်ကြီးပုဒ်မ ၁၄ ၏ သက်သာခွင့်ကို ပေးနိုင်သည်ဟု ယူဆသည်။ လက်တွေ့အားဖြင့်ဆိုလျှင် တရားခံတဦးသည် မိမိ၏ သာမန်အား ဖြင့် ရာဇဝတ်မှုမြောက်သောပြုလုပ်မှုသည်ထိုစဉ်အခါက မိမိစိတ်ပေါ့သွပ်နေခဲ့၍ ပြုလုပ် ခဲ့ခြင်းဖြစ်ပါသည်ဟု ပြသနိုင်ရန်မှာ မလွယ်ကူလှချေ။ အမှု၏ အဖြစ်အပျက် ပတ်ဝန်း ကျင် အခြေအနေတို့ကို အားကိုး၍သာလျှင်၊ ၎ငး်၏စိတ်ပေါ့သွပ်ခဲ့ခြင်းကို သက်သေ ထူနိုင်မည်ဖြစ်ပေသည်။ အမှုအဖြစ်အပျက် ပတ်ဝန်းကျင်အခြေအနေတို့မှ ၎ငး် စိတ် ပေါ့သွပ်နေခဲ့သည်ကို တွေ့မြင်လောက်အောင် ပေါ်လွင်ထင်ရှားလာလျှင်လည်း တရားခံ ကသော်၎ငး်၊ တရားခံ၏ရှေ့နေကသော်၎ငး် စိတ်ပေါ့သွပ်ခြင်းကို အကာအကွယ်မယူစေ ကာမူ၊ ရာဇသတ်ကြီးပုဒ်မ ၁၄ ၏အကျိုးကို၊ တရားခံအား ပေးသင့်သည်ဟုယူဆသည်။

အယူခံကိုကြားနာရာတွင် ပညာရှိ အစိုးရလွှတ်တော် ရှေ့နေကြီးကလည်း၊ ဤအမှုတွင် တရားလိုပြသက်သေများကပင် တရားခံသည် မိမိ၏ မိဘဆွေမျိုးတော်စပ် သော လူကြီးသူကြီးများကို အကြောင်းမဲ့ သက်သက်ထ၍ ဒါးနှင့်ခုတ်သည့်အချိန်က စိတ်ပေါ့သွပ်နေခဲ့သည်၊ သို့မဟုတ် စိတ်ပေါ့သွပ်ခြင်းမရှိခဲ့သည်ကို အထူးထပ်မံစဉ်းစား ဘို့ သင့်ကြောင်းဖြင့် ပွင့်လင်းစွာ လျှောက်ထားသည်။ အကယ်၍ အယူခံတရားလိုသည် ဒါးခုတ်မှု ကျူးလွန်စဉ်ကငင်း၊ ယခု တသက်တကျွန်း အပြစ်ဒဏ်ကျခံနေရစဉ်ငင်း၊ စိတ်ပေါ့သွပ်နေလျှင်၊ ၎ငး်အား အကျဉ်းချထားခြင်းအားဖြင့် ပြည်သူများအတွက် ဖြစ်စေ၊ ၎ငး်ကိုယ်တိုင်အတွက်ဖြစ်စေ မည်သို့မျှ အကျိုးထူးမည် မဟုတ်ကြောင်းတို့ကို လည်း လျှောက်ထားလေသည်။ ဥပဒေစီရင်ထုံးများနှင့် အမှု၏ အဖြစ်အပျက်တို့ကို နှိုင်းယှဉ်၍ လေ့လာရာတွင် အောက်ပါတို့ကို တွေ့ရသည်။

တရားလိုပြသက်သေ အမှတ် (၁) မလုံးစိန်သည် အယူခံတရားလို၏ ဇနီးဖြစ်သည်။ ၎ငး်က ရိုးသားစွာဖြင့် မိမိမြင်တွေ့သမျှတို့ကို သက်သေခံခဲ့လေသည်။ ကျွန်မယောကျ်ား က စိတ်နောက်နေ၍၊ ကျွန်မအဖေ ဦးစံရွှံကို ခုတ်ပါသည် စသည်ဖြင့် ထွက်ဆို၍ ကျွန်မ

အဖေနှင့် တရားခံတို့သည် ရန်စတစုံတရာမင့်ပါ။ တရားခံစိတ်နောက်လို့ ဆေးကုရန် ဦးဖူးညိုအိမ်သို့ ကျွန်မတို့အားလုံး သွားကြပါသည်။ ဦးဖူးညိုနှင့် တရားခံသည် ရန်စ မရှိပါ၊ အချင်းမပြစ်မီ ၁၄-၅ ရက်လောက်ကစ၍ တရားခံ စိတ်နောက်ပါသည် ဟူ၍ လည်း ထွက်ဆိုခဲ့သည်။ ဦးဖူးညို၏သားဖြစ်သူ ကိုချစ်မောင် တရားလိုပြသက်သေ အမှတ် (၅) ကလည်း ထွန်းစိန်သည် ဦးဖူးညိုတို့ကို မိဘလို ရှိသေပါသည်။ ထိုအခါက ထွန်းစိန် စိတ်နောက် မနောက် ကျွန်တော်မသိပါ၊ ကျွန်တော့်အဖေက ဆရာခေါ်ပြီး ထွန်းစိန်ကို ကုရသည် ဟူ၍ထွက်ဆိုပေသည်။ တရားလိုပြသက်သေ အမှတ် (၆) ဦးပုကြီးကလည်း ကိုဖူးညိုက တရားခံကို သားလိုချစ်ပါသည်၊ တရားခံကလည်း ကိုဖူးညိုကို အဖေလိုချစ်ပါသည်။ တူအရီးလည်း တော်ပါသည်။ တရားခံစိတ်မကောင်း ဘူးဆိုလို့ ဦးစံရုံက သတင်းလာမေးခြင်းဖြစ်ပါသည်။ ဦးစံရုံ၊ ဦးဖူးညိုနှင့် တရားခံတို့ စာခါမျှ ရန်မဖြစ်ဘူးပါ ဟူ၍ အစစ်ခံခဲ့သည်။ မောင်ထွန်းစိန်က ဦးဖူးညို၊ ဦးစံရုံနှင့် ဒေါ်ဆွယ်တို့ကို ဒါးနှင့်ခုတ်စဉ်က မြင်တွေ့ခဲ့ရသော မစန်း တရားလိုပြသက်သေ အမှတ် (၇)ကလည်း၊ ခုတ်တာတွေ့တွေ့တော့ ကျွန်မအိမ်ပေါ်မှ ဆင်းပြေးပါသည်။ ကွင်း တရားသက်ခန့်ကြာမှ ကျွန်မ အိမ်ပြန်လာပါသည်။ ကိုထွန်းစိန် စိတ်နောက်၍ ဘယ် ထွက်သွားသည်ကို မသိပါ၊ ဟု ထွက်ဆိုအစစ်ခံသည်။ ထိုကဲ့သို့ သေသူများနှင့် ဆွေမျိုး တော်စပ်ကြသူများ ရင်းနှီးသော မိတ်ဆွေများက တရားခံအပေါ်တွင် ထွက်ဆိုထား ချက်များကို လေးနက်စွာ စဉ်းစား ဆင်ခြင်ရမည် ဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးလှခိုင် (၂) တွင် သာမန်အားဖြင့် ရည်ရွယ် ချက် အကျိုးအကြောင်းမရှိဘဲ၊ ပြုမူမှုတိုင်းတွင် ကျူးလွန်သူ စိတ်ပေါ့သွပ်၍ ပြုလုပ်မှု ဟူ၍ မယူဆနိုင်၊ အကယ်ပင် စိတ်ပေါ့သွပ်နေ၍ ပြုလုပ်ကျူးလွန်ခဲ့မိကြောင်းကို ထင်ရှားစေရုံးမည်ဟု စီရင်ထုံးပြုထားသည်တို့ကို လေးစားစွာ လက်ခံရမည်။ သို့ရာတွင် ရည်ရွယ်ချက် အကျိုးအကြောင်းလုံးဝမရှိသည်ကိုထပ်လောင်း၍အခြားသော အဖြစ်အပျက်တို့ကလည်း၊ ကျူးလွန်သူ စိတ်ပေါ့သွပ်နေခဲ့ကြောင်းကို အထောက် အထားပြုကြလျှင် ရည်ရွယ်ချက် အကျိုးအကြောင်းမဲ့ခြင်းသည်လည်း၊ ထိုကဲ့သို့ အထောက်အထား တခုဖြစ်ပြန်သည်ကို သတိချပ်ရပေမည်။ ပြည်ထောင်စု မြန်မာ နိုင်ငံတော် နှင့် ဦးလှခိုင် (၂)၏ အမှု အဖြစ်အပျက်တို့တွင် တရားခံသည် ရည်ရွယ်ချက် အကျိုးအကြောင်းမဲ့ သက်သက်မဟုတ်ဘဲ၊ ဒါးကို ဆဲကိုင်၍ သေသူ၏အိမ်သို့လာခဲ့ ကြောင်း၊ အိမ်ပေါ် သို့တက်၍ သေသူအား ဒါးနှင့်ခုတ်ရန် ကြိုတင်ပြင်ဆင်ချက်များကို တွေ့ရှိရကြောင်းဖြင့် တရားလွှတ်တော် ဝန်ကြီးများက အယူခံကြားနာရာတွင် မှတ်ချက် ချမှတ်ထားသည်ကို တွေ့ရသည်။ ဤအမှုတွင်ကား ထိုကဲ့သို့ ကြိုတင်ပြင်ဆင်ခြင်း၊

1962

မောင်ထွန်းစိန် နှင့် နိုင်ငံတော် အစိုးရ။

(၂) ၁၉၅၈ ခု၊ တရားလွှတ်တော် စာမျက်နှာ ၁၄၃။

၁၉၆၂
ဒေါင်ထွန်းစိန်
နှင့်
နိုင်ဇံတော်
အစိုးရ။

ကြဲရွယ်ခြင်းတို့ကို မတွေ့ရ။ အတူတည်းခိုနေသည့်အဆင့်တွင် အယူခံတရားလိုက ငြိုးကန့်ထ၍ မိမိ၏ဇနီးဘက်မှ ဘခင်-ဦးကြီးနှင့် အရီးတော်သူတို့ကို ခုတ်ကြောင်းမှာ ဖေါ်ပြသော စီရင်ထုံးပါ အမှုအဖြစ်အပျက်များနှင့် ကွဲလွဲသောအချက်တို့ဖြစ်သည်။ ကိုယ်တိုင် အခုတ်ခံခဲ့ရသူ ဦးစံရဲ့ တရားလိုပြသက်သေ (၈)က ကိုချစ်မောင် တရားလိုပြသက်သေ (၅)အား၊ ငါဟာငါထိုင်နေတာ ထွန်းစိန်ကထပြီး ဒါးနှင့်ခုတ်သည်ဟု ပြောခဲ့ကြောင်း တွေ့ရှိရသည်။

ပညာရှိ အထူးတရားသူကြီးသည်၊ တရားခံအား ခရိုင်ဆရာဝန်ကြီး ဒေါက်တာစံဘုတ် တရားလိုပြသက်သေအမှတ် (၃)ထံသို့ပို့၍၊ စိတ်ပေါ့သွပ်နေ မနေ စစ်ဆေးခဲ့သည်မှာ အထူးလျော်ကန်သော ကိစ္စရပ်ဖြစ်ခဲ့သည်။ ဆရာဝန်ကြီးက တရားခံအား ထုံးစံအတိုင်း အမေးအဖြေပြုလုပ်၍ လေ့လာပြီးနောက်၊ တရားခံသည် မေးသော မေးခွန်းများကို ဖြောင့်မတ်စွာ ဖြေဆိုနိုင်ပါသည်။ ထို့ကြောင့် ၎င်းအား စစ်ဆေးသောအချိန်၌ တရားခံသည် စိတ်ပေါ့သွပ်၍ မနေပါ။ သို့ရာတွင် ဤ ကဲ့သို့ စစ်ဆေးရာတွင် လပေါင်းများစွာ၊ သို့မဟုတ် နှစ်ပေါင်းများစွာ သေချာစွာ လေ့လာမှသာ အစစ်ခံရသူသည် စိတ်ပေါ့သွပ်သည်၊ သို့တည်းမဟုတ် ကောင်းမွန်သည်ကို တတ်အပ်ပြောနိုင်ပါသည်ဟု အစီရင်ခံခဲ့သည်။ ဆရာဝန်ကြီးသည် စိတ္တဇရောဂါတွင် အထူးလေ့လာကျင့်သုံးခဲ့သော ဆရာဝန် ဟုတ်ဟန်မတူ၊ မြန်မာနိုင်ငံတွင် စိတ္တဇရောဂါကို သေခြာစွာကုသနိုင်ရန် လေ့လာထားကြသော ဆရာဝန်များသည် တနေ့တခြား အရည်အတွက်အားဖြင့် များပြားလာသော်လည်း၊ တတိုင်းပြည်လုံးအနေဖြင့် လိုအပ်သည့် အရေအတွက်ကိုကား မရောက်မှိသေးပေ။ စိတ္တဇရောဂါသည်များအား ကုသပေးရန် ဆေးရုံများလည်း တိုင်းပြည်တွင် လိုသလောက်မရှိကြပေ။ အထူးသဖြင့် ဤအမှုမှာကဲ့သို့ တောရွာများတွင် ရိုးသားကာ သိနားလည်ခြင်းနည်းကြသော ရွာသူရွာသားများက စိတ်၏ကျန်းမာခြင်း ချို့တဲ့မှု၊ ခန္ဓာကိုယ်၏ ကျန်းမာခြင်း ချို့ယွင်းမှုတို့ကို မိရိုးဖလာနတ်၊ သခြင်း မပြုခဲ့၍ဖြစ်ရသည်၊ သို့တည်းမဟုတ် အယူခံတရားလိုက ၎င်း၏အယူခံလွှာတွင် ဖေါ်ပြသကဲ့သို့ နတ်တင်ရန် ကြက်ဝက်အရေအတွက်များကို ကျွန်တော် မတင်ဘဲ စားသောက်မိ၍ စိတ်လက်မကြည်မသာဘဲ၊ လူတွေ့ရင် ရှက်ခိုးခြင်း၊ ငိုယိုခြင်း၊ ရိုက်ချင်ခြင်းများ ဖြစ်ပါသည်ဟူ၍ ထင်မြင်ယူဆကြပြန်သည်။

ရာဇဝတ်ဥပဒေထိန်းသိမ်းရေး၊ ရာဇဝတ်မှုကျူးလွန်သူတို့ကို ပြစ်ဒဏ်ပေးရေးတို့နှင့်ပတ်သက်၍၊ မူအမျိုးမျိုးကဲ့လျက်ရှိသည်။ အဓိကအားဖြင့် ရာဇဝတ်ပြစ်မှုကျူးလွန်သူတို့ကို ထောင်ဒဏ်ပေးခြင်းစသည်တို့ကို ပြု၍၊ အမျှားပြည်သူတို့ကို ကာကွယ်ခြင်းမှာ ကမ္ဘာအရပ်ရပ်က လက်ခံသော မူတရပ်ဖြစ်သည်။ သို့ရာတွင် ပြစ်မှုကျူးလွန်သူမှားအား၊ တနေ့တွင် အမျှားပြည်သူ၏ အသိုက်အဆုံတွင်းသို့ ပြန်လည် ဝင်ရောက်ပြီးလျှင်

တာဝန်သိသော၊ တိုင်းပြည်ကို အကျိုးပြုသော ပြည်သားများ ဖြစ်စေရန် ပြုပြင်ပေးခြင်း၊ ကုသပေးခြင်းသည်လည်း၊ ရာဇဝတ်ဥပဒေ ထိန်းသိမ်းရေး၏ အရေးကြီးသော ရည်ရွယ်ချက် တရပ်ဖြစ်သင့်သည်။ အချို့တိုင်းပြည်များတွင် ဤရည်ရွယ်ချက်ကို လွန်ကဲစွာ လိုက်နာ၍ အကျဉ်းထောင်များကို စာရိတ္တပြုပြင်ရေးကျောင်းများသဘွယ်၊ စိတ်ဓါတ်ပြုပြင်ကုသရေး ဆေးရုံသဘွယ် ပြုပြင်ဖန်တည်းကြသည်။ ကျွန်ုပ်တို့ တိုင်းပြည်၌မူကား၊ ထိုကဲ့သို့ လွန်ကဲစွာ ဆောင်ရွက်နိုင်ရန်၊ အင်အား အခြေအနေ မရှိသေးသော်လည်း၊ ရာဇဝတ်ပြစ်မှုကျူးလွန်သူများအား ထောင်ဒဏ် ခပ်ထား လျှင်ပြီးသည်ဟူသော ယူဆချက်နှင့် တင်းတိမ်ခြင်းမရှိဘဲ၊ ပြုပြင်ကုသပေးနိုင်သော သူများအား ပြုပြင်ကုသပေးရန် တရားရုံးများနှင့် နိုင်ငံကို ထိန်းသိမ်း ခေါင်းဆောင်သော အစိုးရတို့က အင်အားနှင့် ချိန်ဆ၍ နိုင်သမျှ တာဝန်ကို ယူရပေမည်။

၁၉၆၂
မောင်ထွန်းစိန်
နှင့်
နိုင်ငံတော်
အစိုးရ။

ပညာရှိ အစိုးရရှေ့နေကြီးက ဤအမှုနှင့် ဆီလျော်သော **Etwa Oraon** ဗ. **State** (၄) စီရင်ထုံးကို ညွှန်ပြခဲ့သည်။ ၎င်းစီရင်ထုံးတွင် ရာဇသတ်ကြီး ပုဒ်မ ၈၄ နှင့် ပတ်သက်သောစီရင်ထုံးအမျိုးမျိုးကိုလေ့လာစစ်ဆေး၍၊ ၎င်းပုဒ်မအရ တရားခံက၊ မိမိစိတ်ပေါ့သွပ်နေခဲ့ကြောင်း ထင်ရှားစေရန် တာဝန်မှာ၊ ရာဇဝတ်မှုတခုခုတွင် တရားခံသည်ပြစ်မှုကိုကျူးလွန်ကြောင်းထင်ရှားစွာ ပြသရန် တရားလို အပေါ် သို့ ကျရောက်သောတာဝန်လောက် မကြီးလေးသင့်ကြောင်း။ အကယ်၍ အမှု အဖြစ်အပျက်အကြောင်းအရာများနှင့်တရားခံ၏ နောက်ကြောင်းရာဇဝင်၊ အမှုမဖြစ်မီပြုမူနေထိုင်ခြင်း၊ အမှုဖြစ်ပြီးနောက် ပြုမူနေထိုင်ခြင်း စသော ဆီလျော် ဆက်စပ်သည့် အကြောင်း အအချက် အရပ်ရပ်တို့ကို လေ့လာပြီးနောက်၊ တရားရုံးက တရားခံသည် စိတ်ပေါ့သွပ်၍ ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်းကို ထင်မြင်ယုံကြည်နိုင်လျှင် ပုဒ် ၈၄ ၏အကျိုးကို တရားခံအားပေးနိုင်သည်ဟူ၍ စီရင်ဆုံးဖြတ်ထားသည်ကို တွေ့ရသည်။ ဤကဲ့သို့စီရင်ဆုံးဖြတ်ခြင်းအားဖြင့်၊ တရားခံအား စိတ်ပေါ့သွပ်၍ နေခဲ့လေမလားဟူသော သံသယဒဋ္ဌိဟ ၏ အကျိုးကိုပေးရမည်ဟူ မဆိုလို၊ တရားခံကိုယ်တိုင်ကသော်၎င်း၊ အမှုအဖြစ်အပျက်အခြေအနေ အားလုံးကသော်၎င်း ၎င်းစိတ်ပေါ့သွပ် နေခဲ့ကြောင်းကို ပေါ်လွင်ထင်ရှားစေရမည်ဖြစ်သည်။ သို့ရာတွင် ထိုသို့ ထင်ရှားစွာ ပေါ်လွင်စေရန် တာဝန်၏ အလေးချိန်သည်၊ တရားလိုက တရားခံသည် ရာဇဝတ်မှု ကျူးလွန်ပါသည် ဟူ၍ ထင်ရှားစွာ သက်သေထူရမည့် တာဝန်ထက်အနည်းငယ် ပေါ့လျော့၍ လက်ခံနိုင်ခြင်း ပင်ဖြစ်သည်။

ဤအမှုမျိုးတွင် စဉ်းစားဆင်ခြင်ရန် အချက်အလက်များနှင့် အကယ်၍ တရားခံသို့မဟုတ်တရားလိုသည် ရာဇသတ်ကြီးပုဒ်မ ၈၄ ၏ ခွင့်လွှတ်ချက်ကို ခံစားထိုက်သည့်

(၄) A.I.R. (1961) Patna, 355.

၁၉၆၂

မောင်ထွန်းဦးနှင့် နိုင်ငံတော် အစိုးရ။

ဟုယူဆခဲ့လျှင်၊ ၎င်းနှင့် ပတ်သက်၍ စီမံ ဆောင်ရွက်ရန် လုပ်ရိုးလုပ်စဉ်များကို ဘုရင်မင်းမြတ်နှင့် ကုလားညို (၅) တွင်လည်း တွေ့ရှိနိုင်ပေသည်။

ဥပဒေပြဋ္ဌာန်းချက်များ၊ စီရင်ထုံးများနှင့် ဤအမှုအဖြစ်ပျက်သော အချက်အလက်များကို နှိုင်းယှဉ်၍ စဉ်းစားသုံးသပ်ရာတွင် အယူခံတရားလိုသည် သေဆုံးသူ ဦးပုးညိုနှင့် ဒေါ်ဆွယ်တို့အား ဒါးဖြင့် ခုတ်၍ သတ်ခြင်း၊ ဦးစံရုံအား ဒါးဖြင့်ခုတ်၍ အပြင်းအထန်ဒဏ်ရာရစေခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်းမှာ ထင်ရှားသည်။ သို့ရာတွင် ထိုကဲ့သို့ ပြုလုပ်ခဲ့စဉ်က၊ စိတ်ပေါ့သွပ်ခြင်းကြောင့် မိမိ၏ ပြုလုပ်မှုသည်၊ မည်သို့သဘောရှိသည်ကိုသော်၎င်း၊ မတော်မမှန်သည်ကို သော်၎င်း၊ ဥပဒေနှင့် ဆန့်ကျင်သည်ကိုသော်၎င်း မသိနိုင်ခဲ့ဟူ၍ယူဆသည်။ ထို့ကြောင့် ၎င်း၏ပြုမူတို့သည် ရာဇသတ်ကြီး ပုဒ်မ ၈၄ ၏ ကင်းလွတ်ခွင့်ကို ခံယူ၍ ပြစ်မှုမမြောက်ဟူ၍ ဆုံးဖြတ်သည်။ ထို့ကြောင့် ဤအယူခံကို လက်ခံ၍ပညာရှိအဏုံးတရားသူကြီးက ချမှတ်ထားသော ပြစ်မှုထင်ရှားတွေ့ရသည့် အမိန့်နှင့် အပြစ်ဒဏ်စီရင်ချက်တို့ကို ပယ်ဖျက်ပြီးလျှင် အယူခံ တရားလိုအား၊ ဤအမှုနှင့် ပတ်သက်သမျှပြစ်မှုတို့မှ တရားသေလွတ်စေရမည်။ သို့ရာတွင် အများပြည်သူတို့၏ လုံခြုံမှုအတွက်၎င်း၊ အယူခံ တရားလို၏ အရည်အကျိုးအတွက်၎င်း၊ ၎င်းအား တံတားကလေး စိတ္တဇဆေးရုံသို့ လိုအပ်သလောက် ထိန်းသိမ်းကုသပေးခြင်းကို ခံယူရန်စေရန် ပို့စေရမည်။ ထိုမှနောက်တွင် ဆေးရုံတာဝန်ခံ ဆရာဝန်ကြီးများနှင့် သက်ဆိုင်ရာ အစိုးရဌာနအကြီးအကဲတို့က ၎င်း၏ ရောဂါလုံးဝကင်းစင်စွာပပျောက်ပြီဟု ယူဆ၍၊ ၎င်းအား ထိန်းသိမ်းကုသရန် မလိုတော့ဟု ယုံဆသောအခါ သင့်တော်သော အစီအမံတို့ဖြင့် ၎င်းအား ဆေးရုံမှဆင်းခွင့်လိုရာသို့ လွှတ်လပ်စွာသွားခွင့်တို့ကို ပေးရန်ဖြစ်သည်။ ဤဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ရာဇဝတ်ကျင့်ထုံးပုဒ်မ ၄၇၁ အရ၊ လိုအပ်သော အစီရင်ခံခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ တရားရေးဌာနသို့ ပို့စေရမည်။

(၅) ၁၉၄၁ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာမျက်နှာ ၅၄၄၊ သို့မဟုတ် (1943) Criminal Law Journal, p. 228.

တရားရုံးချုပ်၊

တရားသူကြီးချုပ် ဦးဘိုကြီး နှင့် တရားသူကြီး ဦးစံမောင်တို့ရှေ့တွင်

အမ်၊ အီး၊ အမ်၊ ပတေး ပါ ၂ (အယူခံတရားလိုများ)

နှင့်

အေ၊ ကေ၊ ဒါဝတ် (အယူခံတရားခံ)*

† ၁၉၆၂ ခြောကုတ်လ ၃၀ ရက်။

အစုစပ်စာချုပ်တွင် အိမ်လခ၊ တလလျှင် ၁၅၀ ပေးရသော ဥပစာနှင့် ပတ်သက်၍ ပိုင်ဆိုင်ခွင့် ရေးထားသောအချက်။

ဥပစာကို လွှဲပြောင်းသည်ဟု ဆိုနိုင်စေကာမူ၊ တရားမဝင်။

အိမ်ငှါးခ တလလျှင် ၁၅၀ ပေးဆောင်ရသော ဥပစာနှင့် ပတ်သက်၍ အစုစပ်စာချုပ်တွင် အောက်ပါအတိုင်းပေါ်ပြထား၏။

"The business premises and the goodwill contributed by the 2nd Partner, shall absolutely become the property of the firm on the execution of these presents and the business premises shall be transferred to the firm in its name."

ဆုံးဖြတ်ချက်။ ။အခင်းဖြစ်သော ဥပစာအတွက် တလလျှင်၊ အိမ်ငှါးခ ၁၅၀ ပေးဆောင်ရသဖြင့် ထို့ဥပစာ၏တန်ဘိုးမှာ ၁၀၀ ထက်မနည်းနိုင်ပေ၊ အဆိုပါ အစုစပ်စာချုပ်ကို မှတ်ပုံတင်ထားခြင်းလည်း၊ အခင်းဖြစ် ဥပစာကို လွှဲပြောင်းခြင်းအတွက် မှတ်ပုံတင်သည်မဟုတ်၊ အစုစာချုပ်အရ အခင်းဖြစ် ဥပစာကို လွှဲပြောင်းသည်ဟု ဆိုနိုင်စေကာမူ၊ ထိုလွှဲပြောင်းခြင်းသည် တရားမဝင်နိုင်ပေ။

အိန္ဒိယပြည်ဆိုင်ရာဝန်ကြီးနှင့် ကုတ် (ချို) ဝါးထံ၊ ကျောက်ကုမ္ပဏီလီမိတက်၊ ၆၅ အိန္ဒိယအယူခံများ၊ စာ ၄၅ ကို ရည်ညွှန်းသည်။

အယူခံတရားလိုများအတွက်။ ။မစ္စတာအာ (ရ်)၊ ဘာစူးလိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။ဦးညွှန့် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။မူလက မဟာဝါဘီဘီဟာဒွင်အရက် (ဖ်) သည်၊ မိမိပိုင်၊ ရန်ကုန်မြို့၊ ပန်းဆိုးတန်းရှိ၊ အိမ်ခန်းတွင်အိမ်ငှါးအဖြစ် လုပ်ငန်းဆောင်ရွက်သူ ယခုအယူခံတရားခံ အေ၊ ကေ၊ ဒါဝတ်အား၊ ထိုအိမ်ခန်းမှ နှင်ထုတ်လိုမှု တရားစွဲဆိုခဲ့ရာ၌

* ၁၉၆၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃။

† ၁၉၅၈ ခုနှစ်၊ တရားမ ပဌမ အယူခံမှုအမှတ် ၄၁ ၌၊ ၁၉၆၁ ခု၊ မတ်လ ၂၈ ရက်နေ့တွင် တရားလွှတ်တော်အယူခံဘက်ရုံးတော် ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၂

အမ်၊ အီး၊ အမ်၊ ၁ထေး ပါ ၂ နှင့် အေးကေ၊ ဒါဝတ်။

မူလရုံးတွင်ငင်း၊ တရားလွှတ်တော် အယူခံ တွင်ငင်း တရားရှုံးခဲ့သည်။ တရားလွှတ်တော်တွင် အယူခံမှု မပြီးပြတ်မီ၊ မဟာဝါဘီဘီသေဆုံးသဖြင့်၊ ယခုအယူခံတရားလို များက၊ ငင်း၏တရားဝင် ကိုယ်စားလှယ်များအဖြစ် ဝင်ရောက် ဆောင်ရွက်ခဲ့ကြ၏။ တရားလွှတ်တော်ချုပ်သို့ ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေပုဒ်မ ၆ အရ အယူခံဝင်ခွင့်ရသဖြင့်၊ အယူခံဝင်ခဲ့ခြင်းဖြစ်သည်။

အမှုအကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍၊ ယခုအငြင်းမပွါးတော့ချေ။ အခင်းဖြစ်အိမ်ခန်းမှာ လူနေရန် ဥပစာ မဟုတ်။ စီးပွါးရှာမှုတွင် အသုံးပြုသော ဥပစာဖြစ်သည်။ အေ၊ ကေ၊ ဒါဝတ်သည်၊ထိုအိမ်ခန်းတွင် စီးပွါးရှာနေစဉ်၊ ၁၉၅၀ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့၌ ဒေါ်တင်ရီ၊ ဦးဘတင် ဆိုသူတို့နှင့် ၃ ဦးစပ် ရွှေလမ်း ဒွေလမ်း ကုမ္ပဏီနာမည်ဖြင့် အလုပ်လုပ်ကိုင်ရန် အစုစပ် စာချုပ် ချုပ်ဆို၍ မှတ်ပုံတင်ကြ၏။ ထိုကုမ္ပဏီမှာ၊ မူလက ဒေါ်တင်ရီနှင့် ဦးဘတင်တို့ အစုစပ်များအဖြစ် စီးပွါးရှာခဲ့ကြသော ကုမ္ပဏီ၏ နာမည်ဖြစ်၏။ အစုစပ်အသစ်တွင်၊ အေ၊ ကေ၊ ဒါဝတ်က ဒုတိယအစုစပ်ဝင်ဖြစ်၍ အခင်းဖြစ် ဥပစာနှင့် မိမိပိုင် အခြားလုပ်ငန်း အခွင့်အရေးများကို အစုရှယ်ယာအဖြစ် ထည့်သွင်းလေသည်။ ငင်းဥပစာနှင့် ပတ်သက်၍ အစုစပ်စာချုပ်တွင် အောက်ပါ အတိုင်းဖေါ်ပြထား၏။

> ". . . The business premises and the goodwill contributed by the 2nd Partner, shall absolutely become the property of the firm on the execution of these presents and the business premises shall be transferred to the firm in its name."

ထိုအစုစပ်စာချုပ် ချုပ်ပြီးမျှမကြာမီပင်၊ ဒေါ်တင်ရီ၊ဦးဘတင်နှင့် အေးကေ၊ ဒါဝတ်တို့သည် အခင်းဖြစ်အိမ်ခန်းတွင် မိမိတို့၏လုပ်ငန်းဆောင်တာကို လုပ်ကိုင်ဆောင်ရွက်ကြ၏။

၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင်၊ အေ၊ ကေ၊ ဒါဝတ်သည် ရန်ကုန်မြို့ ငှါးရမ်းခကြိုးကြပ်ရေးဝန်ထံ၊ ၁၉၄၈ ခုနှစ်၊ ငှါးရမ်းခကြိုးကြပ်ရေးဥပဒေပုဒ်မ ၁၆ (က)အရ၊ အခင်းဖြစ်အိမ်ခန်းကို ရွှေလမ်း ဒွေလမ်းကုမ္ပဏီသို့ တဆင့် အငှါးချထားခွင့်တောင်း၏။ ကြိုးကြပ်ရေးဝန်က အိမ်ရှင် မဟာဝါဘီဘီထံ နို့တစ်စာ ထုတ်ရာ၊မဟာဝါဘီဘီ၏ရှေ့နေကြီး မစ္စတာ ဘစူးက ကြိုးကြပ်ရေးဝန် ထံလာရောက်ပြီး ရွှေလမ်း ဒွေလမ်းကုမ္ပဏီသည်၊ အခင်းဖြစ်အိမ်ခန်းတွင် လုပ်ငန်းစတင်ဆောင်ရွက်ကတည်းက အိမ်ခန်းခကို ပေးဆောင်ခဲ့ရာ၊ မဟာဝါဘီဘီက ငှက်ခံခဲ့ကြောင်း၊ အေ၊ ကေ၊ ဒါဝတ် ထိုကုမ္ပဏီတွင် အစုစပ်ဝင်တဦးဖြစ်ကြောင်း၊ အခင်းဖြစ်အိမ်ခန်းကို ထိုကုမ္ပဏီသို့ တဆင့်ငှါးရန်မလိုတော့ကြောင်းဖြင့် လျှောက်ထား၏။ ယင်းသို့လျှောက်

ထားသည်တွင်၊ အေ၊ ကေ၊ ဒါဝတ်၏ရွှေနေကြီးက လျှောက်လွှာကို ရုပ်သိမ်းလိုက်ရာ၊ ကြီးကြပ်ရေးဝန်က အမှုပိတ်လိုက်၏။ ထိုဘမူပိတ်သည့်နေ့မှာ ၁၉၅၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ဖြစ်၏။

၁၉၆၂

အမ်၊ အီး၊ အမ်၊ ပတေး ပါ ၂ နှင့် ဒေး၊ကေ၊ ဒါဝတ်။

ထိုနောက် ၁၉၅၃ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့တွင်၊ မဟာဝါဘီဘီက အထက်ဌေါ်ပြခဲ့သည့်အတိုင်း၊ အေ၊ ကေ၊ ဒါဝတ်အား၊ အခင်းဖြစ်အိမ်ခန်းမှ နှင်ထုတ်ရန် တရားစွဲခဲ့၏။ ၎င်းအကြောင်းပြချက်မှာ၊ အေ၊ ကေ၊ ဒါဝတ်သည် အိမ်ခန်းငှါးစာချုပ် ချုပ်ဆိုစဉ်က ထိုအိမ်ခန်းကို အခြားသူတဦးအား လွဲပြောင်းခြင်းသော်၎င်း၊ တဆင့်အငှါးချထားခြင်း သော်၎င်း မပြုပါဟု ဝန်ခံခဲ့သည်တကြောင်း။ ထို့ပြင် ရွှေလမ်း ဒွေလမ်း ကုမ္ပဏီအားအငှါးချထားရာ၌၊ ကြီးကြပ်ရေးဝန်၏ အမိန့်တစုံတရာမရှိဘဲ အငှါးချထားခဲ့သည် တကြောင်းတို့ကြောင့်၊ မိမိကဝင်းအား နှင်ထုတ်ပိုင်ခွင့်ရှိကြောင်းဖြင့်စွဲဆို၏။ အောက်ရုံးများကအထက်ဌေါ်ပြခဲ့သော မစ္စတာ ဘစူးပြောကြားချက်ကြောင့်၊ ၎င်း၏ အမှုသည် မဟာဝါဘီဘီမှာ၊ ရွှေလမ်း ဒွေလမ်း ကုမ္ပဏီအား အခင်းဖြစ်အိမ်ခန်းကိုလွဲပြောင်းချထားခြင်းနှင့်စပ်လျဉ်း၍ ငြင်းဆိုခြင်းမပြုနိုင်တော့ဟု ယူဆကြသည်။ သို့သော် မစ္စတာ ဘစူးပြောကြားချက်များကို သေချာစေ့ငဲ့စွာ လေ့လာသုံးသပ်ပါက၊ မဟာဝါဘီဘီသည် ရွှေလမ်းဒွေလမ်းကုမ္ပဏီအား အိမ်ငှါးအဖြစ် အသိအမှတ်ပြုသည်ဟု မယူဆနိုင်ပေ။ အကြောင်းသော်ကား၊ မစ္စတာ တစူးပြောကြားချက်တွင်၊ အေးကေးဒါဝတ်သည် ရွှေလမ်း ဒွေလမ်းကုမ္ပဏီတွင်အစုစပ်ဝင်ဖြစ်သဖြင့်၊ ရွှေလမ်း ဒွေလမ်းကုမ္ပဏီအား ထိုအိမ်ခန်းကို တဆင့်လွဲပြောင်းချထားရန် မလိုတော့ကြောင်းဖြင့်သာ ပြောဆိုလေသည်။ ထိုမှတပါး၎င်း၊ မဟာဝါဘီဘီသည်၊ ရွှေလမ်း ဒွေလမ်းကုမ္ပဏီထံမှ ငှါးခကို လက်ခံဆောင်၌၊ ထိုကုမ္ပဏီနာမည်ဖြင့် ပြေစာများထုတ်ပေးခြင်းမပြုဘဲ၊ အေးကေး ဒါဝတ်နာမည်ဖြင့်သာ ပြေစာများ ထုတ်ပေးလေသည်။ ထိုအကြောင်းများကြောင့်၊ မဟာဝါဘီဘီသည် ရွှေလမ်း ဒွေလမ်းကုမ္ပဏီထံမှ အိမ်ခများလက်ခံဆောင်၌၊ အိမ်ငှါးအဖြစ် လက်ခံခြင်းမပြုဘဲ အိမ်ငှါးဖြစ်သူ အေ၊ ကေ၊ ဒါဝတ်အတွက် ပေးဆောင်သည်ဟုသာ အသိအမှတ်ပြုသည်ဟုသောလျှောက်ထားချက်သည်၊ ယုတ္တိမဘန်ဟုမဆိုနိုင်ပေ။

ထို့ပြင်၊ အခင်းဖြစ်ဥပဒေစာအတွက် တလလျှင်အိမ်ငှါးခ ၁၅၀ ပေးဆောင်ရသဖြင့်၊ ထိုဥပစာ၏တန်ဘိုးမှာ ၁၀၀ ထက်မနည်းနိုင်ပေ။ အထက်ဌေါ်ပြခဲ့သော အစုစပ်စာချုပ်ကို မှတ်ပုံတင်ရာ၌လည်း အခင်းဖြစ်ဥပဒေစာကို လွဲပြောင်းခြင်းအတွက် မှတ်ပုံတင်သည်မဟုတ်။ အစုစပ်စာချုပ်အဖြစ် မှတ်ပုံတင်ထားသည်ကိုတွေ့ရှိရသည်။ ထို့ကြောင့် အကယ်၍အစုစပ်စာချုပ်အရ အခင်းဖြစ်ဥပစာကို လွဲပြောင်းသည်ဟုဆိုနိုင်

၁၉၆၂

အမ်၊ အီး၊ အမ်၊ ပတေး ပါ ၂ နှင့် အေ၊ကေ၊ ဒါဝတ်။

စေကာမူ၊ ထိုသို့လွှဲပြောင်းခြင်းသည် တရားမဝင်နိုင်ပေ။ **အိန္ဒိယပြည်ဆိုင်ရာဝန်ကြီးနှင့် ကုတ်(၆၅) ဝါးထံ၊ကျောက်ကုမ္ပဏီလီမိတက် (၁) ကိုကြည့်ပါ။**

ဥပစာလွှဲပြောင်းခြင်း အတည်မဖြစ်သည်သာမက၊ အစုစပ် စာချုပ်တွင်ဖြစ်စေ၊ အခြားသက်သေထွက်ချက်တွင်ဖြစ်စေ အေ၊ ကေ၊ ဒါဝတ်က ရွှေလမ်း ငွေလမ်းကုမ္ပဏီ အား၊ အခင်းဖြစ်အိမ်ခန်းကို တဆင့် ငှါးရမ်းထားသော အခင်းဖြစ်ဥပစာကို ကုမ္ပဏီ၏ လုပ်ငန်းဆောင်တာ ဆောင်ရွက်ရန် အတွက် ထည့်သွင်းပြီး၊ ထိုဥပစာတွင် ထိုလုပ်ငန်းကို ဆောင်ရွက်ကြခြင်းသာဖြစ်သည်။

အထက်ဖော်ပြပါအကြောင်းများကြောင့် မဟာဝါဘီဘီ အဓိကအားဖြင့် အားကိုးသောအချက်မှာ တရားဥပဒေအရ မခိုင်လုံခြေ။ သို့ဖြစ်၍ ၎င်း၏စွဲချက်ကို ပလပ်ခြင်းနှင့်စပ်လျဉ်း၍ ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိတော့ခြေ။

အယူခံကိုစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ဤရုံးတော်ရှေ့နေခမှာ ၁၇၀ ဖြစ်စေရမည်။

(၁) ၆၅ အိန္ဒိယ အယူခံများ၊ စာ ၄၅။

တရားမှုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစံမောင်တို့ရှေ့တွင်

အမ်၊ အီး၊ အမ်၊ ပတေး ပါ၂ (အယူခံတရားလိုများ) — ၁၉၆၂ ခြုကုတ်လ ၃၀ ရက်။

နှင့်

အေ၊ ကေ၊ ဒါဝတ် ပါ၂ (အယူခံတရားခံများ)*

အိမ်ခအစား လျော်ကြေးဟု ဖေါ်ပြတောင်းဆိုသော နို့တစ်၊ တရားဝင်ခြင်း။

အိမ်ရှင်က အိမ်ငှါးအား နို့တစ်စာပေးကာ၌၊ တရားဥပဒေအရ ပေးဆောင်ရမည့် အိမ်ငှါးခကို၊ လျော်ကြေးဟူသော အမည်ဟု ဖေါ်ပြစေရုံမျှနှင့် ထိုနို့တစ်စာမှာ တရားမဝင်ဟု မဆိုသင့်ချေ။

အယူခံတရားလိုအတွက်။ ။မစ္စတာ အာ(ရ်)၊ ဘာစူးလိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံ (၁) အတွက်။ ။ဦးညွန့်လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံ (၂) အတွက်။ ။ဦးအောင်မင်း (၁) လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအယူခံမှုဆိုင်ရာ၊ရန်ကုန်မြို့မတရားမရုံး တရားမကြီးမှုအမှတ် ၉၉၄/၅၅ တွင် မဟာဝါဘီဘီဟာရွှင်အာရက်(ဖ်)သည်၊ မိမိပိုင် ပန်းဆိုးတန်းအိမ်အမှတ် ၇၁/၇၃ ရှိအခန်းတွင်၊ အငှါးခံယူသူအဖြစ် လုပ်ငန်းဆောင်တာဆောင်ရွက်သူ အေ၊ ကေ၊ ဒါဝတ်အား နှင်ထုတ်လိုမှု တရားစွဲဆိုလေသည်။ အောက်ရုံးအမိန့်အရ အေ၊ ကေ၊ ဒါဝတ်ထံမှ အခင်းဖြစ်အိမ်ခန်းကို ပြောင်းလွှဲခံယူသည်ဆိုသော ရွှေလမ်းငွေလမ်းကုမ္ပဏီအား၊ တရားခံအဖြစ် ထည့်သွင်းစွဲဆိုလေသည်။

မဟာဝါဘီဘီ၏အကြောင်းပြချက်မှာ၊ မိမိသည် အေ၊ ကေ၊ ဒါဝတ်အား အခင်းဖြစ်အိမ်ခန်းကို တလလျှင်ငွေ ၁၅ ကျပ်နှုန်းဖြင့် အငှါးချထားခဲ့ရာ ၁၉၅၂ ခုနှစ်၊ နိဝင်္ဘာလ ၂၄ ရက်နေ့စွဲပါနို့တစ်စာဖြင့်၊ ထိုနှစ် ဒီဇင်္ဘာလ ၃၁ ရက်နေ့တွင်၊ အခင်းဖြစ်အခန်းမှ ထွက်ခွါသွားရန် အကြောင်းကြားခဲ့ကြောင်း။ထို့ပြင်၊ အေ၊ ကေ၊ ဒါဝတ်သည်၊ ထိုနှစ်အောက်တိုဘာလ ၁ ရက်နေ့မှစ၍ ပေးဆောင်ရန်ရှိသည်များကို မပေးဆောင်

* ၁၉၆၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅။

† ၁၉၅၈ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမတ် ၄၃ တွင်၊ ၁၉၆၁ ခု၊ မတ်လ ၂၈ ရက်နေ့စွဲပါ တရားလွှတ်တော် (အယူခံဘက်) ၌၏ ချမှတ်သော ဒီကရီကိုအယူခံမှု။

၁၉၆၂၊ ဖေဖော်ဝါရီ၊ အမ်၊ အီး၊ အမ်၊ ပထေး ပါ ၂ နှင့် အေ၊ကေ၊ ဒါဝတ် ပါ ၂။

သဖြင့်၊ ၁၉၅၅ ခု၊ ဇွန်လ ၂၉ ရက်နေ့စွဲပါ တောင်းဆိုစာကို စာတိုက်မှမှတ်ပုံတင်၍ အေ၊ ကေ၊ ဒါဝတ်ထံသို့ ပေးပို့ခဲ့ကြောင်း။ ထိုသို့ပေးပို့ပြီးနောက်၊ ရက်သတ္တသုံးပတ် ကြာသော်လည်း၊ ထိုငွေများကိုမရရှိခဲ့ကြောင်းဖြင့် တရားစွဲဆိုလေသည်။ တရားစွဲဆိုသည့်နေ့မှာ ၁၉၅၅ ခု၊ ဩဂုတ်လ ၅ ရက်နေ့ဖြစ်သည်။

အေ၊ ကေ၊ ဒါဝတ်သည်၊ သမ္မာန်စာရရှိသော်လည်း ရုံးသို့လာရောက်ထုချေခြင်းမပြုချေ။ ရွှေလမ်း ငွေလမ်းကုမ္ပဏီသည်၊ ထုချေလွှာတင်သွင်းပြီးလျှင်၊ မိမိမှာ မဟာဝါဘီဘီ၏သဘောတူချက်ဖြင့် အခင်းဖြစ်အိမ်ခန်းကို အေ၊ ကေ၊ ဒါဝတ်ထံမှတဆင့် အိုင်းခံယူခဲ့ကြောင်းဖြင့်ထုချေ၏။ သို့သော် ထိုထုချေချက်နှင့်ပတ်သက်၍၊ ယခုတရားမကြီးမှု အမှတ် ၉၉၄/၅၅ နှင့်တပြိုင်တည်း ကြားနာစစ်ဆေးသော အောက်ရုံးတရားမကြီးမ အမှတ် ၃၇၄/၅၃ မှပေါ်ပေါက်သော အယူခံအမှတ် ၃/၆၂ တွင် ဤရုံးကလက် မခံခဲ့ချေ။

ယခုအမှုတွင် ပေါ်လွင်ထင်ရှားသော အချက်များမှာ၊ အေ၊ ကေ၊ ဒါဝတ်သည်၊ ဒေါ်တင်ရီ၊ ဦးဘတင်တို့နှင့် အစုစပ်စာချုပ် ချုပ်ဆိုပြီး၊ အခင်းဖြစ်အခန်းတွင် ရွှေလမ်း ငွေလမ်းကုမ္ပဏီအမည်ဖြင့် စီးပွါးရှာနေစဉ် ယင်းကုမ္ပဏီအစုစပ်ဝင်များ၏ကိုယ်စားလှယ် မစ္စတာ စလူဂျားသည်၊ အိမ်ခကို မဟာဝါဘီဘီအား ပေးဆောင်ခဲ့၏။ ယင်းသို့ပေးဆောင်သည်မှာအိမ်ငှါးဖြစ်သူ အေ၊ ကေ၊ ဒါဝတ်အတွက် ပေးဆောင်သည်ဟု ဤရုံးက ယူဆခဲ့၏။ ၁၉၅၂ ခု၊ နိုဝင်ဘာလ ၂၄ ရက်နေ့စွဲပါနို့ တစ်စာကို မဟာဝါဘီဘီက အေ၊ ကေ၊ ဒါဝတ်ထံပေးပို့ပြီးနောက်၊ မဟာဝါဘီဘီနှင့် အေ၊ ကေ၊ ဒါဝတ်တို့သင့်မြတ်ကြဟန်မတူချေ။ ထိုကြောင့် အေ၊ ကေ၊ ဒါဝတ်အတွက် မစ္စတာ စလူဂျားသည်၊ ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလအတွက် ကျသင့်သောအိမ်ခကို ငှါးရမ်းခကြီးကြပ်ရေးဝန်ထံတင်သွင်းခဲ့၏။ ထို့နောက် ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလအတွက် ကျသင့်သောငွေကိုလည်း ထပ်မံတင်သွင်းခဲ့၏။ ထို့နောက် ကျသင့်သောငွေများကို တင်သွင်းခြင်းမပြုတော့ချေ။

အထက်ဖော်ပြပါ ၄ လအတွက် ကျသင့်သောငွေကို၊ ကြီးကြပ်ရေးဝန်ထံတင်သွင်းပြီးဖြစ်သဖြင့်၊ ထို ၄ လအတွက် အေ၊ ကေ၊ ဒါဝတ်ပျက်ကွက်သည်ဟုမဆိုနိုင်ပေ။ သို့သော် ထိုနောက်ဆုံးတင်သွင်းသည့်နေ့မှ နို့တစ်စာပေးသည့် ၁၉၅၂ ခု၊ ဇွန်လ ၂၉ ရက်နေ့အထိ ကျသင့်သောအိမ်ခန်းခငွေကို အေ၊ ကေ၊ ဒါဝတ်ပေးဆောင်ခြင်းမပြုခဲ့ချေ။ ထိုငွေနှင့်ပတ်သက်၍ နို့တစ်စာတွင် အိမ်ငှါးခဟုဖော်ပြခြင်းမပြုဘဲ၊ အိမ်ခန်းကိုအသုံးပြုသည့်အတွက် လျော်ကြေးဟုဖော်ပြထား၏။ ယင်းသို့ဖော်ပြသည့်အတွက် ရွှေလမ်း ငွေလမ်းကုမ္ပဏီ၏ ပညာရှိရွှေနေကြီးက နို့တစ်စာမှာ၊ တရားမဝင်ကြောင်း လျှောက်လဲ၏။

၁၉၆၂

အမ်၊ အီး၊ အမ်၊ ပတ်း ပါ ၂ နှင့် အေ၊ကေ၊ ဒါ၀တ် ပါ ၂။

မဟာ၀ါဘီဘီအား အကြံပေးသူကမဟာ၀ါဘီဘီသည်၊ အေ၊ ကေ၊ ဒါ၀တ်အား ၁၉၅၂ ခု၊ ဒီဇင်ဘာလ ၃၁ ရက်နေ့၌ အခင်းဖြစ်အိမ်ခန်းမှ ထွက်ခွါသွားရန် နို့တစ်စာပေး သဖြင့်၊ထိုနေ့နောက်တွင် အေ၊ကေ၊ဒါ၀တ်သည်၊အိမ်ငှါးမဖြစ်တော့ဟုယူဆဟန်တူသည်၊ သို့သော် ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂ (ဆ)တွင် အိမ်ငှါးဆိုသည်မှာ၊ အငှါးချထားမှု ကုန်ဆုံးပြီးနောက်၊ မိမိအားငှါးရမ်းသည့် ဥပ စာကို အိမ်ရှင်၏သဘောတူညီချက်အရဖြစ်စေ၊သဘောတူညီချက်အရမဟုတ်ဘဲဖြစ်စေ၊ လက်ရှိနေထိုင်မြဲနေထိုင်သူလည်းပါ၀င်သည်ဟုပြဋ္ဌာန်းထားလေသည်။ အေ၊ ကေ၊ ဒါ ၀တ်သည်၊ အဆိုပါနို့တစ်စာရပြီးနောက်၊ အခင်းဖြစ်အိမ်ခန်းတွင် မိမိ၏လုပ်ငန်းဆောင် တာကို ဆက်လက်ဆောင်ရွက်နေသည်ဖြစ်၍ နို့တစ်စာတွင်၊ သတ်မှတ်သည့်ရက်ကုန်ဆုံး သော်လည်း၊ တရားဥပဒေအရ အိမ်ငှါးပင်ဖြစ်သည်ဟု ယူဆရပေမည်။ ယင်းသို့ဖြစ်၍ ၎င်းကအိမ်ငှါးအား အိမ်ခကိုဆက်လက်ပေးဆောင်ရမည်ဖြစ်သည်။

အထက်ဖေါ်ပြပါနို့တစ်စာတွင်၊ ၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ လျော် ကြေးပေးရမည်ဟု တောင်းခံထားသည်ကမှန်၏။ သို့ရာတွင် တရားဥပဒေအရ ပေး ဆောင်ရမည့် အိမ်ငှါးခကို လျော်ကြေးဟူသောအမည်ခံစေရုံမျှနှင့် ထိုနို့တစ်စာမှာ တရားမ၀င်ဟုမဆိုသင့်ပေ။

ထို့ကြောင့် အေ၊ ကေ၊ ဒါ၀တ်သည်၊ ၁၉၄၈ ခုနှစ်၊ငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၁ (က)တွင် အကျုံး၀င်သည်ဖြစ်သဖြင့်၊ ၎င်းအပေါ် ၌ တောင်းဆိုသည့်ဒီကရီကို ချမှတ်ရပေမည်။ ရွှေလမ်း ငွေလမ်းကုမ္ပဏီမှာလည်း အေ၊ ကေ၊ ဒါ၀တ်ကိုအကြောင်းပြု အခင်းဖြစ်အိမ်ခန်းတွင် လုပ်ငန်းဆောင်တာ လုပ်ကိုင်ဆောင်ရွက်သူဖြစ်သဖြင့်၊ ၎င်း အပေါ် ၌လည်း ဒီကရီချမှတ်ရပေမည်။

ထို့ကြောင့် အောက်ရုံးဒီကရီအားလုံးကိုပယ်ဖျက်ပြီးလျှင်၊ အေ၊ ကေ၊ ဒါ၀တ်နှင့် ရွှေလမ်း ငွေလမ်းကုမ္ပဏီအား၊ အခင်းဖြစ်အိမ်ခန်းမှ ထွက်သွားစေရန် အမိန့်ဒီကရီချမှတ် လိုက်သည်။

အယူခံတရားခံများသည်၊ အယူခံတရားလို တရားရုံးအားလုံး၌ကုန်ကျသောတရား စရိတ်ပေးဆောင်စေရမည်။ ဤရုံးတော်၏ ရွှေနေခမှာ ငွေ ၁၇၀ ဖြစ်စေရမည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီး နှင့် တရားသူကြီး ဦးစံမောင်တို့ရှေ့တွင်

† ၁၉၆၂

ဩဂုတ်လ ၂၄ ရက်။

ဦးအောင်သန်း (အယူခံတရားလို)

နှင့်

ဥက္ကဋ္ဌ (ဗဟိုမှတ်ပုံတင် အာဏာပိုင် အဖွဲ့)၊ ပြန်ကြားရေးဝန်ကြီးဌာန (အယူခံတရားခံ) *

၁၉၅၉ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေ ပုဒ်မ ၁၄။ မည်သည့်အခါ မှတ်ပုံတင် သက်သေခံလက်မှတ်ကို ဖျက်သိမ်းနိုင်ခြင်း။

အယူခံတရားလိုက၊ မိမိထုတ်ဝေသော ဂျာနယ်ကို၊ ထုတ်ဝေခြင်းမှ ခေတ္တရပ်ဆိုင်းထားကြောင်း၊ ပြန်လည်ထုတ်ဝေသည့် အခါတွင် ကြိုတင်၍ အစီရင်ခံမည်ဖြစ်ကြောင်း၊ စာတစောင်ကို အယူခံတရားခံထံသို့ ပေးပို့ရာ၊ အယူခံတရားခံက အယူခံတရားလိုသည် မိမိ၏လုပ်ငန်းကို ဖျက်သိမ်းသည်ဟု ယူဆဆုံးဖြတ်ချက်ချပြီးဖြစ်၍၊ မှတ်ပုံတင် သက်သေခံ လက်မှတ်ကို ပြန်အပ်ရန် တောင်းဆိုလေသည်။

ဆုံးဖြတ်ချက်။ ။သက်ဆိုင်သော ၁၉၅၉ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေပုဒ်မ ၁၄၊ ပြဋ္ဌာန်းချက်များ အရဆိုလျှင် ပုဒ်မ ၁၄ (၁)တွင်ဖော်ပြထားသောပြစ်မှုကို ကျူးလွန်မှုသာလျှင်၊ အာဏာပိုင်က၊ ဂျာနယ်ထုတ်ဝေသူအား၊ ထုတ်ပေးသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ကို ဖျက်သိမ်းနိုင်ပေမည်။

အယူခံတရားလိုအတွက်။ ။ဦးလှကျော်လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။အစိုးရရှေ့နေ ဦးလှမောင်လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။အယူခံတရားလို ဦးအောင်သန်းသည်၊ပြည်သူ့ဂျာနယ်ကို ၁၉၅၄ ခုနှစ်မှ စတင်ထုတ်ဝေခဲ့၏။ ထိုထို့သောအကြောင်းမျိုးကြောင့် ဂျာနယ်ထုတ်ဝေခြင်းကို ခေတ္တရပ်ဆိုင်းခဲ့ရ၏။ ၁၉၆၀ ခု၊ စက်တင်ဘာလ ဂ နေ့တွင် ဦးအောင်သန်းက၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ဗဟိုမှတ်ပုံတင်အာဏာပိုင်အဖွဲ့သို့၊ မိမိသည်၊ ပြည်သူ့ဂျာနယ်ကို ၁၉၆၀ ခု၊ စက်တင်ဘာလ ၃ ရက်နေ့ နောက်မှစ၍ ခေတ္တရပ်ဆိုင်းခဲ့ကြောင်း။ ပြန်လည်ထုတ်ဝေသောအခါတွင်၊ ကြိုတင်အစီရင်ခံ အကြောင်း

* ၁၉၆၀ ခုနှစ်၊ တရားမအသေးအဖွဲ့ အယူခံအမှုအမှတ် ၆၄။

† ၁၉၆၀ ခု၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ပြန်ကြားရေးဝန်ကြီးဌာန ဗဟိုမှတ်ပုံတင် အာဏာပိုင်အဖွဲ့ရုံးတော်က၊ ချမှတ်သောအဓိန်ကို အယခံဝင်မှု။

ကြားမည်ဖြစ်ကြောင်းဖြင့် စာတစောင်ပေးပို့လေသည်။ ၁၉၆၀ ခုနှစ်၊အောက်တိုဘာ ၃၁ ရက်နေ့စွဲဖြင့်၊ ဗဟိုမှတ်ပုံတင်အာဏာပိုင်အဖွဲ့က၊ ဦးအောင်သန်းထံ အမှာစာ တစောင် ပေးပို့လိုက်၏။ ထိုအမှာစာတွင်ပါရှိသည့် ဤအမှုနှင့်သက်ဆိုင်သော အချက် များမှာ၊ အောက်ပါအတိုင်းဖြစ်သည်။

၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့ထုတ်၊ ပြည်သူ့ဂျာနယ်အတွဲ ၉၊ အမှတ် ၂၆၊ အမှတ်စဉ် ၂၆၆ ထုတ်ဝေပြီးနောက်မှစ၍ အဆိုပါဂျာနယ်ထုတ် ဝေခြင်းရပ်ဆိုင်းထားသည်ကို ဗဟိုမှတ်ပုံတင်အာဏာပိုင်အဖွဲ့က လုပ်ငန်းဖျက် သိမ်းသည်ဟု ယူဆဆုံးဖြတ်ချက်ချပြီးဖြစ်၍ နောင်အဆိုပါ ဂျာနယ်ထုတ်ဝေ လိုပါက လျှောက်လွှာအသစ်ထပ်မံတင်ရန်နှင့် ဂျာနယ် ထုတ်ဝေခြင်းကိုလည်း ဤဗဟိုမှတ်ပုံတင်အာဏာပိုင်အဖွဲ့၏အမိန့်ရမှသာလျှင် ထုတ်ဝေနိုင်ခွင့်ရှိကြောင်း အကြောင်းကြားပါသည်။

သို့ဖြစ်၍ ဤအဖွဲ့ရုံးမှ လူကြီးမင်းအား ၁၉၆၀ ခု၊ ဩဂုတ်လ ၂၂ ရက်နေ့စွဲဖြင့် ထုတ်ပေးခဲ့သည့် မှတ်ပုံတင် သက်သေခံလက်မှတ် အမှတ် ရန်ကုန် (၀၁၉၆) အပြင်ဝန်ခံချက်နှင့် ကတိခံဝန်ခံချက်များကိုပါ ဆောလျင်စွာပြန်လည်ပေးအပ် စေလိုပါကြောင်း။

၁၉၆၂

ဦးအောင်သန်း နှင့် ဥက္ကဋ္ဌ (ဗဟို မှတ်ပုံတင်အာ ဏာပိုင်အဖွဲ့)၊ ပြန်ကြားရေး ဝန်ကြီးဌာန။

သက်ဆိုင်သော ၁၉၅၉ ခုနှစ်၊ ပုံနှိပ်သူများ ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေပုဒ်မ ၁၄ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထား၏။

၁၄။ ။(၁)ပုံနှိပ်သူသည်၊ သို့တည်းမဟုတ် ထုတ်ဝေသူသည်—

(က) ပုဒ်မ ၁၃ အရဖြစ်သော ပြစ်မှုအတွက် ပြစ်ဒဏ်စီရင်ခြင်းခံရလျှင်၊ သို့တည်းမဟုတ်

(ခ) မိမိ၏ လုပ်ငန်းရည်ရွယ်ချက်များနှင့် အကျိုးကိုအားပေးဆောင်ရွက် စဉ်းစားဇာတ်ကြီး ပုဒ်မ ၁၃၀(က)၊သို့တည်းမဟုတ် ပုဒ်မ ၁၃၀ (ခ) အရဖြစ်သော၊ သို့တည်းမဟုတ် ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှု အက်ဥပဒေအရ ဖြစ်သော ပြစ်မှုအတွက် သီးခြားအကြိမ်ပေါင်း သုံးကြိမ်ပြစ်ဒဏ်စီရင်ခြင်းခံရလျှင်

မှတ်ပုံတင်အာဏာပိုင်က၊ ထိုပုံနှိပ်သူအား၊ သို့တည်းမဟုတ် ထုတ်ဝေသူအား ထုတ်ပေး သည့် မှတ်ပုံတင်သက်သေခံလက်မှတ်ကိုဖျက်သိမ်းနိုင်သည်။

ထိုပြဋ္ဌာန်းချက်များအရဆိုလျှင်၊ ပုဒ်မ ၁၄(၁)တွင် ဖေါ်ပြထားသော ပြစ်မှု ကို ကျူးလွန်မှုသာလျှင်၊ အာဏာပိုင်က ဂျာနယ်ထုတ်ဝေသူအား ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ကို ဖျက်သိမ်းနိုင်ပေမည်။ ယခုမူကား၊ ဦးအောင်သန်း

၁၉၆၂

အာင်သန်း နှင့် ၁ ဦး (မဟိုဝ်ပုံတင်အာဝသိုင်အမှဲ)၊ နှိုက်ကြားရေး ကြီးဌာန။

သည်၊ ထိုပြစ်မှုတခုခုကို ကျူးလွန်ကြောင်းမပေါ်လွင်ချေ။ ၎င်းကိုယ်တိုင်ကလည်း၊ ဂျာနယ်ကို ခေတ္တမျှသာရပ်ဆိုင်းထားကြောင်း အာဏာပိုင်ထံ အစီရင်ခံခဲ့လေသည်။

ထို့ကြောင့်၊ အာဏာပိုင်၏ အမိန့်ကိုပယ်ဖျက်လိုက်သည်။

အမှုသည်မျာသည်၊မိမိတို့တရားစရိတ်ကို၊မိမိတို့အသီးသီး ကျခံကြရမည်ဖြစ်သည်။

APPENDIX

(Judgments of the Courts-Martial Appeal Court)

LIST OF CASES REPORTED

စီရင်ထုံးပြုသောမှုခင်းများ

COURTS-MARTIAL APPEAL COURT

စစ်ဘက်အယူခံရုံး

	PAGE
Than Zauva *v.* The Union of Burma	355

LIST OF CASES CITED

ကိုးကားပြုသောမှုခင်းများ

COURTS-MARTIAL APPEAL COURT

စစ်ဘက်အယူခံရုံး

PAGE

Akal Sahu *v.* Emperor, A.I.R. (1948) Pat. 62 at 63, referred to 368

Allahwarayo Daryakhan *v.* Emperor, A.I.R. (1940) Sind. 53, referred to 367

B. Titus and others, A.I.R. (1941) Mad. 720, referred to 367

Maung Han and three others *v.* The King, (1947) R.L.R. 37, referred to 369

——— Shin and two others *v.* The Union of Burma, (1948) B.L.R. p. 425, referred to 369

Nga Ba Kyaing *v.* Emperor, A.I.R. (1936) Ran. 131, followed 366

Pakala Narayan Swami *v.* The King-Emperor, 18 Pat. 234, (P.C.) dissented from 366

Ramdayal Mangilal *v.* The King, (1941) R.L.R. 784, dissented from 366

COURTS-MARTIAL APPEAL COURT

INDEX

ညွှန်းချက်

PAGE

ACTS:

BURMA ARMY ACT.

CRIMINAL PROCEDURE CODE..

BURMA ARMY ACT, RULES, CHAP. 4—*Investigation of charges prior to Court Martial—Analogous to committal proceedings under Cr. P.C. —Statements made to Army Officer in course of—Rule* 15 (f)—*Statements of accused made under—Admissible in evidence against accused. Confession—Exculpatory matter.* The proceedings relating to the investigation of charges prior to a Court-Martial, as provided for in Chapter 4 of the Burma Army Act, Rules, corresponding to Chapter 5 of the Defence Services Rules are proceedings before a Commanding Officer of an Army Unit or before an officer deputed by him, analogous to committal proceedings under the Code of Criminal Procedure. Therefore the statements of accused recorded under Rule 15 (*f*) of the Burma Army Act, Rules, corresponding to Rule 22, sub-rule (3) of the Defence Services Rules are admissible in evidence. Statements made by an accused to an Army Officer in the course of investigation of charges prior to a Court-Martial relevant to incriminating facts are admissible in evidence against the accused as admissions of incriminating facts. *Nga Ba Kyaing* v. *Emperor*, A.I.R. (1935) Ran. 131; followed. *Allahwarayo Daryakhan* v. *Emperor*, A.I.R. (1940) Sind. 53; *In re B. Titus and others*, A.I.R. (1951) Mad. 720; *Akal Sahu* v. *Emperor*, A.I.R. (1948) Pat. 62 *Pakala Narayan Swami* v. *The King-Emperor*, 18 Pat. 234 (P.C.) *Ramdayal Mangilal* v. *The King*, (1941) R.L.R. 784 dissented from. A confession must admit in terms the offence, or at any rate substantial portion of facts which constitute the offence and no statement that contains exculpatory matter can amount to a confession if the exculpatory statement is of some fact which if proved would negative the offence alleged to be confessed. The question whether a statement does or does not amount to a confession, is only important when the statement in question can only be made use of as a confession. *Maung Shin and two others* v. *The Union of Burma*, (1948) B.L.R. 425; *Maung Han and three others* v. *The King*, (1947) R.L.R. 37, referred to.

THAN ZAUVA *v.* THE UNION OF BURMA 355

CONFESSION—TO ADMIT IN TERMS OF OFFENCES—STATEMENTS CONTAINING EXCULPATORY MATTER DO NOT AMOUNT TO CONFESSION, IF PROVED WOULD NEGATIVE THE ALLEGED OFFENCE 355

STATEMENT OF THE ACCUSED—RULE 15 (*f*) OF THE BURMA ARMY ACT—CORRESPONDING TO RULE 22—SUB-RULE (3) OF DEFENCE SERVICES RULES—ADMISSIBILITY UNDER 355

COURTS-MARTIAL APPEAL COURT

Before U San Maung J, Cal. Hla Aung and U Aung Gyi,

THAN ZAUVA (APPELLANT)

v.

THE UNION OF BURMA (RESPONDENT).*

C.M.A. 1962

Aug. 17.

Burma Army Act Rules. Chap.4—Investigation of charges prior to Court Martial—Analogous to committal proceedings under Cr.P.C.—Statements made to Army Officer in course of—Rule 15(f)—Statements of accused made under—Admissible in evidence against accused. Confession—Exculpatory matter.

The proceedings relating to the investigation of charges prior to a Court Martial, as provided for in Chapter 4 of the Burma Army Act Rules, corresponding to Chapter 5 of the Defence Services Rules are proceedings before a Commanding Officer of an Army Unit or before an officer deputed by him, analogous to committal proceedings under the Code of Criminal Procedure. Therefore the statements of accused recorded under Rule 15(*f*) of the Burma Army Act Rules corresponding to Rule 22, sub-rule (3) of the Defence Services Rules are admissible in evidence.

Statements made by an accused to an Army Officer in the course of investigation of charges prior to a Court Martial relevant to incriminating facts are admissible in evidence against the accused as admissions of incriminating facts.

Nga Ba Kyaing v *Emperor*, A.I.R. 1936 Ran. 131 followed. *Allahwarayo Daryakhan* v. *Emperor*, A.I.R. 1940 Sind. 53; In re B.Titus and others, A.I.R. 1941 Mad. 720. *Akal Sahu* v. *Emperor*, A.I.R. 1948 Pat. 62 at 63; *Pakala Narayan Swami* v. *The King-Emperor*, 18 Pat. 234 (P.C.); referred to; *Ramdayal Mangilal* v. *The King*, 1941 R.L.R. 784; dissented from.

A confession must admit in terms the offence, or at any rate substantial portion of facts which constitute the offence and no statement that contains exculpatory matter can amount to a confession if the exculpatory statement is of some fact which if proved would negative the offence alleged to be confessed. The question whether a statement does or does not amount to a confession, is only important when the statement in question can only be made use of as a confession.

Maung Shin and two others v. *The Union of Burma*, 1948 B.L.R. 425; *Maung Han and three others* v. *The King*, 1947 R.L.R. 37, referred to.

W. Kyin Htone for the appellant.

Hla Thin (Government Advocate) for the respondent.

* Criminal Appeal No. 3 of 1961.

C.M.A. 1962

THAN ZAUVA v. THE UNION OF BURMA.

U SAN MAUNG, J.—This is an appeal by Than Zauva, a Rifleman of Station Command, Rangoon, against the conviction under section 396A of the Penal Code read with section 41 of the Burma Army Act and the sentence of death thereunder, the sentence having been commuted to one of transportation for life and dismissal from service by the General Officer Commanding, Burma Army. In the connected appeal No. 7 of 1962, Rifleman Zai Chin of Camp, Ministry of Defence, has appealed against the conviction under section 396A of the Penal Code read with section 41 of the Burma Army Act and the sentence of death thereunder for the same robbery with murder in respect of which the present appellant Than Zauva had been convicted. The sentence of Zai Chin had also been commuted by the General Officer Commanding, Burma Army, to one of transportation for life and dismissal from service.

The conviction of the present appellant was by a Summary Court Martial No. 5 of 1960 presided over by Major By Tin and the conviction of Rifleman Zai Chin was by the Summary Court-Martial No. 4 of 1960 also presided over by the same officer.

The facts giving rise to the present appeal are briefly these: At about 6 a.m. in the morning of the 9th of September 1959, Ma Tin Myint (PW 1), wife of Ko Kyaw U (PW 2), a mechanic residing at Kyaukkon, was alarmed to see a man lying dead with bleeding injuries near a heap of brickbats about four or five cubits away from the entrance to her compound. He was naked to the waist and was wearing a pair of black trousers. She accordingly informed her husband, who accompanied by Ward Headman U Thaung reported the matter at Yankin Police Station where his statement was recorded by Head Constable Maung Aye (PW 3), as a First Information Report. U Than Sein (PW 4), Police Station Officer of that Police

Station, then sent necessary information to Dr. Maung Maung Taik, a Police Surgeon, and Captain Tun Baw (PW 6), who was then in charge of the Kyant-khain-yay Association of the Yankin Police Station area. The Police Station Officer and Head Constable Maung Aye then went to inspect the scene of crime which was about two furlongs away from the Police station. Soon after their arrival there, Dr. Maung Maung Taik (PW 11), Captain Tun Baw (PW 6), the then Assistant Commissioner of Police U Myaing and others also arrived. On a close inspection of the dead body it was found to be clad with a pair of black trousers and a pair of black shoes. There were contused wounds on the head involving injury to the brain and there were stab wounds and incised wounds on the chest and at the back of the chest. Three State Lottery tickets were found inside the trouser pocket and there was a blood-stained clasp knife and brickbats in the vicinity. Captain Tun Baw and the Police Station Officer who were present at the scene of crime came to the conclusion that the deceased might be a soldier.

In the early hours of the morning of the 9th of September 1959, at about 12-30 a.m. to be more exact, U Aung Hla (PW 9), Sub-Inspector of Thamaing Police Outpost, was seated inside the outpost when he heard the report of a gun from the direction of Kyaik-kala cemetery about two furlongs to the north-east of the outpost. Accordingly, he went there to investigate at about 7 a.m. that morning. He saw wheel marks of a motor vehicle leading to a pond where *kywe-gaung-thee* was being cultivated, and also signs indicating that somebody had been inside the pond. He accordingly enlisted the help of a villager Ko Hla Sein who went into the pond and thence fished out one side of an army regulation boot and a sock. U Aung Hla then brought the boot and the sock to the Police Station for safe custody.

C.M.A. 1962
THAN ZAUVA v. THE UNION OF BURMA.

That morning Major Khin Zaw (PW 5), who was then a Captain attached to the Camp, Ministry of Defence, arrived at his office at about 8 a.m. He saw in a vernacular newspaper "Mandaing" accounts relating to the two incidents, namely, the finding of the body of a murdered man at Kyaukkon, Kanbe, and the hearing of the report of a gun from the direction of Kyaik-kala cemetery in which direction a jeep was seen to have proceeded. He then went to the Headquarters of Southern Command and returned to his own office at about 11 a.m. There he met P.S.O. U Than Sein and Captain Tun Baw who informed him that the person who was found murdered was probably a soldier from the Staff College at Kalaw who had come down to Rangoon and was putting up at Camp of the Ministry of Defence, and who was not seen since the night of 8th of September 1959. By referring to the Camp Register, Major Khin Zaw found that one Rifleman Pyaung Si Loba of Staff College, Kalaw, had been attached to Camp, Ministry of Defence since the 3rd of September 1959. On the suggestion given by the police officers that a jeep belonging to the army might have been used by the murderers, Major Khin Zaw then checked the register showing the movements of motor vehicles on the 8th of September 1959. He found that jeep No. 0284 (o) which had been allotted on the 8th of September 1959 for the use of Col. Than Sein of Ba Htoo Myo and driven by Rifleman No. 115396 Zai Chin of Camp, Ministry of Defence, was not returned that day. Major Khin Zaw therefore deputed Captain Maung Maung who was in charge of motor vehicles to bring the jeep car as well as its driver Rifleman Zai Chin. When Zai Chin arrived Major Khin Zaw asked him why he had not signed the register on the 8th of September 1959, regarding the return of the jeep to Camp. Zai Chin then told Major Khin Zaw that although Col. Than Sein discharged the jeep at 6 p.m. he could not return

to Camp as he went to see a cinema show. When asked why he could not be back by midnight, Zai Chin said that he went for a drive and did not return to Camp till about 2 a.m. in the early hours of the morning of the 9th of September 1959. Not being satisfied with Zai Chin's answers, Major Khin Zaw put him under arrest in the Quarter Guard. He deputed the Police Station Officer U Than Sein to inspect the jeep and U Than Sein found blood-stains on the back seat and the back rest of jeep No. 0284 (o). On this fact being reported to Major Khin Zaw the latter went to the Quarter Guard to interrogate Rifleman Zai Chin. Then Zai Chin said that he was afraid to divulge the truth for fear of being killed. On Major Khin Zaw assuring him regarding his safety, Zai Chin said that the murder was committed by a dwarfish Lushai Rifleman of Station Command, Rangoon. Zai Chin also said that this Lushai was in possession of a local made pistol and that therefore care should be taken in effecting his arrest. Major Khin Zaw then deputed Captain Tun Baw to effect the arrest, and Captain Tun Baw made enquiries from the Headquarters Station Command whether there was a dwarfish Lushai at that office. The Warrant Officer from whom Captain Tun Baw made this enquiry then brought to him the appellant who said that his name was Than Zauva. The appellant was then brought under arrest to Major Khin Zaw who took him to the Quarter Guard, and there made Rifleman Zai Chin to have a peep at him for the purpose of identifying him. Rifleman Zai Chin then said the appellant was the dwarfish Lushai who had committed the murder.

Soon after, Major Khin Zaw who had a chance meeting with U Soe U, Subdivisional Police Officer, Insein, who had come to give evidence before a Court-Martial, showed U Soe U the report in " Mandaing " newspaper relating to the event at Kyaik-kala cemetery. He told U Soe U that

C.M.A. 1962

THAN ZAUVA v. THE UNION OF BURMA.

he would come to see the place and in the meantime to take steps to ensure that the wheel marks leading to the pond were not obliterated. At about 3 p.m. Major Khin Zaw accompanied by Captain Tun Baw went to inspect the pond near Kyaik-kala cemetery. There he was informed by Subdivisional Police Officer U Soe U that the police had in safe custody an army boot and sock which were found inside that pond. An attempt was made to photograph the wheel marks but because of the rain which fell since the previous night, these marks were not so clear as to be visible in a photograph. Major Khin Zaw next proceeded to Mayangone Police Station and there took possession of the army boot and sock which the police had seized. Arriving back at Camp, Ministry of Defence, Major Khin Zaw caused Rifleman Zai Chin to be brought out of Quarter Guard and Zai Chin went to his room and from there brought a dagger which he said he had found underneath the seat of the jeep while he was washing it. It was 9 p.m. then. Half an hour later, Major Khin Zaw proceeded to the Army Record Office where the appellant Than Zauva was in military custody. Major Khin Zaw showed the appellant the army boot and sock which he had brought from Mayangone Police Station and Than Zauva admitted that these boot and sock were his. Major Khin Zaw then asked the appellant Than Zauva the whereabouts of the pistol which was used in inflicting a gunshot wound on the deceased Rifleman Pyaung Si Loba. The appellant at first denied that he was in possession of such a pistol. However, on being coaxed by Major Khin Zaw and told that Rifleman Zai Chin had already made a clean breast of the whole affair, the appellant offered to produce his pistol. Accordingly, the appellant took Major Khin Zaw to his residential quarters which was inside the compound of an Army Depot at Kyaukkon. There hidden under a heap of firewood was a pistol exhibited in the case.

The appellant Than Zauva also produced from inside a box of clothing a twenty-kyat currency note, a ten-kyat currency note, and a Roamer wristlet watch with black plastic strap saying that these were the properties of the deceased Rifleman Pyaung Si Loba. The watch is Exhibit 8 in the connected case. Major Khin Zaw also made the appellant Rifleman Than Zauva put on one side of the boot which he had brought from Mayangone Police Station and found that it fit the appellant. The wristlet watch, the currency notes and the pistol obtained from Than Zauva and the dagger obtained from Zai Chin were made over by Major Khin Zaw to Police Station Officer U Than Sein.

On the 12th of September 1959, U Sein Tun (PW 8), Inspector of Police, went to the appellant Than Zauva's residence at Kyaukkon for the purpose of making a search for the army boot and sock forming a pair with those found in the pond at Kyaik-kala. He found the appellant's wife Ma Dwai and when told to produce the boot and sock, she produced the same which formed a pair with the boot which was found inside Kyaik-kala pond. According to Police Station Officer U Than Sein (PW 6) when he met the appellant Than Zauva and Zai Chin, the accused in the connected case, he also questioned them and seized a beret cap and an army belt from the appellant Than Zauva. He also seized an army belt from Zai Chin. These were stained with blood and they were sent to the Chemical Examiner. A report was received to the effect that they were stained with blood. Cutting from the seat of the jeep car No. 0284 (၀) also showed that it was stained with blood. A report from the Serologist and Chemical Examiner to the Government of India was to the effect that the cutting from the jeep cushion and the army belt and the beret cap were all stained with human blood *vide* Exhibit (၄).

C.M.A. 1962

THAN ZAUVA v. THE UNION OF BURMA.

After the investigation which was mainly conducted by army officers with the help of the police had been concluded, investigation of charges against the appellant and Zai Chin, the accused in the connected case were made as provided for in Chapter 4 of the Burma Army Act Rules corresponding to Chapter 5 of the Defence Services Rules. In course of this investigation, Captain Kya Tun (PW 12) recorded the statement of the appellant Than Zauva as provided for in Rule 15 (*f*) of the Burma Army Act Rules, after warning him that he was not obliged to say anything unless he wished to do so, and that whatever he might say would be taken down in writing and might be given in evidence against him. The statement of Than Zauva. Exhibit (ခ), is to the effect that he first met the deceased Rifleman Pyaung Si Loba on the 7th of September 1959 on introduction by Rifleman Zai Chin. On that day they went to see a cinema on Sule Pagoda Road where an English picture was being shown, and there he was informed by Zai Chin that he knew Pyaung Si Loba since they were at Kalemyo before they joined the army. The appellant again met the deceased Pyaung Si Loba and Zai Chin at 10-30 a.m. on the 8th of September 1959 and the deceased told him that he had come to Rangoon from Kalaw to take away some properties for his Unit. It was suggested that they should see an Indian film that evening and when the appellant demurred saying that he had no money Zai Chin said that he would pay for the show and that they should meet together in front of Ritz Cinema. Zai Chin also asked the appellant to bring with him the local made pistol which Zai Chin wanted to buy from him. That evening he went and met Zai Chin and the deceased Pyaung Si Loba who came in a jeep. They then went for a drive to the Strand where Zai Chin asked him whether he had brought the pistol with him. He showed the pistol and one cartridge to Zai Chin and also demonstrated how the

pistol should be used. When he asked Zai Chin for the money, the latter said that he had plenty and that he would pay the price in due course. They came back to the Ritz Cinema for the purpose of seeing the film " Mother India ". Instead, he and the deceased Pyaung Si Loba went to a liquor shop to have a drink of liquor with the money given by Zai Chin, while Zai Chin himself went to a teashop. Finding that it was too late to see the film as the show had already begun, they went in the car along Insein Road in search of a prostitute as Zai Chin suggested to the deceased Pyaung Si Loba he should have a woman that night. On the way they had tea at a teashop and filled the car with two gallons of petrol. It was already dark when they arrived at a wooden spot on Insein Road. The car was stopped, and they proceeded in the direction of a house where they thought they could get a woman. He was leading the way while the deceased Rifleman Pyaung Si Loba followed behind him and Zai Chin behind the deceased. Zai Chin then went back to the car saying that he had forgotten something and came back bringing an unknown article in his hand. They proceeded on their way and saw at a distance a house inside of which was lit by a small lamp. Zai Chin said that it was too early and said they should wait awhile. They then arrived at a bridge and there he heard the report of a gun. Being afraid, he lay flat on his face. He turned round to look, and saw Zai Chin holding a pistol in his hand. He also heard the noise of somebody inside a pond. He wrested the pistol from Zai Chin's hand and threatened to shoot Zai Chin with it, saying that he had another round of cartridge which he had secreted with him. He also asked Zai Chin whether his purpose in bringing them there was to kill both of them. Zai Chin then said that he only meant to harm the deceased Rileman Pyaung Si Loba with whom he had a serious quarrel while they were together

C.M.A. 1962

HAN ZAUVA v. HE UNION OF BURMA.

at Kalemyo. In the meantime, Pyaung Si Loba who was a Lushai like himself, shouted for help. He therefore tried to pull the deceased out of the pond but was frustrated in his attempt by Zai Chin who struck the deceased with something on the head and the deceased again fell into the pond. He therefore pointed the pistol at Zai Chin who then went back to the car. He followed Zai Chin and persuaded him to bring the car back to the pond with a view to look for the deceased by the aid of the light from the head lamps of the car. He then took out his uniform and heaped it on the bank before going inside the pond to bring out the deceased. However, as he could not swim the deceased had to be fished out of the pond with the aid of a pole which the deceased caught hold of. They then went back in the car to look for a suitable place to give medical aid to the deceased. They did not however wish to go to the General Hospital or to a Military Hospital. On the way they stopped the car and while he was trying to bandaged the wound on the deceased's head, Zai Chin struck the deceased with some weapon. The deceased then ran down from the car chased by Zai Chin. The deceased fell near a pile of bricks and Zai Chin continued to assault him. He therefore got hold of the pistol and pointing it at Zai Chin made him drive the car to his house leaving the deceased where he lay near the pile of bricks. Arriving at his house, Zai Chin washed out the blood-stains on the car. He then looked for the bundle of his clothing which was kept inside the car and found that one side of his boots was missing. He asked Zai Chin where it was, and Zai Chin said that he had brought everything he could find near the pond. Later, Zai Chin gave him a currency note for twenty kyats and another for ten kyats. He also gave him a wristlet watch which he said was worth K 70. Zai Chin asked him to take these properties and

to give him the pistol. He (appellant) however demurred and Zai Chin said that he would come later for the pistol.

Regarding the boot which was found from the pond at Kyaik-kala, the appellant admitted in his statement that it was his.

The wristlet watch with the black strap which was seized from the possession of the appellant was identified by Bishahi of the Staff College, Kalaw, as that belonging to the deceased. According to Bishahi (PW 10), he came with the deceased Pyaung Si Loba from Kalaw to Rangoon for the purpose of getting certain equipment for his Unit. On arrival at Rangoon they put up at the Camp of the Ministry of Defence. The deceased Pyaung Si Loba was wearing a wristlet watch with a black strap. While at the Camp Pyaung Si Loba was seen going about with Zai Chin, the accused in the connected case. Three or four days later Pyaung Si Loba did not come back to Camp. About two days later he saw an account in a vernacular newspaper regarding the murder at Kyaukkon. He was then taken by Captain Tun Baw to the mortuary at the Rangoon General Hospital where he identified the body of Rifleman Pyaung Si Loba. Regarding the wristlet watch which Pyaung Si Loba was wearing before his death it was shown to him by Captain now Major Khin Zaw and he identified it as that of the deceased. He could identify it from its size, appearance and the fact that it had a black strap on because he often saw the deceased wearing it.

Before the Court-Martial the appellant, after the close of the case for the prosecution, did not elect to give evidence on oath or to make a statement without being sworn. Under Rule 57 of the Defence Services Rules, he was not obliged to do either. Therefore the evidence of Major Khin Zaw regarding the various statements made to him by the appellant regarding the boot which was found at the pond at Kyaik-kala, the pistol which was produced by

C.M.A. 1962

IAN ZAUVA v. IE UNION F BURMA.

him as his, and the currency notes and the wristlet watch which were produced as those belonging to the deceased Pyaung Si Loba stands unrebutted. So is the statement made by him under clause (*f*), Rule 15 of the Burma Army Act Rules.

As already observed by this Court in another case, the proceedings relating to the investigation of charges prior to a Court-Martial, as provided for in Chapter 4 of the Burma Army Act Rules, corresponding to Chapter 5 of the Defence Services Rules are proceedings before a Commanding Officer of an Army Unit or before an officer deputed by him, analogous to commital proceedings under the Code of Criminal Procedure. Therefore the statements of accused recorded under Rule 15 (*f*) of the Burma Army Act Rules corresponding to Rule 22, sub-rule (3) of the Defence Services Rules are admissible in evidence.

Regarding the statements made by the appellant to Major Khin Zaw, they are also admissible in evidence as admissions of incriminating facts. In coming to this conclusion we are not unmindful of the dictum of the Privy Council in *Pakala Narayan Swami* v. *The King-Emperor* (1) which was relied upon by Mosely, J., in *Ramdayal Mangilal* v. *The King* (2) where the learned Judge held that the statements made to a police officer by an accused person in the course of an investigation are not admissible in evidence, even when the person making them was not accused at the time of making the statements. However, in *Nga Ba Kyaing* v. *Emperor* (3) Mosely, and Ba U, JJ., held that " a statement by the accused which amounts to an admission that he was present at the scene of the crime and that he was accompanying the persons who had committed the crime and which is otherwise exculpatory, fixing the sole guilt on the other man, although entirely inadmissible as

(1) 18 Patna 234 (P.C.) (2) (1941) R.L.R. 784.
(3) A.I.R (1936) Rangoon 131.

against the other accused, is admissible for what it is worth, against the person making it under section 18 and section 21 of the Evidence Act". This decision of the Rangoon High Court was referred to with approval by a Bench of the Sind High Court in *Allahwarayo Daryakhan* v. *Emperor* (4) where it was held by distinguishing the case of *Pakala Narayan Swami* v. *The King-Emperor* (1) that considerations which attach to the question of the admissibility of a confession made under section 162 of the Criminal Procedure Code are different from the considerations which attach to a confession made before a Magistrate and that an admission of incriminating facts made by an accused person to a Magistrate under section 164, Criminal Procedure Code, or a statement made to the Court during the course of the trial is admissible in evidence for what it is worth against the person who makes it under sections 18 to 21, Evidence Act.

In *re B. Titus and others* (5) Horwill, J., made the following observations at page 722:

> ". . . A person who subsequently becomes an accused may have made many admissions which do not implicate himself in any criminal charges; and these would be admissible under section 21, Evidence Act. Mr. Jayarama Ayyar quotes a decision of the Privy Council in 18 Pat. 234 and argues that the Committee held that statements that are described as admissions in civil actions are confessions in criminal cases. I do not however find anything to that effect in their judgment. On the other hand, they have given an illustration of a case of an admission which would not amount to a confession. They however ruled out the statement in question, which was that the accused had slept on the night of the offence in the house of the person who was killed—not because it was either a confession or admission but because it had to be excluded under section 162, Criminal Procedure Code, as being a statement made to the police during the course of investigation."

(1) 18 Patna 234 (P.C.) (4) A.I.R. (1940) Sind, 53.
(5) A.I.R. (1941) Madras 720.

C.M.A. 1962

AN ZAUVA v. E UNION BURMA.

The whole matter has however been elaborately discussed by a Bench of the Patna High Court in *Akal Sahu* v. *Emperor* (6) but we need only reproduce the following passage of the judgment in that case:

In the case now under consideration an inquiry is clearly necessary with a view to find out: (1) whether it was physically impossible for the process-server to have affixed a copy of the summons to a conspicuous part of the house of the defendant even assuming that his report is true; (2) whether the process-server did in fact go to the house of the defendant and experience the circumstances mentioned in his report; (3) whether it is true that the defendant only came to know about the existence of the decree against him on receipt of the notice from the High Court regarding the plaintiff U Ba Tun's appeal, or (4) whether the defendant was all along aware of the institution of the suit against him and the passing of the *ex parte* decree.

In this connection the observations Bench of the late High Court of Judicaure at Rangoon in *K.K.N.K.A.R. Chettyar Firm* v. *Aga M. Sheerazee* (1) may be usefully quoted. There it was held that: " In Article 164, Limitation Act, and Order 9, Rule 13, Civil Procedure Code, the expression " due service of summons " means not only that the summons was served in proper form according to the directions laid down in the Code, but also that that summons was served under circumstances which enabled the Court to be satisfied that the defendant had knowledge of

(1) A.L.R. 1939. Ran. 436.

C.C. 1962

U WA v. U BA TUN.

the decree against him, except of course in the case where the defendant had purposely put it out of his power to have such knowledge."

In the result, the appeal succeeds. The order of the learned 2nd Judge of the City Civil Court appealed against is set aside, and the learned Judge directed to deal with the application of the defendant U Wa under Order 9, Rule 13 of the Civil Procedure Code according to law in the light of the remarks made above. Let each party bear its own costs of this appeal.

တရားရုံးချုပ်

စာရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးစံမောင်နှင့် တရားသူကြီး ဦးမောင်ခမောင် တို့ ရှေ့မှောက်တွင်

ကိုလန်ဘား (လျှောက်ထားသူ)

နှင့်

ပရာဖူးလာချန်ဒရာပါသကာ ပါ ၃ (လျှောက်ထားခံရသူများ)*

† ၁၉၆၂ စက်တင်ဘာလ ၆ ရက်။

၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ သက်တမ်းကုန်ဆုံးပြီးနောက် ကြားကာလတွင် တင်သွင်းသောအမှုများ၊ သာမန် အက်ဥပဒေများ အရသာလျှင်စစ်ဆေးစီရင်ဆုံးဖြတ်ရမည်။

၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၄၄ (ခ)ပါ ပြဋ္ဌာန်းချက်များသည်၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ သက်တမ်းကုန်ဆုံးပြီးနောက်၊ ကြားကာလတွင် တင်သွင်းသော တရားမမှုများနှင့် မသက်ဆိုင်။ ထိုတရားမမှုများကို သာမန်အက်ဥပဒေများအရသာလျှင် စစ်ဆေးစီရင်ဆုံးဖြတ်ရမည်။

ယင်းသို့ဖြစ်၍ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၀၆ အရ၊ တရားဝင်နို့ တစ်စာ အိမ်ဌါးအား ပေးပြီးဖြစ်ရကား၊ အိမ်ဌါးသည် နှင်ထုတ်လိုမှု တရားစွဲဆိုသည် ကိုမခုခံနိုင်တော့ပေ။

လျှောက်ထားသူအတွက်။ ။ဦးသန်းဝင်း၊ လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူများအတွက်။ ။မစ္စတာ အင်စီဆင်း၊ လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊ ယခုလျှောက်ထား ခံရသူများက၊ လျှောက်ထားသူ ကိုလန်ဘား အပေါ်၊ ပုသိမ် အနောက်ပိုင်း မြို့နယ်တရားမရုံး၊ တရားမမှု အမှတ် ၇/၆၀ တွင်၊ ပုသိမ်မြို့ရှိ၊ မိမိတို့ပိုင် နှစ်ထပ်အိမ်အောက်ထပ်တောင်ဘက် အစွန်ဆုံး အခန်းမှ နှင်ထုတ်လိုမှု တရားစွဲဆိုခဲ့လေသည်။ မြို့နယ် တရားမရုံးက၊ လျှောက်ထားခံရသူများအား နှင်ထုတ်ရန်ဒီကရီမရထိုက်ကြောင်း ဆုံးဖြတ်လိုက်၏။ ပုသိမ်မြို့ခရိုင်

* ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၁၈။

† ၁၉၆၁ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၂ တွင် ၁၉၆၂ ခု၊ ဇန္နဝါရီလ ၃၀ ရက် ပေးစွဲပါ ရန်ကုန်မြို့၊ တရားလွှတ်တော်ရုံး၏ ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

၁၉၆၂

ကိုလန်ဘား နှင့် ပဆုဖူး (၁၁ချုန် ဒဆုပါလကာ ပါ ၃။

တရားမ ရုံးက မူကား၊ လျှောက်ထား ခံရသူများနှင့် လျှောက်ထားသူသည်၊ အိမ်ရှင်နှင့် အိမ်ငှါးများ ဖြစ်သည်ဟု ယူဆ၍၊ လျှောက်ထား ခံရသူများက၊ ဟုဆိုလွဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၀၆ အရ၊ အခင်းဖြစ် အိမ်ခန်းမှ ထွက်ခွါသွားရန် လျှောက်ထားသူသို့ နို့တစ်စာ ပေးပြီး ဖြစ်သည်တကြောင်း၊ လျှောက်ထား သူမှာ လည်း၊ လျှောက်ထား ခံရသူများ၏ သဘောတူညီချက် မရရှိဘဲ၊ အိမ်ခန်း သံမံသလင်း ခုံကို ဖျက်ချခြင်း၊ မူလ တံခါးကို ဖျက်ပြီး၊တံခါးသစ် တပ်ခြင်း စသည့် ဥပစာ အခြေအနေ ဆိုးရွား သွားစေသည့် အမှုများ ပြုသည် တကြောင်းတို့ကြောင့်၊ နှင်ထုတ်စေရန် ဒီဂရီ ချမှတ်လိုက်သည်။ လျှောက်ထားသူက၊ တရားလွှတ်တော်သို့ အယူခံဝင်ရာ မအောင်မြင်သဖြင့်၊ တရား စီရင်ရေး အက်ဥပဒေ ပုဒ်မ ၆ အရ၊ အထူး အယူခံဝင်ခွင့် ရရှိရန် ယခု လျှောက်ထားခြင်း ဖြစ်သည်။

ဤအမှုတွင် ထူးခြားသည့် အချက်တရပ်မှာ၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ။ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင်၊သက်တမ်း ကုန်ဆုံးပြီးနောက်၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ။ ၁၉၆၀ ခုနှစ်၊ မေလ ၄ ရက်နေ့တွင်၊ စတင် အာဏာ မတည်မီ ကြားကာလ အတွင်း ဖြစ်သော၊ ၁၉၆၀ ခုနှစ်၊ ဇန္နဝါရီလ ၁၅ ရက်နေ့တွင်၊ လျှောက်ထား ခံရသူများက၊ လျှောက်ထားသူ အပေါ်၌၊ အိမ်မှ နှင်ထုတ်လိုမှု တရားစွဲဆိုခြင်း ဖြစ်သည်။ ယင်းသို့ ဖြစ်၍၊ သာမန်အားဖြင့် အထက်ဖော်ပြပါ၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေများသည်၊ ထိုစွဲဆိုမှုနှင့် သက်ဆိုင်မည် မဟုတ်ပေ။ သို့သော် ၁၉၆၀ ခုနှစ်၊ မေလ ၄ ရက်နေ့၌၊ စတင် အတည်ဖြစ်သော၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၄၄ (ခ) တွင် အောက်ပါ အတိုင်း ပြဋ္ဌာန်း၏။

"၄၄။ ။၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေမှာ၊ သက်တမ်း ကုန်ဆုံး၍၊ အာဏာတည်ခြင်းမှ ရပ်စဲသွားစေကာမူ—

(ခ) ဤအက်ဥပဒေ စတင် အာဏာတည်သည့် အချိန်၌၊ တရားရုံးတွင် ဖြစ်စေ၊ အဆိုပါ အက်ဥပဒေ အရ၊ ခန့်ထားသည့် ကြီးကြပ်ရေး ဝန်ထမ်းတွင် ဖြစ်စေ၊ မပြီး မပြတ်ဘဲ ကျန်ရှိနေသေးသော တရားမမှုများကိုလည်း၊ ရာဇဝတ်မှုမျိုး ဖြစ်သော မှုခင်းများမှ တပါး၊ အခြားမှုခင်းများကိုလည်း၊ အဆိုပါ အက်ဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့် အညီ၊ ပြီးပြတ်အောင်စစ်ဆေး စီရင်ရမည်။ ထို့ပြင် အဆိုပါ အက်ဥပဒေ အရ၊ ထုတ်ပြန်သော၊ သို့တည်း မဟုတ် ပြုလုပ်သော အမိန့် ကြော်ငြာစာများ၊ အမိန့်များ၊ နည်းဥပဒေ များနှင့်

ရာထူးခန့်ထားခြင်းများသည်၊ အဆိုပါ အက်ဥပဒေ မည်သည့် အခါ ကမျှ သက်တမ်း မကုန်ဆုံးဘဲ၊ အာဏာတည်လျက် ရှိဘိသကဲ့သို့ ဆက်လက် အတည် ဖြစ်စေရမည်။"

၁၉၆၂

ကိုသန်ဘား နှင့် မရာဖူး လာချုန် ဒရုပါလကာ ပါ ၃။

ယခုတရားမမှုသည်၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ စတင် အတည်ဖြစ်သော၊ ၁၉၆၀ ခုနှစ်၊ မေလ ၄ ရက်နေ့တွင်၊ မပြီး မပြတ်ဘဲ ကျန်ရှိနေ သေးသည်ကား မှန်၏။ သို့သော် ထိုပုဒ်မ ၄၄ (ခ) ပါ၊ ပြဋ္ဌာန်းချက်များကို စဉ်းစားရာ၌၊ သက်ဆိုင်ရာ တရား ဥပဒေကြောင်း ဆိုင်ရာမူများကို ထည့်သွင်း စဉ်းစား ခြင်းမပြုဘဲ၊ အဓိပ္ပါယ်ကောက်ယူ ခဲ့လျှင်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေများ မရှိမီ ကြားကာလတွင် တင်သွင်းသော မှုခင်းများမှာ၊ အထွေးထွေး အလွှတ် ရှုတ်ဖြစ်၍၊ အမှုသည်များမှာ များစွာမှားယွင်း နစ်နာပေလိမ့်မည်။ ဥပမာ ဆိုလျှင်၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၄ (က) အရ၊ ဌါးရမ်းခ ကြီးကြပ်ရေးဝန်၏ အခွင့် အမိန့် မရ ရှိလျှင်၊ အိမ်ရှင်သည် အိမ်ငှါးအား၊ ထိုအက်ဥပဒေ ပုဒ်မ ၁၁ (ဃ)၊ (င)၊ သို့တည်းမဟုတ် (စ) အရ၊ တရား မစွဲနိုင်ပေ။ တနားရုံးကလည်း၊ ထိုစွဲဆိုမှုကို လက်မခံနိုင်ပေ။ ထို့ကြောင့် ကြားကာလတွင် ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေ အစရှိသော သာမန် အက်ဥပဒေများ အရ၊ တရားစွဲပိုင်ခွင့် ရှိသူများ၊ တရားစွဲခဲ့ရာတွင်၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၄၄ (ခ) အရ၊ ထိုအမှုကို၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ၊ ပြီးပြတ်အောင် စစ်ဆေးစီရင်ခြင်း မပြုနိုင်တော့ပေ။ အဘယ်ကြောင့် ဆိုသော်၊ ကြီးကြပ်ရေးဝန်၏ အခွင့် အမိန့် မရရှိဘဲ၊ တရားစွဲဆိုခဲ့သောကြောင့် အမှုကိုပင် လက်မခံနိုင်၍ ဖြစ်သည်။ ထို့ပြင်လည်း၊ ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၀၆ အရ၊ အိမ်ရှင်က အိမ်ငှါးထံ နို့တစ်စာ ပေးပြီး အိမ်ငှါးခြင်း ရပ်စဲစေခဲ့လျှင် အိမ်ငှါးအား၊ အိမ်ဥပစာမှ နှင်ထုတ်စေရန် တရားစွဲဆိုနိုင် ပေမည်။ သို့တရားစွဲဆိုနိုင်သည့် အလျောက် ကြားကာလတွင် တရားစွဲဆိုခဲ့လျှင်လည်း၊ အဆိုပါ ပုဒ်မ ၄၄ (ခ) ပါ ပြဋ္ဌာန်းချက်များနှင့် အညီ၊ အမှုကို အပြီးအပြတ် စစ်ဆေး စီရင်ရမည်ဆိုလျှင်၊ စစ်ဆေး စီရင်ရန်ပင် လိုတော့မည် မဟုတ်ပေ။ အကြောင်း သော်ကား၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၁ ၌၊ ပြဋ္ဌာန်းထားသည့် အကြောင်း တခုခုရှိမှ သာလျှင် အိမ်ရှင်က အိမ်ငှါးအား၊ အိမ်ဥပစာမှ နှင်ထုတ်ရန် တရားစွဲဆိုနိုင်ပေမည်။

အဆိုပါ ပုဒ်မ ၄၄ (ခ) ၌၊ တရားရုံးတွင် ဖြစ်စေ၊ ကြီးကြပ်ရေးဝန် ထံတွင် ဖြစ်စေ၊ ပြီးမြတ်ဘဲ ကျန်ရှိနေသေးသော တရားမမှုများကိုငင်း၊ ထုဇဝတ်မှု မျိုးဖြစ်သော

၁၉၆၂

ကိုလန်ဘား နှင့် ဦးဖူး လာချန် ၁ဈဝပါလကာ ပါ ၃။

မှုခင်းများမှ တပါး၊ အခြား မှုခင်းများကိုလည်း၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ၊ ပြီးပြတ်အောင် စစ်ဆေးစီရင်ရမည်ဟူ၍၊ ရုံးတွင် ကျန်ရှိသည့် တရားမ မှုခင်းများနှင့် ကြီးကြပ်ရေးဝန်ထံ ကျန်ရှိသည့် အခြား မှုခင်းများကို၊ ရောပြွန်း၍၊ ဖေါ်ပြထားသည့် အလိုမှာ၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ တည်ရှိစဉ်က တင်သွင်းခဲ့၍၊ မပြီး မပြတ် ကျန်ရှိသော အမှုများကို ထိုအက်ဥပဒေအရ၊ အပြီးအပြတ် ဆုံးဖြတ်စေလိုဟန် တူသည်။

အထက်၌ ဖေါ်ပြခဲ့သည့် အတိုင်း၊ ပုဒ်မ ၄၄ (ခ) ပါ ပြဋ္ဌာန်းချက်များမှာ၊ ရှင်းလင်းသည်ဟု မဆိုနိုင်ပေ၊ **ရွန်နန်းရီရဲတီ (စ်) လီမိတက် နှင့် ဗဲလီဒီစိန်မိုင်ကယ်** (၁) အမှုတွင်၊ ပရီဗီ ကောင်စီက အောက်ပါ အတိုင်း မြွက်ဆိုခဲ့၏။

> "... Where the words of a statute are clear they must, of course, be followed; but, in their Lordships' opinion, where alternative constructions are equally open, that alternative is to be chosen which will be consistant with the smooth working of the system which the statute purports to be regulating; and that alternative is to be rejected which will introduce uncertainty, friction or confusion into the working of the system."

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ ၁၉၆၀ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၄၄ (ခ) ပါ၊ ပြဋ္ဌာန်းချက်များသည်၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ သက်တမ်း ကုန်ဆုံးပြီးနောက် ကြားကာလတွင် တင်သွင်းသော တရားမမှုများနှင့် မသက်ဆိုင်။ ထိုတရားမမှုများကို၊ သာမာန် အက်ဥပဒေများအရသာလျှင် စစ်ဆေးစီရင် ဆုံးဖြတ်ရမည်ဟု ယူဆသည်။

ယင်းသို့ ဖြစ်၍၊ ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၀၆ အရ၊ တရားဝင်နို့တစ်စာ အိမ်ဌါးအား ပေးပြီးဖြစ်ရကား၊ အိမ်ဌါးသည် နှင်ထုတ်လိုမှု တရားစွဲဆိုသည့်ကို မခုခံနိုင်တော့ပေ။

လျော်ကြေးကိုစရိတ်နှင့်တကွ ပလပ်လိုက်သည်။ ကျိုးတော် ရွှေနေခမှာ၊ ဂျ ကျပ် ဖြစ်စေရမည်။

---

(၁) ၁၉၂၄၊ အေ၊ စီ၊ စာမျက်နှာ ၁၀၅၊ ၁၉၂၂။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီး ရှေ့၌

ဒေါ်ချူးအုံ (အယူခံတရားလို) † ၁၉၆၂
စက်တင်ဘာလ
၂၅ ရက်။
နှင့်
ဒေါ်ခ (အယူခံတရားခံ)*

ပစ္စည်းခွဲဝေခြင်း (Partition)၏ အဓိပ္ပါယ်။

ဆုံးဖြတ်ချက်။ ။ပစ္စည်းခွဲဝေခြင်း (Partition) ဆိုသည်မှာ၊ ထိုပစ္စည်းဆိုင်ရာ အတူအကျိုးခံစားပိုင်သည့် အခွင့်အရေးအနက်၊ အချို့ကို မိမိနည်းတူ အကျိုးခံစားပိုင်ခွင့် ရှိသူအားစွန့်၍ ထိုသူကလည်း ဖလယ်သည့်အနေဖြင့် အပြန်အလှန် စွန့်ခြင်းဖြစ်သည်။

အယူခံတရားလိုအတွက်။ ။ဦးတိပိဝမ်း လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။ဦးဝမ်ဟုတ် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအယူခံမှုသည်၊ အယူခံတရားလို ဒေါ်ချူးအုံက အယူခံတရားခံ ဒေါ်ခထံမှ လက်ပံတန်းမြို့နယ်၊ ကိုင်းတောစုရွာရှိ ခြံမြေတကွက်ကို လက်ဆောက်ရလိုမှု တရားစွဲဆိုရာမှ ပေါ်ပေါက်လာသော အယူခံမှုဖြစ်သည်။ ဒေါ်ချူးအုံ အဆိုမှာ ၎င်းခြံမြေသည် မိမိနှင့် ခင်ပွန်း ဦးလှကျော်တို့ ပိုင်ဆိုင်ခဲ့သော ခြံမြေဖြစ်၍၊ ထိုခြံမြေပေါ်ရှိအိမ်၌ မိမိ၊ ဦးလှကျော်နှင့် ဦးလှကျော်၏တူမ ယခုအယူခံတရားခံ ဒေါ်ခတို့ အတူနေထိုင်ခဲ့ကြရာမှ၊ လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ဦးလှကျော်သေဆုံး၍၊ တရားမစွဲမီတနှစ်ခန့်က၊ ထိုနေအိမ် ဆွေးမြေ့ယိုယွင်းသဖြင့်ဖျက်ပြီး အခြားတနေရာတွင် ယာယီပြောင်းရွှေ့ နေထိုင်ခဲ့ကြောင်း။ ဒေါ်ခအား၊ ထိုခြံမြေပေါ်၌ ခေတ္တနေထိုင်ခွင့်ပြုခဲ့ကြောင်း။ ထိုမြေပေါ်၌ အိမ်သစ်ဆောက်ရန်အတွက် ဒေါ်ခအား၊ ဖယ်ရှားပေးရန် ပြောရာ၊ ဒေါ်ခငြင်းဆိုခဲ့ကြောင်းဖြင့် တရားစွဲဆိုလေသည်။

ဒေါ်ခချေပသည်မှာ၊ မိမိသည် ဦးလှကျော်၏ တူမဖြစ်၍၊ ဦးလှကျော်နှင့် ပဌမအိမ်ထောင် ဒေါ်ရွှေထိန်တို့က မိမိအား ကိုတ္တိမသမီးအဖြစ် မွေးစားခဲ့ကြောင်း။ဒေါ်ရွှေ

---

* ၁၉၆၁ ခုနှစ်၊ တရားမရုံတော်ရ အယူခံမှုအမှတ် ၄၄။

† ၁၉၆၁ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၁ တွင် ၂၂-၄-၆၁ နေ့ရှိပါ၊ ဘာယာဝတီ ရာဘက်ခရိုင် တရားမ တရားသူကြီးချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၂

ဒေါ်ချူးအုံ နှင့် ဒေါ်ခ။

ထိန် ကွယ်လွန်သည့် အခါ၊ ဦးလှကျော်နှင့် ဒေါ်ချူးအုံတို့ အိမ်ထောင်ကြီးချင်းအကြင် လင်မယားအဖြစ် ပေါင်းသင်း၍ အချင်းဖြစ်အိမ်၌ နေထိုင်ကြရာ၊ မိမိလည်း အတူ နေခဲ့ကြောင်း။ ထိုနောက် ထိုအိမ်နှင့် ခြံမြေမှာ ဦးလှကျော် အမွေရခဲ့သည် ဖြစ်သဖြင့်၊ မိခိနှင့် ဒေါ်ချူးအုံတို့ အမွေခဲ့ကြရာ၊ ခြံမြေကို မိမိရရှိ၍ အိမ်ကို ဒေါ်ချူးအုံ ရရှိခဲ့ကြောင်းဖြင့် ထုချေလေသည်။

လက်ပံတန်းမြို့နယ် တရားမ တရားသူကြီးသည်၎င်း၊ သာယာဝတီရာဘက် ခရိုင် တရားမ တရားသူကြီးသည်၎င်း၊ ဒေါ်ခအား၊ ဦးလှကျော်-ဒေါ်ရွှေထိန်ဇို့ ကိတ္တိမသမီးအဖြစ် မွေးစားသည်ဆိုသည့် ချေပချက်ကို လက်မခံကြချေ။ လက်ခံရန် အကြောင်းလည်း စိုးစဉ်းမျှမရှိချေ။ ဒေါ်ခ တင်ပြသော သက်သေဒေါ်စိန်နု၊ ဒေါ်စိန်ညွန့်တို့မှာ ထိုမွေးစားသည်ဆိုသည့် အချိန်၌ ကလေးအရွယ်မျှသာ ရှိကြသေး၏။ ဒေါ်စိန်နု ထွက်ဆိုသည်မှာ၊ ဒေါ်ခအား ဦးလှကျော်တို့ မွေးစားကြောင်း လူကြီးများ ပြောနေကြသံကို ငှင်းနှင့် မစိန်ညွန့်တို့ မလှမ်းမကမ်းက ကြားရကြောင်းသာ ဖြစ်သည်။ ထိုသက်သေခံချက်မျိုးမှာ တန်ဘိုးမရှိလှချေ။ အခြားပေါ်ပေါက်သည့် သက်သေခံချက်များကို လေ့လာရာ၌၊ ဒေါ်ခအား ဦးလှကျော်တို့ မွေးစားကြောင်း အိမ်နီးချင်းများနှင့် ရပ်ရွာလူကြီးများ မကြားသိကြကြောင်း ထင်ရှား၏။ ထို့ကြောင့် ဒေါ်ခသည် ဦးလှကျော်-ဒေါ်ရွှေထိန်တို့၏ ကိတ္တိမသမီး မဟုတ်ကြောင်း ဖြေဆိုရပေမည်။

သို့ဖြစ်ရာကား၊ အကယ်၍ ဒေါ်ချူးအုံနှင့် ဒေါ်ခတို့ "အမွေခဲ့ဝေ" ကြသည်ဆိုသည့်အချက်ကို လက်ခံစေကာမူ၊ ထိုသို့ခဲ့ဝေသည်မှာ အမွေခဲ့ဝေသည်ဟု မဆိုနိုင်ချေ။ ပစ္စည်းခဲ့ဝေခြင်း (Partition) ဆိုသည်မှာ၊ ထိုပစ္စည်းဆိုင်ရာအတူ အကျိုးခံစားပိုင်သည့် အခွင့်အရေးအနက်၊ အချို့ကို မိမိနည်းတူ အကျိုးခံစားပိုင်ခွင့်ရှိသူအား စွန့်၍၊ ထိုသူကလည်း ဖလှယ်သည့်အနေဖြင့် အပြန်အလှန် စွန့်ခြင်းဖြစ်သည်။ ယခုမူကား၊ ဒေါ်ခ၌ အကျိုးခံစားနိုင်ခွင့် မရှိသဖြင့်၊ အကယ်၍ ဒေါ်ခခဲ့မြေကို ရရှိလျှင်လည်း၊ ဒေါ်ချူးအုံက မေတ္တာအလျောက် ပေးခြင်း (gift) အားဖြင့် ရရှိသည်ဟု တရားဥပဒေသဘောအရ ဆိုရပေမည်။ ယင်းသို့ မေတ္တာ အလျောက် ပေးခြင်းသည်၊ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၂၃ အရ၊ မှတ်ပုံတင်စာချုပ်ဖြင့် မပြုလုပ်သဖြင့်၊ တရားမဝင်ချေ။

ဤနေရာ၌ အလျဉ်းသင့်သဖြင့် ပေါ်ပြလိုသည်မှာ၊ ရာဘက်ခရိုင် တရားမ တရားသူကြီးသည်၊ ဒေါ်ခအမွေမမှီ၊ မြေးအဖြစ် အမွေခံခွင့်ရှိကြောင်း ပေါ်ပြသည်မှာ၊ အထင်အရှား မှားယွင်းလေသည်။ ဒေါ်ခ၏ ချေလွှာတွင်၊ အမွေမမှီ မြေးအဖြစ် အမွေခံထိုက်ကြောင်း အလျဉ်းမပေါ်ပြခဲ့ပေ။

၁၉၆၂

ဒေါ်ချူးအုံ နှင့် ဒေါ်ခ။

အခမဲ့ခွဲဝေသည်ဆိုသည်မှာလည်း၊ ဒေါ်ခ ထူသောသက်သေ ဦးသိန်းဖေနှင့်ဦးစိန်ပုင့်တို့၏ဆွက်ချက်များသည်၊ မရေရာသဖြေ။ ဦးသိန်းဖေက၊ အိမ်ထောင်ပရိဘောဂမှစ၍ အိမ်နှင့်ခြံမြေကိုပါ ခွဲဝေကြောင်း ထွက်ဆိုသော်လည်း၊ ဦးစိန်ပုင့်ကမူကား၊ အိုးခွက်စသည့် အိမ်ထောင်ပရိဘောဂကိုသာ ခွဲဝေကြောင်း။ အိမ်နှင့်ခြံမြေကို မခွဲဝေကြောင်း။ ထွက်ဆိုလေသည်။ ထိုမှတပါး လည်း၊ ထိုသက်သေများသည် ဒေါ်ချူးအုံနှင့် ဒေါ်ခတို့ မည်သည့်ပိုင်ဆိုင်ခွင့်များ ရှိကြသည်ကို မသိကြချေ။ ဦးသိန်းဖေ ထွက်ဆိုသည်မှာ "ဘာဖြစ်သို့ မခအား ဒေါ်ချူးအုံက အခမဲ့ခွဲဝေ ရမည်ဆိုတာကိုလည်း မသိပါ" ဟုထွက်ဆို၏။ ဘာမျှမသိဘဲ အမွေခွဲဝေ ပေးသည်ဆိုသူ၏ သက်သေခံချက်ကို လက်မခံသင့်ပေ။ အခမဲ့ခွဲဝေခြင်းနှင့် စပ်လျဉ်း၍၊ မူလရုံး ဆုံးဖြတ်ချက် မှန်ကန်သည်ဟု ယူဆရပေမည်။

ထို့ကြောင့်၊ ရာဘာက်ခရိုင် တရားမရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍၊ မူလရုံး၏ စီရင်ချက်နှင့် ဒီကရီအတိုင်း တည်စေရန် အမိန့်ချမှတ်လိုက်သည်။

ဒေါ်ခသည် ဒေါ်ချူးအုံ၏၊ ရုံးသုံးတရားစရိတ်ကို ပေးဆောင်ရမည်။ ကျန်ရုံး ရှေ့နေခသည် ဂဈိ ဖြစ်စေရမည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးရှေ့၌

† ၁၉၆၂
စက်တင်ဘာလ
၂၅ ရက်

မောင်စိန်ညွန့် (အယူခံတရားလို)
နှင့်
မအေးကြည် ပါ ၃ (အယူခံတရားခံများ) *

ဗုဒ္ဓဘာသာ မြန်မာလူမျိုး မင်္ဂလာဆောင်ရန်ကတိ၊ မည်သည့်အခါ မမြောက်ခြင်း။

ဆုံးဖြတ်ချက်။ ။ဗုဒ္ဓဘာသာ မြန်မာလူမျိုးများဖြစ်သူ ယောကျ်ားနှင့် မိန်းမ မင်္ဂလာဆောင်ရန်နှစ်ဦးစလုံးသဘောမတူဘဲမင်္ဂလာဆောင်ရန် ကတိအထမမြောက်ခဲ့။

မောင်သိန်းပါ ၂ နှင့် မသက်နှင်းပါ ၂၊ အောက်မြန်မာပြည် စီရင်ထုံးများ အတွဲ ဂ၊ စာ ၃၄၇။

မောင်ဘိုးသော်နှင့် မောင်သာလှိုင် အထက်မြန်မာပြည် စီရင်ထုံးများ ၁၉၁၇-၂၀၊ အတွဲ ခ၊ စာ ၁၀၆ တို့ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးတင်လှလိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံများအတွက်။ ။ဦးထွန်းဝင်းလိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုအမှုသည် အယူခံတရားလို မောင်စိန်ညွန့်က၊ အယူခံတရားခံ မကြင်စိန်နှင့် ၎င်း၏ မိဘများဖြစ်သူ၊ မောင်ကြာဆိုင်-မအေးကြည်တို့အပေါ်၌၊ မင်္ဂလာဆောင်ရန် ကတိပျက်ကွက်သဖြင့် လျော်ကြေးငွေ ၅၀၀ ရလိုမှု တရားစွဲဆိုရာမှ ပေါ်ပေါက်လာသော အယူခံမှုဖြစ်သည်။

စလင်းမြို့၊ မြို့နယ်တရားမရုံးက မောင်စိန်ညွန့် စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်လိုက်သည်။ မင်းဘူးရာဘက် ခရိုင်တရားမရုံးကမူကား၊ မကြင်စိန်သည် မောင်စိန်ညွန့်နှင့် လက်ထပ်ရန် သဘောတူကြောင်း သက်သေခံချက် မရှိဟုယူဆပြီး၊ မူလရုံး၏ ဒီကရီကို ပယ်လိုက်သည်။

---

* ၁၉၆၁ ခုနှစ်၊ တရားမဒုတိယ အယူခံမှုအမှတ် ၅၉။

† ၁၉၆၁ ခုနှစ်၊ တရား မ အယူခံမှု အမှတ် ၃ တွင် ၂၂-၆-၆၁ နေ့စွဲပါ မင်းဘူးမြို့၊ ရာဘက်ခရိုင် တရားမ တရားသူကြီးချမှတ်သော ဒီကရီကို အယူခံဝင်မှု။

၁၉၆၂
မောင်စိန်ညွှန့်
နှင့်
မအေးကြည်
ပါ ၃။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ဖြစ်သူ ယောကျ်ားနှင့် မိန်းမ မင်္ဂလာဆောင်ရန် နှစ်ဦးစလုံး သဘောမတူဘဲ၊ မင်္ဂလာဆောင်ရန် ကတိ အထမမြောက်နိုင်ခဲ့။ **မောင်သိန်းပါ ၂ နှင့် မသက်နှင်းပါ ၂** (၁)အမှုနှင့် **မောင်ဘိုးသော်နှင့် မောင်သာလှိုင်**။ (၂) တို့အမှုတွင် အထက်ပါအတိုင်း အတိအလင်း ပြဋ္ဌာန်းထားခဲ့လေသည်။

ဤအမှုတွင် မောင်စိန်ညွှန့်နှင့် ၎င်းထူသော သက်သေများ၏ ထွက်ချက်များကို ဖတ်ရှုရာ၌၊ သူကြီးဦးအောင်ညွှန့် (လိုပြ ၁)၊ ကာလသားခေါင်း ဦးထော် (လိုပြ ၂) နှင့် အခြားလူကြီးများ မောင်ကြာဆိုင်-မအေးကြည်တို့ အိမ်သို့သွားရောက်၍၊ မောင်စိန်ညွှန့်နှင့် မကြင်စိန်တို့အား လက်ထပ်ထိမ်းမြားရန်အတွက် စေ့စပ်ကြောင်း လမ်းကြောင်း ပေါ်လွင်၏။ သို့သော် ထိုသက်သေများ ထွက်ချက်အရပင် မောင်စိန်ညွှန့်သော်၎င်း၊ မကြင်စိန်သော်၎င်း၊ ယင်းကဲ့သို့ ကြောင်းလမ်းသည့် နေရာ၌မရှိကြချေ။ ဦးအောင်ညွှန့်၏ ထွက်ဆိုချက်အရ ၎င်းက စကားကမ်းလှမ်းသည့် အခါ၊ မောင်ကြာဆိုင်-မအေးကြည်တို့ မည်သို့မျှ ပြန်မပြောကြောင်း တွေ့ရှိရသည်။ ဦးအောင်ညွှန့်က သဘောတူ မတူမေးဘို့မလိုပါဟု ထွက်ဆိုလေသည်။

မောင်ကြာဆိုင်၏ ထွက်ဆိုချက်နှင့် အခြားပေါ်ပေါက်သည့် အကြောင်း ခြင်းရာများကို ထောက်ရှုလျှင်၊ မောင်ကြာဆိုင်-မအေးကြည်တို့သည်၊ မိမိတို့၏ ရွာသူကြီး ဦးအောင်ညွှန့်နှင့် အခြားမိမိတို့အပေါ် ဩဇာညောင်းသော ပုဂ္ဂိုလ်များ၏ စကားကို မလွန်ဆန်ဝံ့၍ ဦးအောင်ညွှန့်တို့ လာရောက် စေ့စပ် ကြောင်းလမ်းသည်ကို လက်ခံလိုက်ခဟန်တူသည်။

ဖိတ်စာချိုက်သော ဦးစော (လိုပြ ၃) က မကြင်စိန်နှင့် အဖေါ်များ မိမိထံ လာရောက်ပြီး၊ ဖိတ်စာမချိုက်ရန် တားမြစ်ကြောင်း ထွက်ဆို၏။ ဖိတ်စာခိုက်ပြီးနောက် မောင်ကြာဆိုင်အိမ်သို့ အချို့အဝေး ပို့သည့်အခါ၊ ထိုဖိတ်စာများကို လက်မခံလိုက်ကြောင်း မောင်စိန်ညွှန့်၏ အဆိုမှာပင် ပေါ်လွင်၏။

မစစ်မြေ (လိုပြ ၄) ၏ သက်သေခံချက်မှာလည်း မယ်မယ်ရရ မဟုတ်ချေ။ ၎င်း၏ အစစ်ခံချက်မှာပင်၊ လူကြီးများ အိမ်ရှေ့နေးတွင် စကားပြောနေစဉ်၊ မကြင်စိန်က "လူကြီးများ စေ့စပ်လို့ ယူရပါမယ်ဟု ကျွန်မကို ပြောပါသည်" ဟုထွက်ဆို၏။ ဤထွက်ချက် မှန်လျှင်လည်း မကြင်စိန် သဘောမတူကြောင်း ပေါ်လွင်၏။ ဖိတ်စာ

(၁) အောက်မြန်မာပြည် စီရင်ထုံးများ အတွဲ ဂ၊ စာ ၃၄၇။

(၂) အထက်မြန်မာပြည် စီရင်ထုံးများ ၁၉၁၇-၂၀၊ အတွဲ ၃၊ စာ ၁၀၆။

၁၉၆၂
မောင်စိန်ညွန့်
နှင့်
မအေးကြည်
ပါ ၃။

ရှိက်သူအား ဖိတ်စာမရှိက်ရန် မကြင်စိန် ကိုယ်တိုင် သွားရောက် တားမြစ်သည် ဆိုသည့်အချက်ကလည်း၊ မကြင်စိန် သဘောမတူကြောင်း သာရှိပေါ်လွင် ထင်ရှား စေ၏။

အထက်ပါ အကြောင်း အားလုံးကိုထောက်၍ ကာယကံရှင် ဖြစ်သူ မကြင်စိန်က မောင်စိန်ညွန့်နှင့် ထိမ်းမြားလက်ထပ်ရန် သဘောမတူကြောင်း ထင်ရှားသည်ဟု ယူဆ ပြီး၊ အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။

ဤရုံးမှေနေခမှာ ဂဈ ဖြစ်စေရမည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌

ရမ်ပရာတပ်လစ်လာ (အယူခံတရားလို)

နှင့်

ရမ်နီရမ်ဂျန်လစ်လာ ပါ ၃ (အယူခံတရားခံများ)*

† ၁၉၆၂
စက်တင်ဘာလ
၁၄ ရက်။

တရားမ ကျင့်ထုံး အမိန့် ၁၇၊ နည်းဥပဒေ ၂၊မည်သည့် ကိစ္စတွင် အသုံးပြုရာဝယ် မှန်ကန်ခြင်း။

ဆုံးဖြတ်ချက်။ ။အယူခံ တရားလိုက စွဲသော အမှုတွင် သက်သေ အချို့ကို စစ်ဆေးပြီးနောက် ရုံးက သာမန်အားဖြင့် လုပ်ရိုးလုပ်စဉ်အတိုင်း အမှုကို ချိန်းလိုက်ရာ၊ ထိုအမှု ချိန်းဆိုသောနေ့တွင် အယူခံတရားခံနှင့်ဒုဒ်၏ရှေ့နေ လာရောက်ကြသော်လည်း အယူခံ တရားလိုသော်ငင်း၊ ဇုင်း၏ ရှေ့နေ သော်ငင်းမလာမရောက်ခြင်းကြောင့် ရုံးသည် အယူခံ တရားလိုစွဲဆိုသောအမှုကို တရားမကျင့်ထုံး၊ အမိန့် ၁၇၊ နည်းဥပဒေ ၂ ကိုအသုံးပြု၍၊ပလပ်လိုက်ခြင်းသည်မှန်ကန်သည်။တရားမ ကျင့်ထုံး အမိန့် ၁၇၊ နည်းဥပဒေ ၃ ကို အသုံးမပြုနိုင်ချေ။

အီနာတူလာ ဘရူနိယာနှင့် ဂျီဘန်မိုဟင်ရွိုင်း၊အိန္ဒိယ စီရင်ထုံးများ အတွဲ ၄၁၊ကာလကတ္တား၊ စာ ၉၅၆။

ပစ် (ခ်) မားနှင့်စရီရမ်မူလူ၊အိန္ဒိယဒီဂျင်ထုံးများအတွဲ ၄၁၊မဒရပ်၊ စာ ၂၀၆ တို့ကိုရည်ညွှန်းသည်။

ဦးအောင်ကြီးနှင့် မြန်မာပြည် အစိုးရ၊ ၁၉၄၀၊ ရန်ကုန်စီရင်ထုံးများ၊စာ ၅၁၂ လိုက်နာသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ ဂျီအင်ဘနာဂျီ လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံ (၁) နှင့် (၂) အတွက်။ ။ဦးဝမ်ဟုတ် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။အင်းစိန်ခရိုင် တရားမရုံး၊ တရားမကြီးမှု အမှတ် ၂/၅၅ တွင်၊ရမ်ပရာတပ်လစ်လာ က၊ ရမ်နီရမ်ဂျန်လစ်လာ၊ ရမ်ကူမာလစ်လာနှင့် အခြားတရားခံများအား၊ အခင်းဖြစ်မြေနှင့် ထိုမြေပေါ်တွင် ဆောက်ထားသော အိမ်များကို ခွဲဝေပြီး၊ မိမိပိုင်သုံးပုံတပုံကို ရရှိရန်နှင့် ထိုပစ္စည်းများကို လက်ရှိထားသူ တရားခံ

---

* ၁၉၆၀ ခုနှစ်၊ တရားမ အသေးအဖွဲ့ အယူခံမှု အမှတ် ၆၈၊ ၆၉။

† ၁၉၅၅-၅၆ ခုနှစ်၊တရားမကြီး အမှု အမှတ် ၂ တွင် ၁၆-၉-၆၀ နေ့စွဲပါ အင်းစိန် ခရိုင် တရားမ တရားသူကြီးရုံး၏ ချမှတ်သော အမိန့်ကိုအယူခံမှု။

၁၉၆၂

ရမ်ပရာတပ်
လစ်လာ
ဦး
ရမ်နီရမ်ဂျန်
လစ်လာ
ဖြစ် ၃။

များထံမှ လျော်ကြေးရရှိရန် တရားစွဲဆိုလေသည်။ ထိုရုံးတရားမကြီးမှု အမှတ် ၂/၅၆ တွင်၊ ရမ်နီရမ်ဂျန်လစ်လာက •အခင်းဖြစ် ပစ္စည်းများမှာ၊ ရမ်ပရာတပ်လစ်လာ၊ ရမ်ကူမာလစ်လာနှင့် စန်တီလာလစ်လာ အစုစပ် ၃ ဦးဘိုပိုင်ဆိုင်ခဲ့ရာ၊ စန်တီလာလစ်လာ သေဆုံးသဖြင့်၊ ထိုအစုစပ်မှာ ပျက်သွားကြောင်း။ ထို့နောက် မိမိသည် စန်တီလာလစ်လာ၏ သားကြီးဖြစ်သဖြင့်၊ ရမ်ပရာတပ်လစ်လာနှင့် ရမ်ကူမာလစ်လာ နှစ်ဦးတို့က မိမိသံမှဒေ ၇,၃၃၃ ကျပ် ၃၃ ပြား အသီးသီးရရှိလျှင်၊ ၎င်းတို့သုံးပုံတပုံစီ ပိုင်ဆိုင်ခွင့်များကို ရေစစ်တြီ စာချုပ်ဖြင့် လွှဲပြောင်းရောင်းချရန် သဘောတူခဲ့ကြောင်း။ ၎င်းတို့နှစ်ဦးအနက် ရမ်ကူမာလစ်လာ က စာချုပ်ပါ ကတိအတိုင်း ငွေ ၇,၃၃၃ ကျပ် ၃၃ ပြားကို လက်ခံပြီး စာချုပ် ချုပ်ဆိုရန် သဘောတူခဲ့ကြောင်း။ ရမ်ပရာတပ်လစ်လာမူကား စာချုပ် ချုပ်ရန် ငြင်းဆိုခဲ့ကြောင်းဖြင့်၊ ရမ်ပရာတပ်လစ်လာအား၊ ထိုကတိအတိုင်း လွှဲပြောင်းစာချုပ် ချုပ်ဆိုရှိ ရေစစ်တြီပြုလုပ်စေရန် တရားစွဲဆိုလေသည်။

အထက်ပါနှစ်မှုကို အမှုသည်များ သဘောတူညီချက်အရ တပြိုင်တည်း ကြားနာ၍ သက်သေများကို တရားမကြီးမှု အမှတ် ၂/၅၅ တွင် စစ်ဆေးသည်။

အဆိုပါအရောင်းကတိစာချုပ်မှာ၊ တရားမကြီးမှု အမှတ် ၂/၅၅ တွင် တင်သွင်းထားသော သက်သေခံအမှတ် ၈၊ ဖြစ်သည်။ ထိုစာချုပ်တွင် အသိသက်သေအဖြစ် လက်မှတ်ထိုးထားသူ ဘိနရပ်ပရဆတ်ဟိမတ်ဆင်ကနှင့် တရားခံဖြစ်သူ ရမ်နီရမ်ဂျန်လစ်လာ နှစ်ဦးတို့အား ကော်မရှင်ဖြင့် စစ်ဆားသည်ကို တွေ့ရှိရသည်။ ထိုနောက် ရုံးရှေ့တွင် ကျန်သက်သေများကို စစ်ဆေးရန်အတွက် အမှုနှစ်မှုကို ၁၉၆၀ ခု၊ ဧပြီလ ၂၀ ရက်နေ့သို့ ချိန်းလိုက်၏။ထို ၁၉၆၀ ခု၊ ဧပြီလ ၂၀ ရက်နေ့ ကျရောက်သည့်အခါ အမှုများခေါ်ရာ၊ ရမ်ပရာတပ်လစ်လာသော်၎င်း၊ ၎င်း၏ရှေနေသော်၎င်း မလာဆောက်ချေ။ ရမ်နီရမ်ဂျန်လစ်လာနှင့် ၎င်း၏ရှေနေ လာရောက်ကြသည်။ ထိုကြောင့် ရုံးသည်၊ ရမ်ပရာတပ်လစ်လာ စွဲဆိုသော တရားမကြီးမှု အမှတ် ၂/၅၅ ကို တရားမကျင့်ထုံးအမိန့် ၁၇၊ နည်းဥပဒေ ၂ နှင့် အမိန့် ၉၊ နည်းဥပဒေ ၈ တို့အရ၊ စခိတ်နှင့်တကွ ပယ်ပလိုက်သည်။ ကျန်တရားမကြီးမှု အမှတ် ၂/၅၆ တွင်၊ ရမ်ပရာတပ်လစ်လာ မလာဆောက်သဖြင့်၊ အမှုကိုတဖက်သတ် စစ်ရန်ဆုံးဖြတ်ပြီး၊ တရားလို ရမ်နီရမ်ဂျန်လစ်လာအား စစ်ဆေးပြီး၊ အထက်၌ဖော်ပြခဲ့သည့် ကော်မရှင်ဖြင့် စစ်ဆေးသည့် သက်သေခံချက်များကို သက်သေခံအဖြစ် တင်သွင်း၍၊ ရမ်နီရမ်ဂျန်လစ်လာက၊ ရမ်ပရာတပ်လစ်လာအား၊ ငွေ ၇,၃၃၃ ကျပ် ၃၃ ပြားပေးလျှင်၊ ရမ်ပရာတပ်လစ်လာက၊ ရမ်နီရမ်ဂျန်လစ်လာ စွဲဆိုသည့်အတိုင်း စာချုပ်ချုပ်ဆို၍ ရေစစ်တြီပြုလုပ်ရန် ဒီကရီချမှတ်လိုက်သည်။

အထက်ပါ အမိန့်နှစ်ရပ်ကို ပယ်ဖျက်ရန်၊ ရမ်ပရာဘပ်လစ်လာ လျှောက်ထားရာ မအောင်မြင်သဖြင့် ဤအယူခံမှု နှစ်မှုတွင် အယူခံဝင်ခြင်း ဖြစ်သည်။ ဤနှစ်မှုကို စာပိုင်တည်း ကြားနာခဲ့သည်ဖြစ်၍၊ ဤအမိန့်တရော်ဖြင့်ပင် အမိန့်ချမှတ်မည်ဖြစ်သည်။

ရမ်ပရာတပ်လစ်လာ၏ ပညာရှိရွှေနေကြီးက ၁၉၆၀ ခု၊ ဧပြီလ ၂၀ ရက်နေ့တွင်၊ တရားလိုဖြစ်စေ၊ တရားခံဖြစ်စေ မလာရောက်သော်လည်း၊ ကော်မရှင်ဖြင့် စစ်ဆေးခဲ့သော သက်သေခံချက်များ ရှိသည်ဖြစ်၍၊ တရားမကျင့်ထုံး အမိန့် ၁၇၊ နည်းဥပဒေ ၂ ကို အောက်ရုံး အားမူပြုနိုင်ကြောင်းဖြင့် လျှောက်လဲ၍၊ **အီနာတူလာဘစူနီယားနှင့် ကျီဘန်မိုဟင်ရွိုင်း** (၁) အမှုကို ကိုးကား၏။ သို့သော် ထိုဝိရင်ထုံးမှာပင် ပေါ်လွင်သည်မှာ၊ တရားလိုနှင့် သက်သေများကို စစ်ဆေးပြီးခနာက်၊ တရားခံ တဦး စစ်ဆေးနေစဉ်၊ အမှုချိန်းလိုက်ရာ ချိန်းဆိုသောနေ့၌ တရားခံ မလာရောက်သဖြင့် ရုံးက တရားမကျင့်ထုံး အမိန့် ၁၇၊ နည်းဥပဒေ ၂ အရ၊ အရေးယူသည်မှာ မှန်ကန်ကြောင်း မြွက်ဆိုထားသည်ကို တွေ့ရှိရသည်၊ ထိုမျှသာမကသေး **ပစ်(ချ်)မားနှင့် စရီရမ်မူလူ** (၂) အမှုဘွင်လည်း တရားလိုသက်သေများစစ်ဆေးပြီးနောက်၊ **တရားခံ** နှင့်ပင်၏ သက်သေများ စစ်ဆေးရန်အတွက် အမှုချိန်းလိုက်ရာ၊ ချိန်းဆိုသည့်နေ့တွင် တရားခံ မလာရောက်သဖြင့် ရုံးက တရားမကျင့်ထုံး အမိန့် ၁၇၊ နည်းဥပဒေ ၂ အရ အရေးယူသည်မှာမှန်ကန်ကြောင်း ဆုံးဖြတ်ထားလေသည်။ ဤအမှုမှာလည်း ရမ်ပရာတပ်လစ်လာ သက်သေ တင်ပြရန်အတွက် အချိန်တောင်းသဖြင့် ၁၉၆၀ ခု၊ ဧပြီလ ၂၀ ရက်နေ့သို့ အမှုချိန်းရသည်မဟုတ်။ သာမန်အားဖြင့်သာ လုပ်ရိုးလုပ်စဉ်အတိုင်း အမှုချိန်းလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် တရားမကျင့်ထုံး အမိန့် ၁၇၊ နည်းဥပဒေ ၃ ကို အသုံးမပြုနိုင်ချေ။ နည်းဥပဒေ ၂ ကိုအောက်ရုံး အသုံးပြုသည်မှာ၊ မှန်ကန်သည်ဟု ယူဆရပေမည်။ ထို ၁၉၆၀ ခု၊ ဧပြီလ ၂၀ ရက်နေ့၌ ရမ်ပရာဘပ်လစ်လာ၏ ရှေနေကြီးသည်၊ ရန်ကုန်မြို့မှ တရားမရုံးတွင် အမှုလိုက်ရန်ရှိပြီး၊ အင်းစိန်ခရိုင် တရားမရုံးတွင်လည်း ရမ်ပရာတပ်လစ်လာအတွက် အထက်ပါအမှုများတွင် ဆောင်ရွက်ရန်ရှိ၏။ ထို့ကြောင့် ရှေနေကြီးသည် ရန်ကုန်ရုံး၌ အမှုလိုက်နေစဉ်၊ အင်းစိန်ရုံး၌ မိမိ၏ ကိုယ်စား ဆောင်ရွက်ရန်အတွက် အစီအစဉ်များ ပြုလုပ်သင့်သော်လည်း၊ အစီအစဉ် တခုမျှ မပြုလုပ်ခဲ့ပေ။ ဤအမှုများဘွင် ပေါ်ပေါက်သည့် အဖြစ် အပျက် များနှင့် **ဦးအောင်ကြီးနှင့် မြန်မာပြည် အစိုးရ** (၃) တို့အမှုတွင် ပေါ်ပေါက်သည့် အဖြစ်

(၁) ၄၁၊ ကာလကတ္တား၊ အိန္ဒိယ စီရင်ထုံးများ၊ စာ ၉၅၆။

(၂) ၄၁၊ မဒရပ်၊ အိန္ဒိယစီရင်ထုံးများ၊ စာ ၂၀၆။

(၃) ၁၉၄၀၊ ရန်ကုန်စီရင်ထုံးများ၊ စာ ၅၁၂။

၁၉၆၂

ရမ်ဟရာထမ်
လစ်လာ
နှင့်
ရမ်နီရမ်ဂျန်
လစ်လာ ပါ ၃။

အပျက်များမှာ ထပ်တူထပ်မျှလိုပင် ဖြစ်သည်။ ထိုအမှုတွင် စုံညီခုံရုံးက၊ အောက်ပါ အတိုင်း မြွက်ဆိုခဲ့သည်။

"... Advocates who are engaged in cases which are fixed for hearing at a given time and place cannot be allowed to treat the Court before which the hearing is to take place with contumely or indifference, and then apply casually for reinstatement of a suit dismissed in their absence merely because they hoped or believed that they might attend the hearing. They must take reasonable precautions, and the provisions of Order IX, Rule 9, become meaningless if it can afterwards be urged that although none were taken and there was no sufficient cause for their non-attendance the suit can still be restored to the file because the litigant would suffer if it were not."

ထိုစုံညီခုံရုံး၏ အဆုံးအဖြတ်သည်၊ တရားမကျင့်ထုံး အမိန့် ၉၊ နည်းဥပဒေ ၉ နှင့် နည်းဥပဒေ ၁၃ ပါပြဋ္ဌာန်းချက်များ အတိုင်းဖြစ်၍၊ ကျွန်ုပ်တို့ လိုက်နာရပေမည်။

ထို့ကြောင့်၊ အယူခံနှစ်မှုစလုံးကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရမ်ဟရာတပ် လစ်လာသည်၊ ရမ်နီရမ်ဂျန်လစ်လာ အား၊ တမှုလျှင် ဧရှေနေခငွေ ၈၅ ပေးဆောင် ရမည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးစံမောင်နှင့် တရားသူကြီး ဦးမောင်မောင်တို့ရှေ့၌

ဦးစိန်းမောင် (လျှောက်ထားသူ)

နှင့်

ဦးစိန်ဘ ပါ ၃ (လျှောက်ထားခံရသူများ)*

† ၁၉၆၂ စက်တင်ဘာလ ၆ ရက်။

ဘဏ္ဍာခရေးနှင့် အခွန်တော်ဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၃၅၊၁၉၅၁ ခုနှစ်၊ဖေဖော်ဝါရီလ ၁၆ ရက်နေ့စွဲ မြို့ပြဆိုင်ရာဌားရမ်းခ အက်ဥပဒေ ပြဋ္ဌာန်းချက်များကဲ့သို့ပင်အကျိုး သက်ရောက်ခြင်း၊ ၎င်းအက်ဥပဒေ ဒုတိယ (၁) (၎) အရ၊ ချုပ်ဆိုထားသော ခံဝန်ချုပ်၊ အဆိုပါ ကြော်ငြာစာအရ၊ အာနိသင် ဆိတ်သုဉ်းခြင်း။

လျှောက်ထားသူ ဦးစိန်းမောင်က မိမိ၏ အိမ်တွင်ငှါးရမ်းနေထိုင်သုမျှား ဖြင့်ကြသော လျှောက်ထားခံရသူ အမှတ် (၁) ဦးဝိန်ဘနှင့် အမှတ် (၂) မဟင်းမှိုင်းတို့အပေါ် ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ (၁) (၎) အရ၊ နှင်ထုတ်လိုရှိ တရားစွဲဆိုရာ၊ မြို့နယ်တရားမရုံးက စွဲဆိုသည့်အတိုင်း၊ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဒီကရီ ချမှတ်ရာ၌ မြို့နယ်တရားမရုံးသည် အဆိုပါအက်ဥပဒေ ပုဒ်မ ၁၁ (၁) (၎) အရဖြင့်၊ အိမ်ငှါးများ ထွက်ခွါသွားပြီးနောက်၊ ၅ လအတွင်း အိမ်သစ်ဆောက်၍ အိမ်ငှါးများက ထိုအိမ်သစ်တွင် ပြန်လည်နေထိုင်လိုလျှင် ပြန်လည်ချထားရန်နှင့် အာဏာ၍ ပျက်ကွက်ပါက၊ ငွေ၁၀,၀၀၀ ပေးလျော်ရန် ဦးစိန်းမောင်အား၊ ခံဝန်ချုပ် ချုပ်ဆိုခဲ့ရာ၊ အိမ်သစ်ဆောက်၍ ပြီးစီးသည့် အခါ၊ အိမ်သစ်တွင် နေထိုင်ခွင့်ရရန် ဦးစိန်းမောင်နှင့် ဦးစိန်ဘ၊ မဟင်းမှိုင်းတို့ အချင်းများကြလေသည်။ (အချင်း ဖြစ်ကြသည့် အကြောင်းအရာနှင့်ပတ်သက်၍၊ ဦးစိန်းမောင်ပါ ၂ နှင့်ကိုစိန်ဘ၊ မဟင်းမှိုင်း ၁၉၆၀၊ မြန်မာနိုင်ငံ စီရင်ထုံးများ၊ တရားလွှတ်တော် စာ ၄၅၅ ကို ကြည့်ပါ၊ အယ်ဒီတာ)။

ထိုနောက် ဦးစိန်းမောင် ခံဝန်ချက် အာဏိုင်းဒလိုက်နာ ပျက်ကွက်သည် ဆိုကာ ၎င်းထံမှ ငွေ ၁၀,၀၀၀ ဘဏ္ဍာတော် အဖြစ် သိမ်းဆီးရန် အာဏာ ၎င်းဦးအိမ်ကို ဝါရမ်းကပ်၍ ရောင်းချရန် မြို့နယ်တရားမရုံး ဆောင်ရွက်လေသည်။

ဆုံးဖြတ်ချက်။ ။၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့စွဲပါ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၃၅ မှ ၎၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၃ အရ၊ ထုတ်ဝေ ပြဋ္ဌာန်းသည်ဖြစ်၍ အဆိုပါ အက်ဥပဒေ ပြဋ္ဌာန်းချက်များကဲ့သို့ပင် အကျိုး

* ၁၉၆၁ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာ အမှတ် ၂၀၇။

† ၁၉၆၀ ခုနှစ်၊တရားမဇာဂရီမှု အမှတ် ၉ ၁၀ တွင်၊ ၂၀-၉-၆၁ နေ့စွဲပါပြောင်းမြို့၊ မြို့နယ်တရားမ တရားသူကြီး ချမှတ်သော အမိန့်ကိုအမှုခေါ် စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်ရန် လျှောက်လွှာ။

၁၉၆၂

ဦးစိန်းမောင် နှင့် ဦးစိန်ဘ ပါ ၃။

သက်ရောက်ပြီး အိမ်သစ်များကို ကင်းလွတ်ခွင့်ပေးရာ၌ ထိုအက်ဥပဒေကပင် ကင်းလွတ်ခွင့်ပေးသည် ဟုမှတ်ယူရမည်ဖြစ်သည်။

ကေလပ် (စ်) နတ်နှင့်အိုးရ၊ အေ၊အိုင်၊အာ(ရ်)၊ ၁၉၅၇ခု၊ တရားလွှတ်တော်ချုပ်၊စာ ၇၉၀။

ဦးစိန်းမောင် ချုပ်ဆိုသည့် ခံဝန်ချုပ်၏ အာနိသင်မှာ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေမှ သက်ရောက်သော အာနိသင်သာ ဖြစ်၍၊ အက်ဥပဒေကဲ့သို့ အကျိုးသက်ရောက်သော အမိန့်ကြော်ငြာစာ အရဖြင့် အခင်းဖြစ် အိမ်သစ်မှာ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ အာဏာစက်မှ လွတ်မြောက်ပြီးဖြစ်လျှင်၊ ထိုအက်ဥပဒေကြောင့်သာ အသက်ဝင်နေသော ခံဝန်ချုပ် မှာလည်း အာနိသင် ဆိတ်သုဉ်းရတော့မည် ဖြစ်သည်။

ဦးအေးမောင်နှင့် ဦးဘထွန်းပါ ၁၊ ၁၉၅၉ ခု၊ တရားမသေး အမှု အမှတ် ၄၇ ကို ရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးအေးမောင် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) နှင့် (၂) အတွက်။ ။ဦးကျော်မြင့် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၃) အတွက်။ ။အစိုးရဖျေနေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုဘွင်၊ ယခုလျှောက်ထားသူ ဦးစိန်းမောင်က၊ လျှောက်ဘားခံရသူ အမှတ် (၃) မြောင်းမြို့မှ၊ မြို့နယ်တရားမ ဘရားသူကြီး၏ ၁၉၆၀ ခုနှစ်၊ တရားမဘရိမှု အမှတ် ၉ နှင့် ၁၁ တွင်၊ လျှောက်ထားခံရသူ အမှတ် (၁)-ဦးစိန်ဘနှင့် အမှတ် (၂) မဟင်းမှုိင်း အသိုးသိုးတို့၏ လျှောက်ထားချက်အရ လျှောက်ထားသူ ချုပ်ဆိုခဲ့သော ခံဝန်ချုပ်ပါ ငွေ ၁၀,၀၀၀ ကို၊ အစိုးရဘဏ္ဍာတော်အဖြစ် သိမ်းဆည်းရန်အဘွက်၊ ၎င်းပိုင်အိမ်ကို ပါးရမ်းကပ်ပြီး ရောင်းချရန် ကြော်ငြာသည့်အမိန့်ကို၊ အာမခေါ် စာချွန်တော် အမိန့်ဖြင့် ပယ်ဖျက်ပါရန် လျှောက်ထားခြင်းဖြစ်သည်။

အမှုအကြောင်းခြင်းရာမျှားမှာ၊ ဦးစိန်ဘနှင့် မဟင်းမှုိင်းတို့သည်၊ ဦးစိန်းမောင်ပိုင် မြောင်းမြို့မှိုဂို့၊ နှစ်ဆယ်အိမ်ဘသုံးတွင် တခြမ်းစီ နေဆိုင်ခဲ့ကြသော အိမ်ဌားမျှား ဖြစ်သည်။ ဦးစိန်းမောင်သည် ထိုအိမ်မှာ ဟောင်းနွမ်းသဖြင့် အသစ်ပြန်ဆောက် လိုကြောင်းနှင့် မြောင်းမြို့မှိုဂို့၊ မြို့နယ်တရားမရုံးတွင် အိမ်ဌားမျှားဖြစ်သူ ဦးစိန်ဘနှင့် မဟင်းမှုိင်းတို့အပေါ်၊ ၁၉၄၇ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၁ (၁) (ဇ) အရ၊ နှင်ထုတ်လိုမှု တရားစွဲဆိုရာ၊ မြို့နယ်တရားမရုံးက စွဲဆိုသည့်

အတိုင်း ဒီကရီ ချမှတ်သိုက်သည်။ သို့သော် ယင်းသို့ ဒီကရီချမှတ်ရာ၌၊ မြို့နယ်တရားမ ရုံးသည်၊ အဆိုပါ အက်ဥပဒေ ပုဒ်မ ၁၁ (၁) (ဇ) အရဖြင့် အိမ်ငှါးများ ထွက်ခွါ သွားပြီးနောက်၊ ၅ လအတွင်း အိမ်သစ်ဆောက်၍ အိမ်ငှါးများက ထိုအိမ်သစ်တွင် ပြန်လည် နေထိုင်လိုလျှင်၊ ပြန်လည် ချထားရန်နှင့် အကယ်၍ ပျက်ကွက်ပါက ၎ ၁၀,၀၀၀ ပေးလျော်ရန် ဦးစိန်းမောင်အား ခံဝန်ချုပ်ချုပ်ဆိုစေခဲ့လေသည်။ ထိုအမိန့် ဒီကရီ ချမှတ်သည့်နေ့မှာ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ဖြစ်သည်။

၁၉၆၂
ဦးစိန်းမောင်
နှင့်
ဦးစိန်ဘ ပါ ၃။

အိမ်သစ်ဆောက်လုပ်ပြီးသောအခါ၊ ဦးစိန်ဘနှင့် မဟင်းမူဝင်းတို့သည်၊ ထိုအိမ်သစ် တွင် မိမိတို့အား ပြန်လည်ချထားရန်အတွက် မြို့နယ်တရားမရုံးသို့ လျှောက်ထားကြ လေသည်။ ဦးစိန်းမောင်ကလည်း၊ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့စွဲပါ၊ ဘဏ္ဍာရေးနှင့် အခွန်ဘော်ဝန်ကြီးဌာန အမိန့်ကြော်ငြာစာ အမှာ် ၃၅ အရ၊ ထိုနေ့ နောက်ပိုင်းတွင်၊ အသစ်ဆောက်လုပ်သော အိမ်များကို၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်စေခဲ့သဖြင့်၊ ထိုအိမ်သစ်ကို ဦးစိန်ဘနှင့် မဟင်းမူဝင်းတို့အား ပြန်လည်ချထားခြင်း မပြုနိုင်ကြောင်းဖြင့် လျှောက်လဲ လေသည်။ ထိုအမိန့်ကြော်ငြာစာမှာ၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၃ အရ၊ ထုတ်ဝေပြဋ္ဌာန်းသည်ဖြစ်၍၊ အဆိုပါ အက်ဥပဒေပြဋ္ဌာန်းချက်များ ကဲ့သို့ပင်၊ အကျိုးသက်ဆောက်ပြီး အိမ်သစ်များကို ကင်းလွတ်ခွင့်ပေးရာ၌၊ ထိုအက်ဥပ ဒေကပင် ကင်းလွတ်ခွင့် ပေးသည်ဟု မှတ်ယူရမည်ဖြစ်သည်။ **ကေလမ်နတ်နှင့် အစိုးရ** (၁) အမှုကိုကြည့်ပါ။ မြို့နယ်တရားမရုံးက၊ ထိုလျှောက်လဲချက်ကို လက်မခံသဖြင့် မြောင်းမြခရိုင် တရားမရုံးသို့ အယူခံဝင်ရာ၊ ခရိုင်တရားမရုံးက ထိုလျှောက်လဲချက်ကို လက်ခံပြီး၊ မြို့နယ်တရားမရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်၏။ ဦးစိန်ဘနှင့် မဟင်းမူဝင်းတို့ တရားလွှတ်တော်သို့ အယူခံပင့်သည်တွင်၊ တရားလွှတ်ခုတ်က ခရိုင်တရားမရုံး၏ အမိန့် ကို ပယ်ဖျက်ပြီးလျှင်၊ မြို့နယ်တရားမရုံး၏ အမိန့်အတိုင်းတည်စေ၏။

ဦးစိန်ဘနှင့် မဟင်းမူဝင်းတို့ အိမ်သစ်ကို မိမိတို့အား ပြန်လည်ချထားရန် မြို့နယ် တရားမရုံးသို့ ထပ်မံလျှောက်ထားကြရာ၊ ဦးစိန်းမောင်က ၎းတို့အားအိမ်သစ်အပေါ် ထပ်တွင်သာ ပြန်လည်ချထားပါရန် ပန်ကြား၏။ ဦးစိန်ဘနှင့် မဟင်းမူဝင်းတို့က မူလက မိမိတို့ အိမ်ဟောင်းတွင် နေထိုင်ခဲ့သည့်အတိုင်း၊ အပေါ်ထပ်ရော အောက်ထပ်ပါ တခြမ်းစီ နေထိုင်လိုကြောင်းဖြင့် လျှောက်ထားကြ၏။ မြို့နယ်တရားမရုံးက ဦးစိန်ဘနှင့် မဟင်းမူဝင်းတို့လျှောက်ထားသည့်အတိုင်း အမိန့်ချမှတ်သိုက်ရာ၊ မြောင်းမြခရိုင်တရားမ

(၁) ဇော၊ အိုင်၊ အာ(ရ) ၁၉၅၂ ခုနှစ်၊ တရားလွှတ်တော်ချုပ်၊ စာ ၇၉၀။

၁၉၆၂
ဦးစိန်မောင်
နှင့်
ဦးစိန်ဂ ပါ ၃။

ရုံးကလည်း၊ ထိုအမိန့်ကို အံတည်ပြုလိုက်၏။ တရားလွှတ်တော်သို့ ဦးစိန်မောင် အယူခံဝင်ရာ၌၊ တရားလွှတ်တော်က ယံခင်တရားလွှတ်တော် အယူခံမှုတွင်၊ အခင်းဖြစ်အိမ်မှာ အထက်ဖေါ်ပြပါ အမိန့်ကြော်ငြာစာအရ၊ ကင်းလွှတ်ခွင့်မရနိုင်ကြောင်း ဆုံးဖြတ်ပြီး ဖြစ်၍၊ ထိုပြဿနာကို ထပ်မံစဉ်းစားနိုင်တော့ကြောင်းယူဆပြီး၊ အယူခံကို ပယ်လိုက်သည်။

ထို့နောက်၊ ဦးစိန်မောင် ခံဝန်ချုပ်အတိုင်း မလိုက်နာ ပျက်ကွက်သည်ဆိုကာ၊ ၎င်းထံမှ ငွေ ၁၀,၀၀၀ ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းရန်အတွက်၊ ၎င်းပိုင်အိမ်ကို ဝါးရမ်းကပ်၍ ရောင်းချရန်၊ မြို့နယ်တရားမရုံး ဆောင်ရွက်သဖြင့် ဦးစိန်မောင် ယခု လျှောက်ထားခြင်းဖြစ်သည်။

အထက်ပါအတိုင်း၊ ဆုံးဖြတ်ပြီး မှုခင်းကို ထပ်မံစောကြောခြင်း မပြုနိုင်ကြောင်း ဖြင့်၊ တရားလွှတ်တော်ဆုံးဖြတ်သည်မှာ၊ အမှုသည် အချင်းချင်းအဘို့ရာ၌၊ မှန်ကန်ပေမည်။ သို့သော် အမှုခေါ် စာချုန်တော်အမိန့်ထုတ်သင့် မထုတ်သင့် စဉ်းစားရာ၌၊ သာမန်တရားမမှုများမှာကဲ့သို့၊ အမှုသည်များ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍၊ အပြီးသတ်ဆုံးဖြတ်ပြီးဖြစ်၊ မဖြစ်သည်ဆိုသည့် ပြဿနာမှာ အဓိကမဟုတ်ချေ။ ယခုဆုံးဖြတ်ရမည်မှာ၊ အခင်းဖြစ်အိမ်သစ်သည်၊ ဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကင်းလွှတ်ပြီးဖြစ်သဖြင့်၊ ထိုအိမ်နှင့်စပ်လျဉ်း၍ ချုပ်ဆိုသော ခံဝန်ချုပ်အတိုင်း အရေးယူရာ၌၊ မြို့နယ်ဘရားမရုံးသည်၊ မိမိအား အပ်နှင်းထားသော အာဏာကို ကျော်လွန်၍ အရေးယူ မယူဆိုသည့် ပြဿနာပင်ဖြစ်သည်။ ဤကိစ္စမှာ၊ ဤရုံးနှင့် မြို့နယ်တရားမရုံးတို့နှင့်သာဆိုင်သည်။ မြို့နယ် တရားမရုံး အာဏာကို ကျော်လွန်ပြီး ဆောင်ရွက်ခဲ့လျှင်၊ ဤရုံးက ကြိုးကြပ်ကွပ်ကဲသည့် အနေဖြင့်၊ ထိုဆောင်ရွက်မှုကို ပယ်ဖျက်နိုင်မည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ ဦးစိန်မောင်အား ခံဝန်ချုပ်အတိုင်း လိုက်နာဆောင်ရွက်စေသင့်သည်ဆိုသည့် အရေးဆိုချက်နှင့် စပ်လျဉ်း၍၊ ဦးစိန်မောင်သည်၊ မြို့နယ်တရားမရုံး အမိန့်အရ၊ ခံဝန်ချုပ် ချုပ်ဆိုသည်ကားမှန်၏။ သို့သော် ထိုခံဝန်ချုပ်၏ အာနိသင်မှာ၊ မြို့ပြဆိုင်ရာဦးရမ်းခ ကြိုးကြပ်ရေးအက်ဥပဒေမှ သက်ရောက်သော အာနိသင်သာ ဖြစ်၍၊ အက်ဥပဒေကဲ့သို့ အကျိုးသက်ရောက်သော အမိန့်ကြော်ငြာစာအရဖြင့်၊ အခင်းဖြစ်အိမ်သစ်မှာ၊ မြို့ပြဆိုင်ရာဦးရမ်းခ ကြိုးကြပ်ရေး အက်ဥပဒေအာဏာစက်မှ လွှတ်မြောက်ပြီးဖြစ်လျှင်၊ ထိုအက်ဥပဒေကြောင့်သာ အသက်ဝင်နေသော ခံဝန်ချုပ်မှာလည်း အာနိသင် ဆိတ်သုဉ်းရတော့မည်ဖြစ်သည်။ ထို့ကြောင့်ပင်၊ ယခင် စာရုံး

လွှတ်တော်ချုပ်က ဦးအေးမောင် နှင့် ဦးဘထွန်း ပါ (၁) အမှုတွင် အောက်ပါ အတိုင်း မြွက်ဆိုခဲ့၏။

၁၉၆၂
ဦးစိန်းမောင်
နှင့်
ဦးဝိန်ဘ ပါ ၃။

"..... မည်သို့ပင်ဖြစ်စေ၊ ပုဒ်မ ၁၁ (၁) (ဂ) အရ၊ အိမ်အဆောက်အဦကို ပြင်ဆင်ရန်၊ သို့မဟုတ် ပြန်လည်တည်ဆောက်ရန် အခွင့်အမိန့်ရပြီးနောက်၊ ပြန်လည်တည်ဆောက်သော၊ သို့မဟုတ် ပြင်ဆင်သော အိမ်များနှင့် စပ်လျဉ်း၍ မူကား၊ ယခုလက်ရှိ တည်ဆဲဥပဒေအရဆိုလျှင်၊ အချို့ကိစ္စများတွင် အိမ်ငှါးဟောင်းအား ပြန်လည်၍ တင်ထားပါမည်ဟူသော ဂတိခံဝန်ချက်ပေးရန် လုံမည်မဟုတ်တော့ပေ။ ၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့စွဲဖြင့်၊ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ အမှတ် ၃၅ အရဆိုလျှင်၊ ၎င်းနေ့နောက်တွင် အသစ်ဆောက်လုပ်သောအဆောက်အဦများ၊ သို့မဟုတ် အကြီးအကျယ် ပြင်ဆင်ထားသောအဆောက်အဦများသည်၊ မြို့ပြဆိုင်ရာဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေနှင့် လုံးဝမသက်ဆိုင်တော့ချေ။ ထို့ကြောင့် ဤအမှုတွင် ပေါ်ပေါက်သောကိစ္စမျိုး၌၊ အိမ်ရှင်က လက်ရှိပျက်စီးယိုယွင်းနေသော အဆောက်အဦ၏အစား၊ အဆောက်အဦအသစ်တခုကို တည်ဆောက်ရန်၊ ထိုမြေနှင့် လက်ရှိ အဆောက်အဦမှ အိမ်ငှါးဟောင်းကို ဖယ်ပေးစေလိုရန် တိုက်တွန်းစဲဆိုသောအခါတွင်၊ အဆောက်အဦအသစ်ကို အချိန်ကာလ အပိုင်းအခြားအတွင်း ပြီးစီးအောင် ဆောက်ပါမည်ဟူသော ကတိခံဝန်ချက် ခံလျှင် လိုတော့မည်ဖြစ်သည်။ အိမ်ငှါးဟောင်းအား၊ ပြန်လည်၍ ထိုကဲ့သို့ အသစ်ဆောက်လုပ်သည့်အိမ်တွင်၊ သို့မဟုတ် အဆောက်အဦတွင် တင်ထားပါမည်ဟူသော ခံဝန်ချက်မျိုးမှာ လုံးဝမလိုတော့ချေ။"

တဖန်၊ မြို့နယ်တရားမရုံး ချမှတ်သော ဒီကရီကို စောဒနာမဝင်နိုင်သည်ဖြစ်၍၊ ထိုဒီကရီအတိုင်း လိုက်နာဆောင်ရွက်ရန်သာ ရှိတော့ကြောင်းဖြင့် အိမ်ငှါးများဖြစ်သူ ဦးစိန်ဘနှင့် မဟင်းမိုင်းတို့၏ ပညာရှိရွှေနေကြီး လျှောက်လဲပြန်သေးသည်။ သို့သော် ထိုဒီကရီတရားမဝင်တော့ကြောင်းဖြင့် ဦးစိန်းမောင် လျှောက်ထားသည်မဟုတ်။ မိမိဆောက်သောအိမ်သစ်မှာ၊ မြို့ပြဆိုင်ရာဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေတွင်၊ အကျုံးမဝင်တော့သဖြင့်၊ ထိုအိမ်နှင့်စပ်လျဉ်း၍ ချုပ်ဆိုသော စာချုပ်အရ အရေးမယူနိုင်တော့ကြောင်းဖြင့်သာ စောဒနာခြင်းဖြစ်သည်။ နီးစပ်သော သာဓကတရပ် ဆောင်ရမည်ဆိုလျှင်၊ တရားမကျင့်ထုံး ပုဒ်မ ၆၀ အရ၊ ဒေဒီကရီအတွက် ဝါးရမ်းဖမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုထားသော ပစ္စည်းကို၊ ဒီကရီတည်လျက် ဝါးရမ်းမဖမ်းနိုင်သကဲ့သို့ပင်၊

(၁) ၁၉၅၉ ခု၊ တရားမသေးမှုအမှတ် ၄၇။

၁၉၆၂

ဦးစိန်းမောင်
နှင့်
းစိန်ဘ ပါ ၃။

အခင်းဖြစ် အိမ်သစ်နှင့်စပ်လျဉ်း၍ မြို့ပြဆိုင်ရာဥပဒေများအရ ဖြစ်စေ၊ ထိုအက်ဥပဒေကိုမှီး၍ ချုပ်ဆိုသော ခံဝန်ချုပ်အရဖြစ်စေ၊ အရေးမယူနိုင်တော့ခြင်းသာဖြစ်သည်။

ထို့ပြင်တဝ၊ ဦးစိန်းမောင်သည်၊ ဒုတိယအကြိမ် တရားလွှတ်တော် ဆုံးဖြတ်ပြီးနောက်၊ တရားလွှတ်တော်သို့ဖြစ်စေ၊ တရားလွှတ်တော်ချုပ်သို့ဖြစ်စေ၊ ဆက်လက်အယူခံခွင့်ရှိသည်ကို အယူမခံဘဲ၊ အမှုခေါ်စာချွန်တော် လျောက်ထားသဖြင့်၊ စာချွန်တော် မထုတ်သင့်ကြောင်းဖြင့်လည်း ပညာရှိရှေ့နေကြီး လျောက်လဲပြန်သေး၏။ **ဦးစံဝင်းနှင့် တရားရေးဝန်ကြီးဌာန** (၁) အမှုတွင်၊ တရားလွှတ်တော်ချုပ်က ဤကဲ့သို့သော လျောက်လဲချက်မျိုးကို လက်မခံခဲ့ချေ။ အိန္ဒိယပြည် တရားလွှတ်တော်ချုပ်ကလည်း၊ **အတ္တာပရဒေး(စ်)အစိုးရနှင့်မဟာမက်နူး** (၂) အမှုတွင်၊ အောက်ရုံးသည် မိမိအာဏာကို ကျော်လွန်ခဲ့သော်ငင်း၊ သဘာဝတရားမျှတရေး စည်းကမ်းများကို ဖေါက်ဖျက်ခဲ့သော်ငင်း ဆုံးဖြတ်လျှင်၊ သာမန်ရုံးသို့ အယူခံဝင်နိုင်စေကာမူ၊ ကြီးကြပ်ကွပ်ကဲသောရုံးက အမှုခေါ်စာချွန်တော်အမိန့်ဖြင့် ထိုအဆုံးအဖြတ်ကို ပယ်ဖျက်နိုင်သည်သာမက၊ ပယ်ဖျက်သင့်ကြောင်းဖြင့် ဆုံးဖြတ်ချက် ချမှတ်ခဲ့လေသည်။

အထက်ဖေါ်ပြပါ အကြောင်းများကြောင့်၊ မြောင်းမြို့မြို့နယ်၊ တရားမရုံး၊ တရားမ ဇာရီအမှုအမှတ် ၉/၆၀ နှင့် ၁၀/၆၀ တွင် ချမှတ်သော အမိန့်အာဏာလုံးကို အမှုခေါ် စာချွန်တော်အမိန့်ဖြင့် စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။

ဤရုံးရှေ့နေခမှာ ငွေ ၁၅၀ ဖြစ်စေရမည်။

(၁) ၁၉၅၇ ခုနှစ်၊ မြန်မာပြည်စီရင်ထုံးများ တရားလွှတ်တော်ချုပ်မ ၈၅။
(၂) ၁၉၅၈ ခုနှစ်၊ တရားလွှတ်တော်ချုပ်စီရင်ထုံးများ ၅၅၉။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီး ရှေ့တွင်

ကဝစိ (အယူခံတရားလို)

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံ (အယူခံတရားခံ)*

† ၁၉၆၂ အောက်တိုဘာ လ ၁၈ ရက်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၂ အရ၊ ရေးမှတ်ထားသော သက်သေခံချက်များကို မည်သည့် အခါမှသာလျှင် အသုံးပြုနိုင်ခြင်း။

သေနတ်နှင့် ပစ်သဖြင့် ရာမယား ဒဏ်ရာရသော အမှုနှင့် ပတ်သက်၍ စစ်ဆေးသော်အမှုတွင် အယူခံ တရားလိုကို ရှာမတွေ့သဖြင့် ရာဇဝတ် ကျင့်ထုံးပုဒ်မ ၅၁၂ အရ၊ အရေးယူပြီး၊ ငွေးအပေါ်၌ သက်သေခံချက်များ ရေးမှတ်ရာ၊ ရာမယားနှင့် ငင်းဇနီးအံချီး တို့ ၂ ယောက် သက်သေခံလေသည်။ သို့သော် အမှု စစ်ဆေးသော ရာဇဝတ်တရားသူကြီးက အဆိုပါအမှုတွင် တရားခံဖြစ်သော ဖောင်သန်းမောင်အား တရားရှင် လွှတ်လိုက်လေသည်။ ထိုနောက်အယူခံ တရားလိုကို တွေ့ရှိ၍ ငင်းကို တရားစွဲဆိုရာ၊ ရာမယားနှင့် အံချီးတို့အား ရုံးသို့ လာရောက် သက်သေခံရန် သမ္မာန်စာထုတ်၍ ဆင့်ခေါ် ရာတွင် မတွေ့ရှိဘဲ၊ သက်ဆိုင်ရာ သူကြီးက ငင်းတို့ ရန်ကုန်မြို့သို့ ပြောင်းရွှေ့သွားကြောင်း အစစ်ခံသဖြင့်၊ ထိုသူနှစ်ဦး၏ သက်သေခံချက်များကို အသုံးပြုပြီး ယခုအယူခံ တရားလိုအပေါ်၌ ပြစ်မှုထင်ရှားစီရင်ခဲ့သည်။

ဆုံးဖြတ်ချက်။ ။ယင်းသို့ ရာမယားနှင့် အံချီးတို့၏ သက်သေခံချက်ကို အသုံးပြုခဲ့သည်မှာ၊ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၅၁၂၊ ဒုတိယ အပိုဒ်ပါ ပြဋ္ဌာန်းချက်များနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်နေသည်။ ရာမယားနှင့် အံချီးတို့ သေဆုံးခဲ့လျှင်သော်၎င်း၊ ထိုပုဒ်မပါ အခြားလုံလောက်သော အကြောင်းတခုခုရှိလျှင်သော်၎င်း ငင်းတို့၏ သက်သေခံချက်ကို အသုံးပြုနိုင်ပေမည်။ ထိုသို့သော အကြောင်းတခုခုမရှိလျှင် အလျဉ်းအသုံးပြုနိုင်မည်မဟုတ်ပေ။

အယူခံတရားလိုအတွက်။ ။တဦးတယောက်မျှမလာ။

အယူခံတရားခံအတွက်။ ။အစိုးရလွှတ်တော်ရှေ့နေ ဦးထွန်းညို လိုက်ပါဆောင်ရွက်သည်။

---

* ၁၉၆၂ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၁၉၅။

† ၁၉၅၇ ခုနှစ်၊ ရာဇဝတ်ကြီးမှု အမှတ် ၆ တွင် ချမှတ်သော ၁၉၅၇ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှ သဒ္ဓိမြို့၊ ပဉ္စမရာဘက် ရာဇဝတ် (အထူးအာဏာရ) တရားသူကြီးအမိန့်ကို အယူခံမှု။

၁၉၆၂
ကာစိ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။၁၉၅၇ ခုနှစ်၊ဖေဖော်ဝါရီလ ၂ ရက်နေ့ည ၈ နာရီ အချိန်လောက်တွင်၊ သထုံခရိုင်၊ ပေါင်ရဲဌာနာအုပ်ငှ်၊ ရွာတန်းရွေရွာနေ ရာမယားနှင့် အိမ်နီးချင်းများ၊ ရာမယားအိမ်ရှေ့၌ မီးလုံးနေစဉ် လူဆိုး ၁၀ ယောက်ခန့် သေနတ် ကိုယ်စီကိုင်၍ ရောက်လာပြီး၊ ရာမယားအား ဆွဲခေါ်သွားကြ၏။ ရာမယား ကိုယ်လွတ် ရုန်းပြေးသည်ဘွင်၊ လူဆိုးတယောက်က နောက်မှ သေနတ်နှင့် ပစ်သည့်အခါ၊ ရာမယား ဒဏ်ရာရပြီး ထွက်ပြေး ပုန်းကွယ်နေ၏။ များမကြာမီ ကင်းသမားများ ရောက်လာ၍ ရာမယားကို ရှာဖွေတွေ့ရှိရပြီး ဆေးရုံသို့ ပို့လိုက်ကြ၏။

ထိုမှုခင်းနှင့် စပ်လျဉ်း၍ သန်းမောင် ဆိုသူအား ဖမ်းဆီးပြီး သထုံမြို့၊ စတုတ္ထ ရာဘက် (အထူးအာဏာရ) ရာဇဝတ် တရားသူကြီးရုံး၊ ရာဇဝတ်ကြီးမှု အမှတ် ၆/၅၇ တွင် တရားစွဲဆို တင်ပို့ရာ၊ ရာမယားနှင့် ၎င်း၏ဇနီး အံချီးတို့၏ သက်သေခံချက်များ မယုံထိုက်ဟု ယူဆကာ၊ သန်းမောင်အား တရားရှင် လွှတ်လိုက်၏။ ထိုအမှုစစ်ဆေး နေစဉ်၊ ယခုအယူခံ တရားလို ကာစိကို ရှာဖွေမတွေ့သဖြင့် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၂ အရ အရေးယူပြီး၊ ၎င်းအပေါ်၌ ထိုရာဇဝတ်ကြီးမှု အမှတ် ၆/၅၇ တွင် သက်သေခံချက်များ ရေးမှတ်လေသည်။

ဤအမှုတွင်၊ ရာမယားနှင့် အံချီတို့အား ရုံးသို့လာရောက် သက်သေခံရန် သမ္မာန် စာထုတ်၍ ဆင့်ခေါ်ရာတွင်၊ မတွေ့ရှိဘဲ၊ သက်ဆိုင်ရာ သူကြီးက ၎င်းတို့ ရန်ကုန်မြို့သို့ ပြောင်းရွှေ့သွားကြောင်း အစစ်ခံသဖြင့် ထိုသူနှစ်ဦး၏ သက်သေခံချက်များကို အသုံးပြုပြီး၊ ယခု အယူခံ တရားလို အပေါ်၌ ပြစ်မှုထင်ရှား စီရင်ခဲ့သည်။

ယင်းသို့ ရာမယားနှင့် အံချီးတို့၏ သက်သေခံချက်ကို အသုံးပြုခဲ့သည်မှာ၊ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၅၁၂၊ ဒုတိယအပိုဒ်ပါ ပြဋ္ဌာန်းချက်များနှင့် ဖြောင့်ဖြောင့် ဆန့်ကျင် နေသည်။ ရာမယားနှင့် အံချီးတို့ သေဆုံးခဲ့လျှင်သော်၎င်း၊ ထိုပုဒ်မမှ အခြားလုံလောက်သော အကြောင်း တခုခုရှိလျှင်သော်၎င်း ၎င်းတို့၏ သက်သေခံချက်ကို အသုံးပြုနိုင်ပေမည်။ ထိုသို့သော အကြောင်းတခုခု မရှိလျှင် အလျဉ်းအသုံးပြုနိုင်မည်မဟုတ်ပေ။ ဤအချက်နှင့် စပ်လျဉ်း၍ ရုံးများလက်စွဲ (ဒုတိယအကြိမ်ထုတ်) အပိုဒ် ၅၁၃ (၃)ပါ ညွှန်ကြားချက်များကို လေ့လာ၍ လိုက်နာကျင့်သုံးရန် ညွှန်ကြားလိုက်သည်။

ရာမယားနှင့် အံချီးတို့၏ သက်သေခံချက်များမှာ ယုံကြည်လောက်သော အခြေအနေရှိလျှင်၊ အထက်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်အတွက် အမှုကို ပြန်လည်စစ်ဆေးရန် အမိန့်ချမှတ်သင့်ပေမည်။ သို့သော် ထိုသူနှစ်ဦး၏ အစစ်ခံချက်များကို လေ့လာသုံးသပ်ရာ၌ ၎င်းတို့ယခုအယူခံ တရားလို အပေါ်၌ စွပ်စွဲခဲ့သည်မှာ အခြေအမြစ်မရှိ မခိုင်လုံကြောင်း တွေ့ရှိရသည်။ ရာမယားထွက်ချက်တွင်၊ ကင်းသမားမောင်မြဖေ က လူဆိုးတွေအနက် မည်သူကို မှတ်မိသနည်း မေးရာ၊ မိမိက

၁၉၆၂
ကာစီ
နှင့်
ပြည်လောင်စု
မြန်မာနိုင်ငံ။

မည်သူပါသည်မပါသည်ကို ပြောမိမပြောမိ သတိမရဘဲ အာစစ်ခံ၏။ ထိုသက်သေသည်၊ တရားခံ သန်းမောင်နှင့် စပ်လျဉ်း၍ မူလက အတိအကျ စွပ်စွဲပြီး၊ သန်းမောင်ပင် မိမိအား သေနတ်နှင့် ပစ်ပါသည်ဟု ပြောဆိုခဲ့သော်လည်း၊ နောက်ပိုင်းတွင်၊ သန်းမောင် ပါသည်မပါသည်ကို အသေအချာ မပြောနိုင်ကြောင်း။ လူဆိုးတယောက်မှာ သန်း မောင်နှင့် တူ၍သာ သန်းမောင်ပါသည်ဟု စွပ်စွဲခဲ့ကြောင်း။ ထို့ပြင်လည်း မိမိအား သန်းမောင်က သေနတ်နှင့် ပစ်သည်ဟု တိုင်ခဲ့သည်မှာလည်း အထင်နှင့် တိုင်ခဲ့သည် ဖြစ်ကြောင်း ဝန်ခံ၏။" ဤသက်သေမျိုး၏ ထွက်ဆိုချက် အပေါ်မူတည်၍ တရားခံ တဦးအား အပြစ်ပေးနိုင်မည် မဟုတ်ချေ။ အဲချီးသည်လည်း ကင်းသမား မောင်မြဖေ က လူဆိုးများကို သိသလားမေးရာ မိမိကသိကြောင်းသာပြော၍ နာမည်ဖေါ်မပြော ကြောင်း အစစ်ခံ၏။

အမှန်အားဖြင့်ဆိုသော်၊ ရာမယားနှင့် အဲချီးတို့သည်၊ လူဆိုးများကို မှတ်မိရန် အားကြောင်း မပေါ်ချေ။ ရာမယားက မိမိနှင့် အိမ်နီးချင်းများ မီးလုံးနေသော မီးပုံမှာ သစ်ရွက်၊ ကောက်ရိုးနှင့် အမှိုက်များကို မီးထည့်ထား၍ လူဆိုးများ လာစဉ်က မီးတောက်မနေဘဲ၊ မီးခဲကလေးများသာ ရှိကြောင်း အစစ်ခံ၏။ ဤကြောင့် မီးရောင် ဖြင့် လူဆိုးများကို မှတ်မိသည်ဆိုသည်မှာ ယုတ္တိမတန်ပေ။ ၎င်း၏မိန်းမ အဲချီးသည်၊ ထိုစဉ်အခါက မီးမလုံဘဲ မီးပုံမှတလံကွာလောက်ရှိ မိမိတို့အိမ်ရှေ့ ကပြင်တွင် ထိုင်နေ ကြောင်း။ လူဆိုးများ မီးပုံနားသို့ ရောက်လာသည်နှင့် တပြိုင်နက် အဲချီးထွက်ပြေး ကြောင်း ရာမယားထွက်ဆို၏။ ထို့ကြောင့် အဲချီးလည်း လူဆိုးများကို အသေအချာ ထွေ့မြင်လိုက်ဟန် မတူချေ။

ထိုသက်သေ လင်မယားမှ အပ၊ အယူခံ တရားခံ အပေါ်၌ ထွက်ဆိုနိုင်သော အခြားသက်သေ မရှိချေ။

တရားခံ ပေးပြသော သက်သေများကို စဉ်းစားရန် မလိုတော့ပေ။

အယူခံ တရားခံ အပေါ်၌ ချမှတ်သော ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ပြစ်ဒဏ်ကို ပယ်ဖျက်ပြီး၊ ၎င်းအား ဤအမှုနှင့် စပ်လျဉ်း၍ တရားသေ လွှတ်၍ အချုပ်မှလွှတ်ရန် အမိန့်ချမှတ်လိုက်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီး ရွှေဥ

ဘီ၊ အယ် (လ်)၊ ရှားမား (လျှောက်ထားသူ)

နှင့်

ဒေါ်အောက်တိုဘာလ ၄ ရက်။

† ၁၉၆၂

၁။ ဦးတင်လှိုင်၊ ၂။ ဦးသက်ရှည် (လျှောက်ထားခံရသူများ)*

ရာဇဝတ် ကျင့်ထုံး ပုဒ်မ ၄၉၄၊ ၄၉၅၊ အမှုကို ရပ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ မှားယွင်း ချက်များ လိုက်နာ ဆောင်ရွက်သင့်သည့် လမ်းစဉ်၊ ပုဒ်မ ၄ (ခ) ရုံးအမှုလိုက်ရဲအုပ်သည် အစိုးရ ရှေ့နေ (Public Prosecutor) ဖြစ်သည်။

ရန်ကုန်မြို့၊ စတုတ္ထ ရာဘက် ရာဇဝတ် တရားသူကြီးရုံးတွင်၊လျှောက်ထား ခံရသူ အမှတ် (၂) ဦးသက်ရှည်က၊ လျှောက်ထားခံရသူ အမှတ် (၁) ဦးတင်လှိုင်အပေါ်၊ ရပ်ရှင်ကား ကော်ပီကထုပ်နှင့် စပ်လျဉ်း၍ ရာဇသတ်ကြီး ပုဒ်မ ၄၀၉ အရ၊ တရားစွဲဆိုရာ၊ ဦးသက်ရှည်၏ လျှောက်ထားချက်အရ၊ တရားခံဖြစ်သူ ဦးတင်လှိုင်အား ဖမ်းဆီးရန် လူဖမ်းဝရမ်းထုတ်ပြီး ရပ်ရှင်ကားကိုလည်း သိမ်းဆည်းရန် အတွက် ဝရမ်းထုတ်၍ အမှုကို ၂၈-၆-၆၂ နေ့သို့ ချိန်းလိုက်၏။ ထိုအတောအတွင်း ၅-၆-၆၂ နေ့၌ လျှောက်ထားသူ ရှားမားသည်၊ အဆိုပါ ရပ်ရှင်ကား ကော်ပီမှာ၊ မိမိပိုင်ဆိုင်သဖြင့်၊ မိမိအား ပြန်ပေးပါရန် လျှောက်လွှာကို စတုတ္ထ ရာဇဝတ်တရားသူကြီးထံ တင်သွင်းရာ၊ တရားသူကြီးက ထိုလျှောက်လွှာကို ၂၈-၆-၆၂ နေ့၌ တင်ပြရန် လျှောက်လွှာပေါ်မှာပင် အမိန့်ချမှတ်လိုက်၏။ ထိုအတောအတွင်း ၂၂-၆-၆၂ နေ့၌ ဦးသက်ရှည်၏ ရှေ့နေနှင့် ဦးတင်လှိုင်၏ ရှေ့နေကြီးတို့သည် စတုတ္ထရာဘက်ရာဇဝတ်တရားသူကြီးရုံးသို့ လာရောက်ကြသည်။ ရာဇဝတ် တရားသူကြီးက ခစ်၍ ရာဇဝတ် တရားသူကြီး၏ အမိန့်အရ အမှုကို နုတ်သိမ်းခွင့် ပြုကြောင်းဖြင့်၊ ဦးကင်လှိုင်အား ရာဇဝတ် ကျင့်ထုံးပုဒ်မ ၄၉၄ အရ၊ တရားရှင်လွှတ်ပြီး ရှေ့နေကြီး နှစ်ဦး သဘောတူညီချက်အရ၊ ရပ်ရှင်ကားကို ဦးသက်ရှည်အား ထုတ်ပေးရန်အမိန့် ချမှတ်လိုက်သည်။

ဆုံးဖြတ်ချက်။ ။ဦးသက်ရှည်၏ လျှောက်ထားချက်အရ၊ ရန်ကုန်ခရိုင်၊ ရာဇဝတ်တရားသူကြီးသည်၊ သက်ဆိုင်သည့် ရုံးအမှုလိုက် ရဲအုပ်က၊ စတုတ္ထရာဘက်ရာဇဝတ်တရားသူကြီးရုံးတွင်၊ ဤအမှုကို ရပ်သိမ်းခွင့် လျှောက်ထားရန် ရဲဝန်ထောက် (ရုံး)က ညွှန်ကြားပေးရန်အမိန့်ချမှတ်ပြီး၊ ထိုအမိန့် မိတ္တူကို စတုတ္ထရာဘက်ရာဇဝတ် တရားသူကြီးသိသာရန်ပေးပို့သည်မှာ မှားယွင်းလေသည်။

စတုတ္ထရာဘက် ရာဇဝတ် တရားသူကြီးရုံးသို့ အမှုလိုက်ရဲအုပ် မလာရောက်ဘဲ၊ အမှုကိုရပ်သိမ်းခွင့် စာဖြင့် လျှောက်ထားသည်မှာလည်း မှားယွင်းလေသည်။ ထို့အပြင် စတုတ္ထရာဘက် ရာဇဝတ်တရား

---

* ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၅ (ခ)။

† ၁၉၆၂ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၆၁၅ တွင် ချမှတ်သော ၁၉၆၂ ခုနှစ်၊ မေလ ၂၂ ရက် နွေစဉ်ပါ၊ ရန်ကုန်မြို့၊ စတုတ္ထရာဘက် ရာဇဝတ်တရားသူကြီး၏ အမိန့်ကို ပြင်ဆင်မှု။

သူကြီးသည် အမှု ရုပ်သိမ်းခွင့် ပေးသင့်၊ မပေးသင့်ကို၊ မိမိသဘောအတိုင်း စဉ်းစားဆုံးဖြတ်ခြင်း မပြုဘဲ၊ ခရိုင်ရာဇဝတ် တရားသူကြီး အမိန့်အရ၊ ရုပ်သိမ်းခွင့် ပြုသည်မှာလည်း မှားယွင်းလေသည်။

အမှန်အားဖြင့် ဆိုသော်၊ အမှုလိုက်ရဲအုပ်သည်၊ မိမိကိုယ်တိုင် စတုတ္ထရာဘက်ရာဇဝတ်တရားသူကြီး ခံသို့ သွားရောက်၍၊ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၄၉၄၊ ၄၉၅ အရ၊ အမှုရုပ်သိမ်းခွင့် လျှောက်တောင်းပြီး ရာဇဝတ် တရားသူကြီးကလည်း၊ အမှုအဖြစ်အပျက်များကို၊ မိမိကိုယ်တိုင် ဆင်ခြင်သုံးသပ်၍ ခွင့်ပြုသင့်၊ မပြုသင့်အမိန့် ချမှတ်ရမည်။

ခံုးအမှုလိုက် ရဲအုပ်သည်၊ ရာဇဝတ် ကျင့်ထုံးပုဒ်မ ၄ (န)အရ၊ အစိုးရရှေ့နေ (Public Prosecutor) ဖြစ်သည်။

ရှားဆင်းနှင့် ဂျီတင်ဒရာနုပ်ဆင်(နှ) C.W.N. အတွဲ ၃၆၊ စာ ၁၆၊ ၂၀ ကိုရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။ဦးစိန်ဖူးလိုက်ပါဆောင်ရွက်သည်။

သျှောက်ထားခံရသူအတွက်။ ။ဦးထွန်းအောင်(၂)လိုက်ပါဆောင်ရွက်သည်။

၁၉၆၂

ဘီ၊ အယ်(လ်)၊ ရှားမား နှင့် ၁။ ဦးတင်လှိုင်၊ ၂။ ဦးသက်ရှည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊ ရရှိသမျှသော အမှုတွဲများနှင့် လျှောက်ထားသူ ဘီ၊ အယ်(လ်)၊ ရှားမား၏ ပညာရှိရှေ့နေကြီး ပြောကြားချက်များအရ၊ သိရှိရသည်မှာ၊ ရှားမားနှင့် ဦးသက်ရှည်တို့သည် "အိမ်တွင်းနတ် ၇ ပါး" ရုပ်ရှင်ကား ကော်ပီ ၃ ထုပ်စပ်တူ ရိုက်ခဲ့ကြောင်း။ ထိုရုပ်ရှင်ကားများနှင့် ပတ်သက်၍ ဦးသက်ရှည်က ရှားမားအား ရန်ကုန်မြို့၊ ပဉ္စမဆာဘက် ရာဇဝတ် တရားသူကြီးရုံးတွင် ရာဇသော်ကြီး ပုဒ်မ ၄၀၆ အရ တရားစွဲဆိုခဲ့ကြောင်း။ ရှားမားကလည်း အပြန်အလှန် ရာဇဝတ်မှု စွဲဆိုခဲ့ကြောင်း။ ထိုနှစ်မှုစလုံးမှာ ယခုရန်ကုန်မြို့၊ပဌမဆာဘက် ရာဇဝတ် တရားသူကြီးရုံး၌ စစ်ဆေးလျက်ရှိကြောင်း။ ဦးသက်ရှည်သည် ရန်ကုန်မြို့မတရားမရုံး၌ ထိုရုပ်ရှင်ကားများ လက်ရှိရရန်အတွက် တရားစွဲဆိုခဲ့ကြောင်း။ ထို့နောက်၊ ဦးသက်ရှည်ကပင် ဦးတင်လှိုင်အား ထိုရုပ်ရှင်ကား ကော်ပီတဆုပ်နှင့်စပ်လျဉ်း၍၊ ရန်ကုန်မြို့၊ စတုတ္ထရာဘက် ရာဇဝတ် တရားသူကြီးရုံး၊ ရာဇဝတ်ကြီးမှု အမှတ် ၆၁၅/၆၂ တွင်၊ ရာဇသတ်ကြီး ပုဒ်မ ၄၀၉ အရ တရားစွဲဆိုကြောင်း ဖြစ်သည်။ ထိုရာဇဝတ်ကြီးမှု အမှတ် ၆၁၅/၆၂ ကို စတုတ္ထရာဘက် ရာဇဝတ် တရားသူကြီးရုံးသို့ (၂၉-၅-၆၂) **နေ့၌** တင်ရာ၊ တရားသူကြီးက၊ တရားခံဖြစ်သူ ဦးတင်လှိုင်အား ဖမ်းဆီးရန် လူဖမ်းဝရမ်း ထုတ်ပြီး၊ ရုပ်ရှင်ကားကိုလည်း သိမ်းဆည်းရန်အတွက် ရှာဖွေဝရမ်း ထုတ်လိုက်၏။ အမှုကို (၂၀-၆-၆၂) နေ့သို့ ချိန်းလိုက်၏။ ထိုအတောအတွင်း (၅-၆-၆၂) **နေ့၌** ရှားမားသည်၊ စတုတ္ထရာဘက် ရာဇဝတ် တရားသူကြီးရုံးတွင် လျှောက်**လွှာတင်ပြီး**၊ အဆိုပါ အမှုနှင့် သက်ဆိုင်သော ရုပ်ရှင်ကားမှာ မိမိပိုင်ဆိုင်သဖြင့်၊ **မိမိထား ပြန်ပေး**ရန် လျှောက်ထား၏။ တရားသူကြီးက ထိုလျှောက်လွှာကို (၂၀-၆-၆၂)**နေ့၌ တင်ပြရန်** လျှောက်လွှာပေါ်မှာပင် အမိန့်ချမှတ်လိုက်၏။

၁၉၆၂

ဘီ၊ အယ်(လ်)၊ ရှားမားနှင့် ၁။ ဦးတင်လှိုင်၊ ၂။ဦးသက်ရှည်။

ထိုအတောအတွင်း (၂၂-၆-၆၂) နေ့၌ ဦးသက်ရှည်၏ ရှေ့နေကြီးနှင့် ဦးတင်လှိုင်၏ ရှေ့နေကြီးတို့သည်၊ စတုတ္ထရာဘက် ရာဇဝတ် တရားသူကြီးရုံးသို့ လာရောက်ကြသည်။ ရာဇဝတ် တရားသူကြီးက၊ ခရိုင်ရာဇဝတ် တရားသူကြီး၏ အမိန့်အရ အမှုကို နုတ်သိမ်းခွင့်ပြုကြောင်းဖြင့်၊ ဦးတင်လှိုင်အား ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၉၄ အရ၊ တရားရှင်လွှတ်ပြီး၊ ရှေ့နေကြီး နှစ်ဦးသဘောတူညီချက်အရ၊ ရုပ်ရှင်ကားကို ဦးသက်ရှည်အား ထုတ်ပေးရန် အမိန့် ချမှတ်လိုက်သည်။

ထိုသို့ အမိန့်ချမှတ်သည်ကို ပယ်ဖျက်ရန်၊ ရှားမားက အကျိုးထိခိုက်သူ တဦးအနေဖြင့်၊ ယခု လျှောက်ထားခြင်း ဖြစ်သည်။

ဤအမှုတွင် ဦးသက်ရှည်၏ လျှောက်ထားချက်အရ၊ ရန်ကုန်ခရိုင်၊ ရာဇဝတ် တရားသူကြီးသည်၊ သက်ဆိုင်သည့် ရုံးအမှုလိုက် ရဲအုပ်က၊ စတုတ္ထရာဘက် ရာဇဝတ် တရားသူကြီးရုံးတွင်၊ ဤအမှုကို ရုပ်သိမ်းခွင့် လျှောက်ထားရန် ရဲဝန်ထောက် (ရုံး) က ညွှန်ကြားပေးရန် အမိန့်ချမှတ်ပြီး၊ ထိုအမိန့်မိတ္တူကို စတုတ္ထရာဘက် ရာဇဝတ် တရားသူကြီးသိသာရန် ပေးပို့သည်မှာ မှားယွင်းလေသည်။ စတုတ္ထရာဘက် ရာဇဝတ် တရားသူကြီးရုံးသို့ အမှုလိုက် ရဲအုပ် မလာရောက်ဘဲ၊ အမှုကို ရုပ်သိမ်းခွင့် စာဖြင့် လျှောက်ထားသည်မှာလည်း မှားယွင်းလေသည်၊ ထို့ပြင်၊ စတုတ္ထရာဘက် ရာဇဝတ် တရားသူကြီးသည်၊ အမှုရုပ်သိမ်းခွင့်ပေးသင့် မပေးသင့်ကို၊ မိမိသဘောအတိုင်း စဉ်းစားဆုံးဖြတ်ခြင်း မပြုဘဲ၊ ခရိုင်ရာဇဝတ် တရားသူကြီးအမိန့်အရ၊ နုတ်သိမ်းခွင့်ပြုသည်မှာလည်း မှားယွင်းလေသည်။ အမှန်အားဖြင့်ဆိုသော်၊ အမှုလိုက်ရဲအုပ်သည်၊ မိမိကိုယ်တိုင်၊ စတုတ္ထရာဘက် ရာဇဝတ် တရားသူကြီးရုံးသို့ သွားရောက်၍၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၉၄၊ ၄၉၅ အရ၊ အမှုရုပ်သိမ်းခွင့် လျှောက်တောင်းပြီး၊ ရာဇဝတ် တရားသူကြီးကလည်း အမှုအဖြစ်အပျက်များကို၊ မိမိကိုယ်တိုင် ဆင်ခြင်သုံးသပ်၍ ခွင့်ပြုသင့် မပြုသင့် အမိန့်ချမှတ်ရမည်ဖြစ်သည်။

ရုံးအမှုလိုက် ရဲအုပ်သည်၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄ (နှ) အရ၊ အစိုးရရှေ့နေ (Public Prosecutor) ဖြစ်သည်။ ရှားဆင်းနှင့် ဂျီတင်ဒရာနပ်ဆင်(နှ) (၁) အမှုတွင်၊ စာမျက်နှာ ၂၀ ၌ အောက်ပါအတိုင်း မြွက်ဆိုထားသည်။

> ". . . . . The action of the Public Prosecutor in entering appearance simply for the purpose of withdrawal, though unusual, was neither illegal nor irregular. In accordance with the procedure laid down in sections 492 to 495, Criminal Procedure Code, the Public Prosecutor can take change of any prosecution at any time and without asking anybody's con-

(၁) Calcutta Weekly Notes အတွဲ ၃၆ စာ ၁၆—၂၀။

sent. Thereafter the prosecution is to be directed by the Public Prosecutor and if he thinks fit he may ask the Court to allow him to withdraw the prosecution."

၁၉၆၂

ဘီ၊ အယ် (လ်)၊ ရှားမား နှင့် ၁။ ဦးတင်လှိုင်၊ ၂။ ဦးသက်ရွှည်။

ဤအမှုတွင်၊ အထက်၌ ပေါ်ပြခဲ့သည့်အတိုင်း၊ မှားယွင်းချက်များ တွေ့ရှိရသော်လည်း၊ ယခုရှားမား လျှောက်ထားသည်မှာ၊ တရားစီရင်ရေး၌ ကူညီဆောင်ရွက်ရန် အတွက် လျှောက်ထားခြင်းမဟုတ်။ ရုပ်ရှင်ကား မိမိလက်သို့ ရောက်ရှိရန်အတွက် လျှောက်ထားခြင်းသာ ဖြစ်သည်။ ထိုရုပ်ရှင်ကားမှာလည်း၊ ရှားမားနှင့်ဦးသက်ရွှည်တို့ အပြန်အလှန် စွဲဆိုကြသော၊ ရန်ကုန်မြို့၊ ပဌမရောဘက် ရာဇဝတ်တရားသူကြီးရုံးရှေ့ရှိ အမှုများတွင် သက်သေခံအဖြစ် တင်သွင်းပြီး ဖြစ်ကြောင်း၊ နှစ်ဦးနှစ်ဘက် ပညာရှိ ရှေ့နေကြီးများက ပြောကြားကြ၏။ ထို့ပြင်လည်း ဦးသက်ရွှည်နှင့် ဦးတင်လှိုင်တို့ ကြေနပ်မှု ရကြပြီးဖြစ်သဖြင့်၊ ဦးတင်လှိုင်အား တရားရှင်လုတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး၊ အမှုကိုပြန်လည် စစ်ဆေးစေလျှင်လည်း၊ ဦးသက်ရွှည် ထိရောက်စွာ သက်သေတင်ပြခြင်း မပြုတန်ရာသဖြင့် အကြောင်းထူးတော့မည် မဟုတ်ပေ။

ထို့ကြောင့်၊ ယခုလျှောက်လွှာကို ပယ်လိုက်သည်။

• တရားရုံးချုပ်၌

တရားသူကြီးချုပ် ဦးဘိုကြီးရွှေဥ

မတလုပ်မ (လျှောက်ထားသူ)

နှင့်

၁၉၆၂

အောက်တိုဘာ

လ ၃ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံ၊ မြူနီစီပါလ်စ် စက္ကရီတေရီ (တောင်ငူမြို့) လျှောက်ထားခံရသူ

မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၂၀၂ (ခ) အရ၊ အဆောက်အဦဖြိုဖျက်သွားစေရန်အမိန့်မပေးနိုင်။

ဆုံးဖြတ်ချက်။ ။မြူနီစီပါယ် အက်ဥပဒေ ပုဒ်မ ၂၀၂ (ခ)အရ၊ အဆောက်အဦဖြိုဖျက်သွားစေရန် အမိန့်ပေးနိုင်ခွင့် မရှိသဖြင့်၊ လျှောက်ထားသူ အပေါ်တွင် အဆိုပါ ပုဒ်မအရ၊ ပြစ်မှုထင်ရှားစီရင်ပြီး၊ အမိန့်ချမှတ်သော နေ့မှ တလအတွင်း နေအိမ်အဆောက်အဦကို ဖြိုဖျက်သွားစေရန် ချမှတ်သောအမိန့်သည် မှားယွင်းသည်။

လျှောက်ထားသူအတွက်။ ။တဦးတယောက်မျှမလာ။

လျှောက်ထားခံရသူအတွက်။ ။တဦးတယောက်မျှမလာ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ကျွန်အမှုတွင်၊ တောင်ငူမြို့၊ တတိယဆာဘက် ရာဇသတ် တရားသူကြီးက၊ မတလုပ်မအား၊ မြူနီစီပါယ်အက်ဥပဒေပုဒ်မ ၁၁၅ (၃)နှင့် ပုဒ်မ ၂၀၂ (ခ) အရ၊ ပြစ်မှုထင်ရှားစီရင်ပြီး၊ ဒဏ်ငွေ ၂၅ ကျပ်ပေးဆောင်စေရန်၊ သို့တည်းမဟုတ် အလုပ်မဲ့ထောင်ဒဏ် ရက်သတ္တသုံးပတ် ကျခံစေရန် အမိန့်ချမှတ်သည့်အပြင်၊ ထိုအမိန့် ချမှတ်သော နေ့မှ တလအတွင်း နေအိမ်အဆောက်အဦကို ဖြိုဖျက်သွားစေရန် အမိန့်ချမှတ်လိုက်၏။

တောင်ငူစက်ရှင်တရားသူကြီး တင်ပြသည့်အတိုင်း၊ မြူနီစီပါယ် အက်ဥပဒေပုဒ်မ ၂၀၂ (ခ) အရ၊ အဆောက်အဦ ဖြိုဖျက်သွားစေရန် အမိန့်ပေးပိုင်ခွင့် မရှိခဲ့။ ထို့ကြောင့် မတလုပ်မ အပေါ်၌ အိမ်ကို တလအတွင်း ဖြိုဖျက်သွားရန် ချမှတ်သော အမိန့်ကို ပယ်ဖျက်လိုက်သည်။

၁၉၆၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၉၁ (ခ)။

၁၉၆၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၇၄ တွင် ချမှတ်သော။

၁၉၆၂ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် နေ့စွဲပါ တောင်ငူမြို့၊ စက်ျင်တရားသူကြီး၏ အမိန့်ကိုပြန်၍ ဆင်ခြင်မှု။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးရှေ့၌

ရာဆင် (မ) (အယူခံတရားလို)

နှင့်

မက်ဆာ(စ်)အီး၊ အက်(စ်)၊ မာရကန်အင်ဆန်း(စ်) (အယူခံ တရားခံများ)

၁၉၆၂

အောက်တိုဘာ လ ၂၀ ရက်။

ဌါနမှူးသည်ဆိုသည့်ပစ္စည်းနှင့် ပတ်သက်၍ ပိုင်ရှင်ဆိုသူက၊ ဌါနမှူးသည်ဆိုသောသူကို ၎င်းပစ္စည်းမှ ထွက်ခွါသွားစေရန် စွဲဆိုသောအမှုတွင် ဆုံးဖြတ်ရန် အဓိကပြဿနာ။

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၀၈ (၈)၊ မြေဌါး၏ အခွင့်အရေး၊ မှားသော ယူဆချက်။

အယူခံတရားခံများဖြစ်သူ မက်ဆာ(စ်)အီး၊အက်(စ်)၊မာရကန်နှင့် သားများက၊အယူခံ တရားလို ရာဆင်(မ်)အား၊ မိမိတို့ပိုင် အခင်းဖြစ်အိမ်နှင့် မြေမှထွက်ခွါသွား စေရန် စွဲဆိုသောအမှုတွင် ရာဆင်(မ်)က၊အခင်းဖြစ်မြေမှာ၊ အယူခံတရားခံကမွေဖီပိုင်သော်လည်း၊ အိမ်မှာမူကား မိမိကိုယ်တိုင် ဆောက်လုပ်ထားသော အိမ်ဖြစ်ကြောင်း ထုချေရာ၊ အောက်ရုံးနှစ်ရုံးက၊ အခင်းဖြစ်အိမ်မှာ ရာဆင်(မ်)ဆောက်လုပ်သောအိမ်ဖြစ်ကြောင်း ဆုံးဖြတ်ကြသည်။

ဆုံးဖြတ်ချက်။ ။ယခုကဲ့သို့သော အမှုမျိုးတွင်၊ ဌါနမှူးသည်ဆိုသည့် ပစ္စည်းနှင့် စပ်လျဉ်း၍ တရားလိုမျှားပိုင်သည်၊သို့တည်းမဟုတ်တရားခံပိုင်သည်ဆိုသည့်ပြဿနာမှာ၊ အဓိကပြဿနာမဟုတ်ချေ၊ အဓိကအချက်မှာ၊ တရားလိုများသည်၊ ရာဆင်(မ်)အား၊ အိမ်ရောမြေပါဌါးသည်၊ မဲဌါးသည်ဆိုသည့် အချက်ပင်ဖြစ်သည်၊ ဤအမှုဌ် တရားလိုများသည်၊ ရာဆင်(မ်)အား၊ မြေကိုသာဌါးသည်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။

ရာဆင်(မ်)သည်၊ အခင်းဖြစ်မြေပေါ်၌၊ အိမ်မဆောက်မီ၊ မာရကန်နှင့်သားများအားလုံးထံမှ ဆောက်ခွင့်မရသဖြင့်၊ ထိုအိမ်မှာ မာရကန်နှင့် သားများပိုင်သည်ဟုယူဆချက်သည် မမှန်ချေ၊ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၈၊ အပိုဒ်(၈)အရ ဆိုလျှင်၊ မြေရှင်နှင့်မြေဌါးတို့ အခြားနည်း ဆန့်ကျင်၍ သဘောတူညီချက်မရှိလျှင်သော်ငင်း၊ ဆန့်ကျင်သော ဒေသန္တရထုံးစံ ဓလေ့မရှိလျှင်သော်ငင်း၊ မြေဌါးသည်၊ ဌါနမှူးသည့်သက်တမ်း ကုန်ဆုံးစေကာမူ ဌါနမှူးသည့်မြေ မိမိလက်ရှိဖြစ်နေသမျှကာလပတ်လုံး၊ ထိုမြေပေါ်၌၊ ဆောက်လုပ်ထားသော အဆောက်အဦများကို မြေကိုမူလအခြေအတိုင်းရှိအောင် စီမံပြီးလျှင်၊ ထိုအဆောက်အဦကို ဖျက်ယူနိုင်ပေမည်။

၁၉၆၁ ခုနှစ်၊ တရားမဒုတိယအယူခံမှု အမှတ် ၅၇။

၁၉၅၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၅ တွင်၊ စစ်တွေမြို့၊ မြို့နယ်တရားမရုံး၏ ချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၆၂ အယူခံတရားလိုအတွက်။ ။ဦးအောင်ကြီးလိုက်ပါဆောင်ရွက်သည်။

ရာဆင် (မ်) နှင့် မက်ဆာ (စ်) အီး၊ အစ် (စ်)၊ မာရကန်အင် ဆန်း (စ်)။

အယူခံတရားခံများအတွက်။ ။မစ္စတာအင်၊ အာ (ရ်)၊ ဘကျော်ကျိလိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊မက်ဆာ (စ်) အီး၊အက် (စ်)၊မာရကန်နှင့် သားများက၊ ယခုအယူခံ တရားလို ရာဆင် (မ်) အား၊ စစ်တွေမြို့ရှိ အခင်းဖြစ်အိမ်နှင့်မြေမှ ထွက်ခွါသွားစေရန်၊ စစ်တွေမြို့၊ မြို့နယ်တရားမရုံး၊ တရားမကြီးမှု အမှတ် ၁၅/၅၉ တွင်၊ တရားစွဲဆိုလေသည်။ ဤတရားလိုများ၏ အဆိုလွှာတွင်၊ အခင်းဖြစ်အိမ်နှင့်မြေမှာ မိမိတို့ပိုင်ကြောင်း၊ ၎င်းတို့ကို ဌားရမ်းခတလလျှင်ငွေ ၃၀ ကျပ်နှင့် ရာဆင် (မ်) အား၊ ဌားရမ်းခဲ့ကြောင်း၊ ရာဆင် (မ်) သည်၊ ဌားရမ်းခများကို လပေါင်းများစွာမပေးဘဲ နေသဖြင့်၊ ၁-၄-၄၉ နေ့၌ နို့တစ်စာဖြင့် ထိုမပြေကျန်ငွေများကို တောင်းဆို၍၊ ထိုနှစ် ပြီလကုန်၌ အဌားချထားခြင်းကို ဖျက်သိမ်းလိုက်ကြောင်း အဆိုရှိ၏။ ရာဆင် (မ်)၏ ချေပလွှာတွင်၊ အခင်းဖြစ်မြေမှာ မက်ဆာ (စ်) အီး၊ အက် (စ်)၊ မာရကန်နှင့်သားများကုမ္ပဏီပိုင်သော်လည်း၊ အိမ်မှာမူကား၊ မိမိကိုယ်တိုင် ဆောက်လုပ်သော အိမ်ဖြစ်ကြောင်း၊ ဌားရမ်းခမှာလည်းတလလျှင်ငွေ ၃၀ ကျပ်မဟုတ်၊ မျှတသောဌားရမ်းခမှာ တလလျှင်ငွေ ၆ ကျပ်သာဖြစ်ကြောင်း။ ထို့ပြင် မိမိထံပေးပို့သောနို့တစ်စာမှာလည်းတရားမဝင်ကြောင်းဖြင့် ထုချေလေသည်။

အောက်ရုံးနှစ်ရုံးက၊ အခင်းဖြစ်အိမ်မှာ ရာဆင် (မ်) ဆောက်လုပ်သော အိမ်ဖြစ်ကြောင်း ဆုံးဖြတ်ကြသည်။ ထိုဆုံးဖြတ်ချက်မှာ သက်သေခံ အထောက်အထား ခိုင်လုံသည်ဟု တွေ့ရှိရသည်။ အမှန်အားဖြင့်ဆိုသော်၊ ယခုကဲ့သို့သော အမှုမျိုးတွင်၊ ဌားရမ်းသည်ဆိုသည့် ပစ္စည်းနှင့် စပ်လျဉ်း၍ တရားလိုများပိုင်သည်၊ သို့တည်းမဟုတ် တရားခံပိုင်သည် ဆိုသည့်ပြဿနာမှာ၊ အဓိကပြဿနာမဟုတ်ချေ။ အဓိကအချက်မှာ၊ တရားလိုများသည်၊ ရာဆင် (မ်) အား၊ အိမ်ရောမြေပါ ငှါးသည်မငှါးသည်ဆိုသည့် အချက်ပင် ဖြစ်သည်။ ဤအမှု၌ တရားလိုများသည်၊ ရာဆင် (မ်) အား၊ မြေကိုသာ ငှါးသည်ဟု ဆုံးဖြတ်ရမည် ဖြစ်သည်။

ပဌမအယူခံရုံးက၊ တရားလိုများ ပေးပို့လိုက်သော နို့တစ်စာကို၊ ရာဆင် (မ်) ရရှိ၍၊ ထိုနို့တစ်စာမှာ တရားဝင်သော နို့တစ်စာ ဖြစ်သည်ဟု ဆုံးဖြတ်သည်။ ထိုဆုံးဖြတ်ချက်ကို ဤရုံးတော်က လက်ခံသည်။ ငှါးရမ်းခမှာ၊ တလလျှင် ၃၀ ကျပ် ဖြစ် မဖြစ် ဆိုသည့် အချက်နှင့်စပ်လျဉ်း၍၊ ရာဆင် (မ်) ကိုယ်တိုင်ကပင်၊ ၁၉၄၈ ခုနှစ်မှ စ၍ အခင်းဖြစ် မြေပေါ်တွင်ရှိသော အိမ်ခန်းတွင် နေထိုင်ခဲ့ကြောင်း၊ ထိုအိမ်မှာ မော်ဇာဟစ်ဆိုသူ ဆောက်၍နေထိုင်ခဲ့ကြောင်း၊ မော်ဇာဟစ်ထံမှ မိမိငွေ ၁၀၀ ကျပ်နှင့်

၁၉၆၂

ရာဆင် (မ်) နှင့် မက်ဆာ(စ်) အီး၊ အက်(စ်) မာရကန်အင် ဆန်း (စ်)။

ဝယ်ယူလိုက်ပြီး၊ ထိုအခန်းတွင်ပင် ဆက်လက်နေထိုင်၍ တရားလိုများအား၊ ငှါးရမ်းခ ငွေ တလလျှင် ၃၀ ကျပ် ပေးကြောင်း ဝန်ခံ၏။ သို့သော်၊ ၎င်းက ၁၉၅၅ ခုနှစ်တွင်၊ အိမ်ဟောင်း ပြိုပျက်နေသဖြင့် အိမ်သစ်ဆောက်ပေးရန် တရားလိုများ အနက် ကြီးကြပ် အုပ်ချုပ်သူ ဆူလတန်မာရကန်ထံ သွားရောက်ပြောကြားရာ၊ ဆူလတန်မာရကန်က အိမ်သစ်ဆောက်မပေးနိုင်ကြောင်း၊ သို့သော် ရာဆင်(မ်) ကိုယ်တိုင် အိမ်ဆောက်လိုက ဆောက်လုပ်နေထိုင်နိုင်ကြောင်း၊ မြေခကို အနိုးအနားရှိ မြေငှါးများ ပေးသည့် အတိုင်းဘဲးရန် ဖြစ်ကြောင်း ပြောကြားလိုက်ပါသည်ဟုဆို၏။ ဤအချက်ကိုချေပလွှ တင်ငင်း၊ ရာဆင်(မ်) ရှေ့နေထံမှ တရားလိုများထံ ပေးပို့သော နို့တစ်ပြန်စာ သက် သေခံအမှတ် "၁" တွင်ငင်း ဖော်ပြခြင်း မပြုခဲ့ချေ။ ထို့ပြင်လည်း၊ မှလကတည်းက မော်ဇာဟစ် မိမိအိမ်နှင့် အခင်းဖြစ် မြေပေါ်တွင်နေပြီး တလလျှင် ငွေ ၃၀ ကျပ် ငှါးရမ်းခပေးခဲ့ပြီးနောက်၊ ရာဆင်(မ်)လည်း၊ မော်ဇာဟစ် ထွက်ခွါသွားသည့် အခါ၌၊ ၎င်း၏အိမ်ကို ဝယ်ယူပြီး တလလျှင်ငွေ ၃၀ ကျပ် ဆက်လက်၍ နှစ်ပေါင်းများစွာ ပေးခဲ့ကြောင်း ပေါ်လွင်၏။ ထို့ကြောင့် ရာဆင်(မ်)၏ ထွက်ချက်ကို လက်မခံနိုင်ပေ။

ပဌမအယူခံရုံးက ရာဆင်(မ်)သည်၊ အခင်းဖြစ် မြေပါ်၌ အိမ်မဆောက်မီ၊ မာရကန်နှင့် သားမျာ့ အားလုံးထံမှ ဆောက်ခွင့် မရသဖြင့်၊ ထိုအိမ်မှာ မာရကန်နှင့် သားများ ပိုင်သည်ဟု ဆို၏။ ထိုယူဆချက်မှာ မှန်သည်ဟု မဆိုနိုင်ပေ။ ပစ္စည်းလွှဲ ပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၀၈၊ အပိုဒ်(၈) အရဆိုလျှင်၊ မြေရှင်နှင့် မြေငှါးတို့ အခြားနည်း ဆန့်ကျင်၍ သဘောတူညီချက် မရှိလျှင်သော်ငှင်း၊ ဆန့်ကျင်သော ဒေသန္တရထုံးစံပေယ့် မရှိလျှင်သော်ငှင်း မြေငှါးသည်၊ ငှါးရမ်းသည့် သက်တမ်း ကုန်ဆုံးစေကာမူ ငှါးရမ်းသည့်မြေ မိမိလက်ရှိဖြစ်နေသမျှ ကာလပတ်လုံး၊ ထိုမြေ ပေါ်၌ ဆောက်လုပ်ထားသော အဆောက် အဦများကို၊ မြေကိုမူလအခြေအတိုင်း ရှိအောင် စီမံပြီးလျှင်၊ ထိုအဆောက်အဦကိုဖျက်ယူနိုင်ပေမည်။

ယင်းသို့ဖြစ်၍၊ အောက်ရုံးနှင့်ရုံး၏ အမိန့်နှင့် ဒီကရီများကို ပယ်ဖျက်ပြီးလျှင်၊ ရာဆင်(မ်) အား၊ အခင်းဖြစ် မြေမှ ထွက်ခွါသွားစေရန် အမိန့်ချမှတ်လိုက်သည်။ ရာဆင်(မ်)သည်၊ ထိုမြေပေါ်ရှိ အိမ်ကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၀၈၊ အပိုဒ်(၈) တွင် ပေးထားသည့် အချိန်အတွင်း သော်ငှင်း၊ ယခုအမိန့်ချမှတ်သည့် နေ့မှစ၍ သုံးလအတွင်းသော်ငှင်း နောက်ကျရာ ကာလအတွင်းတွင်၊ ဖျက်ယူသင့် ဆောင်သွားနိုင်မည်ဖြစ်သည်။

အမှုသည်များသည်၊ မိမိတို့၏ တရားစရိတ်အားလုံးကို မိမိတို့အသီးသီးကျခံကြရ မည်ဖြစ်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးရှေ့၌

ဦးဘထွန်း (လျှောက်ထားသူ)

နှင့်

ဒေါ်ခင်ညိမ်း (လျှောက်ထားခံရသူ)

၁၉၆၂

အောက်တိုဘာ
လ ၂၄ ရက်။

ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၆ (က)၊ ရုံးရှေ့သို့မရောက်သေးသော ပစ္စည်းနှင့် စပ်လျဉ်းသည့်အမိန့်၊ ရာဇဝတ်တရားသူကြီးထံတွင် မရှိသောအာဏာ။

ဆုံးဖြတ်ချက်။ ။အမှုကိုတင်ပို့သော နွေမှာပင်၊ ရုံးသို့တင်ပို့ခြင်း မပြုသေးသော အချင်းဖြစ် မော်တော်ဘတ်(စ်)ကားနှင့် စပ်လျဉ်း၍၊ ရာဇဝတ် တရားသူကြီးက၊ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၆ (က)အရ၊ လျှောက်ထားခံရသူ ဒေါ်ခင်ညိမ်းအား၊ ထိုမော်တော်ဘတ်(စ်)ကားကို အာမခံ ၂ ဦးဖြင့် ပြန်ပေးရန် ချမှတ်သော အမိန့်သည်၊ အာဏာမရှိဘဲ ချမှတ်သော အမိန့်ဖြစ်သည်။

ခလျှောက်ထားသူအတွက်။ ။သခင်ချစ်လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်။ ။ဦးတင့်လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဒေါ်ခင်ညိမ်းဆိုသူက မိမိပိုင်မော်တော်ဘတ်(စ်)ကား အမှတ် က/၈၀၃၃ ကို ကားမောင်းသူ မောင်ခင်ညွန့်ထံ မှတ်ပုံတင်လက်မှတ်နှင့်တကွ အပ်နှံထားရာ၊ မောင်ခင်ညွန့်သည် ထိုဘတ်(စ်)ကားကို ဝယ်လေဟန်စာချုပ်အတုချုပ်ဆိုပြီး၊ မော်တော်ယာဉ် ဥဒာနရုံးတွင် နာမည်ပြောင်းလဲ၍ ရောင်းချကြောင်းဖြင့်၊ ရဲဌာနာတွင် တိုင်ချက်ဖွင့်ရာ ရဲဌာနာက အမှုစုံစမ်းစစ်ဆေးပြီး၊ မောင်ခင်ညွန့်နှင့် အခြားသူ ၂ ဦးအား၊ ရန်ကုန်မြို့၊ ပဉ္စမရာဘက် ရာဇဝတ် တရားသူကြီးရုံးသို့ တရားစွဲတင်ပို့လေသည်။ အမှုတင်ပို့သည့် နွေမှာပင်၊ ဒေါ်ခင်ညိမ်း၏ ရှေ့နေကြီးက ထိုမော်တော်ဘတ်(စ်)ကားကို ဒေါ်ခင်ညိမ်းအား ပြန်ပေးရန် လျှောက်ထားသည်တွင်၊ ပဉ္စမရာဘက်ရာဇဝတ်တရားသူကြီးက ၁,၀၀၀ ကျပ်တန်ခံစန် ၂ ဦးဖြင့် ပြန်ပေးရန်အမိန့်ချမှတ်

၁၉၆၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၃၇ (ခ)။

၁၉၆၂ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှု အမှတ် ၅ တွင်၊ ချမှတ်သော၊

၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့စွဲပါဟံသာဝတီနှင့် ရန်ကုန် ခရိုင် စက်ရုံတရားသူကြီး၏ အမိန့်ကို ပြန်၍ဆင်ခြင်မှု။

လိုက်လေသည်။ ထို့နောက် ဦးဘထွန်းက ထိုဘတ်(စ်)ကားကိုမောင်ခင်ညွန့်ထံမှ ဝယ်ယူသူ မိမိအားသာလျှင် ပြန်ပေးရန် လျှောက်ထားသည်တွင်၊ ရာဇဝတ် တရားသူကြီးသည် ဒေါ်ခင်ညိမ်းနှင့် ဦးဘထွန်းတို့၏ ရှေ့နေကြီးများကို ကြားနာပြီးနောက် ဦးဘထွန်း၏ လျှောက်လွှာကို ပယ်လိုက်သည်။ ဟံသာဝတီနှင့် ရန်ကုန်ခရိုင် စက်ရှင်တရားသူကြီးရုံးသို့ ပြင်ဆင်မှု လျှောက်ထားရာတွင်လည်း မအောင်မြင်သဖြင့်၊ ဤရုံးသို့ ဦးဘထွန်း ယခုလာရောက် လျှောက်ထားခြင်းဖြစ်သည်။

၁၉၆၂

ဒေါ်ခင်ညိမ်း။

ဦးဘထွန်း၏ လျှောက်လွှာတွင်၊ အချင်းဖြစ် မော်တော်ဘတ်(စ်)ကားကို ပဉ္စမရာဘက် ရာဇဝတ် တရားသူကြီးရုံးသို့ တင်ပို့ခြင်း မပြုသေးသည်ဖြစ်၍၊ ရာဇဝတ် တရားသူကြီးသည် ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၅၁၆(က) အရ၊ ထိုမော်တော်ကားနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ခြင်း မပြုနိုင်ကြောင်းဖြင့် ဖေါ်ပြထား၏။ ထိုအချက်ကိုလည်း အဓိကအားဖြင့် ဦးဘထွန်း၏ ပညာရှိ ရှေ့နေကြီးက လျှောက်ထား၏။ ထိုလျှောက်ထားချက်နှင့် ပတ်သက်၍ ဒေါ်ခင်ညိမ်းက ချေပခြင်းမပြုနိုင်ချေ။ ၎င်း၏ရှေ့နေကပင် အချင်းဖြစ် ဘတ်(စ်)ကားကို ပဉ္စမရာဘက် ရာဇဝတ် တရားသူကြီးရုံးသို့ တင်ပို့ခြင်း မပြုရသေးကြောင်း။ သို့သော် မော်တော်ဘတ်(စ်)ကားနှင့် သက်ဆိုင်သည့် မှတ်ပုံတင် စာအုပ်ကို ရုံးသို့ပို့ပြီး ဖြစ်သဖြင့် ဘတ်(စ်)ကားကိုလည်း ရုံးသို့တင်ပို့ပြီး ဖြစ်သည်ဟု ယူဆသင့်ကြောင်းဖြင့် လျှောက်လဲ၏။ ဤလျှောက်လဲချက်ကို လက်မခံနိုင်ပေ။အချင်းဖြစ် မော်တော်ဘတ်(စ်)ကားကို ပဉ္စမရာဘက် ရာဇဝတ် တရားသူကြီးရုံးသို့ တင်ပို့ခြင်း မပြုနိုင်စရာ အကြောင်းမမြင်ပေ။ ထို့ကြောင့် ရာဇဝတ် တရားသူကြီးသည် ထိုဘတ်(စ်)ကားနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ရန် အာဏာမရှိချေ။ ဒေါ်ခင်ညိမ်းအား၊ ထိုဘတ်(စ်)ကားကို အမှုအတောအတွင်း ပေးအပ်ထားရန် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်လိုက်သည်။

APPELLATE CRIMINAL

Before U Kyaw Zan U, J.

C.C. 1962 — Nov. 6.

THE UNION OF BURMA (APPLICANT)

v.

MAUNG SOE AUNG AND THREE OTHERS (RESPONDENTS).*

Criminal Procedure Code, s. 437—Further inquiry—When not be ordered—Power to direct—Exercise of.

Revision-Criterion in.

Where the order of discharge is one which cannot be said to be either perverse or *prima facie* incorrect and there is no suggestion that any further evidence is forthcoming, no further inquiry should be directed under section 437 of the Code of Criminal Procedure.

Emperor *v.* Alam, I.L.R. 49 All. 879, referred to.

The power to direct a further inquiry must be sparingly used and with great caution and circumspection, especially where the question involved are merely matters of fact.

Abdul Rashid Sheikh and others *v.* Momtaz Sheikh, A.I.R. 1924 Cal. 229, referred to.

The trial Court was both entitled and bound to value and weigh the evidence and if it disbelieved the evidence and discharged the accused, the question in revision depends upon whether it is a reasonable order, the criterion being, not whether the revising Court agrees with it, but whether it is rational in the sense that it could not be fairly described as perverse or manifestly contrary to the evidence.

U Hnit (Government Advocate) for the applicant.

Maung Maung Khin for the respondent.

U KYAW ZAN U, J.—The respondents were prosecuted for dacoity but they were discharged by the learned Special (Sessions) Judge of Pyinmana on the ground that no conviction could be given on the evidence of the approver Maung Moe Kyaw (PW 2) which was not corroborated. The Government has now filed an application to revise the said order of discharge and to direct a further inquiry on

*Criminal Revision No. 57 B of 1962. Review of the order of the Special Judge, Pyinmana, dated the 10th May 1962 in Criminal Regular Trial No. 16 of 1960.

the ground that on the approver's evidence, which is legal evidence, a *prima facie* case has been made out against the respondents. In *Ali Meah* v. *The Union of Burma* (1) it was held that illustration (*b*) of section 114 and section 133 of the Evidence Act are not inconsistent. However, a severe test will have to be made of an approver's evidence, and a conviction based solely on an approver's evidence will be an exception rather than a general rule. A rule of prudence has emerged and it is so universally followed as to amount to a rule of law that it is unsafe to convict on the evidence of an accomplice unless it is corroborated in material particulars to implicate the accused. When it is unsafe therefore to convict on the uncorroborated evidence of an accomplice, or, an approver for that matter, it will be sheer waste of public revenue, time and energy to frame a charge against the accused.

I have heard the arguments of the learned Government Advocate who appeared for the Union and the learned Advocate for the respondents, and have also scrutinized the evidence for the prosecution but I fail to find any corroboration. With the exception of the approver and Maung Nu Ran (PW 4) none of the witnesses said they recognized any of the accused (respondents). The evidence of Maung Musa (PW 1) the informant is admittedly self-contradictory. In his First Report (Exhibit " Ka-Gyi ") he stated there were six *lusoes* with three revolvers and a rifle but in his evidence he said one *lusoe* stood in front of his car while two others came up. When confronted with his report he changed his statement and said that three *lusoes* stood in front of his car and stopped him. Even if his statement that three *lusoes* stopped him and two came up is true there were only five and not six *lusoes*. According to his evidence the *lusoes* carried only two revolvers. According to the approver he received K 20

(1) (1954) B.L.R. 65 S.C.

C.C. 1962

THE UNION OF BURMA v. MAUNG SOE AUNG AND THREE OTHERS.

but in his confession he said he received K 23. The only witness who stated that he recognized the approver standing two cubits in front of Jeep No. 772 was Maung Nu Ran (PW 4) but his evidence is not acceptable. The trial Court also disbelieved his evidence. He deposed that when he was driving right in front he saw the Jeep standing in front of him with its bonnet and lights open and the approver standing in front of the Jeep. When he passed this Jeep a man flashed an electric torch from the side of the road but he accelerated and stopped at two hundred yards away from the Jeep. He had never seen the approver before and he stated that he remembered the number of the Jeep when he looked casually as he passed through. He admitted that he never mentioned the number of this Jeep to anybody. Maung Kyaw Aye (PW 14) deposed that on the following day at about 8 a.m. the respondents came in Jeep No. 772 to him for repairs but there is no satisfactory proof that this Jeep was used in the dacoity. A woman by the name of Daw Khin Tint (PW 5) was examined to identify this Jeep but in the cross-examination she was found to be an illiterate woman. She admitted she did not know the numbers or the alphabets. The evidence of the District Superintendent of Police (PW 17) is not helpful. He stated he found the impression of the right rear tyre of the Jeep on the road about one and ahalf miles away from the place of occurrence but in his cross-examination he had to admit such impressions were very common.

The principle is where the order of discharge is one which cannot be said to be either perverse or *prima facie* incorrect and there is no suggestion that any further evidence is forthcoming, no further inquiry should be directed under section 437 of the Code of Criminal Procedure. *Emperor* v. *Alam* (2). The power to direct a

(2) I.L.R. 49 All. 879.

further inquiry must be sparingly used and with great caution and circumspection, especially where the questions involved are merely matters of fact. In *Abdul Rashid Sheikh and others* v. *Momtaz Sheikh* (3) it was held by the Bench of the Calcutta High Court that where no fresh evidence is likely to be produced on further inquiry the superior Court should hesitate before exercising its powers under section 437 of the Code, unless there are palpable errors in the decision of the lower Court and not merely a difference of opinion as to the weight to be given to the discrepancies in evidence. The trial Court has discussed the evidence carefully, and has given reasons which in my opinion are sufficient to justify its conclusion that the evidence of the prosecution witnesses was insufficient to support the charge of dacoity. The testimony of accomplices in general and in the absence of special circumstances, is open to various objections self-protection, promise of a pardon, and hope of lenient treatment. In *Parasharam Bhika and another* v. *Emperor* (4) the Bench of the Bombay High Court held that an order of discharge, made after hearing all the prosecution evidence should not be set aside unless it could be said that the order was perverse or manifestly unreasonable and inconsistent with an honest appreciation of the evidence before the Court. In the instant case there is nothing to show that the order of discharge is perverse, unreasonable or inconsistent with an honest appreciation of the evidence. The trial Court was both entitled and bound to value and weigh the evidence and if it disbelieved the evidence and discharged the accused (respondents), the question in revision depends upon whether it is a reasonable order, the criterion being, not whether the revising Court agrees with it, but whether it is rational in the sense that it could not be fairly described as perverse or manifestly contrary to the evidence. It has

(3) A.T.R. 1924 Cal. 229. (4) I.L.R. LVII Bom. 430.

C.C. 1962

THE UNION OF BURMA v. MAUNG SOE AUNG AND THREE OTHERS.

considered the whole of the evidence produced by the prosecution and came to the conclusion that it was not sufficient to frame a charge against the respondents. If the evidence be of such a nature that no reasonable person would ever on that evidence hold the accused guilty he must be discharged.

Following these principles I feel I cannot entertain this application to revise the order of the trial Court. Accordingly it is dismissed.

တရားရုံးမျုပ်ခ်ဳ

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌၊

မောင်ကျော်ကျော် ပါ ၂ (အယူခံတရားလိုများ)

နှင့်

မောင်ကျော်ညိန်း ပါ ၃ (အယူခံတရားခံများ) *

† ၁၉၆၂
နိုဝင်ဘာလ ၂၀ ရက်

ကောက်ချက်မရှိ၊ သက်သေခံချက်မရှိဘဲ ဆုံးဖြတ်ချက်ပေးခြင်း၊ မှားယွင်းခြင်း။

၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဃ)၊ ဥပစာဆိုသည့် စကားအဓိပ္ပါယ်။

ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀ဂ (၄)၊ အငှါးချထားသောအိမ်ကို မီးလောင်သဖြင့်၊ အငှါးချထားခြင်းကို ဖျက်သိမ်းပိုင်ခွင့်၊ အိမ်ငှါးမျာ၏အခွင့်အရေး။

ဆုံးဖြတ်ချက်။ ။အယူခံတရားလိုများဝိုင် အခင်းဖြစ် နေအိမ်အောက်ထပ်တွင် အိမ်ငှါးအဖြစ် နေကြသော၊ အယူခံတရားခံများသည်၊ အိမ်ကိုမီးလောင်သဖြင့် ထွက်ခွါသွားရာ၊ အိမ်ရှင်များက ထိုမြေယာကို၊ ခြံစည်းရိုးကာထားပြီး၊ မီးလောင်ပြီးတလအတွင်းအယူခံတရားခံများကထိုခြံစည်းရိုးကို ဖျက်၍ မြန်စီပါယ်ရုံး၏ အခွင့်အမိန့်အရ၊ ထိုမြေရာအပေါ်တွင် တဲအိမ်ဆောက်ကြသဖြင့်၊ အယူခံတရားလိုတို့က အယူခံတရားခံများအား မြေမှထွက်သွားစေရန် တရားစွဲသောအမှုတွင် အယူခံတရားလိုတို့အား၊ အိမ်အောက်ထပ်သာငှါးကြောင်း၊ အိမ်မြေယာကိုမငှါးခဲ့ကြောင်းအယူခံဟရားခံတို့ကလည်း ဆိုအချက်ကို ငြင်းဆိုခဲ့သော်လည်း ၎င်းအချက်နှင့်မတ်သက်၍ ကောက်ချက်မထုတ်၊ သက်သေလည်း မပြကြဘဲ၊ နယ်ပိုင်တရားမရုံးနှင့် ခရိုင်တရားမရုံးများက အယူခံတရားခံများအား၊ အိမ်အောက်ထပ် ကိုသာငှါးရမ်းကြောင်း အိမ်မြေရာကိုပါ မငှါးရမ်းကြောင်း ဆုံးဖြတ်ကြခြင်းသည် မှားယွင်းလေသည်။

၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂(ဃ)ပါ ဥပစာဆိုသည်မှာ အဆောက်အဦ ဆောက်လုပ်ထားသည့် မြေကိုငှင်း၊ အငှါးချထားသည့် အဆောက်အဦ၊ သို့တည်း ဟုတ် အဆောက်အဦ အစိတ်အပိုင်း တခုခုကိုငှင်း ဆိုလိုသည်ဟု ပြဋ္ဌာန်းထားလေသည်။ သို့ဖြစ်၍ အယူခံတရားခံတို့ ငှါးရမ်းနေထိုင်ခဲ့သည်မှာ အခင်းဖြစ် အိမ်အောက်ထပ်နှင့် မြေရာဖြစ်သည်ဟု ယူဆရမည်။

ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀ဂ(၄) ပြဋ္ဌာန်းချက်များအရ၊ အခင်းဖြစ်အိမ် မီးလောင်သည့်အခါ၌၊ အငှါးချထားခြင်းကို ဖျက်သိမ်းပိုင်ခွင့်ရှိသူမှာ အိမ်ငှါးများဖြစ်သော အယူခံ တရားခံများသာ ဖြစ်သည်။

---

* ၁၉၆၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃။

† ၁၉၅၈ ခုနှစ်၊ အထူးတရားမအယူခံမှုအမှတ် ၃ တွင်၊ ရန်ကုန်မြို့ တရားလွှတ်တော်၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

၁၉၆၂

မောင်ကျော်ကျော် ပါ ၂၊ နှင့် မောင်ကျော်ညိန်း ပါ ၃။

အယူခံတရားလိုများအတွက်။ ။မစ္စတာ ဂျီ၊ အင်၊ ဘနာဂျီလိုက်ပါဆောင်ရွက်သည်။

အယူခံတရားလိုများအတွက်။ ။ဦးဘသော် လိုက်ပါဆောင်ရွက်သည်။

တရားဝန်ကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် ယခု အယူခံတရားလိုများ ဖြစ်သူ မောင်ကျော်ကျော်နှင့် နှမ၊ မလှလှတို့က မိမိတို့ပိုင် ဟင်္သာတမြို့နယ်၊ လက်သမားမြောက်ရပ် ဦးဘခဲ့လမ်းရှိ နေအိမ်အောက်ထပ်တွင် အိမ်ငှါးအဖြစ် နေထိုင်ခဲ့ကြသော အယူခံတရားခံ မောင်ကျော်ညိန်း၊ ကိုမောင်သန့်နှင့် ဆင်နီဂနီတို့အား ထိုနေအိမ်မီးလောင်ပြီးနောက် မြေရာပေါ်တွင် တဲထိုးနေကြသဖြင့် ထိုတဲကိုဖျက်သိမ်းပြီး မြေမှုထွက်ခွါသွားစေရန် နှင့် အခြားသက်သာခွင့်များ ရရန်အတွက် ဟင်္သာတမြို့နယ်၊ တရားမရုံးဥ တရားစွဲဆိုခဲ့၏။ နယ်ပိုင်တရားမရုံးသည် စွဲဆိုသည့်အတိုင်း အမိန့်ဒီကရီ ချမှတ်လိုက်၏။ ဟင်္သာတခရိုင်၊ တရားမရုံးထံ အယူခံဝင်ရာ၊ ခရိုင်ရုံးက မူလရှုံး၏ ဒီကရီကို အနည်းငယ်သာ ပြင်လိုက်၏။ မောင်ကျော်ညိန်းတို့ တရားလွှတ်တော်သို့ အယူခံဝင်ရာတွင်လည်း မအောင်မြင်သဖြင့် ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၂၀ အရ၊ အယူခံဝင်ရာတွင် တရားဝန်ကြီး နှစ်ပါးထိုင် ခုံရုံးက၊ မောင်ကျော်ကျော်၊ မလှလှတို့ စွဲဆိုသော အမှုကို ပလပ်လိုက်၏။ ထို့ကြောင့် ၎င်းတို့က ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ဖြင့် ယခု အယူခံဝင်ခြင်း ဖြစ်သည်။

အယူခံ တရားခံ မောင်ကျော်ညိန်းပါ သံးဦးတို့သည်၊ အခင်းဖြစ် နေအိမ်အောက်ထပ်တွင် မောင်ကျော်ကျော်၊ မလှလှတို့၏ အိမ်ငှါးအဖြစ် တလလျှင် အိမ်ခငွေ ၇၅ ပေး၍ နေထိုင်ခဲ့သည်မှာ ထင်ရှားသည်။ ထိုအချိန်သည်၊ ၁၉၅၄ ခုနှစ်၊ ဟင်္သာတမီးကြီးတွင် မီးလောင်သဖြင့် မြေရာသာ ကျန်ခဲ့ကြောင်း မေါ်လွင်၏။ မီးလောင်ပြီးနောက် မောင်ကျော်ညိန်းတို့သည်၊ ထိုမြေရာမှ ထွက်ခွါသွားကြပြီး၊ တလအတွင်း မြေရာပေါ်သူ ပြန်လည်တက်ရောက်၍ တဲအိမ်ဆောက်လုပ်နေထိုင်ကြ၏။ ယင်းသို့ တဲအိမ်မဆောက်မီ၊ မောင်ကျော်ကျော်တို့က မြေကို ခြံစည်းရိုးကာသဖြင့်၊ ခြံစည်းရိုးကို ဖျက်ပြီး တဲအိမ်ဆောက်ကြသည်၊ ယင်းသို့ တဲအိမ်ဆောက်သည်မှာ ဟင်္သာတမြို့မြှုနှစ်ပါယ်ရုံး၏ အခွင့်အမိန့်အရ၊ ယာယီတဲအိမ်ဆောက်ခြင်းဖြစ်သည်။ အထက်ပါ အကြောင်းချင်းရာများနှင့် ပတ်သက်၍ ဤရုံး၌ အငြင်းမထွက်တော့ချေ။

မောင်ကျော်ကျော်တို့၏ အဆိုတွင်၊ မောင်ကျော်ညိန်းတို့အား အိမ်အောက်ထပ်ကို သာ ငှါးကြောင်း၊ အိမ်မြေရာကို မငှါးခဲ့ကြောင်း ဖေါ်ပြ၏။ ထိုအချက်ကို မောင်ကျော်ညိန်းတို့၏ ချေပလွှာတွင် ငြင်းဆိုခဲ့၏။ သို့သော်ငြားလည်း၊ ထိုအချက်နှင့် စပ်လျဉ်း၍ ကောက်ချက်ထုတ်ရန် မည်သည့်အမှုသည်ကမျှ တရားမရုံးထံ လျှောက်ထား

ခဲ့ကြဟန် မတူခြေ၊ ယင်းသို့ မလျော်ကထားသဖြင့်လည်း တရားမရုံးက ထိုအချက်နှင့် စပ်လျဉ်း၍ ကောက်ချက်မထုတ်ခဲ့ပေ။ အမှုသည်များသည် နေအိမ်အောက်ထပ်ကိုသာ ငှါးသည်၊ အိမ်အောက်ထပ်ရောမြေပါ ငှါးသည် ဆိုသည့်အချက်နှင့် သက်သေပေးပြခြင်း မပြုခဲ့ကြခြေ၊ သို့ပါလျက်နှင့် နယ်ပိုင်တရားရုံးသည်၎င်း၊ ခရိုင်တရားမရုံးသည်၎င်း၊ မောင်ကျော်ညိန်းတို့သည်၊ အိမ်အောက်ထပ်ကိုသာ ငှါးရမ်းခဲ့ကြောင်း အိမ်မြေရာကိုပါ မငှါးရမ်းခဲ့ကြောင်းဖြင့် ဆုံးဖြတ်ကြလေသည်။ ယင်းသို့ ဆုံးဖြတ်ကြသည်မှာ မှားယွင်းလေသည်။

၁၉၆၂

မောင်ကျော် ပါ ၂။ နှင့် မောင်ကျော်ဒီ ညိန်း ပါ ၃။

ထို့ပြင်လည်း၊ အခင်းဖြစ်အိမ်သည်၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေတွင် အကျုံးဝင်သဖြင့် အိမ်ရှင်၊အိမ်ငှါးအဖြစ် တည်နေသေးလျှင်၊ ငှါးရမ်းရာ၌ အိမ်အောက်ထပ်သာငှါးသည်၊ သို့တည်းမဟုတ် မြေရာပါငှါးသည်ဆိုသည့်အချက်နှင့် စပ်လျဉ်း၍ ထိုအက်ဥပဒေ ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားရပေမည်။ ထို အက်ဥပဒေပုံမ ၂(ဃ)ပါ ပြဋ္ဌာန်းချက်များကို ဤအမှုနှင့် သက်ဆိုင်သဖြေဖေါ်ပြရမည် ဆိုလျှင်၊ ဥပစာဆိုသည်မှာ အဆောက်အဦ ဆောက်လုပ်ထားသည့် မြေကိုငှင်း၊ အငှါးချထားသည့် အဆောက်အဦ၊ သို့တည်းမဟုတ် အဆောက်အဦ အစိတ်အပိုင်း တခုခုကိုငှင်း ဆိုလိုသည်ဟု ပြဋ္ဌာန်းထားလေသည်။ သို့ဖြစ်၍ မောင်ကျော်ညိန်းတို့ ငှါးရမ်းနေထိုင်ခဲ့သည်မှာ၊ အခင်းဖြစ် အိမ်အောက်ထပ်နှင့် မြေရာဖြစ်သည်ဟု ယူဆရမည် ဖြစ်သည်။ ယင်းသို့ ဖြစ်သည့်အတိုင်း၊ အိမ်မီးလောင်သဖြင့် အိမ်ငှါးအဖြစ်မှ ရပ်စဲခြင်း ဖြစ်မဖြစ် ဆိုသည့်အချက်နှင့် စပ်လျဉ်း၍ ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၁၀၈ (ဂ)ပါ ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ ထို ပြဋ္ဌာန်းချက်များမှာ၊ အောက်ပါအတိုင်း ဖြစ်သည်။

108. In the absence of a contract or local usage to the contrary, the lessor and the lessee of immoveable property, as against one another, respectively, possess the rights and are subject to the liabilities mentioned in the rules next following, or such of them as are applicable to the property leased:

(e) if by fire, tempest or flood, or violence of an army or of a mob or other irresistable force, any material part of the property be wholly destroyed or rendered substantially and permanently unfit for the purposes for which it was let, the lease shall, at the option of the lessee, be void.

၁၉၆၂

ာင်ကျော်
ျာ် ပါ ၂၊
နှင့်
ာင်ကျော်
ိုး ပါ ၃။

ထိုပြဋ္ဌာန်းချက်များအရ၊ **အခင်းဖြစ်** အိမ်မီးလောင်သည့်အခါ၌ အငှါးချထားခြင်းကို ဖျက်သိမ်းပိုင်ခွင့်ရှိသူမှာ၊ အိမ်ငှါးများဖြစ်သော မောင်ကျော်ညိန်းတို့သာ ဖြစ်သည်။ ဤအမှုတွင် မောင်ကျော်ညိန်းတို့က အိမ်ငှါးချထားခြင်းကို ဖျက်သိမ်းသည်ဟု သက်သေ အထောက်အထားမရှိသည်သာမက၊ အိမ်မီးလောင်၍ ထွက်ပြေးပြီး များမကြာမီ ပင် မြေရာပေါ် သို့တက်၍ ယာယီတဲဆောက်ပြီး နေထိုင်ကြောင်း ပေါ်လွင်၏။

မောင်ကျော်ကျော်တို့၏ ပညာရှိရွှေနေကြီးက၊ မောင်ကျော်ညိန်းတို့သည်၊ မီးလောင်ပြီး မြေရာမှထွက်ခွါသွားသည်တကြောင်း၊ ၎င်းတို့ထွက်ခွါသွားလျှင်သွားခြင်း မောင်ကျော်ကျော်တို့က မြေရာငင်းခတ်သည် တကြောင်းတို့ကြောင့် မောင်ကျော်ညိန်းတို့သည် အငှါးချထားသည်ကို ပြန်လည်ပေးအပ်ကြောင်းဖြင့် လျှောက်လဲ၏။ အထက်ဖော်ပြခဲ့သည့်အတိုင်း မောင်ကျော်ညိန်းတို့သည်၊ အိမ်မီးလောင်သောကြောင့် ထွက်ပြေးပြီး၊ မကြာမီပင် အိမ်မြေရာပေါ် သို့ တက်ရောက်၍ နေထိုင်ကြသည်ကိုထောက်လျှင် ၎င်းတို့သည် အငှါးချထားခြင်းကို ပြန်လည်ပေးအပ်သည်ဟု မည်သည့်နည်းနှင့်မျှ မယူဆနိုင်ပေ။

ဤအမှုတွင် တရားရုံးများသည်၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၅၆ ပါပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားခဲ့ကြ၏၊ သို့သော် ဤအမှုနှင့် အတိအကျသက်ဆိုင်သည့် ပြဋ္ဌာန်းချက်များမှာ အထက်ဖော်ပြခဲ့သည့်အတိုင်း ပစ္စည်း လဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၀၈(၄)ပါ ပြဋ္ဌာန်းချက်များ ဖြစ်သည်။ ထိုပြဋ္ဌာန်းချက်များမှာ ဤအမှု အကြောင်းချင်းရာနှင့် အထူး ဝိသေသဆိုင်သော ပြဋ္ဌာန်းချက်များ ဖြစ်သဖြင့် ယေဘုယျအားဖြင့် ပဋိညာဉ်နှင့် စပ်လျဉ်းသော ပဋိညာဉ် အက်ဥပဒေပုဒ်မ ၅၆ ကို လွှမ်းမိုးသည်ဟု ယူရပေမည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။

ဤရုံးရွှေနေခမှာ ၁၅ ဖြစ်စေရမည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးရွှေဥ၊

† ၁၉၆၂
နိုဝင်ဘာလ
၂၇ ရက်။

မခင်အေး (လျှောက်ထားသူ)
နှင့်
ဘီဂျလီ (လျှောက်ထားခံရသူ) *

တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃၊ အငြင်းဖြစ်ပွါးသော ပစ္စည်းနှင့်စပ်လျဉ်း၍ တရားစွဲဆိုခွင့် ရှင်းပစ္စည်းပြန်ရလိုမှု တရားစွဲဆိုသည်ကို ကန့်ကွက်ခြင်းမပြု။

လျှောက်ထားသူ မခင်အေးက မိမိ အခြားသူနှစ်ဦးအပေါ် တွင် ရရှိသောဒီကရီကို ဇာရီပြုလုပ် ရာတွင်း အခင်းဖြစ်၊ နွားနှစ်ကောင် အပါအဝင် ပစ္စည်းများကို ဝါးရမ်းဘမ်းရာ၊ လျှောက်ထားခံရသူ ဘီဂျလီက တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၅၈ အရ၊ လျှောက်ထားရာ အောင်မြင်သော်လည်း နွားများမှာ မခင်အေးပင် လက်ရှိဖြစ်နေသေးသဖြင့်၊ ဘီဂျလီက ၎င်းနွားများကို လက်ရှိရလိုမှု တရားစွဲရာတွင် တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၆၃ ပါ ပြဋ္ဌာန်းချက်များကား၊ ဘီဂျလီ တရား စွဲဆိုသည်ကို ပိတ်ပင်ကြောင်း မခင်အေးအတွက် လျှောက်လဲချက်ပေးလေ၏။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး အမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရဆိုလျှင် ထိုအမိန့် ၂၁၊ နည်း ၅၈ အရ၊ စုံစမ်းရာ၌၊ တရားရုံးသေဿုကသာလျှင် အငြင်းဖြစ်ပွါးသည့် ပစ္စည်းနှင့် စပ်လျဉ်း၍ တရားစွဲဆိုရန် ဖြစ်သည်။

တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၆၃ ပါ ပြဋ္ဌာန်းချက်များကား၊ ဘီဂျလီ မိမိပိုင်နွားများကို လက်ရှိထားသူထံမှ ပြန်လည်ရယူရန်အတွက် တရားစွဲဆိုသည်ကို မည်သို့မျှ ကန့်ကွက်ခြင်းမပြုချေ။

လျှောက်ထားသူအတွက်။ ။ဦးစံသိန်း လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်။ ။မံညှသူမျှ မလာရောက်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုလျှောက်ထားသူ မခင်အေးသည်၊ ညောင်တုံးမြို့၊ မြို့နယ်တရားမရုံး၊ ဇာရီမှုအမှတ် ဂ/၅၉ တွင်၊ ချုတ်ကရောနှင့် မအေးရင်တို့ အပေါ် ရရှိသော ဒီကရီကို ဇာရီပြု၍ ယခု အခင်းဖြစ် နွားနှစ်ကောင် အပါအဝင် ပစ္စည်းများကို ဝါးရမ်းဖမ်းစေခဲ့၏။ ယခုလျှောက်ထားခံရသူ ဘီဂျလီက၊ အခင်းဖြစ် နွားနှစ်ကောင်မှာ မိမိပိုင်နွားများဖြစ်ကြောင်းဖြင့်၊ တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း

* ၁၉၆၂ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၆။

† ၁၉၆၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ဂ တွင်၊ မအူပင်မြို့ ရာဘက်ခရိုင်တရားမတရားသူကြီး ချမှတ်သော ဒီကရီကိုပြင်ဆင်မှု။

၁၉၆၂
မခင်အေး
နှင့်
ဘီကျလီ။

၅၈ အရ၊ လျှောက်ထားရာ၊ အောင်မြင်ခဲ့၏။ သို့သော ထိုနှောင်းများမှာ မခင်အေးပင် လက်ဝယ်ဖြစ်နေသေးပြီး၊ မိမိအား ပြန်လည်ပေးအပ်ရန် တောင်းဆိုရာ မရရှိ၊ ညောင်တုံးမြို့၊ မြို့နယ်တရားမရုံး တရားမကြီး မှုအမှတ် ၂၀/၆၁ တွင်၊ လက်ဝယ်ရလိုမှု တင်းစွဲဆိုလေသည်။ ထိုအမှုဘွင် မခင်အေး၏ ပညာဘို့ ရွေးနေကြီးသည်၊ တရားမကျင့်ထုံး ဒေမိန့် ၂၁၊ နည်း ၆၃ ပါ ပြဋ္ဌာန်းချက်များက၊ ဘီကျလီတရားစွဲဆိုသည်ကို ပိတ်ပင်ကြောင်းဖြင့် လျှောက်လဲ၏။ ထိုလျှောက်လဲချက်ကို လက်မခံဘဲ၊ ဘီကျလီအား နှောင်းများ ပြန်လည်ပေးအပ်စေရန် အမိန့်ဒီကရီ ချမှတ်လိုက်သဖြင့်၊ မခင်အေး အယူခံဝင်ရောက်တွင်လည်း မအောင်မြင်ခဲ့။ ထို့ကြောင့် ဤရုံးသို့ လျှောက်ထားခြင်း ဖြစ်သည်။

တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၆၃ အရဆိုလျှင်၊ ထိုအမိန့် ၂၁၊ နည်း ၅၈ အရ၊ စုံစမ်းရာ၌ တရားရုံးသောသူကသာလျှင်၊ အငြင်းပွါးသည့် ပစ္စည်းနှင့် စပ်လျဉ်း၍ တရားစွဲရန်ဖြစ်သည်။ ယင်းသို့ဖြစ်သည့်အတိုင်းလည်း၊ မခင်အေးသည် ဘီကျလီအပေါ် ၌ တရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၆၃ အရ၊ တရားစွဲဆိုထားသည်ဟု သိရှိရသည်။

သို့သော် ထိုတရားမကျင့်ထုံး အမိန့် ၂၁၊ နည်း ၆၄ ပါ ပြဋ္ဌာန်းချက်များကား ဘီကျလီအား မိမိပိုင်နှောင်းများကို လက်ဝယ်ထားသူထံမှ ပြန်လည်ရယူရန်အတွက် တရားစွဲဆိုသည်ကို မည်သို့မျှ ကန့်ကွက်ခြင်း မပြုချေ။

ဘီကျလီသည်၊ ဤရုံးသို့လာရောက်၍ ထုချေခြင်းမပြုချေ၊ ဝင်ဖြစ်၍ လျှောက်လွှာကို စရိတ်မခို ပလပ်လိုက်သည်။

တရားရုံးချုပ်

ဘရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးမောဘသိန်းတို့ရှေ့၌၊

မူစတာအာမက် (လျှောက်ထားသူ)

နှင့်

စူလတန်အာမက် ပါ ၂ (လျှောက်ထားခံရသူများ) *

တရားမဝင်သော သီးစားချထားရေးအမိန့်။

† ၁၉၆၂ နိုဝင်ဘာလ ၁၄ ရက်။

ဆုံးဖြတ်ချက်။ ။ကျေးရွာ သီးစားချထားရေး ကော်မိတီက လျှောက်ထားသူအား သီးစားချထားသောအမိန့်ကို အတည်ပြုသော ခရိုင်သီးစားချထားရေး ကော်မိတီ၏အမိန့်ကို ပယ်ဖျက်ပြီး အကျိုးအကြောင်း ဖော်ပြခြင်းမပြုဘဲ၊ လက်ငုတ် သီးစားမဟုတ်သူကို သီးစားချထားသော တိုင်းမင်းကြီး၏ အမိန့်သည် တရားမဝင်ချေ။

လျှောက်ထားသူအတွက်။ ။ဦးအောင်ကြီး လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၁) အတွက်။ ။ဦးမောင်မောင်ခင် လိုက်ပါ ဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် (၂) အတွက်။ ။အစိုးရရှေ့နေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် ယခုလျှောက်ထားသူ မူစတာအာမက်နှင့် လျှောက်ထားခံရသူ အမှတ် (၁) ဆူလတန်အာမက်တို့ အခင်းဖြစ်မြေကို ၁၉၆၁-၆၂ ခုနှစ်အတွင်း လုပ်ကိုင်ရန်အတွက်၊ သက်ဆိုင်ရာ ကျေးရွာ သီးစားချထားရေး ကော်မိတီထံ လျှောက်ထားကြရာ၊ ကျေးရွာသီးစားချထားရေး ကော်မိတီက၊ ထိုမြေကို မူစတာအာမက်အား သီးစားချထားလိုက်သည်။ ဆူလတန်အာမက်သည်၊ ထိုအမိန့်ကို မကျနပ်သဖြင့် ခရိုင်သီးစားချထားရေး ကော်မိတီထံ အယူခံဝင်ရာ၊ ခရိုင် သီးစားချထားရေးကော်မိတီက ကျေးရွာသီးစားချထားရေး ကော်မိတီ အမိန့်ချမှတ်သည့် အတိုင်း အတည်ပြုလိုက်သည်။ ဆူလတန်အာမက်သည်၊ တိုင်းသီးစားချထားရေး

* ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၇။

† ၁၉၆၁ ခုနှစ်၊ သီးစားပြင်ဆင်မှုအမှတ် ၇၅/၆၁၊ ၆၂ ရခိုင်တိုင်း သီးစားချထားရေးဌာနချမှတ်သောအမိန့်ကို လျှောက်ထားမှု။

၁၉၆၂
—
မူစ်တာ အာမက် နှင့် စူလဘန်အာမက် ပါ ၂။

ကော်မိတီဆံ ဧရာဒကပင်ရာဇ်၌၊ မူစ်တာအာမက်က၊ မိမိမကွန်းမာ၌ ခိုန်းဆိုသည့် နေ့ရက်၌ တိုင်းသီးစားခံထားရေး ကော်မိတီဖွဲ့မှောက်သို့ လာရောက်ခြင်းမပြုနိုင်သဖြင့် နောက်ထပ် ရက်ခိုန်းပေးပါရန် သံကြိုးစာဖြင့် ပန်ကြား၏၊ တိုင်းမင်းကြီးက အောက်ပါအမိန့်ကို ချမှတ်လိုက်သည်။

"ဖျားနေကြောင်း သံကြိုးစာရသည်၊ သံကြိုးစာကို ယုံကြည်ရန်မရှိပေ။ သို့အတွက် တဘတ်သတ် အမိန့်ချသည်။

ခရိုင်အမိန့်ကို ပယ်ဖျက်သည်၊ တရားလိုအား သီးစားချသည်။"

ဤအမိန့်မှာ တရားငင်သောအမိန့် မဟုတ်ပေ။ အဘယ်အခြောင်းကြောင့် လက်ငုတ် သီးစားဆိုသူအား မြေချထားခြင်းမပြုဘဲ၊ ဆူလတန်အာမက်အား ချထားသည်ကို ဖေါ်ပြခြင်းမပြုခဲ့ချေ။ ထို့ကြောင့် ဆူလတန်အာမက်၏ ပညာရှိရွေနေကြီးသည်၎င်း၊ တိုင်းမင်းကြီးအတွက် လိုက်ပါဆောင်ရွက်သော အစိုးရ ပညာရှိရွေနေကြီးသည်၎င်း၊ ထိုအမိန့်ကို မထောက်ခံနိုင်ကြပေ။

တိုင်းမင်းကြီး၏အမိန့်ကို အမှုခေါ် စာချုပ်တော်အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

တိုင်းမင်းကြီးသည်၊ အမှုသည်များအား ကြားနာပြီး၊ နောက်ထပ် အမိန့်တရပ် ချမှတ်ရန်ဖြစ်သည်။

အမှုသည်များသည်၊ မိမိတို့၏တရားစရိတ်ကို မိမိတို့အသီးသီး ကျခံကြရမည် ဖြစ်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ်ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌၊

နူးအာမက် (အယူခံတရားလို)

နှင့်

ဦးထွန်းမောင် (အယူခံတရားခံ) *

† ၁၉၆၂ နိုဝင်ဘာလ • ၂၇ ရက်။

တားဝရမ်း၊ မည်သည့်အမှုမျိုးတွင်မထုတ်သင့်၊ တရားမကျင့်ထုံးအမိန့်၊ ၃၉ နှင့် သီးခြား သက်သာခွင့် အရ ထုတ်သော တားဝရမ်းများ၊ တသဘောတည်း။

ဆုံးဖြတ်ချက်။ ။လျော်ကြေး ငွေ ပေးသင့်သည့်အမှု၌ တားဝရမ်းမထုတ်သင့်။

မူလာပြိုသော ၁၂ ကြိမ်မြောက် တရားမကျင့်ထုံးကျမ်း၊ စာအတွဲ ၂၊ စာမျက်နှာ ၁,၁၅၀ ကို ရည်ညွှန်းသည်။

တရားမကျင့်ထုံး အမိန့် ၃၉ အရထုတ်သော ယာယီတားဝရမ်းနှင့် သီးခြားသက်သာခွင့် အက်ဥပဒေအရထုတ်သော အမြဲတားဝရမ်းမှာ အခြေခံအားဖြင့် တသဘောတည်းပင်ဖြစ်သည်၊ ထိုအက်ဥပဒေပုဒ်မ ၅၄(စျ)တွင် ယုံကြည်အပ်နှံမှုနှင့် စပ်လျဉ်း၍ ဖေါင်လဲ့ဖေါက်ပြန်ပြုသော အမှုမျိုးမှတပါး၊ သာမန်အားဖြင့် လျော်ကြေးပေး၍ တားဝရမ်းထုတ်သကဲ့သို့ပင် ထိရောက်စွာ သက်သာခွင့်ပေးနိုင်သော အမှုမျိုးတွင် တားဝရမ်းထုတ်ပေးရမည်မဟုတ်ပေ။

အယူခံတရားလိုအတွက်။ ။မစ္စတာ အင်(နှ်)၊ စီ၊ ဆင်း လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။အေးမောင် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ယခုအယူခံ တရားလို နူးအာမက်သည်၊ အယူခံတရားခံ ဦးထွန်းမောင်အပေါ်၊ ပုသိမ်ခရိုင် တရားမရုံး တရားမကြီးမှုအမှတ် ၅/၆၁ တွင်၊ ဦးထွန်းမောင်က မိမိအား တဦးတည်း ကိုယ်စားလှယ်အဖြစ် ဆေးပေါ့လိပ်များ သွင်းစေရန်နှင့် အခြားသူများသို့ ရောင်းချခြင်းမပြုရန် တားမြစ်ဒီကရီနှင့် ဦးကွန်းမောင် ကတိပျက်ကွက်သည့်အတွက် လျော်ကြေးရရှိရန် တရားစွဲဆိုခဲ့၏။ ထိုအမှုအတော အတင်း အထက်ပါ စွဲဆိုချက်အတိုင်း၊ ဦးထွန်းမောင်သို့၊ တရားမကျင့်ထုံး အမိန့် ၃၉ အရ၊ တားဝါရမ်းဆုတ်ရန် လျှောက်ထား၏။ ခရိုင်တရားမရုံးက ထိုလျှောက်ထားချက်ကို ပယ်လိုက်သဖြင့် ယခု အယူခံဝင်ခြင်း ဖြစ်သည်။

---

* ၁၉၆၁ ခုနှစ်၊ တရားမ အသေးအမှဲ အယူခံမှုအမှတ် ၆၄။

† ၁၉၆၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅ တွင်၊ ပုသိမ်မြို့ ခရိုင်တရားမတရားသူကြီး ချမှတ်သော အမိန့်ကို အယူခံဝင်မှု။

၁၉၆၂

အာမက်
နှင့်
ဦးမောင်

နူးအာမက်သည်၊ ၁၉၄၈ ခုနှစ်လောက်ကစ၍၊ ဦးထွန်းမောင်၏ တဦးတည်း ကိုယ်ငားလှယ် ခန့်အပ်ခြင်း ခံခဲ့ရသူဖြစ်သည်။ ပုသိမ်ခရိုင် တရားမရုံး တရားမကြီးမှုအမှတ် ၃/၅၂ တွင်၊ နူးအာမက်က ဦးထွန်းမောင်အပေါ်ကို ထိုတဦးတည်းကိုယ်စားလှယ် လုပ်ငန်းနှင့်စပ်လျဉ်း၍ စာရင်းရှင်းရန် တရားစွဲဆိုရာ နောက်ဆုံး၌ နှစ်ဦးနှစ်ဘက် ပြေငြိမ်းကြပြီး နူးအာမက်က ဦးထွန်းမောင်အား ငွေ ၇,၀၀၀ ကျော်ပေးပြီး၊ ဦးထွန်းမောင်က နူးအာမက်အား ယခင်ကအတိုင်း တဦးတည်းကိုယ်စားလှယ် ပြန်လည်ခန့်အပ်ခဲ့၏။ ယခုအမှုတွင်လည်း ဦးထွန်းမောင်က နူးအာမက်ထံမှ ငွေ ၆,၀၀၀ မျှ ရရန် ကျန်သေးသည်ဆိုကာ၊ တရားတထုံး စွဲခဲ့သော်၏။ ခရိုင်တရားမ တရားသူကြီးသည် ယခုကိစ္စနှင့် စပ်လျဉ်း၍ နှစ်ဦးနှစ်ဘက်သော ရှေ့နေကြီးများအား ကြားနာပြီးနောက်၊ ဦးထွန်းမောင် စွဲဆိုသော အမှုမှ စာရွက်စာတမ်းများနှင့် စာရင်းများကို ဘတ်ရှုသဖြင့် နူးအာမက်၏ ရှေ့နေကြီးက ထိုအချက်နှင့်စပ်လျဉ်း၍ ပြင်းပြင်းထန်ထန် ကျွမ်းတွင်ကြောင်း ဝေဖန်၏။ တရားသူကြီးသည် ထိုကဲ့သို့မပြုလုပ်သင့်ပေ၊ သို့သော် တရားသူကြီး အခြေပြုသည့် အကြောင်းပြချက်မှာ၊ ထိုအမှုတွဲပါ အချက်များနှင့် မစပ်ဆိုင်ဘဲ ဥပဒေအရ သာလျှင် အကြောင်းပြ၍ အဆုံးအဖြတ် ပေးခဲ့ခြင်းဖြစ်ပေသည်။ တရားသူကြီးသည် ပါရဂူမူလာပြုသော ၁၂ ကြိမ်မြောက် တရားမကျင့်ထုံးကျမ်း၊ အတွဲ ၂၊ စာမျက်နှာ ၁,၁၅၈ ကို ညွှန်း၍၊ လျော်ကြေးငွေ ပေးသင့်သည့် အမှုဌ် တားဝါရမ်း မထုတ်သင့်ကြောင်းဖြင့် ဆုံးဖြတ်ပြီး၊ နူးအာမက်၏ လျှောက်လွှာကို ပယ်ခဲ့ခြင်းဖြစ်သည်။

ဤမှုမှာ မှန်ကန်သော မူဖြစ်သည်ဟု ယူဆရပေမည်။ အကြောင်းသော်ကား တရားမကျင့်ထုံး အမိန့် ၃၉ အရထုတ်သော ယာယီတားဝရမ်းနှင့် သီးခြားသက်သာခွင့် အက်ဥပဒေအရထုတ်သော အမြဲတားဝရမ်းမှာ အခြေခံအားဖြင့် တသဘောတည်းပင် ဖြစ်သည်။ ထိုအက်ဥပဒေ ပုဒ်မ ၅၆ (စ)အရဆိုလျှင်၊ ယုံကြည်အားထားနှုန်မှုနှင့်စပ်လျဉ်း၍၊ ဖေါက်လဲဖေါက်ပြန်ပြုသော အမှုမျိုးမှထပါး၊ သာမန်အားဖြင့် လျော်ကြေးပေး၍ တားဝရမ်း ထုတ်သကဲ့သို့ပင် ထိရောက်စွာ သက်သာခွင့်ပေးနိုင်သော အမှုမျိုးတွင် တားဝါရမ်း ထုတ်ပေးရမည် မဟုတ်ပေ။ ဤအမှုတွင် တဦးတည်းကိုယ်စားလှယ်က မိမိအား ကိုယ်စားလှယ် ခန့်ထားသူသည် အခြားသူများအား ထိုကိုယ်စားလှယ်နှင့် သက်ဆိုင်သော ကုန်များ ရောင်းချခြင်းအတွက် တရားစွဲဆိုခြင်း ဖြစ်သည်။ ကိုယ်စားလှယ်ခံသည်မှာ စီးပွါးရေး ဖြစ်ထွန်းအောင် ဆွေးနွေးညှိနှိုင်းတရပ်ပင် ဖြစ်သည်။

ထို့ကြောင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်သဖြင့် အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။

ဤရုံးရှေ့နေခမာ ငွေ ၈၅ ဖြစ်စေရမည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌၊

ဗြိတိသျှနှင့် နိုင်ငံခြားသမဂ္ဂမ်းစာအသင်း (အယူခံတရားလို) †၁၉၆၂ နိုဝင်ဘာလ ရက်။

နှင့်

ဦးတင်မောင် (အယူခံတရားခံ) *

နှုတ်ကတိ၊ အငှါးချထားခြင်း၏အခြေခံသဘော၊ ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေပုဒ်မ ၄၊ အိမ်ရှင်နှင့်အိမ်ငှါးအဖြစ်သို့ ရောက်နိုင်သည့်အချက်။

ဆုံးဖြတ်ချက်။ ။နှုတ်ကတိ (Oral Agreement) ပြုသည်ဆိုရာ၌၊ တဦးနှင့်တဦးတွေ့ဆုံပြီး အပြန်အလှန်ပြောဆို၍ ကတိပြုကြရမည်ဟု တရားဥပဒေသဘောအရ မဆိုလိုချေ။ အငှါးချထားခြင်းသည်၊ အခြေခံသဘောအရ၊ ငှါးရမ်းသူနှင့် အငှါးခံယူသူ နှစ်ဦးသဘောတူ ပဋိညာဉ်ပြုခြင်းသာ ဖြစ်သည်၊ ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေပုဒ်မ၊ ၄ အရဆိုလျှင် ပဋိညာဉ်နှင့် သက်ဆိုင်သော၊ ထိုအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို၊ ပဋိညာဉ်အက်ဥပဒေတွင် ပါဝင်ဘိသကဲ့သို့ မှတ်ယူရမည် ဖြစ်သည်။

အိမ်ရှင်အိမ်ငှါးအဖြစ် ငှါးရမ်းခံယူရာ၌ ကိုယ်အမှုအရာဖြင့်ပင် အိမ်ရှင်အိမ်ငှါးအဖြစ်သို့ရောက်ရှိနိုင်သည်။

ပေါလေါ(ခ်)နှင့် မူလာတို့ပြုသည့် အိန္ဒိယပဋိညာဉ် အက်ဥပဒေကျမ်းကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။ဦးသန်းအောင် လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။ဦးအောင်မင်း (၁)လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊ အယူခံတရားလို ဗြိတိသျှနှင့် နိုင်ငံခြား သမဂ္ဂမ်းစာအသင်းသည်၊ မိမိပိုင် ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်း၊ အမှတ် ၂၆၂ ရှိ အဆောက်အဦ အောက်ဆုံးထပ် မြောက်ဘက်ခန်းတွင်၊ ပါရာမောင့် ဆံသဌာနဖွင့်ပြီး စီးပွါးရှာနေသူ၊ အယူခံတရားခံ ဦးတင်မောင်အား၊ ထိုအခန်းမှ ထွက်ခွါဖယ်ရှားစေရန်၊ တရားလွှတ်တော် မူလရုံးတွင် တရားစွဲဆိုခဲ့ရာ၊ ထိုရုံးက ဦးတင်မောင်သည်၊ အယူခံတရားလို၏ အိမ်ငှါးဖြစ်ကြောင်း တွေ့ရှိဆုံးဖြတ်ပြီး၊ အမှုကိုပယ်လိုက်၏။ အယူခံဝင်ရာ၌

---

* ၁၉၆၂ ခုနှစ်၊ အခွင့်ထူး တရားမအယူခံမှုအမှတ် ၂။

† ၁၉၅၉ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၃ တွင်၊ ၁၉၆၁ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့စွဲပါ ယခင်တရားလွှတ်တော်(အယူခံဘက်ဆိုင်ရာ) ကချမှတ်သောဒီကရီကို အယူခံဝင်မှု။

၁၉၆၂

မြို့တိသူနှင့် နိုင်ငံခြားသမ္မာကျမ်းစာအသင်းနှင့် ဦးတင်မောင်။

လည်း မအောင်မြင်သဖြင့်၊ ပြည်ထောင်စု တရားစီရင်ရေး အက်ဥပဒေပုဒ်မ ၆ အရ တဖန် အယူခံဝင်ခြင်း ဖြစ်သည်။

အမှုအဖြစ်အပျက်နှင့် စပ်လျဉ်း၍၊ အငြင်းပွါးမှုမရှိချေ။ အဆိုပါ အဆောက်အဦသည်၊ အယူခံတရားလိုပိုင် ဖြစ်၏။ လွန်ခဲ့သည့်စစ်ကြီးအတွင်း ၁၉၄၂ ခုနှစ်တွင် အယူခံတရားလိုသည် မြန်မာပြည်မှ ထွက်ခွါခဲ့ရာ၊ ၁၉၄၆ ခုနှစ်တွင်၊အယူခံတရားခံသည်၊ အငှါးဖြစ်အခန်း အားလပ်နေသည်ကို တွေ့ရှိသဖြင့်၊ ထိုအခန်းတွင် ဆံသလုပ်ငန်းဌာန ဖွင့်၏။ ၁၉၄၈ ခုနှစ်တွင်၊ ရန်ကုန်မြို့၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေးဝန်က၊ ၁၉၄၈ ခု၊ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁)အရ၊အယူခံတရားခံအား၊ ထိုအခန်းတွင် ဆက်လက်နေထိုင်ရန် အခွင့်အမိန့်ပေး၍၊စံငှါးခကိုလည်း သတ်မှတ်လိုက်၏။ ၁၉၅၅ ခုနှစ် ကျရောက်ကာလ နိုင်ငံတော် သမတသည်၊ထိုနှစ် အောက်တိုဘာလ ၆ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာဖြင့်၊ ရန်ကုန်မြို့ရှိ ဥပစာများကို မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ မှ ကင်းလွတ်ခွင့်ပြုလိုက်၏။ ထိုပုဒ်မ ၁၂၊ အပိုင်း (၂)အရ၊ ကြီးကြပ်ရေးဝန်၏ အမိန့်သည်၊ ယင်းသို့ ကင်းလွတ်ခွင့် ပြုပြီးသည့် နေ့မှ ၃ လ ဆက်လက် တည်နေရမည်ဖြစ်ရာ၊ကြီးကြပ်ရေးဝန် နေထိုင်ရန် ခွင့်ပေးသည့် အမိန့်သည်၊ ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့နောက်တွင် မတည်ရှိတော့ချေ။ သို့သော်ငြားလည်း၊ ထိုစဉ်က အယူခံတရားလိုအသင်း၏ ရန်ကုန်မြို့ရှိ အတွင်းရေးမှူးသည်၊ ၁၉၅၆ မှ၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီ၊ မေ၊ ဇွန်လများအတွက် ဆက်ကာဆက်ကာ အိမ်ငှါးခများကို အယူခံတရားခံထံ ဘိလ်များပေးပို့ တောင်းခံပြီး၊ အယူခံတရားလို အိမ်ငှါးခများ ပေးသည့်အခါ၊ လက်ခံ၍ ပြေစာများ ပေးခဲ့လေသည်။ ထိုနှစ် ဇွန်လ ၁၃ ရက်နေ့၌ အယူခံတရားလိုသည်၊ အယူခံတရားခံထံ အခင်းဖြစ်အခန်းမှ ထွက်ခွါ ပယ်ရှားရန် နို့တစ်စာ ပေးလေသည်။

အယူခံတရားခံက အထက်ပါအချက်များ မှန်ကန်ကြောင်းဝန်ခံပြီး၊ အယူခံတရားလိုသည်၊ မိမိထံမှ အိမ်ငှါးခများကို လက်ခံခဲ့သဖြင့် မိမိအား အိမ်ငှါးအဖြစ် သဘောတူလက်ခံခဲ့ကြောင်းဖြင့် ချေပလေသည်။ ယခုဆုံးဖြတ်ရမည့် ပြဿနာမှာ အထက်၌ ဖေါ်ပြခဲ့သည့် အခြေအနေတွင်၊ အယူခံတရားခံသည်၊ အယူခံတရားလို၏ အိမ်ငှါး ဖြစ်သလော၊ဟူသည့် အချက်ပင်ဖြစ်သည်။ မူလရုံးသည်ဝင်း၊ အယူခံရုံးသည်ဝင်း၊ ထို အချေအနေတွင် ယခုအမှုသည်နှစ်ဦးသည်၊ အိမ်ရှင်နှင့် အိမ်ငှါးအဖြစ်သို့ ရောက်ရှိကြကြောင်းဖြင့် အဆုံးအဖြတ် ပေးကြလေသည်။

ထိုတရားရုံးများတွင်ဝင်း၊ ဤရုံးရှေ့မှောက်၌ဝင်း တင်ပြသော စီရင်ထုံးများပါ အမှု အကြောင်းခြင်းရာများသည်၊ ဤအမှုအခြင်းအရာများနှင့် ထပ်တူထပ်မျှ မကိုက်

ဥဒေါ်

ဖြိုတီးသူနှင့် နိုင်ငံခြားသမ္မာကျမ်းစာအသင်းနှင့် ဦးတင်မောင်။

ညီချေ။ ထိုစီရင်ထုံး အသီးသီးတွင် ပေါ်ပေါက်ခဲ့သော အခြေအနေအရသာလျှင် အဆုံးအဖြတ် ပေးခဲ့ကြလေသည်၊ ဤအမှုပါ အခြင်းအရာများနှင့် ထပ်တူထပ်မျှ ကိုက်ညီသော စီရင်ထုံးကို နှစ်ဦးနှစ်ဘက်သော ပညာရှိရှေ့နေကြီးများ တင်ပြခြင်းမပြုနိုင်ခဲ့ချေ။ ဤရုံးကလည်း ရှာဖွေ၍ မတွေ့ရှိခဲ့ပေ။ ထို့ကြောင့် သက်ဆိုင်ရာအက်ဥပဒေများနှင့် အခြေခံ မူများအရသာလျှင် အဆုံးအဖြတ် ပေးရချေမည်။

ပဌမအချက်မှာ၊ မရွှေပြောင်းနိုင်သည့် ပစ္စည်းကို ငှါးရမ်းရာ၌၊ ပစ္စည်းလွှဲပြောင်းရေး ကာက်ဥပဒေပုဒ်မ ၁၀၇ အရ၊ မှတ်ပုံတင်စာချုပ် ချုပ်ဆို၍၊ သို့တစ်ဆင့်မဟုတ် နှုတ်ကတိပြုပြီး၊ လက်ရောက်ပေးအပ်၍ ပြုလုပ်ရမည်ဖြစ်ရာ၊ ယခုမူကား မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်းလည်းမပြု၊ နှုတ်ကတိလည်း မရှိသဖြင့်၊ အယူခံတရားခံအား အခင်းဖြစ် အခန်း ငှါးရမ်းခြင်းမမြောက်ဟူသော တင်ပြချက်ဖြစ်သည်။ အယူခံတရားခံသည် မူလကပင် လက်ရှိဖြစ်ခဲ့သဖြင့်၊ ၎င်းအား ထပ်မံ လက်ရောက်ပေးအပ်ရန် လိုမည်မဟုတ်ပေ။ ဤလျောက်ထားချက်နှင့် စပ်လျဉ်း၍ နှုတ်ကတိ (Oral Agreement) ပြုရမည်ဆိုရာ၌၊ တဦးနှင့်တဦး တွေ့ဆုံပြီး အပြန်အလှန် ပြောဆို၍ ကတိပြုကြရမည်ဟု တရားဥပဒေ သဘောအရ မဆိုလိုချေ။ အငှါးချထားခြင်းသည်၊ ဒေခြေခံသဘောအရ၊ ငှါးရမ်းသူနှင့် အငှါးခံယူသူနှစ်ဦး သဘောတူ ပဋိညာဉ်ပြုခြင်းသာ ဖြစ်သည်။ ပစ္စည်းလဲပြောင်းရေး အက်ဥပဒေပုဒ်မ ၄ အရဆိုလျှင်၊ ပဋိညာဉ်နှင့် သက်ဆိုင်သော ထိုအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို၊ ပဋိညာဉ်အက်ဥပဒေတွင် ပါဝင်ဘိသကဲ့သို့ မှတ်ယူရမည်ဖြစ်သည်။ သို့ဖြစ်လေရာ၊ ယခုအမှုသည်များ အိမ်ရှင်အိမ်ငှါးအဖြစ်ရောက် မရောက် ဆုံသည်မှာ ပဋိညာဉ်ကိစ္စရပ် ဖြစ်ရကား၊ ၎င်းတို့နှစ်ဦး၏ သဘောတကြွဲရှယ်ချက်ကို လေ့လာသုံးသပ်ရာ၌ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံးရပေမည်။ ထိုပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

> "The communication of proposals, the acceptance of proposals, and the revocation of proposals and acceptances, respectively, are deemed to be made by any act or omission of the party proposing, accepting or revoking, by which he intends to communicate such proposal, acceptance or revocation, or which has the effect of communicating it."

ထိုပြဋ္ဌာန်းချက်များ၏ အဓိပ္ပါယ်ကို လင်းပါးရာ၌ ဥပဒေပါရာကြီးများဖြစ်သော ပေါလော့(ခ်)နှင့် မူလာတို့ပြုသည့် အိန္ဒိယပဋိညာဉ် အက်ဥပဒေကျမ်းတွင် အောက်ပါအတိုင်း မြွက်ဆိုကြ၏။

> "It is matter of the commonest experience that the communication of intentions may be effectually made in many

၁၉၆၂

ဗြိတိသျှနှင့် နိုင်ငံခြားသမဂ္ဂမ်ား စာအသင်း
နှင့်
ဦးတင်မောင်။

other ways besides written, spoken, or signalled words. For example, delivery of goods by their owner to a man who has offered to buy them for a certain price will be understood by every one, unless there be some indication to the contrary, to signify acceptance of that offer. No words are needed, again, to explain the intent with which a man steps into a ferry-boat or a tramcar, or drops a coin into an automatic machine."

ထိုကြောင့် ယခုအမှုသည်များသည်၊ ထိုအိမ်ရှင်အိမ်ငှါးအဖြစ် ငှါးရမ်းခံယူရာ၌ ကိုယ်အမူအယာနှင့်ပင်၊ အိမ်ရှင်အိမ်ငှါးအဖြစ်သို့ ရောက်ရှိနိုင်သည်ဟုဆုံးဖြတ်ရပေမည်။ ၎င်းတို့နှစ်ဦး အိမ်ရှင်အိမ်ငှါးဖြစ်ရန် သဘောတူ ကြံရွယ်မှု ရှိ မရှိသာလျှင် ပခါနုဖြစ်သည်။

ထိုအဖြစ်သို့ ရောက် မရောက်ဆိုသည့် ပြဿနာနှင့်စပ်လျဉ်း၍ စာချုပ်အစရှိသော တိုက်ရိုက်သက်သေခံ မရှိရကား၊ ၎င်းတို့၏အမူအယာနှင့် ပတ်ဝန်းကျင် အကြောင်းခြင်းရာကိုထောက်၍၊ အဆုံးအဖြတ် ပြုရပေမည်။ မူလရုံးသည်၎င်း၊ ပဌမ အယူခံရုံးသည်၎င်း၊ ၁၉၅၆ ခု၊ ဇန္နဝါရီလ ၆ ရက်နေ့ နောက်ပိုင်းတွင် အယူခံတရားလိုအား မည်သည့် တရားဥပဒေမျှ ချုပ်ချယ်ခြင်းမရှိဘဲလျက်၊ အခင်းဖြစ် အိမ်ခန်းကို ပြန်လည် ရရှိရန်အတွက်၊ မဆောင်ရွက်သည်သာမက၊ အယူခံတရားခံထံ အိမ်ခတောင်းသည့် ဘီ(လ်) များပင် ပို့သည်ကိုငင်း၊ ယင်းသို့ တောင်းခံသည့် အိမ်ခကို အယူခံတရားခံ ပေးဆောင်သောအခါ၊ ရရှိကြောင်း ပြေစာများ ပေးခဲ့သည်ကိုငင်း ထောက်၍၊ အယူခံတရားခံအား အိမ်ငှါးအဖြစ် လက်ခံသည်ဟု ဆုံးဖြတ်သည်မှာ အခြေအမြစ်မရှိ၊ ယုတ္တိမတန်ဟုဆိုရန် ခဲယဉ်းလှပေသည်။ အိမ်ခ တောင်းဆို လက်ခံခဲ့သည့် အုပ်ချုပ်ရေးမှူးက တရားရုံးသို့ လာရောက်ပြီး၊ မှားယွင်း၍သော်ငင်း၊ အခြားအကြောင်းကြောင့်သော်ငင်း၊ ယင်းသို့ တောင်းဆိုလက်ခံမိကြောင်းနှင့် ၎င်းလင်းခြင်း မပြုခဲ့သဖြင့်လည်း ထိုယူဆဆုံးဖြတ်ချက်မှာ ခိုင်လုံနေပေသည်။ ထိုမှတပါး၊ အဆိုပါအဆောက်အဦတွင် အခြားအိမ်ငှါးများလည်း ရှိသဖြင့်၊ အယူခံတရားခံအား အိမ်ငှါးတဦးအဖြစ် လက်ခံခဲ့သည်ဟု ယူဆရန်အကြောင်း ထပ်လောင်းပေါ်လွင်ခဲ့လေသည်။

အထက်ပါ အကြောင်းများကြောင့်၊ အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ကျိုရုံးရွှေနေခမှာ ငွေ ၁၇၀ ဖြစ်စေရမည်။

တရားရုံးချုပ်၊

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌၊

မကျင်ဥ ပါ ၂ (အယူခံတရားလိုများ)

နှင့်

မအေး (အယူခံတရားခံ) *

† ၁၉၆၂ နိုဝင်ဘာလ ၆ ရက်။

ပဋိညာဉ်အက်ဥပဒေ၊ ပုဒ်မ ၂၆ ပါပြဋ္ဌာန်းချက်များ၊ တရားရုံးနှင့် ချုပ်ဆိုသောပဋိညာဉ်များနှင့် စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားနိုင်ရမည်။

အယူခံတရားခံမအေးက ဘုတ်ဂါပါ ၆ ဦးအပေါ် တင် ၎င်းတို့နေအိမ်မှ ထွက်ခွါဖယ်ရှားစေရန်၊ ရှုံးကုန်မြို့၊ တရားမရုံး၌ အနိုင်ဒီကရီရရှိသည်တွင် ဘုတ်ဂါတို့တရားလွှတ်တော်သို့ အယူခံဝင်၏။ ထို အတောအတွင်း မအေးက မိမိရရှိသောဒီကရီကို ဇာရီပြုလုပ်ရန် လျှောက်ထားရာ၊ ဘုတ်ဂါတို့က ထို့ဇာရီပြုလုပ်ခြင်းမှ ဆိုင်းငံ့ထားစေရန် တရားလွှတ်တော်သို့ လျှောက်ထားသည်တွင်၊ တရားလွှတ်တော်က ဘုတ်ဂါတို့အိမ်တန်ဘိုးငွေ ၄,၀၀၀ ကျပ်နှင့်တရားစရိတ်ငွေ ၇၀၀ ကျပ်မျှအတွက်အာမခံငွေ ၅,၀၀၀ ကျပ်တန် ခံဝန်ချုပ်ဆိုလျှင်၊ အယူခံမှုအတွင်း၊ ဒီကရီကို ဇာရီပြုလုပ်ခြင်းမှ ဆိုင်းငံ့ထားစေရန် အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်အတိုင်း အယူခံတရားလိုတို့က၊ အာမခံအဖြစ် ခံဝန်ချုပ်ဆိုကြသည်၊ ဘုတ်ဂါတို့အယူခံကို တရားလွှတ်တော်ကပယ်လိုက်၏။ ထိုပယ်သည့်အမိန့်မချမီ၊ ပြည်သူ့ အိုးအိမ် ပြန်လည်ထူထောင်ရေး အဖွဲ့က၊ အဆိုပါအိမ်ကိုဖျက်ခဲ့၏။ သို့အတွက် အိမ်ကိုလက်ဆောက်မရနိုင်တော့ဘဲ၊ တရားစရိတ်ငွေကိုသာ ရရှိခဲ့သောမအေးက၊ တရားမကျင့်ထုံးပုဒ်မ ၁၄၅ အရ၊ ခံဝန်ချုပ်ဆိုသူများအပေါ် အရေးယူရန်လျှောက်ထားရာ၊ မူလရုံးနှင့်အယူခံရုံးတို့က၊ အိမ်ကိုဖျက်ပြီးသော်လည်း၊ ခံဝန်ချုပ်ဆိုသူများစာချုပ်အတိုင်း အိမ်ဘိုးငွေပေးဆောင်ရန် တာဝန်ရှိကြောင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ချက်။ ။တရားရုံးနှင့်ချုပ်ဆိုသော ပဋိညာဉ်များကို၊ ပဋိညာဉ်အက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်မသက်ဆိုင်စေရဟု ယင်းအက်ဥပဒေပုဒ်မ ၁၊ ၌ ပြဋ္ဌာန်းခြင်းမရှိရကား၊ ယခုခံဝန်ချုပ်အတည်ဖြစ်မဖြစ် စဉ်းစားဆုံးဖြတ်ရာ၌၊ ယင်းအက်ဥပဒေပုဒ်မ ၂၆ ပါပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားရပေမည်။ ထိုသို့ထည့်သွင်းစဉ်းစားလျှင်၊ ခံဝန်ချုပ်မှာ၊ ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးအဖွဲ့က၊ အမှုပါအိမ်ကို ဖျက်လိုက်သည်နှင့်တပြိုင်နက်၊ အိမ်နှင့်စပ်လျဉ်းသမျှ ပဋိညာဉ်သည် အတ်သုဉ်းသည်ဟု ယူဆရပေမည်။ ထို့ကြောင့်ခံဝန်သူများထိုအိမ်အတွက် လျော်ငွေမပေးဆောင်ထိုက်ပေ။

---

* ၁၉၆၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၈။

† ၁၉၆၀ ခုနှစ်၊ တရားမပဌမအယူခံမှုအမှတ်၊ ၇၊ တွင်၊ ၁၉၆၁ ခုနှစ် မတ်လ ၁၃ ရက်နေ့စွဲပါ၊ ဘာသုလွှတ်တော် (အယူခံဘက်ဆိုင်ရာ) ချမှတ်သောဒီကရီကိုအယူခံဝင်မှု။

၁၉၆၂
မကျင်ဥ ပါ ၂
နှင့်
မအေး။

Joseph Constantine Steamship Ltd. v. Imperial Smelting Corporation Limited. (1942) A.C. 154, 162.

မိုဟာမက်၊အစ်၊မေလ်နှင့် ဘုရင်မင်းမြတ်၊ ၁၉၄၀ ခုနှစ်၊ ရန်ကုန်စီရင်ထုံးများ၊ စာ ၄၆၈။

ကေ၊အမ်၊မိုဒီနှင့် မိုဟာမက်စီဒီကွေ၊ ၁၉၄၇ ခုနှစ် ရန်ကုန်စီရင်ထုံးများ၊ စာ ၄၂၃။

ရန်ကုန် တယ်လီဖုန်းကုမ္ပဏီလီမိတက်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၄၈ ခုနှစ်၊ မြန်မာပြည် စီရင်ထုံးများ၊ စာ ၅၂၇၊ တို့ကိုရည်ညွှန်းသည်။

Mohanlal Motilal နှင့် Radhahisan Laxminaraic, 20 A.I.R. 1935 Nag. 258 နှင့်ခြားနားခြင်းကိုပြသည်။

အယူခံတရားလိုများအတွက်။ ။ဦးအေး လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။ဦးဘအုန်း လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊ ယခုအယူခံတရားခံ မအေးက ဘုတ်ဂါ ပါ ၆ ဦးအပေါ်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်ရှိ နေအိမ်မှ ထွက်ခွါဖယ်ရှားစေရန် ရန်ကုန်မြို့၊ တရားမတရားရုံး၌၊အနိုင်ဒီကရီရရှိသည်ဟုဆိုသည်။ ဘုတ်ဂါတို့ တရားလွှတ်တော်သို့ အယူခံဝင်၏။ ထိုအတောအတွင်း မအေးက မိမိရရှိသော ဒီကရီကို ဇာရီပြုလုပ်ရန် လျောက်ထားရာ၊ ဘုတ်ဂါတို့က ထိုဇာရီပြုလုပ်ခြင်းမှ ဆိုင်းငံထားစေရန် တရားလွှတ်တော်သို့လျောက်ထား၏။ တရားသွတ်တော်က ဘုတ်ဂါတို့ အိမ်တန်ဘိုးငွေ ၄,၀၀၀ နှင့် တရားစရိတ် ငွေ ၇၀၀ မျှအတွက် အာမခံစေ၍ ၅,၀၀၀ တန် ခံဝန်ချုပ်ဆိုလျှင်၊ အယူခံမှုအတွင်း၊ ဒီကရီကို ဇာရီပြုခြင်းမှ ဆိုင်းငံထားစေရန် အမိန့်ချမှတ် လိုက်သည်။ ယင်းအမိန့်အတိုင်း ယခု အယူခံ တရားလို မကျင်ဥနှင့် မမြသွင်တို့က၊ အာမခံများ အဖြစ် ခံဝန်ချုပ်ဆိုကြသည်။

ထိုစာချုပ်ပါ အရေးကြီးသော အချက်များမှာ၊အောက်ပါအတိုင်း ဖြစ်သည်။

"Accordingly we, Ma Kyin U and Ma Mya Thwin, of our own free will stand security to the extent of K 5,000 (K Five Thousand) mortgaging the property specified in the Schedule hereto, and covenant that if the decree of the first Court be confirmed or varied by the appellate Court the said defendants shall act in accordance with the decree of the appellate Court and shall pay whatever may be payable by them thereunder, and if they should fail therein then any amount so payable shall be realised from the property mortgaged, and if the sale proceeds of the sale of the said property are insufficient to pay the amount due, we and our

legal representatives will be personally liable to pay the balance. To this effect we have executed this security bond on this 20th and 21st day of April 1956."

၁၉၆၂
မကျင်ဥပါ ၂
နှင့်
မအေး။

ဘုတ်ဂါတို့ အယူခံကို တရားလွှတ်တော်က ပယ်လိုက်၏။ ထိုပယ်သည့်အမိန့်မချမီ၊ ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးအဖွဲ့က၊ အဆိုပါအိမ်ကို ဖျက်ခဲ့၏။ ထို့ကြောင့် အယူခံတရားခံ မအေးသည်၊ မိမိရရှိသည့် ဒီကရီအတိုင်း ထိုအိမ်ကို လက်ရောက်မရနိုင်တော့ဘဲ၊ တရားစရိတ်ငွေကိုသာ ရရှိခဲ့၏။ ယခုအယူခံမှုသည်၊ မအေး တရားမကျင့်ထုံးပုဒ်မ ၁၄၅ အရ၊ ခံဝန်ချုပ်ဆိုသူများအပေါ် အရောယူရန် မူလရုံးသို့ လျှောက်ထားရာ၊ မူလရုံးနှင့် အယူခံရုံးတို့က အိမ်ကိုဖျက်ပြီးသော်လည်း ခံဝန်ချုပ်ဆိုသူများ စာချုပ်အတိုင်း အိမ်ဘိုးငွေပေးဆောင်ရန် တာဝန်ရှိကြောင်း ဆုံးဖြတ်သဖြင့်၊ပေါ် ပေါက်သော အယူခံဖြစ်သည်။

ပဋိညာဉ် အက်ဥပဒေပုဒ်မ ၅၆ ဒုတိယအပိုဒ်တွင်၊ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

"A contract to do an act which, after the contract is made, becomes impossible, or, by reason of some event which the promisor could not prevent, unlawful, becomes void when the act becomes impossible or unlawful."

တရားရုံးနှင့် ချုပ်ဆိုသော ပဋိညာဉ်များကို၊ပဋိညာဉ် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မသက်ဆိုင်စေရဟု ယင်းအက်ဥပဒေ ပုဒ်မ ၁ ၌ ပြဋ္ဌာန်းခြင်း မရှိရကား၊ ယခုခံဝန်ချုပ် အတည် ဖြစ်မဖြစ် စဉ်းစားဆုံးဖြတ်ရာ၌၊ ယင်းအက်ဥပဒေပုဒ်မ ၅၆ ပါ ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားရပေမည်။ ထိုသို့ ထည့်သွင်းစဉ်းစားလျှင် ခံဝန်ချုပ်မှာ ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးအဖွဲ့က၊အမှုပါအိမ်ကို ဖျက်သည်နှင့် တပြိုင်နက်၊ အိမ်နှင့်စပ်လျဉ်းသမျှ ပဋိညာဉ်သည် ပျက်သုဉ်းသည်ဟု ယူဆရပေမည်။

ဤပြဿနာမျိုးနှင့် စပ်ဆိုင်၍၊ ***Joseph Constantine Steamship Line Ltd.*** v. ***Imperial Smelting Corporation Limited*** (1) တွင်၊အင်္ဂလန် ပြည် တရားလွှတ်တော်ချုပ် ဥက္ကဋ္ဌ အောက်ပါအတိုင်း မြွက်ဆိုသည်။

"From the classic judgment of Blackburn J. in *Taylor* v. *Caldwell* (2), I extract these passages: ". . . . where, from the nature of the contract, it appears that the parties must from the beginning have known that it could not be fulfilled

(1) (1942) A.C. 154, 162. (2) 3 B. & S. 826, 833.

၁၉၆၂

မကျင့်ဥပါ၂၂
နှင့်
မအေး။

unless when the time for the fulfilment of the contract arrived some particular specified thing continued to exist, so that, when entering into the contract, they must have contemplated such continuing existence as the foundation of what was to be done; there, in the absence of any express or implied warrantly that the thing shall exist, the contract is not to be construed as a positive contract, but as subject to an implied condition that the parties shall be excused in case, before breach, performance becomes impossible from the perishing of the thing without default of the contractor."

ယင်းသို့သော အဆုံးအဖြတ်မျိုးကို မြန်မာပြည်၌လည်း၊ **မိုဟာမက်အစ်မေလ်နှင့် ဘုရင်မင်းမြတ်(၃)အမှု၊ ကေအမ်-မိုဒီနှင့် မိုဟာမက်စီဒီကေ့ (၄)** အမှုနှင့် **ရန်ကုန် တယ်လီဖုံးကုမ္ပဏီလိမိတက်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၅)**အမှုတို့တွင် ထိုမူအတိုင်း ပင် ဆုံးဖြတ်ခဲ့၏။

အယူခံတရားခံ၏ ပညာရှိရွှေနေကြီး တင်ပြသော ***Mohanlal Motilal*** နှင့် ***Radhahisan Laxminaraic*** **(၆)**အမှုပါအကြောင်းခြင်းရာများသည်၊ယခုအမှုနှင့် ကွာခြားလေသည်။ ထိုအမှုတွင် အာမခံများ တရားရုံးနှင့် ခံဝန်ချုပ်ဆိုပြီးနောက် ခံဝန်သူများ သဘောမတူဘဲ မိမိတို့တာဝန်ယူသည့်ကိစ္စ အခြေအနေပြောင်းလဲလျှင်၊ ထိုခံဝန်သူများ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ ၁၇၃ မှ ၁၇၉ ထိပါ ပြဋ္ဌာန်းချက်များကို မကိုးကားနိုင်ကြောင်းဖြင့် ဆုံးဖြတ်၏။ အမှန်အားဖြင့်ဆိုသော် တရားရုံးနှင့် ခံဝန် ချုပ်ဆိုရာ၌၊ မြို့နှင်၊ မြို့စား၊ ခံဝန်သူဟူ၍ မဖို့ကြောင်းဖြင့် အတိအလင်း မြွက်ဆို၏။

ဤအမှုပါ အခြင်းအရာများသည်ကား၊ ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၅၆ ပါပြဋ္ဌာန်း ချက်များဘင်ငင်း၊ အထက်ဖော်ပြပါ မူဟွင်ငင်း အကျုံးဝင်လေသည်။ ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးအဖွဲ့က၊ အမှုပါအိမ်ဖျက်သည်ကို ခံဝန်သူများ မည်သို့မျှ ငင် ရောက် တားမြစ်နိုင်မည် မဟုတ်ပေ။ ခံဝန်သူများသည်၊ အမှုပါအိမ် တည်ဆဲပါစေမည် ဟူ၍လည်း အာမ မခံခဲ့၊ ဥပဒေသဘောအရ၊ ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေး အဖွဲ့က ဖျက်သည့်အခါ၊ ထိုအိမ်နှင့်စပ်သည့် ပဋိညာဉ်မှာ ဆိတ်သုဉ်းတော့၏။ ထို ကြောင့်၊ ခံဝန်သူများ ထိုအိမ်အတွက် လျော်ငွေ မပေးဆောင်ထိုက်ဟုဆုံးဖြတ်ရပေ မည်။

အောက်ရုံးအမိန့်များကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။ ဤရုံးရွှေနေခမှာ ၁၇၀ိ ဖြစ်စေရမည်။

(3) (1940) R.L.R. Page 468.
(4) (1947) R.L.R. 423.
(5) (1948) B.L.R. 527.
(6) A.I.R. (1935) Nagpur 258.

တရားရုံးချုပ်

တရားသူကြီး ဦးမောင်မောင်ရွှေဥ။

မောင်ခင်မောင် ပါ ၅ (အယူခံတရားလိုများ)
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

† ၁၉၆၂ နိုဝင်ဘာလ ၁၆ ရက်။

ပဋိညာဉ်တိုင်ချက်

ဆုံးဖြတ်ချက်။ ။ပဋိညာဉ်တိုင်ချက်ဆိုသည်မှာ တနေရာတချိန်တည်းတွင်၊ တဦးတည်းက တိုင်ရသည်ဟု တထစ်ချမဟုတ်ဘဲ၊ နှစ်နေရာတွင် တိုင်ကြားသူနှစ်ဦးက တသီးတခြားစီတိုင်တန်း၍၊ တိုင်တန်းချက်တခုနှင့်တခု အချိန်ကွဲလွဲနေသော်လည်း၊ တိုင်ချက်နှစ်ခုစလုံးပင် သက်သေခံဝင်၍ ရပ်စားနိုင်သည်။

ကေရာဇ်နှင့်လာလ်ဂျီရေး၊ အေးအိုင်၊ အာ(ရ်) ၁၉၃၆ ပဋ္ဌာန၊ ၁၁၊ ကိုးချည်ညွှန်းသည်။

အယူခံတရားလိုများအတွက်။ ။ဦးလှညွှန့် လိုက်ပါဆောင်ရွက်သည်။
အယူခံတရားခံအတွက်။ ။အစိုးရရွှေနေ ဦးဘဘေ လိုက်ပါဆောင်ရွက်သည်။

တရားသူကြီး ဦးမောင်မောင်။ ။အယူခံတရားလိုတို့အား၊ ရွှေဘိုမြို့၊ ဒုတိယအထူး (ရာဘာက်စက်ရှင်) တရားသူကြီးက ၁၉၆၁ ခုနှစ်၊ ရာဇဝတ် အထူးမူ အမှတ် ၁၀ ဟု၎င်း၊ ရာဇသတ်ကြီး ပုဒ်မ ၃၂၆/၁၁၄ အရ၊ ပြစ်မှုထင်ရှားသည်ဟူ၍ တွေ့ရှိပြီးလျှင်၊ ထောင်ဒဏ် ၇ နှစ်စီ အသီးသီးကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

အခင်း ဖြစ်ပွါးသော နေရာမှာ၊ ဝက်လက်မြို့နယ်၊ လှထွေရွာဖြစ်၍၊ အချိန်မှာ ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ ညဦးပိုင်းတွင် ဖြစ်ခဲ့သည်။ အယူခံတရားလို မောင်ခင်မောင်မှာ၊ လှထွေကျေးရွာ ဒိုင်နယ်အတွက် မြန်မာနိုင်ငံ တောင်သူလယ်သမား အစည်းအရုံး (ဗ-တ-လ-စ)၏ ဥက္ကဋ္ဌ၊ အယူခံတရားလို မောင်ပေါ်ထေမှာ ထိုကျေးရွာဒိုင်နယ်အတွက် ပြည်ထောင်စု(ပ-ထ-စ) အဖဲ့၏ ဒုတိယဥက္ကဋ္ဌဖြစ်ခဲ့သည်။ အခင်းဖြစ်သောနေ့ညနေ နေဝင်ပြီးစအချိန်လောက်တွင်၊ ရွှေဘိုရိုင် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ပ-မ-ညီ-တ)၏ သဘာပတိဖြစ်သူ ဦးအောင်လွင်နှင့် ဝက်

* ၁၉၆၂ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် ၂၁။

† ၁၉၆၁ ခုနှစ်၊ ရာဇဝတ်ကြီးအထူးမူအမှတ် ၁၀၊ တွင်ချမှတ်သော ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက် နေ့စွဲပါ၊ ရွှေဘိုမြို့၊ ဒုတိယအထူး (ရာဘာက်စက်ရှင်) တရားသူကြီး၏ အမိန့်ကိုအယူခံသည်။

၁၉၆၂

မောင်ခင်မောင် ပါ ၅ နှင့် မြည်ထောင်စု မြန်မာနိုင်ငံ။

လက်မြို့နယ်အတွက် အဆိုပါအဖွဲ့၏ သဘာပတိဖြစ်သူ ဦးအောင်သိန်းတို့သည် လှည့်ဖွဲ့ ရွာသို့ သွားရောက်ကြ၍ ပ-မ-ည-တ အဖွဲ့၏ အမှုဆောင် လူကြီးတဦးဖြစ်သော ဦးအေးမောင်၏အိမ်၌ စည်းဝေး ဆွေးနွေးကြလေသည်။ ရွာမှ အဖွဲဝင်များကိုလည်း ငှင်းတို့နှင့်အတူ စည်းရုံးရေးကိစ္စများကို ဆွေးနွေးရန်အတွက် ဦးအေးမောင်အိမ်သို့ လာရောက်ရန် ဦးအေးမောင်၏ သားမက်ဖြစ်သူ မောင်လှရွှေ (လိုပြ-၃)နှင့် ဦးအေးမောင်၏ မိန်းမဖြစ်သူ ဒေါ်အေးတင် (လိုပြ-၆)တို့က၊ သွားရောက်ဘိတ်ခေါ်ကြသည်။

ဦးအေးမောင်၏အိမ်တွင် ထိုကဲ့သို့စည်းဝေးနေအတွက် ပ-မ-ည-တ စစ်ကိုင်းခရိုင် သဘာပတိဖြစ်သော ဦးအောင်လွင် (လိုပြ-၁)နှင့် လှထွေရွာ ပ-မ-ည-တ အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးထွန်းရှိန် (လိုပြ-၄)တို့သည်လည်း ရှိနေကြသည်။ ထိုအတောအတွင်း တွင် ရွာသား ၃၀ ခန့် သံပုံးများကိုတီး၍ "ဦးအေးမောင်-ဦးအောင်လွင် အလိုမရှိ" ဟု ကြွေးကြော်ကာ၊ ဦးအေးမောင်၏ အိမ်ရှေ့၌ လမ်းမပေါ်တွင် ခေါက်တုံ့ခေါက်ပြန် နာရီပက်မျှ လျှောက်ကြလေသည်။ ထိုသို့ ကြွေးကြော် အော်ဟစ်ကြသောသူများ ပြန်သွား၍ အတန်ကြာလျှင်၊ ဦးအေးမောင်၏ အိမ်ရှေ့အဖိအောက်တွင် မီးဖိုကို ဝိုင်း၍ထိုင်ကာ၊ ဦးအောင်သိန်း ဦးအေးမောင်၊ (လိုပြ-၅) ဦးအောင်လွင် (လိုပြ-၁) ဦးထွန်းရှိန် (လိုပြ-၄) စသူတို့သည် စကားပြော၍ နေကြလေသည်။ ထိုအခိုက် ခါးလုံတို့ကို ကိုင်စွဲသော လူ ၅ ဦးခန့် ရှင်ဘောင်တန်း၍ ငှင်းတို့ရှိရာသို့ လာသည်ကို တွေ့ကြရသည်။ ငှင်းလူ ၅ ဦးနှင့်၏ နောက်မနီးမဝေးတွင်လည်း အခြား ခါးလုံ ကိုင်စွဲသော လူ ၄-၅ ဦးခန့် လိုက်လာသည်ကိုလည်း မီးဖိုတွင် ဝိုင်း၍ထိုင်နေသူတို့က တွေ့ကြရသည်။ ရွှေတန်းမှတက်လာသော လူများတွင် ခါးကိုကိုင်စွဲသော အဖူးခ တရားလို မောင်ခင်မောင်ကို မှတ်မိပါသည်ဟူ၍ ဦးအောင်လွင်က ထွက်ဆိုသည်။ မောင်ခင်မောင်ကို ယင်းက သိဘူးသူဖြစ်၍ ထိုကဲ့သို့ ကောင်းစွာ မှတ်မိပြီးလျှင် တပ်အပ်စွဲနိုင်ခြင်း ဖြစ်ကြောင်းကိုလည်း ထွက်ဆိုသည်။ မောင်လှရွှေ (လိုပြ-၃)ကမူ မောင်ခင်မောင်အပြင် မောင်ပေါ၀ေ၊ မောင်ဌေးဆောင်နှင့် မောင်ချစ်စိန်တို့ကိုပါ ကောင်းစွာ တွေ့မြင်လိုက်ရသည်ဟူ၍ ထွက်ဆိုသည်။ မောင်ခင်မောင်၊ မောင်ပေါ၀ေနှင့် မောင်ချစ်စိန်တို့မှာ ခါးများကို စွဲကိုင်၍ မောင်ဌေးဆောင်၏လက်တွင် လှံ၊ သို့မဟုတ် ခဂင်းဟူ၍ ခွဲခြားမပြောနိုင်သော လက်နက်တခု ပါလာသည်ကို သက်သေက ထွက်ဆိုလေသည်။ ဦးထွန်းရှိန် (လိုပြ-၄)ကလည်း၊ မောင်ခင်မောင်၊ မောင်ပေါ၀ေ၊ မောင်ဌေးဆောင်နှင့် မောင်ချစ်စိန်တို့ လက်နက်ကိုင်ဆောင်၍ ငှင်းတံတိုလာကြသည်ကို တွေ့မြင်ရကြောင်းဖြင့် ထွက်ဆိုခဲ့လေသည်။ သက်သေ ဦးထွန်းရှိန်သည် လှထွေ ရွာသားဖြစ်၍ ငှင်းရွာ ပ-မ-ည-တ အဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ ဖြစ်ပေသည်။ မောင်ခင်မောင် မောင်ပေါ၀ေ စသူတို့မှာလည်း တရွာသားများ ဖြစ်ကြပြီးလျှင်၊ ပ-ထ-စ အဖွဲ့ဝင်

များ၊ ခေါင်းဆောင်များ ဖြစ်ကြပေသည်။ ဦးထွန်းနှိန်အနေနှင့် ၎င်းထွက်ဆိုသကဲ့သို့ မောင်ခင်မောင်နှင့် အခေါင်းပါတို့ကို မီးရောင်အောက်တွင် မြင်ရရှိ မှတ်မိကြောင်း၊ လူများ အော်ဟစ် ကြွေးကြော်နေစဉ် မောင်ဝင်မောင်နှင့် မောင်ချစ်စိန်တို့၏ တိုင်သံကို ကြားရကြောင်း ထွက်ဆိုရာတွင် မှားယွင်းစရာမရှိ၊ မမှတ်မိစရာ အကြောင်းမရှိပေ။

၁၉၆၂
မောင်ခင်မောင် ပါ ၅ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ခါးလှံကို ကိုင်စဲ့သောသူများကို မောင်ခင်မောင်က "ခုတ်ဟ-သတ်ဟ" ဟူ၍ တိုင်သံပေးလိုက်သောအခါ ၎င်းတို့အားလုံးသည် အိမ်အဖီတွင်းမှ အိမ်တွင်းသို့ ဝင်ရောက်၍ ခုတ်ကြတော့သည်။ ထိုကဲ့သို့ ခုတ်ရန်ဝင်လာသည်တွင် ဦးထွန်းဂိုန်နှင့် မောင်လှရွှေတို့က နေရာမှ ထ၍ပြေးကြသည်။ ဦးအောင်သိန်း၊ဦးအောင်လွင်နှင့် ဦးအေးမောင်တို့က အိမ်တွင်းသို့ ဝင်ပြေးကြသဖြင့်၊ ဦးအောင်သိန်းကို လူဆိုးများက အိမ်ခန်းတွင်မိ၍ ဝိုင်းပြီး ထိုးကြ ခုတ်ကြ လုပ်ကြလေသည်။ ဦးအောင်လွင်သည် အိမ်တွင်းသို့ ဝင်ပြေးရာ၌ အိမ်ခန်းတံခါးတွင် ဦးအေးမောင်၏ သမီး၊ မောင်လှရွှေ၏ ဇနီးဖြစ်သူ မဌေးကြည်သည် ကလေးသိပ်နေသည်ကို တွေ့မြင်လိုက်ရသည်။ ထိုအခန်းမဖြတ်၍ မီးဖိုဘက်သို့ဝင်ကာ ပုန်းနေသောအခါ၌ အိမ်ခန်းမထဲမှ ခုတ်ထစ်သံများကို ကြားရပြီးနောက်၊ဦးအောင်သိန်း၏ ညည်းညူသံကို ကြားလိုက်ရသည်။ လူဆိုးအခွို့က ဓါတ်မီးနှင့်ထိုး၍ မီးဖိုတွင်းသို့ ကြည့်ကြသဖြင့်၊ ဦးအောင်လွင်သည်၊ မီးဖိုခန်းတွင် ကပ်၍ရပ်ပြီးလျှင် ပြူတင်းပေါက်မှ ခုန်ဆင်းပြေးရလေသည်။

မောင်လှရွှေ (လိုပြ-၃)သည်၊ မီးရောင်အောက်တွင် မောင်ခင်မောင်နှင့် အခြားသူများကို မြင်ရပြီးနောက် ၎င်းသူတို့ ဓါးလှံဖြင့် ရန်ပြုရန် ဝင်အလာတွင် ထွက်ပြေးခဲ့လေသည်။ မောင်ခင်မောင်မှာ မောင်လှရွှေနှင့် ယောက်ဖတော်စပ်၍ ကောင်းစွာမှတ်မိကြောင်းဖြင့် ထွက်ဆိုသည်။ မောင်လှရွှေသည် ထွက်ပြေးပြီးနောက် ရွာနှင့် ၂ တိုင်ခန့်ဝေးသော စွန့်ဦးရွာ၌ ဦးအောင်သိန်း၏လယ်ထဲ၌ ဖြစ်ပျက်ခဲ့သမျှကို ဦးအောင်သိန်းမိန်းမဖြစ်သူ မလုမင် (လိုပြ-၁၈)ထံ တိုင်ကြားပြီးနောက် ဦးအောင်ညွန့် (လိုပြ-၁၇) ထံတွင်လည်း တိုင်ကြားခဲ့သည်။ ထိုနောက် ရွာသာကြီးကင်းဂါတ်သို့ သွား၍ ဦးထွန်းမောင် (လိုပြ-၁၄)ထံ တိုင်ကြားသဖြင့် မောင်လှရွှေ၏ တိုင်ကြားချက်ကို ဦးထွန်းမောင်က နေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ထားလိုက်လေသည်။ ၎င်းနေ့စဉ်မှတ်တမ်းကို သက်သေခံအမှတ် (စ)အဖြစ် တွေ့ရှိရသည်။ ၎င်းမှတ်တမ်းတွင် မောင်လှရွှေက ၎င်း၏ ဘခင် ဦးအေးမောင် နေအိမ်တွင် ဦးအောင်သိန်းနှင့် လူ ၄-၅ ယောက် မီးဖိုနား ဝိုင်း၍စကားပြောနေကြစဉ် လှထွေရွာမှ မောင်ခင်မောင်၊ မောင်ပေါ်ဝေ၊ မောင်ဌေးဆောင်၊ မောင်ချစ်စိန်နှင့် အမည်မသိ လူ ၄-၅ ယောက်သည် ဓါး-လှံများကိုင်၍ ၎င်းရောက်ထိုးခုတ်သဖြင့်၊ ၎င်းထွက်ပြေးခဲ့ရကြောင်းဖြင့် တိုင်တန်းသည်ကို မှတ်တမ်းတင်သားသည်ကို တွေ့ရသည်။

၁၉၆၂

မောင်ခင်မောင် ပါ ၅။ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

ဦးအေးမောင် အိမ်တွင်းသို့ဝင်ရောက်၍ ဦးအောင်သိန်းအား အသေထိုးခုတ်ကြသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ရသော သက်သေနှစ်ဦးမှာ ဦးအေးမောင်နှင့် ၎င်း၏သမီး မဌေးကြည်တို့ပင် ဖြစ်သည်။ ဦးအေးမောင်က အောက်ပါကဲ့သို့ ထွက်ဆိုသည်။

"မောင်ခင်မောင်က လုပ်ဟဟု အော်လိုက်သောအခါ၊ မောင်ဌေးဆောင်က မိမိအား ခရင်းနှင့်ထိုးကြောင်း၊ ထိုသို့ အထိုးခံရပြီးနောက် မိမိသည် အိမ်ထဲသို့ ဝင်ပြေးကြောင်း၊ နောက်မှ လူများလိုက်လာပြီး ခါးနှင့်ခုတ်ကြသဖြင့် လက်နှင့် ကျော်တွင် မိမိဒဏ်ရာရခဲ့ကြောင်း၊ အိမ်တွင်းသို့ရောက်သောအခါ တံခါးကို ပိတ်၍ တွန်းထားရကြောင်း၊ ထိုအခါ အိမ်တွင်းသို့ရောက်ရှိနေသော မောင်ခင်မောင်က ဦးအောင်သိန်းအား ခါးနှင့်ခုတ်နေသည်ကို မြင်ရကြောင်း၊ ထိုကဲ့သို့ ခုတ်နေသည်မှာ ၆ တောင်ခန့်မျှဝေးသော နေရာမှ မြင်ရသဖြင့် ထင်ထင်ရှားရှား မြင်ရခြင်းဖြစ်ကြောင်း၊ ၎င်းနောက် တံခါး တွန်းထားသော်လည်း၊ အပြင်က တွန်းဝင်သည့် အင်အားကို မနိုင်သဖြင့်၊ ပွင့်ထွက်သွားရာ၊ မောင်ဌေးဆောင်နှင့် သင်းဘတို့ ဝင်ပြေးလာပြီး မောင်ခင်မောင်နှင့်အတူ ဦးအောင်သိန်းအား ဝင်၍ ထိုးကြခုတ်ကြကြောင်း၊ ဦးအောင်သိန်း လဲသွားပြီးနောက် မောင်ချစ်မိန်နှင့် မောင်ပေါဝတို့သည် ခါးလှံများကို ကိုင်ဆောင်ပြီး အခန်းထဲသို့ ပြေးဝင်လာကြပြီးလျှင်မောင်ခင်မောင်၊ မောင်ဌေးဆောင်၊ သင်းဘတို့နှင့်အတူ ရောနှောသွားကြောင်း၊ ထိုအခါတွင် မိမိသည် တံခါးရွက်အကွယ် ပုန်းနေရာမှ သမီး မဌေးကြည်၏ကုတင်အောက်သို့ ဝင်လိုက်ကြောင်း၊ မောင်ခင်မောင်နှင့် အပေါင်းပါတို့ ထွက်သွားပြီးနောက်ကုတင်အောက်မှဆွဲ၍ သေနေသောဦးအောင်သိန်း၏ နံဘေးနားတွင် လှဲကာ ငှဲးပါ သေချင်ဟန် ဆောင်နေရကြောင်း၊ ထိုကဲ့သို့ ခုတ်ထစ်နေကြစဉ်သမီး မဌေးကြည်သည်၊ အိမ်တွင်းဝင် ကလေးများနှင့် အတူ ရှိကြောင်း၊ မောင်ခင်မောင်ဘိုလူစု ထွက်သွားပြီးနောက် မဌေးကြည်သည် အိမ်ပြင်သို့ထွက်၍ "ဦးလေးသိန်းတို့၊ အဖေတို့ သေကုန်ကြပါပြီ"ဟူ၍ အရပ်ကြားအောင် အော်ဟစ်သော်လည်း၊ မည်သူမျှ ပေါ်မလာကြောင်း စသည်တို့ဖြင့် ထွက်ဆိုလေသည်။"

ထိုကဲ့သို့ ထွက်ဆိုသည်များကို အရေးပါ အရာရောက်သော အချက်တို့၌ မဌေးကြည် (လိုပြ-၂)က ထောက်ခံထားသည်ကို တွေ့ရသည်။ မဌေးကြည်က မောင်ခင်မောင်၊ မောင်ဌေးဆောင်နှင့် သင်းဘတို့သည် ဦးအောင်သိန်းကို ဝိုင်း၍ ထိုးကြ၊ခုတ်ကြကြောင်း၊ ထိုအခါ မိမိက ကလေးများနှင့် ကျွန်မကိုချမ်းသာပေးပါဆိုပြီး ဝပ်နေရ

ကြောင်း၊ မောင်ခင်မောင်တို့လူသိုက် ပြန်သွားကြသောအခါ မိမိသည် အပြင်သို့ ထွက်၍ အော်ဟစ်ကြောင်း၊ မည်သူမျှ မလာကြဘဲ၊ အတန်ကြာမှ မိခင် ဒေါ်အေးတင်အိမ်သို့ပြန်လာကြောင်း။

၁၉၆၂

မောင်ခင်မောင် ပါ ၅။ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အထက်တွင် ဖော်ပြပါရှိသည့် မျက်မြင်သက်သေများနှင့် အခြားသော သက်သေအထောက်အထားကြောင့်၊ ပညာရှိ အထူးတရားသူကြီးက အယူခံတရားလိုများ ဖြစ်သော မောင်ခင်မောင်နှင့် ၄ ဦးတို့အပေါ်တွင် ဦးအောင်သိန်းအား သေစေမှုဖြင့် ပြစ်မှုထင်ရှား တွေ့ရှိခဲ့သည်။ သို့ရာတွင် လူအများဝိုင်း၍ ထိုးခုတ်ကြခြင်း ဖြစ်သဖြင့် မည်သူ့လက်ချက်ဖြင့် ဦးအောင်သိန်း သေဆုံးရသည်ကို တိတိကျကျ ဆုံးဖြတ်ရန် မဖြစ်ဟုဆိုကာ စီရင်ထုံးများကို ကိုးကား၍ အယူခံတရားလိုတို့အား၊ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ အရမဟုတ်ဘဲ၊ ရာဇသတ်ကြီး ပုဒ်မ ၃၂၆ အရသာလျှင် ပုဒ်မ ၁၁၄ နှင့် တွဲဘက်၍ ပြစ်ဒဏ်ပေးခဲ့ခြင်းဖြစ်ပေသည်။

ဒုယူခံ တရားလိုတို့၏ကိုယ်စား ပညာရှိ လွှတ်တော်ရွှေနေကြီး ဦးလှညွှန့်က အဓိကထား၍ လျှောက်လဲခဲ့သည်မှာ မဋ္ဌေးကြည်နှင့် ဦးအေးမောင်တို့၏ ထွက်ဆိုချက်တို့သည် ကွဲလွဲချက်များ ပါဝင်နေသဖြင့်၊ လက်မခံထိုက်၊ သို့တည်းမဟုတ် မယုံကြည်သိုက်ကြောင်း၊ မဋ္ဌေးကြည်သည်၊ အခင်းဖြစ်ပြီး နောက်တနေ့တွင် ရဲသားများနှင့် လူကြီးများ လာရောက်စုံစမ်းသောအခါ မည်သူမည်ဝါတို့က ဦးအောင်သိန်းတို့အား သတ်ဖြတ်ထိုးခုတ်သည်ကို မသိရမကြောင်းဖြင့် ရုံးတွင် အစစ်ခံ ထွက်ဆိုခဲ့သည်။ နောက်ရဲအဖွဲ့လာပြန်သောအခါလည်း၊ မိမိနှင့်အဖေတို့က ကြောက်ရွံ့သဖြင့် မည်သူက ခုတ်ကြသည်ကို မသိကြောင်းဖြင့် ပြောဆိုခဲ့ကြောင်း အစစ်ခံလေသည်။ ထိုကဲ့သို့ မဋ္ဌေးကြည်က မသိကြောင်းဖြင့် ပြောဆိုခဲ့ကြောင်းကို မောင်ကံရင် (ခံပြ-၆) ကလည်း ထွက်ဆိုသည်။ ရဲဒုနာအုပ် ဦးဘစိန် (လိုပြ-၂၇)က၊ ၁၉-၁-၆၁ နေ့တွင် လှထွေရွာသို့ နေ့ပိုင်းလောက်တွင် ရောက်သွားရာ၊ အမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးသော အခါ၌လည်း၊ မဋ္ဌေးကြည်က မည်သူတို့သည် တရားခံများ ဖြစ်ကြကြောင်းကို ပြောခဲ့သည်ကို မတွေ့ရ။ ၃၁-၁-၆၁ နေ့ရက်တွင် စုံထောက်ရဲမှူး ဦးတင်မောင် (လိုပြ-၃၁) က အမှုကို စုံစမ်းစစ်ဆေးသောအခါမှ မဋ္ဌေးကြည်က အမည်များကို ထုတ်ဖော်၍ ပြောခဲ့သည်။ ထိုကြောင့် မဋ္ဌေးကြည်က မောင်ခင်မောင်နှင့် အခြားလူတို့ကို စွပ်စွဲခြင်းမှာ အခင်းဖြစ်ပြီးလျှင်ပြီးချင်း ရိုးရိုးသားသား ဖွင့်ဟထုတ်ဖော်ခြင်းမဟုတ်ဘဲ၊ အချိန်အတော်ကြာမှ စိတ်ကူးရ၍ အမှုဆင်ခြင်းမျိုးသာ ဖြစ်ရမည်ဟု ယူဆထိုက်ကြောင်းဖြင့် ပညာရှိ လွှတ်တော်ရွှေနေကြီး ဦးလှညွှန့်က လျှောက်လဲသည်။

သို့ရာတွင် မဋ္ဌေးကြည်၏ ရုံးတွင်အစစ်ခံချက်အရ၊ ၎င်းအမှုသွား အမှုလာ အားလုံးကို ခြုံကြည့်လျှင်၎င်း၊ လှထွေရွာတွင် ထိုအချိန်က ပ-မ-ည-တ နှင့် ပ-ထ-စ နိုင်ငံရေး

၁၉၆၂

ဒေါ်ခင်မောင်မောင်
ပါ ၅ ။
နှင့်
ပြည်ဆောင်စု
ပြန်မှာနိုင်ငံ ။

စည်းမှုံးရေးပဋိပက္ခမှာပြင်းထန်လျက်ရှိခဲ့သည်။ မောင်ခင်မောင်နှင့် အပေါင်းပါတို့သည် ပ-မ-ညာ-တ၏ ဆိုင်းဘုတ်ကို ဖျက်ဆီးဖြုတ်ချသဖြင့် နှုံးတင်၍ အမှုစွဲဆိုခြင်းခံရ၊ ဒဏ်တပ်ခံရပြီး နောက်များမကြာမီပင် အခင်းဖြစ်သောကိစ္စ ပေါ်ပေါက်ရသည်မှာလည်း ထင်ရှားသည်။ ဆိုင်းဘုတ်ဖြုတ်ချသည့် အဆင့်မှ လူ ၂၀-၃၀ ဝိုင်း၍ သံပုံးတီးကြ၊အော်ဟစ်ကြွေးကြော်ကြသည့်အဆင့်၊ ၎င်းနောက် ခါးလှံ စွဲကိုင်၍ ခုတ်ကြ သတ်ကြသည့် အဆင့် အထိ အဆင့်ဆင့် ဖြစ်ပွါးနေသော ပဋိပက္ခတို့၏ အလယ်တွင် မဌေးကြည်သည် ကြောက်ရွံ့သဖြင့် မေးသမျှလူမျှားအား ဖြစ်သမျှအကြောင်းစုံကို မပြောဝံ့မည်မှာ ဓမ္မတာကိစ္စတရပ်ဟူ၍ ယူဆရမည်ဖြစ်သည်။ ၎င်းပြင် ဦးအောင်သိန်းအား မိမိရွေတွင်ပင် ဝိုင်း၍ခုတ်ကြ ထစ်ကြသည်မှာလည်း မိန်းမသားတဦးအတွက် သွေးလန့်ဖွယ်ရာ ကိန့်လည်းဖြစ်သည်။ ထိုခုတ်ထစ်၍အပြီး မိမိနှင့်ကလေးများသာ အိမ်တွင်ကျန်ရှိနေသဖြင့် ထွက်၍ အရပ်သို့ ကူညီပါရန် အော်ဟစ်ရာတွင်လည်း မည်သူမျှ မလာငဲ့သည့် ရွာအခြေအနေကိုလည်း သတိပြုရမည်ဖြစ်သည်။ မိမိ၏ဘခင် ဦးအေးမောင်လည်း ဒဏ်ရာများဖြင့် ဦးအောင်သိန်းအနီးတွင် လှဲလျောင်း၍ သေချင်ဟန်ဆောင်နေရရာမှ သူမသေကြောင်း မဌေးကြည်အား ပြောသောအခါ၌လည်း မဌေးကြည်က သေချင်ဟန် ဆက်၍ဆောင်နေပါ၊ သို့မဟုတ်က တလှဲပြန်လာ၍ သတ်ကြလိမ့်ဦးမည်ဟူ၍ သတိပေးခဲ့သည်ကိုလည်း စဉ်းစားစရာ ဖြစ်သည်။

ဦးအေးမောင်သည်လည်း မဌေးကြည်ကဲ့သို့ပင် နှံနက်လင်းသောအခါ၊ ရောက်ရှိလာကြသော ရဲအရာရှိများထံသို့ သတ်ဖြတ်ခုတ်ထစ်သူများသည် မည်သူမည်ဝါများဖြစ်ကြောင်းကို မသိကြောင်းဖြင့် ပြောခဲ့သည်ဟူ၍ ၎င်း၏ နှုံးတင် ထွက်ဆိုချက်တွင် တွေ့ရသည်။ ထိုကဲ့သို့ အချိန်မလင့်ဘဲ ဖွင့်ဟပြောဆိုခြင်း မရှိသည်ကို ပညာရှိလွှတ်တော်ရွေးနေကြီး ဦးလှညွှန့်က ညွှန်ပြ၍ ဦးအေးမောင်၏ ထွက်ဆိုချက်ကိုလည်း မယုံကြည်ထိုက်ကြောင်းဖြင့် လျော်ကလဲသည်။ သို့ရာတွင် ရွာတွင် တညလုံးလုံး မည်သူမျှ အခင်းဖြစ်သည့်ခနရာသို့မလာဝံ့၊ကြောက်ရွံ့၍ နေရကြသော အခြေဖြစ်သည်၊ မနက်မိုးလင်း သောအခါ ဒဏ်ရာရလျက်ရှိသော ဦးအေးမောင်ကို လှည်းတစီး၊ ဦးအောင်သိန်း၏ အလောင်းကို လှည်းတစီးဖြင့်တင်၍ ဝက်လက်ရဲဌာနာသို့ သွားရောက်ကြသောအခါ၊ ရဲဌာနာတွင် ဦးအေးမောင်က သက်သေခံအမှတ် (က)ဖြစ်သော ပဉ္စမသတင်းပေး အစီရင်ခံချက် တင်သွင်းသော စာဌမ္ဘကား၊ မောင်ခင်မောင်၊ မောင်ဌေးဆောင်၊ မောင်ချစ်စိန်၊ သင်းဘနှင့် မောင်ပေါဝေတို့၏ အမည်တပ်၍ ၎င်းအား ဒဏ်ရာရစေမှု၊ ဦးအောင်သိန်းအား သတ်မှုဖြင့် စွဲခဲ့သည်ကို တွေ့ရသည်။

ပညာရှိ လွှတ်တော်ရွေးနေကြီး ဦးလှညွှန့်က သက်သေခံအမှတ် (စ)ဖြစ်သော ဒေါ်ခင်မောင်မောင်၏ ရွာသာကြီးရဲကင်းဌာနာတွင် တိုင်တန်းချက်သည် သက်သေခံအမှတ်

(က) ဦးအေးမောင်၏ တိုင်တန်းချက်ထက် စောချိန်သေဖြင့် သက်သေခံအမှတ် (က)သည် တရားဝင်သော တိုင်တန်းချက်မဟုတ်တော့ပါ၊ **ရွှေဖရုနှင့် ဘုရင်မင်းမြတ်** (၁)ကို ရည်ညွှန်း၍ ပဌမသတင်းချက်ဆိုသည်မှာ၊ ပဌမဦးစွာ ရဲဌာနာသို့ တိုင်တန်း၍ မှတ်သားထားချက်ဖြစ်ပြီးလျှင်၊ ထိုနောက် ရဲသို့ ပြောကြားချက်တို့သည် အမှုစစ်အေး စုံစမ်းရာတွင် ပြောကြားချက်များ ဖြစ်သဖြင့် သက်သေခံ မဝင်ကြောင်းဖြင့် လျှောက်လဲသည်။ သို့ရာတွင် ပညာရှိ အစိုးရလွှတ်တော်ရွေးနေကြီး ဦးဘအေက လျှောက်လဲသကဲ့သို့ပင် ၎င်းပဌမသတင်း တိုင်ချက်ဆိုသည်မှာ တနေရာ တချိန်တည်းတွင် ဘဦးတည်းက တိုင်တန်းရသည်ဟူ၍ တထစ်ချမဟုတ်ဘဲ၊ နှစ်နေရာတွင် တိုင်ကြားသူ နှစ်ဦးက တသီးတခြားစီ တိုင်တန်း၍ တိုင်တန်းချက်တခုနှင့်တခု အချိန်ကွဲလွဲသော်လည်း၊ တိုင်ချက်နှစ်ခုစလုံးကိုပင် သက်သေခံဝင်၍ စဉ်းစားနိုင်ကြောင်းကို တွေ့ရှိရသည်။ ဥပမာအားဖြင့် **ကေရာင်နှင့် လာလ်ဂျီရေး** (၂)၊ ဤအမှုတွင် အထူးစိတ်ဝင်စားဘွယ်ရာ ကောင်းသည်မှာ၊ ရွာသာကြီးရဲကင်းတွင် ဝင်ရောက်တိုင်ကြားခဲ့သော မောင်လှရွှေသည် အခင်းဖြစ်စဉ်က ထွက်ပြေး၍ ဦးအေးမောင်နှင့်မတွေ့ရတော့ဘဲ၊ မိမိအလိုအလျောက် မိမိမြင်တွေ့ခဲ့ရသည်တို့ကို တိုင်တန်းခြင်းဖြစ်သည်။ ဦးအေးမောင်မှာမူ၊ ဒဏ်ရာဒဏ်ချက်ဖြင့် နောက်တနေ့တွင် လှည်းဖြင့် ဝက်လက်သို့ အရောက်တွင်မှ ဝင်ရောက် တိုင်တန်းရခြင်းဖြစ်သည်။ မောင်လှရွှေ၏ ရွာသာကြီးရဲကင်းတွင် တိုင်ကြားချက်သည် ၁၉-၁-၆၁ နေ့ မနက် ၄ နာရီခွဲခန့်တွင် ဖြစ်၍၊ ဦးအေးမောင်၏ တိုင်ကြားချက်သည် ဝက်လက်ရဲဌာနာတွင် ၎င်းနေ့ ညနေ ၄ နာရီလောက်တွင် ဖြစ်သည်။ ထို့ကြောင့် သက်သေခံအမှတ် (က)နှင့်(စ) နှစ်ခုစလုံးပင် အမှုတွင် လက်ံစဉ်းစားနိုင်သည်ဟူ၍ ယူဆနေသည့်ပြင်၊ မောင်လှရွှေနှင့် ဦးအေးမောင်တို့ တကွဲတပြားစီဖြစ်ပြီး နှစ်နေရာတွင်တရက်တည်း နာရီပိုင်းမျှသာ ကွဲလွဲတိုင်းတန်းရာတွင်၊ မောင်ခင်မောင်နှင့် အပေါင်းပါတို့၏ နာမည်တပ်၍ စွပ်စွဲနိုင်ခဲ့သည်မှာလေးနက်စွာစဉ်းစားရမည့် ကိစ္စရပ်ဖြစ်ပေသည်။ အခင်းဖြစ်ရာမှ အပြေးအလွှားလာခဲ့သောမောင်လှရွှေသည် မောင်ခင်မောင်ဘို့အပေါ် အမှုဆင်ရန် စဉ်းစားချိန်လည်းမရ၊မိမိ၏ ယောကျ်ားဖြစ်သူ ဦးအေးမောင်နှင့် အခြား ပ-မ-ည-တ အဖွဲ့ဝင်များနှင့် တိုင်ပင်ဆွေးနွေးရန် အချိန်မရခဲ့ဦးအေးမောင်အဘို့ဆိုလျှင်လည်း ပြင်းထန်စွာ ဒဏ်ရာဒဏ်ချက်တို့ဖြင့် ထွက်လာခဲ့ကြသည်ဖြစ်ရာ၊ ဝက်လက်ရဲဌာနာတွင် မောင်ခင်မောင်တို့အပေါ် အမှုဆင်ရန် စဉ်းစားမိမည်လည်းမဟုတ်၊ မှန်ရာကိုသာ ဖွင့်ဟပြောဆိုခဲ့သည်ဟူ၍ယူဆရပေမည်။ သို့ရာတွင် တိုင်တန်းချက် နှစ်ရပ်ကို ဘတ်ကြည့်ရာတွင် ဦးအေးမောင်၏ တိုင်တန်းချက်တွင်

၁၉၆၂

မောင်ခင်မောင် ပါ ၅။ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

(၁) ၁၉၄၁ခု၊ ရန်ကုန် စီရင်ထုံးစာမျက်နှာ ၃၄၆။

(၂) အေ၊အိုင်၊အာ(ရဲ)၊ ၁၉၃၆ ပတ္တနာ ၁၁။

၁၉၆၂

မောင်ခင်မောင်
ပါ ၅။
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

မောင်ခင်မောင်၊ မောင်ဌေးဆောင်၊ မောင်ချစ်စိန်၊ မောင်ပေါဝေနှင့် သင်းဘတို့ကို စွပ်စွဲသော်လည်း၊ မောင်လှရွှေ၏ တိုင်တန်းချက်ကိုမူ သင်းဘ၏ နာမည်မပါသည်ကို တွေ့ရှိရသည်။

မောင်ခင်မောင်နှင့် အယူခံတရားလို ဖြစ်ကြသော အပေါင်းပါတို့သည် ၎င်းတို့အပြစ်မရှိပါ၊ အခင်းဖြစ်ပွါးစဉ်အခါက အခြားနေရာများသို့ ရောက်ရှိနေကြကြောင်းဖြင့် ထုချေခဲ့ကြသည်။ ထိုထုချေချက်တို့ကို ပညာရှိ အထူးတရားသူကြီးက မယုံကြည်ခဲ့၊ ကျန်ပ်အနေနှင့်လည်း ၎င်းထုချေချက်တို့သည် လုံလောက်သည်၊ ယုံကြည်ဖွယ်ရာ ဖြစ်သည်ဟူ၍ မယူဆနိုင်။ သက်သေခံအမှတ် (၁)သည်၊ စာစင်ရှာသကြီး ဦးကံဖူး (ခံပြ-၁)က တင်သွင်းသော ၎င်းရှာ၏ ည့်သည်မှတ်ပုံတင် စာရင်းစာအုပ်ဖြစ်သည်။ ၎င်းစာအုပ်တွင် ၁၈-၁-၆၁ ရက်နေ့စွဲဖြင့် ပေါင်္ခေသည် လှထွေရှာမှ စာစင်ရှာသို့ လာရောက်၍ သာလွင် (ခံပြ-၂)၏အိမ်တွင် တည်းခိုကြောင်းဖြင့် မှတ်ထားသည်ကို တွေ့ရသည်။ သို့ရာတွင် ပညာရှိ အထူးတရားသူကြီးက ဤမှတ်တမ်းစာအုပ်မျိုးကို ပြုလုပ်ရန် ခက်ခဲခြင်းမရှိ၊ မှတ်တမ်းစာအုပ်ကိုကြည့်ခြင်းအားဖြင့်လည်း ယုံကြည်လက်ခံရန် မဖြစ်နိုင်ဟု ဆုံးဖြတ်ခဲ့သည်။ စာရင်းစာအုပ်များကို ကျန်ပ်ကြည့်ရှုရာတွင် ည့်သည်များစာရင်းကို ကျကျနနမှတ်ထားသည်ကို မတွေ့ရ။ ဥပမာအားဖြင့်၊ ပေါင်္ခေလာသည့်အကြောင်း မှတ်ထားသည့်စာမျက်နှာတွင် ၁-၁၂-၅၉ အတွက် မှတ်ပြီးသည့် နောက် ၅-၁-၆၁ နေ့သို့ တန့်စ်ကျော်ခုန်၍ မှတ်ထားသည်ကို တွေ့ရသည်။ ထိုကဲ့သို့ မှတ်ခြင်းအားဖြင့် သက်သေခံအမှတ် (၁)ကို စံနစ်တကျ မှန်မှန်ကန်ကန် မှတ်သားသည်ဟူ၍ မယူဆနိုင်။ အလားတူပင် မောင်ခင်မောင်ကလည်း အခင်းဖြစ်သောနေ့ ညနေပိုင်းတွင် ၎င်းသည်၊ ကယ်ပါရှာတွင် ရောက်ရှိနေကြောင်း ချေပသည်။ ကယ်ပါရှာသူကြီး ဦးထွန်းသွင် (ခံပြ-၃)က သက်သေခံအမှတ် (၂) ည့်စာရင်းစာအုပ်ကို တင်သွင်း၍ ထိုအချက်ကို ထောက်ခံသည်။ သို့ရာတွင် ၎င်းည့်စာရင်းစာအုပ်မှာ မောင်ခင်မောင်၏ အမည်ထည့်သွင်းသည့် စာမျက်နှာမှစ၍ လတ်လတ်ဆတ်ဆတ် မှတ်ထားသည့် စာအုပ်ဖြစ်ကြောင်း တွေ့ရပြန်သဖြင့်၊ ထိုစာအုပ်သည် မှန်မှန်ကန်ကန် မှတ်သားထားသော စာအုပ်မဟုတ်နိုင်ကြောင်းဖြင့် ပညာရှိအထူးတရားသူကြီးကဝေဖန်ဆုံးဖြတ်ခဲ့သည်ကို ကျန်ပ်သဘောတူသည်။ အခြားသော တရားခံများက အခင်းဖြစ်သော အချိန်၌ ၎င်းတို့သည် အခြားနေရာများသို့ ရောက်ရှိနေကြပါသည်ဆိုသော ထုချေချက်တို့မှာလည်း ခိုင်လုံယုံကြည်လောက်ဘွယ် မရှိကြောင်းဖြင့် ကျန်ပ်တွေ့ရှိရသည်။

အယူခံတရားလိုတို့အပေါ်တွင် ပညာရှိအထူးတရားသူကြီးက ရာဇသတ်ကြီးပုဒ်မ ၃၂၆ ဖြင့် ပြစ်ဒဏ်ပေးထားသည်မှာ သက်သာသည်ဟူ၍ ယူဆရမည်။ အကယ်စင်စစ်

ရန်းဘို့သည် ကြိုတင်ပြင်ဆင်ချက်ဖြင့် ဦးအောင်သိန်းနှင့် ပ-မ-ည-တ အဖွဲ့ဝင်တို့အား ခုတ်သစ်သတ်ဖြတ်ရန် လာကြသည်ဟုဆိုလျှင် ဆိုနိုင်သည်။ ထိုကြိုတင်ပြင်ဆင်ချက်ဖြင့် ဦးအောင်သိန်းအား သတ်ဖြတ်ကြသဖြင့်၊ လူသတ်မှုဖြင့် ပြစ်ဒဏ်ပေးရန် သင့်ကောင်း သင့်ပေလိမ့်မည်။ သို့ရာတွင် ပညာရှိ အစိုးရလွှတ်တော် ရွှေနေကြီး ဦးဘတောက ဤကိစ္စတွင် စွက်ဖက်၍ပြင်ဆင်လျှောက်ထားခြင်းမပြုပါ၊ရာဇသတ်ကြီး ပုဒ်မ ၃၂၆/၁၁၄ ဖြင့် အသီးသီးအပြစ်ကျနေသည်ကိုသာ အတည်ပြုပါရန်လျှောက်ထားသည်။

၁၉၆၂

မောင်ခင်မောင် ၀၀ ၅။ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အယူခံဘရားလို သင်းဘအပေါ် ၌ကား၊ သက်သေထွက်ချက်များ အနည်းငယ် ကွဲလွဲကြသည်ကို တွေ့ရသည်။ မောင်လှရွှေ၏ တိုင်တန်းချက် သက်သေခံအမှတ် (စ) တွင် သင်းဘကို ထည့်သွင်းဖေါ်ပြမထားခြင်းသည်လည်း စဉ်းစားစရာအချက် ဖြစ်သည်။ မဌေးကြည်နှင့် ဦးအေးမောင်တို့က သင်းဘကို အိမ်အတွင်းသို့ ဝင်ရောက်၍ ဓါးနှင့် ခုတ်သူများထဲတွင် ပါဝင်မှတ်မိကြောင်း ထွက်ဆိုထားသည်မှအပ အခြားသော မျက်မြင်သက်သေများကမူ၊ ထိုသို့ ဝင်ရောက်ထိုးနှုတ်ကြသည့်အထဲတွင် သင်းဘ ပါဝင်ကြောင်းဖြင့် ထွက်ဆိုနိုင်ခြင်းမရှိချေ။ သာမန်အားဖြင့်ဆိုလျှင် မဌေးကြည်နှင့် ဦးအေးမောင်တို့၏ ထွက်ချက်တို့ဖြင့် သင်းဘအပေါ် အပြစ်ပေးနိုင်ရန် လုံလောက်ပြီဟု ဆိုနိုင်သည်။ သို့ရာတွင် ဤအမှုတွင် ဖြစ်ပျက်ခဲ့သော အချက်အလက်တို့အရ၊ လူ ၂၀-၃၀ ဝိုင်း၍ သံပုံးတီးကြသည့် နောက်ပိုင်း မကြာမီပင် လူများ အိမ်ထဲသို့ ဝင်ရောက်ထိုးခုတ်ခဲ့ကြခြင်းဖြစ်သဖြင့်၊ သင်းဘသည် သံပုံးတီးရာတွင် ပါဝင်၍ ထိုးခုတ်ရာတွင် မပါဝင်ဘဲလည်း နေနိုင်သည်။ ဗဟုတ်ဗယက် အဖြစ်အပျက်တွင် မဌေးကြည်နှင့် ဦးအေးမောင်တို့က သင်းဘကိုမြင်၍ စွပ်စွဲသည်လည်း ဖြစ်နိုင်သည်။ ထိုကဲ့သို့ သံသယပေါ်ပေါက်ပုံယာရှိသဖြင့်ငင်း၊ သံသယအကျိုးကို အယူခံတရားလို သင်းဘအား ပေးရန်ဖြစ်သည်။

အယူခံဘရားလိုများ ဖြစ်ကြသော မောင်ခင်မောင်၊ မောင်ပေါဝေ၊ မောင်ဌေးဆောင်နှင့် မောင်ချစ်စိန်တို့အပေါ်တွင် ပညာရှိ အထူးတရားသူကြီးက ပြစ်မှုထင်ရှားတွေ့ရှိခြင်းကို မှန်ကန်သည်ဟု ကျွန်ုပ်ယူဆသည်။ ပေးထားသော ပြစ်ဒဏ်မှာလည်း ပြစ်မှုနှင့် မမျှတဟူ၍ မဆိုနိုင်ပေ။ ထိုကြောင့် ၎င်းအယူခံတရားလိုများ၏ အယူခံကို ပယ်လိုက်သည်။

အယူခံဘရားလို သင်းဘကိုကား၊ သံသယ၏အကျိုးကိုပေး၍ ၎င်းအား ပြစ်မှုထင်ရှား စီရင်ထားခြင်းနှင့် ပြစ်ဒဏ်တို့ကို ပယ်ဖျက်၍ ဤအမှုနှင့် ပတ်သက်သမျှ တရားသေလုတ်ဧစရုန် ကျွန်ုပ်အမိန့်ချမှတ်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌၊

†၁၉၆၂

နိုဝင်ဘာလ ၁၃ ရက်။

မည်ို (အယူခံတရားလို)

နှင့်

အုန်းပင်တန်း၊ ဂျူးမာမဂျစ် (အယူခံတရားခံ) *

ဗလီအများပြည်သူဆိုင်ရာ (Public Trust)

ဗလီကိုစီမံအုပ်ချုပ်သူ၊ ဗလီပိုင်မြေမှ နှင်ထုတ်ရန်တရားစွဲနိုင်သူ။

ဆုံးဖြတ်ချက်။ ။အုန်းပင်တန်း ဂျူးမာမဂျစ် (ခေါ်) အုန်းပင်တန်းဗလီကို ၎င်း၏ယုံမှတ်အပ်နှံခြင်းခံရသူ ဦးဟာရွှင်၏ဘခင် လက်ထက်ကတည်းဆောက်ပြီး၊ ထိုဗလီရှိရာရပ်ကွက်၌ မဟာမက်ဘာသာဝင်များသည် ထိုဗလီ၌ ဘုရားရှစ်ခိုးကြသဖြင့်၊ ထိုဗလီသည် အများပြည်သူဆိုင်ရာ (Public Trust) ဖြစ်သည်ဟုယူဆရပေမည်။

ဦးဟာရွှင်သည် ဗလီကိုစီမံအုပ်ချုပ်သူအဖြစ်၊ ဗလီပိုင်မြေမှ အယူခံတရားလိုအား နှင်ထုတ်ရန် **အတွက်**၊ အမှုကိုစွဲဆိုနိုင်သည်။

ကိုးပါးနှင့်မဟာမက်ဂျက်ဖါး၊ ဧအေ၊အိုင်၊အာ(ရှ်)၊ ၁၉၅၄ ခုနှစ်၊ တရားလွှတ်တော်ချုပ်၊ စာ ၅။ ကိုရည်ညွှန်းသည်။

အယူခံတရားလိုအတွက်။ ။မစ္စတာ ဂျီ၊အင်၊ဘနာဂျီ လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။ဦးသန်းမောင် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် အယူခံတရားခံက၊ အုန်းပင်တန်း ဂျူးမာမဂျစ်(ခေါ်) အုန်းပင်တန်းဗလီ၊ ၎င်း၏ စီမံအုပ်ချုပ်၍ ယုံမှတ်အပ်နှံခြင်းခံရသူ ဦးဟာရွှင်အမည်ဖြင့်၊ တရားလိုအဖြစ် ဖေါ်ပြပြီး၊ ယခုအယူခံတရားလို မည်ို၏ ခင်ပွန်း အပ္ပဒူရာမန်အား၊ ထိုဗလီပိုင်အခင်းဖြစ်မြေမှ နှင်ထုတ်လိုမှု တရားစွဲဆိုခဲ့၏။ အပ္ပဒူရာမန် သေဆုံးပြီးနောက်၊ မည်ိုအား ၎င်း၏ တရားဝင်ကိုယ်စားလည် အဖြစ် ထည့်သွင်းခဲ့၏။

---

* ၁၉၅၈ ခုနှစ်၊ အထူးတရားမအယူခံမှုအမှတ် ၂၀။

† ၁၉၅၇ ခုနှစ်၊ တရားမ ပဌမအယူခံမှုအမှတ် ၄၄ တွင် ၁၉၅၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့စွဲပါ တရားလွှတ်တော် (အယူခံဘက်ဆိုင်ရာ)၏ ချမှတ်သောဒီကရီကို အယူခံဝင်မှု။

[၁၉၆၂
မည်ို
နှင့်
အုန်းပင်တန်း
ဂျူးမာမဂျွစ်။

အခင်းဖြစ်မြေမှာ ဗလီပိုင်ဖြစ်ကြောင်းထင်ရှား၏။ ဤအချက်နှင့်ပတ်သက်၍ အငြင်းပွါးမှုမရှိချေ။ သို့သော် အပ္ပဒူရာမန်ရှိစဉ်က၊ ချေပသည်မှာ မိမိသည် အခင်းဖြစ်မြေကို ငှါးရမ်း၍ နေထိုင်ခဲ့သူမဟုတ်၊ မြေခွန်မြေခများ ပေးဆောင်၍ နေခဲ့ခြင်းသာဖြစ်ကြောင်း၊ တရားစွဲဆိုပုံစွဲဆိုနည်းမှာလည်း တရားမဝင်ကြောင်း၊ ဦးဟာရွှင်သည် ထိုဗလီ၏ ယုံကြည်အပ်နှံခြင်း ခံရသူဖြစ်ကြောင်းကို သက်သေထင်ရှား ပြစေလိုကြောင်းဖြင့်ချေပခဲ့လေသည်။

အောက်ရုံးများက တရားလိုမှာ ဦးဟာရွှင်ဖြစ်ကြောင်း၊ ၎င်းဗလီကို စီမံအုပ်ချုပ်သော ယုံမှတ်အပ်နှံခြင်းခံရသူအဖြစ် တရားစွဲဆိုကြောင်း၊ ဦးဟာရွှင်သည် အခင်းဖြစ်မြေကို ဗလီအတွက် အပ္ပဒူရာမန်အား ငှါးရမ်းခဲ့ကြောင်း တွေ့ရှိဆုံးဖြတ်ကြလေသည်။ ထို့ပြင်လည်း ဦးဟာရွှင်က အပ္ပဒူရာမန်အား အခင်းဖြစ်မြေမှ ထွက်ခွါသွားစေရန် လိုအပ်သော နို့တစ်စာများ ပေးပို့ကြောင်းနှင့် စပ်လျဉ်း၍ အငြင်းမထွက်ခဲ့ချေ။

ဤရုံး၌ အဓိကအားဖြင့် လျှောက်လဲသည်မှာ တရားစွဲဆိုသူသည် ဗလီဖြစ်သဖြင့်၊ ယခုအမှုကို စွဲဆိုခြင်းမပြုနိုင်ကြောင်း၊ တရားမကျင့်ထုံး ပုဒ်မ ၉၂ အရသာလျှင် ဂေါဟာလူကြီးများက ထိုဗလီပိုင်မြေမှ အယူခံတရားလိုအား နှင်ထုတ်ရန်အတွက် တရားစွဲဆိုနိုင်ကြောင်းနှင့် လျှောက်လဲခြင်းဖြစ်သည်။

ဤအမှုပါ ဗလီမှာ ဦးဟာရွှင်၏ဘခင် ဘောဘာစီလက်ထက်က တည်ဆောက်ပြီး ကိုယ်တိုင်စီမံအုပ်ချုပ်ခဲ့သည်။ ဘောဘာစီ ကွယ်လွန်သောအခါ၊ ဦးဟာရွှင် အရွယ်မရောက်သေးသဖြင့်၊ လူကြီးငါးယောက် အုပ်ချုပ်ခဲ့ကြ၏။ ထိုလူကြီးငါးယောက် သေဆုံးကုန်ကြပြီးနောက် ဦးဟာရွှင် ဆက်လက် အုပ်ချုပ်ခဲ့၏။ ထိုဗလီရှိရာရပ်ကွက်၌ မဟာမက်ဘာသာဝင်များသည် ထိုဗလီ၌ ဘုရားရှိခိုးကြ၏။ ထိုဗလီသည် အများပြည်သူ ဆိုင်ရာ (Public Trust) ဖြစ်သည်ဟု ယူဆရပေမည်။ သို့သော် ထိုဗလီသည် ပစ္စည်းပိုင်ခွင့်ရှိသူ၊ သို့တည်းမဟုတ် တရားစွဲဆိုပိုင်ခွင့်ရှိသူ (Juristic Person) ဖြစ်ကြောင်း အယူခံတရားလို၏ ပညာရှိရွှေနေကြီး အကိုးအကား မပြနိုင်ပေ။ ယခု တရားစွဲဆိုသည်မှာလည်း၊ ထိုဗလီတရားလိုအဖြစ် တရားစွဲဆိုသည်မဟုတ်၊ ဦးဟာရွှင် တရားလိုအဖြစ် တရားစွဲဆိုသည်မှာ ထင်ရှားလှ၏။ ထိုဗလီ၏တည်ရာသည် ရန်ကုန်မြို့၊ ကြည့်မြင်တိုင် အုန်းပင်တန်းလမ်း၌ ဖြစ်၏။ အဆိုလွှာတွင် တရားလို၏နေရပ်မှာ အမှတ် ၃၇၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်ဟု ဖေါ်ပြထား၏။ ထို့ပြင်လည်း တရားလိုအဖြစ် စွဲဆိုသော အုန်းပင်တန်း ဂျူးမာမစ်ဂျွစ် (ခေါ်) အုန်းပင်တန်းဗလီ၊ ၎င်း၏စီမံအုပ်ချုပ်၍ ယုံမှတ်အပ်နှံခြင်းခံရသူ ဦးဟာရွှင်မှာ၊ ဗလီမဟုတ်ဘဲ၊ ထိုဗလီကို စီမံအုပ်ချုပ်သော ဦးဟာရွှင်သာ ဖြစ်သည်ဟု အဓိပ္ပါယ် ကောက်ယူရပေမည်။ ဦးဟာ

၁၉၆၂
မည်ဦးနှင့်
အန်းပင်တန်း
ဂျူးမဘမျှစ်။

ရှင်သည် ဗလီကို စီမံအုပ်ချုပ်သူအဖြစ် ယခုအမှုကို ဦးဆိုန်ဒင်ကြောင်း အတောက်အထား သာခကရှိ၏။ ဂိုပါးနှင့် မဟာမက်ဂျက်ဖါး (၁) အမှုတွင် အောက်ပါအတိုင်း မြွက်ကြား၏။

Now a 'de facto' manager or a trustee 'de son tort' has certain rights. He can sue on behalf of the trust and for its benefit to recover properties and moneys in the ordinary course of management.

ထိုမြွက်ကြားချက်နှင့် သတောတူသဖြင့် ကျွန်ုပ်ဘို့ လက်ခံရပေမည်။ အယူခံမှုကို လက်ခံရန် အကြောင်းမမြင်သဖြင့် ငဒုတ်နှင့်တကွ ပလပ်လိုက်သည်။ ဤရုံးရွှေနေခမျာငွေ ၈၅ ဖြစ်စေရမည်။

(၁) အေးအိုင်းအာ(ရ) ၁၉၅၄ ခုနှစ်၊ တရားလွှတ်တော်ချုပ်၊ စာ ၅။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌၊

ဦးမောမက်အိစွတ် (လျှောက်ထားသူ)

နှင့်

ဦးနဇီခန် ပါ ၂ (လျှောက်ထားခံရသူများ)*

† ၁၉၆၂ နိုဝင်ဘာလ ၂၇ ရက်။

၁၉၅၁ ခုနှစ်၊ ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၃၅၊ ၁၉၅၂ ခုနှစ် တွင် ဆောက်လုပ်သောအိမ်နှင့် စပ်သျှဉ်း၍ အမိန့်ချမှတ်ရန် ကြီးကြပ်ရေးဝန်တွင် အာဏာမရှိ။

ဆုံးဖြတ်ချက်။ ။၁၉၅၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့စွဲပါ၊ ဘဏ္ဍာရေးနှင့်အခွန်တော်ဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် ၃၅ ပါပြဋ္ဌာန်းချက်များအရ၊ ၁၉၅၂ ခုနှစ် တွင် ဆောက်လုပ်သော အခင်းဖြစ်အိမ်မှာ မြို့ပြဆိုင်ရာဥပဒေများမှ ခြွင်းချန်ခံရမှုခံကြီးကြပ်ရေး အက်ဥပဒေမှ ကင်းလွတ်သဖြင့် ထိုအိမ်နှင့်စပ်လျဉ်း၍ ကြီးကြပ်ရေးဝန်မှ အမိန့်ချမှတ်ရန်အာဏာမရှိခဲ့။

လျှောက်ထားသူအတွက်။ ။ဦးကိုကိုကြီး လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူများအတွက်။ ။ဦးဘသန်း(၂)နှင့် အစိုးရရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် ပြည်မြို့ လက်ထောက် ဌါးရမ်း ကြီးကြပ်ရေးဝန်က လျှောက်ထားခံရသူ ဦးနဇီခန်အား၊ အခင်းဖြစ် တိုက်အိမ် တောင် ဘက်အစွန်အခန်းတွင် နေထိုင်ခဲ့သည့်အတိုင်း ဆက်လက်နေထိုင်ရန် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)အရ၊ အခွင့်အမိန့် ပေး လိုက်သည်။ ထိုအမိန့်ကို ယခုလျှောက်ထားသူ ဦးမောမက်အိစွတ်က အမှုခေါ် စာချွန် တော်ဖြင့် ပယ်ဖျက်ရန် လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားခံရသူ၏ ကျမ်းကျိန်ချေပလွှာတွင်၊ လျှောက်ထားသူ ဖော်ပြသည့် အတိုင်း၊ အခင်းဖြစ်အိမ်ကို ၁၉၅၂ ခုနှစ်တွင် ဆောက်လုပ်ကြောင်း ဝန်ခံ၏။ ထို့ကြောင့် ၁၉၅၁ ခုနှစ်၊ဖေဖော်ဝါရီလ ၁၆ ရက်နေ့စွဲပါ ဘဏ္ဍာရေးနှင့် အခွန်တော်ဝန်ကြီးဌာန အမိန့် ကြော်ငြာစာ အမှတ် ၃၅ ပါ ပြဋ္ဌာန်းချက်များအရ၊ အခင်းဖြစ်အိမ်မှာ

* ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၅၅။

† ၁၉၆၁ ခုနှစ်၊ အထွေထွေမူအမှတ် ၁၇၁ တွင်၊ ပြည်မြို့ လက်ထောက်ဌါးရမ်းခ ကြီးကြပ်ရေးဝန် ချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

ဦးမာမက်အီစွတ် နှင့် ဦးနုဇံခန် ပါ ၂။

မြို့ပြဆိုင်ရာ ဌားချမ်းခ ကြီးကြပ်ရေး အက်ဥပဒေမှ ကင်းလွတ်လေသည်။ ထိုဒိမ်နှင့် စပ်လျဉ်း၍ ကြီးကြပ်ရေးဝန်မှာ အမိန့်ချမှတ်ရန် အာဏာမရှိခဲ့ချေ။

ဌားချမ်းခ ကြီးကြပ်ရေးဝန်၏ အမိန့်ကို၊ အမှုခေါ်စာချုပ်တော်ဖြင့် ပယ်ဖျက်လိုက်သည်။

အမှုသည်မျှားသည် မိမိတို့တရားစရိတ်ကို မိမိတို့ အသီးသီး ကျခံကြရမည်ဖြစ်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌၊

ဒေါ်သိန်းပု (လျှောက်ထားသူ)

နှင့်

ပဲခူးတိုင်းသီးစားချထားရေးအဖွဲ့ပါ ၂ (လျှောက်ထားခံရသူများ)*

† ၁၉၆၂ နိုဝင်ဘာလ ၂၇ ရက်။

မည်သည့်အခါ၊ စောဒကလွှာကို တိုင်းသီးစားချထားရေးအဖွဲ့ကလက်ခံပြီးဆုံးဖြတ်ခြင်းမပြုနိုင်ခြင်း။

သီးစားချထားရေး နည်းဥပဒေအပိုဒ် ၁၇ အရ၊ ခရိုင်သီးစားချထားရေးအဖွဲ့သို့ အယူခံဝင်ခြင်းမပြုသောသူ၏စောဒကလွှာကို တိုင်းသီးစားချထားရေးအဖွဲ့က လက်ခံပြီးဆုံးဖြတ်ခြင်းမပြုနိုင်ပေ။

လျှောက်ထားသူအတွက်။ ။ဦးစိန်ဟုတ် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူများအတွက်။ ။အစိုးရရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မအူကုန်းရပ် မြို့နယ်**သီးစားချထားရေး**အဖွဲ့က၊ အခင်းဖြစ်မြေကို ယခုလျှောက်ထားသူ ဒေါ်သိန်းပုအား၊ ၁၉၆၂-၆၃ ခုနှစ်အတွက် **သီးစားချထားလိုက်၏**။ ထိုအမိန့်ကို လျှောက်ထားခံရသူ အမှတ် ၂ မောင်လှမောင်က၊ ခရိုင်**သီးစားချထားရေး** အဖွဲ့ထံ အယူခံမဝင်ဘဲ၊ ပဲခူးတိုင်း **သီးစားချထားရေးအဖွဲ့ထံ** စောဒကဝင်ခဲ့၏။ တိုင်းသီးစားချထားရေးအဖွဲ့က၊ **သီးစားချထားရေး** နည်းဥပဒေအပိုဒ် ၁၂ (၁)(ဂ)အရ၊ ချထားရန် အမိန့်ချမှတ်လိုက်၏။

မောင်လှမောင်သည်၊ **မိမိ၏**ကျမ်းကျိန်ချက်၌ ဖေါ်ပြသည်မှာ ၁၉၆၂-၆၃ ခု သီးစားနှစ်အတွက် မိမိသည် ကျေးရွာကော်မီတီထံ သီးစားလျှောက်ထားသော်လည်း၊ အတွင်းရေးမှူးက လျှောက်လွှာပြန်ပေးပြီး ဒေါ်သိန်းပုအား သီးစားချထားလိုက်ကြောင်း ဖေါ်ပြထား၏။ သို့သော် ၎င်းသည် ခရိုင်**သီးစားချထားရေး** အဖွဲ့ထံ အချိန်မီအယူခံဝင်ခြင်းမပြုခဲ့ချေ။ ထို့ကြောင့် သီးစားချထားရေး နည်းဥပဒေအပိုဒ် ၁၇ အရ၊

* ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၁၁၁။

† ၁၉၆၁-၆၂ ခုနှစ်၊ သီးစားပြင်ဆင်မှုအမှတ်၊ တီ၊အာ(ရ)၊ ၂၃၅ တွင် ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့စွဲပါ၊ ပဲခူးတိုင်းမင်းကြီးရုံးမှ ချမှတ်သော အမိန့်ကိုပြင်ဆင်မှု။

၁၉၆၂

ဒေါ်သိန်းပုနှင့် ပဲခူးတိုင်း သီးစားချထားရေး အဖွဲ့ ပါ ၂။

ယင်းသို့ ခရိုင်သီးစားချထားရေးအဖွဲ့သို့ အယူခံဝင်ခြင်းမပြုသော သူ၏ စာဒကလျှောကို၊ တိုင်းသီးစားချထားရေးအဖွဲ့က လက်ခံပြီး ဆုံးဖြတ်ခြင်းမပြုနိုင်ပေ။ အကြောင်းသော်ကား၊ တိုင်းသီးစားချထားရေး ကော်မိတီသည်၊ ထိုနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ မိမိသင့်လျော်သည်ထင်မြင်သည့် အမိန့်ကို ချမှတ်ရမည်ဖြစ်သည်။

ထို့ကြောင့် တိုင်းသီးစားချထားရေး ကော်မိတီ၏ အမိန့်ကို အမှုခေါ်စာချုပ်တော်ဖြင့် ပယ်ဖျက်လိုက်သည်။

အမှုသည်များသည်၊ မိမိတို့တရားစရိတ်ကို မိမိတို့အသီးသီးကျခံရမည်ဖြစ်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌၊

ဦးပုပ္ပရမ္မ (စောဒက)

နှင့်

မုဒိုမြို့နယ်၊ ဝိနိစ္ဆယဌာန ပါ ၉ (စုဒိတကများး)*

† ၁၉၆၂
နိုဝင်ဘာလ ၂၀ ရက်။

ရုံးက မထောက်ခံနိုင်သော ဝိနိစ္ဆယ အဆုံးအဖြတ်များ။

ဘုဝဘ ခုနှစ်၊ ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၂၅ (၂)၊ သက်သေစစ်ဆေးရမည်ဟု ပြဋ္ဌာန်းခြင်း မပြု၊ ပြဋ္ဌာန်းရာတွင် ပါလီမန်၏ သဘော၊ ပုဒ်မ ၂၂ (၁) ကို ဇလိုက်နာမှုကြောင့် ဝိနိစ္ဆယ ဆုံးဖြတ်ချက်ကို ရုံးကခင်ရောက် စွက်ဖက်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။စောဒက ဦးပုပ္ပရမ္မက စုဒိတက အမှတ် ၄ မှ ၉ အထိ ဖြစ်ကြသော ဦးခေမာဝန္တနှင့် အပေါင်းပါတို့အား၊ မိမိစောင့်ရှောက် အုပ်ချုပ်လျက်ရှိသည်ဆိုသော အခင်းဖြစ် ကွမ်းလှဒေကျောင်းမှ ထွက်ခွါသွားစေရန် စွဲဆိုခဲ့သော အဓိကရုဏ်းမှုတွင်၊ စုဒိတကများဖြစ်သော ဦးခေမာဝန္တနှင့် အပေါင်းပါတို့က၊ ဒေါဒက ဦးပုပ္ပရမ္မအား အခင်းဖြစ်ကျောင်းမှ ထွက်ခွါသွားစေရန် အခိုကရုဏ်းမှု စွဲဆိုခြင်းမပြုဘဲလျက်၊ နိုင်ငံတော် ဝိနိစ္ဆယဌာနသည် ဥးပုပ္ပရမ္မအား အခင်းဖြစ် ကျောင်းမှ ထွက်ခွါသွားစေရန် ချမှတ်တော်မူသော အဆုံးအဖြတ်ကို ဤရုံးတော်က မထောက်ခံနိုင်။

ဘုဝဘ ခုနှစ်၊ ဝိနိစ္ဆယဌာန အက်ဥပဒေပုဒ်မ ၂၅ (၂) ပါ ပြဋ္ဌာန်းချက်များအရ၊ ကန့်ကွက် ခံရသည့် ဆရာတော်က ငြင်းဆိုလျှင် ဝိနည်းထိုရ် ဆရာတော်များက ဆုံးဖြတ်၍၊ ထိုဆုံးဖြတ်ချက်ကို ဆရာတော်က နာခံရမည်ဟုသာ ပြဋ္ဌာန်းထားသည်၊ သက်သေများ စစ်ခံဆေးရမည်ဟု ပြဋ္ဌာန်းခြင်း မပြုခဲ့ချေ။ ပုဒ်မ ၂၅ (၂) ကို ပြဋ္ဌာန်းရာ၌ ပါလီမန်သည် ဝိနည်းထိုရ် ဆရာတော်များ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို ယုံကြည်ကိုးစားသောအားဖြင့်၊ ကန့်ကွက်ခံရသည့် ဆရာတော်မှအပ ဖြစ်သော၊ ဝိနည်းဓိုရ် ဆရာတော်များရာ၏ ဆုံးဖြတ်ရာကို နာခံရမည်ဟု ပြဋ္ဌာန်းခဲ့ဟန်တူသည်။ သို့သော်ငြားလည်း ထိုပုဒ်မ ၂၂ (၁) တွင် ပြဋ္ဌာန်းသည့် အကြောင်းတရပ်ရပ်ကြောင့် အဓိကရုဏ်းမှုဘုံတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့် မရှိသော ဆရာတော်သည်၊ ဒင်းရောက်ဆောင်ရွက်ကြောင်းပေးရှိလျှင်၊ ဤရုံးက ဝိနိစ္ဆယ ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်နိုင်ပေမည်။

ဦးဝါသဝန္တင့် နိုင်ငံတော် ဝိနိစ္ဆယဌာနပါ ၂။ တရားလွှတ်တော်ချုပ်၊ ၁၉၆၁ ခုနှစ်၊ တရားမသေး အမှုအမှတ် ၆၅။ ခြားနားခြင်းကိုပြသည်။

---

* ၁၉၆၂ ခုနှစ်၊ တရားမ အသေးထွေ့ လျှောက်လွှာအမှတ် ၆၀။

† ၁၉၅၉ ခုနှစ်၊ ဝိနိစ္ဆယဌာန စောဒနာဝင်မှု အမှတ် ၄ တွင်၊ ၁၉၆၂ ခု၊ မေလ ၁၁ ရက်နေ့စွဲပါ နိုင်ငံတော်ဝိနိစ္ဆယဌာန၏ အဆုံးအဖြတ်ကို ပယ်ဖျက်ရန် မောင်္ဂလာရပ်ခံမှု။

ဥဒေါ်၂

ဦးပုပ္ပဖရမ္မ နှင့် မုဒိမ်မိုနယ် ဝိနိစ္ဆယဌာန စီ ၉။

အမှုကြားနာစစ်ဆေးရာတွင် မပါဝင်သော ဆရာတော်သည်၊ ဝိနိစ္ဆယ အဆုံးအဖြတ်ပြုရာတွင် ပါဝင်နိုင်ခွင့်မရှိ၊ သို့အတွက် အမှုကို ကြားနာခြင်းမပြုသော ဆရာတော်ပါဝင်၍ အဆုံးအဖြတ်ပေးသော ဝိနိစ္ဆယ အဆုံးအဖြတ်ကို ဤသို့ကမထော်ခံပိုင်။

စောဒကအတွက်။ ။သခင်ချစ် လိုက်ပါဆောင်ရွက်သည်။

စုဒိတက အမှတ် ၃ အတွက်။ ။အစိုးရရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

စုဒိတကအမှတ် ၄ မှ ၉ အထိအတွက်။ ။မစ္စတာ ဒွီ-စံ-စီ-ဖိုး လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် ယခု အယူခံ စောဒက ဦးပုပ္ပဖရမ္မသည်၊ အယူခံ စုဒိတက အမှတ် ၄ မှ ၉ ဖြစ်သော ဦးခေမာဝန္တနှင့် အပေါင်းပါတို့အား၊ မိမိစောင့်ရှောက် အုပ်ချုပ်လျက်ရှိသည်ဆိုသော အခင်းဖြစ် ကွမ်းလှောကျောင်းမှ ထွက်ခွါသွားစေရန်၊ မုဒိမ်မိုနယ် ဝိနိစ္ဆယဌာနဌ အဓိကရုဏ်းမှု စွဲဆိုခဲ့၏။ ဝိနိစ္ဆယဌာနက ဦးပုပ္ပဖရမ္မအား၊ အခင်းဖြစ်ကျောင်းမှ ဖယ်ရှားစေရန် အမိန့်ချမှတ်လိုက်သည်ကို မကျေနပ်သဖြင့်၊ ကျိုက္ခမီခရိုင်၊ ဝိနိစ္ဆယဌာနသို့ စောဒနာဝင်ရာ၊ ထိုဌာနက ဦးပုပ္ပဖရမ္မနှင့် အဆိုပါ စုဒိတကများ သင့်တင့်စွာ အတူသီတင်းသုံးကြရန် အမိန့်ချမှတ်တော်မူကြ၏။ ဦးပုပ္ပဖရမ္မသည် ထိုအမိန့်ကို မကျေနပ်သေးသဖြင့်၊ နိုင်ငံတော် ဝိနိစ္ဆယဌာနသို့ စောဒနာဝင်ပြန်၏။ နိုင်ငံတော် ဝိနိစ္ဆယဌာနက၊ ဦးပုပ္ပဖရမ္မအား အခင်းဖြစ်ကျောင်းမှ ကွက်ခွါဖယ်ရှားစေရန် အမိန့်ချမှတ်တော် မူလိုက်၏။ ယင်းသို့ ချမှတ်သည့် ဝိနိစ္ဆယအဆုံးအဖြတ်ကို အမှုခေါ်စာချုန်တော်ဖြင့် ပယ်ဖျက်ရန်၊ ဤရုံးသို့ မေတ္တာရပ်ခံခြင်း ဖြစ်သည်။

ဦးပုပ္ပဖရမ္မ၏ ပညာဒ္ဒါရှေ့နေကြီးက အကြောင်း ၃ ချက်ပြ၍၊ နိုင်ငံတော် ဝိနိစ္ဆယဌာနအဆုံးအဖြတ်မှာ မတည်နိုင်ကြောင်းဖြင့် လျောက်လဲ၏။ ပဌမအချက်မှာ၊ ဦးခေမာဝန္တနှင့် အပေါင်းပါတို့က ဦပုပ္ပဖရမ္မအား အခင်းဖြစ်ကျောင်းမှ ထွက်ခွါစေရန် အဓိကရုဏ်းမှု စွဲဆိုခြင်းမပြုဘဲလျက်၊ နိုင်ငံတော်ဝိနိစ္ဆယဌာနသည်၊ ဦးပုပ္ပဖရမ္မအား၊ အခင်းဖြစ်ကျောင်းမှ ထွက်ခွါသွားစေရန် အမိန့်ချမှတ်တော်မူကြခြင်းမှာ၊ မိမိတို့အား အပ်နှင်းထားသော အာဏာနယ်နိမိတ်ကို ကျော်လွန်၍ အမိန့်ချမှတ်ခြင်း ဖြစ်သဖြင့် တရားမဝင် အတည်မဖြစ်နိုင်ကြောင်းဖြင့် လျောက်လဲ၏။ နိုင်ငံတော် ဝိနိစ္ဆယဌာနတာဝန်ခံဆရာတော်၏ ခြေပချက်တွင်၊ ခိုက်ရန်ပြုခြင်း၊ သံသာကဲ့ပြားအောင် ပြုခြင်းစသော အမှုမျိုးကိုပြု၍ ဆုံးမ၍မရသော ဒုဋ္ဌစိတ္တုပ္ပါဒ်အား နှင်ထုတ်ပိုင်ခွင့်ရှိရာ၊ ဦးခေမာဝန္တနှင့် အပေါင်းပါတို့ လျောက်လဲချက်တွင်၊ ဦးပုပ္ပဖရမ္မအား နှုတ်ထုတ်ရန် ပန်ကြားသောကြောင့်၊ ဦးပုပ္ပဖရမ္မအား အခင်းဖြစ်ကျောင်းမှ ထွက်ခွါသွားစေရန်

အဆုံးအဖြတ် ပေးတော်မူခဲ့ကြကြောင်း အဆိုရှိ၏။ ဒုဗ္ဗဗပုဂ္ဂိုလ်အား ဖေါ်ပြခဲ့သည့် အခြေအနေတွင် နှင်ထုတ်ပိုင်ခွင့် ရှိသည်ဆိုသော်ငြားလည်း၊ ယခုအမှုတွင် ဦးခေမာဝန္တနှင့် အပေါင်းပါတို့က၊ ဦးပုပ္ပရမ္မအား အခင်းဖြစ်ကျောင်းမှ နှင်ထုတ်ရန်အတွက် အဓိကရုဏ်းမှု စွဲဆိုခြင်းမပြုခဲ့ပေ။ ယင်းသို့ စွဲဆိုခြင်းပြုခဲ့လျှင်၊ ဦးပုပ္ပရမ္မအား၊ အကြောင်းပြ၍ ခုခံချေပခွင့် ပေးမှသာလျှင် တရားမျှတမည်ဖြစ်သည်။ ထို့ကြောင့် ဦးပုပ္ပရမ္မက ဦးခေမာဝန္တနှင့် အပေါင်းပါတို့အား အခင်းဖြစ်ကျောင်းမှ နှင်ထုတ်ရန် တရားစွဲဆိုသည်ကို၊ ဦးပုပ္ပရမ္မအား အခင်းဖြစ်ကျောင်းမှ ထွက်ခွါသွားစေရန် အဆုံးအဖြတ် ပေးတော်မူကြခြင်းကို ဤနုံးက မထောက်ခံနိုင်ပေ။

၁၉၆၂

ဦးပုပ္ပရမ္မ နှင့် မုဒုမြို့နယ် ဝိနိစ္ဆယဌာန ပါ ၉။

ဒုတိယ လျှောက်လဲချက်မှာ၊ ယခု ဝိနိစ္ဆယ စောဒနာမှုကို ကြားနာရန်အတွက် နှစ်ကျိတ်ရှစ်ဆူ ဆရာတော်၊ စက်ဘူဆရာတော်နှင့် ဖက်ပင်အိုင် (အရှေ့ပိန်းကုန်း) ဆရာတော်တို့ ပါဝင်သော နိုင်ငံတော် ဝိနိစ္ဆယဌာန ဖွဲ့စည်းသည်တွင်၊ ဖက်ပင်အိုင် ဆရာတော်နှင့် စက်ဘူဆရာတော်တို့မှာ စဒိတကဖြစ်သော ဦးခေမာဝန္တပါ ၆ ဦးတို့နှင့် ရင်းနှီးသည်ဟူသော အကြောင်းပြချက်ဖြင့် ကန့်ကွက်လွှာများ အကြိမ်ကြိမ်တင်သွင်းခဲ့ရာ၊ ထိုကန့်ကွက်ချက်များကို၊ ဝိနိစ္ဆယဌာန အက်ဥပဒေပုဒ်မ ၂၅(၂) အရ၊ ကြွင်းကျန်သော ဝိနည်းမိုရ်ဆရာတော် ၉ ပါးရှိသည့်အနက်၊ နှစ်ကျိတ်ရှစ်ဆူ ဆရာတော်၊ ဘုရားဖြူ ဆရာတော်နှင့် ပြည်လုံးချမ်းသာ ဆရာတော်ကြီးသုံးပါးကသာလျှင်၊ အဆုံးအဖြတ်ပေးခဲ့ကြောင်း။ ယင်းသို့ ဆုံးဖြတ်ခြင်းမပြုမီ ကန့်ကွက်သူ ဦးပုပ္ပရမ္မအား စစ်ကြောမေးမြန်းခြင်းလည်း မပြုခဲ့သောကြောင့်၊ ဝိနိစ္ဆယ အဆုံးအဖြတ်သည် မတည်ထိုက်ပါဟု လျှောက်လဲပြန်သေး၏။

၁၉၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၂၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားခဲ့၏။

"၂၅။ ။(၁) မည်သည့် ဝိနည်းဓိုရ်ဆရာတော်၊ သို့မဟုတ် ဩဝါဒ စရိယဆရာတော်မျက်ိုယ်တိုင် အမှုသည်ဖြစ်နေသည့်အမှု၊ သို့မဟုတ် ကိုယ်တိုင် အကျိုးသက်ဆိုင်နေသည့်အမှု၊ သို့မဟုတ် အချင်းဖြစ်ပွါးကြသည့် စောဒက၊ စုဒိတကတို့နှင့် ရင်းရင်းနှီးနှီး အကျွမ်းတဝင် ဖြစ်နေသည့်အမှု၊ သို့မဟုတ် ကိုယ်တိုင် သက်သေ ပါဝင်နေသည့်အမှုကို ကြားနာစစ်ဆေးခြင်း၊ သို့မဟုတ် ဩဝါဒ ပေးခြင်းမပြုရ။

(၂) မည်သည့်အမှုသည်မဆို၊ ဝိနိစ္ဆယဌာနတွင် ပါဝင်သည့် ဆရာတော် တပါးပါးမှာ ကိုယ်တိုင် အကျိုးသက်ဆိုင်ကြောင်း၊ သို့မဟုတ် အချင်းဖြစ်ပွါးကြသည့် စောဒက၊ စုဒိတကဘို့နှင့် ရင်းရင်းနှီးနှီး အကျွမ်းတဝင်ဖြစ်ကြောင်းနှင့် ပုဒ်မခွဲ (၁) အရ ကန့်ကွက်နိုင်သည်။ ယင်းသည့် ကန့်ကွက်ချက်ကို ကန့်ကွက်ခြင်းခံရ

၁၉၆၂

ဦးပုပ္ပရမ္မ နှင့် မုဒုံမြို့နယ် ဝိနိစ္ဆယဌာန ပါ ၉။

သည့် ဆရာတော်က ငြင်းဆိုခြင်းမပြုလျှင်၊ ၎င်းဆရာတော်၏အစား၊ အခြားဆိုင်ရာ ဝိနည်းဓိုရ်ဆရာတော် တပါးကို ရွေးကောက်ထည့်သွင်းရမည်။ ကန့်ကွက်ခြင်းခံရသည့် ဆရာတော်က ငြင်းဆိုလျှင်၊ ထိုဆရာတော်သည် ထိုကန့်ကွက်ချက်စစ်လျှင်း၍ ကြွင်းကျန်သော ဝိနည်းဓိုရ် ဆရာတော်များ၏ဆုံးဖြတ်ချက်ကို နာခံရမည်။"

ဦးပုပ္ပရမ္မ၏ ပညာရှိရွေနေကြီးက တရားလွှတ်တော်ချုပ် ဦးဝါသဝန္ဒင့် နိုင်ငံတော် ဝိနိစ္ဆယဌာနပါ ၂(၁) အမှုကိုညွှန်း၍၊ ထိုအမှုတွင် ဆုံးဖြတ်သည့်အတိုင်း ကန့်ကွက်ခြင်းခံရသည့် ဆရာဘော် ၂ ပါးနှင့် တာဝန်ခံဆရာတော်မှအပ ကျန်သော ရန်ကုန်မြို့ရှိ နိုင်ငံတော် ဝိနည်းခိုဂ်ဆရာတော်တို့က ကန့်ကွက်ခံရသော ဆရာတော်တို့သည် ထိုအမှုပါ အယူခံ စောဒက ပုဂ္ဂိုလ် ဦးအရိယဝံသနှင့်ရင်းနှီးနှီး အကျွမ်းတဝင်ဖြစ်သည်ဆိုသော ကန့်ကွက်ချက် မှန်-မမှန်နှင့်စပ်လျဉ်း၍ သက်သေများတင်ပြလျှင်၊ သက်သေများအား၊ စစ်ဆေးပြီး အမိန့်ချမှတ်ပါရန်၊ တရားလွှတ်တော်ချုပ်က မေတ္တာ ရပ်ခံခဲ့ကြောင်း သာခက တင်ပြ၏။ ထိုအမှုမှာလည်းအချေပိန္နကုန်းဆရာတော်နှင့်ပတ်သက်၍ကန့်ကွက်မှုဖြစ်ပေါ်ခဲ့လေသည်။ ထိုအမှုတွင် နှစ်ဦးနှစ်ဘက်သော အယူခံစောဒကနှင့် အယူခံစုဒိတကပုဂ္ဂိုလ်များ၏ သဘောတူညီချက်အရ အထက်ပါအတိုင်း မေတ္တာရပ်ခံခဲ့ခြင်းဖြစ်သည်။ ယခုအမှုမှာမူကား၊နိုင်ငံတော် ဝိနိစ္ဆယဌာနအတွက် တာဝန်ခံဆရာတော်က ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာန အက်ဥပဒေပြဋ္ဌာန်းပြီးနောက်၊ ခရိုင်များမှ နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော်များ တိုးလာခြင်းကြောင့် ထိုအက်ဥပဒေ ပုဒ်မ ၂၅ အရ၊ ကန့်ကွက်ခြင်းခံရသော ဝိနည်းဓိုရ်ဆရာတော် တပါးပါးမှအပ ကျန်ဝိနည်းဓိုရ် ဆရာတော်အားလုံး၏ အဆုံးအဖြတ်ကို ယူရမည်ဆိုသည်မှာ မလွယ်ကူလှကြောင်း။ထို့အပြင် လည်း ထိုပုဒ်မ ၂၅(၂) ပါ ပြဋ္ဌာန်းချက်အရ ကန့်ကွက်ခြင်းခံရသည့် ဆရာတော်က ငြင်းဆိုလျှင်၊ ထိုဆရာတော်သည် ထိုကန့်ကွက်ချက်နှင့် စပ်လျဉ်း၍ ကြွင်းကျန်သော ဝိနည်းဓိုရ်ဆရာတော် များ၏ ဆုံးဖြတ်ချက်ကို နာခံရမည်ဟူ၍သာ ပြဋ္ဌာန်းကြောင်း။ ကန့်ကွက်ချက်နှင့် စပ်လျဉ်း၍ သက်သေများ စစ်ဆေးကြားနာရမည်ဟု ပြဋ္ဌာန်းခြင်း မပြုကြောင်းဖြင့် ချေပ၏။ ဤအမှုတွင် ဦးပုပ္ပရမ္မ၏ ကန့်ကွက်ချက်ကို ဝိနည်းဓိုရ် ဆရာတော် ၃ ပါး ဆုံးဖြတ်ခဲ့၏။ ယင်းသို့ ဆရာတော် ၃ ပါး ဆုံးဖြတ်သည်မှာ ပုဒ်မ ၂၅(၂)ပါ ပြဋ္ဌာန်းချက်များကို အခြေအနေအရ လိုက်နာနိုင်သမျှ လိုက်နာပြီး ဆုံးဖြတ်ဟန်တူသည်။ ထိုမှတပါးလည်း၊ ဝိနည်းဓိုရ်ဆရာတော် ၃ ပါး၊ သို့တည်းမဟုတ် ကြွင်းကျန်သော ဝိနည်းဓိုရ်ဆရာတော် ၄ ပါးလုံးအနက်၊ များရာဆုံးဖြတ်သည့် ကိစ္စမှာ

(၁) တရားလွှတ်တော်ချုပ်၊ ၁၉၆၁ ခုနှစ်၊တရားမသေးမှု အမှတ် ၆၅။

လည်း၊ ဤအခိုကရုဏ်းမှုကို စစ်ဆေးစီရင်ရာ၌ အာဏာနယ်နိမိတ်မှ ကျော်လွန်၍ စစ်ဆေး စီရင်သည်ဟု မဆိုနိုင်ပေ၊ ကျင့်ထုံးကျင့်စဉ်အရ စီရင်သည်ဟုသာ ယူဆသင့်ပေသည်။

ဦးပုပ္ပရမ္ဘအား မိမိ၏ကန့်ကွက်ချက်နှင့် စပ်လျဉ်း၍ စစ်ဆေးခြင်း မပြုဆိုသည့် အချက်မှာလည်း၊ အဆိုပါ အက်ဥပဒေပုဒ်မ ၂၅(၂)ပါ ပြဋ္ဌာန်းချက်များအရ ကန့်ကွက်ခံရသည့် ဆရာတော်ကခြင်းဆိုလျှင်၊ ဝိနည်းဓိုရ် ဆရာတော်များက ဆုံးဖြတ်၍၊ ထိုဆုံးဖြတ်ချက်ကို ဆရာတော်က နာခံရမည်ဟုသာ ပြဋ္ဌာန်းထားသည်။ သက်သေများ စစ်ဆေးရမည်ဟု ပြဋ္ဌာန်းခြင်းမပြုချေ။ ပုဒ်မ ၂၅(၂)ကို ပြဋ္ဌာန်းရာ၌ ပါလီမန်သည် ဝိနည်းဓိုရ် ဆရာတော်များ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို ယုံကြည်ကိုးစားသောအားဖြင့်၊ ကန့်ကွက်ခြင်းခံရသည့် ဆရာတော်မှအပဖြစ်သော ဝိနည်းဓိုရ် ဆရာတော်များရာ၏ ဆုံးဖြတ်ရာကို နာခံရမည်ဟု ပြဋ္ဌာန်းခဲ့ဟန်တူသည်။ သို့သော်ငြားလည်း ထိုပုဒ်မ ၂၂(၁)တွင် ပြဋ္ဌာန်းသည့် အကြောင်းတရပ်ရပ်ကြောင့် အဓိကရုဏ်းမှုဘွင် ပါဝင်ဆောင်ရွက်နိုင်ခွင့် မရှိသောဆရာတော်သည်၊ ဝင်ရောက်ဆောင်ရွက်ကြောင်း တွေ့ရှိလျှင်၊ ဤခုံးက ဝိနိစ္ဆယဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်နိုင်ပေမည်။

ဤအမှုဘွင်ကား၊ ဖက်ပင်အိုင် (အရွှေပိန္နဲကုန်း) ဆရာတော်သည် အယူခံစုဒိတကဦးခေမာဝန္တတို့နှင့် ရင်းရင်းနှီးနှီးရှိကြောင်း ချေချေမြစ်မြစ် အထောက်အထားရှိသည်ကို မတွေ့ရချေ။ အမှန်အားဖြင့်ဆိုလျှင် ဦးပုပ္ပရမ္ဘသည်၊ နိုင်ငံတော် ဝိနိစ္ဆယဌာနသို့ ကန့်ကွက်လွှာ တင်သွင်းရာ၌ အထောက်အထားများနှင့် တင်သွင်းသင့်ပေသည်။ တို့ကြောင့် ဦးပုပ္ပရမ္ဘ၏ ပညာရှိရွှေနေကြီး ဒုတိယအကြောင်းပြချက်မှာ မခိုင်လုံဟုယူဆသည်။

တတိယအကြောင်းပြချက်သည်၊ ဤအဓိကရုဏ်းမှုကို ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ရန်အတွက် နှစ်ကျိတ်ရှစ်ဆူဆရာတော်၊ ဖက်ပင်အိုင် (အရွှေပိန္နဲကုန်း) ဆရာတော်နှင့် စက်ဘူဆရာတော်တို့ အပါအဝင် နိုင်ငံတော် ဝိနိစ္ဆယခုံ ဖွဲ့စည်းပြီးနောက်၊ စက်ဘူဆရာတော် နုတ်ထွက်သွားသဖြင့် မော်လမြိုင်ကန့်ဂေါ်ကျောင်း ဆရာတော်အား အစားသွင်းခဲ့ပြီးနောက် ကြားနာ စစ်ဆေးသည့်အခါ၌ နှစ်ကျိတ်ရှစ်ဆူ ဆရာတော်နှင့် ကန့်ဂေါ်ကျောင်းဆရာတော် ၂ ပါး မကြွရောက်နိုင်သဖြင့်၊ ဝိနည်းဓိုရ်ဆရာတော်များက ဓမ္မာရုံဆရာတော်နှင့် ပြည်လုံးချမ်းသာ ဆရာတော် ၂ ပါးကို အမှုစစ်ဆေးရာတွင် ပါဝင်ဆောင်ရွက်ရန်ခန့် အပ်၍ ထိုဆရာတော်နှစ်ပါးနှင့် ဖက်ပင်အိုင် (အရွှေပိန္နဲကုန်း) ဆရာတော်တို့က အမှုစစ်ဆေးကြောင်း။ ထို့နောက် အဓိန်ချမှတ်ရာတွင် အမှုကို ကြားနာခြင်းမပြုသော နှစ်ကျိတ်ရှစ်ဆူ ဆရာတော်နှင့် အမှုကြားနာရာတွင် ပါဝင်ခဲ့သော ဖက်ပင်အိုင် (အရွှေပိန္နဲကုန်း) ဆရာတော်၊ ပြည်လုံးချမ်းသာ ဆရာတော် ၃ ပါးက

၁၉၆၂

ဦးပုပ္ပရမ္မ နှင့် မုဒုံမြို့နယ် ဝိနိစ္ဆယဌာန ပါ ၉။

ဝိနိစ္ဆယ အဆုံးအဖြတ် ပေးတော်မူကြသောကြောင့် ထိုအဆုံးအဖြတ်မှာ တရားမဝင်ကြောင်းဖြင့် လျှောက်လဲခြင်း ဖြစ်သည်။ နှစ်ကျိတ်ရှစ်ဆူဆရာတော်နှင့် ကန့်ဂေါ်ကျောင်း ဆရာတော် မကြွရောက်နိုင်သဖြင့် ဓမ္မာရုံဆရာတော်နှင့် ပြည်လုံးချမ်းသာဆရာတော် ၂ ပါးအား နိုင်ငံတော် ဝိနိစ္ဆယဌာနတွင် တင်မြှောက်သည်မှာ၊ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာန အက်ဥပဒေ ပုဒ်မ ၅(၃)အရ ဆောင်ရွက်ခြင်းဖြစ်သည်။ သို့သော် ငြားလည်း အမှုကြားနာစစ်ဆေးရာတွင် မပါဝင်သော နှစ်ကျိတ်ရှစ်ဆူ ဆရာတော်သည်၊ ဝိနိစ္ဆယ အဆုံးအဖြတ်ပြုရာတွင် ပါဝင်နိုင်ခွင့် မရှိပေ။ ထို့ကြောင့် နိုင်ငံတော် ဝိနိစ္ဆယဌာန၏ အဆုံးအဖြတ်ကို ဤရုံးကမထောက်ခံနိုင်ပေ။

ဝိနိစ္ဆယ ဆုံးဖြတ်တော်မူကြသော ဝိနည်းဓိရ် ဆရာတော်များမှာအပ၊ ကျန် ဝိနည်းဓိရ် ဆရာတော်များအနက်မှ ဆရာတော် ၃ ပါးအား ရွေးကောက်တင်မြှောက်ပြီး ဤအမှုကြားနာရန်အတွက် နိုင်ငံတော် ဝိနိစ္ဆယဌာန ဖွဲ့စည်းသင့်ပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် နိုင်ငံတော် ဝိနိစ္ဆယဌာန၏ ဝိနိစ္ဆယ အဆုံးအဖြတ်ကို အမှုခေါ် စာချုန်တော်ဖြင့် ပယ်ဖျက်လိုက်ရပေသည်။

စောဒကနှင့် စုဒိတကတို့သည်၊ မိမိတို့တရားစရိတ်ကို မိမိတို့ အသီးသီး ကျခံရမည် ဖြစ်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌၊

အယာနုလာ (ခေါ်) ဟန္နးလ၁ (အယူခံတရားလို)

နှင့်

ဦးပါစိန် ပါ ၃ (အယူခံတရားခံများ) *

†၁၉၆၂ နို၀င်ဘာလ ၂၂ ရက်။

မြို့ပြဆိုင်ရာဌာနရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆ (က) နှင့် (၃) အရ၊ ဆောင်ရွက်သည့် ကိစ္စများ၊ သာမန်ကိစ္စမျိုးမဟုတ်။

လူနေထိုင်သော ဥပစာ၊ စီးပွါးရေးဆိုင်ရာ ဥပစာ၊ အငှါးချထားခြင်း အစီအစဉ် ခြားနားချက် အငှါးချထားခြင်းမူ။

မည်သည့်အခါ အိမ်ရှင်သည် မိမိကြိုက်နှစ်သက်ရာသူအား ဥပစာကို အငှါးချထားနိုင်ခြင်း၊ ကြီးကြပ်ရေးဝန်ကို၊ တရားခံအဖြစ် ထည့်ရန်မလိုသည့်အမှု။

ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်အရ၊ ဥပစာက်အငှါးချထားခြင်း ခံရသူ၊ ဥပစာတွင် တရားသဖြင့် နေထိုင်သူဖြစ်သည်။ နှင်ထုတ်ရန် တရားစွဲဆိုပိုင်ခွင့်။

ဆုံးဖြတ်ချက်။ ။မြို့ပြဆိုင်ရာဌာနရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆ (က) အရ၊ အိမ်ရှင်ကြီးကြပ်ရေးဝန်ထံ အိမ်ငှါးချထားခွင့် တောင်းရာ၌ငင်း၊ ကြီးကြပ်ရေးဝန်က ထိုပုဒ်မအပိုဒ် ၃ အရ၊ အခွင့်ပေးရာ၌ငင်း သာမန်ကိစ္စမျိုးဟူ၍ မမှတ်ယူနိုင်ပေ။

လူနေထိုင်သော ဥပစာများတွင် စီးပွါးရေးဆိုင်ရာ ဥပစာများထက် အရေးကြီးသောကြောင့်၊ စီးပွါးရေးဆိုင်ရာ ဥပစာများနှင့် စပ်လျဉ်း၍ ကြီးကြပ်ရေးဝန်က အိမ်ရှင်အား အငှါးချထားခွင့် ပေးရန် ပြဋ္ဌာန်းပြီး၊ လူနေအိမ်ဥပစာများနှင့် စပ်လျဉ်း၍ကား မိမိကိုယ်တိုင် အိမ်ရှင်အား အမိန့် ပေးခြင်းအားဖြင့် အငှါးချထားရန် အစီအစဉ်များ ပြုရခြင်းဖြစ်သည်။

ယူအားဖြင့် လူနေအိမ် ဥပစာကိုသော်၎င်း၊ စီးပွါးရေးဆိုင်ရာ ဥပစာကိုသော်၎င်း ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရဘဲ။ အိမ်ရှင်မငှါးနိုင် ဌါးလျှင် ရာဇဝတ်ဒဏ်ာဏ်ငွေ့မည် ဖြစ်သည်။

မြို့ပြဆိုင်ရာဌာနရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆ (ကက) (၄) (ဂ) အရ၊ ကြီးကြပ်ရေးဝန်သည်၊ အဆိုပါ အက်ဥပဒေဆိုင်ရာ ဥပစာတရပ်ရပ်ကို ချထားရန်အတွက် သင့်တော်သော အိမ်ငှါးရှာမရလျှင်၊ အိမ်ရှင်အား ထိုသို့ရှာမရကြောင်း အကြောင်းကြားရမည်ဖြစ်သည်။ ထိုသို့ အကြောင်းကြားသည့်အခါ အိမ်ရှင်သည် မိမိကြိုက်နှစ်သက်ရာသူအား၊ ဥပစာကို အငှါးချထားနိုင်ပေမည်။ ယင်းသို့ အငှါးချထားသည့် ကိစ္စမျိုးတွင် ယခုတရားစွဲဆိုသော အမှုမျိုး၌ ကြီးကြပ်ရေးဝန်အား တရားခံအဖြစ် ထည့်သွင်း စွဲဆိုရန် လိုအပ်မည်မဟုတ်ပေ။

---

* ၁၉၆၁ ခုနှစ်၊ တရားမ အထူးအယူခံမှု အမှတ် ၁၁။

† ၁၉၅၉ ခုနှစ်၊ တရားမ ပဌမအယူခံ အမှတ် ၇ တွင်၊ ၁၉၆၀ ခု၊ သြဂုတ်လ ၉ ရက်နေ့စွဲပါ တရားရုံးချုပ်အယူခံဘက်ရုံးတော်၏ ချမှတ်သော ဒီဂရီကိုအယူခံဝင်မှု။

၁၉၆၂

အယာနုလာ (ခေါ်) ဟန္နးလာ နှင့် ဦးပါစိန် ပါ ၃။

မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆ (က) (၃) အရ၊ ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်ဖြင့် အိမ်ရှင် ဦးပါစိန်က အယူခံ တရားခံဖြစ်သူ ဦးဟိန်အား၊ အငှါးချထားရာ၊ ထိုခွင့်ပြု ချက်ကို မဖျက်သိမ်းသမျှ ကာလပတ်လုံး ဦးဟိန်သည် အခင်းဖြစ် အိမ်ခန်းများတွင်၊ တရားသဖြင့် နေထိုင်သောသူဟူ၍ မှတ်ယူရမည်။ ၎င်းအား ယခုအယူခံတရားလိုက နှင်ထုတ်ရန် တရားစွဲပိုင်ခွင့် မရှိပေ။

အယူခံတရားလိုအတွက်။ ။ဦးအောင်မင်း (၂) လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံ အမှတ် (၁) အတွက်။ ။ဦးအောင်မင်း (၁) လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံ အမှတ် (၃) အတွက်။ ။အစိုးရရှေ့နေ ဦးထွန်းညို လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် အယူခံတရားလို အယာနုလာ (ခေါ်) ဟန္နးလာသည်၊ အယူခံတရားခံ ဦးပါစိန် ပိုင်၊ ရန်ကုန်မြို့၊ စတောက်တ်လမ်း (သိမ်ဖြူလမ်း) အမှတ် ၁၇၅၊ အိမ်အခန်းနံပါတ် ၁-၂ တွင် မူလက အိမ်ငှါးအဖြစ် နေထိုင်ခဲ့ဟန်တူသည်။ ဦးပါစိန်သည် ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆(က)အရ၊ ထိုအိမ်ခန်းများကို ဦးဟိန်ဆိုသူအား အငှါးချထားရန် လျှောက်ထားရာ၊ ကြီးကြပ်ရေးဝန်က ထိုပုဒ်မ အပိုဒ်(၃)အရ၊ လျှောက်ထားသည့် အတိုင်း အငှါးချထားခွင့်ပေးလိုက်သည်။ အယာနုလာက ဦးပါစိန်သည်၊ မဟုတ်မမှန် သော အကြောင်းခြင်းရာများကို၊ ကြီးကြပ်ရေးဝန်ထံ တင်ပြပြီး၊ လိမ်လည်၍ ကြီးကြပ် ရေးဝန်ထံမှ အိမ်ငှါးခွင့် ရယူခဲ့သည်တကြောင်း၊ မိမိအားလည်း အဆိုပါအိမ်ခန်း များမှ အဓမ္မစုံနှစ်ဖြင့် နှင်ထုတ်သည်တကြောင်းတို့ကြောင့်၊ ကြီးကြပ်ရေးဝန်၏အမိန့် မှာ ပျက်ပြယ်ပါသည်ဟု မြွက်ကြားရန်နှင့် ထိုအိမ်ခန်းများ လက်ရှိဖြစ်သူ ဦးဟိန်အား နှင်ထုတ်ပြီး မိမိအား အိမ်ခန်းများပေးအပ်ရန် တရားစွဲဆိုလေသည်။

မူလရုံးသည်၎င်း၊ အယူခံရုံးသည်၎င်း တရားစွဲဆိုခြင်းမပြုမီ ကြီးကြပ်ရေးဝန်ထံ တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ၊ နို့တစ်စာပေးပို့ခြင်း မပြုခဲ့သဖြင့်၊ အမှုကို တရားမစွဲနိုင်ဟု ယူဆကာ ပလပ်လိုက်၏။

ဤရုံးတွင် အယူခံတရားလို၏ ပညာရှိရွှေနေကြီးက၊ ငှါးရမ်းခကြီးကြပ်ရေးဝန်အား တရားမကျင့်ထုံး ပုဒ်မ ၈၀ အရ၊ တရားမစွဲနိုင်စေကာမူ၊ ဦးပါစိန်နှင့် ဦးဟိန်တို့အား တရားစွဲနိုင်သည်ဖြစ်၍၊ ကြီးကြပ်ရေးဝန်ကို အမှုမှထုတ်ပယ်ပြီးလျှင်၊ ဦးပါစိန်နှင့် ဦးဟိန် တို့အား ဆက်လက်တရားစွဲဆိုခွင့် ပြုသင့်ကြောင်းဖြင့် လျှောက်လဲ၏။

အခင်းဖြစ်အိမ်ခန်းများမှာ လူနေအိမ်ခန်းမဟုတ်၊ စီးပွါးရေးဆိုင်ရာ အိမ်ခန်းများ ဖြစ်သည်။ ထို့ကြောင့်၊ ဦးပါစိန်သည်၊ မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၆(က)အရ လျော်ကထားခဲ့၍၊ ကြီးကြပ်ရေးဝန်ကလည်း ထိုပုဒ်မ အပိုဒ် ၃ အရ ဦးပါစိန် အား ဌားရန်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

၁၉၆၂

အယာနုလာ (ခေါ်) ဟန္နးလာ နှင့် ဦးပါစိန် ပါ ၃။

ထိုပုဒ်မ ၁၆(က)(၁)တွင် အိမ်ရှင်သည် ဥပစာကို တဦးတယောက်အား ဌားရမ်းလိုလျှင်၊ ထိုသူအား ဌားရမ်းနိုင်ခွင့်ကို ကြီးကြပ်ရေးဝန်ထံ လျော်လျှောနှင့်တက္က လျော်ကရမည်ဟု အတိအလင်းပြဋ္ဌာန်း၏။ ထိုပုဒ်မ ၁၆(က)(၃)အရလည်း၊ ကြီးကြပ်ရေးဝန်သည် ယင်းသို့ လျော်ကလျှာရရှိလျှင်အကျဉ်းနည်း စုံစမ်းပြီး၊ ကန့်ကွက်ရန် အကြောင်းမမြင်လျှင်၊ ဌားရမ်းခွင့်ပေးမည်ဟု ပြဋ္ဌာန်း၏။ အိမ်ရှင်တဦးတယောက်သည်၊ ထိုပုဒ်မ ၁၆(က) အပိုဒ် (၁)၊ သို့မဟုတ် အပိုဒ် (၂)ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန်လျှင်၊ ထိုအက်ဥပဒေပုဒ်မ ၁၆(ခ)အရ၊ ပြစ်မှုထင်ရှား စီရင်က ထောင်ဒဏ် သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ ဒဏ်နှစ်ရပ်စလုံးသော်၎င်း ကျခံစေနိုင်သည်ဟု ပြဋ္ဌာန်း ထားသည်။ ထို့ကြောင့်၊ ကြီးကြပ်ရေးဝန်ထံ အိမ်ငှါးချထားခွင့် တောင်းရာ၌၎င်း၊ ကြီးကြပ်ရေးဝန်က အခွင့်ပေးရာ၌၎င်း သာမန်ကိစ္စမျိုးဟူ၍ မမှတ်ယူနိုင်ပေ။ ကြီးကြပ်ရေး အက်ဥပဒေမှာ ဒုတိယ ကမ္ဘာစစ်ကြီးပြီးဆုံးပြီးနောက်၊ နေအိမ်ဥပစာများနှင့် အခြားဥပစာများ ရှားပါးသောကြောင့်၊ ကြီးကြပ်ရေးဝန်က အိမ်ရှင်အား မိမိသတ်မှတ်သောသူကို အငှါးချထားရန် အမိန့်ပေး၍သော်၎င်း၊ အိမ်ရှင်အား အငှါးချထားခွင့်ပေး၍သော်၎င်း ကြပ်မတ်ကြည့်ရှုရလေသည်။ လူနေအိမ်ဥပစာများနှင့် စပ်လျဉ်း၍၊ ထိုအက်ဥပဒေ ပုဒ်မ ၁၆(ကက)(၄)အရ၊ ကြီးကြပ်ရေးဝန်သည်၊ အိမ်ရှင်အား မိမိညွှန်ကြားစာတွင်ပါသူ တဦးတယောက်အား အငှါးချထားရမည်ဟု ညွှန်ကြားရမည် ဖြစ်သည်။ လူနေထိုင်သော ဥပစာများမှာ စီးပွါးရေးဆိုင်ရာ ဥပစာများထက် အရေးကြီးသောကြောင့်၊ စီးပွါးရေးဆိုင်ရာ ဥပစာများနှင့် စပ်လျဉ်း၍ ကြီးကြပ်ရေးဝန်က အိမ်ရှင်အား အငှါးချထားခွင့်ပေးရန် ပြဋ္ဌာန်းပြီး၊ လူနေအိမ်ဥပစာများနှင့် စပ်လျဉ်း၍ ကား၊ မိမိကိုယ်တိုင် အိမ်ရှင်အား အမိန့်ပေးခြင်းအားဖြင့် အငှါးချထားရန် အစီအစဉ်များ ပြုရခြင်းဖြစ်သည်။ ယင်းကဲ့သို့သော အစီအစဉ်မှာ ဥပစာ အမျိုးအစား ခြားနားသောကြောင့်၊ ဥပစာအလိုက် ဆောင်ရွက်ရသော အစီအစဉ်ဖြစ်ဟန်တူသည်။ သဘောမှာ အတူတူပင်ဖြစ်သည်။ မူအားဖြင့် လူနေအိမ်ဥပစာကိုသော်၎င်း၊ စီးပွါးရေးဆိုင်ရာ ဥပစာကိုသော်၎င်း ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရဘဲ အိမ်ရှင်မငှါးနိုင်။ ငှါးလျှင် ရာဇဝတ်ဒဏ် သင့်မည်ဖြစ်သည်။

မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေအရ၊ အငှါးချနည်းတမျိုးရှိသေး၏။ ၎င်းမှာ ထိုအက်ဥပဒေ ပုဒ်မ ၁၆(ကက)(၄)(ဂ)အရပင် ဖြစ်သည်။ ထိုအပိုဒ်

၁၉၆၂

အယာနုလာ (ခေါ်) ဟန္နးလာ နှင့် ဦးပါစိန် ပါ ၃။

ပြဋ္ဌာန်းချက်များတွင် ကြီးကြပ်ရေးဝန်သည်၊ အဆိုပါ အက်ဥပဒေဆိုင်ရာ ဥပစာ တရပ်ရပ်ကို ချထားရန်အတွက် သင့်တော်သော အိမ်ငှါး ရှာမရလျှင်၊ အိမ်ရှင်အား ထိုသို့ရှာမရကြောင်း အကြောင်းကြားရမည်ဖြစ်သည်။ ထိုသို့အကြောင်းကြားသည့် အခါ အိမ်ရှင်သည် မိမိကြိုက်နှစ်သက်ရာသူအား ဥပစာကို အငှါးချထားနိုင်ပေမည်။ ယင်းသို့အငှါးချထားသည့် ကိစ္စမျိုးတွင်၊ ယခုတရားစွဲဆိုသော အမှုမျိုး၌ ကြီးကြပ်ရေးဝန်အား တရားခံအဖြစ် ထည့်သွင်းစွဲဆိုရန် လိုအပ်မည်မဟုတ်ပေ။

ယခုအမှု၌မူကား၊ ကြီးကြပ်ရေးဝန်၏ ခွင့်ပြုချက်အရ၊ ဦးပါစိန်က ဦးဟိန်အား အငှါးချထားသည်ဖြစ်၍၊ ထိုခွင့်ပြုချက်ကို မဖျက်သိမ်းသမျှ ကာလပတ်လုံး ဦးဟိန်သည် အခင်းဖြစ် အိမ်ခန်းများတွင် တရားသဖြင့် နေထိုင်သောသူဟူ၍ မှတ်ယူရမည်ဖြစ်သည်။ ၎င်းအား ယခုအယူခံတရားလိုက် နှင်ထုတ်ရန် တရားစွဲဆိုနိုင်ခွင့် မရှိပေ။

ထို့ကြောင့် အယူခံကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ဤရုံးချေနေခမှာ ၈၅ ဖြစ်စေရမည်။

တရားရုံးချုပ်

တရားသူကြီး ဦးမောင်မောင် ရွှေဥ၊

မောင်ပါ (အယူခံတရားလို)

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ (အယူခံတရားခံ) *

† ၁၉၆၂ နိုဝင်ဘာလ ၂၀ ရက်။

ရာဇသတ်ကြီးပုဒ်မ ၇၅ အရ၊ ပြစ်ဒဏ်ပေးမှု လိုက်နာဆောင်ရွက်သင့်သော အချက်များ။

တရားစီရင်ရာတွင် မပြုလုပ်အပ်သည့် အချက်များ။

အယူခံတရားလိုအား၊ ရှမ်းပြည်ခရိုင်ရာဇဝတ် တရားသူကြီးက၊ ရာဇသတ်ကြီးပုဒ်မ ၄၅၇ အရ၊ ညအချိန် ပုန်းလျှိုးအိမ်ကျော်နင်းမှု၊ ပုဒ်မ ၃၈၀ အရ၊ နေအိမ်အတွင်း ခိုးမှုနှင့် ပုဒ်မ ၇၅ အရ၊ ရှုံးပြစ်မှုမျိုးများ ယခင်က ကျူးလွန်ခဲ့ဘူးသဖြင့် ပြစ်ဒဏ်ဘိုးပေးခြင်း စသဖြင့်၊ ပုဒ်မသုံးခုပေါင်းစပ်ကာ၊ ထောင်ဒဏ် ၇ နှစ် ပြစ်ဒဏ်ဘာသုံးလုံး၍ ချမှတ်ခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။ရာဇသတ်ကြီးပုဒ်မ ၇၅ ကိုထည့်သွင်း၍ အပြစ်ပေးထားသော်လည်း၊ အဆိုပါ ပုဒ်မတွင် လိုအပ်သည့် တရားခံသည် ယခင်က အလားတူအမှုမျိုးများအတွက်၊ ၃ နှစ်ဖြစ်စေ၊ ၃ နှစ်ထက်ပို၍ဖြစ်စေ၊ ထောင်ဒဏ်တမျိုးကို တရားရုံး တခုခုက ပြစ်မှုထင်ရှားသဖြင့် အပြစ်ပေးခံရဘူးကြောင်းကိုလည်း သက်သေခံချက်မရှိ၊ ဤအကြောင်းကြောင်းကြောင့် ပညာရှိ ခရိုင်ရာဇဝတ် တရားသူကြီး၏ ချမှတ်ခဲ့သော အမိန့်နှင့် ပြစ်ဒဏ်တို့သည် တရားမဝင်၊ ပျက်ပြယ်သည်ဟု ယူဆရမည်ဖြစ်သည်။

စေတနာအလျောက်သော်၎င်း၊ ဒေါသအလျောက်သော်၎င်း၊ တရားစီရင်ရာတွင် ဥပဒေကင်းလွတ် ချွတ်ချော်လွဲမှားခြင်း မပြုလုပ်အပ်။ တရားဥပဒေ စိုးမိုးသော ကျွန်ုပ်တို့ နိုင်ငံတွင်၊ ဥပဒေအတွင်းကသာလျှင် တရားစီရင်ရမည်ဖြစ်သည်။ သို့မှသာလျှင် ဩဇာရှိသူ၊ မရှိသူ၊ ဆင်းရဲသူ၊ ချမ်းသာသူ၊ အယုတ်အလတ် အမြတ်မရွေး၊ တူညီမျှတသော ဘဝကို ရရှိကြမည်ဖြစ်သည်။

အယူခံတရားလိုအတွက်။ ။တဦးတယောက်မျှမလာ။

အယူခံတရားခံအတွက်။ ။အစိုးရရွှေနေ ဦးဘဘော လိုက်ပါဆောင်ရွက်သည်။

တရားသူကြီး ဦးမောင်မောင်။ ။အယူခံတရား လိုမောင်ပါ အား၊ အရွှေပိုင်းရှမ်းပြည် ပညာရှိ ခရိုင်ရာဇဝတ်တရားသူကြီးက၊ ၁၉၆၁ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁၂ တွင်၊ ရာဇသတ်ကြီး ပုဒ်မ ၄၅၇ အရ၊ ညအချိန် ပုန်းလျှိုး အိမ်ကျော်နင်းမှု ပုဒ်မ ၃၈၀

* ၁၉၆၂ ခုနှစ်၊ ရာဇဝတ် အယူခံမှုအမှတ် ၄၇။

† ၁၉၆၁ ခုနှစ်၊ ရာဇဝတ်ကြီးမူအမှတ် ၁၂ တွင် ချမှတ်သော ၁၉၆၂ ခုနှစ်၊ ဇန္နဝါရီလ ၁၂ ရက် နေ့စွဲပါ အရွှေပိုင်း ရှမ်းပြည်၊ ကျိုင်းတုံမြို့၊ ခရိုင်ရာဇဝတ် တရားသူကြီး၏ အမိန့်ကို အယူခံမှု။

၁၉၆၂

မောင်ပါ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

အရ၊ နေအိမ်အတွင်းတွင် ခိုးမှုနှင့်ပုဒ်မ ၇၅ အရ၊ ငင်းပြစ်မှုမျိုးများ ယခင်က ကျူးလွန်ခဲ့ဘူးသဖြင့်၊ ပြစ်ဒဏ်တိုးပေးခြင်းစသည်ဖြင့် ပုဒ်မ သုံးခုပေါင်းစပ်ကာ၊ ထောင်ဒဏ် ၇ နှစ်၊ ပြစ်ဒဏ်တရပ်လုံး၏ ချမှတ်ခဲ့လေသည်။

ပညာရှိ ခရိုင်ရာဇဝတ် တရားသူကြီးစီရင်ချက်တွင်၊ ၁၉၆၁ ခု၊ နှစ်စလောက်ကစပြီး လျှင်၊ ကျိုင်းတုံမြို့ထဲ၌ အိမ်များ ဖေါက်ထွင်းမှု၊ ခိုးမှုများမကြာခဏဖြစ်ပွါးခဲ့ကြောင်း။ ဖေါက်ထွင်းခိုးယူခြင်း ခံရသော အိမ်ရှင်များက တိုင်တမ်းကြ၍ ရဲအဖွဲ့မှ အထူးဝိရိယစိုက်၍ တရားခံများအား ရှာဖွေကြရာ၊ သဲလွန်စရ၍ အယူခံတရားလို မောင်ပါကို သွားရောက်ဘမ်းဆီးခဲ့ကြောင်း။ မောင်ပါ၏အိမ်ကို ဝိုင်းကြရာတွင် ၎င်းက အိမ်ထဲမှ နေ၍ သက်သေခံတင်ထားသော ပစ္စတိုသေနပ်ဖြင့်၊ ၄-၅ ချက် ပစ်ခတ်ခုခံကြောင်း။ သက်သေခံပစ္စည်းများဖြစ်သော နာရီ၊ ရွှေလက်စွပ်စသည်တို့ကို မောင်ပါ၏ထံမှ ရရှိကြောင်း။ ၎င်းပစ္စည်းများကို ပိုင်ဆိုင်သူများက၊ ၎င်းတို့ထံမှ ခိုးယူသွားသော ပစ္စည်းများအဖြစ် မှတ်မိကြောင်း စသည်ဖြင့် ရေးသားဖေါ်ပြထားသည်ကို တွေ့ရှိရသည်။

သက်သေထွက်ချက် အထောက်အထားတို့ကို ဘတ်ရှူလေ့လာကြည့်ရာတွင် အရေးကြီးသော သက်သေတဦးဖြစ်သည့် ရဲဌာနာအုပ် ဦးအောင်ဖေ (လို့ပြ-၁က) မောင်ပါအား ကျိုင်းတုံမြို့တွင် လွန်ခဲ့သော အိမ်ဖေါက်ထွင်းမှုများ၌ ပါဝင်ကျူးလွန်ခဲ့သည်ဟု သင်ကာမကင်းရှိ၍ လိုက်လံထောက်လှမ်းရာ ပျောက်ဆုံးနေသော ပစ္စည်းများ မောင်ပါအိမ်မှ တွေ့ရှိပါသည်ဟု မူလအစစ်ခံချက်တွင် ထွက်ဆိုသည်ကို တွေ့ရသည်။ သို့ရာတွင် တရားခံမောင်ပါက ပြန်လှန်မေးခွန်းထုတ်ရာ၌ ဦးအောင်ဖေ က၊ သက်သေခံပစ္စည်းများကို တရားခံအိမ်မှ သိမ်းဆည်းသော ပစ္စည်း ဟုတ်မဟုတ် ကျွန်တော်မသိပါဟူ၍ ထွက်ဆိုသည်ကိုလည်း တွေ့ရှိရသည်။ နန်းနီ (လို့ပြ-၂) က၊ ၎င်းထံ တချိန်က သက်သေခံရွှေဆွဲပြားတခုနှင့် အခြားရွှေဆွဲပြားတခုကို မောင်ပါနှင့်တူသော ယောကျ်ားတယောက်လာရောက်ရောင်းချသွားကြောင်း ထွက်ဆိုသည်။ သို့ရာတွင် တရားခံက ပြန်လှန်မေးခွန်းထုတ်ရာ၌ ၎င်းရောင်းချ သွားသောသူကို ကောင်းစွာ မမှတ်မိပါဟူ၍ ဆိုသည်။ အလားတူပင် တရားလို့ပြသက်သေ ၃ ဖြစ်သော စိုင်ဆမ်းက၊ တရားခံမောင်ပါနှင့်တူသော မြန်မာယောကျ်ားတဦးသည် ၎င်း၏ဆိုင်သို့လာ၍ ရွှေဆွဲပြားနှစ်ပြားရောင်းချသွားကြောင်း ထွက်ဆို၍ ရောင်းသောသူမှာ မောင်ပါနှင့်တူသည်ဟု ယူဆကြောင်းသာ ပြောနိုင်သည်။

သက်သေခံပစ္စည်းများ ပြသသည့် ပုံစံများတွင် ကျိုင်းတုံမြို့၊ တတိယ ရာဘက် ရာဇဝတ် တရားသူကြီးက လက်မှတ်ရေးထိုးထားသည်ကို တွေ့ရှိရသော်လည်း၊ ၎င်း တရားသူကြီးကိုယ်တိုင် သက်သေခံ ထွက်ဆိုထားခြင်းကို အမှုတွဲတွင် မတွေ့ရပေ။

၁၉၆၂

မောင်ပါ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ။

အထက်ပါကဲ့သို့ အမှုတွဲကို သေချာစွာ လေ့လာကြည့်သောအခါ၊ အယူခံတရားလို အား အပြစ်ပေးထားသောရာဇသတ်ကြီး ပုဒ်မ ၄၅၇၊ ညအချိန် ပုန်းလျှိုး၍ အိမ်တွင်းသို့ ကျော်နင်းမှုအတွက် သက်သေခံ တစုံတရာ မတွေ့ရ။ ပုဒ်မ ၃၈၀၊ နေအိမ်တွင်းတွင် ခိုးယူမှုနှင့်ပတ်သက်သော်လည်း၊ သက်သေခံ အထောက်အထား တစုံတရာမရှိ။ ကျိုင်းတုံမြို့တွင် ၁၉၆၁ ခု၊ နှစ်ဦးမှစ၍ ဖေါက်ထွင်း ခိုးယူခြင်းခံရသည် ဟူသော သူတို့က မိမိတို့၏ ပစ္စည်းပါဟူ၍ ပြသသော သက်သေခံ ပစ္စည်းများကိုလည်း မောင်ပါ၏ နေအိမ်တွင် တွေ့ရှိရပါသည်ဟူ၍ တရားလိုပြသက်သေ (၁)ဖြစ်သော နယ်ရဲဌာနာအုပ် ဦးအောင်ဖေ ကိုယ်တိုင်ကလည်း မစွဲနိုင်။ အမှုကို စစ်ဆေးရာတွင် ပဌမ သတင်း တိုင်တမ်း ချက် အမျိုးမျိုး၊ အမှုနှင့် မပတ်သက်သော သက်သေခံချက်အမျိုးမျိုးတို့ကို စုပေါင်း ထွေးလုံး၍ စဉ်းစားဆုံးဖြတ်ထားသည်ကို တွေ့ရသည်။ ရာဇသတ်ကြီး ပုဒ်မ ၅၅ ကို ထည့်သွင်း၍ အပြစ်ပေးထားသော်လည်း၊ အဆိုပါပုဒ်မတွင် လိုအပ်သည့်တရားခံသည် ယခင်က အလားတူ အမှုမျိုးများအတွက် ၃ နှစ်ဖြစ်စေ ၇ နှစ်ထက် ပို၍ဖြစ်စေ ထောင်ဒဏ်ဘမျိုးတို့ တရားရုံးတခုက ပြစ်မှုထင်ရှားသဖြင့် အပြစ်ပေးခံရဘူးကြောင်း ကိုလည်း၊ သက်သေခံချက်မရှိ။ ဤအကြောင်းကြောင်းကြောင့်၊ ပညာရှိ ခရိုင် ရာဇဝတ် တရားသူကြီး၏ ၁၉၆၁ ခု၊ ရာဇဝတ်ကြီးမှုအမှတ် ၁၂ တွင် ချမှတ်ခဲ့သော အမိန့်နှင့် ပြစ်ဒဏ်ဘိုသည် တရားမဝင်၊ ပျက်ပြယ်သည်ဟူ၍ ယူဆရမည်ဖြစ်သည်။

ပညာရှိ အစိုးရ လွှတ်တော်ရှေနေကြီး ဦးဘဘေ ကလည်း၊ပွင့်လင်းရိုးသားစွာပင် အယူခံတရားလို မောင်ပါ၏အပေါ်၌ ချမှတ်သော အမိန့်သည် မှားယွင်း၍ တရားမဝင် ကြောင်းဖြင့် လျောက်ထားသည်။

ဤအမှုကို စစ်ဆေးခဲ့ရာတွင်၊ ကျိုင်းတုံမြို့၌ ဖေါက်ထွင်းခိုးယူမှုများ၊ များပြား နေသဖြင့် တရားခံကို တွေ့ရှိလျှင် အမှတ်တရ တရားစီရင်ရမည်ဟူ၍ ထားရှိခဲ့သော ပညာရှိ တရားသူကြီး၏ စေတနာကို ယုံမှားသံသယမရှိနိုင်။ မောင်ပါကိုမိ၍ အမှု တင်သောအခါ၊ ကျိုင်းတုံနယ် စော်ဘွားကြီးက၊ ပညာရှိ ခရိုင် ရာဇဝတ် တရားသူကြီးထံ တရားခံအား အကယ်၍ ပြစ်မှုထင်ရှား တွေ့ရှိပါက ကြီးလေးသော အပြစ်ပေးရန်နှင့် ဖြစ်နိုင်ပါက ထောင်ဒဏ်ပြီးဆုံးသောအခါ၊ ၎င်းတရားခံကို ရှမ်းပြည်နယ်မှပင် နှင်ထုတ် ရန် အမိန့်ချမှတ်ပေးရန် စာဖြင့် ရေးသားထားသည်ကိုလည်း အမှုတွဲတွင် တွေ့ရှိရသည်။ ထိုစာတွင် တရားခံကို ပြစ်မှုနှင့် ပတ်သက်၍ မည်သို့မျှမဝေဘန်ဟု ဆိုသော်လည်း၊ "နယ်ရဲဌာနာက မောင်ပါကို ဘမ်းဆီးပြီးသည့်နောက် ယခုအချိန်အထိ ထိုကဲ့သို့ အိမ်ဖေါက်ဆွင်းမှု ဘယ်နေရာမှာမှ ဖြစ်ပွါးခြင်းမရှိတော့ပါ" ဟူ၍ ဆိုထားခြင်းကိုလည်း တွေ့ရသည်။ ထိုစာတွင် ပညာရှိ ခရိုင် ရာဇဝတ် တရားသူကြီးက "အမှုဒဏ်၊ ကျွန်ုပ် ကိုယ်ဘိုင်စစ်မယ်" ဟူသော မှတ်ဘမ်းကိုလည်း တွေ့ရသည်။

၁၉၆၂

မောင်ပါ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံ။

နယ်ပယ်တွင် လူဆိုးသူခိုးမရှိအောင် ပြုလုပ်လိုသည့်စေတနာဖြင့် ကျိုင်းတုံ စော်ဘွားကြီးက ခရိုင်ရာဇဝတ် တရားသူကြီးသို့ ရေးသားခြင်း၊ ပညာရှိ တရားသူကြီးကိုယ်တိုင် အမှုစစ်ဆေးခြင်းတို့၏ စေတနာကို ချီးကျူးရမည်ဖြစ်သည်။ သို့ရာတွင် စေတနာအလျောက်သော်၎င်း၊ ဒေါသအလျောက်သော်၎င်း တရားစီရင်ရာတွင် ဥပဒေ ကင်းလွတ် ခွတ်ချော်လွဲမှား၍ မပြုလုပ်အပ်။ တရားဥပဒေစိုးမိုးသော ကျွန်ုပ်တို့နိုင်ငံတွင် ဥပဒေအတွင်းကသာလျှင် တရားစီရင်ရမည် ဖြစ်သည်။ သို့မှသာလျှင် ဩဇာရှိသူ မရှိသူ၊ ဆင်းရဲသူ၊ချမ်းသာသူ၊ အယုတ်အလတ် အမြတ်မရွေး တူညီမျှတသောဘဝကို ရရှိကြမည်ဖြစ်သည်။ ပညာရှိ ခရိုင် ရာဇဝတ် တရားသူကြီးသည်၊တရားခံမောင်ပါ အား၊ ပြစ်မှုထင်ရှားသည်ဟူ၍ ပြစ်ဒဏ်များ ချမှတ်ပေးပြီးနောက်၊ မောင်ပါက အယူခံဝင်ရာတွင် သက်ဆိုင်ရာ ရာဘက် စက်ရှင်တရားသူကြီးရုံးသို့ မြန်မြန်ဆန်ဆန် အယူခံလွှာကို ပို့ပေးခြင်း၊ ရာဘက်စက်ရှင်တရားသူကြီးက မိမိလက်ခံ စစ်ဆေးနိုင်သော အယူခံမဟုတ်သဖြင့်၊ ပြန်ပို့သောအခါ၌ အယူခံလွှာကို မြန်မာနိုင်ငံ တရားရုံးချုပ်သို့ ဆောလျင်စွာ ပို့ပေးခြင်း စသည်တို့သည်လည်း၊ ပညာရှိ ခရိုင်ရာဇဝတ် တရားသူကြီး ကိုယ်တိုင် တရားဥပဒေ စိုးမိုးခြင်း၏ သဘောအနှစ်သာရတို့ကို နားလည်ကျင့်သုံးကြောင်းကို ထင်ရှားစေသည့် အချက်များ ဖြစ်ပေသည်။

အယူခံတရားလို မောင်ပါ၏အပေါ်တွင်၊ အရှေ့ပိုင်း ရှမ်းပြည် ခရိုင် ရာဇဝတ် တရားသူကြီးက၊ ၁၉၆၁ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၂ တွင် ပြစ်မှုထင်ရှား တွေ့ရှိခြင်းနှင့် ပြစ်ဒဏ်စီရင်ထားခြင်းတို့ကို ပယ်ဖျက်၍၊ ၎င်းအမှုနှင့်ပတ်သက်သမျှ မောင်ပါ အား၊ တရားသေ လွှတ်စေရမည်ဟူ၍ ကျွန်ုပ်အမိန့်ချမှတ်လိုက်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌၊

ရွှေနေတဦး၏ကိစ္စ *

၁၉၆၂

နိုဝင်ဘာလ ၁၃ ရက်။

ရွှေနေရွှေရပ်မျှားအက်ဥပဒေပုဒ်မ ၁၂၊ ၁၃ အရ၊မည်သည့်အခါ ရွှေနေတယောက်အပေါ်၌ အရေး မယူနိုင်ကြောင်း၊ အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေပုဒ်မ ၄(၁) (ခ)၊ ၄(၂) စိတ်စေတနာ။

ဦးသာထွန်းသည်၊ ဒုတိယကမ္ဘ ၁စစ်ကြီးမဖြစ်မီမှစတင်၍၊ ၁၉၄၇ ခုနှစ်အထိ၊ အထက်တန်း ရွှေနေအဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ၊ ၎င်းနှစ်တွင် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၌ ထောက်ပံ့ရေး အရာရှိအဖြစ် ဝင်ရောက်အမှုထမ်း၏။ ထိုနောက် ဦးသာထွန်းသည်၊ ၁၉၆၂ ခုနှစ်အတွင်း ရွှေနေအဖြစ် ဆောင်ရွက်ရန်အတွက် မိမိ၏လိုင်စင်ကိုလဲရန် လျှောက်ထားခြင်းဖြစ်သည်။ ထိုလိုင်စင်မှာ အစိုးရ အမှုထမ်းနေစဉ်အတွင်း၊ နှစ်စဉ်လဲလှယ်ခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့လေသည်။

ဆုံးဖြတ်ချက်။ ။ထို့ကြောင့်ဦးသာထွန်းအပေါ်၌ ရွှေနေရွှေရပ်မျှား အက်ဥပဒေပုဒ်မ ၁၂၊ သို့မဟုတ် ပုဒ်မ ၁၃ အရအရေးမယူနိုင်။

အထက်ရွှေနေတဦး၊ ၁၉၄၆ ခုနှစ်၊ ရန်ကုန်စီရင်ထုံးမျှား၊ စ ၁ ၁၀၂ ကိုသဘောတူလက်ခံသည်။

၁၉၄၈ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေ ပုဒ်မ ၄(၁)(ခ)နှင့်ပုဒ်မ ၄(၂)အရ၊ အပြစ်ပေးခြင်းခံရသော မိမိ၏လက်အောက်တွင် အမှုထမ်းနေသူအား မရိုးမဖြောင့်သောစိတ်ဖြင့် ဝင်ရောက်ကူညီခြင်း စသည်ဖြင့်ခဲ့ကြောင်း သက်သေခံမရှိ။ သို့သော် ပေါ့လျော့မှုအတွက် အထက် ဖော်ပြပါပုဒ်မများအရ၊ အပြစ်ပေးခြင်းခံရသော အထက်တန်းရွှေနေဖြစ်သူ ဦးသာထွန်းအပေါ်၌ အရေးမယူနိုင်။

စရိုက်ဘတ်မားနှင့် ဘုရင်မင်းမြတ်၊ အေးအိုင်၊အာ(ရ်)၊ ၁၉၄၇ ခု၊ ပရီဗီကောင်စီ၊ စ ၁၃၅။

ဟါရီပရာဆတ်ရေဂိုးနှင့်နိုင်ငံတော်အစိုးရ၊ အေးအိုင်၊အာ(ရ်)၊ ၁၉၅၁ ခု၊ တရားလွှတ်တော်ချုပ် စ ၂၀၄။

ဒေါက်တာစိုဂရေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ မြန်မာ့ပြည်စီရင်ထုံးမျှား ၁၉၅၂ ခု (တရားလွှတ်တော်ချုပ်) စ ၄၄၊ တို့ကိုရှည်ညွှန်းသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးညို၊ တရားလွှတ်တော်၊ ၁၉၅၆ ခုနှစ်၊ ရာဇဝတ်စောဒကမှုအမှတ် ၁၆။

ဘင်ဂေါလ်အစိုးရဥပဒေအကြံပေးအရာရှိနှင့် အမ်၊ဘီ၊ ကာချရန်ဒလာလ်၊ ၁၉၄၆ ခု၊ ကာလကတ္တားစီရင်ထုံးမျှား၊ အတွဲ ၂၊ စ ၁၂၇ နှင့်သဘောကွဲလွဲသည်။

လျှောက်ထားသူအဘွက်။ ။ဦးအောင်မင်း (၂) လိုက်ပါဆောင်ရွက်သည်။

ရုံးတော်သဟာယအဖြစ်။ ။အစိုးရရွှေနေ ဦးလှမောင် လိုက်ပါ ဆောင်ရွက်သည်။

---

* ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေ လျှောက်ထားမှုအမှတ်၊ ၂၇။

၁၉၆၂

ရွှေနေတဦး၏ ကိစ္စ။

တရားသူကြီးချုပ်ဦးဘိကြီး။ ။ဤအမှုသည် ဦးသာထွန်းဘီ၊အေ၊ဘီ၊အယ်(လ်) ၁၉၆၂ ခုနှစ်အတွက် အထက်တန်းရွှေနေ လိုင်စင် ပြန်လည်ထုတ်ပေးရန် လျှောက်တောင်းသည့်ကိစ္စမှ ပေါ်ပေါက်သော မှုခင်းဖြစ်သည်။

ဦးသာထွန်းသည်၊ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီမှ စတင်၍၊ ၁၉၄၇ ခုနှစ်အထိ၊ စစ်တွေမြို့၌ အထက်တန်းရွှေနေအဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့၏။ ထိုနှစ်တွင် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၌ ထောက်ပံ့ရေးအရာရှိအဖြစ် ဝင်ရောက်အမှုထမ်း၏။ စစ်တွေမြို့၊ ပြည်သူ့ထောက်ပံ့ရေး အဖဲ့ပိုင် ကုန်ပစ္စည်းများ ပျောက်ဆုံးခဲ့သဖြင့်၊ သက်ဆိုင်ရာ ဂိုဒေါင်မှူးနှင့် ဦးသာထွန်းတို့အား၊စစ်တွေမြို့၊တတိယရာဘာက် ရာဇဝတ် တရားသူကြီးရုံး ရာဇဝတ်မှုအမှတ် ၃၉၄/၅၉၊ ၃၉၅/၅၉ နှင့် ၃၉၆/၅၉ တွင်၊ ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေပုဒ်မ ၄(၁)(ခ)နှင့် ပုဒ်မ ၄(၂)အရ၊ တရားစွဲဆိုတင်ပို့ရာ၊ တွဲဘက်တရားခံ ဂိုဒေါင်မှူး မောင်သာထွန်းစိန်က မိမိမှာအပြစ်ရှိကြောင်း ဝန်ခံသဖြင့်၊ ၎င်းအပေါ်၌ အမှုအသီးသီးတွင် ထောင်ဒဏ်ချမှတ်ခဲ့လေသည်။ ဦးသာထွန်းအားလည်း အပြစ်ပေးခဲ့၏။ သို့ရာတွင် ၎င်းသည်၊ မရိုးမဖြောင့်သောစိတ်ဖြင့် မောင်သာထွန်းစိန်အား ဝင်ရောက်ကူညီခြင်း စသည် ပြုခဲ့ကြောင်း သက်သေခံမရှိဟု ဆိုကာ၊ ပေါ့လျော့မှုအတွက် အထက်ဖော်ပြပါ ပုဒ်မများအရ၊ ပြစ်မှုထင်ရှား စီရင်ခဲ့ပြီး ၃ မှ စလုံးတွင်၊ ရုံးမင်းတထိုင် ထောင်ဒဏ် ကျခံစေရန် အမိန့် ချမှတ်လိုက်သည်။ နိုင်ငံတော် အစိုးရက ပြစ်ဒဏ်ကို တိုးမြှင့်ချမှတ်ရန်အတွက်၊ စစ်တွေခရိုင် စက်ရှင်တရားသူကြီးရုံးသို့ စောဒကဝင်ရာ၊ စက်ရှင်တရားသူကြီးက အောက်ရုံးအမိန့် ချမှတ်ခဲ့သည်ကို ဝင်ရောက်စွက်ဖက်ခြင်း မပြုခဲ့ချေ။

ထို့နောက် ဦးသာထွန်းသည်၊အထက်၌ ဖော်ပြခဲ့သည့်အတိုင်း၊ ၁၉၆၂ ခုနှစ်အတွင်း ရွှေနေအဖြစ် ဆောင်ရွက်ရန်အတွက်၊ မိမိ၏လိုင်စင်ကိုလဲရန် လျှောက်ထားခြင်း ဖြစ်သည်။ ထိုလိုင်စင်မှာ အစိုးရအမှုထမ်းနေစဉ်အတွင်း၊နှစ်စဉ်လဲလှယ်ခြင်းမှ ကင်းလွတ်ခွင့်ပြုခဲ့ခြင်းလည်း ဖြစ်သည်။

ဤကိစ္စဘွင် ပဌမစဉ်းစားရန် အချက်မှာ၊ဦးသာထွန်းအပေါ်၌၊ ရွှေနေရွှေရပ်များအက်ဥပဒေပုဒ်မ ၁၂ သို့တည်းမဟုတ် ပုဒ်မ ၁၃ အရ၊ အရေးယူနိုင်သလောဟူသည့် ပြဿနာပင် ဖြစ်သည်။ **အထက်တန်း ရွှေနေတဦး** (၁)အမှုတွင်၊ ရွှေနေလိုင်စင်မှာ နှစ်စဉ်လဲရသည်ဖြစ်၍၊ လိုင်စင်မလဲဘဲထားခဲ့လျှင် ထိုရွှေနေသည်၊ အမှုလိုက်နိုင်ခွင့် မရှိရကား၊ ၎င်းအပေါ်၌ အထက်ဖော်ပြပါ အက်ဥပဒေပုဒ်မ ၁၂၊ သို့တည်းမဟုတ် ပုဒ်မ ၁၃ အရ၊ အရေးမယူနိုင်ကြောင်းဖြင့် ဆုံးဖြတ်ခဲ့လေသည်။ ဤဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့ သဘောတူ လက်ခံရပေမည်။

(၁) ၁၉၄၆ ခုနှစ်၊ ရန်ကုန်ခရိုင်ထုံးမျာ၊ စာ ၁၀၂ ။

၁၉၆၂

ရွှေနေတဦး၏ ကိစ္စ။

ထို့ပြင်လည်း၊ အထက်ဖော်ပြပါ အမှုများတွင်ဦးသာထွန်း ကြီးကြပ်မှု ပေါ့လျော့သည်ကိုသာ တွေ့ရှိရသည်။ အကျင့်စာရိတ္တပျက်ပြားမှု တစုံတရာမတွေ့ရှိရခေျ။ ၎င်းအပေါ်၌ ပြစ်မှုထင်ရှား စီရင်သော တရားရုံးများသည်၊ တရားလွှတ်တော်၏ **ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် ဦးညို (၂)** အမှုတွင်၊ ချမှတ်သော ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေ ပုဒ်မ ၄(၁)(ဃ)တွင် ဖော်ပြထားသည့် ဖေါက်လွဲဖေါက်ပြန်မှု ကျူးလွန်ရာ၌၊ ရာဇဝတ်မှုကို ကျူးလွန်ရန် စိတ်စေတနာ (Mens rea) ရှိ-မရှိကို ထည့်သွင်းစဉ်းစားရန် မလိုဟူသော ဆုံးဖြတ်ချက်ကိုကိုးကားခဲ့လေသည်။ ထိုဆုံးဖြတ်ချက်၌ **ဘင်ဂေါအစိုးရ ဥပဒေအကြံပေးအရာရှိနှင့် အမ်ဘီကာချရန်ဒလာလ်(၃)** အမှုတွင် ပါဝင်သော မြွက်ကြားချက်ကို၊ ကိုးကားပြီး အမိန့်ချမှတ်ခဲ့လေသည်။ သို့သော်၊ ထိုမြွက်ကြားချက်မှာ ၁၉၄၄ ခုနှစ်တွင် ချမှတ်သော အမိန့်ပါ မြွက်ကြားချက်ဖြစ်ရကား၊ ၁၉၄၈ ခုနှစ်တွင် ချမှတ်သော**စရိုနီဘတ်မားနှင့် ဘုရင်မင်းမြတ်(၄)** အမှုတွင် ပရီဗီကောင်စီကဖယ်ဖျက်ပြီးဖြစ်သည်ဟု ယူဆရပေမည်။ ထိုပရီဗီကောင်စီ အဆုံးအဖြတ်ကို အိန္ဒိယတရားလွှတ်တော်ချုပ်၊ **ဟာရီပရာဆတ်ရေဂိုး နှင့် နိုင်ငံတော်အစိုးရ (၅)** တွင် လိုက်နာကျင့်သုံးပြီး၊ အောက်ပါအတိုင်း မြွက်ကြားချက်ကို ထုတ်ဖော် ကိုးကားခဲ့၏။

> " . . . . With due respect to the High Court, Their Lordships think it necessary to express their dissent from this view. They see no ground for saying that offences against those of the Defence of India Rules here in question are within the limited and exceptional class of offences which can be held to be committed without a guilty mind. *See* the judgment of Wright J. in (1895) 1 Q.B. 918 at p. 921. Offences which are within that class are usually of a comparatively minor character, and it would be a surprising result of this delegated legislation if a person who was morally innocent of blame could be held vicariously liable for a servant's crime and so punishable with imprisonment for a term which may extend to three years." Their Lordships agree with the view which was recently expressed by the Lord Chief Justice of England, when he said :

---

(၂) တရားလွှတ်တော် ၁၉၅၆ ခုနှစ်၊ ရာဇဝတ်စောဒကမှုအမှတ် ၁၆။

(၃) ၁၉၄၆ ခုနှစ်၊ ၂၂ ကာလကတ္တားစီရင်ထုံးများ၊ စာ ၁၂၇။

(၄) အေ၊အိုင်၊အာ(ရ)၊ ၁၉၄၇ ခု၊ ပရီဗီကောင်စီ၊ စာ ၁၃၅။

(၅) အေ၊အိုင်၊အာ(ရ)၊ ၁၉၅၁ ခု၊ တရားလွှတ်တော်ချုပ်၊ စာ ၂၀၄။

၁၉၆၂

ရွှေနေတဦး၏
ကိစ္စ။

"It is in my opinion of the utmost importance for the protection of the liberty of the subject that the Court should always bear in mind that, unless the statute, either clearly or by necessary implication, rules out means or as a constituent part of a crime, a defendant should not be found guilty of an offence against the criminal law unless he has got a guilty mind:" 1946 110 J.P. 317 at p. 318.

၁၉၅၂ ခုနှစ်တွင်၊ မြန်မာပြည် တရားလွှတ်တော်ချုပ်၊ **ဒေါက်တာစီဂရေ့ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၆)**အမှုတွင်လည်း၊ အထက်ပါအတိုင်း အဆုံးအဖြတ်ပေးခဲ့၏။

ဦးညို (၂) အမှုစီရင်ပြီးနောက်၊ ၁၉၅၉ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေအရ၊ မူလ အက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁)၌ "ပြည်သူ့ဝန်ထမ်း တဦးတယောက်သည် အောက်ပါ တခုခုကိုပြုလုပ်လျှင်" ဆိုသည့် စကားရပ်အစား၊ "ပြည်သူ့ဝန်ထမ်း တဦးတယောက်သည် မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်ဖြစ်စေ၊အောက်ပါတခုခုကို ပြုလုပ်လျှင်" ဆိုသည့်စကားရပ်ကို ထည့်သွင်းလိုက်၏။ ထို့ကြောင့်၊ အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေ ပုဒ်မ ၄ နှင့်စပ်လျဉ်း၍ ဦးညို (၂) အမှုတွင် ချမှတ်သော အဆုံးအဖြတ်သည် မတည်ရှိတော့ပေ။ သို့သော် အလားတူ အက်ဥပဒေများနှင့် စပ်လျဉ်း၍ အကြောင်းပေါ်ပေါက်က ဦးညို (၂) အမှုတွင် ချမှတ်သောမှုကို ထပ်မံစဉ်းစားသင့်ကြောင်းနှင့် ဖေါ်ပြရပေမည်။

ဤအမှုတွင်၊ ဦးသာထွန်းအပေါ်၌ အရေးယူရန် အကြောင်းမမြင်သဖြင့်၊ ၎င်းလျှောက်ထားသည့်အတိုင်း လိုင်စင်လဲလှယ်ခွင့်ပြုရန် အမိန့်ချမှတ်လိုက်သည်။

(၆) ဘီ၊အယ်၊(လ်)၊အာ(ရ်)၊ ၁၉၅၂ ခု၊ တရားလွှတ်တော်ချုပ်၊ စာ ၄၄။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌၊

အထက်တန်းရှေ့နေတယောက်ကိစ္စ *

† ၁၉၆၂ နိုဝင်ဘာလ ၃ ရက်။

ရှေ့နေ၏ မသင့်လျော်သောပြောဆိုချက်။

ဆုံးဖြတ်ချက်။ ။ရာဇဝတ်မှုတမှုတွင် စွဲချက်တင်သင့် မတင်သင့်နှင့် ပတ်သက်၍ လျှောက်လဲချက်ပေးရာတွင် တရားခံဘက်မှ လိုက်ပါဆောင်ရွက်သော အထက်တန်းရှေ့နေဖြစ်သူ လျှောက်ထားခံရသူက "ဤရုံးတော်မှ စွဲချက်မတင်ဘဲ၊ လွှတ်ကြည့်စမ်းပါ၊ ဘယ်လိုဖြစ်သွားမည်ဆိုတာသိစေရမယ်" ဟူ၍ထည့်သွင်းပြောဆိုခြင်းသည် မှားယွင်းချက်ချော် မသင့်လျော်ဟု ယူဆရန်ဖြစ်သည်။

ဘုရင်မင်းမြတ်နှင့် ရာဂျာနီကန်တာဘို(စ်)နှင့်အမျှား အိန္ဒိယစီရင်ထုံးမျှားအတွဲ ၄၉၊ ကာလကတ္တား၊ စာ ၇၃၂ (၁၀၄)။

ကေစီ၊ချတ်ကရာ၊ ပါတီစီရင်ရေးသားသော ရှေ့နေမျှားကျင့်ထုံးအက်ဥပဒေ၊ စာမျက်နှာ ၄၀။

အောက်တန်းရှေ့နေ တယောက်ကိစ္စ၊ ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံးမျှား(တရားလွှတ်တော်) စာ ၁၂၉၊ တို့ကိုရည်ညွှန်းသည်။

လျှောက်ထားသူအတွက်။ ။နိုင်ငံတော် ရှေ့နေချုပ လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအတွက်။ ။ဦးဘသော့ လိုက်ပါဆောင်ရွက်သည်။

တရားသူကြီး ဦးစောဘသိန်း။ ။ကျွိုက်လတ်မြို့၊ နယ်ပိုင်ရာဇဝတ တရားသူကြီးရုံး၊ ၁၉၆၀ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၇ တွင်၊ တရားခံအား၊ ရာဇသတ်ကြီး ပုဒ်မ ၃၂၅ အရ၊ တရားစွဲဆို၍၊ တရားလိုဘက်မှ သက်သေများကို၊ စစ်ဆေးပြီးသောအခါ၊ စွဲချက်တင်သင့် မတင်သင့်နှင့် ပတ်သက်၍၊ လျှောက်လဲချက်ပေးရာတွင်၊ တရားခံဘက်မှ လိုက်ပါဆောင်ရွက်သော အထက်တန်းရှေ့နေ ဦးဘကွန်က "ဤရုံးတော်မှ စွဲချက်မတင်ဘဲ၊ လွှတ်ကြည့်စမ်းပါ၊ ဘယ်လိုဖြစ်သွားမည်ဆိုတာ သိစေရမယ်" ဟူ၍ ထည့်သွင်းပြောဆိုသဖြင့်၊ နယ်ပိုင်ရာဇဝတ် တရားသူကြီးက၊ ထိုသို့သော စကားမျိုးကို ထည့်သွင်း၍ ပြောဆိုခြင်းမပြုရန်၊ ပြောပြသည့်အခါ၊ ရှေ့နေ ဦးဘကွန်က တဖန် ထပ်မံ၍၊ "ကျွန်တော်ပြောနိုင်တယ်" ဟူ၍ ပြောဆိုပြန်သည့်အတွက်၊ နယ်ပိုင်

---

* ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲလျှောက်ထားမှုအမှတ် ၂၁။

† ၁၉၆၁ ခုနှစ်၊ စုံစမ်းမှုအမှတ် ၁ တွင်၊ ဖျာပုံခရိုင်တရားမနှင့် စက်ရှင်တရားသူကြီးရုံး၏ ချမှတ်သောအမိန့်ကိုလျှောက်ထားမှု။

၁၉၆၂

အထက်တန်းရှေ့နေတယောက်ကိစ္စ။

ရာဇဝတ် တရားသူကြီးက၊ ဖျာပုံမြို့၊ ခရိုင် တရားမနှင့် စက်ရှင်တရားသူကြီးထံသို့ ရှေ့နေ ဦးဘကွန့်အပေါ်၊ လိုအပ်သလို အရေးယူပါရန် လျှောက်ထားသည်။

ဖျာပုံမြို့၊ ခရိုင်တရားမနှင့် စက်ရှင်တရားသူကြီးက နယ်ပိုင် ရာဇဝတ်တရားသူကြီး ဦးသန်းလှနှင့် သက်သေများကို၊ စုံစမ်းမေးမြန်းစစ်ဆေးပြီး၊ ၎င်းတို့၏ အစစ်ခံချက်များအရ၊ ရှေ့နေ ဦးဘကွန့်သည် နယ်ပိုင် ရာဇဝတ် တရားသူကြီးရုံး၌၊ လျှောက်လဲခုက်ပေးရာတွင်၊ နယ်ပိုင်ရာဇဝတ် တရားသူကြီး တင်ပြလျှောက်ထားသည့်အတိုင်း "ဤရုံးတော်မှ စွဲချက်မတင်ဘဲ၊ လွှတ်ကြည့်စမ်းပါ၊ ဘယ်လိုဖြစ်သွားမည်ဆိုတာ သိစေမယ်" စသည်ဖြင့် ထည့်သွင်းပြောဆိုသွားသည်ဟု ယူဆသော်လည်း၊ ဦးဘကွန့်သည်၊ ရုံးတော်ကို မထေမဲ့မြင်ပြုလုပ်လိုသော စိတ်ထားဖြင့် ထိုသို့သော စကားကို ထည့်သွင်းပြောဆိုခြင်းမဟုတ်ဘဲ လျှောက်လဲခုက်ပေးရာတွင်စိတ်လိုက်မာန်ပါ စိတ်အားထက်သန်စွာဖြင့် ပြောဆိုခြင်းမျှသာဖြစ်သည်ဟု ထင်မြင်သည့်အတွက်၊ ၎င်းအပေါ် ဆက်လက်၍ အရေးယူရန် လိုအပ်မည်မဟုတ်ကြောင်းဖြင့်၊ ဤရုံးသို့ အစီရင်ခံစာတင်သွင်းသည်။

ဖျာပုံမြို့၊ ခရိုင် တရားမနှင့် စက်ရှင်တရားသူကြီးရုံး၊ ၁၉၆၁ ခုနှစ်၊ ဇုံစမ်းမှုအမှတ် ၁ ကို ဘာ်ရွှေလေ့လာရာ၊ ပညာရှိ ခရိုင်တရားမနှင့် စက်ရှင်တရားသူကြီး အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း၊ ရှေ့နေ ဦးဘကွန့်သည်၊ လျှောက်လဲခုက်ပေးရာတွင်၊ "ဤရုံးတော်မှ စွဲချက်မတင်ဘဲ လွှတ်ကြည့်စမ်းပါ၊ ဘယ်လိုဖြစ်သွားမည်ဆိုတာ သိစေမယ်" စသည်ဖြင့်၊ ထည့်သွင်းပြောဆိုသွားကြောင်း ပေါ်လွင်သည်ဟု ယူဆရန် ဖြစ်ပေသည်။

ကလကတ္တား စီရင်ထုံး အတွဲ ၄၉၊ စာမျက်နှာ ၇၃၂ (၁၀၄) တွင်

"A Pleader is also an officer of the Court, and as such he owes the duty of good faith and honourable dealing to the Courts before which he practises his profession. His high vocation is to inform the Court as to the law and facts of the case and to aid it to do justice by arriving at correct conclusions. The practice of the law is not a business open to all who wish to engage in it: it is a personal right or privilege limited to selected persons of good character with special qualifications duly ascertained and certified; it is in the nature of a franchise from the State conferred only for merit and may be revoked whenever misconduct renders the pleader holding the license unfit to be entrusted with the powers and duties of his office."

ဟူ၍သော်၎င်း။

ကေးစီးချုတ်ကရာဇဝါတီ စီရင်ရေးသားသော ရွှေနေများကျင့်ထုံး အက်ဥပဒေပုဒ်မ ၁၃ နှင့်ပတ်သက်၍၊ စာမျက်နှာ ၄၀ တွင်

၁၉၆၂

အထက်တန်းရွှေနေတယောက်ကိစ္စ။

"A Pleader is expected to always maintain towards the Court a respectful attitude and to treat the Court with courtesy and deference. He should not indulge in objectionable observations or insinuations against the Judges in the course of arguments or in affidavits so as to lower their authority or to bring the administration of justice into contempt."

ဟူ၍သော်၎င်း။

ရန်ကုန်စီမံကိန်းထုံး အတွဲ ၂၊ စာမျက်နှာ ၂၆၅ တွင်

"A Pleader has duties and obligations to his client in respect of the suit or matter which is entrusted to him and is pending in Court. There is a further and equally important duty and obligation upon him, *viz.*, to co-operate with the Court in the orderly and pure administration of justice."

ဟူ၍သော်၎င်း။

၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး (တရားလွှတ်တော်) ၁၂၉ တွင်

"An Advocate and every legal practitioner are expected to maintain a high standard of decorum in their conduct before Court and to maintain a high degree of professional ethics. . . . . Their duty is to assist the Court in the proper Administration of justice and to refrain from doing anything which will reflect on the administration of justice or on the high office of an honourable profession."

ဟူ၍သော်၎င်း။

ဘော်ပြည့်နှင်းကြားထားသည်ကိုထောက်ရှုလျှင်၊ရွှေနေဦးဘကွန့်သည်၊ အထက်တန်းရွှေနေတယောက်ဖြစ်ပါလျက်၊ နယ်ပိုင်ရာဇဝတ် တရားသူကြီးရုံး၌ ဘော်ပြခဲ့သည့်အတိုင်း၊ ပြောဆိုပြုမူသည်မှာ မှားယွင်းချွတ်ချော် မသင့်လျော်ဟု ယူဆရန် ဖြစ်ပေသည်။ သို့သော်လည်း နယ်ပိုင်ရာဇဝတ် တရားသူကြီးက၊ ရွှေနေ ဦးဘကွန့်အပေါ် ယခုကဲ့သို့ လျောက်ထားရခြင်းမှာ ၎င်းကို မလိုမုန်းထား၍ လျောက်ထားခြင်းမဟုတ်ဘဲ၊ ရုံးတော်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ခြင်း အနေဖြင့်သာ လျောက်ထား

၁၉၆၂

အတက်တန်း ရွှေနေတယောက် ကိစ္စ။

ခြင်းဖြစ်သည်ဟု ဘော်ပြပြီး၊ ရွှေနေ ဦးဘကွန်က ၎င်း၏ခြေလှမ်းတွင် နယ်ပိုင် ရာဇဝတ် တရားသူကြီးအပေါ် မည်သို့မျှ အာဏာတမထားဘဲ၊ ၎င်းရဟန်းအင်တာဗျူးနေစဉ် ဖုံးမျော်တွေ့ဆုံ၍ ဆွမ်းခံဘွယ်ဘောစဉ်ကိုပင် လှူဒါန်းခဲ့သည်ဟု ဘော်ပြသည်တို့ကို ဖျာပုံမြို့၊ ပညာရှိ ခရိုင်တရားမနှင့် စက်ရှင်တရားသူကြီးက၊ဦးဘကွန်အပေါ် ဆက်လက်၍ အရေးယူရန်မသင့်ကြောင်းဖြင့်၊ အစီရင်ခံစာ တင်သွင်းသည်တို့နှင့် စုပေါင်း၍ ထောက်ရှုဆင်ခြင်စဉ်းစားရာ၊ ရွှေနေ ဦးဘကွန်သည် နောင်အခါတွင် ဘော်ပြခဲ့သည့် စီရင်ထုံးများ၌ ညွှန်ကြားထားသည့်အတိုင်း၊ ရုံးရွှေတွင် အမှုလိုက်ပါ ဆောင်ရွက်သည့် အခါ၊ ရွှေနေ၏ ဂုဏ်သိက္ခာနှင့် လျော်ညီစွာ လိုက်နာဆောင်ရွက်ပြုမူမည်ဟု ထင်မြင်ယူဆသဖြင့်၊ ၎င်းအား နောင်အခါတွင်၊ရွှေနေတယောက်အနေဖြင့်၊ ရုံးရွှေ၌ ယခုကဲ့သို့ ပြောဆိုပြုမူခြင်းကို လုံးဝရှောင်ကြဉ်ရန်နှင့် စီရင်ထုံးများတွင် ညွှန်ကြားထားသည့် အတိုင်း၊ တသွေမတိမ်း လိုက်နာဆောင်ရွက်ရန်၊ အထူးသတိပေးပြီး ၎င်းအပေါ် ဆက်လက်၍ အရေးယူရန် လိုအပ်မည်မဟုတ်ဟူ၍ ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ်ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌၊

ဦးလက္ခဏ ပါ ၂ (စောဒကများ)

နှင့်

ဦးဝါသမိန္ဒ ပါ ၄ (စုဒိတကများ)* † ၁၉၆၂ နိုဝင်ဘာလ ၁၆ ရက်။

ဝိနိစ္ဆယခုံရုံး၏အဆုံးအဖြတ်၊ မည်သည့်အခါ ရုံးကဝင်ရောက်စုံက်ဖက်သည်၊ မည်သည့်အခါဝိနည်းဓိုရ်ဆရာတော်တပါး လက်မှတ်မထိုးခြင်းကြောင့် ပျက်ပြယ်ခြင်းမရှိ။

ဆုံးဖြတ်ချက်။ ။ဝိနိစ္ဆယခုံရုံး၏အဆုံးအဖြတ်မှာ ိရင်ပိုင်ခွင့်နယ်နိမိတ်မှ ကျော်လွန်၍ ဆုံးဖြတ်လျှင်သော်၎င်း၊ အခြားအရေးကြီးသော ပျက်ကွက်မှုများရှိလျှင်သော်၎င်းသာလျှင် ဤရုံးက အမှုခေါ် စာချုန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်မည်။

ဝိနည်းဓိုရ်ဆရာတော်တပါးသည်၊ အခြားခုံဝိနည်းဓိုရ်ဆရာတော်များနှင့်အတူ၊ အမှုကိုကြားနာစစ်ဆေးစီရင်ဆုံးဖြတ်၍၊ စီရင်ချက်ချမှတ်ရာ၌လည်း၊ အခြားဝိနည်းဓိုရ်ဆရာတော်များနှင့်အတူချမှတ်ပါလျက်နှင့်၎င်းဝိနည်းဓိုရ်ဆရာတော်တပါးတည်း ဝိနိစ္ဆယအဆုံးအဖြတ်ကို လက်မှတ်ထိုးခြင်းမပြုယုံမျှနှင့် စီရင်ချက်ပျက်ပြယ်သည်ဟု မဆိုနိုင်။

မအုန်းကြည်နှင့် နိုင်ငံတော်ဝိနိစ္ဆယဌာနရုံးပါ ၂၊ ၁၉၆၁ ခုနှစ်၊ တရားမသေးမှုအမှတ် ၄၀၊ ကိုရည်ညွှန်းသည်။

စောဒကအတွက်။ ။ဦးလှစိန် လိုက်ပါဆောင်ရွက်သည်။

စုဒိတကအတွက်။ ။ဦးဘသန်း (၁) လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် ဦးဇာဂရသည်၊ ဒလမြို့၊ မင်္ဂလာစံကျောင်းတိုက်ကို ပဂ္ဂလိက ပိုင်ရှင်အဖြစ်ဖြင့်၊ ယခု မေတ္တာရပ်ခံသူ ဦးလက္ခဏနှင့် ဦးတိက္ခတို့အား၊ ထိုကျောင်းတိုက်တွင်းရှိ ဇရပ်တဆောင်မှ ထွက်ခွါဖယ်ရှားစေရန် အဓိကရုဏ်းမှု စွဲဆိုရာတွင်၊ ရန်ကုန်မြို့မ တရားမရုံးက ဦးဉာဏ၊ ဦးတိက္ခနှင့် ဦးဝါသမိန္ဒတို့ ပါဝင်သော ဝိနည်းဓိုရ် ခုံတရပ်ဖွဲ့လိုက်၏။ ဦးတိက္ခမှာ ဦးလက္ခဏနှင့် ဦးတိက္ခတို့တင်မြှောက်သော ခုံဝိနည်းဓိုရ် ဆရာတော်ဖြစ်၍၊ ဦးဉာဏမှာ ဦးဇာဂရ တင်မြှောက်

---

* ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေမေတ္တာရပ်ခံလွှာအမှတ် ၁၂။

† ၁၉၆၁ ခုနှစ်၊ တရားမ ဝိဝါဒါဓိကရုဏ်းမှုအမှတ် ၉၄ တွင် ၁၉၆၂ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ အိမ်တော်ရာ၊ ဒက္ခိဏာဝန်ကျောင်း၊ ဝိနိစ္ဆယခုံရုံးတော်၏ ချမှတ်သော အမိန့်ကိုပြင်ဆင်မှု။

၁၉၆၂

ဦးလက္ခဏ ပါ ၂ နှင့် ဦးဝါသမိန္ဒ ပါ ၄။

သော ခုံဝိနည်းဓိုရ် ဆရာတော်ဖြစ်ပြီး၊ ဦးဝါသမိန္ဒမှာ ခုံဝိနည်းဓိုရ် ဆရာတော်နှစ်ပါး တင်မြောက်သော ကြားခုံ ဝိနည်းဓိုရ် ဆရာတော်ဖြစ်၏။ ထိုမင်္ဂလာ စံကျောင်းတိုက် အဓိကရုဏ်းမှုကို ဝိနည်းဓိုရ် ဆရာတော်များ စစ်ဆေးပြီးနောက်၊ ဆရာတော် များရာ၏ သဘောအရ၊ စီရင်ချက်ချမှတ်တော် မူကြ၏။ ထိုအဆုံးအဖြတ်ကို မကျေနပ်သဖြင့် ဦးလက္ခဏနှင့် ဦးတိက္ခတို့က အမှုခေါ်စာချုပ်တော်ဖြင့် ပယ်ဖျက်ရန်၊ ယခုမေတ္တာရပ်ခံခြင်းဖြစ်သည်။

အခင်းဖြစ် ကျောင်းတိုက်နှင့် အရာမ်မြေကို မူလက ဦးဝရသာမိ ပဂ္ဂလိကပိုင်၍ ၁၃၀၀ ခု၊ တပေါင်းလဆန်း ၉ ရက်နေ့တွင် ဦးသောဘိတနှင့် ကျောင်းဒါယကာ ဦးရွှေလှ၊ ဦးဘိုးဒီ၊ ကျောင်းအမကြီး ဒေါ်စိန်သီးတို့အား စာတမ်းဖြင့် အပိုင် အပ်နှံ စွန့်လွှတ်ခဲ့သည်ဆို၏။ ထိုစာတမ်း သက်သေခံ အမှတ်(က)ကို၊ မှတ်ပုံမတင်ခဲ့ပေ။ ၁၃၁၆ ခုနှစ်တွင် ဦးသောဘိတက အဆိုပါ အရာမ်နှင့်တကွသော မင်္ဂလာစံကျောင်းကို ဦးဝါယမအား အပိုင်ပေးအပ်ခဲ့၏။ ထိုအပိုင်ပေးအပ်သည့် စာတမ်း သက်သေခံ အမှတ် (ခ) ကို၊ ဝိနိစ္ဆယဌာနတွင် မှတ်ပုံတင်ခဲ့၏။ ထို့နောက် ၁၃၁၇ ခုနှစ်တွင် ဦးသောဘိတ၊ ဦးညိမ်းမောင်၊ ဦးဘိုးဒီ၊ ဒေါ်စိန်သီးတို့က ဦးဝါယမအား ကျောင်းအပ်သည့် စာတမ်းဖြင့် အပ်ကြ၏။ ထိုစာတမ်း သက်သေခံ အမှတ် (ဂ)ကို မှတ်ပုံမတင်ချေ။ မှတ်ပုံတင်ရန်လည်း လိုမည်မဟုတ်ပေ။ ၁၃၂၂ ခုနှစ်တွင်၊ ဦးဝါယမနှင့် ဦးဇာဂရတို့သည်၊ ထိုကျောင်းတိုက်နှင့်တကွ အဆောက်အဦ၊ ဥယျာဉ်၊ ဇိမာန်၊ ရေကန်ရေတွင်း စသည့် ဂရုဘဏ်လဟုဘဏ်အရာမ်တို့ကို လဲပြောင်းသည့် ဒိဿန္တရစာချုပ် ချုပ်ဆိုကြသည်။ ထိုစာချုပ် သက်သေခံအမှတ် (ဃ)ကို သက်ဆိုင်ရာ ဝိနိစ္ဆယဌာနတွင် မှတ်ပုံတင်၏။ ယခု မေတ္တာရပ်ခံသူများ၏ ပညာရှိ ရှေနေကြီးက၊ ဦးဝရသာမိ စွန့်လွှတ်ခဲ့သည်ဆိုရာ၌၊ မှတ်ပုံတင်စာချုပ်ဖြင့် စွန့်လွှတ်ခြင်းမပြုသဖြင့်၊ ဦးသောဘိတသည်၊ ကျောင်းတိုက်ကို ပဂ္ဂလိကပိုင်အဖြစ် မရောက်နိုင်ကြောင်း၊ ထို့ကြောင့် ဦးသောဘိတက စွန့်လွှတ်သဖြင့် ခံယူသူ ဦးဝါယမသည်ဂင်း၊ ဦးဝါယမက ဒိဿန္တရပြု၍ ခံယူသော ဦးဇာဂရသည်ဂင်း၊ ကျောင်းတိုက်ကို မပိုင်ကြောင်းဖြင့် လျှောက်လဲ၏။ သို့သော် ဤအမှုသည်၊ အယူခံမှု မဟုတ်။ ဝိနိစ္ဆယခုံရုံး၏ အဆုံးအဖြတ်မှာ၊ စီရင်ပိုင်ခွင့် နယ်နိမိတ်မှ ကျော်လွန်၍ ဆုံးဖြတ်လျှင်သော်ဂင်း၊ အခြားအရေးကြီးသော ပျက်ကွက်မှုများ ရှိလျှင်သော်ဂင်း၊ သာလျှင် ဤရုံးက အမှုခေါ်စာချုပ်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်မည် ဖြစ်သည်။ ၁၃၁၁ ခုနှစ်၊ဝိနိစ္ဆယဌာန အက်ဥပဒေပုဒ်မ ၃၀ ၌ “ ” မှတ်ပုံတင် အက်ဥပဒေ ပြဋ္ဌာန်းချက် တစုံတရာရှိနေသည့် အကြောင်းကြောင့်ဖြစ်စေ၊ ဤဥပဒေ အာဏာ တည်သည့်နေ့တွင်၊ တရားမရုံး၌ တရားစွဲဆိုခြင်းမပြုနိုင်သည့် စည်းဓမ္မက္ခန် အဓိကရုဏ်း မှု တစုံတခုကို၊ မည်သည့် ဝိနိစ္ဆယဌာနကမျှလက်မခံရ”ဟု ပြဋ္ဌာန်းထားသည်ကား

မှန်၏။ ၁၃၀၈ ခုနှစ်တွင် ဦးဝရသာမိက ဦးသောဘိတအား၊ အခင်းဖြစ်ကျောင်းတိုက်ကို အပိုင်ပေးခဲ့သည့် စာတမ်းမှာ မှတ်ပုံတင်ခြင်း မရှိသဖြင့် တရားမဝင်ချေ။ သို့သော် ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာန အက်ဥပဒေအတည်ဖြစ်ပြီးမှ ဦးသောဘိတက ဦးဝါယမအား စွန့်ရာဌာနချင်း၊ ဦးဝါယမနှင့် ဦးဇာဂရတို့ ဒိုင်သန္ဓိက ပြုလုပ်ရာဌာနင်း စာချုပ်အသီးသီးကို တရားအတိုင်း မှတ်ပုံတင်ခဲ့၏။ ယင်းသို့ဖြစ်၍ ဤရုံးက ဝိနိစ္ဆယဌာန အက်ဥပဒေ အတည်မဖြစ်မီ ချေးယခင်က လွှဲပြောင်းခဲ့ခြင်းသည်၊ အတည် ဖြစ်၊မဖြစ်ကို စဉ်းစားရန် မလိုတော့ချေ။ ယခုအဓိကရုဏ်းမှုကို စွဲဆိုသည့်အမိန့်၌ စောဒကအဖြစ် စွဲဆိုသူ ဦးဇာဂရသည်၊ မှတ်ပုံတင်ပြီး စာချုပ်များအရ တရားစွဲဆိုပိုင်ခွင့် ရှိသည်ဟု ယူဆရမည် ဖြစ်သည်။

၁၉၆၂

ဦးလက္ခဏ ပါ ၂ နှင့် ဦးဝါသမိန္ဒ ပါ ၄။

အခင်းဖြစ် ကျောင်းတိုက်မှာ ဒိုင်သန္ဓိက ပစ္စည်းဖြစ်၍၊ ဦးဇာဂရ တဦးတည်း စောဒကအဖြစ် တရားစွဲဆိုခြင်း မပြုနိုင်ပါဟု လျှောက်ထားပြန်သေး၏။ သို့သော် ဤအချက်နှင့်ပတ်သက်၍ ဝိနိစ္ဆယ ခုံရုံးရှေ့မှောက်၌ လျှောက်လဲခြင်း ပြုခဲ့ဟန်မတူချေ။ ထို့ကြောင့် ဤအချက်ကို ဤရုံးက ထည့်သွင်းစဉ်းစားမည် မဟုတ်ပေ။

ဝိနိစ္ဆယအဆုံးအဖြတ်ကို ယခု မေတ္တာရပ်ခံသူများ တင်မြောက်သော ခုံဝိနည်းမိုရ် ဆရာတော် ဦးတိက္ခက လက်မှတ်မထိုးခဲ့ပေ။ သို့ရာတွင် သက်ဆိုင်ရာ အမှုတွဲ နှေ့စဉ် မှတ်တမ်းများကို လေ့လာသုံးသပ်ရာ၌၊ ဦးတိက္ခသည် အခြားခုံ ဝိနည်းမိုရ် ဆရာတော် များနှင့်အတူ အမှုကို ကြားနာ စစ်ဆေးစီရင် ဆုံးဖြတ်ကြောင်း၊ စီရင်ချက် ချမှတ်ရာ၌ လည်း၊ အခြားဝိနည်းမိုရ် ဆရာတော်များနှင့်အတူ ချမှတ်ကြောင်း တွေ့ရှိရသည်။ ဦးတိက္ခကိုယ်တော် ဝိနိစ္ဆယ အဆုံးအဖြတ်ကို လက်မှတ်ထိုးခြင်း မပြုရုံမျှနှင့် စီရင်ချက် ပျက်ပြယ်သည်ဟု မဆိုနိုင်ပေ။ ထိုအကြောင်းနှင့် ပတ်သက်၍ တရားလွှတ်တော် **မအုန်းကြည်နှင့် နိုင်ငံတော် ဝိနိစ္ဆယဌာနမှူးပါ ၂** (၁) အမှုတွင်၊ ဤကဲ့သို့သော အခြေအနေမျိုးဌ ဝိနိစ္ဆယ အဆုံးအဖြတ် ပျက်ပြယ်ခြင်းမဖြစ်ဟု ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် မေတ္တာရပ်ခံလွှာကို ပယ်လိုက်သည်။ စောဒကနှင့် စုဉ်တကတို့သည်၊ မိမိတို့ တရားစရိတ်ကို မိမိတို့ အသီးသီး ကျခံကြရမည်ဖြစ်သည်။

(၁) ၁၉၆၁ ခုနှစ်၊ တရာမအသေးအမှုအမှတ် ၄၀။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌။

† ၁၉၆၂
နိုဝင်ဘာလ
၇ ရက်။

ဦးပြန့် လျှောက်ထားသူ

နှင့်

မောင်တင်မောင် ပါ ၄ (လျှောက်ထားခံရသူများ)*

၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေပုဒ်မ ၁၁၊ ကျေးရွာဘဏ်မှ ချေးငွေကိုပေးဆပ်ရန် ပျက်ကွက်ခြင်း၊ မသက်ဆိုင်၊ အမတော်ကြေးနှင့် ခြားနားခြင်း။

လျှောက်ထားသူသည် လွန်ခဲ့သောနှစ်တွင် လုပ်ကိုင်သောသီးစားလက်ငုတ်ပင်ဖြစ်သော်လည်း ထိုနှစ်က ကျေးရွာဘဏ်မှချေးယူခဲ့သောငွေ ၄၀၀ ကျပ်ကို လုံးဝပြန်မဆပ်သဖြင့်၊ . . ပျက်ကွက်ရှိသည်ဆိုကာ၊ . အခင်းဖြစ်မြေကို ၎င်းနှင့်ယှဉ်ပြိုင်လျှောက်ထားသူပိုင်ရှင် မောင်တင်မောင်အား ချထားလိုက်လေသည်။

ဆုံးဖြတ်ချက်။ ။၁၉၅၃ ခုနှစ်၊ သီးစားချထားရေးနည်းဥပဒေပုဒ်မ ၁၁ ပါပြဋ္ဌာန်းချက်များသည်၊ ကျေးရွာဘဏ်မှချေးငွေကို ပေးဆပ်ရန်ပျက်ကွက်ခြင်းကြောင့်၊ သီးစားလက်ငုတ်အားပြန်လည်သီးစားချထားခြင်းမပြုရဟု ပြဋ္ဌာန်းချက်မရှိပေ။

အမတော်ကြေးမှာ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်မှ ချေးယူသောငွေနှင့် ခြားနားလေသည်။

လျှောက်ထားသူအတွက်။ ။ဒေါ်ခင်လေး လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် ၁ အတွက်။ ။မစ္စတာ ချောင်ဘေး လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် ၂၊၃၊၄ တို့အတွက်။ ။အစိုးရရွှေနေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊ ယခုလျှောက်ထားသူ သီးစားလက်ငုတ်ဟောင်း ဦးပြန့်နှင့် လျှောက်ထားခံရသူ အမှတ် ၁ ပိုင်ရှင် မောင်တင်မောင်တို့အခင်းဖြစ် မြေကို ၁၉၆၁-၆၂ ခု၊ လယ်ယာစိုက်ပျိုးရေး နှစ်အတွင်း လုပ်ကိုင်ရန်အတွက် ညောင်ပင်ရွာ ကျေးရွာ သီးစားချထားရေး ကော်မီတီထံ ယှဉ်ပြိုင်လျှောက်ထားရာ၊

---

* ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၇၀။

† ၁၉၆၁-၆၂ ခုနှစ်၊ တိုင်းသီးစားပြင်ဆင်မှုအမှတ်၊ ၁၀၊ တွင်၊ ၁၉၆၂ ခုနှစ်၊ မတ်လ ၁၆ရက် နေ့စွဲပါ မန္တလေးတိုင်း သီးစားချထားရေးကော်မီတီ၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

၁၉၆၂

ဦးပြန့်နှင့် မောင်တင်မောင် ပါ ၄။

ကျေးရွာ သီးစားချထားရေး ကော်မိတီက ဦးပြန့်သည် ၁၉၆၀-၆၁ ခုနှစ်တွင် လုပ်ကိုင်သော သီးစား လက်ငုတ်ဖြစ်သော်လည်း၊ ထိုနှစ်က ကျေးရွာဘဏ်မှ ချေးယူခဲ့သော ငွေ ၄၀၀ ကို လုံးဝပြန်မဆပ်သဖြင့်၊ ပျက်ကွက်မှုရှိသည်ဆိုကာ၊ အခင်းဖြစ်မြေကို ပိုင်ရှင် မောင်တင်မောင်အား သီးစားချထားလိုက်၏။ ဦးပြန့်အယူခံဝင်ရာ၊ မန္တလေးတိုင်း သီးစားချထားရေး ကော်မိတီက ၎င်းအား ၂ ဧကာ၊ မောင်တင်မောင်အား ၃ ဒဿမ ၄၈ ကေခွဲ၍ ချထားလိုက်၏။ တိုင်းသီးစား ချထားရေး ကော်မိတီက ကျေးရွာ သီးစားချထားရေးကော်မိတီ ဖေါ်ပြခဲ့သည့်အတိုင်း၊ ဘဏ်ချေးငွေများကို လုံလောက်သော အကြောင်းမရှိဘဲ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ကြောင်းဖြင့် အခင်းဖြစ် မြေတကွက်လုံးကို မောင်တင်မောင်အား ချထားလိုက်၏။

၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များတွင် ကျေးရွာဘဏ်မှချေးငွေကို ပေးဆပ်ရန် ပျက်ကွက်ခြင်းကြောင့်၊ သီးစား လက်ငုတ်အား ပြန်လည် သိမ်းချထားခြင်းမပြုရဟု ပြဋ္ဌာန်းချက်မရှိပေ။ မောင်တင်မောင်၏ ပညာမှီ ရွှေနေကြီးက၊ ထိုပြဋ္ဌာန်းချက်များတွင် စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ ချေးယူထားသော အမဟော်ကြေးကို လုံလောက်သော အကြောင်းမရှိဘဲ ပြန်လည်ပေးဆပ်ရန် ပျက်ကွက် လျှင်၊ သီးစားလက်ငုတ်အား ပြန်လည်ချထားရမည်မဟုတ်ကြောင်းနှင့် လျှောက်ထား၏။ သို့သော် အမတော်ကြေးမှာ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်မှ ချေးယူသောငွေနှင့် ခြားနားလေသည်။

ထိုကြောင့်၊ သက်ဆိုင်ရာကျေးရွာ ခရိုင်နှင့် တိုင်းသီးစားချထားရေး ကော်မိတီတို့၏ အမိန့်အသိမ်းကို အမှုခေါ်စာချုန်တော်အမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

အမှုသည်များသည် မိမိတို့တရားစရိတ်ကို၊ မိမိတို့ကိုယ်တိုင် ကျခံကြရမည် ဖြစ်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌။

† ၁၉၆၂
နိုဝင်ဘာလ
၁ ရက်။

ဦးစံလှ (လျှောက်ထားသူ)
နှင့်
မကွေးတိုင်းသီးစားချထားရေးကော်မိတီ ပါ ၆
(လျှောက်ထားခံရသူများ)*

သီးစားချထားရေးကော်မိတီက၊ စစ်ဆေးဆုံးဖြတ်ပိုင်ခွင့် မရှိသောပြဿနာ။

၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေအပိုဒ်၁၃၊ "သီးစားချထားရန်လျှောက်ထားသူ မဟုတ်သူကို၊ သီးစားချထားခြင်းမပြုနိုင်။

အခင်းဖြစ်လယ်မြေကို သီးစားချထားရန်အတွက် လျှောက်ထားသူ ဦးစံလှကတဘက်၊ဦးဘိုးပြောင်း၏ သမီးမသောင်းကြည်နှင့် ၎င်း၏ခင်ပွန်းမောင်လှမောင်တို့ကတဘက်၊ အပြိုင်အဆိုင် လျှောက်ကြရာ၊ မကွေးမြို့နယ်၊ မယ်လှတောင်ဒိုင် သီးစားချထားရေးကော်မိတီနှင့် မကွေးခရိုင် သီးစားချထားရေးကော်မိတီက တိုမြေကို ဦးစံလှအား ချထားလိုက်သည်တွင်၊၎င်းမြေကိုမိမိအား သီစားချထားရန် လျှောက်ထားခြင်းမပြုဘူးသောဦးဘိုးပြောင်းက အဆိုပါအမိန့်ကိုမကျေနပ်သဖြင့် မကွေးတိုင်းသီးစားချထားရေးကော်မိတီထံသို့ စောဒကဝင်ရာ၌၊ အခင်းဖြစ်မြေမှာ မိမိပိုင်ဖြစ်၍၊ ဦးစံလှထံ ပေါင်နှံထားရာမှ ပြန်ရွေးပြီး ဦးစံလှအား၊သီးထောက်ခမပေးဘဲ ကိုယ်တိုင်လုပ်ကြောင်း ကျမ်းကျိန်ချက်တွင် မြွက်ဆိုလေသည်။ တိုင်းသီးစားချထားရေးကော်မိတီက အဆိုပါလယ်မြေကို ဦးဘိုးပြောင်းအား၊ လက်ငုတ်သီးစားတယောက်အနေဖြင့် ပြန်လည်လုပ်ကိုင်ခွင့် ပြုလိုက်သည်။

ဆုံးဖြတ်ချက်။ ။သီးစားချထားမည့် လယ်မြေသည်၊ ဦးဘိုးပြောင်းမွေးဖွားဆိုသည့်အတိုင်း အပေါင် ရွေးပြီးဖြစ်သည် မဖြစ်သည်၊မည်သူပိုင်ဆိုင်ခွင့်ရှိသည် စသည့်ပြဿနာများကို သီးစားချထားရေးကော်မတီက စစ်ဆေးဆုံးဖြတ်ပိုင်ခွင့်မရှိချေ။ သာမန်တရားရုံးများ၏ အရာသာဖြစ်ချေသည်။

၁၉၅၃ ခုနှစ်၊ သီးစားချထားရေးနည်းဥပဒေအပိုဒ် ၁၃ အရဆိုလျှင် ခရိုင်သီးစားချထားရေးကော်မိတီက သတ်မှတ်ထားသောအချိန်ကာလအတွင်း လယ်ယာမြေလုပ်ကိုင်နေသူနှင့် လုပ်ကိုင်လိုသူတို့သည် သီးစားချထားရန် လျှောက်လွှာများကို သက်ဆိုင်ရာကျေးရွာ သီးစားချထားရေးကော်မိတီ၊သို့တည်းမဟုတ် မြို့မရပ်ကွက်သီးစားချထားရေးကော်မိတီထံသို့တင်သွင်းရမည်ဖြစ်သည်။

ဦးဘိုးပြောင်းသည်၊ လျှောက်ထားခဲ့သူမဟုတ်သဖြင့်၊၎င်းအား သီးစားချထားခြင်းမပြုနိုင်ပေ။

---

* ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၆၁။

၁၉၆၂

မောင်စံလှနှင့် မကွေးတိုင်းသီးစားချထားရေးကော်မတီပါ ၆။

လျှောက်ထားသူအတွက်။ ။ဦးဘစိုး လိုက်ပါဆောင်ရွက်သည်။

●လျှောက်ထားခံရသူ အမှတ် ၁၊၂၃ အတွက်။ ။အစိုးရရှေ့နေ ဦးလှမောင် လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူ အမှတ် ၄၊၅၊၆ အတွက်။ ။ဦးထွန်းဌေး လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် အငြင်းမပွါးသည့် အချက်များမှာ မကွေးမြို့နယ်၊ ကွင်းအမှတ် ၁,၆၅၅ အုပ်ဖိုကွင်း ဦးပိုင်အမှတ် ၇၂ မြေခွိန် ၀.၂၀ ကေရှိယာမြေကို မူလပိုင်ရှင် ဒေါ်သော့က၊ ဒေါ်ဘုန်ထံသို့ ငွေ ၉၀၀ ကျပ် ဖြင့် လက်ရောက်အပေါင်ထားခဲ့သည်။ ဒေါ်သော့ ကွယ်လွန်ပြီးနောက်၊ ၎င်း၏သားမက် ယခု လျှောက်ထားခံရသူ အမှတ် (၆) ဦးဘိုးပြောင်းသည်၊ ထိုမြေကို ဒေါ်ဘုန်ထံမှ ရွေးချ၍ ယခု လျှောက်ထားသူ ဦးစံလှထံ ငွေ ၉၀၀ ဖြင့် ထပ်မံ ပေါင်ပြန်၏။ ထိုနောက် ဦးဘိုးပြောင်းသည်၊ ထိုမြေအနက် ၈မိုယာ ၄.၅၆ ရှိ ဦးပိုင်အမှတ် ၇၂(၁)ကို၊ ဦးစံလှထံမှ သီးစားခံယူ၍ လုပ်ကိုင်ခဲ့၏။ ၆ နှစ်မျှ သီးစားခမျှားကို မပျက်မကွက် ပေးဆောင်ပြီးနောက်၊ ဆက်လက်ပေးဆောင်ခြင်းမပြုတော့ချေ။ ထိုနောက် ထိုမြေကိုလုပ်ကိုင်ရန်အတွက် ဦးစံလှသည်၊ မကွေးမြို့နယ် မယ်လှတောင်ဒိုင်သီးစားချထားရေး ကော်မတီသို့ မိမိအား သီးစားချထားပါရန် လျှောက်ထား၏။ ဦးဘိုးပြောင်း၏သမီး မသောင်းကြည်နှင့် ၎င်း၏ခင်ပွန်း မောင်လှမောင်တို့ကလည်း၊ မိမိတို့အား သီးစားချထားရန် အပြိုင် လျှောက်ထားကြ၏။ မယ်လှတောင်ဒိုင် သီးစား ချထားရေးကော်မတီနှင့် မကွေးခရိုင် သီးစားချထားရေး ကော်မတီတို့က၊ ထိုမြေကို ဦးစံလှအား ချထားလိုက်၏။ ဦးဘိုးပြောင်းသည်၊ ထိုအမိန့်ကို မကျေနပ်သဖြင့်၊ တိုင်းသီးစားချထားရေးကော်မတီထံ စောဒကတက်၏။

၁၉၆၁-၆၂ ခုနှစ်အတွက်လည်း၊ ဦးစံလှကတဘက်၊ မောင်လှမောင်-မသောင်းကြည်တို့ကတဘက်၊ အပြိုင်လျှောက်ထားကြပြန်၏။ ယခင်နှစ်ကကဲ့သို့ပင် မယ်လှတောင်ဒိုင် သီးစားချထားရေးကော်မတီနှင့် မကွေးခရိုင် သီးစားချထားရေး ကော်မတီတို့က၊ ဦးစံလှအား ချထားလိုက်သည်။ ဦးဘိုးပြောင်းသည် ထိုအမိန့်ကိုလည်း မကွေးတိုင်း သီးစားချထားရေး ကော်မတီထံ စောဒကတက်၏။

မကွေးတိုင်း သီးစားချထားရေး ကော်မတီသည်၊ ၁၉၆၂ ခုနှစ်၊ မေလ ၂၀ ရက် နေ့စွဲဖြင့် ဒေတာက်ပါ အမှုနှစ်မှုစလုံးအတွက် အမိန့်တရပ်ချမှတ်ပြီးလျှင်၊ အဆိုပါမြေကို ဦးဘိုးပြောင်းအား လက်ငုတ် သီးစားတယောက်အနေဖြင့် ပြန်လည်လုပ်ကိုင်ခွင့် ပြုလိုက်သည်။ ထိုအမိန့်ကိုအမှုခေါ် စာခွန်တော်အမိန့်ဖြင့် ပယ်ဖျက်ရန် အတွက် ဦးစံလှ ဤရုံးသို့ လျှောက်ထားခြင်းဖြစ်သည်။

၁၉၆၂

ဦးစံလှ နှင့် မကွေးတိုင်း သီးစားချထားရေးကော်မိတီ ပါ ၆။

ဦးဘိုးပြောင်း၏ ကျမ်းကျိန်ချက်တွင် ပေါ်ပြသည်မှာ၊ ၁၉၅၈ ခုနှစ်တွင် မိမိသည် ဂ ဧက ဒဿမ ၂၀ မျှရှိ လယ်တကွက်လုံးကို ဦးစံလှထံမှ ပြန်လည်ရွေးယူပြီးနောက်၊ ဦးစံလှက ၎င်း၏လုပ်ကွက်ဖြစ်သော ဦးပိုင်အမှတ် ၇၂(၂)ကို ၎င် ၉၀၀ ကျပ်ဖြင့်၊ ပေါင်ထားရန် ပြောသဖြင့် အပေါင်ထားခဲ့ကြောင်း၊ ယခု အခင်းဖြစ်သော ဦးပိုင် အမှတ် ၇၂(၁)ကိုမူကား၊ မိမိကိုယ်ပိုင်ဖြစ်သဖြင့် ဦးစံလှအား သီးထောက်ခံ မပေးဘဲ ကိုယ်တိုင်လုပ်ကြောင်းမြွက်ဆို၏။ ၎င်းမြွက်ဆိုသည့်အတိုင်း အပေါင်ရွေးပြီး ဖြစ်သည် မဖြစ်သည်၊ မည်သူပိုင်ဆိုင်ခွင့်ရှိသည် စသည့် ပြဿနာများကို သီးစားချထားရေး ကော်မိတီက စစ်ဆေးဆုံးဖြတ်ပိုင်ခွင့် မရှိခဲ့။ သာမန်တရားရုံးများ၏ အရာသာ ဖြစ်ခဲ့သည်။ ဤအမှုတွင် ဦးဘိုးပြောင်းသည် ၁၉၆၀-၆၁ ခုနှစ်အတွက်သော်၎င်း၊ ၁၉၆၁-၆၂ ခုနှစ်အတွက်သော်၎င်း အခင်းဖြစ်မြေကိုမိမိအားသီးစားချထားရန်မည်သည့် သီးစားချထားရေး ကော်မိတီထံသို့မှ လျှောက်ထားခြင်း မပြုသည်မှာ ထင်ရှား၏။ ၁၉၅၃ ခုနှစ်၊ သီးစားချထားရေး နည်းဥပဒေအပိုင် ၁၃ အရဆိုလျှင်၊ ခရိုင်သီးစား ချထားရေး ကော်မိတီက သတ်မှတ်ထားသော အချိန်ကာလအတွင်း လယ်ယာမြေ လုပ်ကိုင်နေသူနှင့် လုပ်ကိုင်လိုသူတို့သည် သီးစားချထားရန် လျှောက်လွှာများကို သက်ဆိုင်ရာ ကျေးရွာသီးစားချထားရေး ကော်မိတီ၊ သို့တည်းမဟုတ် မြို့မရပ်ကွက် သီးစားချထားရေး ကော်မိတီထံသို့ တင်သွင်းရမည်ဖြစ်သည်။

ဦးဘိုးပြောင်းသည် အခင်းဖြစ်မြေကို ပိုင်ဆိုင်သူအဖြစ်နှင့် သီးစားခံယူရန်အတွက် သက်ဆိုင်ရာသို့ လျှောက်လွှာ တင်သွင်းရန်မလိုဟူသော အချက်နှင့်စပ်လျဉ်း၍၊ ထို အခင်းဖြစ်မြေကို ဦးစံလှထံမှ ပြန်လည်ရွေးယူပြီး မပြီး ဖြစ်သည်ဆိုသည့် ပြဿနာကို တရားရုံးများကသာလျှင် ဆုံးဖြတ်ပိုင်ခွင့် ရှိသည်တကြောင်း၊ ထိုမြေကို အမွေရသူမှာ ၎င်း၏ဇနီးဖြစ်သည်တကြောင်း၊ ထိုမြေနှင့်စပ်လျဉ်း၍ မိမိသည် မည်သို့သော အ ကြောင်းများကြောင့် သီးစားချထားရေးအက်ဥပဒေမှ ကင်းလွတ်ခွင့် ရသည်ကိုငင်း စဉ်းစားဘွယ်ရာ ပြဿနာများ ရှိနေသေးသည်။

ယခုအမှုတွင်ကား၊ ဦးဘိုးပြောင်းသည် လျှောက်ထားခဲ့သူမဟုတ်သဖြင့်၊ ၎င်းအား သီးစားချထားခြင်းမပြုနိုင်ပေ။ ထို့ကြောင့် တိုင်းသီးစားချထားရေး ကော်မိတီ၏ အမိန့်ကို အမှုခေါ်စာချုပ်တော်ဖြင့် ပယ်ဖျက်လိုက်သည်။

အမှုသည်များသည် မိမိတို့၏တရားစရိတ်ကို မိမိတို့အသီးသီး ကျခံကြရမည် ဖြစ်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီးဦးစောဘသိန်းတို့ရှေ့၌။

အေးအင် (နှ) အိုင်ဆရက်မာမက် ပါ ၈ (လျှောက်ထားသူ)

နှင့်

ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့များ ဝန်ကြီးဌာန အတွင်းဝန် ပါ ၂ (လျှောက်ထားခံရသူများ)*

†၁၉၆၂ နိုဝင်ဘာလ ၈ ရက်။

အိမ်ရှင်ကအိမ်ငှါးကို နှင်ထုတ်ခြင်း။ တရားစီရင်ရေးအာဏာ သုံးစွဲ၍ပြုလုပ်ခြင်းမဟုတ်။

၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ(နှင်ထုတ်ခြင်း)အက်ဥပဒေ ပုဒ်မ ၅၊ နှင်ထုတ်ခြင်းခံရသူက အယူခံဝင်ရာတွင်၊ အစိုးရ၏အမိန့်၊ အုပ်ချုပ်ရေးဆိုင်ရာအမိန့်၊ အမှုခေါ် စာချုန်တော်ထုတ်ပေးခြင်းမပြု။

ဆုံးဖြတ်ချက်။ ။အိမ်ရှင်ကအိမ်ငှါးအား အိမ်ဥပစာမှ နှင်ထုတ်ရာ၌၊ တရားစီရင်ရေးအာဏာကိုသုံးစွဲ၍ နှင်ထုတ်သည်ဟုမဆိုနိုင်ပေ။

မဟာမက်ဟနစ်ပါ ၂ နှင့်ဘဏ္ဍာတော်မင်းကြီးပါ ၂၊ ၁၉၅၂ ခု၊ မြန်မာပြည်စီရင်ထုံးများ (တရားလွှတ်တော်ချုပ်)စာ ၁၁၊

ဦးပေါ်နှင့်မအူပင်မြို့ မြူနီစီပါလ်အဖွဲ့ ပါ ၃၊ ၁၉၆၂ ခု၊မြန်မာပြည်စီရင်ထုံးများ(ဇွန်လထုတ်) တို့ကိုရည်ညွှန်းသည်။

ဘာမားကိုး(လ်)စတိုးလီမိတက်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုး ရ၊အလုပ်သမား ဝန်ကြီးဌာနအတွင်းဝန်ပါ ၂၊ ၁၉၅၉ ခု၊ မြန်မာပြည်စီရင်ထုံးများ (တရားလွှတ်တော်ချုပ်) စာ ၂၁ ကိုရှင်းပြသည်။

၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၅ အရ နှင်ထုတ်ခြင်းခံရသူအား၊ နိုင်ငံတော်အစိုးရထံအယူခံဝင်ရာ၊ထိုအယူခံမှုတွင် ချမှတ်သောအစိုးရ၏အမိန့်သည် အုပ်ချုပ်ရေးဆိုင်ရာအမိန့်ဖြစ်သည်။ ၎င်းအမိန့်ကို အယူခံဝင်နိုင်သည်။

ဒေါ်ခင်ဖုန်းနှင့် ဘဏ္ဍာတော်မင်းကြီး ပါ ၄၊ တရားလွှတ်တော်ချုပ်၊ တရားမသေး အမှုအမှတ် ၅၁/၅၈ ကိုရည်ညွှန်းသည်။

ထိုအမိန့်များနှင့်စပ်လျဉ်း၍၊တရားလွှတ်တော်ချုပ်က အမှုခေါ် စာချန်တော် ထုတ်ပေးခြင်းမပြု။

လျှောက်ထားသူများအတွက်။ ။မစ္စတာခူး လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူများအတွက်။ ။ဦးညွှန့်တင် လိုက်ပါဆောင်ရွက်သည်။

---

* ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာအမှတ် ၃၅။

† ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးနှင့်ဒေသန္တရအဖွဲ့များ ဝန်ကြီးဌာန၊ အတွင်းဝန်၏ ၁၉၆၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့စွဲပါအမိန့်ကို၊အမှုခေါ် စာချုန်တော်ဖြင့်ပယ်ဖျက်ရန်လျှောက်လွှာ။

၁၉၆၂

အေ၊အင်(နှ) အိုင် ဆရက် မာမက် ပါ ၈ နှင့် ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရ အဖွဲ့များ ဝန်ကြီးဌာန အတွင်းဝန် ပါ ၂။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် အေ၊အင်(နှ)၊အိုင် ဆရက်မာမက်ပါ ၈ ဦးက၊ မိမိတို့အိမ်ဂေါ်းများအဖြစ် နေထိုင်သော ရန်ကုန်မြို့၊ ကုန်စေးတန်း အိမ်အမှတ် ၂၅၃-၂၈၅ ရှိ၊ အခန်းများမှ ထွက်ခွါသွားစေရန်၊ ရန်ကုန်မြို့နီစီပါယ်မင်းကြီးက အမိန့်ချမှတ်လိုက်သည်ကို မကျေနပ်သဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အယူခံဝင်ရာလည်း မအောင်မြင်၍၊ ထိုအမိန့်များကို အမှုခေါ်စာချွန်တော်ဖြင့် ပယ်ဖျက်ရန်၊ ဤရုံးသို့ လျှောက်ထားခြင်းဖြစ်သည်။

မူလက ရန်ကုန်မြို့တော် မြူနီစီပါယ်ကော်ပိုရေးရှင်း၌၊ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေအရ နှင်ထုတ်ပိုင်ခွင့် အာဏာမရှိချေ။ သို့သော် ထိုအက်ဥပဒေကို ၁၉၆၁ ခုနှစ်၊ အစိုးရအိမ် ဥပစာ (နှင်ထုတ်ခြင်း) (ပြင်ဆင်ချက်) အက်ဥပဒေဖြင့် ပြင်ဆင်ပြီး၊ ရန်ကုန်မြို့ မြူနီစီပါယ် ကော်ပိုရေးရှင်းအားလည်း အဆိုပါ အက်ဥပဒေအရ နှင်ထုတ်ပိုင်ရန် အာဏာအပ်နှင်းခဲ့လေသည်။ ယင်းသို့ အာဏာအပ်နှင်းပြီးနောက်၊ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း၊ မြူနီစီပါယ် ကော်ပိုရေးရှင်းခင်းကြီးက ယခု လျှောက်ထားသူများအား၊ အိမ်ဥပစာမှ ထွက်ခွါသွားရန် အမိန့်ထုတ်ဆင့်လိုက်၏။

လျှောက်ထားခံရသူများအတွက် လိုက်ပါဆောင်ရွက်သော ပညာရှိရွှေနေကြီးက ယင်းသို့ မြူနီစီပါယ် ကော်ပိုရေးရှင်း မင်းကြီးက နှင်ထုတ်သည့်အမိန့်နှင့် ထိုအမိန့်ကို အယူခံရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနက ချမှတ်သောအမိန့်များမှာ၊ ကန့်သတ်ထားသည့် တရားစီရင်ရေးဆိုင်ရာ အာဏာကို သုံးစွဲ၍ ချမှတ်သော အမိန့်များမဟုတ်ကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာ အာဏာကိုသုံးစွဲ၍ ချမှတ်သောအမိန့်များသာလျှင် ဖြစ်ကြောင်းဖြင့် ဆေးပေ၏။ လျှောက်ထားသူများ၏ ပညာရှိရွှေနေကြီးက၊ တရားလွှတ်တော်ချုပ် ချမှတ်သော **ဘားမားကိုး(လ်)စတိုးလီမိတက်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ အလုပ်သမား ဝန်ကြီးဌာန အတွင်းဝန်ပါ ၂ (၁)**(၁)ကို အထောက်အထားပြု၍၊ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေအရ၊ နှင်ထုတ်သည့်အမိန့်မျိုးကို၊ အမှုခေါ်စာချွန်တော်ဖြင့် ငင်ရောက်စွက်ဖက်နိုင်ကြောင်း တင်ပြ၏။ သို့သော် ထိုအမှုတွင်၊ ယင်းသို့ နှင်ထုတ်သည့်အမိန့်သည်၊ အာဏာယ်ကြောင့် ကန့်သတ်ထားသည့် တရားစီရင်ရေးဆိုင်ရာ အာဏာကို သုံးစွဲ၍ ချမှတ်သောအမိန့်ဖြစ်ကြောင်း ဇလုလာသုံးသပ်ခြင်း မပြုခဲ့ချေ။

(၁) ၁၉၅၉ ခု၊ မြန်မာပြည်စီရင်ထုံးများ တရားလွှတ်တော်ချုပ် စာ ၂၁။

ဦးပေါ်နှင့် မအူပင်မြို့ မြူနီစီပါလ်အဖွဲ့ပါ ၃ (၂) အမှုတွင်၊ အုပ်ချုပ်ရေးဆိုင်ရာ အမိန့်နှင့် တရားစီရင်ရေးဆိုင်ရာ အမိန့်တို့၊ ခြားနားပုံကို အသေးစိတ် ဖော်ပြခဲ့လေသည်။ ထိုအမှုဌ အောက်ဖော်ပြပါ မြွက်ကြားချက်ကို ကိုးကားခဲ့လေသည်။

၁၉၆၂

အေ၊အင်(နှ်) အိုင် ဆရက်မင်္ဂ မက် ပါ ဂ နှင့် ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးနှင့်ဒေသန္တရအဖွဲ့များ ဝန်ကြီးဌာန အတွင်းဝန် ပါ ၂။

> "Whenever any body of persons having legal authority to determine questions affecting the rights of subjects, and having the duty to act judicially act in excess of their legal authority they are subject to the controlling jurisdiction of the King's Bench Division exercised in these writs."

ထိုအမှုမှာကဲ့သို့ပင် ယခုအမှုတွင်လည်း၊ ရန်ကုန်မြူနီစီပါလ် ကော်ပိုရေးရှင်းမင်းကြီးက၊ လျှောက်ထားသူများအား၊ အခင်းဖြစ် အဆောက်အဦမှ ထွက်ခွါသွားစေရန် အမိန့်ထုတ်ဆင့်သည်မှာ၊ တရားရေးဆိုင်ရာ အာဏာကိုသုံးစွဲ၍ ချမှတ်သော အမိန့်များ မဟုတ်ချေ။

အမှန်အားဖြင့်ဆိုလျှင်၊ မြူနီစီပါလ်ကော်ပိုရေးရှင်းသည်၊ အိမ်ရှင်ဖြစ်၍၊ ယခု လျှောက်ထားသူများသည် အိမ်ငှါးများ ဖြစ်ကြသည်။ အိမ်ရှင်က အိမ်ငှါးအား အိမ်ဥပစာမှ နှင်ထုတ်ရာ၌၊ တရားစီရင်ရေးအာဏာကိုသုံးစွဲ၍ နှင်ထုတ်သည်ဟု မဆိုနိုင်ပေ။ တရားလွှတ်တော်ချုပ် **မဟာမက်ဟနစ်ပါ ၂ နှင့် ဘဏ္ဍာတော်မင်းကြီး ပါ ၂** (၃) တို့ အမှုဘွင်၊ အစိုးရက သူတဦးတယောက်အား အငှါးချထားသည်ကို ဖျက်သိမ်းသည်မှာ အုပ်ချုပ်ရေးဆိုင်ရာ အမိန့်သာဖြစ်သည်ဟု ဆုံးဖြတ်ခဲ့၏။ ယခုအမှုမှာလည်း ထိုနည်းဘူပင်ဖြစ်၏။

၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၅ အရ၊ နှင်ထုတ်ခြင်းခံရသူအား၊ နိုင်ငံဘော်အစိုးရထံ အယူခံဝင်ခွင့်ပေးထားသဖြင့်၊ အယူခံမှုဘွင် ချမှတ်သော အစိုးရ၏အမိန့်သည်၊ တရားစီရင်ရေးဆိုင်ရာ အမိန့်ဖြစ်သလော ဟူသည့် ပြဿနာကို စဉ်းစားရပေဦးမည်။ အထက်၌ ဖော်ပြခဲ့သော မဟာမက်ဟနစ် (၃) အမှုဘွင်လည်း၊ အခေးပိုင်၏ အမိန့်ကို တိုင်းမင်းကြီးထံ အယူခံဝင်ပြီးနောက်၊ ဘဏ္ဍာတော်မင်းကြီးထံ စောဒကဝင်ခဲ့လေသည်။ သို့ရာတွင် တရားလွှတ်တော်ချုပ်က ထိုအခိုင်္ခမျာားမှာ အုပ်ချုပ်ရေးဆိုင်ရာ အမိန့်များသာဖြစ်သည်ဟု အဆုံးအဖြတ် ပေးခဲ့

(၂) ၁၉၆၁ ခုနှစ်၊ တရားမသေးမှု အမှတ် ၂၀၆၊ (1962) B.L.R. (June issue).
(၃) ၁၉၅၂ ခုနှစ်၊ မြန်မာပြည်စီရင်ထုံး (တရားလွှတ်တော်ချုပ်) စာ ၁၁၂ ကိုရည်ညွှန်းသည်။

၁၉၆၂

အေ၊အင်(နှ) အိုင် ဆရက်မာမက် ပါ ဂ နှင့် ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့များ ဝန်ကြီးဌာန အတွင်းဝန် ပါ ၂။

လေသည်။ ထိုနည်းတူစွာ တရားလွှတ်တော်ချုပ် **ဒေါ်ခင်ဖုန်းနှင့် ဘဏ္ဍာတော်မင်းကြီး ပါ ၄** (၄)အမှုတွင်လည်း၊ အုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို အယူခံဝင်နိုင်ကြောင်း တွေ့ရှိရသည်။ ထိုအမိန့်များနှင့်စပ်လျဉ်း၍၊ တရားလွှတ်တော်ချုပ်က အမှုခေါ်စာချန်တော် ထုတ်ပေးခြင်းမပြုခဲ့ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ လျှောက်လွှာကို ပယ်လိုက်သည်။

အမှုသည်များသည် မိမိတို့တရားစရိတ်ကို မိမိတို့အသီးသီး ကျခံကြရမည် ဖြစ်သည်။

(၄) တရားလွှတ်တော်ချုပ် တရားမသေးမှု အမှတ် ၅၁၊ ၅၈။

APPENDIX

(Judgments of the Courts-Martial Appeal Court)

LIST OF CASES REPORTED

စီရင်ထုံးပြုသောမှုခင်းများ

COURTS-MARTIAL APPEAL COURT

စစ်ဘက်အယူခံရုံး

	PAGE
Sein Hla Win v. The Union of Burma	50

LIST OF CASES CITED

ကိုးကားပြုသောမှုခင်းများ

COURTS-MARTIAL APPEAL COURT

စစ်ဘက်အယူခံရုံး

	PAGE
U Soe Lin v. The Union of Burma, (1953) B.L.R. 212 referred to	509

COURTS-MARTIAL APPEAL COURT

INDEX

ညွှန်းချက်

PAGE

ACTS :

BURMA ARMY ACT.

DEFENCE SERVICES ACT.

DEFENCE SERVICES RULE:—

Defence Services Rules, Rule 57 *Desirability of applying, s.* 137 (b), *Defence Services Act—When applying—Defence Services (Amendment) Act, s.* 17—*Criminal Procedure Code, s.* 342 (1)(b).

When the Court complies with Rule 57, Defence Services Rules, it would be desirable that Section 137 (*b*) of the Defence Services Act be also complied with to prevent contentions being raised with a view to render a trial null and void on the allegation that prejudice had been caused. The fact that emphasis is laid on the requirement of caution can be seen from section 17 of the Defence Services (Amendment) Act, 1960. Section 137 (*b*) of the Defence Services Act is the same as section 342 (1)(*b*) of the Criminal Procedure Code (*vide* Vol. VIII, Burma Code, p. 253). Civil Courts do have to comply with section 342 (1) (*b*) of the Criminal Procedure Code. *U San Lin* v. *The Union of Burma* (1953) B.L.R. 212, referred to.

SAW HLA WIN v. THE UNION OF BURMA 503

COURTS-MARTIAL APPEAL COURT

Before U Saw Ba Thein, Col. Hla Aung and U Aung Gyi

SAW HLA WIN (APPELLANT)

v.

THE UNION OF BURMA (RESPONDENT).*

C.M.A. 1962

Nov. 23

Defence Services Rules, Rule 57 *Desirability of applying s* 137 (b). *Defence Services Act—When applying—Defence Services (Amendment) Act, s.* 17—*Criminal Procedure Code, s.* 342 (1) (b).

When the Court complies with Rule 57, Defence Services Rules, it would be desirable that Section 137 (*b*) of the Defence Services Act be also complied with to prevent contentions being raised with a view to render a trial null and void on the allegation that prejudice had been caused. The fact that emphasis is laid on the requirement of caution can be seen from section 17 of the Defence Services (Amendment) Act, 1960.

Section 137 (*b*) of the Defence Services Act is the same as Section 342. (1) (*b*) of the Criminal Procedure Code (*vide* Vol. VIII, Burma Code, p. 253) Civil Courts do have to comply with Section 342 (1) (*b*) of the Criminal Procedure Code.

U San Lin v. *The Union of Burma*, 1953 B.L.R. 212, referred to.

Ba Than (2) for the appellant.

Khin Sein (Government Advocate) for the respondent.

U AUNG GYI, J.—This is an appeal by 188510 Rifleman Saw Hla Win of the 22nd Battalion, The Burma Regiment, against the conviction and sentence of death passed upon him on 17th November 1960, in Summary General Courts-Martial No. 54 of 1960 presided over by Major Ne Lin. The sentence of death was however commuted to one of transportation for life and dismissal from service by an order of General Ne Win, Chief of Staff, on 19th March 1962.

The charges against Rifleman Saw Hla Win were, firstly, under section 27 (*a*) of the Burma Army Act in that

* Criminal Appeal No.. 11 of 1962.

C.M.A. 1962

SAW HLA WIN v. THE UNION OF BURM...

he, on 12th December 1959, together with three others, namely, 182258 Rifleman Shwe Maung, 415301 Rifleman Pyon Cho, and 188516 Rifleman Maung Sein, had conspired to cause a mutiny at Kamakalu outpost, Bogale Township, Pyapon District, and to murder 14797 Corporal Tin Maung, in charge of the said outpost, and secondly, under section 41 of the Burma Army Act read with section 302 of the Penal Code, as amended by Criminal Law (Second Amendment) Act, 1957, for the murder of Corporal Tin Maung.

Besides Rifleman Saw Hla Win, the trials of Rifleman Shwe Maung and Rifleman Maung Sein were held separately according to the provisions of Rule 152 of the Defence Services Rules relating to Summary General Courts-Martial. Their appeals will be dealt with in separate orders.

The facts of this case are as follows:

The outpost at Kamakalu, Bogale Township, was under the charge of 14797 Corporal Tin Maung with four other Riflemen subordinate to him, namely, Saw Hla Win, Shwe Maung, Pyon Cho and Maung Sein.

From the evidence of Rifleman Maung Sein (PW 1) and Rifleman Pyon Cho (PW 2), there can be no doubt whatever that though Corporal Tin Maung was placed in charge of the outpost, he behaved and acted in a manner which was not in keeping with his responsibility. Both these two riflemen alleged that Corporal Tin Maung ill-treated his men by words and by deeds. He struck and abused them even in the public not caring whether they would be made to look foolish or not. He took Rifleman Maung Sein's ring, pawned it and gambled with the proceeds. He even misappropriated the daily allowances due to the riflemen. When Rifleman Maung Sein reminded him regarding the day he had pawned his ring, Corporal Tin Maung resented it, and being drunk, he abused Rifleman Maung Sein and threw a *dah* at him. There is also the

evidence of villager Maung Mya Thein (PW 3) that about two days before the mutiny at the outpost, and the murder of Corporal Tin Maung, one S.P.R. Tun Yin, who had overstayed his leave, had his legs chained and was beaten by Corporal Tin Maung before the public at a cross road. It is therefore clear that Corporal Tin Maung, to the knowledge of many, had misused his position in various ways not be fitting one placed in authority at the outpost.

On the day in question, namely, 12th December 1959, Corporal Tin Maung went out in the evening to get drunk as usual and returned to the outpost by 9 p.m. He had apparently received a report from one villager, Nyein Hlaing, that Rifleman Shwe Maung had abused him. Using this as a reason, but without asking for any explanation, Corporal Tin Maung assaulted Rifleman Shwe Maung and told him that his wife, a prostitute, should not be allowed to come to the outpost again. Being very drunk, Corporal Tin Maung then went to sleep after this assault on Rifleman Shwe Maung.

တဖန် လျှောက်ထားသူများ၏ ပညာဦးရွေးနေကြီးက၊ လျှောက်ထားခံရသူသည်၊ တရားလွှတ်တော်သို့ အယူခံဝင်ရာ၌ အမိန့်ကို အယူခံဝင်ကြောင်း ဖေါ်ပြပြီး ငွေ ၅၀ အာန်တံဆိပ်တော်ခွန်ကိုသာ ထမ်းဆောင်ကြောင်း။ ထို့ကြောင့် တရားလွှတ်တော်က ထို အယူခံလွှာကို ပယ်သင့်ကြောင်းဖြင့် လျှောက်ထားပြန်သေး၏။ မည်သို့ပင်ဖြစ်စေ၊ တရားလွှတ်တော် နောက်ဆုံးချမှတ်သော အမိန့်အရ၊ တံဆိပ်တော်ခွန်ကို ပြန်လည် ပေးရမည်ဖြစ်သဖြင့်၊ ဒီကရီကိုအယူခံသည့်အနေနှင့် တန်ဘိုးအလျောက် တံဆိပ်တော်ခွန် တောင်းဆိုလျှင်လည်း၊ ထိုတံဆိပ်တော်ခွန်ကို ပြန်လည် ပေးအပ်ရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ၊ တံဆိပ်တော်ခွန်ကိစ္စကို အကြောင်းပြု၍ အမှုသည်တို့သည်၊ အမှုကို အနိုင်ရခွင့်မရှိပေ။ **ချစ်တီးနဇာဘက်လီမိတက်နှင့် ဦးတော (၂)နှင့် စရိုရတ္တနာဘရမာရာဂျာနှင့် အက်(စ်)၊အမ်၊တီ၊ဗင်လာ(၃)** အမှုတို့ကို ကြည့်ပါ။

အထက် ဖေါ်ပြပါ အကြောင်းများကြောင့်၊ ကျွန်ုပ်တို့သည် ပြည်ထောင်စု တရား စီရင်ရေး အက်ဥပဒေပုဒ်မ ၄ အရ၊ မည်သို့မျှ ဝင်ရောက်စွက်ဖက်ရန် အကြောင်း မမြင်သဖြင့်၊ ထိုပုဒ်မအရ၊ လျှောက်ထားသော လျှောက်လွှာကို စရိတ်နှင့်တကွ ပယ် လိုက်သည်။

ဤကိုးရွေ့နေခမာ ၅ဝ ဖြစ်စေရမည်။

(၂) ၁၉၅၇ ခု၊ မြန်မာပြည် စီရင်ထုံးများ၊ တရားလွှတ်တော်ချုပ် စာ ၅၆။
(၃) ၁၉၆၁ ခု၊ ၃ အိန္ဒိယ တရားလွှတ်တော်ချုပ်၊ စာ ၁၀၁၅။

တရားရုံးချုပ်

ထရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘာသိန်းတို့ရှေ့၌

ဟဆန်မာမတ် (အယူခံတရားလို)

နှင့်

မိုဟာမက်ဆာဒစ်ဘင်ဒါနင်း(မ်)(ခေါ်) ဂျန် အက်(စ်)ဂါ (အယူခံတရားခံ)*

၁၉၆၂ ဒီဇင်ဘာလ ၃ ရက်။

တရားမကျင့်ထုံး၊ အမိန့် ၂၀၊ နည်းဥပဒေ ၁၅၊ ပဏာမဒီကရီတွင် ပါအပ်သည့်အချက်များ။

တရားလွှတ်တော်နည်းဥပဒေများနှင့် အမိန့်များ၊ အပိုဒ် ၄၅၊ ဒိုင်ဝန်က တရားလွှတ်တော်၏ အမိန့်ကို တောင်းခံနိုင်ခြင်း၊ ၎င်းတရားလွှတ်တော်၏အမိန့်ကို အယူခံဝင်နိုင်ခြင်း။

အစုစပ်ဖျက်သိမ်းရေးနှင့် စာရင်းရှင်းလင်းရေးအမှုတွင် အစုစပ်များ၏တာဝန်။

ဆုံးဖြတ်ချက်။ ။အစုစပ်လုပ်ငန်းကို ဖျက်သိမ်း၍ လုပ်ငန်းဆိုင်ရာ၊ စာရင်းရှင်းရန် တရားစွဲဆို သောအမှုတွင် ပဏာမဒီကရီချရာ၌၊ တရားမကျင့်ထုံးအမိန့် ၂၀၊ နည်းဥပဒေ ၁၅ အရ၊ တရားရုံးသည် အစုစပ်များ မည်သည့်အချိန်ဖြင့် ရရှိထိုက်ကြောင်းဆုံးဖြတ်၍၊ မည်သည့်နေ့၌ ထိုအစုစပ်ကို ဖျက်သိမ်းပြီးကြောင်း ဖော်ပြပြီး စာရင်းများကောက်ယူရန်နှင့် အခြားဆောင်ရွက်ရန်ရှိသည်တို့ကို ဆောင်ရွက်ရန် အမိန့်ချရမည်ဖြစ်သည်။

ပဏာမဒီကရီအရ၊ စာရင်းများယူရန် တာဝန်လွှဲအပ်ခြင်းခံရသော ဒိုင်ဝန် (မူလ ဘက်ဆိုင်ရာ အတွင်းဝန်) သည်၊ အမှုသည်တဦးဦးက မိမိတောင်းသောစာရင်းကို တင်သွင်းခြင်းမပြုလျှင်၊ တရားလွှတ်တော်နည်းဥပဒေများနှင့် အမိန့်များအပိုဒ် ၄၅ ပါ ပြဋ္ဌာန်းချက်များအရ၊ တရားလွှတ်တော်၏ အမိန့်ကို တောင်းခံနိုင်သည်။ တရားလွှတ်တော်၏အမိန့်သည် မူလဒီကရီသဘောမျိုးဖြစ်သဖြင့် ထို အမိန့်ကို အယူခံနိုင်ခွင့်ရှိပေသည်။

အစုစပ်ဖျက်သိမ်းရေးနှင့် စာရင်းရှင်းလင်းရေးအမှုတွင်၊ အမှုသည်ဖြစ်သူ အစုစပ်အားလုံးသည်၊ မိမိတို့တင်သွင်းရန်ရှိသော အစုစပ်ဆိုင်ရာ စာရင်းအင်းအားလုံးကို တင်သွင်းရမည်ဖြစ်သည်။

ရေဒွါကနုပ် ဇာကာမဟာဒွန့်နှင့် ဟာဂျီ မဟာမက်အက်(ဖ်)ဖါ၊ (၁၉၁၃-၁၄) ကာလကတွဲ အပေတ်စဉ် မှတ်စုအတွဲ ၁၈၊ စာ ၁၀၂၅ ကိုရည်ညွှန်းသည်။

---

* ၁၉၆၁ ခုနှစ်၊ တရားမအသေးအဖွဲ့ အယူခံမှု အမှတ် ၆၇။

† ၁၉၅၄ ခုနှစ်၊ တရားမကြီးမှု အမှတ် ၈၁ တွင်၊ ၄၊ ၈၊ ၆၁ နေ့ရှိပါ တရားလွှတ်တော် (မူလ ဘက်ဆိုင်ရာ)၏ ချမှတ်သောအမိန့်ကို အယူခံဝင်မှု။

၁၉၆၂ အယူခံတရားလိုအတွက်။ ။မစ္စတာဂျီ၊အင်၊ဘနာဂျီလိုက်ပါဆောင်ရွက်သည်။

ဟဆန်မာမွတ် နှင့် မိုဟာမက် ဆာဒစ် ဘင်ဒါနင်း(မ်)(ခေါ်) ဂျွန်အက်(စ်)ဂါ။ အယူခံတရားခံအတွက်။ ။ဦးသန်းမောင်လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊ ယခုအယူခံတရားခံမိုဟာမက်ဆာဒစ်ဘင်ဒါနင်း(မ်)က၊ အယူခံတရားလို ဟဆန်မာမွတ်အပေါ် တွင်၊ ယခင်တရားလွှတ်တော် တရားမကြီးမူအမှတ် ၈၁/၅၄ ၌၊ ၁၉၄၁ ခုနှစ်၊လောက်တွင် မိမိနှင့် ဟဆန်မာမွတ်တို့သည်၊ မြန်မာပြည်၌၎င်း၊ အိရန်ပြည်၌၎င်း အစုစပ်လုပ်ငန်းဆောင်ရွက်ရန် သဘောတူကြကြောင်း။ ထို ၁၉၄၁ ခုနှစ်တွင် ဟဆန်မာမွတ်သည်၊ အိရန်ပြည်သို့ထွက်ခွါသွားပြီး၊ အစုစပ်လုပ်ငန်းကို ထိုပြည်၌ဆောင်ရွက်ကြောင်း။ ၁၉၄၆ ခုနှစ်လောက်တွင်၊ ဟဆန်မာမွတ် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာသည့်အခါ၊ မိမိကဝင်းအား မြန်မာပြည်လုပ်ငန်းဆိုင်ရာ စာရင်းအင်းနှင့် ကျသင့်သောငွေအားလုံးကို ပေးအပ်ရာ၊ ဟဆန်မာမွတ် သဘောတူလက်ခံခဲ့ကြောင်း။ ထို့နောက်၊ မိမိတို့စိတ်ဝမ်းကွဲပြားသဖြင့်၊ အစုစပ်လုပ်ငန်းကို ဆက်လက်မလုပ်လိုတော့ကြောင်းဖြင့်၊ ထိုအစုစပ်လုပ်ငန်းကိုဖျက်သိမ်း၍ ဟဆန်မာမွတ်ထံမှ လုပ်ငန်းဆိုင်ရာ စာရင်းခရိုရန် တရားစွဲဆိုလေသည်။ ဟဆန်မာမွတ်က ဝင်းဘို့နှစ်ဦးသည် မြန်မာပြည်တွင်သာ အစုစပ်လုပ်ငန်းလုပ်ရန်အတွက် သဘောတူကြကြောင်း သို့သော်၊ တိုအစုစပ်လုပ်ငန်းမှာ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၃၁ နေ့၌ ဖျက်သိမ်းပြီးကြောင်း။ ထိုကြောင့် တရားလိုသည် တရားစွဲဆိုခွင့်မရှိတော့ကြောင်းဖြင့်ထုချေ၏။

တရားလွှတ်တော်ထုတ်သော ကောက်ချက် ၅ ခုအနက်၊ ယခု အယူခံမှုနှင့် သက်ဆိုင်သော ကောက်ချက်များမှာ ပဌမနှင့် ဒုတိယ ကောက်ချက်များဖြစ်သည်။ ပဌမ ကောက်ချက်မှ တရားလို တရားခံတို့သည်၊ အဆိုလွှာတွင် ဖေါ်ပြသည့် အတိုင်း မြန်မာပြည်၌၎င်း၊ အိရန်ပြည်၌၎င်း အစုစပ်လုပ်ငန်း ဆောင်ရန် အတွက် သဘောတူကြသလောဖြစ်၍၊ ဒုတိယ ကောက်ချက်မှာ တရားလိုသည်။ မြန်မာပြည် အစုစပ်လုပ်ငန်းဆိုင်ရာ စာရင်းများကို ရှင်းလင်းပြီးပြီလော ဖြစ်သည်။

သက်သေများ စစ်ဆေးကြားနာပြီးနောက်၊ တရားလွှတ်တော်သည်၊ တရားလို တရားခံတို့ နှစ်ဦး သဘောတူ အိရန်ပြည်၌၎င်း၊ မြန်မာပြည်၌၎င်း အစုစပ်လုပ်ငန်း လုပ်ဆောင်ကြကြောင်း ဆုံးဖြတ်၏။ ဒုတိယ ကောက်ချက်နှင့် စပ်လျဉ်း၍ တရားလွှတ်တော်က အမှုသည်များ၏ ပညာရှိ ရွေနေ နှစ်ဦး နှစ်ဘက်သည်၊ ထိုအမှုကို ဆုံးဖြတ်ရန် အတွက်၊ ဒုတိယ ကောက်ချက်ကို ဖြေဆိုရန် အရေးမကြီးတော့ပါဟု သဘောတူခြင်း လျှောက်ထားသဖြင့်၊ ထိုကောက်ချက်ကို မဖြေဆိုတော့ဟု ဖေါ်ပြထားလေသည်။

၁၉၆၂
ဟဆန်မာမွတ် နှင့် မိုဟာမက် ဆာဒစ်ဘင်ဒါနင်း(မ်)(ခေါ်) ဂျွန်အက်(စ်)ဂါ။

ထိုနောက် ပဏာမဒီကရီရေးဆွဲပြီး၊ ဒိုင်ဝန် (မူလဘက်ဆိုင်ရာ အတွင်းဝန်) သို့ စာရင်းများယူရန် လွှဲအပ်လိုက်၏။ ဒိုင်ဝန်ကစာရင်းများယူရာ၌၊ ဒီကရီအရ၊ တရားလို တဘူးခံ နှစ်ဦးစလုံးက စာရင်းများ တင်သွင်းရမည်ဟု ဆုံးဖြတ်၏။ ထိုဆုံးဖြတ်ချက်ကို မူလ တရားလို၊ ယခုအယူခံ တရားခံ မိုဟာမက် ဆာဒစ်ဘင်ဒါနင်း(မ်) က၊ မိမိမှာ မြန်မာပြည် လုပ်ငန်းဆိုင်ရာ စာရင်းများ ၎င်းပြီး ဖြစ်ကြောင်းနှင့် ကန့်ကွက်၏။ ဒိုင်ဝန်က တရားလွှတ်တော် နည်းဥပဒေများနှင့် အမိန့်များ ဆိုင်ရာ၊ ဒိုင်ဝန်သို့ လွှဲအပ်သည့် နည်းဥပဒေများ အပိုဒ် ၄၅ အရ၊ တရားလွှတ်တော်၏ အမိန့်ကို တောင်း၏။ မူလ ပဏာမက ဒီကရီကို ချမှတ်သော တရားငန်ကြီး (ဦးမြသိန်း) ပင်၊ အမှုကို ပြန်လည်ကြားနာပြီး၊ တရားခံဖြစ်သူ ဟဆန်မာမွတ် တဦးတည်းကသာ စာရင်းများ တင်ပြရမည် ဖြစ်ကြောင်း ဆုံးဖြတ်လိုက်၏။ ထိုအမိန့်ကို မကျေနပ်သဖြင့်၊ ယခု အယူခံ ဝင်ခြင်း ဖြစ်သည်။

အယူခံတရားလို၏ ပညာရှိနွေနေကြီးက၊ ဒိုင်ဝန်သည်၊ ဖေါ်ပြပါ နည်းဥပဒေ မျာအပိုဒ် ၄၅ အရ၊ တရားလွှတ်တော်သို့ အမိန့် ချမှတ်ရန် မတောင်းဆိုနိုင်ကြောင်း ဖြင့်ကန့်ကွက်၏။ သို့သော် ထိုအပိုဒ် ၄၅ ပါ ပြဋ္ဌာန်းချက်များ အရ၊ ဒိုင်ဝန်သည် တရားလွှတ်တော်၏ အမိန့်ကို တောင်းခံနိုင်ကြောင်း တွေ့ရှိရသည်။ တရားလွှတ်တော်၏ အမိန့်သည်၊ မူလ ဒီကရီ သဘောမျိုး ဖြစ်သဖြင့်၊ ထိုအမိန့်ကို အယူခံနိုင်ခွင့် ရှိပေသည်။

တရားလွှတ်တော် ရေးဆွဲသော ဒီကရီကို ဖတ်ရှုရာ၌၊ အစုစပ်ဆိုင်ရာ စာရင်းအင်းများကို ကောက်ယူရမည် ဟူ၍ သာ ဖေါ်ပြထားသည်။ တရားခံ ဟဆန်မာမွတ် တင်သွင်းသော စာရင်းများကိုသာ ကောက်ယူရမည်ဟု ဖေါ်ပြခြင်း မပြုချေ။

ထို့ပြင်လည်း၊ မူလ အမှုတွင် ပညာရှိ ရွှေနေကြီးများက အမှုဆုံးဖြတ်ရန် အတွက် ကောက်ချက် အမှတ် ၂ ကို ဖြေကြားရန် အရေး မကြီးပါဟု ဖေါ်ပြရာ၌၊ ကောက်ချက် အမှတ် ၂ ကို စွန့်လွှတ်သည်ဟု ဖေါ်ပြခြင်း မဟုတ်ပေ။ အမှန်အားဖြင့် ဆိုလျှင် တရားမ ကျင့်ထုံး အမိန့် ၂၀၊ နည်းဥပဒေ ၁၅ အရ၊ ယခုကဲ့သို့သော အစုစပ် ဖျက်သိမ်းမှုနှင့် စပ်လျဉ်း၍၊ ပဏာမ ဒီကရီ ချမှတ်ရာ၌၊ တရားရုံးသည်၊ အစုစပ်များ မည်သည့် အချိုးဖြင့် ရင်ဆိုင်ကြောင်း ဆုံးဖြတ်၍၊ မည်သည့်နှုန်း၊ ထိုအစုစပ်ကို ဖျက်သိမ်းပြီးကြောင်း ဖေါ်ပြပြီး စာရင်းများ ကောက်ယူရန်နှင့် အခြား ဆောင်ရွက်ရန်ရှိသည်တို့ကို ဆောင်ရွက်ရန် အမိန့် ချရမည် ဖြစ်သည်။ မည်သည့် အစုစပ်သည်၊ စာရင်း ရှင်းပြီး မပြီးနှင့် စပ်လျဉ်း၍ ပဏာမ ဒီကရီတွင် အမိန့် ချမှတ်ရန် ပြဋ္ဌာန်းခြင်း မပြုချေ။ ထို့ကြောင့်၊ ရွှေနေကြီးများသည် ဒုတိယ ကောက်ချက်ကို ဆုံးဖြတ်ရန် အရေးမကြီးဟု ရုံးအားအကြောင်းကြားသည်မှာ၊ မိုဟာမက် ဆာဒစ် ဘင်ဒါနင်း(မ်)

၁၉၆၂

ဟဆန်မာမုတ် နှင့် မိုဟာမက် ဆာဒစ် ဘင်ဒါနင်း(မ်)(ခေါ်) ဂု၊ အက်(စ်)ဂါ။

ပြောဆိုသည့် အတိုင်း၊ ရန်ကုန် လုပ်ငန်းဆိုင်ရာ စာရင်းမှား ဌင်းပြီး မပြီး ဆိုသည့် အချက်ကို၊ ပဏာမ ဒီကရီ ရေးဆဲ့ပြီးမှသာလျှင် စစ်ဆေးကြားနာရန် ဖြစ်ကြောင်း ပြောဆိုကြဟန် တူသည်။ ဟဆန် မာမုတ်သည်၊ မိုဟာမက် ဆာဒစ်ဘင်ဒါနင်း(မ်) ပြောဆိုသည့် အတိုင်း၊ ရန်ကုန်လုပ်ငန်းဆိုင်ရာ စာရင်းများ ဌင်းပြီးကြောင်းကို ငြင်းဆိုခဲ့လေသည်။ ၎င်းက ထိုအချက်နှင့် စပ်လျဉ်း၍၊ ကောက်ချက် အမှတ် ၂ ကို စွန့်လွှတ်ခဲ့သည်ဟု မှတ်ယူရမည် မဟုတ်ပေ။

ထို့ပြင်လည်း၊ ယခုကဲ့သို့သော အစုစပ်ဖျက်သိမ်းရေးနှင့် စာရင်းဌင်းရေး အမှု တွင်၊ အမှုသည်ဖြစ်သူ အစုစပ်အား လုံးသည်၊ မိမိတို့ တင်သွင်းရန်ရှိသော အစုစပ် ဆိုင်ရာ စာရင်းအင်း အား လုံးကို တင်သွင်းရမည် ဖြစ်သည်။ **ရေဒွာ ကနပ်ဆာကာ မဟာဒူနှင့် ဟာဂျီမဟာမက် အက်(ဖ်) ဖါ (၁)** အမှုကို ကြည့်ပါ။

ထို့ကြောင့် တရားလွှတ်တော်၏ ၁၉၆၁ ခု၊ ဩဂုတ်လ ၄ ရက်နေ့စွဲဖြင့် ချမှတ်သော အမိန့်ကို ပယ်ဖျက်၍၊ ဒိုင်ဝန် အမိန့်ကို စရိတ်နှင့် တကွ အတည်ပြုလိုက်သည်။

ဤရုံးချေနေခမှာ ၈၅ ကျပ် ဖြစ်စေရမည်။

(၁) ၁၉၁၃-၁၄ ကာလကတ္တား အယ်စဉ် မှတ်စု အတွဲ ၁၈၊ စာ ၁၀၂၅။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌

ခါတွန်ဘီ ပါ ၂ (လျှောက်ထားသူများ)

နှင့်

ရာစူး(လ်)ဘီ ပါ ၃(လျှောက်ထားခံရသူများ) *

† ၁၉၆၂ ဒီဇင်ဘာလ ၃ ရက်။

တရားမကျင့်ထုံးအမိန့် ၄၄၊ နည်းဥပဒေ ၁ ကို အမိန့် ၃၃၊ နည်းဥပဒေ ၂(၂)နှင့်တွဲ၍ ဖတ်ရမည်။

လူမဲ့ဖြစ်အယူခံနှင့် လျှောက်လွှာကို လူကိုယ်တိုင်တင်သွင်းရမည်၊ ကာလစည်းကမ်းသတ်ဥပဒေ စာရင်း ၁၊ အပိုဒ် ၁၇၀၊ ပြဋ္ဌာန်းချက်၊ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၅၊ လူမဲ့အဖြစ် အယူခံလျှောက်လွှာ။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးအမိန့် ၄၄၊ နည်းဥပဒေ ၁ ကို၊ ထိုကျင့်ထုံးအမိန့် ၃၃ နည်းဥပဒေ ၂(၂)နှင့်တွဲ၍ ဖတ်ရှုရမည်ဖြစ်သဖြင့် လူမဲ့အဖြစ်အယူခံခွင့် လျှောက်လွှာနှင့် အယူခံလွှာကို အယူခံဝင်သူများသည် ရုံးသို့ကိုယ်တိုင် တင်သွင်းရမည်ဖြစ်သည်။

ထိုအမိန့် ၄၄ အရ၊ တင်သွင်းသောလူမဲ့အဖြစ်အယူခံလွှာကို ကာလစည်းကမ်းသတ် အက်ဥပဒေ စာရင်း ၁၊ အပိုဒ် ၁၇၀ အရ၊ ဒီကရီချမှတ်သည့်နေ့မှ၊ အရက် ၃၀ အတွင်း တင်သွင်းရမည် ဖြစ်သည်။

ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၅ တွင် အယူခံခွင့်လျှောက်လွှာဆိုသည့် စကားရပ်တွင်၊ လူမဲ့အဖြစ်အယူခံခွင့်လျှောက်လွှာလည်းပါဝင်သည်။

ရမ်ချရမ်းနှင့် ဘန်ဆီဒါ၊ အေ၊အိုင်၊အာရ်၊ ၁၉၂၈ ခု၊အလာဟာဘာတ်၊ စာ ၄၉၉ ကိုရည်ညွှန်းသည်။

လျှောက်ထားသူများအတွက်။ ။မစ္စတာ အာရ်၊ ဂျဂနသန်လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူများအတွက်။ ဦးသန်းတင်လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊ ဆွေးနွေးသည်ဆိုသော ခါတွန်ဘီသည်၊ ၎င်း၏ယောကျ်ားနှင့် အနီးဆုံးမိတ်ဆွေ ရှိနေကျဟုဖြင့်၎င်း၊ မိဘာမက်မူစတာဖါသည် ၎င်း၏ကွယ်လွန်သူဖခင် ဆပ်ဖူရာဘီ၏ တရားဝင်ကိုယ်စားလှယ် အဖြစ်၎င်း၊ ကျိုက္ခမီခရိုင် တရားမရုံး၊ တရားမကြီးမှုအမှတ် ၁၁/၅၇ တွင်ချမှတ်သော

---

* ၁၉၆၀ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာအမှတ် ၃၂။

† ၁၉၅၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၁၁ တွင်၊ ဖေဖော်ဝါရီ ၂၀ နေ့စံပါ ကျိုက္ခမီခရိုင် တရားမတရားသူကြီးရုံး၏ ချမှတ်သောဒီကရီကို ပြင်ဆင်မှု။

၁၉၆၂

ခါတွန်ဘီ ပါ ၂ နှင့် ရာစူး(လ်)ဘီ ပါ ၃။

ဒီကရီကို၊ တရားမကျင့်ထုံးအမိန့် ၄၄ အရ၊ လူမဲ့အဖြစ်အယူခံဝင်ခွင့်လျှောက်တောင်းခဲ့ကြလေသည်။ ထိုတရားမကြီးမှုတွင် ခါတွန်ဘီနှင့်မိုဟာမက်မူစတာဖါတို့သည်၊ ရာစူး(လ်)ဘီ၊ မာရီရမ်ဘီနှင့် မစ္စတာအက်(စ်)၊ အေဝါဟတ်တို့အပေါ် ၌၊ ခါတွန်ဘီနှင့်ဆပ်ဖူရာဘီတို့နှင့် ၎င်းတို့ပိုင်ပစ္စည်းများကို အုပ်ထိန်းရန်အတွက်၊ ရာစူး(လ်)ဘီအား၊ ကျိုက္ခမီခရိုင်တရားမရုံးက ခန့်အပ်ခဲ့ရာ၊ ရာစူး(လ်)ဘီသည်၊ လုံလောက်သောအကြောင်းမရှိဘဲ၊ မရိုးဖြောင့်သောသဘောဖြင့်၊ ခါတွန်ဘီနှင့် ဆပ်ဖူရာဘီတို့၏ ပစ္စည်းအချို့ကို၊ ခရိုင်တရားမရုံး၏ အခွင့်အမိန့်တောင်းယူပြီး၊ ရောင်းချခဲ့ကြောင်းဖြင့် တရားစွဲဆိုပြီး၊ ထိုရောင်းချမှုများကိုဖျက်သိမ်း၍ ရာစူ(လ်)ဘီအား စာရင်း တင်ပြစေရန်တရားစွဲဆိုခဲ့လေသည်။ထိုအမှုတွင် လျှောက်ထားသူများ အဓိကအားဖြင့်စွဲဆိုချက်ကို၊ ခရိုင်တရားမရုံးက ပလဗ လိုက်သည်။

ဤအမှုတွင် ၁၉၆၁ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့၌ တရားလွှတ်တော်ခုံရုံးသည် လျှောက်ထားသူများ၏ ပညာဦဖွေနေကြီးအား ကြားနာပြီး၊ လျှောက်လွှာကိုလက်ခံခဲ့၏။ သို့သော် ထိုလျှောက်လွှာကာလစည်းကမ်းသတ်ကျော်လွန်နေခြင်းနှင့်ပတ်သက်၍၊ တဖက်မှကန့်ကွက်လိုက ကန့်ကွက်နိုင်ကြောင်းဖြင့် အမိန့်ချမှတ်ခဲ့၏။

အမှုပါပစ္စည်းများမှာ၊ တန်ဘိုးမများလှချေ။ ထို့ကြောင့်ပင် ယခုလျှောက်လွှာ၌ လျှောက်ထားသူများက၊ အထက်ဖော်ပြပါပစ္စည်းများကိုလုံလောက်သောအကြောင်းမရှိဘဲ၊ရာစူးဘီ(လ်)သည်မရိုးမဖြောင့်သောသဘောဖြင့် ရောင်းချခဲ့ကြောင်းသာလျှင် ဖော်ပြထားလေသည်။

ထိုတရားမကြီးမှုတွင်၊ ၁၉၆၀ ခုနှစ်၊ မေလ ၆ ရက်နေ့၌၊ အမိန့်ဒီကရီချမှတ်ခဲ့၏။ ဤရုံးသို့တင်သွင်းသော စီရင်ချက်နှင့်ဒီကရီမိတ္တူရရန် လျှောက်လွှာကို ၁၉၆၀ ခုနှစ်၊ မေလ ၅ ရက်နေ့၌တင်သွင်းပြီး ၁၉၆၀ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့၌သာလျှင်၊လျှောက်ထားသူများအားမိတ္တူများပေးအပ်ကြောင်းကို၊ထိုမိတ္တူပါလက်မှတ်များတွင် ဖော်ပြထား၏။ယခုလျှောက်လွှာကို ခါတွန်ဘီ၏အနိုးဆုံးမိတ်ဆွေဖိတ်ဂျဟာသာလျှင် ၁၉၆၀ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့၌ ရုံးသို့တင်သွင်း၏။ ဒုတိယလျှောက်ထားသူ မိုဟာမက်မူစတာဖါကိုယ်တိုင် လာရောက်တင်သွင်းခြင်းမပြုခဲ့ပေ။

တရားမကျင့်ထုံးအမိန့် ၄၄၊ နည်းဥပဒေ ၁၀ကို၊ ထိုကျင့်ထုံးအမိန့် ၃၃၊ နည်းဥပဒေ ၂(၂) နှင့်တွဲ၍ဖတ်ရှုရမည်ဖြစ်သဖြင့်၊ ယခုလူမဲ့အဖြစ် [အယူခံခွင့်လျှောက်လွှာနှင့် အယူခံလွှာကို၊ ရိတ်ဂျဟာနှင့် မိုဟာမက်မူစတာဖါတို့ရုံးသို့၊ ကိုယ်တိုင်တင်သွင်းရမည်ဖြစ်သည်။

၁၉၆၂

ခါတန်ဘီ ပါ ၂ နှင့် ရာစူး(လ်) ဘီ ပါ ၃။

ထိုအမိန့် ၄၄ အရ၊ တင်သွင်းသော လူမဲ့အဖြစ်အယူခံလွှာကိုကာလစည်းကမ်းသတ် အက်ဥပဒေစာရင်း ၁ အပိုဒ် ၁၇၀ အရ၊ ဒီကရီချမှတ်သည့်နေ့မှအရက် ၃၀ အတွင်း တင်သွင်းရမည်ဖြစ်သည်။ မိတ္တူကူးရက် ၆၁ ရက်ကို ထိုဒီကရီချမှတ်သောနေ့မှ ယခုအယူခံလွှာတင်သွင်းသောနေ့အထိ ၁၀၁ ရက်မှနုတ်လျှင်၊ရက်ပေါင်း ၄၀ ကျန်၏။ ကာလစည်းကမ်းသတ်ဥပဒေအရ ခွင့်ပြုသောရက်မှာ ၃၀ ဖြစ်သဖြင့်၊ကာလစည်းကမ်း သတ်ကျော်လွန်ပြီး ၁၀ ရက်ကြာမှ၊ ယခုအယူခံလွှာနှင့် လျှောက်လွှာကိုတင်သွင်းခြင်း ဖြစ်သည်။

ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၅ တွင်၊ အယူခံခွင့်လျှောက်လွှာဆိုသည့် စကားရပ်တွင်၊ လူမဲ့အဖြစ်အယူခံခွင့် လျှောက်လွှာလည်းပါဝင်ကြောင်းဖြင့်၊ **ရမ်ချရမ်နှင့် ဘန်ဆီဒါ (၁)**အမှုတွင် ဆုံးဖြတ်ခဲ့၏။ ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များကို လေ့လာသုံးသပ်ရာ၌၊ ယင်းသို့အဓိပ္ပါယ်ကောက်ယူသည်မှာ မှန်ကန်ကြောင်းတွေ့ရှိရသဖြင့် ကျွန်ုပ်တို့သဘောတူလက်ခံသည်။

သို့သော်၊ လျှောက်ထားရန်ခွင့်ပြုသော ကာလစည်းကမ်းသတ်မှာ ၁၀ ရက်ကျော် လွန်ပြီးလျှောက်ထားသဖြင့်၊ ယခုလျှောက်ထားသူများသည်လုံလောက်သော အ ကြောင်းကြားရမည်ဖြစ်သည်၊လျှောက်ထားသူရှိတ်ဂျဟာ၏သစ္စာပြုလွှာနှင့်လျှောက် ထားခံရသူများဖြစ်သူ ရဘူးလ်ဘီအက်(စ်)အေဇာတ်တို့၏ ကန့်ကွက်လွှာတို့ကိုဖတ်ရှု လေ့လာရာ၌၊ ရှိန်ဂျဟာသည်၊သတ်မှတ်ထားသောအချိန်ကာလအတွင်း၊ တရားလတ် တော်သို့လာရောက်၍လူမဲ့အဖြစ်အယူခံခွင့်လျှောက်လွှာနှင့် အယူခံလွှာကိုတင်သွင်းရန် ပျက်ကွက်သည်မှာ၊ လုံလောက်သောအကြောင်းမရှိသည်ကို တွေ့ရသည်။ ဒုတိယ လျှောက်ထားသူမိဟာမက်မူစတာဖါသည်၊ခြေထောက်တွင်ဒဏ်ရာရ၍၊ ဆေးရုံတက်ပြီး ရက်သတ္တ ၂ ပတ်မျှဆေးကုသရကြောင်း ရှိတ်ဂျဟာဆို၏။ သို့သော်မိဟာမက်မူစတာ ဖါကိုယ်တိုင် သစ္စာပြုမွက်ဆိုခြင်းမပြုခဲ့ချေ။ ၎င်းတို့၏ပညာရှိရွှေနေကြီးက ၁၉၆၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့စွဲပါဖြင့်၊ မော်လမြိုင်ဗမာ့ခေတ်ဆေးတိုက်ပိုင်ရှင် ဒေါက်တာ ဘီ၊အင်(နှ်)၊နရူးလာလ်၏လက်မှတ်တဆောင်ကိုတင်ပြ၏။ ၎င်းလက်မှတ်အရဆိုလျှင်၊ မိဟာမက်မူစတာဖါသည် ညာဘက်ခြေမျက်စေ့တွင်ဒဏ်ရာရသဖြင့်၊ ၁၉၆၀ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့၌ မါတ်မှန်ဖြင့် စစ်ဆေးရသည်ဟုဖေါ်ပြပြီး၊ ၎င်းအား ၄ ရက် ဆရာဝန်ဆေးကုရသည်ဟုဆို၏။ စီရင်ချက်နှင့်ဒီကရီမိတ္တူများကို ၁၉၆၀ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့ရရှိသဖြင့် ထိုနေ့နှင့် ၁၉၆၀ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့ကြားတွင်၊

(၁) အေ-အိုင်-အာရ် ၁၉၂၈ ခု၊ အာလာဟာဘတ် စာ ၄၉၉။

၁၉၆၂

ခါတွန်ဘီ ပါ ၂ နှင့် ဗာစူး(လ်)ဘီ ပါ ၃။

ယခုလျှောက်ထားသူများ ဤအမှုနှင့်ပတ်သက်၍၊ လိုအပ်သည်များကို ဆောင်ရွက်ခဲ့ကြဟန်မတူချေ။

ထို့ကြောင့်၊ ယခုလျှောက်ထားသူများသည်၊ ကာလစည်းကမ်းသတ်ကျော်လွန်သည်ကို လုံလောက်သောအကြောင်းမပြနိုင်ဟုဆုံးဖြတ်ပြီး၊ လျှောက်လွှာကို စမိုတ်နှင့် တကွပယ်လိုက်သည်။

ဤရုံးချေနေခမှာ ၅၁ ကျပ်ဖြစ်စေရမည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးထွန်းတင်တို့ရှေ့မှောက်၌

ဦးစစ်ထင် (လျှောက်ထားသူ)

နှင့်

ရန်ကုန်မြို့အကောက်တော်မင်းကြီး ပါ ၂ (လျှောက်ထားခံရသူများ)*

† ၁၉၆၂ ဒီဇင်ာလ ၂၀ ရက်။

ပင်လယ်ရေကြောင်း အကောက်တော်အက်ဥပဒေ ပုဒ်မ ၁၆၈၊ ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းနိုင်သည်၊ အကောက်တော်ဝန်၏ အာဏာပုဒ်မ ၁၈၈ အခိုင်္ကို အယူခံဝင်ခွင့်၊ ပုဒ်မ ၁၉၁ စောဒကဝင်ခြင်း၊ မည်သည့်အခါ စောဒကမဝင်နိုင်။

ဆုံးဖြတ်ချက်။ ။လျှောက်ထားသူပိုင် စက်လေ့ကို ငှါးရမ်းပြီး၊ ထိုစက်လေ့ဖြင့် ယိုးဒယားမှ ကွမ်းသီးများ မြန်မာပြည်တွင်းသို့ မတရားသောနည်းဖြင့် တင်ဆောင်လာခြင်းကြောင့်၊ ထိုပစ္စည်းများကို သယ်ဆောင်လာသူတို့အား ရုံးတင်တရားစွဲရာ၊ ထိုသူများအား အရေးကြီးသောကုန်ပစ္စည်းနှင့် လုပ်ငန်းဆောင်တာ အက်ဥပဒေပုဒ်မ ၈(၁)အရ၊ ပြစ်မှုထင်ရှားစီရင်၍ ပြစ်ဒဏ်ပေးပြီးဖြစ်သော်ငြားလည်း အကောက်တော်ဝန်၌ ပင်လယ်ရေကြောင်းအကောက်တော် အက်ဥပဒေပုဒ်မ ၁၆၈ အရ၊ယင်းသို့သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသောစက်လေ့ကို ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းပိုင်ခွင့်ရှိသည်။

ယင်းကဲ့သို့စက်လေ့ကို သိမ်းဆည်းသည့် အကောက်တော်ဝန်၏အမိန့်ကို တွေ့ရှိရသည့်အခါ၊ ပင်လယ်ရေကြောင်း အကောက်တော်အက်ဥပဒေပုဒ်မ ၁၈၈ အရ၊ အယူမခံဘဲ၊ ရန်ကုန်အကောက်တော်မင်းကြီးထံ၊ ထိုအက်ဥပဒေပုဒ်မ ၁၉၁ အရ စောဒကဝင်သည်မှာ ဖွားယင်းသည်။ လျှောက်ထားသူသည်၊ သက်ဆိုင်ရာသို့ အယူခံဝင်၍ လိုက်နာရန်ရှိသည်များကို မလိုက်နာဘဲ၊ စောဒကမဝင်နိုင်ချေ။

လျှောက်ထားသူအတွက်။ ။ဦးလှဖေလိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူများအတွက်။ ။အစိုးရမရှေ့နေ ဦးလှမောင်လိုက်ပါ ဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် ယခုလျှောက်ထားသူ ဦးစစ်ထင်က၊ ပီမီပိုင်စက်လေ့တစင်းကို၊ အပ္ပဒူကရင်ဆိုသူအား ငှါးရမ်းလိုက်ရာ၊ အပ္ပဒူကရင်က ချစ်မြဆိုသူအားတဆင့်ငှါးရမ်းပြီး၊ ချစ်မြသည်၊ ကော့သောင်အနီးရှိ ကလော့တုံတုံးရွာမှ၊

* ၁၉၆၂ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာအမှတ် ၇၅။

† တရားမ အမိန့်စီရင်အမှတ် ၁၊ဖခ ဆ ၆၂(၁) တွင် ၁၉၆၂ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့စွဲဖြင့် ရန်ကုန်မြို့ အကောက်တော်မင်းကြီးချမှတ်သောအမိန့်ကိုပြင်ဆင်မှု။

၁၉၆၂

ဦးစစ်ထင်
နှင့်
ရန်ကုန်မြို့
အကောက်တော်
မင်းကြီး ပါ ၂။

ကွမ်းသီးများတင်ဆောင်၍ပြန်အလာ အကောက်တော်ဌာနကဖမ်းဆီး၍ စက်လှေကို ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းသည့်အမိန့်ကိုပယ်ဖျက်ပြီး၊ စက်လှေကိုပြန်လည်ရရှိရန် အတွက် လျှောက်ထားခြင်းဖြစ်သည်။ အကောက်တော်မင်းကြီး၏ ကျမ်းကျိန်ချေပ ချက်တွင် ထိုစက်လှေဖြင့် ယိုးဒယားမှကွမ်းသီးများကို မြန်မာပြည်တွင်းသို့၊ မတရား သောနည်းဖြင့် တင်ဆောင်လာသည်ကိုတွေ့ရှိသောကြောင့်၊ ပင်လယ်ရေကြောင်းအ ကောက်တော်အက်ဥပဒေပုဒ်မ ၁၆၈ အရ၊ သိမ်းဆည်းလိုက်ခြင်းဖြစ်သည်ဆို၏။

လျှောက်ထားသူ၏ ပညာရှိရှေနေကြီးက၊ ထိုပစ္စည်းများကို သယ်ဆောင်လာ သူတို့အား ရုံးတင်တရားစွဲဆိုရာ၊ ထိုသူများအား အရေးကြီးသောကုန်ပစ္စည်းနှင့်လုပ်ငန်း ဆောင်တာအက်ဥပဒေပုဒ်မ ၈(၁)အရ ပြစ်မှုထင်ရှားစီရင်ပြီးပြစ်ဒဏ်ပေးသောကြောင့် အကောက်တော်ဌာနက အချင်းဖြစ်စက်လှေကို ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းခွင့် မရှိကြောင်းနှင့်လျှောက်လဲ၏။ သို့သော်နိုင်ငံခြားမှ ကွမ်းသီးများကို အာခွင့်အမိန့် တစုံတရာမရရှိဘဲ၊ ခိုးသွင်းလာသည်ဖြစ်၍၊ အကောက်တော်ဝန်ခံ ပင်လယ်ရေကြောင်း အကောက်တော်အက်ဥပဒေပုဒ်မ ၁၆၈ အရ၊ ယင်းသို့သယ်ယူပို့ဆောင်ရာတွင် အသုံး ပြုသောစက်လှေကို၊ ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းပိုင်ခွင့်ရှိသည်ဟုယူဆရမေသည်။ တဖန်ပညာရှိရှေနေကြီးက၊ ဘဏ္ဍာတော်အဖြစ်သိမ်းဆည်းရာတွင်၊ စက်လှေပိုင်ရှင် ယခု လျှောက်ထားသူအား ချေပခွင့်မပေးဘဲ၊ သိမ်းဆည်းသဖြင့်၊ ယင်းသို့သိမ်းဆည်းသည့် အမိန့်မှာ ပျက်ပြယ်ပါသည်ဟု လျှောက်ထားပြန်သေးသည်။ သို့သော်၊ အကောက်တော် ဝန်သည် စက်လှေတွင်တွေ့ရှိသောသူများအား ချေပခွင့်ပေးပြီးမှ၊ စက်လှေကို ဘဏ္ဍာ တော်အဖြစ်သိမ်းဆည်းခဲ့သည်။

ယခုလျှောက်ထားသူသည်၊ အကောက်တော်ဝန်ချမှတ်သည့်အမိန့်ကို တွေ့ရှိရသည့် အခါ၊ ပင်လယ်ရေကြောင်းအကောက်တော် အက်ဥပဒေပုဒ်မ ၁၈၈ အရ၊ အယူမခံဘဲ ရန်ကုန်အကောက်တော်မင်းကြီးထံ၊ ထိုအက်ဥပဒေပုဒ်မ ၁၉၁ အရ စောဒကတင်ခဲ့သည်။ ယင်းသို့သက်ဆိုင်ရာအာဏာပိုင်သို့ အယူခံမတင်ဘဲ၊ ပုဒ်မ ၁၉၁ အရ၊ စောဒကတင် သည်မှာ၊ မှားယွင်းသဖြင့် အကောက်တော်မင်းကြီးက ထိုစောဒကလွှာကိုပယ်လိုက်၏။ ထိုသို့ပယ်လိုက်သည်မှာ၊ အကောက်တော်မင်းကြီးသည်၊ ပင်လယ်ရေကြောင်း အ ကောက်တော်အက်ဥပဒေပုဒ်မ ၁၉၁(၂) ဒုတိယခြွင်းချက်အရ ပယ်ခြင်းဖြစ်သည်။ လျှောက်ထားသူသည် သက်ဆိုင်ရာသို့အယူခံဝင်၍ လိုက်နာရန်ရှိသည်များကိုမလိုက် နာဘဲ စောဒကမဝင်နိုင်ချေ။

အထက်ဖေါ်ပြပါအကြောင်းများကြောင့်၊ အမှုခေါ် စာချုပ်တော်အမိန့်ဖြင့် ဝင် ရောက်စွက်ဖက်ရန် အကြောင်းမမြင်သဖြင့်၊ ဤလျှောက်လွှာကိုပယ်လိုက်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစောဘသိန်းတို့ရှေ့၌

ဒေါ်ကျင်မို ပါ ၂ (လျှောက်ထားသူများ)

နှင့်

ငှါးရမ်းခကြီးကြပ်ရေးဝန်၊ ရန်ကုန်မြို့ ပါ ၂ (လျှောက်ထားခံရသူများ)*

† ၁၉၆၂ ဒီဇင်ဘာလ ၅ ရက်။

မည်ကဲ့သို့သော အိမ်လခကြီးကြပ်ရေးဝန်၏အမိန့်ကို အမှုခေါ် စာချုန်တော်ဖြင့်မဖျက်။

ဆုံးဖြတ်ချက်။ ။အိမ်ငှါးနေသူတဦးသည်၊ မိမိငှါးရမ်းနေထိုင်သောအိမ်ကို အခြားသူတဦးအား အငှါးချထားရန်အတွက် ကြီးကြပ်ရေးဝန်ထံ လျှောက်ထားသည်ကို ကြီးကြပ်ရေးဝန်က အိမ်ရှင်၊ အိမ်ငှါးနေသူနှင့် အငှါးချထားခံရမည်တို့ပါ ဆင့်ခေါ်စစ်ဆေးပြီး၊ လျှောက်ထားသည့်အတိုင်းအခွင့်ပြုသည့်အမိန့်သည်၊ မိမိ၏အာဏာနယ်နိမိတ်အတွင်းချမှတ်သောအမိန့်ဖြစ်သဖြင့်၊ အမှုခေါ် စာချုန်တော်ဖြင့် ပယ်ဖျက်ရန်အကြောင်းမရှိ။

လျှောက်ထားသူအတွက်။ ။ဦးသိန်းဟန် (၁) လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအမှတ်(၁)အတွက်။ ။အစိုးရရှေ့နေ ဦးဘကျော်လိုက်ပါဆောင်ရွက်သည်။

လျှောက်ထားခံရသူအမှတ်(၂)အတွက်။ ။မည်သူမျှမလာ။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင် ယခုလျှောက်ထားသူ ဒေါ်ကျင်မို ဒေါ်ကျင်ခင်တို့ပိုင် ရန်ကုန်မြို့၊ စပဘ်လမ်း (ဗိုလ်အောင်ကျော်လမ်း)ရှိ၊ အိမ်အမှတ် ၂၅၅—၂၅၇ အောက်ထပ်အခန်းနံပါတ် ၁ ကို၊ လျှောက်ထားခံရသူအမှတ်(၂)အရှေ့ဖေါင်ဒေးရှင်းအားငှါးရမ်းခဲ့၏။ အရှေ့ဖေါင်ဒေးရှင်းသည်၊ ထိုအခန်းမှထွက်ခွါကာနီးတွင်၊ အမေရိကန်သံရုံးအား ငှါးရမ်းရန်အတွက် ကြီးကြပ်ရေးဝန်ထံ လျှောက်ထားခဲ့ရာ၊ ကြီးကြပ်ရေးဝန်သည် ဒေါ်ကျင်မို့ကိုငင်း၊ အရှေ့ဖေါင်ဒေးရှင်းကိုယ်စားလှယ် မစ္စတာဒါလဘန်ကိုငင်း၊ အမေရိကန်သံရုံးမှအရာရှိတဦးကိုငင်း ဆင့်ခေါ်စစ်ဆေးပြီးလျှင်၊ လျှောက်ထားသည့်အတိုင်း အခွင့်ပြုလိုက်သည်။

---

* ၁၉၆၂ ခုနှစ်၊ တရားမ အထွေထွေ လျှောက်လွှာအမှတ် ၁၄၈။

† ၁၉၆၂ ခုနှစ်၊ တရားမအထွေထွေ အိမ်ခအမှုတွဲအမှတ် ၈၊ ၈၅ တွင်၊ ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့စွဲပါ၊ ရန်ကုန်မြို့ ငှါးရမ်းခကြီးကြပ်ရေးဝန်၏အမိန့်ကို ပြင်ဆင်ချို့။

၁၉၆၂

ဒေါ်ကျင်မို့
ပါ ၂
နှင့်
ဦးရမ်းခ
ကြီးကြပ်ရေးဝန်၊
ရန်ကုန်မြို့ ပါ ၂။

ထိုအမိန့်ကိုမကျေနပ်သဖြင့်၊ အမှုခေါ် စာချုန်တော်ဖြင့် ပယ်ဖျက်ပါရန် ဒေါ်ကျင်မို့ တို့ လျှောက်ထားခြင်းဖြစ်သည်။

ကြီးကြပ်ရေးဝန်သည်၊ သက်ဆိုင်သူအားလုံးကို ဆင့်ခေါ်စစ်ဆေးပြီး၊ မိမိအာဏာ နယ်နိမိတ်အတွင်း အမိန့်ချမှတ်သည်ဖြစ်၍၊ အမှုခေါ် စာချုန်တော်ဖြင့် ပယ်ဖျက်ရန် အကြောင်းမမြင်ချေ။

လျှောက်လွှာကိုပယ်လိုက်သည်။ အမှုသည်မျှားသည် မိမိတို့တရားစရိတ်ကို မိမိတို့ အသီးသီးကျခံရမည်ဖြစ်သည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီး၊ တရားသူကြီး ဦးစောဘသိန်းနှင့် တရားသူကြီး ဦးထွန်းတင်တို့ရှေ့၌

အမ်၊ အေ၊ ဝါဟစ် ပါ ၂ (လျှောက်ထားသူများ)

နှင့်

အဗ္ဗဒုကွဒရမ် (လျှောက်ထားခံရသူ)*

† ၁၉၆၂ ဒီဇင်ဘာလ ၁၀ ရက်။

၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၀၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာဌါးရမ်းခကြီးကြပ်ရေးအက်ဥပဒေ၊ပုဒ်မ ၁၀၊ စဘော်ငွေ ယူခြင်းကိုတားမြစ်ခြင်း၊ ပေးခြင်းကို အတိအလင်းမတားမြစ်၊ ပေးသူနှင့်ယူသူ၊ အတူတူအပြစ်ရှိခြင်းမဟုတ်၊ ပြန်ရရန် တောင်းဆို နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်အရငှင်း၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာဌါးရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်အရဆိုလျှင်၊ အိမ်ရှင်အားသာ ဌါးရမ်းခအပြင် အပိုငွေတောင်းဆိုခြင်းမပြုရန် အဓိကအားဖြင့် တားမြစ်ထားသည်။ အငှါးခံယူသူအား အပိုငွေပေးခြင်းမှ အတိအလင်းတားမြစ်ခြင်း မပြုချေ။

အိမ်ဌါးနှင့်အိမ်ရှင်တို့၊ မြို့ပြဆိုင်ရာ ဌါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၀ ပါပြဋ္ဌာန်း ချက်များကိုဆန့်ကျင်၍၊ စဘော်ငွေအပေးအယူပြုရာ၌ အတူတူပင်အပြစ်ရှိသည်ဟု မယူဆပေ။

ဂရေးနှင့် ဆောက် (သ) ဟောက် (စ) ၁၉၄၉၊ All England Reporter, အတွဲ ၂၊ စာ ၁၀၁၉၊ ၁၀၂၀ ကိုရည်ညွှန်းသည်။

ဂျေ၊ စီ၊ ဖီး လ် (ဒ) ဓါတ်မီးကုမ္ပဏီနှင့် ကေ၊ အဂါဝါလါး၊ အိန္ဒိယစီရင်ထုံးများ၊ ပတ္တနာ၊ အတွဲ ၃၀၊ စာ ၁၃၇။

တေလာနှင့်ချက် (စ်) ဘာ၊ ၁၈၆၈-၆၉၊ ၄ ဘုရင်မခုံရုံး၊ စာ ၃၀၉၊ ၃၁၃-၁၄ တို့ကိုဝေဖန်သည်။

မြေအငှါးခံယူသူက၊ မြေရှင်အား မြေကိုငှါးစဉ်က စဘော်ငွေပေးထားရာ၊ မြေအငှါးခံယူသူသည်၊ ငါးရမ်းထားသောမြေကို လက်လွတ်ခဲ့သည်ဆိုသောအကြောင်းကြောင့်၊ စဘော်ငွေကို ပြန်လည် ရရှိရန် တောင်းဆိုနိုင်သည်။

နာဗါရို့နှင့်ခို(ရ်)ဂရင်းလီမိတက်၊ ၁၉၅၁ ခု၊ အပတ်စဉ်မှတ်တမ်းများ၊ စာ ၃၃၅ ကိုရည်ညွှန်းသည်။

---

* ၁၉၆၂ ခုနှစ်၊ တရားမစောဒကအမှတ် ၄။

† ၁၉၆၁ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၅၅ တွင် ၁၉၆၂ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့စွဲပါ တရားံုးချုပ်တရားသူကြီးချုပ် ချမှတ်သောအမိန့်ကို စောဒကတက်မှု။

၁၉၆၂ လျှောက်ထားသူများအတွက်။ ။မစ္စတာဂျီးအင်၊ဘနာဂျီလုက်ပါဆောင်ရွက်သည်။

အမ်၊ အေ၊ ဝါဟစ် ပါ ၂ နှင့် အဗ္ဗဒူကွာဒရမ်။ လျှောက်ထားခံရသူအတွက်။ ။ဦးအောင်ကြီးလိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။အယူခံတရားလို အမ်၊ အေ၊ ဝါဟစ်နှင့် ၎င်း၏ မိခင်ဒေါ်ထွေးဘို့သည်၊ အင်းစိန်မြို့ရှိ အခင်းဖြစ်မြေကွက်ကို ပိုင်ရှင်များထံမှတလင်လျှင် မြေငှါးခ ၁၀ နှင့်ငှါးရမ်းပြီး၊ ထိုမြေပေါ်၌ အိမ်တိုင်များထူ၍ အိမ်စတင်ဆောက်လုပ်နေစဉ်၊ အဗ္ဗဒူရာမန်နှင့် ဒေါ်ပုဆိုသူတို့ထို မြေပေါ် သို့ကျူးကျော်ဝင်ရောက်တဲထိုးသဖြင့်မြေရှင်များကဝင်း ဘို့အား ရာဇဝတ်ကြောင်းဖြင့်တရားစွဲဆိုနှင့်ထုတ်လိုက်ကြ၏။ ထို့နောက် မြေရှင်များသည်၊ အခင်းဖြစ်မြေကိုမိမိတို့အားပြန်လည်ပေးအပ်ရန် တောင်းဆိုသော်လည်း ပေးအပ်ခြင်းမပြုတော့ဟုဆိုကာ၊ အယူခံတရားလိုများက မြေငှါးစဉ် မြေငှါးခအပြင် ပေးခဲ့ရသောဆာလာမီ (၀၀) ပရိမီယံခေါ် စဘော်ငွေ ၁,၀၄၀ ကိုပြန်လည်ရရှိရန်အတွက်၊ မြေရှင်များ၏ကိုယ်စားလှယ် အဗ္ဗဒူကိုင်ယမ်းအပေါ် တရားစွဲဆိုလေသည်။ အဗ္ဗဒူကိုင်ယမ်းက၊ စဘော်ငွေ ၁,၀၄၀ မရခဲ့သည့်အပြင်၊ အယူခံတရားလိုများ မြေကိုပြန်အပ်ကြောင်းနှင့်ထုချေ၏။

အင်းစိန်နယ်ပိုင်တရားမရုံးက အယူခံတရားလိုတို့၏ စွဲဆိုချက်ကို ပလပ်သဖြင့် ခရိုင်တရားမရုံးသို့အယူခံဝင်ရာ ခရိုင်ရုံးက အယူခံတရားလိုများစဘော်ငွေ ၁,၀၄၀ ပေးရကြောင်းဒတ္ထရှိ၏။ ထို့ပြင်လည်း၊ အယူခံတရားလိုများသည် မြေရှင်များအပေါ် တရားမစွဲဘဲ ကိုယ်စားလှယ်အဗ္ဗဒူကိုင်ယမ်းအပေါ်သာ တရားစွဲသည်ကိုတွေ့ရှိ၏။ သို့သော် ယင်းသို့သောစဘော်ငွေကို တောင်းခံခြင်းမပြုရန်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေအရ တားမြစ်ထားသည်တကြောင်း၊ စဘော်ငွေမှာလည်း ပေးပြီးဖြစ်သည်တကြောင်းတို့ကြောင့်၊ အယူခံတရားလိုတို့ကို၊ ငွေကိုပြန်လည်မတောင်းခံနိုင်ကြောင်းဖြင့်၊ **ဂျေ၊ စီ၊ ဖီးလ်(ဒ်)ခါတ်မီးကုမ္ပဏီနှင့် ကေ၊ အဂါဝါလား (၁)** ဖြတ်ထုံးကို ကိုးကားပြီး၊ အယူခံကိုပလပ်လိုက်သည်။

အယူခံတရားသိုတို့၊ ခရိုင်တရားမရုံး၏အဆုံးအဖြတ်ကိုမကျေနပ်သဖြင့်၊ အယူခံဝင်ရာတွင်၊ တရားရုံးချုပ် (ဦးဘိုကြီး)က၊ အယူခံတရားလိုများ အခင်းဖြစ်မြေကိုငှါးရမ်းလက်ရှိရနေစဉ်၊ အခြားသူများ ဝင်ရောက်ကျူးကျော်နှင်ထုတ်ခံရပြီးနောက်၊ မြေရှင်က မြေကိုပြန်လည်ပေးအပ်ခြင်းမပြုတော့ဆိုသည့်အခြေအနေတွင်၊ မိမိတို့မြေရှင်အား ပေးခဲ့ရမည်ဆိုသောစဘော်ငွေကို ပြန်လည်ရနိုင်မရနိုင်ပြဿနာကို ကျယ်ပြန့်သောစုံညီခုံရုံးမှ ဆုံးဖြတ်ရန်အတွက် လွှဲအပ်လိုက်သည်။

(၁) အိန္ဒိယ စီရင်ထုံးများ၊ ပတ္တနာ၊ အတွဲ ၃၀၊ စာ ၁၃၇။

၁၉၆၂
အမ်၊ အေ၊
ဝါဟစ် ပါ ၂
နှင့်
အဗ္ဗဒုက္ခာရမ်။

ယင်းသို့စုံညီခုံရုံးသို့ ပြဿနာလွှဲအပ်ရသည့်အကြောင်းမှာ၊ အများအသိပင်ဖြစ်သည့်အတိုင်း၊ ရန်ကုန်-မန္တလေးစသည်မြို့များ၌၊ လူနေအိမ်များ၊ စီးပွါးရေးဆိုင်ရာ ဥပစာများရှားပါးနေသည်ကို အခွင့်ကောင်းယူကာ၊ ယေဘုယျအာဖြင့် အိမ်ရှင်များသည် အငှါးခံယူသူများထံမှ စဘော်ငွေတောင်းခံတတ်ကြသောကြောင့်ဖြစ်သည်။ ထို ပြဿနာကို ဝေဖန်သုံးသပ်ရာ၌၊ အဓိကအားဖြင့် ဆုံးဖြတ်ရမည့်အချက်မှာ၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၀ ပါပြဋ္ဌာန်းချက်များအရ၊ ငှါးရမ်းခအပြင် စဘော်ငွေတောင်းခံခြင်းမပြုရဟု တားမြစ်ထားလျက်၊ မြေရှင်နှင့်မြေငှါးတို့ စဘော်အပေးအယူပြုရာတွင်၊ ထိုသို့နှစ်ဦးစလုံး ဥပဒေအရ အတူတူပင် အပြစ်ရှိသလော ဟူသည့်အချက်ပင်ဖြစ်သည်။ အကြောင်းသော်ကား၊ အင်္ဂလန်ပြည်တရားသူကြီးများ ရှေးယခင်က စီရင်ထုံး ချမှတ်ခဲ့ရာ၌၊ တရားလို၊ တရားခံတို့ ဥပဒေကိုချိုးဖောက်သည့် အမှုပြုခဲ့လျှင်၊ နှစ်ဦးစလုံးအတူတူအပြစ်ရှိက၊ ပေးပြီးငွေ၊ သို့တည်းမဟုတ်ပစ္စည်းကို ပေးသူပြန်လည်ရရှိရန်အတွက်၊ တရားရုံးများ အကူအညီပေးမည်မဟုတ်ဆိုသောမူကို လိုက်နာကျင့်သုံး ခဲ့ကြသည်။ ထိုမူမှာ လက်တင်ဘာသာ စကားအရ၊ "in pari delicto potior est conditio possidentis" ဖြစ်သည်။

ယင်းမူကိုဝေဘန်ရာ၌၊ ၁၈၆၉ ခုနှစ်တွင်ဆုံးဖြတ်သော **တေလာနှင့်ချက်(စ်)တာ(၂)** အမှုတွင်၊ တရားသူကြီးက အောက်ပါအတိုင်းမြွက်ဆိုခဲ့၏။

> "The maxim that 'in pari delicto potior est conditio possidentis' is as thoroughly settled as any proposition of law can be. It is a maxim of law, established, not for the benefit of plaintiffs or defendants, but is founded on the principles of public policy, which will not assist a plaintiff who has paid over money or handed over property in pursuance of an illegal or immoral contract, to recover it back, 'for the courts will not assist an illegal transaction in any respect'."

ခရိုင်တရားမရုံး ကိုးကားသော၊ ပတ္တနာဖြတ်ထုံး (၁)တွင်၊ ထိုအင်္ဂလန်ပြည် စီရင်ထုံးကိုအထောက်အထားပြု၍ အဆုံးအဖြတ်ပေးခဲ့လေသည်။ ယခုအမှုမျိုးကိုဆုံးဖြတ်ရာ၌၊ အထူးသတိချအပ်သည့်အချက်တရပ်မှာ၊ ကမ္ဘာစစ်ကြီးဖြစ်ပြီးနောက်၊ လူနေအိမ်ခြေများ၊ စီးပွါးရေးဆိုင်ရာဥပစာများ ရှားပါးသည့်ခေတ်တွင်၊ အငှါးခံယူသူများ စဘော်ပေးရာ၌၊ အိမ်ရှင်နှင့်အိမ်ငှါးတို့တရားဥပဒေကို အတူတူချိုးဖောက်၍၊ အတူတူ ပင်အပြစ်ရှိသလောဟူသည့်အချက်ဖြစ်သည်။

(၂) ၁၈၆၈-၆၉၊ ၄ ဘုရင်မခုံရုံးစာ ၃၀၉၊ ၃၁၃-၁၄။

၁၉၆၂

အမ်၊ အေ၊ ဝါဟစ် ပါ ၂ နှင့် အမှုဒုက္ခာရမ်။

အထက်၌ဖော်ပြခဲ့သော ပတ္တနာဖြတ်ထုံး (၁)ပါအဖြစ်အပျက်များမှာ၊ ဘက်ထရီခါတ်အားသွင်းရန် ခါတ်အားမပေးရဟု ဥပဒေအရတားမြစ်ထားလျက်၊ ခါတ်မီး ကုမ္ပဏီနှင့် ကော၊ အဂါဝါလားတို့ နားလည်မှုယူပြီး၊ ခါတ်အားအပေးအယူပြုခဲ့ပြီးနောက် အဂါဝါလားက ကျသင့်သည့်အခနှုန်းထက် ပိုမိုပေးရသည့်ငွေကို ပြန်လည်ရရှိရန်တရား စွဲဆိုရာ၊ တရားရုံးက၊ ဥပဒေချိုးဖောက်ပြီး ဆောင်ရွက်ခဲ့ကြသဖြင့်၊ အကူးအညီပေးမည် မဟုတ်ကြောင်းဆုံးဖြတ်လေသည်။ အိမ်ရှင်၊ အိမ်ငှါးတို့နှင့်စပ်လျဉ်း၍ စဉ်းစားတော်တွင် ပေါ်ပေါက်သောအမှုမျိုးမဟုတ်ခဲ့။

စစ်ကြီးပြီးသည့်နောက်၊ အိမ်ငှါးများအခက်အခဲနှင့် တွေ့ကြုံကြရသဖြင့်၊ အင်္ဂလန်ပြည်၌ဥပဒေများကို၊ နာမည်အမျိုးမျိုးဖြင့်၊ ပြဋ္ဌာန်းခဲ့ရလေသည်။ မြန်မာပြည်၌၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၀ အရငှါး၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေအရငှါး အောက်ပါအတိုင်းပြဋ္ဌာန်းသည်။

> ၁၀။ ။မည်သူမျှ ဥပစာတခုခု အငှါးချထားခြင်း၊ သို့တည်းမဟုတ် အသစ်ပြန်၍ အငှါးချထားခြင်း၊ သို့တည်းမဟုတ် ဆက်လက် အငှါးချထားခြင်းကြောင့်၊ ငှါးရမ်းခအပြင်၊ နောက်ထပ်ဒဏ်ငွေ၊ စတောင်ငွေ၊ သို့တည်းမဟုတ် အခြားငွေပေးဆောင်ရန် မတောင်းဆိုရ၊ သို့တည်းမဟုတ် တလအတွက် ငှါးရမ်းခထက် ပိုသော စရံငွေကို မတောင်းဆိုရ။

ထိုပြဋ္ဌာန်းချက်များအရဆိုလျှင်၊ အိမ်ရှင်အားသာ ငှါးရမ်းခအပြင် အပိုငွေတောင်းဆိုခြင်းမပြုရန် အဓိကအားဖြင့် တားမြစ်ထားသည်။ အငှါးခံယူသူအား အပိုငွေပေးခြင်းမှ အတိအလင်း တားမြစ်ခြင်းမပြုခဲ့။ သို့သော် ယင်းသို့အပိုငွေပေးလျှင် ငှါးရမ်းသူအား၊ အားပေးကူညီမှုပြုရာ ရောက်ကောင်းရောက်ပေလိမ့်မည်။ ဤဖြစ်၍ အိမ်ရှင်၊ အိမ်ငှါးတို့ စတောင်ငွေပေးရာ၌၊ အတူတူပင် အပြစ်ရှိသလောဟုသည့် ပြဿနာကို စဉ်းစားဆုံးဖြတ်ရာ၌၊ အထက်ပါအချက်ကို ထည့်သွင်းစဉ်းစားသင့်ပေသည်။

ကျွန်ုပ်တို့နှင့် ပညာရှိချွေနေကြီးများ စုံစမ်းရရှိသလောက် ဤအမှုပါ အကြောင်းခြင်းရာများနှင့် ထပ်တူထပ်မျှလိုပင် တူသောအမှု ၂ မှု၊ အင်္ဂလန်ပြည်တွင် စစ်ကြီးပြီးမှ ပေါ်ပေါက်ခဲ့၏။ ပဌမအမှုဖြစ်သော ဂရေနှင့် ဆောက်(သ်) ဟောက်(စ်) (၃)အမှုတွင် တရားသူကြီးသည် အောက်ပါအတိုင်း မြွက်ဆို၏။

> "The Rent Acts are Acts for the protection of tenants, and Parliament might very well have had it in mind that, unless it altered the common law rule, the result would be that the

(၃) ၁၉၄၉၊ all England Reporter, အတွဲ ၂၊ စာ ၁၀၁၉၊ ၁၀၂၀။

landlord, who would generally be far the more guilty party of the two, would be left in possession of the fruits of his illegality. That is the proper view of the statute, and it is reinforced by *Bsowning* v. *Morris*(1) H where Lord Mansfield, C.J., in his judgment says (2 Cowp. 792).

"But, where contracts or transactions are prohibited by positive statutes, for the sake of protecting one set of men from another set of men; the one, from their situation and condition, being liable to be oppressed or imposed upon by the other; *there*, the parties are *not in pari delicto*; and in furtherance of these statutes, the person injured, after the transaction is finished and completed, may bring his action and defeat the contract."

၁၉၆၂
အမ်၊ အေ၊ ဝါဟစ် ပါ ၂ နှင့် အဗ္ဗဒုက္ခာရမ်။

ထိုအမှုဌ္ဌ ညွှန်းသော ကြီးကြပ်ရေး အက်ဥပဒေတွင် သတ်မှတ်ထားသည့်နေ့ နောက်ပိုင်းတွင်၊ စဘော်ပေးခဲ့လျှင်၊ ထိုစဘော်ငွေကို ပေးသူကပြန်ယူ ရရှိနိုင် ကြောင်း ပြဋ္ဌာန်းထားသည်။ သို့သော် တရားသူကြီးသည် ထိုပြဋ္ဌာန်းချက်အရ တရားစွဲဆိုသည် မဟုတ်ကြောင်း အတိအလင်းဖော်ပြလေသည်။ ထို့ပြင်လည်း၊ ယခု ကဲ့သို့သော အိမ်ငှါးက အိမ်ရှင်အား စဘော်ငွေ ပေးထားရာဌ္ဌ စဘော်ငွေ ပြန်တောင်း သည်တွင်၊ ထိုကိစ္စမျိုးကို အထူးကိစ္စရပ်ဖြင့် စဉ်းစားရမည်ဟု ဖော်ပြထားလေသည်။

ထိုအမှုတွင် ယခုအမှုမှာကဲ့သို့ပင် အိမ်ငှါးသည် ငှါးရမ်းထားသော ဥပစာကို လက်လွှတ်ခဲ့သည်ဆိုသော အကြောင်းဖြင့် စဘော်ငွေ ပြန်လည်ရရှိရန် တရားစွဲဆိုခြင်း ဖြစ်သည်။

၁၉၅၁ ခုနှစ်တွင်လည်း၊ အင်္ဂလန်ပြည်တွင်၊ ထိုအမှုမျိုးဖြစ်သော **နာဗာရူနှင့် မိုလ်ဂရင်းလီမီတက်** (၄) အမှုပေါ် ပေါက်ရာ၊ တရားသူကြီး ၃ ဦး ထိုနည်းအတိုင်းပင် ဆုံးဖြတ်ခဲ့ကြ၏။

အထက်ဖော်ပြပါ အကြောင်းများကြောင့်၊ ကျနော်တို့သည်၊ ဤအမှုတွင်၊ အိမ်ငှါး နှင့် အိမ်ရှင်တို့၊ မြို့ပြဆိုင်ရာ ငှါးရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၀ ပါပြဋ္ဌာန်း ချက်များကို ဆန့်ကျင်၍၊ စဘော်ငွေ အပေးအယူပြုရာဌ္ဌ အတူတူပင် အပြစ်ရှိသည်ဟု မယူဆပေ။

ထို့ကြောင့် အထက်ဌ္ဌ ဖော်ပြခဲ့သော အခြေအနေများတွင်၊ စဘော်ငွေကို အငှါး ခံယူသူ ပြန်လည်တောင်းဆိုနိုင်ကြောင်းဖြင့်၊ အဖြေပေးကြသည်။

(၄) ၁၉၅၁ ခု၊ အပတ်စဉ် မှတ်တမ်းများ၊ စာ ၃၃၅။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီးနှင့် တရားသူကြီး ဦးစော ဘသိန်း တို့ရှေ့၌

† ၁၉၆၂
— —
ဒီဇင်ဘာလ
၄ ရက်။

ဦးထွန်းတင် ပါ ၂ (အယူခံတရားလိုများ)
နှင့်
ဦးစမူ ပါ ၂ (အယူခံတရားခံများ)*

၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၁(၁) (ဂ)။

အိမ်ငှါးနှင့်အတူ လက်ရှိထားသည့်၊ သို့မဟုတ် နေထိုင်သည့်၊ အခြားသူတယောက်ကို နှင်ထုတ်ပိုင်ခွင့်။

တရားဥပဒေနှင့်ဆန့်ကျင်သော ကိစ္စအလို့ငှါ အသုံးပြုသည့်ဥပစာ။

အယူခံတရားလိုများဖြစ်သော ဦးထွန်းတင်နှင့်မခင်ထွေး မောင်နှမနှစ်ယောက်တို့သည်၊ အခင်္ဂဖြစ်ဥပစာကို အယူခံတရားခံများထံမှ ငှါးရမ်းပြီးနေထိုင်လာခဲ့ရာ၊ မောင်ဖြစ်သူမှာ၊ ၎င်းဥပစာပေါ်တွင် သက်တမ်းကုန်ဆုံးသောလိုင်စင်ကို၊ အသစ်မလဲဘဲ ဆက်လက်၍ကျုံစက်တည်သဖြင့်၊ ၁၉၅၂ ခုနှစ်၊ မြို့နီစီပါယ်အက်ဥပဒေပုဒ်မ ၂၁၅ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့်အပြင်၊ အခင်းဖြစ်မြေပေါ်တွင်၊ မြို့နီစီပါယ်ကော်မီတီ၏ အခွင့်အမိန့်မရရှိဘဲ အဆောက်အဦအသစ် ထပ်မံဆောက်လုပ်ခြင်းကြောင့် ၁၉၄၆ ခုနှစ်၊ အဆောက်အဦများ (ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်ခြင်းသတ်မှတ်ရေး) အက်ဥပဒေပုဒ်မ ၄/၉ အရ၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသဖြင့်၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာ ငှါးရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၁ (၁) (ဂ)အရ အခင်းဖြစ်ဥပစာကို တရားဥပဒေနှင့်ဆန့်ကျင်သော ကိစ္စအလို့ငှါ အသုံးပြုသည့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသည်ဟု ယူဆ၍ အယူခံတရားလိုနှစ်ယောက်စလုံးကို အခင်းဖြစ်ဥပစာမှ ထွက်ခွါသွားစေရန် အမိန့်ချမှတ်လိုက်သည့်ကိစ္စတွင်၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူမှာ ဦးထွန်းတင်သာဖြစ်၍၊ မခင်ထွေးအား၊ အခင်းဖြစ်ဥပစာမှ နှင်ထုတ်ခြင်းမပြုသင့်ကြောင်းလျှောက်လဲ၏။

ဆုံးဖြတ်ချက်။ ။မခင်ထွေးသည်၊ အခင်းဖြစ်ဥပစာကိုငှါး၏မောင် ဦးထွန်းတင်နှင့်အတူတကွ ငှါးရမ်းနေထိုင်သူဖြစ်သဖြင့်၊ ထိုအက်ဥပဒေပုဒ်မ ၁၁ (၁) (ဂ)အရ၊ အိမ်ငှါးအတူ လက်ရှိထားသည့်၊ သို့မဟုတ် နေထိုင်သည့် အခြားသူတယောက်ဖြစ်သဖြင့်၊ ဦးထွန်းတင်အား၊ အိမ်ရှင် နှင်ထုတ်ပိုင်ခွင့်ရှိလျှင်၊ ၎င်းအားလည်းထိုပုဒ်မပါပြဋ္ဌာန်းချက်မျှအရ၊ အိမ်ရှင်က နှင်ထုတ်ပိုင်ခွင့်ရှိသည်။

အိမ်ငှါးသည်၊ ငှါးရမ်းသည့်ဥပစာ၌၊ ပြစ်မှုကျူးလွန်ပြီး ထိုဥပစာကို ထိုပြစ်မှုကျူးလွန်ရန် အတွက် အသုံးပြုသဖြင့်၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်၊ ၎င်းသည် ဥပစာကိုတရားဥပဒေနှင့်

---

* ၁၉၅၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၉။

† ၁၉၅၆ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁ တွင် ၁၉၅၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက် နေ့စွဲပါ၊ မန္တလေးတရားလွှတ်တော်၏ ချမှတ်သော ဒီကရီကို အယူခံဝင်မှု။

ဆန့်ကျင်သောကိစ္စအလို့ငှါ အသုံးပြုသည့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည်ဟု မှတ်ယူရမည်ဖြစ်သည်။

S. Schneiders and Sons, Ltd. v. Abrahams, ၁၉၂၅ ခုနှစ်၊ ဘုရင့်ခုံရုံး၊ စာ ၃၀၁ ကိုရည်ညွှန်းသည်။

၁၉၆၂

ဦးထွန်းတင် ပါ ၂ နှင့် ဦးစမူ ပါ ၂။

အယူခံတရားလိုများအတွက်။ ။ဦးလှညွှန့်လိုက်ပါဆောင်ရွက်သည်။

အယူခံ တရားခံများအတွက်။ ။မစ္စတာ ကို၊ အင်(နှ)၊ ဘနာဂျီ လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုအဖြစ်အပျက်အတိုချုပ်မှာ၊ ယခုအယူခံတရားခံများဖြစ်သူ ဦးစမူနှင့်ကိုစုတို့ပိုင်၊ မန္တလေးမြို့ရှိတိုက်အိမ်တလုံးကို ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မီးလောင်ကျွမ်းရာ၊ အုတ်နံရံများသာကျန်၏။ ၁၉၄၇ ခုနှစ်တွင်၊ ယခုအယူခံတရားလိုများဖြစ်သူ ဦးထွန်းတင်နှင့် နှမမခင်ထွေးတို့သည်၊ ထိုမြေနှင့်အုတ်နံရံများကို၊ ဦးစမူနှင့်ကိုစုတို့ထံမှ ငှါးရမ်း၍၊ အုတ်နံရံများပေါ်တွင်၊ အမိုးတင်ပြီးနေထိုင်ခဲ့ကြ၏။ ၁၉၄၈ ခုနှစ်လောက်တွင်၊ ဦးထွန်းတင် သည်၊ မန္တလေး မြူနီစီပါယ်ကော်မိတီထံမှ ယာယီလိုင်စင်တောင်းခံပြီး၊ ထိုမြေပေါ်တွင် ဂုံးစက်လည်၏။ ထိုလိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက်၊ လိုင်စင်သစ်မလဲဘဲ ဆက်လက်၍ဂုံးစက်လည်သည်တွင်၊ ၁၉၅၂ ခုနှစ်၌၊ မြူနီစီပါယ်အက်ဥပဒေပုဒ်မ ၂၀၅ အရ၊ မြူနီစီပါယ်ကော်မိတီက တရားစွဲဆိုသဖြင့်၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရ၏။ ထို့ပြင်လည်း၊ အခင်းဖြစ်မြေပေါ်တွင် ၎င်းဆောက်လုပ်ထားသောအဆောက်အဦမှာ မီးလောင်သဖြင့်၊ ဦးထွန်းတင်သည် မြူနီစီပါယ်ကော်မိတီ၏ အခွင့်အမိန့်မရရှိဘဲ အဆောက်အဦသစ် ထပ်မံဆောက်လုပ်ရာတွင်၊ ၁၉၄၆ ခုနှစ် အဆောက်အဦများ (ဆောက်လုပ်ခြင်းနှင့်ပြင်ဆင်ခြင်းသတ်မှတ်ရေး) အက်ဥပဒေပုဒ်မ ၄/၉ အရ၊ တရားစွဲဆိုခြင်းခံရရာ၊ ဦးထွန်းတင်၏ဝန်ခံချက်ဖြင့် ၎င်းသည်ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပြန်၏။

ထိုအချက် ၂ ချက်နှင့် ဦးထွန်းတင်၊ မခင်ထွေးတို့ကျသင့်သော ဂုံးရုံးခများပေးဆောင်ရန်ပျက်ကွက်သည်ဟူသော အကြောင်းပြချက်များဖြင့်၊ ဦးစမူ၊ ကိုစုတို့က ၎င်းတို့အား၊ အခင်းဖြစ်ဥပစာမှ နှင်ထုတ်ရန်တရားစွဲဆိုခဲ့၏။ မန္တလေးမြို့နယ်တရားမရုံးက ဦးစမူ၊ ကိုစုတို့စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်လိုက်၏။ ဦးထွန်းတင်တို့ အယူခံဝင်ရာတွင်၊ မန္တလေးခရိုင်တရားမတရားသူကြီးက ဦးထွန်းတင်တို့အား၊ အခင်းဖြစ်မြေပေါ်မှထွက်ခွါသွားစေရန် အမိန့်ချမှတ်၏။ သို့သော်၎င်းတို့သည် ၁၉၅၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင်ဖြစ်စေ ထိုနေ့မတိုင်မီဖြစ်စေ၊ မပြေကျန်ရှိသောမြေးများကို အပြေအလည်ပေးဆောင်က၊ ထိုအမိန့်ဒီကရီကို ပယ်ဖျက်မည်ဖြစ်ကြောင်းဖြင့် အမိန့်

၁၉၆၂

—

ဦးထွန်းတင်
ပါ ၂
ဦးစမူ ပါ ၂။

ချမှတ်လိုက်၏။ ဦးစမူ၊ ကိုစုတို့ တရားလွှတ်တော်သို့အယူခံဝင်ရာတွင်၊ တရားလွှတ်တော်က၊ အထက်ဌာနဖေါ်ပြခဲ့သော ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရသည်များကြောင့်၊ ၁၉၄၈ ခုနှစ်၊ မြို့ပြဆိုင်ရာဌားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၁(၁)(ဂ)အရ၊ အခင်းဖြစ်ဥပစာကို တရားဥပဒေနှင့်ဆန့်ကျင်သောကိစ္စအလို့ငှါ အသုံးပြုသည့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည်ဟုယူဆ၍၊ ခရိုင်တရားမရုံး၏ဒီကရီကို ပယ်ဖျက်ပြီးလျှင်၊ ဦးတွန်းတင်နှင့် မခင်ထွေးတို့ အခင်းဖြစ်ဥပစာမှ ထွက်ခွါသွားစေရန် အမိန့်ချမှတ်လိုက်သည်။ ထိုအမိန့်ကိုမကျေနပ်သဖြင့်၊ ယခု ၎င်းတို့အယူခံခြင်းဖြစ်သည်။

ဤရုံးတွင်၊ နှစ်ဦးနှစ်ဘက်သော ပညာရှိရွှေနေကြီးများက ဦးထွန်းတင်ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည်မှာ၊အဆိုပါအက်ဥပဒေပုဒ်မ ၁၁(၁)(ဂ)တွင် အကျုံးဝင်သလော ဟူသည့်ပြဿနာနှင့်စပ်လျဉ်း၍သာ လျှောက်လဲကြ၏။ အယူခံတရားလိုတို့၏ ပညာရှိရွှေနေကြီးက ပြစ်မှုထင်ရှားခြင်းခံရသူမှာ၊ ဦးထွန်းတင်သာဖြစ်၍၊ မခင်ထွေး အား၊ အခင်းဖြစ်ဥပစာမှ နှင်ထုတ်ခြင်းမပြုသင့်ကြောင်းလျှောက်လဲ၏။ သို့သော်၊ မခင်ထွေးသည်၊ အခင်းဖြစ်ဥပစာကို ၎င်း၏မောင် ဦးထွန်းတင်နှင့်အတူတကွ ငှါးရမ်းနေထိုင်သူဖြစ်ရာ၊ ထိုအက်ဥပဒေပုဒ်မ ၁၁(၁)(ဂ)အရ၊ အိမ်ငှါးနှင့်အတူလက်ရှိထားသည့်၊ သို့မဟုတ်နေထိုင်သည့် အခြားသူတယောက်ဖြစ်သဖြင့်၊ ဦးထွန်းတင်အား အိမ်ရှင်နှင်ထုတ်ပိုင်ခွင့်ရှိလျှင်၊ ၎င်းအားလည်း၊ ထိုပုဒ်မပါ ပြဋ္ဌာန်းချက်များအရ၊ အိမ်ရှင်က နှင်ထုတ်ပိုင်ခွင့်ရှိသည်။

အယူခံတရားခံများ၏ ပညာရှိရွှေနေကြီးက၊ ဦးထွန်းတင် မြူနီစီပါယ်ကော်မီတီထံမှ အခွင့်အမိန့်မရဘဲအိမ်ပြင်သည့်အတွက်ပြစ်မှု ထင်ရှားစီရင်ခြင်းခံရသည်နှင့်စပ်လျဉ်း၍၊ မိမိမလျှောက်ထားလိုတော့ကြောင်းဖြင့်ပြောကြားပြီး၊ အဓိကအားဖြင့်လျှောက်ထားသည်မှာ၊ ဦးထွန်းတင်သည်၊ ဂျုံစက်လည်ရန်အတွက် လိုင်စင်မလဲဘဲ ဂျုံစက်ကိုလည်သဖြင့်၊ အခင်းဖြစ်ဥပစာကို တရားဥပဒေနှင့်ဆန့်ကျင်သောကိစ္စအလို့ငှါ အသုံးပြုသည့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်းဖြင့် လျှောက်လဲလေသည်။ ထိုဥပဒေပုဒ်မ ၁၁(၁)(ဂ)ပါ အထက်ဌာနဖေါ်ပြခဲ့သည့် ပြဋ္ဌာန်းချက်များသည်၊ ဗြိတိန်ပြည် ၁၉၂၃ ခုနှစ်၊ အိမ်ငှါးခနှင့်အပေါင်တိုးသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များနှင့်ထပ်တူထပ်မျှလိုပင်ဖြစ်သည်။ ဥပစာကို တရားဥပဒေနှင့်ဆန့်ကျင်သောကိစ္စအလို့ငှါ အသုံးပြုသည့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည်ဆိုသည့်စကားရပ်နှင့် စပ်လျဉ်း၍၊ (**S. Schneiders and Sons, Ltd. v. Abrahams**) (၁) အမှုတွင် အယူခံရှုံး တရားသူကြီး ၃ ပါလေ့လာသုံးသပ်ဝေဖန်ခဲ့သည်။ ယင်းသို့ဝေဖန်ရာ၌၊ ထိုပြဋ္ဌာန်းချက်များမှာ တိကျခြင်းမရှိသဖြင့်၊ အဓိပ္ပါယ်ကောက်ယူရာ၌ အခက်အခဲများ

(၁) ၁၉၂၅ ခု၊ ၁၊ ဘုရင့်ခုံရုံး၊ စာ ၃၀၁။

တွေ့ရကြောင်း၊ ကျဉ်းမြောင်းစွာ အဓိပ္ပါယ်ကောက်လျှင်၊ ထိုပြဋ္ဌာန်းချက်များတွင် ပါဝင်သင့်သော ပြစ်မှုများ မပါဝင်ဘဲနေမည်ဖြစ်ကြောင်း။ ကျယ်ဝန်းစွာအဓိပ္ပါယ် ကောက်ယူလျှင်လည်း မပါဝင်သင့်သောပြစ်မှုများ ပါဝင်မည်ဖြစ်ကြောင်းမြွက်ဆိုပြီး၊ အောက်ပါအတိုင်းဆုံးဖြတ်ကြ၏။

၁၉၆၂
—
ဦးထွန်းထင်
ပါ ၂
နှင့်
ဦးစမူ ပါ ၂။

"Held, that the tenant, having made use of the premises in order to commit the crime of which he had been convicted, had been 'convicted of using the premises for an illegal purpose' within the meaning of s. 4 of the Act of 1923."

ထိုဆုံးဖြတ်ချက်မှာ၊ တရားသူကြီးတဦးဖြစ်သူ (Scrutton, L.J.) မြွက်ဆို သည်ကိုသဘောတူလက်ခံပြီး ချမှတ်သောဆုံးဖြတ်ချက်ဖြစ်သည်။ ၎င်းမြွက်ဆိုသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

". . . . . Giving the case the best consideration I can, I come to the conclusion that the conviction need not be for using the premises for one or another immoral or illegal purpose, and that it is enough if there is a conviction of a crime which has been committed on the premises and for the purpose of committing which the premises have been used; but that it is not enough that the tenant has been convicted of a crime with which the premises have nothing to do beyond merely being the scene of its commission."

ထိုဆုံးဖြတ်ချက်အရဆိုလျှင်၊ အိမ်ငှါးသည်၊ ငှါးရမ်းသည့်ဥပစာ၌၊ ပြစ်မှုကျူး လွန်ပြီး၊ ထိုဥပစာကို၊ ထိုပြစ်မှုကျူးလွန်ရန်အတွက်အသုံးပြုသဖြင့်၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်၊ ၎င်းသည်ဥပစာကို တရားဥပဒေနှင့်ဆန့်ကျင်သောကိစ္စအလို့ငှါ၊ အသုံး ပြုသည့်ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည်ဟု မှတ်ယူရမည်ဖြစ်သည်။ ယခုအမှုတွင် ဦးထွန်း တင်သည်၊ အခင်းဖြစ်ဥပစာ၌ လိုင်စင်လဲလှယ်ခြင်းမပြုဘဲ ဂုံးစက်လည်သဖြင့်၊ ယင်းသို့ ပြစ်မှုကျူးလွန်ရာတွင်၊ ဥပစာကိုအသုံးပြု၍ကျူးလွန်သည်ဟု ယူဆရမည်ဖြစ်သည်။

ထို့ကြောင့်၊ အယူခံကိုစရိတ်နှင့်တကွပယ်လိုက်သည်။ ဤရုံးရှေ့နေခမှာ ၇၅ ကျပ် ဖြစ်စေရမည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီး ရှေ့၌

† ၁၉၆၂
ဒီဇင်ဘာလ
၂၂ ရက်။

ဦးစူးစံ ပါ ၄ (အယူခံတရားလိုများ)
နှင့်
ဦးထွန်းတင် ပါ ၂ (အယူခံတရားခံများ)*

၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေ၊ မည်ကဲ့သို့သော "ခြံမြေ" ခေါ် မြေသည် လယ်ယာမြေမဟုတ်။

ဆုံးဖြတ်ချက်။ ။အချင်းဖြစ်မြေများသည်၊ မြို့အလယ်၌တည်ရှိပြီး၊ နှစ်ပေါင်း ၃၀ ကျော်မှ လူနေအိမ်ယာများအဖြစ် သုံးစွဲခဲ့ပြီး၊ မြေတိုင်းအင်စပိတ်တော်၏သက်သေခံချက်အရ၊ ၎င်းမြေများသည် ခြံမြေဖြစ်သော်လည်း၊ ကြေးတိုင်ကသတ်မှတ်ထားသည့် ခြံမြေမျိုးမဟုတ်၊ ဘိုးဘိုင်မြေမျိုးတွင် အပါအဝင်ဖြစ်ခြင်းကြောင့်၊ အချင်းဖြစ်မြေများသည်၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေတွင် အကြုံးဝင်သော "လယ်ယာမြေ" မဟုတ်။

အယူခံတရားလိုများအတွက်။ ။ဦးစိန်ဘူး လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံများအတွက်။ ။ဦးအောင်ကြီး လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ကျွန်အမှုကွင်း၊ အယူခံတရားလိုများဖြစ်သူ ဦးစူးစံ ပါ ၄ နှင့် အခြားသူများအပေါ်၊ အယူခံတရားခံဦးထွန်းတင်နှင့် ဒေါ်လှကြိုင်တို့က၊ ပဲခူးခရိုင်၊ သနပ်ပင်မြို့ရှိ၊ အချင်းဖြစ်မြေပေါ်မှ၊ ၎င်းတို့ဆောက်လုပ်နေထိုင်သောအိမ်ကို ဖျက်ပြီးထွက်ခွါစေရန် တားစွဲဆိုခဲ့ရာ၊ အခိုင်ဒီကရီရရှိခဲ့၏။ ဦးစူးစံတို့အယူခံဝင်ရာတွင်လည်း ပဲခူးခရိုင်တရားမရုံးက၊ မူလရုံး ချမှတ်သောဒီကရီကို အတည်ပြုလိုက်၏။ ထို့ကြောင့်၊ ယခုတဖန်အယူခံဝင်ခြင်းဖြစ်သည်။

ဤရုံး၌ အဓိကအားဖြင့်လျှောက်လဲသည်မှာ၊ အချင်းဖြစ်မြေများသည်၊ သနပ်ပင်မြို့၌တည်ရှိသော်လည်း၊ အခွန်ပြေစာအရ ဥယျာဉ်ခြံမြေဟု ပေါ်ပြထားသည်ဖြစ်၍၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃(ခ)ပါ ပြဋ္ဌာန်းချက်များတွင်၊ အကျုံးဝင်သဖြင့်၊ ဦးထွန်းတင်၊ ဒေါ်လှကြိုင်တို့ မူလပိုင်ရှင်ထံမှဝယ်ယူ

---

* ၁၉၆၁ ခုနှစ်၊ တရားမဒုတိယအယူခံမှု အမှတ် ၅၁။

† ၁၉၆၁ ခုနှစ်၊ တရားမအယူခံအမှတ် ၃ တွင်၊ ၁၉၆၁ ခုနှစ်၊ မေလ ၁၅ ရက်နေ့စွဲပါ ပဲခူးခရိုင်တရားမတရားသူကြီး ချမှတ်သောဒီကရီကို အယူခံဝင်မှု။

ခဲ့သည်မှာ တရားမဝင်ကြောင်းဖြင့် လျှောက်လဲခြင်းဖြစ်သည်။ ဤလျှောက်လဲချက်ကို၊ နယ်ပိုင်တရားမဏ္ဍိသည်၎င်း၊ ခရိုင်တရားမရုံးသည်၎င်း လက်မခံခဲ့ချေ။ အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များအရ၊ အချင်းဖြစ်မြေများသည် သနပ်ပင်မြို့အလယ်၌ တည်ရှိပြီး၊ လူနေအိမ်ယာများအဖြစ် အသုံးပြုခဲ့သည်မှာ၊ နှစ်ပေါင်း ၃၀ ကျော်မျှ ကြာရှိခဲ့ကြောင်းထင်ရှား၏။ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေ ပုဒ်မ ၃(ခ)တွင်လည်း၊ "လယ်ယာမြေ" ဆိုသည်မှာ၊ မြို့ရွာအတွင်းတည်ရှိသော လူနေအိမ်ယာအဖြစ် လက်ရှိထားသည့် မြေမပါဝင်ဟုအတိအလင်း ပြဋ္ဌာန်းထားလေသည်။

1962

ဦးစူစံ ပါ ၄ နှင့် ဦးထွန်းတင် ပါ ၂။

အယူခံတရားလိုများ၏ ပညာရှိရွှေနေကြီးက စာချုပ်စာတမ်း မှတ်ပုံတင်ဌာနချုပ်မင်းကြီးထံမှ အမှာစာသက်သေခံအမှတ် (က)ကိုညွှန်း၍ အချင်းဖြစ်မြေများမှာ၊ အဆိုပါအက်ဥပဒေအရ လယ်ယာမြေများဖြစ်ကြောင်းနှင့် လျှောက်လဲပြန်သေး၏။ သို့သော်၊ ထိုအမှာစာအပိုဒ် ၂ မှာပင်၊ မြို့မြေအတွင်းမြေတကွက်သည်၊ မည်သည့်နေရာ၌ တည်ရှိစေကာမူ ကြေးတိုင်က မြေမျိုးကြီးသတ်မှတ်ထားခြင်းမရှိလျှင်၊ ထိုမြေသည် လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးအက်ဥပဒေ ၃(ခ)အရ "လယ်ယာမြေ"ဟူသည့် စကားရပ်နှင့် အကျုံးမဝင်ကြောင်းဖေါ်ပြထားလေသည်။ မြေမျိုးကြီးဆိုသည့်စကားရပ်မှာ၊ ဥယျာဉ်ခြံမြေကိုဆိုလိုသည်ဟု ပညာရှိရွှေနေကြီးများပြောကြား၏။ သနပ်ပင်မြို့၊မြေတိုင်းအင်စပိတ်တော်ဦးငြိမ်းမောင် (လိုပြ ၄)ကလည်း၊ အချင်းဖြစ်မြေများသည် ခြံမြေဖြစ်သော်လည်း၊ ကြေးတိုင်ကသတ်မှတ်ထားသည့်ခြံမြေမျိုးမဟုတ်၊ ဘိုးဘိုင် မြေမျိုးတွင်အပါအဝင်ဖြစ်ကြောင်းထွက်ဆိုခဲ့၏။

အထက်ဖေါ်ပြပါအကြောင်းများကြောင့်၊ အချင်းဖြစ်မြေသည် အဆိုပါအက်ဥပဒေတွင် အကျုံးဝင်သော "လယ်ယာမြေ" မဟုတ်ဟု ဆုံးဖြတ်ရမည်ဖြစ်သည်။

ခရိုင်တရားမရုံးတွင်၎င်း၊ ဤရုံးတွင်၎င်း၊ အထက်ပါအချက်နှင့်စပ်လျဉ်း၍သာ အဓိကအားဖြင့် အယူခံတရားလိုများလျှောက်လဲသည်။

အယူခံကိုလက်ခံရန်အကြောင်းမမြင်သဖြင့်၊ စရိတ်နှင့်တကွပယ်လိုက်သည်။ ဤရုံးရွှေနေခမှာ ၅၁ ကျပ်ဖြစ်စေရမည်။

တရားရုံးချုပ်

တရားသူကြီးချုပ် ဦးဘိုကြီး ရှေ့၌

† ၁၉၆၂

ဒီဇင်ဘာ ၁လ ၂၁ ရက်။

ဦးလှဖေ (အယူခံတရားလို)

နှင့်

ဦးမောင်မောင် (အယူခံတရားခံ)*

အိမ်ခွန်၊ မြေခွန် ထမ်းဆောင်ခါမျှဖြင့် အိမ်ငှါးမဖြစ်။

သေသူပစ္စည်း အုပ်ထိန်းရန်ကိစ္စ၌ ပိုင်ဆိုင်ကြောင်းမဆုံးဖြတ်နိုင်။

ဆုံးဖြတ်ချက်။ ။လူတဦးပိုင်သောအိမ်တွင် နေထိုင်ပြီး၊ ထိုနေထိုင်သူက၊ ၎င်းအိမ်ခွန်နှင့် မြေခွန်ထမ်းဆောင်ကာမျှဖြင့် ပိုင်ရှင်၏အိမ်ငှါးမဖြစ်နိုင်။

သေသူ၏ပစ္စည်းအုပ်ထိန်းရန် လျှောက်ထားရာ၌၊ ပစ္စည်းကို မည်သူမည်ဝါပိုင်ကြောင်း ဆုံးဖြတ်ခွင့်မရှိ။

အယူခံတရားလိုအတွက်။ ။ဦးဩ လိုက်ပါဆောင်ရွက်သည်။

အယူခံတရားခံအတွက်။ ။ဦးမြင့်စိုး လိုက်ပါဆောင်ရွက်သည်။

တရားသူကြီးချုပ် ဦးဘိုကြီး။ ။ဤအမှုတွင်၊ အယူခံတရားလို ဦးလှဖေအပေါ် အယူခံတရားခံ ဦးမောင်မောင်က၊ အင်းစိန်နယ်ပိုင်တရားမရုံး၌၊ အခင်းဖြစ်အိမ်နှင့်မြေမှ ထွက်ခွါသွားစေရန် တရားစွဲဆိုခဲ့၏။ ဦးမောင်မောင်ကမိမိသည်၊ အခင်းဖြစ်အိမ်နှင့် မြေကိုမူလပိုင်ရှင် မစွစ်အိုဒစ်မိုးမင့်ဇေဆုံးပြီးနောက်၊ အမွေအုပ်ထိန်းရန် လက်မှတ်ရသူ ဒေါ်ခင်မေသန်းထံမှဝယ်ယူခဲ့ရာ၊ ဦးလှဖေသည်၊ ထိုပစ္စည်းအပေါ် တွင်နေထိုင်ပြီး ထွက်ခွါသွားရန် ပြောဆိုသည်ကိုမလိုက်နာဘဲ ငြင်းဆိုခဲ့ကြောင်းဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ဦးလှဖေက၊ အခင်းဖြစ်ပစ္စည်းကို မစွစ်အီဒစ်မိုးမင့်ပိုင်ကြောင်း မငြင်းချေ။ ထို့ပြင် မစွစ်အီဒစ်မိုးမင့် ကွယ်လွန်ကြောင်းလည်းမငြင်းချေ။ သို့သော် မိမိသည်၊ မစွစ်အီဒစ်မိုးမင့်၏ အိမ်ငှါးအဖြစ်နေထိုင်ခဲ့ကြောင်းဖြင့်ချေပ၏။

---

* ၁၉၆၁ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၆၀။

† ၁၉၆၁ ခုနှစ်၊တရားမအယူခံမှုအမှတ် ၇ တွင် အင်းစိန်ခရိုင်တရားမတရားသူကြီးချမှတ်သော ဒီကရီကိုအယူခံဝင်မှု။

၁၉၆၂
—
ဦးလှဖေ
နှင့်
ဦးမောင်မောင်။

ဦးမောင်မောင်သည်၊ မစ္စစ်အီဒစ်မိုးမင့်သေဆုံးပြီးနောက်၊ ၎င်း၏အမွေ အုပ်ထိန်း ပိုင်ခွင့်ရှိသူထံမှ ဝယ်ယူသူဖြစ်၍ အခင်းဖြစ်ပစ္စည်းသည်၊ ဦးမောင်မောင်ပိုင်ပစ္စည်း ဖြစ်သည်ဟု ယူဆရမည်ဖြစ်သည်။ ဦးလှဖေသည်၊ မစ္စစ်အီဒစ်မိုးမင့်ထံမှ အငှါးခံယူ ခဲ့ကြောင်းသက်သေစီးစဉ်းမျှမရှိခဲ့။ ၎င်း၏ထွက်ချက်မှာပင် မစ္စစ်အီဒစ်မိုးမင့်က၊ နိုင်ငံ ခြားသို့မသွားမီ၊ အခင်းဖြစ်အိမ်နှင့်မြေကိုစောင့်ရှောက်ရန်မိမိအား အပ်ထားခဲ့ကြောင်း၊ ပြန်လာလျှင် ပြန်လည်ပေးအပ်ရမည်ဖြစ်ကြောင်းဝန်ခံ၏။ ဦးလှဖေက၊ မိမိသည်ထို အတောအတွင်း အိမ်ခွန်မြေခွန်များပေးဆောင်ခဲ့သဖြင့်၊ မိမိအိမ်ငှါးအဖြစ် ရောက်နိုင် ကြောင်းဖြင့်ပြောဆို၏။ သို့သော် အိမ်ခွန်မြေခွန်ထမ်းဆောင်ကာမျှဖြင့် အိမ်ငှါးမဖြစ် နိုင်။

တဖန်၊ ဦးမောင်မောင် အခင်းဖြစ်ပစ္စည်းကိုဝယ်သည်မှာ၊ ပစ္စည်းအုပ်ထိန်းရန် လျှောက်သူ ဒေါ်ခင်မေသန်းနှင့် ဦးလှဖေတို့၊ထိုပစ္စည်းအုပ်ထိန်းခြင်းနှင့်စပ်လျဉ်း၍ အယူ ခံနေစဉ် ဝယ်သည်ဖြစ်သဖြင့်၊ ထိုဝယ်ယူခြင်းအတည်မဖြစ်နိုင်ပါဟု လျှောက်ထား ပြန်သေး၏။ သို့သော်၊ သေသူ၏ပစ္စည်းအုပ်ထိန်းရန်လျှောက်ထားရာ၌ ပစ္စည်းကို မည်သူမည်ဝါပိုင်ကြောင်း ဆုံးဖြတ်ခွင့်မရှိခဲ့။ ထို့ကြောင့် အယူခံကိုစရိတ်နှင့်တကွ ပယ်လိုက်သည်။

ဤရုံးရွှေနေခမှာ ၃၄ ကျပ် ဖြစ်စေရမည်။